www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၅၅၀၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၉၅၀၁၁၁

၂၀၀၁၁ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး၊ ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



ထန်ဂေဟာ

နေဝင်စအချိန်ဖြစ်၍ ကောင်းကင်တစ်ခုလုံး နီရဲနေ၏။

လူအေးသည် သူ့တွင်ရှိသမျှ ခွန်အားထုတ်သုံးကာ ပြေးလွှားသွားသည်။

စိတ်ဆန္ဒ လွန်ကဲနေသောကြောင့်လားမသိ သူ၏ခြေလှမ်းမှာနှေးကွေးနေသည်ဟု ထင်ရလေသည်။

အမှန်မှာ သူသည် ကျားသစ်တစ်ကောင်၏ အလျင်အဟုန်ဖြင့် ပြေးလွှားသွားနေခြင်း ဖြစ်သည်။

သူသည် ပြေးလွှားရင်း ကျွန်းမြစ်သို့ရောက်ရှိလာလေသည်။

ကူးတို့လှေသမားထံမှ လှော်တက်အား လုယူပြီး လျှပ်မြန်စွာကူးခတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကူးတို့လှေသမားသည် သူ့အား ကြောင်အမ်းအမ်းကြည့်နေရင်း လူအေးသည် ကျွန်းမြစ်ကမ်းခြေသို့ ရောက်ရှိလာလေသည်။

လှော်တက်အား ပြန်လည်ပစ်ပေးပြီး ကမ်းပါးပေါ်သို့ခုန်တက်လိုက်သည်။

သူ့ရှေ့ မရောက်မီ တောက်လောင်နေသော မီးညွန့်များကိုပင် မြင်တွေ့လိုက်ရလေသည်။

အလွန်ကျယ်ဝန်းသော ခြံဝင်းအတွင်းရှိ အဆောက်အအုံများ မီးလောင်ကျွမ်းနေခြင်းကို တွေ့မြင်လိုက်ရလေသည်။

သူသည် တဟုန်ထိုး ပြေးလွှားသွားလေသည်။

ကျွန်းမြစ်…

ရေအလျင်သည် တသွင်သွင် စီးဆင်းနေ၏။

လူအေးသည် ကျွန်းမြစ်ကမ်းပါးနံဘေးမှ ပြေးလွှားလာခြင်းဖြစ်သည်။

မီးတောက်မီးလျှံများသည် ကျွန်းမြစ်တစ်ဖက်ကမ်းရှိ ကုန်းမြင့်ကလေးပေါ်မှ လောင်ကျွမ်းနေခြင်းကြောင့် လှမ်း၍တွေ့ မြင်ရခြင်းဖြစ်သည်။

လူအေးသည် တောင်ကုန်းကလေးပေါ်သို့ တက်လာခဲ့သည်။

တောင်ကုန်း၏ ခပ်လှမ်းလှမ်းတွင် တောအုပ်ကလေးကို တွေ့မြင်ရ၏။

ထိုနေရာမှ ခြံဝင်းနံရံများကိုလည်း တွေ့မြင်ရ၏။



ခြံဝင်းနံရံအတွင်းဘက်ရှိ အဆောက်အအုံကြီးအားလုံးမှာ ထိုမီးတောက်မီးလျှံကြားမှ နီရဲစွာ တောက်လောင်နေ၏။

လူအေးသည် မီးလောင်နေသော ခြံဝင်းနံရံဘေးသို့ ပြေးလွှားရောက်ရှိလာ၏။

ပူပြင်းသော မီးအပူရှိန်က သူ့ဆီကိုလှမ်း၍ဟပ်လိုက်သည်။

သူသည် ခြံဝင်းတံခါးမကြီးရှိရာသို့ ထပ်မံပြေးလွှားလာခဲ့သည်။

"ဝုန်း…ဝုန်း"

နံရံအတွင်းမှ အဆောက်အအုံများ ပြိုလဲကျသံများ ဧကျယ်လောင်စွာ ထွက်ပေါ်နေ၏။

ထိုမီးတောက်မီးလျှံများကို ကြည့်၍ လူအေးသည် လွန်စွာအံ့ဩမိလေသည်။

မီးလောင်ပြင်ထဲ၌ လူးလိမ့်ရှားနေသော လူရိပ်တစ်ခုမှ မတွေ့ရပေ။

ထို့အပြင် အော်ဟစ်သံများ ဆူညံသံများကိုလည်း လုံးဝမကြားရချေ။

မီးငြိမ်းသတ်မည့်သူဟူ၍လည်း တစ်ယောက်မျှမတွေ့ရပေ။

ဤဂေဟာကြီး၏ လူအားလုံးလိုလိုမှာ မီးတောက်မီးလျှံများ ဝါးမျိုခြင်းကို ခံစားနေကြရရှာပြီဖြစ်သည်။

မီးလောင်ကျွမ်းခြင်း မခံရသော လူအချို့သည် တံခါးမကြီး

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်တွင် အတုန်းအရုန်းလဲကျနေကြလေသည်။

သို့သော် ထိုသို့လဲကျနေသော လူအားလုံးမှာ အသက်မရှိတော့ပါချေ။

သူတို့အားလုံး၏ ကိုယ်ခန္ဓာပေါ်တွင် ဓားရာများ ပြည့်နှက်နေပြီး သွေးများပေကျံနေလေသည်။

ဂေဟာအတွင်းတွင် အိမ်ထောင်စုပေါင်းသုံး ဆယ်ခန့်ရှိသည်ဟု သူသိရှိထား၏။

မီးလောင်ခြင်းခံနေရသော အဆောက်အအုံများမှာလည်း အခိုင်အမာ ဆောက်ထားသော အိမ်ကြီးအိမ်ကောင်းများသာ ဖြစ်သည်။

ဂေဟာအတွင်းတွင် နေထိုင်ကြသော မိသားစုများသည် ငွေကြေးချမ်းသာကြွယ်ဝသူများဖြစ်သည်ဟု သူက သိရှိထားလေသည်။

ယခုမှာမူ အိမ်ထောင်စုသုံးဆယ်ကျော်ရှိသည့် လူများသည် တစ်ယောက်မကျန် အသတ်ခံခဲ့ရဟန်ရှိသည်။

လူအေးသည် တံခါးမကြီးရှေ့၌ ထိတ်လန့်တုန်လှုပ်စွာ ငေးကြည့်နေမိ၏။

ဤဂေဟာအတွင်းရှိ လူများသည် မီးတောက်မီးလျှံများကြားမှာ သေဆုံးရသည့်အပြင် သွေးချောင်းစီးဘဝသို့ ရောက်ခဲ့ရရှာသည်။

♣ ♣ ♣



ထိတ်လန့်တုန်လှုပ်ဖွယ် မြင်ကွင်းဖြစ်သည်။

လူအေးသည် မီးလောင်ကျွမ်းခြင်းမရှိသေးသော တံခါးမကြီးအပေါ်မှ ဆိုင်းဘုတ်ကို မော့ကြည့်လိုက်၏။

"ထန်ဂေဟာ"

ဤခြံဝင်းဂေဟာသည် ထန်ဂေဟာဖြစ်သည်။

ဤခြံဝင်းအတွင်း နေထိုင်သူများသည် ထန်အနွယ်ဝင်များပင်ဖြစ်သည်။

ထန်ဂေဟာအတွင်း၌ နေထိုင်ကြသော လူများသည် လက်မှုအနုပညာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများဖြစ်လေသည်။

ဤလုပ်ငန်းများဖြင့်လည်း စီးပွားဖြစ်ထွန်းနေကြသူများဖြစ်လေသည်။

ယခု ထိုဂေဟာကို မီးလောင်တိုက်သွင်းမှုနှင့် ရက်စက်စွာသတ်ဖြတ်ခြင်းသည် ယုတ်မာလွန်းသော လူသတ်မှုကြီးဖြစ်မည်ဟု လူအေးက ယူဆလေသည်။

ထန်ဂေဟာတစ်ခုလုံးအား ဝင်ရောက်စီးနင်း၍ တိုက်ခိုက်သတ်ဖြတ်ပြီး ပစ္စည်းဥစ္စာများ ယူငင်ကြခြင်းဖြစ်သည်။

ထို့နောက် ထန်ဂေဟာတစ်ခုလုံးကို မီးလောင်တိုက်သွင်းခြင်းဖြစ်သည်။

လူမဆန်သော ဓားပြများ၊ ဓားပြများ တိုက်ခိုက်လုယက်အပြီးတွင် သူတို့အတွက် သဲလွန်စမပေါ်အောင် လက်စတုံးစီရင်

www.burmeseclassic.com



ကြခြင်း ဖြစ်ပေသည်။

♣ ♣ ♣

ယခုကဲ့သို့ ဖြစ်ရပ်မျိုးသည် လူအေးအနေနှင့် ပထမဦးဆုံးအကြိမ် တွေ့ကြုံခံစားရခြင်း မဟုတ်ပေ။

ဤထန်ဂေဟာကဲ့သို့ လုယက်၊ တိုက်ခိုက်၊ သတ်ဖြတ်၊ မီးရှို့စသော ဖြစ်ရပ်မျိုးကို သုံးကြိမ်တိတိ ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။

ထိုဂေဟာနှင့်အလားတူ ဖြစ်ရပ်များသည် လွန်ခဲ့သောလများက ဖြစ်ပွားခဲ့သည်။

ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်များသည် အားလုံးတူညီနေသဖြင့် ယုတ်မာလွန်းသော အဖွဲ့တစ်ခုတည်း၏ လက်ချက်ဖြစ်နိုင်၏။

ထို့အပြင် ထိုအဖွဲ့အတွင်းမှ လူများသည်လည်း မြေခွေးထက်ပင် ကြောက်စရာကောင်းသော အမဲရောင်လူများ ပါဝင်ဖွဲ့စည်းထားခြင်း ဖြစ်ရမည်ဟု ခန့်မှန်းမိလေသည်။

အကြောင်းမှာ ထိုအဖွဲ့အစည်း ဝင်ရောက်တိုက်ခိုက်သတ်ဖြတ်ခဲ့သော ဂေဟာသုံးခုအနက် ချင်ဂေဟာနှင့်ခုံဂေဟာမှာ အဆင့်မြင့် သိုင်းသမားအစောင့်အရှောက်များ ရှိနေကြသော ဂေဟာများပင်ဖြစ်သည်။

သို့သော် ထိုဂေဟာနှစ်ခုကိုပင် ဓားပြအဖွဲ့က ဝင်ရောက်တိုက်ခိုက် သတ်ဖြတ်သွားနိုင်သည် မဟုတ်ပါလော။

♣ ♣ ♣



လူအေးသည် အထူးတာဝန်နှင့် ကျန်းမြစ်ကမ်းပါးဒေသသို့ ရောက်ရှိခဲ့သည်။

သူတို့နှင့်အတူ စုံစမ်းရေးမှူး သံမဏိလက်လဲ ပါလာခဲ့လေ တော့သည်။

သူတို့နှစ်ယောက်သည် ထိုဒေသတစ်ဝိုက်၌ ယုတ်မာသော ဓားပြအဖွဲ့ကို ခြေရာခံနိုင်အောင် ကြိုးစားခဲ့ကြသည်။

သို့သော် ထိုအဖွဲ့သည် မိုးပေါ်မှ ရုတ်တရက်ကျလာပြီး မိုးပေါ်သို့ ရုတ်တရက် ပြန်တက်သွားသည့်အလား ခြေရာကောက် မရနိုင်လောက်အောင်ပင် ရှိခဲ့သည်။

သူတို့နှစ်ယောက် ထိုဒေသကိုရောက်လာသည်နှင့် အခြေအနေက ငြိမ်သက်လွန်းနေ၏။

မည်သည့်ထူးခြားမှု၊ လှုပ်ရှားမှုကိုမှ မကြုံတွေ့ရပေ။

သူတို့ရောက်ပြီး နှစ်လခန့်အထိ အခြေအနေမှာ ထူးခြားငြိမ်သက်နေသည်။

ထိုငြိမ်သက်ခြင်းမျိုးသည် မုန်တိုင်းမလာမီ ငြိမ်သက်ခြင်းမျိုးဖြစ်မည်ဟု သူတွေးထင်ခဲ့သည်။

မှန်ပေသည်။

ယခု လူအေးတစ်ယောက် ထိတ်လန့်တုန်လှုပ်ရပြီဖြစ်သည်။

သူသည် ခံပြင်းသောစိတ်များ တဖွားဖွားဖြစ်ပေါ်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



လူအေးသည် ကမန်းကတန်း ထွက်လာခြင်းဖြစ်သည်။

သူရောက်ရှိလာသောအခါ အခြေအနေအားလုံး နောက်ကျသွားခဲ့ပြီးဖြစ်သည်။

လူအေးအား မီးတောက်မီးလျှံများ၊ လူသေအလောင်းများက ကြိုဆိုနေခြင်းသာဖြစ်ပေသည်။

မီးတောက်မီးလျှံများသည် အရှိန်ပြင်းစွာ တောက်လောင်နေသည်။

လူများသည် တံခါးမကြီးရှေ့၌သာ ရပ်တန့်၍ ငူးစိုက်ငေးကြည့်နေ၏။

"ဝုန်း...ဝုန်း"

အဆောက်အအုံများ မီးကြောင့် ပြိုကျလာသည်။

လူအေးသည် နောက်သို့ဆုတ်လိုက်ရသည်။

သူသည် နောက်ဘက်သို့ အတော်ကလေးဆုတ်လိုက်သောအခါ....

♣ ♣ ♣



သူ၏ခြေထောက်သည် တစ်စုံတစ်ခုနှင့် တိုက်မိလေသည်။

သူသည် ခြေထောက်အောက်မှအရာကို ကြည့်လိုက်သည်။

နတ်မိမယ်ရုပ်တု...

ဆင်စွယ်ဖြင့် ပြုလုပ်ထားသော အရုပ်တစ်ရုပ်ဖြစ်သည်။

သူသည် သေချာစွာကြည့်ရှုလိုက်ပြီး ရင်ဖုံးအိတ်ထဲသို့ထည့်လိုက်သည်။

ရုတ်တရက် သူ၏နားထဲသို့ လှုပ်ရှားသံသဲ့သဲ့တစ်ခု တိုးညင်းစွာ ဝင်ရောက်လာသည်။

သူသည် အသံလာရာဆီသို့ မှန်း၍လျှောက်သွားလေသည်။

သူသည် တောအုပ်ကလေးအတွင်းသို့ ဝင်ရောက်မိသောအခါ အသံသည် ပို၍ပိုပြင်လာလေသည်။

သူသည် သေချာစွာ နားထောင်ကြည့်လိုက်သောအခါ ခြေသံများဖြစ်နေသည်ကို သဲကွဲစွာ အာရုံပြုမိလေသည်။

ထိုခြေသံရှင်များသည် လူဦးရေ အနည်းဆုံး ဆယ့်ငါးဦးခန့်ရှိပေမည်။

ခြေသံများသည် လွန်စွာမှ လေးလံလှပေသည်။

ထိုလေးလံသော ခြေသံရှင်များသည် ထန်ဂေဟာကို တိုက်ခိုက်မီးရှို့သွားသောလူများ ဖြစ်ရမည်ဟု ယူဆမိလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ကလေး…

ထိုတောအုပ်ကလေးကို ကျော်လွန်လိုက်သောအခါ လွင်ပြင်ကျယ်ကြီးကို လှမ်းတွေ့လိုက်ရလေသည်။

ထိုလွင်ပြင်၏ ဘေးနေရာသည် ရှည်လျားသော မြက်ရိုင်းတောကြီး၏ အဆုံးသတ်နေရာပင်ဖြစ်သည်။

ရုတ်တရက် သူသည် ခြေလှမ်းရပ်တန့်လိုက်သည်။

သူ၏မျက်နှာပြင်ပေါ်တွင် အံ့ဩမှု အရိပ်အရောင်များ ယှက်သန်းနေပေသည်။

လွင်ပြင်သည် ကျယ်ပြန့်လွန်းလှသည်။

ထိုလွင်ပြင်ကို ဖြတ်ကျော်ပြီးမှသာလျှင် တစ်ဘက်ရှိ တောအုပ်ဆီသို့ ရောက်ရှိနိုင်မည် ဖြစ်သည်။

ခြေသံသည် ပျောက်ခြင်းမလှ ပျောက်ကွယ်နေ၏။

သူ၏မျက်လုံးအစုံသည် ရှည်လျားသော မြက်ရိုင်းပင်များဆီသို့ ရောက်ရှိသွားလေသည်။



မြက်ရိုင်းပင်များသည် လေထဲတွင် ယိမ်းနွဲ့လှုပ်ရှားနေ

မြက်ရိုင်းပင်များ လှုပ်ခတ်နေသံမှလွဲ၍ မည်သည့်အသံကိုမျှမကြားရတော့။

ခြေသံရှင်များသည်လည်း သူတို့၏ခြေလှမ်းများကို ရပ်တန့်လိုက်ခြင်းဖြစ်ပေမည်။

ဤသို့ဆိုလျှင် မိမိနောက်မှ ပြေးလိုက်လာသည်ကိုလည်း သူတို့သိရှိလိုက်ကြပြီဖြစ်သည်။

ထိုခြေသံရှင်များသည် မည်သည့်နေရာတွင် ပုန်းကွယ်နေသနည်း။ မြက်ရိုင်းပင်များကို ကောင်းစွာ အကာအကွယ်ယူလိုက်ခြင်းဖြစ်ရမည်။

သူသည် ဓါးမှဓားကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်လေသည်။

သူသည် မြက်ရိုင်းပင်များထဲသို့ သတိကြီးစွာ တစ်လှမ်းချင်းလှမ်းဝင်သွားလေသည်။

သူသည် တဖြည်းဖြည်း မြက်ရိုင်းပင်များအလယ်သို့ ရောက်ရှိသွားသည်နှင့်…

"ယား"

ရူးရှသောအသံနှင့်အတူ အနက်ရောင်လူရိပ်နှစ်ခုသည် မြက်ပင်များကြားမှ လွင့်ပျံ၍ထွက်လာလေသည်။

ဓားရောင်တန်းနှစ်ခုသည် လျင်မြန်စွာ သူ့ထံသို့ တိုးဝင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြန်လည်၍ တိုက်ခိုက်လိုက်လေသည်။

"ချွမ်း"

"ချွမ်း"

"အား"

"အွန့်"

လူအေး၏ ဓားဖျားသည် တုန်ခါနေသည်။

သွေးများသည် ဓားဖျားမှတစ်ဆင့် မြေပေါ်သို့တစက်ချင်း ကျနေသည်။

အနက်ရောင်ဝတ်စုံနှင့်လူနှစ်ယောက်အနက် တစ်ယောက်မှာ ပခုံးကိုလက်ဖြင့် ဆုပ်ကိုင်ထားပြီး မျက်နှာတစ်ခုလုံး ရှုံ့မဲ့နေသည်။

ထိုစဉ် မြက်ရိုင်းပင်များကြားမှ ဓားရောင်ပေါ်ထွက်လာပြန်လေသည်

လူအေးသည် ကိုယ်ကိုတစ်ဖက်လှည့်၍ အနောက်သို့ လှန်ချလိုက်သည်။

ဓားဖျားနှစ်ခုသည် သူ၏ရင်ဘတ်နေရာမှကျော်ထွက်သွားလေသည်။

သူသည် ဓားကို လျင်မြန်စွာ ဝှေ့ဝိုက်၍ ခုတ်ချလိုက်သည်။

"အင့်"

"အား"

ထပ်မံ၍ ထွက်ပေါ်လာသော ဝတ်စုံနက်လူနှစ်ယောက်



သည် မြေပေါ်တွင် မှောက်လျက်လဲကျသွားပေသည်။

သူသည် ပတ်ဝန်းကျင်အား တစ်ချက် အကဲခတ်ကြည့်လိုက်သည်။

ပတ်ဝန်းကျင်သည် ပကတိ တိတ်ဆိတ်နေလေသည်။

ပခုံးတွင် ဒဏ်ရာရထားသောလူမှာလည်း လုံးဝပျောက်ကွယ်သွားလေသည်။

လေပြည်သည် တစ်ချက်ဝှေ့ဝဲ၍ တိုက်ခတ်နေ၏။

မြက်ရိုင်းများသည်လည်း လေပြည်ထဲတွင် ယိမ်းနွဲ့သွားကြပြန်လေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



လေပြည်သည် ဖြည်းလေးစွာ တိုက်ခတ်နေသည်။

လူအေးသည် ခြေအစုံရပ်၍ သတိကြီးစွာဖြင့် လှုပ်ရှားမှုကို စောင့်ဆိုင်းနေလေသည်။

ထိုစဉ် သူ၏နောက်ကျောဘက် လူသတ်လိုသည့် အရိပ်အငွေ့တစ်ခု သူ့ထံလွင့်ပျံ့လာနေသည်ကို စိတ်က အလိုလို သိရှိလိုက်လေသည်။

သူသည် နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်။

သူ၏နောက် ဆယ်ပေခန့်အကွာတွင် လူတစ်ယောက် တည်ငြိမ်စွာ ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုသူ၏နှုတ်ခမ်းသည် အေးစက်သောအပြုံးကို ဆောင်နေသည်။

သူ၏လက်ထဲတွင် ထူးခြားစွာ ရှည်လျားသောဓားတစ်ချောင်းကို ဆုပ်ကိုင်ထားလေသည်။

ထိုလူသည် အပြာရောင်ကိုယ်ကြပ်အင်္ကျီကို ဝတ်ဆင်ထား၏။ သူ၏မျက်လုံးအစုံသည် ထူးခြားစွာ ဝင်းလက်ပြောင်နေ၏။

လူများသည် ထိုဝတ်စုံပြာနှင့်လူကို ဂရုစိုက်ကြည့်နေစဉ်...

"ဗွီး"

လူအေးနောက်ကျောဘက်မှ ရုတ်တရက် လေတိုးသံထွက်ပေါ်လာသည်ဟု ခံစားလိုက်ရလေသည်။

လူအေးသည် ရင်ထဲ၌ ထိတ်လန့်တကြားဖြစ်ကာ လှည့်၍ ရင်ဆိုင်လိုက်သည်။



တစ်ဆက်တည်းပင် ဓားဖြင့်ပြန်လည် တိုက်ခိုက်လိုက်၏။

သူ၏လှုပ်ရှားမှုသည် မဆိုသလောက် နောက်ကျသွားလေ၏။

"ဟင့်"

သူ၏ဝဲဘက်ပခုံးတွင် ပူခနဲ တစ်ချက်ဖြစ်သွားပြီး ခန္ဓာကိုယ်တစ်ခုလုံးနောက်သို့ ယိမ်းယိုင်သွားလေသည်။

သူ၏နောက်ဘက်မှာနေ၍ တိတ်ဆိတ်စွာ ရောက်ရှိနေပြီး ရုတ်တရက် တိုက်ခိုက်လိုက်သည်။

ဓားသည် လူအေး ဝဲဘက်ပခုံးဆီ စူးနစ်၍ဝင်သွားခြင်းဖြစ်၏။

ပူလောင်စူးရှသော နာကျင်မှုကို ခံစားလိုက်ရ၏။

သူ့ထံသို့ ထပ်မံဝင်ရောက်လာသော ဓားချက်ကို ရှိသမျှအင်အားသုံး၍ ပက်ထုတ်ခုခံလိုက်သည်။

ထိုအခါ...

"ဗွီး"

လူအေးနောက်ဘက်မှ ဓားချက်တစ်ချက်က တိုးဝင်လာပြန်သည်။

လူအေးသည် ရုတ်တရက် ကိုယ်ကိုကိုင်းညွတ်လိုက်ပြီး နောက်ဘက်သို့လှည့်ကာ ဓားဖြင့် ဆန့်တန်းထိုးသွင်းလိုက်၏။

"အား"

သူ့နောက်တွင်ရှိသော ဝတ်စုံပြာနှင့်လူ၏ ရင်ဂသို့ သူ၏ဓား

www.burmeseclassic.com

www.burmeseclassic.com



က ထိုးဖောက်ဝင်ရောက်သွားလေ၏။

ဝတ်စုံပြာနှင့်လူသည် သူ၏ဓားချက်ကို မရှောင်တိမ်းနိုင်ဘဲ မြေပေါ်သို့ ကျသွားတော့၏။

ထိုအချိန်၌ နောက်ထပ် လူတစ်ယောက် ထပ်မံပေါ်ထွက်လာ၏။

သူ့အနေဖြင့် ရရှိထားသော ဒဏ်ရာသည် မီးစနှင့်ထိုးနေသကဲ့သို့ ပူလောင်နာကျင်နေပေ၏။

ထိုဒဏ်ရာကြောင့် သူ၏အင်အားမှာ သိသာစွာပင်ကျဆင်းသွားကြောင်း သိရှိလိုက်လေ၏။

သူ၏နံဘေးတွင် ဓားရောင်များ ဝင်းလက်စွာပေါ်ထွက်လာသည်။

နောက်ထပ်ပေါ်ထွက်လာသော လူများသည် တစ်ဦးတည်းမဟုတ်တော့။

အနည်းဆုံး သုံးလေးယောက်ခန့် ရှိမည်မှာ သေချာသည်။

"ဝှစ်..ဝှစ်..ဝှစ်"

ဓားသံများသည် ဆူညံစွာ ထွက်ပေါ်လာလေသည်။

သူသည် အခြေအနေ မကောင်းမှန်း ချက်ချင်းသိလိုက်လေသည်။ သူသည် ရရှိထားသော ဒဏ်ရာကြောင့် ဆက်လက်တိုက်ခိုက်ရန် မစွမ်းနိုင်ချေ။

သူသည် ဓားရောင်မထွက်သောဘက်သို့ ခန္ဓာကိုယ် လှိမ့်၍ရှောင်တိမ်းလိုက်သည်။



သို့သော် ဓားရောင်များသည် လေထုကိုခွဲ၍ သူ့နောက်မှ ကပ်ပါလာလေသည်။

♣ ♣ ♣

သူသည် လျင်မြန်စွာ လှိမ့်ချလိုက်သည်။

မြက်ရိုင်းတော၏ ထူထပ်သော မြက်ပင်များရှိရာအစပ်သို့ ရောက်အောင် သူ၏ကိုယ်ကို လှိမ့်ချလိုက်သည်။

သူသည် မြက်ရိုင်းပင်များထဲသို့ အင်အားကိုထုတ်၍ တိုးဝင်သွားသည်။

ထိုစဉ်မှာပင် သူ၏နားထဲသို့ ဓားချင်းထိခိုက်ထိုးခုတ်သံများ ကြားလိုက်ရသည်။

သူသည် ထူထပ်သော မြက်ပင်များကြားထဲ၌ ငြိမ်သက်စွာ လဲလျောင်း၍နေလိုက်ရသည်။

သူ့ကို ဝိုင်းဝန်းတိုက်ခိုက်သူများသည် မည်သူနှင့် ရင်ဆိုင်တိုက်ခိုက်နေကြပြန်သနည်း။

သူသည် စဉ်းစားတွေးတောနေသည်။

သူသည် တစ်စုံတစ်ရာကို စဉ်းစားလိုက်မိသည်။

သူထင်သောအရာ ဖြစ်နိုင်ပေသည်။

သို့သော် သေချာမှုမရှိသေးသဖြင့် ဤအတိုင်းပင် ငြိမ်သက်စွာဆက်၍ လဲလျောင်းနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မကြာခဏဆိုသလိုပင် ဒဏ်ရာရဖူးသည်။

ဒဏ်ရာရရှိခြင်းသည်လည်း သူ့အတွက် ထူးဆန်းသော အရာတစ်ခုမဟုတ်။

သူသည် အသက်ဆယ့်ခုနစ်နှစ်ခန့်ကစ၍ သူ၏ခန္ဓာကိုယ်ပေါ်တွင် ဓားဒဏ်ရာစုစုပေါင်း နှစ်ဆယ့်သုံးချက်တိတိ ရဖူးသည်။

နှစ်လကြာသွားခဲ့ဖူးသည်။

သို့သော် အသက်သေဆုံးခြင်း မရှိခဲ့ပါ။

သူသည် အဆင့်မြင့်မားသော သိုင်းပညာရှင်တစ်ဦးကို အသေအလဲတိုက်၍ အနိုင်ယူခဲ့ဖူးသည်။

နောက်ပိုင်းတွင် သူသည် တိုက်ပွဲပေါင်း မြောက်များစွာကို ရင်ဆိုင်တွေ့ကြုံခဲ့ဖူးပြန်သည်။

သူသည် အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့သည်သာ ဖြစ်သည်။

ယခု သူရရှိထားသော ဒဏ်ရာသည် ခန္ဓာကိုယ်အတွင်းသို့ ထိခိုက်သွားလောက်အောင် ပြင်းထန်ခြင်းမရှိ။

အသားထဲသို့ တစ်လက်မခန့်သာ စူးနစ်ဝင်သွားသော်လည်း ပူလောင်ခြင်းဒဏ်ကိုခံရပြီး မူးဝေနေသည်။

ထိုးသွင်းလိုက်သော ဓားဖျားတွင် အဆိပ်များ သုတ်လိမ်းထားခြင်းဖြစ်မည်မှာ သေချာလှပေသည်။

ယခု သိုင်းလောကတွင် အဆင့်နိမ့်သူများ ပေါ်ပေါက်နေလေသည်။

ထိုလူများသည် သူတို့ကိုင်ဆောင်သော ဓားတွင် အဆိပ်



များသုတ်လိမ်း၍ တိုက်ခိုက်တတ်သည်။

ဓားဒဏ်ရာကြောင့် မသေနိုင်သော်လည်း အဆိပ်သင့်၍ သေဆုံးနိုင်ပေသည်။

သူသည် အဆိပ်သုံး၍ တိုက်ခိုက်သူများကို လွန်စွာမုန်းတီးလေသည်။

"ချွမ်း"

"ထန်"

အပြင်ဘက်မှ ဓားခုတ်သံများသည် ပြင်းထန်စွာပေါ်ထွက်လာပြန်သည်။

သူသည် ငြိမ်သက်စွာ နားထောင်နေမိ၏။

သူ့ကို ဝိုင်း၍တိုက်ခိုက်နေသော လူများသည် ယခုအခါ လူတစ်ယောက်နှင့် တိုက်ခိုက်နေကြောင်း ခန့်မှန်းလိုက်မိ၏။

"ချွမ်"

"အား"

"ဟား..ဟား..ဟား"

မြက်ရိုင်းတောအပြင်ဘက်မှ ထွက်ပေါ်နေသောအသံများကို ပီပြင်စွာ ကြားနေရသည်။

အေးစက်ရယ်မောသံတစ်ခုသည် သူ့နားထဲသို့ စွဲမြဲစွာ တိုးဝင်လာ၏။

သူ၏ရင်အစုံသည် ထိတ်ခနဲ ခုန်သွားသည်။

ဝမ်းသာမှုအရှိန်သည် ရင်ထဲသို့ တိုးဝင်ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ခင်ဗျားတို့နှစ်ယောက် လက်နက်ချဖို့ ကောင်းပြီ"

လူအေးသည် လဲလျောင်းနေရာမှ ဒူးထောက်၍ထလိုက်သည်။

အေးစက်ရယ်မောသံနှင့် စကားပြောသံကြောင့် သံမဏိလက်ဖြစ်မှာ သေချာသွားပြီဖြစ်သည်။

သံမဏိလက်သည် သူနှင့်တကွ တာဝန်ထမ်းဆောင်ရသောသူ တစ်ဦးပင်ဖြစ်၏။

သူသည် ထန်ဂေဟာ မီးလောင်နေ၍ ထွက်လာစဉ်က သံမဏိလက်သည် သူနှင့်အတူမရှိပေ။

သူသည် သံသယရှိသော ထန်ဆေးအော့အား စုံစမ်းရန် ထွက်ခွာသွားသည်။

ထန်ဆေးအော့ ရာပေနယ်ဘက်သို့ ရောက်ရှိလာသည်ဟု ကြား၍ဖြစ်သည်။

သို့သော် သံမဏိလက်သည် မမျှော်လင့်ဘဲ ရာပေနယ်မှ ပြန်လည်ရောက်ရှိလာ၏။

ထို့နောက် လူအေးကို ဝိုင်းဝန်းတိုက်ခိုက်နေသော သူများအား ဝင်ရောက်တိုက်ခိုက်ခဲ့ပေသည်။

သူသည် ယဉ်ကျေးသိမ်မွေ့သူ တစ်ဦးဖြစ်သည်။

အတွင်းအားနှင့် သိုင်းပညာသည် လူအေးထက်ပင် သာလွန်လေသည်။

ဓားခုတ်သံများ တိတ်ဆိတ်ငြိမ်သက်သွားပြီ ဖြစ်သည်။



သံမဏိလက်၏ ကျယ်လောင်သောအသံ ထွက်ပေါ်လာပြန်သည်။

"ရဲကျင်း..ခင်ဗျား လက်နက်ချလိုက်တာဟာ အကောင်းဆုံးပဲ"

လူအေးသည် သံမဏိလက်၏ ပြောဆိုသံကြောင့် ရင်ထဲ၌ လှုပ်ရှားဝမ်းသာသွားပေသည်။

သံမဏိလက်သည် ခေါင်းဆောင်ဖြစ်သော သိုင်းသမားအမည်ကိုပါ သိနေပုံရ၏။

သံမဏိလက်သည် ရာပေနယ်မှ ပြန်လည်ရောက်ရှိသောအခါ သဲလွန်စများ တပုံတပင် ရရှိထားခဲ့ဟန်တူသည်။

လူအေးသည် မြက်ရိုင်းတောအပြင်ဘက်သို့ ရောက်ရှိလာ၏။

သူတို့အားလုံး မတ်တတ်ရပ်လိုက်သည်။

ထိုအခါ သံမဏိလက်ကို တွေ့မြင်လိုက်ရလေသည်။

သူ့လက်ချက်ဖြင့် လဲကျသေဆုံးနေသော ဝတ်စုံနက်သိုင်းသမားသုံးဦးနှင့် ဝတ်စုံပြာသိုင်းသမားတစ်ဦးအပြင် နောက်ထပ်လူသုံးယောက် မြေပေါ်၌ လဲကျနေသည်။

သံမဏိလက်၏ရှေ့တွင် ဝတ်စုံနက် ဝတ်ဆင်ထားသော လူတစ်ယောက် ဓားကို ကျစ်ကျစ်ပါအောင် ဆုတ်၍ရပ်၍နေသည်။

ထိုသူ၏မျက်နှာ ဖြူဖပ်ဖြူလျော်ဖြစ်နေသည်။

သူသည် တုန်ယင်သောလေသံဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်သူလဲ"

သံမဏိလက်သည် အေးဆေးစွာ တစ်ချက်ပြုံးလိုက်သည်။

"သံမဏိလက်"

ထိုလူ၏မျက်နှာသည် ဝိုး၍ဖြူရော်သွားလေသည်။

ထိုလူသည် ရုတ်တရက် လေထဲသို့ ခုန်တက်လိုက်ပြီး ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

သံမဏိလက်သည် ထိုလူခုန်တက်သွားသည်နှင့် တပြိုင်နက် သူ့လက်ထဲမှဓားသည်လည်း လှုပ်ရှားလိုက်လေသည်။

"ချွမ်း"

ဓားသံများ ဆူညံစွာ ထွက်ပေါ်လာပြန်သည်။

သိုင်းကွက်လေးဆယ့်ငါးကွက် ယှဉ်ပြိုင်တိုက်ခိုက်မိသည်နှင့် ရဲကျင်းသည် နောက်သို့ဆုတ်သွားရလေသည်။

သံမဏိလက်သည် ရဲကျင်းထံသို့ တိုးဝင်၍ဓားဖြင့် ခုတ်ချလိုက်လေသည်။

"အား"

ရဲကျင်းထံမှ အော်ဟစ်သံထွက်ပေါ်လာပြီး လူမှာလည်း ယိမ်းယိုင်နေပေသည်။

သံမဏိလက်သည် ရဲကျင်းအား ဆက်လက်တိုက်ခိုက်ခြင်းမပြု။

သူသည် အေးစက်သောလေသံဖြင့်....

"မင်းလက်နက်ချပြီး အဖမ်းခံလိုက်ပါ၊ နောက်ပြီး မင်းတို့ရဲ့



အမိကခေါင်းဆောင်နာမည်ကို ငါ့ကို ပြောပြရမယ်"

ရဲကျင်းသည် သူ၏မျက်နှာကို တစ်ချက်မဲ့လိုက်သည်။

"ငါ လက်နက်လည်းမချဘူး၊ အဖမ်းလည်းမခံနိုင်ဘူး"

ရဲကျင်း၏စကားကြောင့် သံမဏိလက်က အူကြောင်ကြောင် ဖြစ်သွားလေသည်။

ထို့နောက် သူသည် တစ်ချက်ပြုံးလိုက်ပြီး...

"မင်း ပြောပြနိုင်လိမ့်မယ်"

ထိုစဉ်မှာပင် ရဲကျင်း ခြေရင်းတွင် လဲကျနေသော လူတစ်ယောက်သည် လူးလွန့်၍အားယူကုန်းထလာလေသည်။

ရဲကျင်းသည် မမျှော်လင့်သော အပြုအမူကို ပြုလုပ်လိုက်လေသည်။

သူသည် လက်ထဲမှဓားဖြင့် ကုန်းထလာသူအား ခုတ်ချလိုက်လေသည်။

"အား"

ထိုဝတ်စုံနက်နှင့်လူသည် ပြန်လည်လဲကျသွားလေသည်။

ရဲကျင်းသည် သူ၏လူများကို အသက်ရှင်လျက် မကျန်စေလိုသောကြောင့် ကိစ္စတုံး နှုတ်ပိတ်လိုက်ခြင်းဖြစ်လေသည်။

သံမဏိလက်သည် ရဲကျင်း၏ ရက်စက်ပုံကို တွေ့မြင်ရသောအခါ ဒေါသခြောင်းခြောင်း ထွက်လာလေသည်။

သူသည် ရဲကျင်းထံသို့ ခုန်ဝင်၍ တိုက်ခိုက်လိုက်လေသည်။

ရဲကျင်းသည် သံမဏိလက်၏ဓားချက်များကို ခုခံရှောင်

www.burmeseclassic.com

www.burmeseclassic.com



တိမ်းရှောင် ထွက်ပြေးရန် ကြိုးစားလေသည်။

သို့သော်...

သူ့ပြေးလမ်းများကို သံမဏိလက်သည် ဓားချက်များက ပိတ်ဆို့ကာကွယ်ထားလေသည်။

"ချွမ်"

ရဲကျင်းလက်ထဲမှ ဓားသည် လွင့်စဉ်ထွက်သွားလေသည်။

ရဲကျင်းသည် နောက်ဘက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်သွားလေသည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် ယိမ်းယိုင်နေ၏။

ရဲကျင်းသည် အံကိုကြိတ်လိုက်သည်။

"မင်းရဲ့သိုင်းပညာကို ကျုပ်က မယှဉ်သာပါဘူး၊ မင်းကို သတ်နိုင်မှပဲ ကျုပ်ဒီနေရာကလွတ်မယ်၊ ကျုပ်အဖွဲ့တွေလည်း ဘေးကင်းရာကို ရောက်ကြပါပြီ"

သံမဏိလက်က မဲ့ပြုံးပြုံးလိုက်သည်။

"မင်း အဖမ်းခံတော့မယ် မဟုတ်လား"

ရဲကျင်းက ခေါင်းခါယမ်းလိုက်သည်။

"မင်းလည်း ငါ့ကိုမဖမ်းနိုင်ပါဘူး"

သံမဏိလက်က....

"ကောင်းပြီလေ၊ မင်းအဖမ်းခံမယ့်အချိန်အထိ ကျုပ်ထိုင်စောင့်နေမယ်"

ရဲကျင်းက...



"မင်း မစောင့်နိုင်ပါဘူး"

သံမဏိလက်က...

"ဘာဖြစ်လို့လဲ"

ရဲကျင်းက...

"သေဆုံးသွားတဲ့ လူတစ်ယောက်ကို ဖမ်းချင်သေးလို့လား"

သံမဏိလက်၏မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

"ဟော့...မလုပ်နဲ့"

သူသည် ကမန်းကတမ်း ရဲကျင်းထံသို့ ပြေးသွားလေသည်။

သူသည် အနားရောက်သောအခါ ရဲကျင်းသည် ဓားတစ်ချောင်းစိုက်ပြီး သေဆုံးသွားပြီဖြစ်သည်။

ရဲကျင်းသည် မိမိကိုယ်မိမိ သတ်သေလိုက်ခြင်းဖြစ်လေသည်။

သံမဏိလက်သည် မြေပေါ်တွင် လဲကျသေဆုံးနေသော ရဲကျင်းအားကြည့်၍ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ထို့နောက် သူ၏ဦးခေါင်းကို ခါယမ်းလိုက်သည်။

သူသည် လူအေးထံသို့ လှည့်ကြည့်လိုက်ပြီး...

"မင်း ဒဏ်ရာတော်တော် ပြင်းသလား"

လူအေးက မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"အဆိပ်ကတော့ အတော်ပြင်းတယ်"

ထိုသို့ပြောနေရင်းမှပင် သူ့ဦးခေါင်းထဲ၌ မူးဝေ၍လာဝေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ၏ရင်ဝ၌ မခံမရပ်နိုင်အောင် အောင့်တက်လာပေသည်။

လူအေး၏မျက်နှာသည် သိသာစွာမဲ့၍ ဖြူလျော်သွားလေသည်။

သံမဏိလက်သည် ကပျာကယာပင် ဝတ်စုံနက်အလောင်း၏ ခန္ဓာကိုယ်ပေါ်သို့ ရှာဖွေကြည့်လိုက်သည်။

အဆိပ်ဖြေဆေးပုလင်း....။

ယခုအကြိမ်သည်လည်း လူအေးအဖို့ အသက်ရှင်ပြန်ပြီဖြစ်လေသည်။

သံမဏိလက်သည် အဆိပ်ဖြေဆေးကို လူအေးပါးစပ်အတွင်းသို့ ထည့်ပေးလိုက်လေသည်။

"မင်း အဆိပ်ပြေမယ်လို့ ထင်ပါတယ်"

လူအေးသည် အဆိပ်ဖြေဆေးလုံးအား မျိုချလိုက်သည်။

ထို့နောက် သံမဏိလက်အား တစ်ချက်ပြုံး၍ ကြည့်လိုက်ပြီး...

"အစ်ကို ရောက်လာရင်တော့ ကျုပ် မသေနိုင်တော့ပါဘူး"

သံမဏိလက်က လူအေးပခုံးအား အသာအယာပင် မ,လိုက်သည်။

သံမဏိလက်က...

"အင်း...ကျုပ်သာ အချိန်မီ မရောက်လာရင်တော့ မင်း သေရမှာပဲ"

လူအေးက ခေါင်းညိတ်လိုက်သည်။



"အင်း..အစ်ကိုကတော့ ကျုပ်ကို လာကယ်နေတာ ခဏခဏဖြစ်နေပြီ၊ ထူးထူးခြားခြား တိုက်ဆိုင်မှုကတော့ တကယ့်ကို အံ့ဩဖို့ကောင်းပါတယ်၊ နောက်ပြီး ထန်ဆေးအော့ရဲ့အကြောင်း ပြည့်ပြည့်စုံစုံ သိခဲ့ရပြီနဲ့တူတယ်"

သံမဏိလက်က ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး...

"သူ့ကိုတော့ ဖမ်းလိုက်ပြီ၊ ဒါပေမယ့် ဂေဟာတွေကို တိုက်ခိုက်သတ်ဖြတ်တဲ့အမှုကတော့ သူနဲ့လုံးဝပတ်သက်မနေဘူး၊ သူ့ဆီက တန်ဖိုးရှိတဲ့ သတင်းအစကလေးတွေတော့ ရခဲ့ပါတယ်၊ သူ့ရဲ့ ခန့်မှန်းချက် ထင်မြင်ချက်တွေ ပြောပြနေတုန်းမှာ သူတို့အလစ် လုပ်ကြံသွားတဲ့အတွက် သေဆုံးသွားရှာတယ်"

လူအေးသည် သံမဏိလက်ပြောသော စကားများကို စိတ်ဝင်စားစွာ နားထောင်နေလေသည်။

သံမဏိလက်က စကားဆက်လိုက်ပြန်သည်။

"ကိစ္စကတော့ အတော့်ကိုလေးနက်နေပြီ၊ အရေးကြီးတဲ့ဖြစ်ရပ်မျိုးပဲ အခုဖြစ်ခဲ့တဲ့ကိစ္စတွေကို ပြန်ပြီးတွေးကြည့်စမ်း၊ အလုအယက်ခံရတဲ့ရွာတွေဟာ ငွေကြေးချမ်းသာတဲ့ ရွာတွေပဲ၊ ဒီလိုအမှုမျိုး ကျူးလွန်တဲ့အဖွဲ့ကတော့ သာမန်အဖွဲ့မဟုတ်နိုင်ဘူးဆိုတာ မင်းလည်းစဉ်းစားမိမှာပဲ၊ သာမန်အဖွဲ့ဆိုရင် ပစ္စည်းယူ လူသတ်၊ မီးရှို့ချင်မှရှို့မယ်၊ ဒါပေမယ့် တစ်ယောက်မကျန် သတ်ဖြတ်သွားကြမှာတော့မဟုတ်ဘူး၊ တော်တော်ကြီးကြီးမားမား အဖွဲ့ဖြစ်မယ်၊ နောက်ပြီး အမိကခေါင်းဆောင်ခြောက်ဦးရှိတယ်လို့ ထန်ဆေးအော့ ပြော

www.burmeseclassic.com

www.burmeseclassic.com



ပြချက်ထဲမှာပါတယ်"

သံမဏိလက်နှင့်လူအေးတို့သည် သစ်ပင်တစ်ပင်အောက်သို့ ဝင်ရောက်ထိုင်လိုက်ကြသည်။

လူအေးသည် ပင်စည်ကိုမှီ၍ ငြိမ်နေသည်။

ဖြေဆေးကြောင့် ပူလောင်ခြင်းဝေဒနာ သက်သာသွားသော်လည်း မလှုပ်ရှားဝံ့သေးပေ။

သံမဏိလက်က စကားဆက်လိုက်ပြန်သည်။

"ဒါပေမယ့် သူပြောတဲ့စကားတွေဟာ တိတိကျကျ ဒီလူတွေပါလို့ လက်ညှိုးထိုးပြီး ပြောပြနိုင်တာတော့ မဟုတ်ဘူး၊ သူ့ရဲ့ ထင်မြင်ချက်တွေပါ"

သံမဏိလက်သည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်သည်။

သူသည် ချောင်းတစ်ချက်ဟန့်ပြီး စကားဆက်လိုက်သည်။

"ခေါင်းဆောင်ခြောက်ဦးရှိတဲ့အနက် တစ်ဦးကတော့ သိုင်းလောကမှာ အတော်ကျော်ကြားတယ်လို့လည်း ပါသေးတယ်"

သံမဏိလက်သည် ထိုသို့ပြောပြီးသည်နှင့် လဲကျနေသော အလောင်းများကို တစ်ချက်ဇွေကြည့်လိုက်သည်။

ပြီးမှ...

"ရဲကျင်းကတော့ သိုင်းလောကမှာ အတော်ကလေးတော့ နာမည်ရတယ်၊ ဒါပေမယ့် ခေါင်းဆောင်ခြောက်ဦးထဲမှာ ပါနိုင်သလား၊ မပါနိုင်ဘူးလားဆိုတာ မပြောနိုင်ဘူး၊ နောက်ပြီး ထန်ဆေး



အော့နဲ့ စကားပြောနေတဲ့အခါမှာ ဝတ်စုံနက် လူနှစ်ယောက်ဟာ အဆိပ်ပါတဲ့ လက်နက်ပုန်းကို အသုံးပြုပြီး တိုက်ခိုက်သတ်ပစ်တယ်၊ ကျုပ်လည်း သူတို့ကို သိုင်းကွက်နှစ်ဆယ်လောက် ယှဉ်ပြိုင်ခဲ့ပြီး သူတို့ထွက်ပြေးသွားတယ်"

လူအေးက ခေါင်းညိတ်လိုက်ပြီး...

"ဒီအမှုကို စုံစမ်းနေတာသိလို့ နှုတ်ပိတ်လိုက်တယ်လို့ပဲ ဆိုရတော့မှာပေါ့"

သံမဏိလက်က မျက်မှောင်ကြုတ်လိုက်ပြီး...

"ကျုပ်တွေ့ကြုံခဲ့ရတဲ့ ဝတ်စုံနက်လူနှစ်ယောက်ဟာ အတော့်ကို သိုင်းပညာ အဆင့်မြင့်တယ်၊ တစ်ယောက်ချင်း ကျုပ်က မမှုပေမယ့် နှစ်ယောက်ကျတော့ အချိန်ကြာလာရင် ကျုပ်က ရှုံးနိမ့်နိုင်တယ်၊ အဲ နောက်ပြီး သူ့တာဝန်က ထန်ဆေးအော့ကို နှုတ်ပိတ်ဖို့ အဓိကတာဝန်ပဲဆိုတော့ ကျုပ်နဲ့ သိပ်မတိုက်ခိုက်ဘဲ ရှောင်ထွက်သွားတယ်၊ ဒါနဲ့ပဲ ပြန်လာခဲ့တယ်၊ ဒီလည်းရောက်ရော ထန်ဂေဟာ မီးလောင်နေတာနဲ့ ကြုံတော့တာပဲ"

လူအေးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း...ကျွန်တော်တို့အနေနဲ့ ဆက်လက်စုံစမ်းဖို့ လမ်းစ ပျောက်နေပြီ"

သံမဏိလက်ကလည်း ဖြည်းလေးစွာ ခေါင်းညိတ်လိုက်လေသည်။

"အင်း...သဲလွန်စ ရမလိုလိုနဲ့ ပြန်ပြီးပျောက်သွားပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သံမဏိလက်သည် ထိုနေရာမှ ထလိုက်သည်။

ထို့နောက် လူအေးအားတွဲ၍ မတ်တတ်ရပ်စေလေသည်။

"သူတို့ ဘယ်လောက်အထိ ငြိမ်သက်နေနိုင်မှာပဲ၊ တစ်နေ့ကျရင်တော့ သူတို့အားလုံးဟာ တို့လက်ထဲကို ကျရောက်လာမှာပါပဲ၊ ဥပဒေအရ အပြစ်ပေးတာကို ကောင်းကောင်းကြီး ခံရမှာပါကွာ"

လူအေးသည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး အားရစွာ ရယ်မောလိုက်လေသည်။



ဒုစရိုက်သမား..

မကောင်းမှုကို ကျူးလွန်ကြသည်။

လူသတ် ပစ္စည်းလု။

မီးလောင်တိုက်သွင်းပစ်၏။

အမှောင်လမ်းပေါ်သို့ ကောက်ကောက်ပါအောင် လိုက်နေကြသည်။

သို့သော် သူတို့သည် မည်မျှအချိန်ကြာကြာ လိုက်ပါနိုင်ကြမည်နည်း။

မည်မျှကြာကြာ ဖုံးကွယ်နေနိုင်ကြမည်နည်း။

လူအေးနှင့်သံမဏိလက်တို့သည် မြစ်ကမ်းပါးတစ်နေရာတွင် ရှိသည့် အိမ်ငယ်ကလေးတွင် တည်းခိုနေထိုင်ကြလေသည်။

ဤရက်ပိုင်းအတွင်း လူအေးသည် ဒဏ်ရာပျောက်ကင်းအောင် အနားယူရလေသည်။

သံမဏိလက်က လူအေးအနားတွင်နေ၍ ဂရုတစိုက် ပြုစုလေသည်။

သူတို့နှစ်ဦးသည် တကယ့် ညီအစ်ကိုရင်းချာသဖွယ် ချစ်ခင်ကြလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



လပြည့်သောည...

ကောင်းကင်၌ လဝန်းလည်း ဝင်းလက်စွာ ထွက်ပေါ်နေ၏။

ကျွန်းမြစ်ရေပြင်ပေါ်သို့ လရောင်က ဖြာကျလျှက်ရှိပေသည်။

ကျွန်းမြစ်အတွင်း လှေသမ္ဗာန်ငယ်များ လှော်ခတ်သွားလာနေကြသည်။

မြစ်ကမ်းပါးနှစ်ဘက်တွင်မူ မြက်ရိုင်းပင်များ သဘာဝအလျောက် ပေါက်ရောက်နေကြ၏။

ဖြတ်သန်းတိုက်ခတ်လာသော မြစ်လေနှင့်အတူ မြက်ရိုင်းပင်များက သက်ဝင်လှုပ်ရှားနေကြသည်။

လှေသမ္ဗာန်ကြီးတစ်စင်း...

လှေသမ္ဗာန်ကြီးတစ်စင်းသည် ကျွန်းမြစ်ရေပြင်ပေါ်တွင် တည်ရှိနေသည်။

သမ္ဗာန်မှ မီးရောင်များသည် ပြတင်းပေါက်မှတစ်ဆင့် ကျွန်းမြစ်ပေါ်သို့ ဖြာထွက်နေ၏။

ထို့အပြင် တူရိယာမှုတ်သံများသည် မြစ်လေနှင့်အတူ လွင့်၍ ထွက်ပေါ်နေသည်။

ထိုသမ္ဗာန်ကြီးသည် ရေစီးကြောင်းအတိုင်း ဖြည်းညင်းစွာ မျောပါ၍ အလိုက်သင့်ရွေ့လျားနေသည်။

ထို့အပြင် ထိုလှေသမ္ဗာန်ပေါ်၌ လိုက်ပါလာကြသော လူ



များသည် ချမ်းသာကြွယ်ဝသောလူများဟု သမ္ဗာန်အား ကြည့်၍ ပြောနိုင်မည်။

လှေဦးပိုင်းနှင့် ကုန်းပတ်ပေါ်တွင် ဝတ်စုံအညီ ဝတ်ဆင်ထားသော တောင့်တင်းခိုင်မာသည့် အစောင့်အရှောက်များ မားမားမတ်မတ် ရပ်နေကြသည်။

အစောင့်များ၏ အသွင်အပြင်သည် မင်းမှုထမ်းများနှင့် လုံးဝမတူချေ။

ကြွယ်ဝချမ်းသာသော ပုဂ္ဂိုလ်တစ်ဦး၏ အစောင့်အရှောက်များနှင့် တူပေသည်။

မှန်ပေသည်။

ထိုလှေကြီးသည် စီးဂေဟာပိုင်ရှင်ကြီး၏လှေပင် ဖြစ်လေသည်။

ထို့ကြောင့် ဤမျှ ခမ်းနားထည်ဝါ ကြီးမားလှသော လှေကြီးဖြင့် ညရှုခင်းများကို လှည့်ပတ်ကြည့်ရှုနေခြင်းသာ ဖြစ်ပေသည်။

စီးဂေဟာသခင်ကြီး၏အမည်မှာ စီးရှောင်ဖုန်းဖြစ်သည်။

စီးရှောင်ဖုန်းသည် အသက်အရွယ်ကြီးဖြင့်လှသောသူ မဟုတ်သေးပါ။ စီးဂေဟာသည် ချမ်းသာခြင်း တစ်ခုတည်းနှင့်မပြီး။

သိုင်းလောကတွင်လည်း နာမည်ကျော်သော ဂေဟာတစ်ခု ဖြစ်လေသည်။

စီးဂေဟာအား အစဉ်အဆက် အုပ်ချုပ်ခဲ့သော ဂေဟာပိုင်ရှင်ကြီးများသည် သိုင်းလောကတွင် ထင်ရှားကျော်စောသော သိုင်း

www.burmeseclassic.com

www.burmeseclassic.com



သမားကြီးများဖြစ်ကြသည်။

စီးဂေဟာမှ ဝိညာဉ်ပျောက်ဓားသိုင်းကွက်သည် သိုင်းလောကတွင် လွန်စွာမှကျော်ကြားလေသည်။

ထို့အတူ စီးဂေဟာမှ ဘိုးဘွားစဉ်ဆက် လက်ထက်ပိုင်ဆိုင်ခဲ့သော အိပ်မက်ဓားကလည်း အလွန်နာမည်ကြီးလှပေသည်။

စီးရှောင်ဖုန်းသည် ငါးဆက်မြောက်ဂေဟာပိုင်ရှင် ဖြစ်၏။

စီးရှောင်ဖုန်းသည် သူ၏ဖခင်ဖြစ်သူ စီးမန်းလုံးထံမှ ဂေဟာပိုင်ရှင်အဖြစ် အမွေဆက်ခံယူခြင်းဖြစ်သည်။

စီးဂေဟာကို အုပ်ချုပ်ခွင့်ရသောအခါ အိပ်မက်ဓားကို အမွေဆက်ခံရရှိလေသည်။

စီးဂေဟာ၏ ထက်မြက်သော ဓားသိုင်းကွက်တစ်ခုဖြစ်သော ဝိညာဉ်ပျောက်ဓားကွက်နှင့် အိပ်မက်ဓားကို ပူးတွဲကိုင်ဆောင်တိုက်ခိုက်လျှင် လွန်စွာထူးခြားလှသော တိုက်ကွက်များဖြစ်ပေါ်လာပေသည်။

အိပ်မက်ဓားကို အသုံးပြု၍ စီးရှောင်ဖုန်း၏ဖခင်ဖြစ်သူ စီးမန်းလုံးသည် ကျွမ်းကျိုးနယ်တွင် ကျင်းပခဲ့သော သိုင်းပညာစွမ်းရည်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ထိုပြိုင်ပွဲတွင် ပထမဆုဘွဲ့ကို ရခဲ့လေသည်။

ထို့ကြောင့်လည်း စီးဂေဟာသည် သိုင်းလောက တဝှမ်းလုံး ကျော်ကြားလာခြင်းဖြစ်ပေသည်။

စီးဂေဟာအတွင်းသို့ ရန်သူများ အလွယ်တကူ ဝင်ရောက်



မတိုက်ခိုက်ဝံ့ကြချေ။

စီးရှောင်ဖုန်းကိုယ်တိုင်မှာလည်း သိုင်းပညာ မခေလှပေ။

ထို့အပြင် စီးဂေဟာတွင် အဆင့်မြင့်လှသော ဂေဟာအုပ်ချုပ်ရေးမှူးသုံးဦးလည်း ရှိသေးသည်။

ထိုအုပ်ချုပ်ရေးမှူးသုံးဦးမှာ စီးဂေဟာ၏ အားထားရသော ပုဂ္ဂိုလ်များဖြစ်ကြသည်။

ထို့ကြောင့် စီးဂေဟာသခင်ကြီး စီးရှောင်ဖုန်းကို မည်သူကမျှ မလေးမစား မလုပ်ဝံ့ကြချေ။

ယခုနှစ်များအတွင်း၌ သိုင်းလောကမှ ထိပ်တန်းသိုင်းပညာရှင်များသည် စီးဂေဟာသခင်ကြီးကို သိုင်းပညာယှဉ်ပြိုင်ရန် လာရောက်ကြခြင်းဖြစ်သည်။

သို့သော်လည်း လာရောက်ယှဉ်ပြိုင်ကြသူများသည် အုပ်ချုပ်ရေးမှူးသုံးဦးနှင့် ဦးစွာယှဉ်ပြိုင်ပြီးမှ စီးရှောင်ဖုန်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သို့သော် တစ်ဦးတစ်ယောက်မျှ စီးရှောင်ဖုန်းနှင့် ထိပ်တိုက်ယှဉ်ပြိုင်ခဲ့ခြင်း မပြုခဲ့ရပေ။

အကြောင်းမှာ ယင်းယှဉ်ပြိုင်သူများသည် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် တတိယအုပ်ချုပ်ရေးမှူးတို့နှင့် ယှဉ်ပြိုင်ပြီး ပထမ အုပ်ချုပ်ရေးမှူး ထန်းဆေးကျန်းနှင့် ယှဉ်ပြိုင်လိုက်သောအခါ ရှုံးနိမ့်ခဲ့ရသည်ချည်းသာ ဖြစ်သည်။

ထူးခြားသည်မှာ ထန်းဆေးကျန်းသည် စီးအနွယ်ဝင်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် မဟုတ်ချေ။

စီးဂေဟာ၌ စီးရှောင်ဖုန်းပြီးလျှင် ထန်းဆေးကျန်းသည် အာဏာအရှိဆုံးဖြစ်သည်။

♣ ♣ ♣

စီးရှောင်ဖုန်း...

စီးရှောင်ဖုန်းသည် အသက်သုံးဆယ့်ငါးနှစ်အရွယ်ခန့်ရှိပြီ ဖြစ်သည်။

သူ၏မျက်နှာပြင်သည် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး လုံးဝမရှိချေ။

သူ့တွင် ထူးခြားသော ဝါသနာရှိသည်။

သူသည် အနုပညာဘက်တွင် စိတ်ဝင်စားမှုပိုသည်။

ထို့အပြင် သူသည် စာပေဖတ်ရှုခြင်း၊ ရေးသားခြင်း၊ စောင်းတီးခတ်ခြင်းတို့၌သာ မွေ့ပျော်သူတစ်ဦးဖြစ်သည်။

♣ ♣ ♣



လှေသမ္ဗာန်ကြီးသည် ကျူးမြစ်အတွင်း ဖြည်းညင်းစွာ မျောပါလာလေသည်။

တူရိယာအသံများလည်း မြိုင်ဆိုင်စွာ ထွက်ပေါ်နေလေသည်။

ကခုန်သူများကလည်း ကခုန်နေကြသည်။

စီးရှောင်ဖုန်း အမူအရာသည် ထူးခြားစွာပြောင်းလဲနေ၏။

သူသည် အရက်ကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေလေသည်။

စီးရှောင်ဖုန်းမှာ ယခင်အခါများကဲ့သို့သော အမူအရာမျိုး လုံးဝမတွေ့ရတော့ချေ။

ထူးခြားနေလေသည်။

စီးရှောင်ဖုန်းသည် မူးရစ်ရီဝေနေပြီး သီချင်းဆိုသူ မိန်းကလေးများအား ဆွဲယမ်းပွေ့ဖက်၍ လဲနေလေ၏။

ထိုသို့ သီချင်းဆိုသူ မိန်းကလေးများနှင့် တူရိယာတီးမှုတ်သူ မိန်းကလေးများအား မြို့တွင်းရှိ ချင်ကိုလို့ဂေဟာမှ ခွေးချယ်ငှားရမ်းလာခြင်း ဖြစ်သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



စုကျွန်း...

လွန်စွာလှပသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

သူမ၏ မျက်လုံးအစုံသည် ဝိုင်းစက်ကြည်လင်လှပေသည်။

သူမသည် ဆံထုံးကို ရိုးရိုးကလေး ဆင်ယင်ထုံးဖွဲ့လေ၏။

ထို့အပြင် သူမ၏မျက်နှာပြင်ကိုလည်း အခြားမိန်းကလေးများလို ထူထပ်စွာ ချယ်မှုန်းခြင်းမရှိ၏။

ချင်ကိုလို့ဂေဟာအတွင်းမှ ငှားရမ်းလာသော အမျိုးသမီးအားလုံးထဲတွင် စုကျွန်း၏အလှသည် ရိုးရိုးကလေးနှင့် ထင်ပေါ်ဆုံးဖြစ်သည်။

သူသည် ကြေးစားမယ် မဟုတ်ချေ။

သူမသည် အဆိုနှင့်အကကို တွဲ၍သီဆိုကပြသူပင် ဖြစ်သည်။

♣ ♣ ♣



စီးချန်းယင်...

သူသည် စီးရှောင်ဖုန်း၏ ညီရင်းတစ်ယောက်ဖြစ်၏။

စီးရှောင်ဖုန်းက သူ့အား လိုက်ပါလာခဲ့ရန် ခေါ်သောကြောင့် စိတ်မပါ့တပါဖြင့် လိုက်လာခဲ့သည်။

အခြားတစ်ကြောင်းမှာ စီးချန်းယင်သည် စီးရှောင်လုံးနှင့် လိုက်ပါလိုစိတ် မရှိပေ။

သို့သော် ချင်တိုလို့ဂေဟာမှ တီးမှုတ်ကခုန်သူ မိန်းကလေးများ ငှားရမ်းထားသည်ဟု ကြားသိသည်နှင့် ချန်းယင်အား နောတ်ထပ်တစ်ခွန်း ထပ်မံမခေါ်ရတော့ဘဲ လိုက်ပါသွားလေသည်။

သူသည် ချင်ကိုလို့ဂေဟာမှ မိန်းကလေးများနှင့် ပျော်ပါးမြူးတူးလို၍မဟုတ်ချေ။

အခြားအကြောင်းအရပ်တစ်ခုဖြင့် လိုက်ပါလာခဲ့ခြင်းဖြစ်ပေ၏။

ထိုအကြောင်းမှာ သနားစရာကောင်း၍ မြတ်နိုးဖွယ်ရာကောင်းလှသော စုကျွန်းကြောင့်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စီးချန်းယင် အသက်တမျှ ချစ်ခင်ရသော မိန်းကလေးပင် ဖြစ်ပေသည်။

စုကျန်းသည် ဘဝကုသိုလ်ကံကြောင့် ချင်ကိုလို့ဂေဟာတွင် အဆိုအကဖြင့် အသက်မွေးဝမ်းကြောင်း ပြုနေရသူတစ်ဦး ဖြစ်ပေသည်။

သို့သော် သူမသည် ဘဝကို ကောင်းစွာထိန်းကျောင်းနိုင်ခဲ့သည်။

နောက်ဆုံးတွင် သူမသည် စီးချန်းယင်အား ဘဝကြင်ဖော်အဖြစ် ရွေးချယ်ခဲ့သည်။

သူမသည် စီးချန်းယင်အား ယုံကြည်ကိုးစားလေသည်။

စီးချန်းယင်အကြောင်းကို စီးရှောင်ဖုန်းအား ပြည့်စုံစွာ ပြောပြထားပြီး ဖြစ်လေသည်။

ယနေ့တွင်မူ စီးရှောင်ဖုန်းသည် မည်သို့စိတ်ကူးပေါ်ပေါက်သည်မသိ။

ချင်းကိုလို့ဂေဟာမှ မိန်းကလေးများကို ငှားရမ်း၍လှေကြီးဖြင့် ကျန်းမြစ်အတွင်းသို့ လှည့်ပတ်သွားလာခဲ့၏။

စုကျန်းလည်း ပါလာခဲ့သည်။

ထို့ကြောင့် စီးချန်းယင်သည် အစ်ကိုဖြစ်သူ စီးရှောင်ဖုန်းနှင့်အတူ လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

♣ ♣ ♣



လှေကြီးပေါ်၌ ကြည်လင်သော တေးသံများပေါ်ထွက်နေ၏။

တေးသံနှင့်အတူ စုကျန်း၏ခန္ဓာကိုယ်သည် လိပ်ပြာတစ်ကောင် ပျံဝဲနေသည့်နှယ် မြူးတူးပျော်ပါးကခုန်လျက်ရှိသည်။

စီးချန်းယင်သည် စုကျန်း ကကွက်များကို မမှိတ်မသုန်စိုက်ကြည့်နေ၏။

အဘိုးအိုက အတီးအမှုတ်ပြီးသည်နှင့် စုကျန်းသည် ကခုန်နေရာမှ ရပ်နားလိုက်သည်။

ပြီးနောက် စီးချန်းယင်အား တစ်ချက် ဝေ့ကြည့်လိုက်သည်။

ထိုအခါ စီးချန်းယင်သည် ထိုင်နေရာမှ အသာအယာ ထလိုက်လေသည်။

သူသည် ဘေးခုံတွင် ထိုင်နေသော စီးရှောင်ဖုန်းအား တစ်ချက်ငဲ့ကြည့်လိုက်သည်။

စီးရှောင်ဖုန်းသည် အတော်ကလေး မူးရစ်နေပြီဖြစ်သည်။

စီးရှောင်ဖုန်းဘေးတွင် မိန်းကလေးတစ်ဦးက သူ့အား အရက်တစ်ခွက်ပြီးတစ်ခွက် ငှဲ့ပေးနေသည်။

စီးချန်းယင်သည် အစ်ကိုဖြစ်သူ နံဘေးမှဖယ်ခွာ၍ထွက်လာခဲ့သည်။

သူသည် လှေပေါင်းမိုးအပြင်သို့ ထွက်လာသောအခါ စုကျန်းက သူ့အား စောင့်ဆိုင်းနေသည်ကို တွေ့မြင်ရလေသည်။

စုကျန်းသည် ကျန်းမြစ်ရေပြင်အား လှမ်းမျှော်ကြည့်ရှုနေ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

လရောင်အောက်တွင် စုကျန်း၏မျက်နှာပြင် အလှသည် ဝိုးဝါးပြင်နေလေသည်။

စီးချန်းယင်သည် စုကျန်း၏လက်ကလေးအား အသာအယာ ဆုပ်ကိုင်လိုက်သည်။

သူတို့နှစ်ယောက် နောက်ဘက်မှခြေသံကို ရုတ်တရက် ကြားလိုက်ရလေသည်။

စီးချန်းယင် နောက်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ ဒုတိယအုပ်ချုပ်ရေးမှူး စီးလျှန်ပူးဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

"ဘာကိစ္စရှိလို့လဲ အစ်ကိုလျှန်ပူး"

စီးလျှန်ပူးက...

"သခင်ကြီးက ခေါ်ခိုင်းလိုက်လို့ပါ"

စီးချန်းယင်သည် ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"ကောင်းပြီ"

စီးချန်းယင်သည် စုကျန်းနံဘေးမှ ထွက်ခွာရန် ဟန်ပြင်လိုက်သည်။

"အကမယ်လေးပါ ခေါ်ခိုင်းလိုက်ပါတယ်"

ထိုအခါ စီးချန်းယင်မျက်နှာပေါ်တွင် ထူးခြားစွာ အံ့အားသင့်သွားသည်။

သူ၏မျက်မှာမှာ သိသာစွာ ပြောင်းလဲသွားသည်။



စီးချန်းယင်က စုကျန်းကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။

စုကျန်းက အေးဆေးစွာဖြင့်...

"ကောင်းပြီလေ၊ သခင်ကြီးက ခေါ်ခိုင်းလိုက်တယ်ဆိုတော့ သွားရမှာပေါ့"

သို့ဖြင့် သူတို့သည် လှေပေါင်းမိုးအတွင်းသို့ ပြန်လည်ဝင်ရောက်သွားကြလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် စီးရှောင်ဖုန်းရှေ့သို့ ရောက်ရှိလာကြသည်။

စီးရှောင်ဖုန်းက သူတို့နှစ်ယောက်အား မျက်လုံးတစ်ချက်ပင့်ကြည့်လိုက်သည်။

"ချန်းယင်"

စီးချန်းယင်က မော့ကြည့်လိုက်သည်။

"ပြောပါ အစ်ကိုကြီး"

စီးရှောင်ဖုန်းသည် မျက်လုံးအစုံမှေး၍ စီးချန်းယင်အား ကြည့်လိုက်သည်။

ပြီးမှ အေးစက်သောလေသံဖြင့်...

"ငါက စီးဂေဟာရဲ့သခင်ကြီးပဲ၊ မင်းက ဘာကြောင့် ငါ့ကို သခင်ကြီးလို့မခေါ်တာလဲ"

စီးချန်းယင် မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

ယခုကဲ့သို့ သူ့အားပြောလိမ့်မည်ဟုလည်း မထင်မိပေ။

ထို့ကြောင့် သူသည် ပြန်လည်ပြောဆိုလိုက်သည်။

"ကျွန်တော်ဟာ အစ်ကိုရဲ့ညီ မဟုတ်ဘူးလား၊ ဒီတော့ အစ်ကိုကြီးလို့ပဲ ခေါ်ရမှာပေါ့"

စီးရှောင်ဖုန်း၏လေသံသည် ခက်ထန်စွာ ပြောင်းလဲသွားလေသည်။

"ချန်းယင် မင်းက ငါ့ကို စီးဂေဟာသခင်ကြီးအဖြစ် အသိအမှတ်မပြုနိုင်တဲ့ သဘောလား"



စီးချန်းယင်သည် အံ့ဩတုန်လှုပ်သွားလေသည်။

ထို့အတူ စီးရှောင်ဖုန်းအပါးတွင်ရှိသော သူများမှာလည်း ထိတ်လန့်တုန်လှုပ်သွားလေသည်။

စီးချန်းယင်သည် မည်သို့ပြန်ပြောရမှန်းမသိအောင် ဖြစ်နေလေသည်။

စီးရှောင်ဖုန်းသည် စီးချန်းယင်အား သေချာစွာ စိုက်ကြည့်လိုက်သည်။

"စီးဂေဟာရဲ့သခင်ကြီးဟာ ဘယ်သူလဲ"

စီးချန်းယင်မှာ မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး...

"ဒီမေးခွန်းရဲ့အဖြေကို ကျွန်တော်မပြောလည်း အစ်ကိုကြီးသိမှာပါ"

စီးရှောင်ဖုန်း၏မျက်လုံးအစုံသည် စူးရှတောက်ပြောင်လာလေသည်။

"အခု ငါမေးနေတာ မင်းတို့စီးဂေဟာရဲ့ သခင်ကြီး ဘယ်သူလဲ"

စီးချန်းယင်သည် ခေါသများ ဆူဝေ၍တက်လာသည်။

သို့သော် သူသည် ဒေါသကိုချုပ်တီး၍ အုပ်ချုပ်ရေးမှူးများကို ဝေ့ကြည့်လိုက်သည်။

စီးရှောင်ဖုန်း၏နောက်တွင် အုပ်ချုပ်ရေးမှူးထန်းဆေးကျန်းက ရပ်နေသည်။

သူ၏ဘေးတွင် စီးလျှုန်ပူးက ရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးသည် တုတ်တုတ်မျှပင် မလှုပ်ဘဲ ငြိမ်သက်စွာ ရှိနေကြသည်။

စီးချန်းယင်သည် ဒေါသကို မျိုသိပ်ထားလိုက်သည်။

ပြီးနောက် သူသည် စီးရှောင်ဖုန်းအား ကြည့်လိုက်ပြီး…

"အစ်ကိုကြီးစီးရှောင်ဖုန်းဟာ စီးဂေဟာသခင်ကြီး ဖြစ်ပါတယ်"

စီးချန်းယင်၏ အဖြေစကားကြောင့် စီးရှောင်ဖုန်းမျက်နှာသည် ပြုံးရောင်တစ်ချက် သန်းလာလေသည်။

သူသည် ဦးခေါင်းကို ဆတ်ခနဲညိတ်၍…

"ကောင်းပြီ၊ အစဉ်အဆက်ကထားခဲ့တဲ့ စည်းကမ်းထဲမှာ ဂေဟာရဲ့သခင်ကြီးကို ဘယ်လိုဆက်ဆံရမယ်ဆိုတာရော မင်းသိထားသလား"

စီးချန်းယင်က အလိုက်သင့် ပြန်လည်ဖြေကြားလိုက်သည်။

"သိပါတယ်၊ သခင်ကြီးစကားကို အားလုံးလိုက်နာရပါမယ်၊ နောက်ပြီး သခင်ကြီးရဲ့အမိန့်ကိုလည်း စီးအနွယ်ဝင်တွေက တသွေမတိမ်း လိုက်နာရမယ့်တာဝန်ရှိပါတယ်"

"ဟုတ်ပြီ"

သူသည် စီးချန်းယင်ဘေးတွင် ရပ်နေသော စုကျန်းအား လက်ညှိုးညွှန်ပြလိုက်သည်။

"စုကျန်းဟာ မင်းရဲ့ချစ်သူလို့ ငါကြားတယ်၊ ဟုတ်ရဲ့လား"

စီးရှောင်ဖုန်း မေးခွန်းကြောင့် စီးချန်းယင်သည် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။



ထိုကိစ္စနှင့်ပတ်သက်ပြီး စီးရှောင်ဖုန်းအား သူပြောပြထားသည် မဟုတ်ပါလော။

ဤအချက်ကို စီးချန်းယင်အနေဖြင့် နားလည်ရခက်သွားလေသည်။

ယနေ့ ဤအချက်ကို ထူးထူးခြားခြားမေးမြန်းနေလေသည်။

စီးရှောင်ဖုန်းသည် ထိတ်လန့်စွာ ရပ်နေသော စုကျန်းအား သေချာစွာ စူးစိုက်ကြည့်လိုက်သည်။

စီးရှောင်ဖုန်းသည် သူ့မေးစေ့အား လက်ဖြင့် ပွတ်သပ်လိုက်ပြီး…

"အင်း…အတော့်ကိုလှတဲ့ မိန်းကလေးပဲ"

စီးရှောင်ဖုန်း၏အသံကို အားလုံး ကြားလိုက်ရလေသည်။

ထိုစကားသံကြောင့် စီးချန်းယင်နှင့်စုကျန်းတို့မှာ တုန်လှုပ်ချောက်ချားသွားကြလေသည်။

စီးရှောင်ဖုန်း၏အကြည့်သည် စုကျန်းထံမှ စီးချန်းယင်ထံသို့ ရွေ့ပြောင်းလိုက်သည်။

သူသည် အေးစက်သောလေသံဖြင့် တစ်လုံးချင်း ပြောချလိုက်လေသည်။

"သူ့ရဲ့အလှကို ငါ ဒီနေ့ကြည့်ချင်တယ်"

စီးချန်းယင်၏ အသည်းနှလုံးသည် အောက်သို့ နိမ့်ဆင်းသွားသည်ဟု ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူ စီးရှောင်ဖုန်းကို မနားမလည်နိုင်တော့ပေ။

သူသည် အံကိုတင်းတင်း ကြိတ်ထားလိုက်လေသည်။

♣ ♣ ♣

စုကျန်း၏ ခန္ဓာကိုယ်တစ်ခုလုံးသည် တုဆတ်ဆတ်တုန်ယင်နေသည်။

သူမ၏မျက်နှာသည် ပို၍ဖြူလျော်သွားလေသည်။

အုပ်ချုပ်ရေးမှူးနှစ်ယောက်သည်လည်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

စီးဂေဟာသခင်ကြီး၏ စကားကို ကြားရသူအပေါင်းတို့သည်လည်း မယုံကြည်နိုင်လောက်အောင် ဖြစ်လေတော့သည်။

စီးရှောင်ဖုန်း၏ အပြုအမူများသည် ညီဖြစ်သူ စီးချန်းယင်အား အရှက်ရစေမည်ဖြစ်သည်။

စီးချန်းယင်မျက်နှာသည် ဒေါသကြောင့် နီရဲနေလေသည်။

ထိုအချိန်တွင် ထန်းဆေးကျန်းသည် စတင်လှုပ်ရှားသက်ဝင်လာလေသည်။

"အဟမ်း"

ထန်းဆေးကျန်းသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

ထို့နောက် သူသည် သခင်ကြီးစီးရှောင်ဖုန်းအား ရိုသေစွာ



ဖြင့် ခါးကိုင်းညွတ်လိုက်ပြီး...

"သခင်ကြီး...ခင်ဗျာ"

ထန်းဆေးကျန်းအသံ ကြားလိုက်သည်နှင့် စီးရှောင်ဖုန်းသည် ထိုင်ရာမှဝုန်းခနဲ ထရပ်လိုက်သည်။

"မင်း ဝင်ပြောဖို့ မလိုဘူး"

သူသည် ပြောပြီးသည်နှင့် ခါးမှဓားကို ဆွဲထုတ်လိုက်သည်။

မီးရောင်အောက်တွင် ဓားအရောင်သည် ဝင်းလက်တောက်ပနေသည်။

ဓားသည် လူသတ်လက်နက်တစ်ခု ဖြစ်သည်။

အထူးသဖြင့် သခင်ကြီးစီးရှောင်ဖုန်းသည် ဩဇာအာဏာရှိခြင်း၊ လွှမ်းမိုးခြင်း၊ အုပ်ချုပ်ကိုင်နိုင်ခြင်း၊ သတ်ဖြတ်နိုင်ခြင်းစသည့် အငွေ့အသက်များ လူတိုင်းအပေါ် လွှမ်းမိုးနိုင်စေခဲ့သည်။

စီးရှောင်ဖုန်းက ဓားကို ဆွဲထုတ်လိုက်သည်နှင့် ထန်းဆေးကျန်းသည် ပါးစပ်ပိတ်ထားလိုက်ရလေသည်။

အခြားသူများအဖို့ကား ဆိုဖွယ်ရာမရှိတော့။

အားလုံး ငြိမ်သက်နေကြသည်။

စီးရှောင်ဖုန်း၏ ဟန်ကိုရာသည် ယခင်နှင့်မတူဘဲ ဆန့်ကျင်စွာ ပြောင်းလဲနေပေသည်။

အရက်မူးသည့်အခါဖြစ်စေ စီးရှောင်ဖုန်း အမူအရာများ ပြောင်းလဲခြင်းမရှိပေ။

ဒေါသကြောင့် မေးကြောများ ထောင်၍ထနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏နဖူးပြင်တွင် ချွေးသီးချွေးပေါက်များ ထွက်နေလေသည်။

သူ၏ဟန်မူရာသည် ရက်စက်သော ကျားတစ်ကောင်ထက်ပင် ကြောက်စရာကောင်းနေလေသည်။

သူ၏အသံ ထွက်လာပြန်လေသည်။

"ဒါ ဘာလဲ"

သူသည် ဓားကိုထောင်၍ စီးချန်းယင်အား ပြလိုက်သည်။

မီးရောင်အောက်၌ ဓားရောင်သည် ဝင်းလက်သွားလေသည်။

စီးချန်းယင်က အေးတိအေးစက်ဖြင့် ပြန်လည်ဖြေကြားလိုက်သည်။

"ဓားပါ၊ ဘိုးဘွားစဉ်ဆက်က ကိုင်ဆောင်လာတဲ့ဓားပါ"

"ဟုတ်ပြီ ဒီဓားက ဘယ်လိုကိုယ်စားပြုလဲ"

ထိုအမေးစကားကြောင့် စီးချန်းယင်သည် ငိုင်၍ကျသွားလေသည်။

စီးရှောင်ဖုန်းက အေးစက်စွာ တစ်ချက်ရယ်မောလိုက်သည်။

"ချန်းယင် တို့တတွေ ချမှတ်ထားတဲ့ စည်းကမ်းတွေ ထုံးစံတွေကို မင်းမသိတော့ဘူးလား၊ မင်းကို သေဒဏ်အထိ အပြစ်ပေးနိုင်တယ်ဆိုတာကို မင်းသိသလား"

စီးချန်းယင်က ခေါင်းညိတ်လိုက်သည်။



"သိပါတယ်၊ ဒီဓားက အမိန့်အာဏာ တည်နေပါတယ်၊ ဘိုးဘွားအစဉ်အဆက်က ဝိညာဉ်တွေ ဒီဓားပေါ်မှာ တည်နေတဲ့အတွက် ဖြစ်ပါတယ်၊ ဒီဓားကိုင်ဆောင်သူတွေရဲ့ အမိန့်ဟာလည်း ဒီဓားပေါ်မှာ တည်ရှိနေပါတယ်"

စီးရှောင်ဖုန်းသည် ဦးခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ကောင်းပြီ အမိန့်အာဏာအဖြစ် အထိမ်းအမှတ်ပြုထားတဲ့ ဒီဓားနဲ့ မင်းကို ငါအမိန့်ပေးလိုက်တယ် စုကျန်းကို ငါ့ရှေ့ခေါ်ခဲ့"

သူသည် ထိုသို့ပြောပြီး အားရပါးရ ရယ်မောလိုက်လေသည်။ စီးရှောင်ဖုန်း တစ်ကိုယ်လုံးသည် ယိမ်းထိုး၍ တဆတ်ဆတ်ခါမျှ လှုပ်ရှားနေ၏။

ထို့ကြောင့် သူ့လက်ထဲမှဓားသည် အရောင်တဖိတ်ဖိတ်ထွက်ပေါ်နေလေသည်။

စုကျန်းထံမှ ငိုရှိုက်သံ ထွက်ပေါ်လာလေသည်။

စုကျန်းအနေဖြင့် မည်သူ့ကို အားကိုးအားထား ပြုရမည်နည်း။

စီးချန်းယင်သည် သူမအား အကာအကွယ်ပေးနိုင်လိမ့်မည်လော။

စီးချန်းယင်သည် အမိန့်အာဏာကို ဖီဆန်အံတုဖက်ပြိုင်ဝံ့ပါမည်လော။

ထန်းဆေးကျန်းက ရှေ့အနည်းငယ် တိုးလိုက်သည်။

သူ့အနေဖြင့် ထပ်မံကြိုးစားကြည့်ရဦးမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်ကြီးစီးရှောင်ဖုန်းသည် ရယ်မောခြင်းကို ရပ်တန့်လိုက်လေသည်။

သူ၏မျက်လုံးအိမ်အတွင်း၌ လှည့်ပတ်လှုပ်ရှားနေသော မျက်လုံးအစုံသည် ထူးခြားစွာ တောက်ပြောင်နေပေသည်။

"ကျုပ်ကို ဘယ်သူမှ ဟန့်တားစရာမလိုဘူး၊ ကျုပ်အမိန့်ကို လွန်ဆန်တဲ့လူဟာ စီးဂေဟာရဲ့ရန်သူပဲ၊ အဲဒီရန်သူကိုလည်း ကျုပ်ကိုယ်တိုင် တိုက်ခိုက်သုတ်သင်ပစ်ရလိမ့်မယ်"

ထန်းဆေးကျန်းသည် ထပ်မံလှုပ်ရှားမှု မပြုဝံ့တော့ပေ။

သခင်ကြီးစီးရှောင်ဖုန်းသည် စီးချန်းယင်အား စူးစိုက်ကြည့်လိုက်၏။

ထို့နောက် သူသည် ကျယ်လောင်စွာ ဟိန်းဟောက်မေးမြန်းလိုက်သည်။

"မင်း ငါ့အမိန့်ကို ဖီဆန်နေတာလား"

စီးချန်းယင်သည် သူ့ဘေးတွင် ရပ်လျက် ငိုကြွေးနေသော စုကျန်းအား တစ်ချက်ကြည့်လိုက်သည်။

စုကျန်းသည် စီးချန်းယင်ရင်ခွင်ထဲသို့ ပြေးဝင်လိုက်သည်။

စီးချန်းယင်ကလည်း ပြန်လည်၍တင်းကြပ်စွာ သိုင်းဖက်ထားလိုက်လေသည်။

ပြီးမှ ပြတ်သားသောအသံဖြင့်...

"အစ်ကိုကြီး...အစ်ကိုကြီး ရူးနေပြီလား"

သခင်ကြီးစီးရှောင်ဖုန်း၏ မျက်လုံးအစုံသည် ပြူးကျယ်



သွားလေသည်။

"ချန်းယင် မင်းအမိန့်ကို ဖီဆန်နေတာလား၊ ဘာလဲ ဒီမားကို ယှဉ်ပြိုင်ဖို့ စိတ်ကူးနေတာလား"

စီးချန်းယင်က...

"ဒီလို မဟုတ်ပါဘူး"

စီးချန်းယင်မျက်နှာပေါ်မှ အသားများ တဆတ်ဆတ်တုန်လှုပ်နေ၏။

သူသည် စုကျန်းကို ပို၍တင်းကြပ်စွာ ပွေ့ဖက်ထားလေသည်။

စုကျန်းမှာ ရှိုက်၍ငိုနေဆဲဖြစ်သည်။

စီးရှောင်ဖုန်းက အေးစက်စွာ ရယ်မောလိုက်ပြီး...

"မင်း ငါပြောသလိုမလုပ်ရင်တော့ ရွေးစရာတစ်ခုပဲရှိတယ်၊ မင်းနဲ့သူနဲ့ မြစ်ထဲခုန်ချလိုက်ပေတော့"

စီးရှောင်ဖုန်းစကားကို ကြားရသူတိုင်းသည် မယုံကြည်နိုင်လောက်အောင် အံ့ဩနေကြသည်။

စီးချန်းယင်သည် ပို၍ထိတ်လန့်တုန်လှုပ်သွားမိလေသည်။

ထိုစကားသည် သူ့အား သေမိန့်ပေးလိုက်ခြင်း ဖြစ်သည်။

စီးဂေဟာမျိုးနွယ်ဝင်များသည် ထူးဆန်းသည်မှာ မှတ်ချက်တစ်ခုရှိသည်။

ဝိတ်ပင်တားမြစ်ချက်ဟုလည်း ခေါ်နိုင်သည်။

ထိုတားမြစ်ချက်မျိုးကို ဘိုးဘွားစဉ်ဆက်က ယနေ့ထိအောင်

www.burmeseclassic.com

www.burmeseclassic.com



တည်ရှိနေပေသည်။

ထိုအချက်သည် စီးအမျိုးအနွယ်ဝင်များသည် မြစ်ချောင်းအင်းအိုင်အတွင်းသို့ ရေကူးခွင့်မပြု။

ရေကူးမသင်ရသော စည်းကမ်းချက်ဖြစ်သည်။

အကယ်၍ ထိုစည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်သူသည် အမျိုးအနွယ်ဝင်အဖြစ်မှ ထုတ်ပယ်ခြင်းခံရမည်ဖြစ်သည်။

ယခု စီးရှောင်ဖုန်း ပြောလိုက်သောစကားအရ ရေမကူးတတ်သော စီးချန်းယင်အား ကျန်းမြစ်ထဲ၌ သေစေလိုသောဆန္ဒရှိနေခြင်းဖြစ်သည်။

စုကျန်းအတွက်ဆိုလျှင်တော့ ဆိုဖွယ်ရာမရှိတော့ချေ။

ရေစီးသန်သော ကျန်းမြစ်အတွင်းသို့ သူတို့နှစ်ဦး ခုန်ဆင်းမည်ဆိုလျှင် အသက်ရှင်ဖွယ် လမ်းစမမြင်ပေ။

သခင်ကြီးစီးရှောင်ဖုန်းက ထပ်မံ၍ပြောလိုက်ပြန်သည်။

"ကောင်းကင်မှာရှိနေတဲ့ လမင်းကြီးက အတော့်ကို မြင့်မားလွန်းနေတယ်၊ ဒီတော့ မင်းတို့ကို မြစ်ထဲမှာရှိနေတဲ့ လပဝိုင်းစက်နေတဲ့ လမင်းကြီးအရိပ်ကို သယ်ခိုင်းတာပဲ"

"ချန်းယင် မင်းရဲ့ချစ်သူရဲ့ အလှအပကို မကြည့်ရရင်တော့ မင်းတို့နှစ်ယောက် ဆယ်ယူလာတဲ့ လမင်းကြီးကို ငါကြည့်ချင်တယ်၊ မင်းတို့ရအောင် ဆယ်ယူပေးကြ၊ ဆယ်လို့မရမချင်း လှေပေါ်ကို ပြန်မတက်လာကြနဲ့"

သူသည် စီးရှောင်ဖုန်းအား စူးရှစွာ တစ်ချက်စိုက်ကြည့်လိုက်ပြီး…



"အစ်ကိုကြီး..ခင်ဗျားက တကယ့်ကို ရူးသွားပြီ"

သူ၏စကားကြောင့် စီးရှောင်ဖုန်းသည် လွှားခနဲ ခုန်ဆင်းလာပြီး သူ့လက်ထဲမှဓားဖြင့် စီးချန်းယင်အား တိုက်ခိုက်လိုက်လေသည်။

"အား"

"အမယ်လေး"

ထိတ်လန့်အော်ဟစ်သံများ ပေါ်ထွက်လာသည်။

အကမယ်ကလေးများ၏ စူးစူးဝါးဝါး ပေါ်ထွက်လာသော အသံက ပို၍ကျယ်လောင်လှသည်။

တူရိယာပစ္စည်းများလည်း အလဲလဲအပြိုပြို ဖြစ်သွားလေသည်။

လှေကြီး၏ပေါင်းမိုးအတွင်း ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြတော့သည်။

စီးချန်းယင်သည် စုကျန်းအား သူ၏နောက်ဘက်သို့ ဆွဲလိုက်ပြီး စီးရှောင်ဖုန်း တိုက်ခိုက်မှုကို ကပျာကယာ ရှောင်တိမ်းလိုက်လေသည်။

သူသည် စီးရှောင်ဖုန်းက အမှန်တကယ် အန္တရာယ်ပြုလာသည်ကို နားလည်မိလေတော့သည်။

ထို့ကြောင့် စီးချန်းယင်သည် ရှောင်တိမ်းနေရာမှ…

"အစ်ကိုကြီး…ကျွန်တော့်ကို ဒီလိုမလုပ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စီးရှောင်ဖုန်းသည် သူ၏စကားကို အလေးမမူ ဂရုမပြုပေ။

စီးရှောင်ဖုန်း ဓားချက်များသည် သူ့ထံသို့ ဆက်ကာဆက်ကာ ကျရောက်လာလေသည်။

တစ်ယောက်ကတိုက်ခိုက် တစ်ယောက်ကရှောင်တိမ်းရင်းဖြင့် လှေပေါင်းမိုးအပြင်ဘက်သို့ ရောက်ရှိလာလေသည်။

စီးချန်းယင်သည် စုကျွန်းအား လက်မှမလွှတ်ဘဲ ဆွဲ၍ခေါ်လာလေသည်။

စီးရှောင်ဖုန်းကလည်း မကျန်ခဲ့ပါချေ။

သူသည် လှေ၏အပြင်ဘက်အထိ ရောက်အောင် ထွက်၍ တိုက်ခိုက်လေသည်။

"အား"

"ဝိုး"

စီးရှောင်ဖုန်း၏ ဓားချက်တစ်ချက်သည် စီးချန်းယင် ဦးခေါင်းပေါ်မှ ပွတ်ကာသီကာ ဖြတ်ကျော်သွားသောကြောင့် စုကျွန်းက ထိတ်လန့်တကြား အော်ဟစ်လိုက်လေသည်။

စီးရှောင်ဖုန်း၏ဓားချက်သည် ထပ်ကာ ကျရောက်လာပြန်သည်။

စီးချန်းယင်သည် စီးရှောင်ဖုန်း၏ဓားကိုင်ထားသောလက်ကို ရုတ်တရက် ဖမ်းဆွဲလိုက်လေသည်။

ထိုအခါ စီးရှောင်ဖုန်းသည် ဒေါသတကြီးဖြင့်...



"ချန်းယင် မင်းက ငါ့ရဲ့ဓားကို လုယူဖို့ကြံတာလား"

စီးရှောင်ဖုန်း၏စကားကြောင့် စီးချန်းယင်သည် ထိတ်လန့်တကြား ဖြစ်သွားလေသည်။

သူသည် ကပျာကယာ ဖမ်းဆုပ်ထားသော စီးရှောင်ဖုန်း၏ ဓားအား လွှတ်လိုက်မိလေသည်။

စီးရှောင်ဖုန်းက ထိုအခွင့်အရေးကို အရယူလိုက်လေသည်။

သူသည် ကြောင်အမ်းအမ်းဖြစ်နေသော စီးချန်းယင်ထံသို့ လျှပ်တပြက် တိုးဝင်သွားပြီး လက်ညှိုးဖြင့် ထောက်လိုက်လေသည်။

"ဖုန်း"

စီးချန်းယင်သည် လှေကြမ်းပြင်ပေါ်သို့ လဲကျသွားလေ၏။

သူသည် စီးရှောင်ဖုန်းအား ခံပြင်းစွာ စိုက်ကြည့်လိုက်သည်။

"မင်း...မင်း"

"ဟား...ဟား...ဟား"

စီးရှောင်ဖုန်းသည် လဲကျနေသော ချန်းယင်အား ကြည့်ကာ အားရပါးရ ရယ်မောလိုက်လေသည်။

သူသည် စိတ်မနှံ့သော အရူးတစ်ယောက်ပမာ ရယ်မောနေခြင်းဖြစ်သည်။

စုကျွန်းသည် လဲကျနေသော စီးချန်းယင်ထံသို့ စိုးရိမ်တကြီး ပြေးလွှားသွားပြီး ဒူးထောက်ချလိုက်၏။

သူသည် စီးချန်းယင်အား လှုပ်၍ခေါ်လိုက်သည်။ သူသည် မည်သို့ပြုလုပ်ရမှန်းမသိ ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူသည် နှုတ်မှ တဖွဖွခေါ်ရင်း ငိုရှိုက်နေလေသည်။

စီးရှောင်ဖုန်းသည် အကြင်နာမဲ့လှသူဖြစ်သည်။

ညှာတာစိတ် ခေါင်းပါးလွန်းလေသည်။

ရက်စက်သောစိတ်များ သူ့ရင်တွင်းဝယ် နိုဝင်ကိန်းအောင်းနေ၏။

သူသည် ရယ်မောရာမှ ရပ်တန့်လိုက်ပြီး လှေကြီးကုန်းပတ်ပေါ်ရှိ အစောင့်များအား လှမ်း၍ခေါ်လိုက်လေသည်။

"လာကြစမ်းဟေ့"

အစောင့်များသည် ကမန်းကတန်း သူ့ရှေ့သို့ ရောက်ရှိလာသည်။

"အမိန့်ရှိပါ သခင်ကြီး"

စီးရှောင်ဖုန်းသည် အစောင့်များအား တစ်ချက်ဝေ့ကြည့်လိုက်ပြီး လဲကျနေသော စီးချန်းယင်အား ညွှန်ပြလိုက်သည်။

"သူ့ကို မြစ်ထဲပစ်ချလိုက်"

အစောင့်များသည် ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

စီးရှောင်ဖုန်းသည် ငိုယိုနေသော စုကျန်းအား မျက်လုံးမှေး၍ကြည့်လိုက်ပြီး...

"အင်း...မင်းလည်း သူ့နောက်ကိုလိုက်သွား ဟုတ်လား"

အစောင့်များသည် သခင်ကြီးစီးရှောင်ဖုန်း အမိန့်အတိုင်း



ဆောင်ရွက်ရန် စီးချန်းယင်အနားသို့ ချဉ်းကပ်ဝင်လာကြလေသည်။

ထိုစဉ်မှာပင်...

လူတစ်ယောက်သည် ရှေ့သို့ထွက်လာလေသည်။

ထိုလူသည် အဘိုးအိုတစ်ယောက်ပင် ဖြစ်သည်။

ထိုအဘိုးအိုသည် စီးဂေဟာ၏ကျွန်တစ်ယောက်သာ ဖြစ်လေသည်။

ထိုအဘိုးအို၏အမည်မှာ လောင်လုံဟု ခေါ်ဝေါ်ကြသည်။

လောင်လုံအဘိုးအိုသည် များသောအားဖြင့် သခင်လေးစီးချန်းယင်အပါး၌ အနေများလေသည်။

သူသည် စီးချန်းယင်အပေါ်၌လည်း လွန်စွာမှ လေးစားချစ်ခင်လေသည်။

စီးချန်းယင်၏ အပါးတော်မြဲလည်း ဖြစ်ပေသည်။

လောင်လုံသည် စီးရှောင်ဖုန်းရှေ့တွင် ဒူးထောက်၍ထိုင်ချလိုက်ပြီး တုန်ယင်သောအသံဖြင့် တောင်းပန်လိုက်လေသည်။

"သခင်ကြီးခင်ဗျား၊ ကျုပ်ရဲ့အသက်နဲ့ရင်းပြီး တောင်းပန်ပါတယ်၊ သခင်ကြီးရဲ့ ညီအရင်းတစ်ယောက်ကို ဒီလောက်အပြစ်ဒဏ်ချဖို့ မသင့်တော်ပါဘူး၊ နောက်ပြီး သခင်လေးမှာ အမှား အယွင်းရှိခဲ့ရင်လည်း တစ်ကြိမ်တစ်ခါအနေနဲ့ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

လောင်လုံသည် ထိုသို့ပြောဆိုတောင်းပန်ရင်းမှနဖူးကို ကြမ်းနှင့်ထိလုခမန်း ဝပ်တွားနေလေသည်။

စီးရှောင်ဖုန်းက အေးတိအေးစက် ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရယ်မောနေရာမှ ရပ်တန့်လိုက်ပြီး လောင်လုံအား ကြည့်လိုက်သည်။

"လောင်လုံ"

လောင်လုံသည် ဝပ်တွားနေရာမှ ကိုယ်ကိုမတ်လိုက်သည်။

သခင်ကြီးစီးရှောင်ဖုန်းကိုလည်း မော့၍ကြည့်လိုက်သည်။

လောင်လုံ၏မျက်နှာပြင်မှ အသားများသည် တဆတ်ဆတ် တုန်ယင်နေပြီး ဖြူဖွေးသော အမွေးအမျှင်များက တုန်ယင်မှုနှင့်အတူ လှုပ်ယမ်းနေ၏။

စီးရှောင်ဖုန်းသည် စကားကို ဖြည်းလေးစွာဖြင့်...

"ခင်ဗျားက ချန်းယင်အတွက် ဝင်ပြီးတောင်းပန်နေတာလား"

လောင်လုံသည် ခေါင်းညိတ်ပြလိုက်ပြီး တုန်ယင်သောအသံဖြင့်...

"ဟုတ်..ဟုတ်ပါတယ် သခင်ကြီး"

စီးရှောင်ဖုန်းက...

"ခင်ဗျားက ချန်းယင်အပေါ်မှာ အတော်ကလေး သံယောဇဉ်ရှိတယ်ပေါ့"

လောင်လုံက...

"သခင်လေးအပေါ်မှာတင် မဟုတ်ပါဘူး၊ သခင်ကြီးအပေါ်မှာလည်း သံယောဇဉ်ရှိပါတယ်"

စီးရှောင်ဖုန်း မဲ့ပြုံးပြုံးလိုက်သည်။



"သြော်..ကျုပ်ကိုလည်း သံယောဇဉ်ရှိတယ်ပေါ့"

လောင်လုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သခင်ကြီးနဲ့သခင်လေးကို ကျုပ်ငယ်ငယ်ကလေးကတည်းက ထိန်းကျောင်းလာခဲ့ရတာပါ"

စီးရှောင်ဖုန်းက...

"ဒီတော့ ဘာဖြစ်သလဲ"

"အခုလို ညီအစ်ကိုအချင်းချင်းတွေ ပြဿနာဖြစ်နေတာကို ကျွန်တော့်အနေနဲ့ လုံးဝမကြည့်ရက်နိုင်ပါဘူးခင်ဗျာ"

စီးရှောင်ဖုန်းသည် လောင်လုံ၏စကားကြောင့် အားရပါးရ တစ်ချက်ရယ်မောလိုက်လေသည်။

ဘေးမှရပ်ကြည့်နေသော လူများသည် စီးရှောင်ဖုန်းလက်ထဲမှဓားကိုသာလျှင် ထိတ်လန့်စွာ ကြည့်နေမိကြသည်။

ရုတ်တရက်....

စီးရှောင်ဖုန်း၏ လက်ထဲမှဓားသည် အပေါ်သို့မြောက်တက်သွားလေသည်။ ဓားရှောင် ဝင်းလက်တောင်ပသွားလေသည်။

"အား"

လောင်လုံသည် လှေကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားလေသည်။

"အို"

"အမယ်လေး"

ထိုမြင်ကွင်းကြောင့် ဘေးမှရပ်ကြည့်နေသူအားလုံးတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်စွာ အော်ဟစ်လိုက်သံများ ထွက်ပေါ်လာလေသည်။

ယခုတစ်ကြိမ်တွင် မည်သူမျှ အသံကျယ်လောင်စွာ ထွက်ပေါ်လာသည်အထိ အော်ဟစ်ခြင်းမပြုဝံ့ကြတော့ပေ။

လှေအတွင်းရှိလူများသည် မိမိတို့နေရာများမှ တုတ်တုတ်မျှ မလှုပ်ဝံ့ဘဲ ငြိမ်သက်စွာရှိနေကြသည်။

စီးရှောင်ဖုန်းသည် ဓားကို ဓားအိမ်အတွင်းသို့ ပြန်လည်ထိုးသွင်းလိုက်သည်။

ထို့နောက် သွေးအိုင်ထဲတွင် လဲကျသေဆုံးနေသောလောင်လုံအား တစ်ချက်မျှ ကြည့်လိုက်၏။

လောင်လုံသည် စီးချန်းယင်အတွက် သေဆုံးသွားပြီဖြစ်လေသည်။

စီးရှောင်ဖုန်းသည် အစောင့်များအား အမိန့်ပေးလိုက်လေသည်။

"သူတို့ကို ရေထဲပစ်ချလိုက်"

သူ၏အသံသည် ပြတ်သားစွာ ပေါ်ထွက်လာသည်။

အစောင့်တို့၏ ခန္ဓာကိုယ်သည်လည်း တောင့်တင်းကုန်ကြလေသည်။ သူတို့သည် မဆိုင်းမတွဘဲ စီးချန်းယင်နှင့်စုကျုန်းတို့ထံ ချဉ်းကပ်သွားလေသည်။

♣ ♣ ♣

## စုကျုန်း

စုကျုန်းသည် လွန်စွာလှပသော မိန်းကလေးသာဖြစ်သည်။

အပြစ်မရှိသော စုကျုန်းအား စီးဂေဟာသခင်ကြီးဖြစ်သူ စီးရှောင်ဖုန်းက သူ၏ညီနှင့်အတူ ကျုန်းမြစ်ထဲသို့ ပစ်ချ၍သတ်ပစ်တော့မည်ဖြစ်သည်။

စုကျုန်းသည် အော်ဟစ်ရုန်းကန်နေသည်။

သို့သော် သူ၏ရုန်းကန်မှုသည် အချည်းနှီးသာဖြစ်သည်။

သန်မာထွားကြိုင်းသော အစောင့်များ နှစ်ယောက်ထံတွင် လုံးဝမလှုပ်ရှားနိုင်တော့။

ထို့ပြင် စီးချန်းယင်သည်လည်း မည်သို့မျှ လှုပ်ရှားခြင်းမပြုနိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



စီးချန်းယင်သည် တောင့်တင်းကြံ့ခိုင်သူ တစ်ယောက်ဖြစ်လေသည်။

သူ၏မျက်နှာသွင်ပြင်သည် လှန်စွာမှ တည်ကြည်ခန့်ညားသူဖြစ်သည်။ ယခု သူ့အား အစောင့်များက ချုပ်ကိုင်လိုက်ကြသည်။

စုကျန်းသည် အစောင့်နှစ်ဦး၏ လက်ထဲမှ ရုန်းကန်အော်ဟစ်နေသည်။ ထိုစဉ်မှာပင်…

သခင်ကြီးစီးရှောင်ဖုန်း၏ အော်ဟစ်အမိန့်ပေးသံ ပေါ်ထွက်လာပြန်လေသည်။

"ရေထဲ ပစ်ချလိုက်တော့"

အစောင့်များသည် တုံ့ဆိုင်းမနေဝံ့ပါချေ။ သူတို့သည် စုကျန်းနှင့် စီးချန်းယင်အား ကျန်းမြစ်ထဲသို့ ပစ်ချလိုက်လေတော့သည်။

"ဝုန်း"

"ဟား…ဟား…ဟား"

စီးရှောင်ဖုန်း၏ အားရသောရယ်မောသံသည် ပေါ်ထွက်လာသည်။ သူသည် အားရအောင် ရယ်မောလိုက်ပြီးမှ…

"တစ်ယောက်မှ ဆင်းမကယ်ရဘူး၊ ကယ်ခဲ့ရင်တော့ ငါ့ရဲ့ဓားက ဆုံးမရမှာပဲ"

မည်သူမျှ အသံမပြုဝံ့ပါ။

လှေကြီးအတွင်းရှိ ဆူညံစွာ ထွက် ပေါ်ခဲ့သောအသံများသည် ပကတိ တိတ်ဆိတ်သွားလေတော့သည်။

♣ ♣ ♣



မြစ်တွင်းသို့ မည်သူမျှ ဆင်းမကယ်ဝံ့ပေ။

မြစ်အတွင်းသို့ ငုံ့ကြည့်ခြင်း မပြုဝံ့ကြချေ။

လှေကြီးသည် ဆက်လက်ရွေ့လျားနေသည်။

မြစ်တွင်းသို့ ကျသွားသော သူနှစ်ဦးမှာလည်း မည်သို့ရှိမည်မသိ။

သူတို့နှစ်ဦးသည် မြစ်ရေထဲ၌ မျောပါသွားပြီလော။

သို့မဟုတ် မြစ်တွင်း၌ နစ်မြုပ်သွားကြပြီလော။ မည်သူမျှမသိပါ။

သိအောင်လည်း မည်သူမျှ မကြိုးစားဝံ့ပါ။

စီးရှောင်ဖုန်းသည် မြစ်ကမ်းတစ်ဘက်သို့ လှမ်းမျှော်ကြည့်ရှုလိုက်ပြီး သူ့လူများကို လက်တစ်ချက်ဝှေ့ယမ်း၍…

"ကဲ…လှေထဲကို အားလုံးဝင်ကြစမ်း၊ အစောင့်တွေလည်း တစ်ယောက်မှ အပြင်မှာမနေကြနဲ့"

သူသည် ပြောပြီးသည်နှင့် လှေအတွင်းသို့ ဦးဆောင်ဝင်ရောက်သွားသည်။

ကျန်လူအားလုံးသည်လည်း သူ့နောက်မှ လိုက်၍ဝင်သွားလေသည်။

လှေကြီးအတွင်းမှာမူ တိတ်ဆိတ်ခြင်းက မင်းမူနေလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



သာယာသောဂီတသံသည် ပြန်လည်ပေါ်ထွက်လာပြီဖြစ်၏။

အကမယ်မိန်းကလေးနှစ်ယောက်သည် တေးသီချင်းအတိုင်း လိုက်၍ခုန်ပေါက်နေလေသည်။

သခင်ကြီးစီးရှောင်ဖုန်းသည် မူလနေရာတွင် ပြန်လည်ထိုင်ပြီး အရက်ကို ဆက်သောက်နေပြန်သည်။

ထို့နောက် သူသည် အကမယ်မိန်းကလေးများ၏ ကခြေကကွက်များကို တစိမ့်စိမ့်ကြည့်ရှုနေလေသည်။

စီးရှောင်ဖုန်း၏မျက်နှာသည် ပြန်လည်တည်ငြိမ်သွားပြီဖြစ်သည်။

ကောင်းကင်၌ လဝန်းသည် ထိန်ထိန်သာလျှက်ရှိ၏။

ကျန်းမြစ်ကိုဖြတ်လျှက် လေကြမ်းက ဝှေ့၍တိုက်ခတ်လာလေသည်

မြစ်ရေပြင်၌ လှိုင်းတံပိုးများ ထကြွနေ၏။

လှေကြီးပေါ်တွင်မူ မီးရောင်များ ထိန်ထိန်လင်းနေ၏။

တူရိယာသံများသည် ယခင်အတိုင်း ပျံ့လွင့်ထွက်ပေါ်နေလေသည်။

လှေကြီးသည် မြစ်ရေစီးအတိုင်း တရွေ့ရွေ့ဖြင့် ရွေ့လျား၍သွားနေပေတော့သည်။

♣ ♣ ♣



လှေငယ်ကလေးတစ်စီး...

ထိုလှေငယ်ကလေးပေါ်တွင် လူနှစ်ယောက်ထိုင်၍ လှော်ခတ်နေသည်။

လှေငယ်၏ဝမ်းဗိုက်ထဲတွင် ယောကျ်ားပျိုတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက် လဲလျောင်းပါလာ၏။

ထိုလူနှစ်ဦးသည် မီးရောင်စုံများ ထွန်းညှိပြီး တေးဂီတသံများ လွင့်ပျံ့ထွက်ပေါ်နေသော လှေကြီးကို စိတ်ဝင်စား၍လိုက်ကြည့်ခဲ့ခြင်းဖြစ်သည်။

သူတို့သည် ထိုသို့နေစဉ်အတွင်း လှေကြီးပေါ်မှ အရာဝတ္ထုနှစ်ခု ပစ်ချလိုက်သည်ကိုတွေ့၍ သွားရောက်ကြည့်ရှုလိုက်သည်။

ထိုအရာဝတ္ထုသည် လူနှစ်ယောက်ဖြစ်နေ၍ ကမန်းကတန်းဆယ်ယူလိုက်ကြရသည်။

သူတို့သည် သတိပြန်လည်ရရှိလာအောင် ကုသပေးလိုက်၏။

ထိုအချိန်၌ မီးရောင်စုံများဖြင့် ထိန်လင်းလျှက်ရှိသော လှေကြီးသည် သူတို့လှေကလေးနှင့် အတော်ကလေး အလှမ်းကွာဝေးသွားပြီဖြစ်သည်။

သူတို့သည် ထိုလူနှစ်ယောက်အား ကယ်တင်၍ မြစ်ကမ်းပါးသို့ ပြန်လည် လှော်ခတ်လာခဲ့ကြသည်။

သူတို့သည် မြစ်ကမ်းပါးသို့ ရောက်ရှိသည်နှင့် ကယ်တင်လာသော လူနှစ်ဦးအား သူတို့နေထိုင်ရာအခန်းသို့ သယ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



လာကြလေသည်။

ထိုလူနှစ်ဦးသည် မည်ကဲ့သို့ လှေကြီးမှတစ်ဆင့် ရေထဲသို့ ကျလာရသနည်း။

လှေကြီး၏ အရှင်သခင်က ပစ်ချခြင်းခံလိုက်ရ၍လော။

သို့မဟုတ် သူတို့ကိုယ်တိုင်ကပင် အန္တရာယ်ရှိလှသော ရေထဲသို့ ခုန်ဆင်းလာကြသည်လော။

စဉ်းစားတွေးတော၍မရအောင် ဖြစ်နေလေသည်။

ထိုအကြောင်းအရာကို သိသော လူနှစ်ယောက်ရှိသည်။

ထိုလူတို့မှာ မြင်ကွင်းသို့ ကျလာသောလူနှစ်ယောက်ပင် ဖြစ်လေသည်။

♣ ♣ ♣



စီးဂေဟာ...။

စီးဂေဟာတံခါးမကြီးရှိရာသို့ လူနှစ်ယောက် ရောက်ရှိလာကြလေသည်။

ထိုလူနှစ်ယောက်စလုံးသည် လူရွယ်များ ဖြစ်ကြသည်။

ထိုလူရွယ်နှစ်ယောက်အနက် တစ်ယောက်က သူ၏ရင်ဘတ်အကျီစကို အတန်ငယ်မျှ ဟထားသည်။

သူတို့နှစ်ယောက်၏ အဝတ်အစားများသည် သပ်ယပ်မှုမရှိဘဲ ဖြစ်သလို ဝတ်ဆင်ထားလေသည်။

သို့သော် ထိုလူရွယ်နှစ်ဦးစလုံး၏ ခန္ဓာကိုယ်သည် ကျစ်လျစ်တောင့်တင်းသောသွင်ပြင်များ ရှိကြသည်။

အကျီရင်ဘတ်ကို ဟထားသော လူရွယ်၌ ဒဏ်ရာတစ်ခုကြောင့် ပတ်တီးဖြင့် စည်းနှောင်ထားသည်ကို တစ်စွန်းတစ်စ တွေ့မြင်ရလေသည်။

စီးဂေဟာတံခါးဝတွင် သန်မာထွားကြိုင်းသော အစောင့်ကိုးယောက်က စောင့်လျက်ရှိသည်။

ထိုလူကိုးဦးအနက် ရှစ်ဦးမှာ အညိုရောင်ဝတ်စုံကို ဆင်တူဝတ်ဆင်ထားသည်။

သူတို့၏ခါးများတွင် အဖြူရောင်ခါးပတ်ကို စည်းနှောင်ထားကြ၏။

ကျန်တစ်ဦးမှာမူ အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူသည် အဝါရောင်ခါးပတ်ကို ချည်နှောင်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကိုးယောက်သည် တံခါးဝကို စောင့်ကြပ်နေရသော ဂေဟာစောင့် အဖွဲ့သားများဖြစ်ကြလေသည်။

အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသောလူ၏ မျက်နှာပြင်တစ်ခုလုံးတွင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ ထူထပ်စွာ ပေါက်နေ၏။

သူတို့သည် တံခါးဝသို့ ရောက်ရှိလာသော လူစိမ်းနှစ်ဦးအား အကဲခတ်သလို စိုက်ကြည့်နေ၏။

ဝတ်စုံညို ဝတ်ဆင်ထားသော လူရှစ်ယောက်အနက် တစ်ယောက်က ထွက်လာပြီး လူစိမ်းနှစ်ဦးအား စစ်ဆေးမေးမြန်းလိုက်သည်။

"ခင်ဗျားတို့ ဘာကိစ္စနဲ့ ရောက်လာကြတာလဲ"

အစောင့်သည် တင်းမာသောအသံဖြင့် မေးလိုက်ခြင်းဖြစ်သည်။

တော်ရုံတန်ရုံ လူမျိုးဆိုလျှင် အစောင့်မေးသံနှင့်ပင် လာရင်းကိစ္စမေ့ပျောက်၍ ထိတ်လန့်တုန်လှုပ်သွားမည်သာဖြစ်သည်။

ယခု ထိုလူစိမ်းနှစ်ယောက်သည် တုန်လှုပ်ခြင်းမရှိ။

လူစိမ်းနှစ်ယောက်က လေသံအေးအေးဖြင့် နောက်ပြန်လှည့်၍ ဖြေကြားလိုက်သည်။

"စီးဂေဟာရဲ့သခင်ကြီးနဲ့ တွေ့ချင်လို့"

ဝတ်စုံပြာ ဝတ်ဆင်ထားသောလူက လူစိမ်းနှစ်ယောက်ကို လှမ်းကြည့်နေလေသည်။



ဝတ်စုံညိုလူကပင် ဆက်လက်၍ မေးခွန်းထုတ်လိုက်ပြန်သည်။

"ခင်ဗျားတို့နှစ်ယောက်က ကျုပ်တို့ သခင်ကြီးနဲ့ သိကျွမ်းလို့လား"

အကျီရင်ဘတ် ဟထားသောလူက...

"မသိကျွမ်းပါဘူး"

အစောင့်က မျက်မှောင်ကြုတ်လိုက်ပြီး...

"မသိကျွမ်းဘဲနဲ့ ခင်ဗျားတို့ ဘာလာလုပ်ကြတာလဲ"

"ကျွန်တော်တို့နှစ်ယောက် သိကျွမ်းချင်လို့ ရောက်လာတာပါ"

ထိုလူရွယ်၏စကားကြောင့် အစောင့်များ မျက်လုံးပြူးကျယ် ဝိုင်းစက်သွားလေသည်။

သူသည် နောက်ထပ်ဆက်မေးရန် မေးခွန်းကို ရုတ်တရက် စဉ်းစား၍မရဘဲ ဖြစ်သွားလေသည်။

သူသည် ဝတ်စုံပြာနှင့်လူအား လှမ်း၍အကဲခတ်ကြည့်လိုက်သည်။

ဤတွင် ဝတ်စုံပြာနှင့်လူက ချောင်းတစ်ချက်ဟန့်လိုက်ပြီး ရှေ့သို့ တစ်လှမ်းချင်း ရှေ့သို့တိုးထွက်လာလေသည်။

သူ၏ခြေလှမ်းပုံသည် ငြင်သာမှုရှိသော်လည်း လွန်စွာမှ လေးလံနေပေသည်။

သူသည် လူရွယ်နှစ်ယောက်အား ခြေဆုံးခေါင်းဆုံး အကဲ

www.burmeseclassic.com

www.burmeseclassic.com



ခတ်လိုက်သည်။

ပြီးမှ သူသည် စကားစလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက်ရဲ့ နာမည်"

လူရွယ်က ခေါင်းညိတ်လိုက်ပြီး…

"ကျုပ်က လူအေး၊ အဲ သူကတော့ သံမဏိလက်လို့ခေါ်ပါတယ်၊ သခင်ကြီးစီးရှောင်ဖုန်းနဲ့တွေ့ဆုံပြီး မိတ်ဆွေဖြစ်ချင်လို့ ရောက်လာကြတာပါ"

ဝတ်စုံပြာနှင့်လူသည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး

"ကျုပ် တစ်ခါမှ မကြားဖူးဘူး"

လူအေးက…

"ခင်ဗျား မကြားဖူးလည်း အရေးမကြီးပါဘူး၊ ကျုပ်တို့က သခင်ကြီးနဲ့ တွေ့ဖို့လာတာပါ"

လူရွယ်၏စကားကို ဝတ်စုံပြာနှင့်လူက လုံးဝစိတ်ဆိုးဟန် မပြပေ။

"ဒါကတော့ ခင်ဗျားတို့ရဲ့နာမည်ကို ကြားဖူးမှ ဖြစ်မယ်၊ ကျုပ်တို့ သခင်ကြီးနဲ့ရင်းနှီးတဲ့ ဧည့်သည်မျိုးဆိုရင် နာမည်ပြောပြလိုက်တာနဲ့ မှတ်မိတယ်၊ တွေ့ခွင့်ရတယ်၊ အဲ နာမည်မကြားဖူးရင်တော့ သခင်ကြီးက လေကုန်ခံပြီး ရင်းနှီးမှုမလုပ်ဘူး၊ ဧည့်ခံ စကား မပြောဘူး"

လူအေးက ပခုံးတစ်ချက် တွန့်လိုက်သည်။ ပြီးမှ…

"ဒါဆိုရင်လဲဗျာ အုပ်ချုပ်ရေးမှူး စီးအင်းမေနဲ့ တွေ့ပါရစေ"



ဝတ်စုံပြာနှင့်လူက မျက်မှောင်ကြုတ်၍ ခေါင်းခါယမ်းပြ လိုက်သည်။

"ဒီလိုလည်း မဖြစ်နိုင်ဘူး၊ ဂေဟာအုပ်ချုပ်ရေးမှူး စီးအင်း မေဟာ သူ့ကိစ္စနဲ့သူ အလုပ်ရှုပ်နေတယ်"

သံမဏိလက်က မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး…

"ကျုပ်တို့က ဂေဟာသခင်ကြီးနဲ့ ပတ်သက်တဲ့ ကိုယ်ရေး ကိုယ်တာတစ်ခု ပြောပြချင်လို့ပါ၊ ဒါကြောင့် စီးအင်းမေကိုပဲ ခေါ်ပေး ပါ"

သံမဏိလက်၏စကားကြောင့် ဝတ်စုံပြာနှင့်လူ၏ မျက်လုံး အစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

ထို့နောက်…

သူ့ရှေ့မှ လူအေးနှင့် သံမဏိလက်ကိုလည်း ထပ်မံ၍အတွဲ ခတ်လိုက်ပြန်သည်။

ထိုလူရွယ်နှစ်ယောက်သည် သူ့အား လိမ်ညာ၍ပြောဆိုနေ ခြင်းတော့ မဟုတ်နိုင်ဟု ယုံကြည်သွားဟန်တူလေသည်။

သူသည် ခေါင်းညိတ်ပြလိုက်ပြီး…

"ကောင်းပြီလေ၊ ကျုပ် စီးအင်းမေကို ပြောကြည့်လိုက်ဦး မယ်"

သံမဏိလက်က ကိုယ်ကိုရိုု၍…

"ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျာ"

ဝတ်စုံပြာနှင့်လူသည် ခြံဝင်းအတွင်းသို့ ဝင်ရောက်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

လူအေးနှင့် သံမဏိလက်သည် အေးဆေးစွာ ရပ်၍စောင့်ဆိုင်းနေကြလေသည်။

♣ ♣ ♣

ဝတ်စုံပြာနှင့်လူသည် ပြန်လည်ထွက်လာပြီ ဖြစ်သည်။

သူသည် အပြေးတစ်ပိုင်းနှင့် ထွက်လာခဲ့ခြင်းဖြစ်သည်။

သူ၏မျက်နှာသည် စောစောကလို တင်းမာမှု မတွေ့ရတော့ပေ။

သူသည် တံခါးကိုဖွင့်၍ ရိုသေစွာဦးညွှတ်လိုက်ပြီး..

"ကျုပ် စကားများသွားတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ခင်ဗျာ"

ထိုစဉ်မှာပင်...

ကြည်လွင်သော စကားသံတစ်ချက် ထွက်ပေါ်လာသည်။

"စီးကုံ့မင်းဟာ အတော်ကလေး ဗဟုသုတနည်းနေတယ်၊ ကြိုးစားပါ"

စကားသံဆုံးသွားသည်နှင့် အဘိုးအိုတစ်ယောက် ထွက်ပေါ်လာလေသည်။

အဘိုးအို၏ဦးခေါင်းမှာ ဆံပင်များ ဖြူဖွေးလျက်ရှိသည်။

သူ၏နှာခေါင်းသည် သိမ်းငှက်နှုတ်သီးကဲ့သို့ အတန်ငယ်



ကောက်နေသည်။

အဘိုးအိုသည် လူအေးနှင့် သံမဏိလက်အား **တစ်ချက်**ကြည့်လိုက်ပြီး..

"ကျုပ်က စီးဂေဟာ အုပ်ချုပ်ရေးမှူးစီးလျှန်ဂူးဖြစ်ပါတယ်"

လူအေးက အရိုအသေပေးလိုက်သည်။

အစောင့်များသည် အုပ်ချုပ်ရေးမှူးကိုယ်တိုင်က တလေးတစား ဆက်ဆံနေသောကြောင့် သူတို့၏မျက်နှာများသည် ချက်ချင်းပင် လေးလေးစားစား ဖြစ်လာကြလေသည်။

စီးလျှန်ဂူးသည် လက်နှစ်ဘက်ဆုပ်၍...

"ထောက်လှမ်းရေးမှူးလူအေးနဲ့ သံမဏိလက်ကို ကြိုဆိုပါတယ်"

စီးလျှန်ဂူး၏စကားကြောင့် အစောင့်ရှစ်ဦးသည် နာမည်ကြီးလှသော စုံစမ်းရေးမှူးနှစ်ဦးဖြစ်သည်ကို သိလိုက်ကြရ၏။

လူအေးနှင့်သံမဏိလက်အား ယခုမှပင် မြင်ဖူးကြခြင်း ဖြစ်ပေသည်။

ထို့ကြောင့် သူတို့သည် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားကြရလေသည်။

အကြောင်းမှာ စုံစမ်းရေးမှူးကြီး နှစ်ဦးစလုံးမှာ အသက်အရွယ် ငယ်ရွယ်ပြီး ထည်ထည်ဝါဝါ သားသားနားနား ဝတ်ဆင်ထားကြခြင်း မရှိသောကြောင့်ဖြစ်သည်။

အဝတ်အစားများကို ဖြစ်သလို ဝတ်ဆင်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



မာန်မာနတက်ကြွခြင်း၊ ဟိတ်ဟန်ကြီးခြင်းမျိုး လုံးဝမရှိကြပါပေ။ လူအေးက...

"ကျုပ်တို့နှစ်ယောက် စီးဂေဟာသခင်ကြီးနဲ့ တွေ့ချင်လို့ရောက်လာတာပါ၊ တာဝန်ဝတ္တရားနဲ့ ရောက်လာတာမဟုတ်ဘူးလို့ကြိုတင်ပြောပါရစေ"

စီးလျှန်ဂူးက ခေါင်းညိတ်လိုက်သည်။

"သခင်ကြီးကလည်း ခင်ဗျားတို့နှစ်ယောက်ရဲ့နာမည်ကိုကြားဖူးပါတယ်၊ အထဲကိုကြွပါခင်ဗျာ"

အုပ်ချုပ်ရေးမှူး စီးလျှန်ဂူး ကြိုဆိုခေါ်ဆောင်လာမှုဖြင့် လူအေးနှင့်သံမဏိလက်တို့သည် စီးဂေဟာအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

♣ ♣ ♣



စီးဂေဟာအတွင်း၌ ဖြစ်သည်။

လူအေးနှင့်သံမဏိလက်တို့သည် ဧည့်ခန်းအတွင်း၌ ထိုင်နေကြသည်။

သူတို့ကို အုပ်ချုပ်ရေးမှူး စီးလျှန်ဂူးက ဧည့်ခံစကားပြောနေ၏။ စီးလျှန်ဂူးက စကားစလိုက်သည်။

"ရောက်လာတဲ့ကိစ္စကို အမိန့်ရှိပါဦးခင်ဗျာ"

လူအေးက တည်ငြိမ်သောအသံဖြင့်...

"လွန်ခဲ့တဲ့ ရက်ပိုင်းတုန်းကတော့ စီးဂေဟာမှာ ဘာကိစ္စတွေဖြစ်ပွားခဲ့တယ်ဆိုတာကိုတော့ အုပ်ချုပ်ရေးမှူးကြီးအနေနဲ့ အသိဆုံးဖြစ်မှာပါ၊ ကျုပ်တို့ကလည်း ဒီအကြောင်းရင်းနဲ့ ပတ်သက်ပြီးဆွေးနွေးပြောဆိုဖို့ ရောက်လာကြတာပါ"

စီးလျှန်ဂူး မျက်နှာထားမှာ တစ်မျိုးပြောင်းလဲသွားလေသည်။

သို့ရာတွင် စီးလျှန်ဂူးသည် ပြောင်းလဲသွားသော မျက်နှာထားကို ကမန်းကတန်း ပြုပြင်လိုက်သည်။

"အင်း..ခင်ဗျားတို့က စီးဂေဟာနဲ့ပတ်သက်တဲ့ သတင်းစကားတွေကို အပြင်လောကက ကြားလာခဲ့ကြပြီနဲ့တူတယ်၊ ဒီသတင်းတွေဟာ မမှန်မကန် သတင်းတွေပါ၊ မနာလိုလို့ ပြောကြတာတွေလည်း ဖြစ်မှာပါ၊ ဒီကိစ္စဂေဟာနဲ့ ပတ်သက်ပြီး ဘယ်လိုများကြားလာခဲ့ရသလဲဆိုတာ တဆိတ်လောက်သိပါရစေ"

လူအေးသည် တခဏမျှ စဉ်းစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပထမဦးဆုံးကြားရတဲ့ သတင်းကတော့ စီးဂေဟာသခင်ကြီးဟာ သူ့ဇနီးရဲ့အပါးတော်မြဲတစ်ယောက်ကို မကောင်းကျင့်ကြံဖို့ကြိုးစားခဲ့တယ်၊ နောက်ပြီး ကြိုးစားမှုလည်း မအောင်မြင်ရော သခင်ကြီးစီးရှောင်ဖုန်းက အဲဒီမိန်းကလေးကို ဓားနဲ့လိုက်ခုတ်သတ်တယ်၊ ဒဏ်ရာပြင်းပြင်းထန်ထန်ရသွားပြီး အသက်တော့ မသေဘူးလို့ ကြားရပါတယ်၊ ဒီသတင်းဟာ မှန်ကန်ပါသလား"

အုပ်ချုပ်ရေးမှူး စီးလျှန်ဂူးမျက်နှာသည် သိသိသာသာ ပြောင်းလဲသွားလေသည်။

သူသည် လူအေးနှင့်သံမဏိလက်အား တစ်ချက်ကြည့်လိုက်သည်။

"ဒီသတင်းတွေကို ခင်ဗျားတို့ ဘယ်သူ့ဆီက ကြားခဲ့ရတာလဲခင်ဗျာ"

လူအေးက စီးလျှန်ဂူး၏စကားကို ပြန်လည်ဖြေကြားခြင်းမပြုဘဲ ဆက်လက်မေးမြန်းလိုက်ပြန်သည်။

"လွန်ခဲ့တဲ့ ငါးရက်လောက်က သခင်ကြီးစီးရှောင်ဖုန်းက လူခြေတိတ်ဆိတ်တဲ့ အချိန်မှာ စီးဂေဟာရဲ့ခေါင်မိုးပေါ်တက်ပြီး အော်ကြီးဟစ်ကျယ် သီချင်းတွေ သီဆိုခဲ့တယ်၊ ဒါကြောင့် စီးဂေဟာအတွင်းမှာရှိတဲ့ အိမ်ထောင်စု အတော်များများဟာ စိတ်အနှောင့်အယှက်ဖြစ်ရတယ်လို့ ကြားတယ်"

စီးလျှန်ဂူးသည် မျက်မှောင်ကြုတ်၍ နားထောင်နေပြန်သည်။



ပြီးမှ သူလည်း ရယ်မောလိုက်လေသည်။

"သခင်ကြီးဟာ တေးဂီတဝါသနာပါတယ်၊ ဒါကြောင့် အရက်အရှိန်နဲ့ စိတ်ဓာတ်တက်ကြွလာပြီး သီချင်းအော်ဆိုတာ ဖြစ်ပါလိမ့်မယ်၊ ဒီဂေဟာကလည်း သခင်ကြီးစီးရှောင်ဖုန်းရဲ့ဂေဟာဖြစ်ပါတယ်၊ ဒါကြောင့် ဆွေမျိုးသားချင်း အိမ်ထောင်စုတွေဟာ အိပ်ရေးပျက်ရုံလေးနဲ့ ရာဇဝတ်သင့်နိုင်ပါ့မလား"

လူအေးသည် စီးလျှန်ဂူးစကားကို တုံ့ပြန်ပြောဆိုခြင်းမပြုဘဲ ဆက်လက်၍ ပြောပြန်လေသည်။

"သခင်ကြီးစီးရှောင်ဖုန်းဟာ ခွင့်လွှတ်လို့ရတဲ့ အပြစ်ကလေးကို ခွင့်မလွှတ်တဲ့အပြင် အိမ်စေသုံးယောက်ကို သွေးထွက်သံယိုကိစ္စမျိုးဖြစ်တဲ့အထိ ရိုက်နှက်ခဲ့တယ်၊ ကြိမ်းမောင်းခဲ့တယ်"

သူသည် စကားကို ခေတ္တရပ်နားလိုက်ပြီး စီးလျှန်ဂူးအား အကဲခတ်ကြည့်လိုက်သည်။

ပြီးမှ...

"အဲဒီညမှာပဲ သခင်ကြီးဟာ သူ့ရဲ့သားကို ကျိန်းမောင်းဆူပူပြန်တယ်၊ နောက်တော့ သခင်ကြီးဟာ သူ့ရဲ့ဇနီးနဲ့ ဆက်ပြီးပြဿနာတက်ခဲ့တယ်၊ မကြာခင်မှာပဲ သခင်ကြီး ဆဲဆိုဓားကိုင်ပြီး အခန်းထဲကနေ ပြေးထွက်လာတာတွေ့ရတယ်၊ သူ့ရဲ့ဇနီးကလည်း သူ့နောက်ကနေ ပြေးလိုက်လာတာကို တွေ့ရတယ်တဲ့"

သူသည် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်ကြီးနဲ့သူ့ဇနီးဟာ အနောက်ဘက်ဆောင်မှာရှိတဲ့ ဥယျာဉ်ကိုဖြတ်ပြီး ကျုန်းမြစ်ကမ်းပါးကို ပြေးထွက်သွားကြတာကို မြင်လိုက်ရတယ်၊ သခင်ကြီးစီးရောင်ဖုန်းဟာ သူ့ရဲ့သားငယ်ကို နောက်ကနေလိုက်ပြီး ဓားနဲ့ခုတ်ပိုင်းနေတာပဲဖြစ်တယ်၊ ဟုတ်ရဲ့လား"

စီးလျှန်ပူးက မျက်မှောင်ကြုတ်၍ နားထောင်နေသည်။

လူအေးက...

"နောက်တော့သခင်ကြီးရဲ့သားဟာ အိမ်ပြန်မလာတော့ဘူး၊ တစ်ချို့ပြောတာကြတော့ သခင်ကြီးသားဟာ ကြောက်အားလန့်အားနဲ့ ထွက်ပြေးရင်း ကျုန်းမြစ်ထဲကျပြီး သေဆုံးသွားတယ်လို့ ပြောဆိုနေကြတယ်"

စီးလျှန်ပူးသည် လူအေး၏စကားကို စိတ်လှုပ်ရှားစွာ နားထောင်နေသည်။ လူအေး စကားဆုံးသွားသည်နှင့် စီးလျှန်ပူးသည် ဘေးဘီ ဝန်းကျင်သို့ တစ်ချက်လှည့်ပတ်ကြည့်ရှုလိုက်သည်။

ထို့နောက် အသံကိုနှိမ့်၍ ပြောဆိုလိုက်လေသည်။

"ကဲ...ကျုပ်နောက်လိုက်ခဲ့ကြပါ၊ အတွင်းဆောင်မှာ စကားပြောကြရအောင်"

"ကောင်းပြီလေ၊ သွားကြတာပေါ့"

လူအေးနှင့် သံမဏိလက်တို့သည် စီးလျှန်ပူးနောက်သို့ ထလိုက်သွားကြလေတော့သည်။

♣ ♣ ♣



သူတို့သုံးယောက်သည် စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။

အဆောင်များကို ဖြတ်သန်းကျော်ဖြတ်လာခဲ့ကြသည်။

အဆောင်တစ်ခုရှေ့သို့ရောက်လျှင် စီးလျှန်ပူးက ဦးဆောင်၍ ဝင်ရောက်သွားလေသည်။

လူအေးနှင့်သံမဏိလက်တို့ကလည်း လှမ်းဝင်လိုက်လေသည်။

ထိုအဆောင်တွင် သူတို့နှစ်ဦးအား နေရာထိုင်ခင်းပေး၍ ရေနွေးကြမ်းအိုးချပြီး ဧည့်ခံလေသည်။

စီးလျှန်ပူးသည် အခန်းပေါက်တစ်ခုထဲသို့ ဝင်ရောက်သွားပြီး မကြာမီမှာပင် ပြန်လည်ထွက်လာသည်။

သူပြန်ထွက်လာသောအခါ သူ့လက်ထဲတွင် အထုပ်ကလေးတစ်ထုပ် ပါလာလေသည်။

ထိုအထုပ်ကလေးကို လူအေးနှင့်သံမဏိလက်ထဲသို့ ချပေးလိုက်သည်။

စီးလျှန်ပူးသည် ခပ်ပြုံးပြုံးအမူအရာဖြင့် ထိုအထုပ်ကလေးကို လူအေးနှင့်သံမဏိလက်ထဲသို့ တွန်းပို့လိုက်ပြီး ထိုင်ချလိုက်လေသည်။

လူအေးက မျက်မှောင်ကြုတ်သွားပြီး...

"ဒါ ဘာပစ္စည်းလဲ၊ အုပ်ချုပ်ရေးမှူးကြီး"

စီးလျှန်ပူးက ပြုံးရွှင်သောမျက်နှာဖြင့် လူအေးအား ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကျုပ်ရဲ့လက်ဆောင်ထုပ်ကလေးပါ၊ ခင်ဗျားတို့ ပြောဆိုတဲ့သတင်းစကားတွေဟာ တစ်ယောက်ယောက်ကနေ အပြင်ကိုသယ်သွားတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ဒါတွေဟာ သိပ်ပြီးကြီးကျယ်တဲ့ဖြစ်ရပ်တွေ မဟုတ်ပါဘူး"

လူအေးက သံမဏိလက်အား တစ်ချက်ကြည့်လိုက်သည်။

သံမဏိလက်ကလည်း လူအေးအား တစ်ချက်ကြည့်လိုက်လေသည်။

သံမဏိလက်က…

"ကျေးဇူးတင်ပါတယ်"

စီးလျှန်ဂူးက ခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး…

"ဒီလိုပြေလည်သွားရင်တော့ ခင်ဗျားတို့နှစ်ယောက်ကို ဝင်းတံခါးပေါက်အထိ လိုက်ပို့ပေးပါ့မယ်၊ ကျုပ်ကတော့ ကျုပ်အခန်းထဲရောက်နေပြီမို့ အနားယူပါရစေတော့"

ပြောပြီးသည်နှင့် စီးလျှန်ဂူးသည် လက်ခုပ်သုံးချက် တီးလိုက်လေသည်။

"ဖြောင်း…ဖြောင်း…ဖြောင်း"

သို့သော် သံမဏိလက်က…

"ကျုပ်တို့ မသွားနိုင်သေးပါဘူးခင်ဗျာ"

သံမဏိလက်စကားကြောင့် စီးလျှန်ဂူးသည် အံ့အားသင့်သွားဟန်ဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။



သူသည် ချက်ချင်းပြုံးလိုက်လေသည်။

"သြော်…ဘာဖြစ်လို့လဲ၊ မလောက်ငလို့လား"

သံမဏိလက်က ခေါင်းခါယမ်းလိုက်သည်။

"မလောက်ငလို့ မဟုတ်ပါဘူး၊ မလိုချင်လို့ပါ"

ထိုစဉ် အခန်းဝသို့ လူတစ်ယောက် ရောက်လာလေသည်။

သူသည် လူအေးတို့အား တံခါးဝသို့ လိုက်ပို့ဆောင်မည့်လူဖြစ်သည်။

စီးလျှန်ဂူး လက်ကာပြလိုက်ပြီး…

"မင်းပြန်ဦး၊ ခေါ်ရင်ပြန်လာ"

ထိုလူသည် ချက်ချင်း ပြန်ထွက်သွားလေသည်။

လူအေးက ငွေထုပ်ကို စီးလျှန်ဂူးရှေ့သို့ ပြန်လည်တွန်းပို့လိုက်သည်။

"ကျုပ်တို့ စီးဂေဟာသခင်ကြီးနဲ့ တွေ့ပါရစေ"

"ကျုပ်တို့ သခင်ကြီးနဲ့ တွေ့ခွင့်မရနိုင်တာကိုတော့ ခင်ဗျားသဘောပေါက်ဖို့ ကောင်းပါလိမ့်မယ်'

"ကောင်းပြီလေ၊ ဒါဆိုလည်း ခင်ဗျားကိုပဲ ပြောရတော့မှာပေါ့"

လူအေးသည် သံမဏိလက်အား တစ်ချက်ကြည့်ပြီး စကားစလိုက်လေသည်။

"စီးဂေဟာသခင်ကြီးဟာ ညီဖြစ်တဲ့ စီးချန်းယင်ကို သေကြောင်းကြံခဲ့တယ်၊ စီးချန်းယင်နဲ့အတူ စုကျန်းလည်းပါတယ်၊ စီးချန်း

www.burmeseclassic.com

www.burmeseclassic.com



ယင်ကို သွေးကြောဝိတ်ပြီး မြစ်ထဲကိုပစ်ချလိုက်တယ်၊ နောက်ပြီး အပါးတော်မြဲဖြစ်တဲ့ လောင်လုံကိုလည်း သတ်ပစ်လိုက်တယ်၊ ဒါကြောင့် သခင်ကြီးဟာ ရာဇဝတ်မှုကျူးလွန်နေပြီ မဟုတ်ပါလား"

လူအေးစကားကြောင့် စီးလျှန်ဂူးသည် မျက်နှာကွက်ခနဲ တစ်ချက်ပျက်သွားလေသည်။

စီးလျှန်ဂူးသည် ကမန်းကတန်း အခန်းတွင်းသို့ ခပ်သုတ်သုတ်ဝင်ရောက်သွားပြန်လေသည်။

လူအေးသည် တစ်ချက်ပြုံးလိုက်ပြီး...

"အုပ်ချုပ်ရေးမှူးကြီးခင်ဗျား ကျုပ်တို့နဲ့စကားပြောရင် အခုလိုထလိုက် ယူလိုက်လုပ်နေရင် မကောင်းပါဘူး၊ ဒါကြောင့် အခန်းထဲမှာရှိတဲ့ပစ္စည်းမှန်သမျှ အကုန်ယူလာခဲ့ပါ"

စီးလျှန်ဂူးသည် လူအေးမျက်နှာအား သေချာစွာ စိုက်ကြည့်လိုက်သည်။

ပြီးမှ မရယ်ချင့်ရယ်ချင်ဟန်ဖြင့် ရယ်မောလိုက်သည်။

ထို့နောက် ငွေထုပ်အတွင်းမှ ငွေတုံးကလေးတစ်ခုကို ကောက်ကိုင်လိုက်လေသည်။

"ဒါတွေဟာ ငွေအစစ်တွေပါ၊ ဒါနဲ့မလုံလောက်ဘူးထင်ရင် ရွှေတုံးကလေးတွေပါ ပေးပါဦးမယ်"

စီးလျှန်ဂူးသည် ပြောပြောဆိုဆိုဖြင့် ငွေတုံးကလေးများအား သံမဏိလက်ထဲသို့ ထည့်ပေးလိုက်သည်။

သံမဏိလက်ထဲသို့ ရောက်လာသော ငွေတုံးကလေးသည်



နဂိုပုံစံမဟုတ်တော့ပေ။

စီးလျှန်ဂူးသည် အတွင်းအားဖြင့် ညှစ်လိုက်သဖြင့် ပုံပျက်သွားလေသည်။

ထိုငွေတုံးကလေးသည် စီးလျှန်ဂူး၏လက်ချောင်းရာများ ထင်နေပြီး ကန်စွန်းဥပုံစံအဖြစ်သို့ ပြောင်းလဲသွားလေသည်။

သံမဏိလက်သည် ငွေတုံးကလေးကို ကြည့်လိုက်ပြီး...

"ကောင်းလိုက်တဲ့ အတွင်းအား"

သူသည် ပြောပြီးသည်နှင့် ငွေတုံးကလေးအား လက်ဖဝါးထဲတွင်ထည့်၍ ဆုပ်နယ်လိုက်လေသည်။

ထို့နောက် သူသည် စီးလျှန်ဂူးလက်ထဲသို့ ပြန်လည်ထည့်ပေးလိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားရဲ့ငွေတုံးကလေးက အစစ်ပါ"

စီးလျှန်ဂူးသည် ငွေတုံးကလေးအား စိုက်ကြည့်လိုက်သည်။

သူ၏မျက်လုံးအစုံသည် အံ့ဩမှုကြောင့် ပြူးကျယ်နေ၏။

သူ၏နဖူးပြင်တွင် ချွေးအနည်းငယ်စို့ထွက်လာသည်။

ယခု သူတွေ့နေရသော လူရွယ်နှစ်ယောက်သည် လွယ်လွယ်ကူကူနှင့် နာမည်ကြီးနေခြင်းမဟုတ်ကြောင်းကို ကောင်းစွာ သဘောပေါက်လိုက်သည်။

ငွေတုံးကလေးတွင် သူ့လက်ချောင်းရာများ လုံးဝပျောက်ကွယ်သွားပြီဖြစ်သည်။

ငွေတုံးကလေးသည် မူလပုံစံအတိုင်း ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ရယ်မောသံတစ်ချက် ထွက်ပေါ်လာလေသည်။

"ဟား...ဟား...ဟား...စီးလျှန်ပူး ခင်ဗျားဟာ တော်တော်မိုက်မဲတဲ့လူ တစ်ယောက်ပါလား"

စကားသံဆုံးသွားသည်နှင့် ခန့်ညားတည်ကြည်သော လူတစ်ယောက်သည် အခန်းထဲသို့ လှမ်းဝင်လာလေသည်။

ကိုယ်လုံးကိုယ်ထည်မှာ လွန်စွာကြံ့ခိုင်လေသည်။

မျက်လုံးအစုံသည် ရူးရှတောက်ပနေ၏။

လူအေးသည် ထိုလူကိုတွေ့လိုက်သည်နှင့် မတ်တတ်ရပ်လိုက်လေသည်။

"အုပ်ချုပ်ရေးမှူးကြီး စီးအင်းမေလားခင်ဗျာ"

သံမဏိလက်ကလည်း မတ်တတ်ရပ်လိုက်သည်။

စီးအင်းမေက ရယ်မောလိုက်ပြီး လက်ကာပြလိုက်သည်။

"ထိုင်ကြပါ...ထိုင်ကြပါ၊ ကျုပ်ကတော့ စီးဂေဟာရဲ့အုပ်ချုပ်ရေးမှူးကြီး စီးအင်းမေပါခင်ဗျာ"

♣ ♣ ♣



သံမဏိလက်က စီးအင်းမေကို ပြောလိုက်သည်။

"ဂေဟာအုပ်ချုပ်ရေးမှူးကြီး အခုလိုရောက်လာတာ အဆင်သင့်ပါပဲ၊ ကျွန်တော်တို့နှစ်ယောက်ဟာ ဂေဟာသခင်ကြီး စီးရှောင်ဖုန်းကို တွေ့ဆုံပြီး ဂါရဝပြုဖို့လာတာပါ၊ စီးရှောင်ဖုန်းနဲ့တွေ့ဆုံစကားပြောဆိုနိုင်အောင် အကြောင်းကြားပေးစေလိုပါတယ်"

စီးအင်းမေက ရယ်မောလိုက်ပြီး...

"အင်း...အခန်းအပြင်ကနေ ကျုပ်အားလုံး ကြားပြီးသားပါ၊ စုံစမ်းရေးမှူးကြီးနှစ်ယောက်တို့ ရောက်လာတဲ့ ရည်ရွယ်ချက်ကိုလည်း ကျုပ်သိပါတယ်၊ အခုလို စုံစမ်းရေးမှူးကြီးနှစ်ယောက် စီးဂေဟာမှာ အမှုနဲ့ပတ်သက်တဲ့အကြောင်း မေးမြန်းနေတာ ဘယ်သူကများတာဝန်ပေးလိုက်လို့ပါလဲခင်ဗျာ"

စီးအင်းမေ၏စကားမှာ လူအေးတို့အနေဖြင့် မည်သူကတာဝန်ပေးမှုဖြင့် ယခုလို လာရောက်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း မေးမြန်းလိုက်ခြင်းပင် ဖြစ်သည်။

သံမဏိလက်က အေးဆေးတည်ငြိမ်စွာဖြင့်...

"ကျွန်တော် ရောက်လာတာဟာ ဘယ်သူ့စေခိုင်းချက်နဲ့မှ ရောက်လာတာ မဟုတ်ပါဘူး"

စီးအင်းမေက ရုတ်တရက် မျက်မှောင်ကုတ်သွားသည်။

သို့သော် ချက်ချင်းပင် သူ၏မျက်နှာကို ပြင်လိုက်၏။

စီးအင်းမေက ပြုံးပြီး...

"ဒီလိုဆိုရင် စုံစမ်းရေးမှူးကြီးတို့နှစ်ဦး ပြန်လိုက်ပါဦး

www.burmeseclassic.com

www.burmeseclassic.com



နောက်မှပဲ ကျုပ်ရဲ့သခင်ကြီးနဲ့ တွေ့ဆုံဖို့ စီစဉ်ပေးပါ့မယ်"

လူအေးက အေးစက်စွာပြုံးလိုက်ပြီး...

"ကျွန်တော်တို့ ရောက်လာတာဟာ စီးရှောင်ဖုန်းနဲ့ တွေ့ဆုံစကားပြောချင်လို့ပါ၊ စစ်ဆေးမေးမြန်းဖို့လာတာ မဟုတ်ဘူးဆိုတာ ကျုပ်တို့ ပြောပြီးသားပဲ"

စီးအင်းမေက တစ်ချက်ရယ်မောလိုက်သည်။

"ဝမ်းနည်းပါတယ်၊ ကျုပ်ရဲ့သခင်ကြီးနဲ့ စကားပြောဆိုလိုရင်တော့ နောက်ရက်တွေကျမှပဲ တွေ့ဆုံဖို့ တောင်းပန်ပါရစေ"

သံမဏိလက်က တည်ငြိမ်သောလေသံဖြင့်...

"ကျွန်တော်တို့အနေနဲ့ ဒီနေ့တွေ့ရမှ ဖြစ်ပါလိမ့်မယ်၊ ကျွန်တော်တို့က ဘယ်သူ့စေခိုင်းချက်နဲ့မှ လာတာမဟုတ်ပေမယ့် အခုရက်ပိုင်းအတွင်းမှာ ဖြစ်ပျက်တဲ့ကိစ္စဟာ ရာဇဝတ်မှုဖြစ်နေပါတယ်၊ တရားခံကို တိုင်ကြားသူတစ်ယောက်မှ မရှိသေးပါဘူး၊ ဒါပေမယ့် စီးရှောင်ဖုန်းအနေနဲ့ ဆက်ပြီး မှားယွင်းကျူးလွန်မိတာမျိုး နောက်ထပ်မဖြစ်အောင် ကျွန်တော်တို့ သတိပေးစကား ပြောခွင့်တော့ ရှိပါတယ်"

စီးအင်းမေ၏မျက်လုံးအစုံမှာ ရူးရှတောက်ပြောင်နေ၏။

သူက ခေတ္တစဉ်းစားပြီး အေးစက်သောလေသံဖြင့်...

"ကျုပ် သိထားပါတယ်၊ ခရိုင်မြို့နယ် အုပ်ချုပ်ရေးအရာရှိကြီးရဲ့ အထူးစုံစမ်းစစ်ဆေးရေးမှူးကြီး နှစ်ဦးတို့မှာ ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့် အခွင့်အရေးရှိတယ်ဆိုတာ သိထားပါတယ်"



"ဒါပေမယ့် ခင်ဗျားတို့မှာ ရှိထားတဲ့ အထူးအခွင့်အရေးဟာ ဒေသခံပြည်သူတွေအပေါ် ခြိမ်းခြောက်ပြောဆိုဖို့တော့ မဟုတ်ပါဘူးနော်"

လူအေးနှင့် သံမဏိလက်တို့ နှစ်ဦးစလုံးမှာ စီးအင်းမေစကားအဓိပ္ပါယ်ကို နားလည်မိပြီးသားဖြစ်၏။

စီးအင်းမေက ထပ်မံပြောဆိုလိုက်သည်။

"ခင်ဗျားတို့နှစ်ဦး ဆောင်ရွက်ခဲ့တာတွေကို ကျုပ်ကြားဖူးပြီးသားပါ၊ ခင်ဗျားတို့မှာ အခွင့်အရေးတွေ ရှိကြပါတယ်၊ ခင်ဗျားတို့နှစ်ဦး တိုက်ခိုက်သတ်ဖြတ်ခဲ့တောင်မှ ရာဇဝတ်မှုမဖြစ်နိုင်ပါဘူး၊ ဝတ္တရားအရ ဆောင်ရွက်ရင်း ဖြစ်ပွားခဲ့တာလို့ဆိုရင် ဖြစ်တာပါပဲ"

"ဥပမာအားဖြင့် စုံစမ်းရေးမှူးလူအေးဟာ ဆိုးသွမ်းသိုင်းသမားလိုကျိုရဲ့ဂေဟာကို ဝင်ရောက်တိုက်ခိုက်သတ်ဖြတ်ရာမှာ လူပေါင်းအတော်များများ သေဆုံးခဲ့တယ် မဟုတ်လား၊ လိုကျိုနဲ့ ဘာမှမသက်ဆိုင်တဲ့ အစေအပါး၊ ဆွေမျိုးတွေလည်း သေဆုံးရတယ် မဟုတ်လား"

"နောက်ထပ် စုံစမ်းရေးမှူးကြီး သံမဏိလက်အနေနဲ့လည်း လျှန်းထွန်းစခန်းကို တိုက်ခိုက်တုန်းကလည်း အပြစ်မရှိတဲ့ ဧည့်သည် ဆယ်ယောက်ကျော်ကျော် မှားယွင်းတိုက်ခိုက် သတ်ဖြတ်ခဲ့တယ်မဟုတ်လား၊ ကဲ စဉ်းစားကြည့်ပါဦး၊ လူဆိုတာ အမှားတော့ ရှိတတ်စမြဲမဟုတ်လား"

စီးအင်းမေက ခေတ္တမျှ စကားကို ရပ်လိုက်ပြီး တည်ငြိမ်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ဆက်လက်ပြောလိုက်သည်။

"ခင်ဗျားတို့ မှားယွင်းသတ်ဖြတ်ခဲ့ရင် အထူးအခွင့်အရေး ပေးထားတာမို့ ဘာမှမဖြစ်နိုင်ကြပါဘူး၊ အပြစ်လည်းမရှိပါဘူး။

ဒါပေမယ့် ကျုပ်တို့ ဒေသခံပြည်သူတွေမှာလည်း အမှားအယွင်းမရှိနိုင်ဘူးလားဆိုတော့ ရှိနိုင်ပါတယ်၊ ဒီလိုရှိတဲ့ အမှားအယွင်းတွေကို စုံစမ်းစစ်ဆေးမယ်ဆိုရင်လည်း ဖြစ်ပါတယ်။

ကျုပ်တို့ အစစ်အဆေးခံမှာပါ၊ ဒါပေမယ့် ဥပဒေဘက်တော်သားတွေကို ဥပဒေစည်းကမ်းအတိုင်း ပြောဆိုဆက်ဆံကြရင် ပိုကောင်းမယ်လို့ ကျုပ်ဆိုလိုတာပါ"

စီးအင်းမေ ပြောဆိုသည်မှာလည်း မှန်ပေသည်။

လူအေးသည် လိုကျိုနှင့်အဖွဲ့သားများကို ဖမ်းဆီးနိုင်ရန်အတွက် လိုကျိုဂေဟာကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရပေ၏။

ထိုတိုက်ပွဲတွင် လိုကျိုနှင့် မသက်ဆိုင်သူများလည်း သေဆုံးခဲ့ရသည်။

သံမဏိလက်သည်လည်း လျှန်းထွင်းစခန်းမှ ဓားပြဗိုလ်ကျားသစ်နက်နှင့်အဖွဲ့သားများအား ဖမ်းဆီးခဲ့ရာမှာလည်း အမှုနဲ့မပတ်သက်တဲ့ လူဆယ်ဦးကျော်ကျော် သေဆုံးခဲ့ရပေသည်။

စီးအင်းမေက လူအေးနှင့်သံမဏိလက်တို့၏ အထူးအခွင့်အရေးများကို အလွဲသုံးစား ပြုလုပ်နေသည်ဟု စွပ်စွဲပြောဆိုနေခြင်းပင်ဖြစ်သည်။

စီးအင်းမေက ဆက်လက်ပြောလိုက်ပြန်သည်။



"ကျုပ်ရဲ့သခင်ကြီးဟာ အစေအပါးကျေးကျွန်တစ်ယောက်ကိုလက်လွန်ပြီး သတ်ဖြတ်ခဲ့မိတာ အမှန်ပဲ၊ အစေအပါးမိန်းကလေးတစ်ယောက်နဲ့ တပည့်သုံးယောက်ကို သွေးထွက်သံယိုဖြစ်အောင် ပြုလုပ်ခဲ့တာလည်း အမှန်ပဲ"

"ဒါပေမယ့် ဒီလူတွေဟာ စီးဂေဟာက လူတွေဖြစ်လို့ ဖြစ်ပျက်ခဲ့တဲ့အမှုနဲ့ ပတ်သက်လို့ ကျုပ်တို့အုပ်ချုပ်ရေးမှူးတွေအနေနဲ့ ပြေလည်အောင် ဖြေရှင်းမယ်"

"သေဆုံးသွားသူတစ်ယောက်အတွက် သူ့မိသားစုကို လျော်ကြေးပေးပြီး တောင်းပန်လို့ကျေနပ်သွားပြီ၊ ထိခိုက်ဒဏ်ရာရတဲ့သူတွေအတွက် ဆေးဖိုးလျော်ကြေးပေးပြီး တောင်းပန်တဲ့အတွက် ကျေနပ်သွားပါပြီ၊ ဒါကြောင့် ဒီဂေဟာအမှုနဲ့ ပတ်သက်လို့ ကျုပ်တို့ ဖြေရှင်းလို့ ပြီးသွားပါပြီ"

စီးအင်းမေသည် စီးလျှန်ဂူးထက် စကားအပြောအဆို ရည်မွန်သူတစ်ဦးဖြစ်သည်။

စီးဂေဟာအုပ်ချုပ်ရေးမှူး တစ်ယောက်တွင် ရှိသင့်သည့် အရည်အချင်း ပြည့်ဝသည်။

စီးအင်းမေက...

"ခင်ဗျားတို့နှစ်ဦးဟာ အမြော်အမြင်ကြီးမားသူတွေ ဖြစ်ပါတယ်၊ မိတ်ဆွေအပေါင်းအသင်းတွေကိုလည်း ပြေလည်အောင် ဆက်ဆံတတ်ပါတယ်၊ ဒါကြောင့် ကြီးတဲ့အမှုကို ငယ်အောင် ငယ်တဲ့အမှုကို ပပျောက်အောင် ကူညီပြီး ဆောင်ရွက်ပေးစေလိုပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



စီးအင်းမေ၏ စကားဆုံးသည်နှင့် သံမဏိလက်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး ဝင်ရောက်ပြောဆိုလိုက်လေသည်။

"ကျွန်တော်တို့ ဉပဒေဘက်တော်သားတွေက ရပ်ရွာအေးချမ်းငြိမ်ဝပ်ပိပြားရေးကိုသာ ပိုပြီး အလေးထားသင့်တယ်လို့ မှတ်ယူထားကြပါတယ်ခင်ဗျာ"

လူအေးကလည်း စီးအင်းမေကို အခဲခက်သလို ကြည့်လိုက်ရင်း...

"စီးရှောင်ဖုန်း သတ်ပစ်လိုက်တဲ့ ကျွန်ယုံမိသားစုက စီးရှောင်ဖုန်းကို ကိုယ့်ရဲ့သခင်ဖြစ်နေလို့ ကျေနပ်လိုက်တာမျိုး ဖြစ်ပါလိမ့်မယ်၊ ကာယကံရှင်တွေက ကျေနပ်ခွင့်လွှတ်သည့်တိုင်အောင် ကျွန်တော်တို့အနေနဲ့ ဉပဒေအရ အရေးယူနိုင်အောင် ကြိုးစားရမှာပဲ"

ထိုစကားကြားလိုက်ရသောအခါ စီးအင်းမေ မျက်နှာ အတန်ငယ်မျှ တင်းမာသွားလေသည်။

သံမဏိလက်က ဆက်၍ပြောပြန်သည်။

"စီးရှောင်ဖုန်းဟာ ဆက်ပြီးဒီအတိုင်းသာ လုပ်နေမယ် ဆိုရင် စီးဂေဟာမှာရှိတဲ့လူတွေအတွက် အသက်အန္တရာယ်စိုးရိမ်ဖွယ်ရာရှိတယ်၊ ဒီလူတွေအတွက် အေးချမ်းမှုရှိအောင် ဆောင်ရွက်ပေးရလိမ့်မယ်"

ထို့နောက် အခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။

စီးအင်းမေက ငြိမ်၍စဉ်းစားလိုက်သည်။

လူအေးနှင့်သံမဏိလက်တို့က စီးအင်းမေ၏ ပြောလာမည့်



စကားကို စောင့်၍နားထောင်နေကြသည်။

အတန်ကြာမှ...

တစ်ချိန်လုံး တိတ်ဆိတ်ငြိမ်သက်နေသော စီးလျှံဂူးက စီးအင်းမေဘက်လှည့်၍ မေးခွန်းတစ်ခုကို ရုတ်တရက် မေးမြန်းလိုက်သည်။

"စီးအင်းမေ မျက်စိတစ်မှိတ်ဆိုတဲ့အချိန်ဟာ ဘယ်လောက်အထိ ကြာမြင့်တယ်ဆိုတာ ခင်ဗျားအနေနဲ့ သိရဲ့လား"

စီးလျှံဂူး၏ ထူဆန်းသော အမေးကြောင့် စီးအင်းမေအံ့အားသင့်သွားသည်။

"ဟင့်အင်း..မသိဘူး"

စီးလျှံဂူးက ပြုံးလိုက်ပြီး...

"ကောင်းပြီ၊ ခင်ဗျားရဲ့ မျက်တောင်တစ်ချက် ခတ်ပြလိုက်စမ်း"

စီးလျှံဂူးက ပြောပြောဆိုဆိုဖြင့် ထိုင်ရာမှထလိုက်သည်။

စီးအင်းမေက မျက်တောင်တစ်ချက် ခတ်ပြလိုက်လေသည်။

စီးလျှံဂူး၏ ညာဘက်လက် ရုတ်တရက် လျှင်မြန်စွာ လှုပ်ရှားသွားပေသည်။

စီးလျှံဂူး၏ ဘယ်အင်္ကျီရင်ဖုံးအိတ်အတွင်း၌ ဓားမြှောင်တစ်ချောင်း ရှိပေသည်။

စီးအင်းမေက မျက်စိမှိတ်၍ မျက်တောင်ခတ်လိုက်သည့်အချိန်အတောအတွင်းမှာပင်...

www.burmeseclassic.com

www.burmeseclassic.com



စီးလျှန်ဂူးသည် ထိုဓားမြှောင်ကိုယူပြီး လျင်မြန်စွာ လှုပ်ရှားပြလိုက်၏။

"ဝှစ်...ဝှစ်...ဝှစ်"

ဓားမြှောင်အသွားက လေထဲကို ထိုးခွဲသွားသည်။

စီးအင်းမေ မျက်စိကို ချက်ချင်းပင်ပြန်ဖွင့်လိုက်သောအခါ စီးလျှန်ဂူး၏လက်ထဲ၌ ဓားမြှောင်မရှိတော့ချေ။

စီးလျှန်ဂူးက သဘောကျစွာ ပြုံးရယ်လိုက်ပြီး...

"စီးအင်းမေ မျက်စိတမှိတ်အတွင်းမှာ ခင်ဗျားကို ဓားနဲ့ ဘယ်နှစ်ချက်တိတိ ထိုးနှက်ထိုက်ခိုက်လိုက်သလဲဆိုတာ ခင်ဗျားသိလိုက်သလား၊ ခင်ဗျားရှေ့က စားပွဲပေါ်မှာ ခင်ဗျားရဲ့ခေါင်းပေါ်က ပြုတ်ကျသွားတဲ့ဆံပင်ကိုသာ ရေတွက်ကြည့်လိုက်ပါ၊ ဓားချက်တစ်ချက်ကို ဆံပင်တစ်ပင်နှုန်း ဖြတ်ချလိုက်တာပါပဲ"

သံမဏိလက်က ပြုံး၍ ဝင်ပြောလိုက်သည်။

"စားပွဲပေါ်က ဆံပင်တွေကို ရေတွက်မကြည့်ပါနဲ့တော့ ကျုပ်တွေ့သားပဲ"

စီးလျှန်ဂူးက...

"ကဲ...ပြောစမ်းပါဦး"

သံမဏိလက်က...

"စုစုပေါင်း ဓားချက်ငါးချက်တိတိပဲ၊ မျက်စိတမှိတ်အတွင်း ဓားချက်ငါးချက်တိတိ တိုက်ခိုက်နိုင်တဲ့ ဝိညာဉ်ပျောက်သိုင်းပညာရပ်ဟာ အင်မတန် အစွမ်းထက်လှပါတယ်၊ ဒါကြောင့် စီးဂေဟာမှာ



ဝိညာဉ်ပျောက်သိုင်းပညာ ထင်ရှားကျော်ကြားတာကိုး"

"လူအေး ခင်ဗျားရဲ့လက်ကလည်း အတော်လျင်မြန်တယ်လို့ ကျုပ်သိထားတယ်၊ မျက်စိတမှိတ်အတွင်း ဓားချက် ဘယ်နှစ်ချက်လောက်ထိ ထိုးသွင်းတိုက်ခိုက်နိုင်ပါသလဲ"

လူအေးက အေးစက်စွာပြုံး၍...

"ဒီလိုဆိုရင်လည်း ကျုပ်က ပြပါ့မယ်"

ပြောပြောဆိုဆိုဖြင့် လူအေးက ထိုင်ရာမှထလိုက်၏။

ထို့နောက် စီးလျှန်ဂူးနှင့် မျက်နှာချင်းဆိုင်ရပ်၍ ရင်ဆိုင်လိုက်သည်။

စီးလျှန်ဂူးကလည်း လူအေး၏အမူအရာကိုကြည့်၍ သဘောပေါက်သွား၏။

သူသည် ချက်ချင်းပင် အသင့်ပြင်ဆင်လိုက်သည်။

ထိုအချိန်၌ သံမဏိလက်က အော်ဟစ်အချက်ပေးလိုက်သည်။

"ဟိတ်"

မျက်စိတမှိတ်အချိန်အတွင်း လူအေးက သူ၏ဓားကို ဆွဲထုတ်လိုက်သလို...

စီးလျှန်ဂူးကလည်း သူ၏ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။

သို့ရာတွင် လူအေး၏ဓားဦးချွန်က စီးလျှန်ဂူး၏ မျက်ခုံးအကြားရှိ နှာတံပေါ်သို့ ထောက်မိသွားပေသည်။

သို့သော် စီးလျှန်ဂူး၏ညာလက်က သူ၏ဓားမြှောင်ကို

www.burmeseclassic.com

www.burmeseclassic.com



အကျီရင်ဘတ်အထိ တစ်ဝက်တစ်ပြက်ခန့်သာ ထုတ်မိနေသေးသည်။

စီးလျှန်ဝူးက ဆက်လက်မလှုပ်ရှားတော့ဘဲ ငြိမ်နေလိုက်ရတော့၏။

လူအေးက သူ၏ဓားကို ပြန်လည်ရုပ်သိမ်းလိုက်ပြီး…

"ကျွန်တော့်ရဲ့လျင်မြန်မှုဟာ မျက်စိတမှိတ် လျှပ်တပြက်အချိန်ထက် ပိုပြီးမြန်တယ်ဆိုတာ ပြောပါရစေတော့"

ထိုစဉ်မှာပင်…

"ဖြောင်း…ဖြောင်း…ဖြောင်း"

"တော်ပါပေတယ်၊ ဒါကြောင့်လည်း သိုင်းလောကမှာ လူအေးဆိုတဲ့နာမည်ဟာ ထင်ရှားကျော်ကြားနေတာကိုး"

လက်ခုပ်သံတဖြောင်းဖြောင်းနှင့် ချီးမွမ်းပြောဆိုသံ ထွက်ပေါ်လာလေသည်။

လူတစ်ယောက်သည် သူတို့အခန်းထဲသို့ ပြောပြောဆိုဆို ဝင်ရောက်လာလေသည်။

ထို့နောက်…

"စီးအင်းမေ၊ စီးလျှန်ဝူး ခင်ဗျားတို့နှစ်ယောက်က နာမည်ကျော်ကြားလှတဲ့ လူအေးနဲ့ သံမဏိလက်တို့ကို သိုင်းပညာသွားပြိုင်ကြတာကိုး ခင်ဗျားတို့နှစ်ယောက် ဘယ်နည်းနဲ့မှ နိုင်လိမ့်မယ်မထင်နဲ့ ကျုပ်ပြောရဲတယ်"

♣ ♣ ♣



အခန်းထဲသို့ ဝင်ရောက်လာသူမှာ အဖြူရောင်အကျီကို ဝတ်ဆင်ထားပြီး မျက်နှာမှာ နီမြန်းနေသည်။

ထိုလူ၏အမူအရာမှာ သာမန်လူတစ်ယောက်၏ ဟန်မူရာမျိုးပင်ဖြစ်သည်။

ထူးခြားသော ဟန်အမူအရာ လုံးဝမရှိပေ။

ထိုလူကို တွေ့လိုက်ရသော စီးအင်းမေနှင့် စီးလျှန်ဝူးတို့မှာ ကပျာကယာ အရိုအသေပြုလိုက်ကြသည်။

သံမဏိလက်သည် ထိုလူအား မြင်တွေ့ဖူးခြင်းမရှိသော်လည်း ချက်ချင်းပင် မှန်းဆ၍ စီးဂေဟာ၏ အုပ်ချုပ်ရေးမှူးပင်ဖြစ်ရမည်ဟု ခန့်မှန်းလိုက်သည်။

သံမဏိလက်က ထိုလူအား အရိုအသေပြုလိုက်သည်။

ထို့နောက်…

"ကျွန်တော့်အထင်ပြောရမယ်ဆိုရင် စီးဂေဟာရဲ့ အုပ်ချုပ်ရေးမှူးကြီးဖြစ်တဲ့ ထန်းဆေးကျန်းပဲ မဟုတ်လားခင်ဗျာ"

ထိုလူက ပြုံးရယ်၍…

"ဟုတ်ပါတယ်..ဟုတ်ပါတယ်၊ ဒုစရိုက်သမားတွေ အလွန်ကြောက်လန့်တဲ့ သံမဏိလက် မဟုတ်လား"

သံမဏိလက်က ခေါင်းညိတ်လိုက်ပြီး…

"ဟုတ်ပါတယ်၊ ကျွန်တော်ဟာ သံမဏိလက်ဖြစ်ပါတယ်၊ သူကတော့ လူအေးပါပဲ"

သံမဏိလက်က လူအေးနှင့် မိတ်ဆက်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့နှစ်ယောက်ဟာ စီးဂေဟာသခင်ကြီး စီးရောင်ဖုန်းနဲ့ တွေ့ဆုံနိုင်ဖို့အတွက် အုပ်ချုပ်ရေးမှူးနှစ်ယောက်နဲ့ ပြောဆိုနေကြတာပါ၊ အခုလို အုပ်ချုပ်ရေးမှူးကြီးထန်းဆေးကျန်း ရောက်လာတော့ စီးရောင်ဖုန်းနဲ့ ဒီကနေ့ တွေ့ဆုံနိုင်ပြီလို့ ယူဆပြီး ဝမ်းမြောက်မိတယ်၊ ထန်းဆေးကျန်းအနေနဲ့လည်း စီးရောင်ဖုန်းနဲ့ တွေ့ဆုံစကားပြောနိုင်အောင် စီစဉ်ပေးမယ်လို့ မျှော်လင့်ပါတယ်"

"ဟား..ဟား..ဟား..ကျုပ် သိရသလောက်တော့ ခင်ဗျားတို့နှစ်ယောက်ဟာ သိုင်းပညာရပ်မှာ အလွန်တော်သလောက် စကားအပြောအဆို ကြမ်းတမ်းတယ်လို့ ယူဆထားတာ မမှန်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ စကားပြောပုံက အင်မတန်ယဉ်ကျေးသိမ်မွေ့လှပါတယ်"

ထန်းဆေးကျန်းက သဘောကျစွာ ရယ်မောနေသောကြောင့် လူအေးနှင့်သံမဏိလက်တို့မှာ စကားမပြောသေးဘဲ ငြိမ်သက်၍ နေလိုက်ကြသည်။

မတ်တတ်ရပ်နေကြသော လူအေးနှင့် သံမဏိလက်တို့အား

"ထိုင်ကြပါ..ထိုင်ကြပါ၊ အခုလို ကြုံကြိုက်တုန်း စကားပြောဆိုရင်း အရက်လေးဘာလေး သုံးဆောင်ကြပါခင်ဗျာ"

ဤသို့ဖြင့် အားလုံးထိုင်လိုက်ကြလေသည်။

လူအေးက တည်ငြိမ်သောလေသံဖြင့်...

"ကျွန်တော့်ကို အရက်တိုက်၊ လက်ဆောင်ငွေကြေးပစ္စည်းပေးပြီးတော့ အိမ်ပြန်ခိုင်းမယ့် သဘောတော့ မဟုတ်ပါဘူးနော်"



ထန်းဆေးကျန်းက ရယ်မောလိုက်ပြီး...

"ရှင်းရှင်းပြောရမယ်ဆိုရင် ဒီနေ့တော့ စီးရောင်ဖုန်းနဲ့ တွေ့ဖို့မလွယ်ဘူး၊ တကယ်လို့ ကျုပ်တို့ရဲ့နယ်မြေဒေသ အုပ်ချုပ်ရေးအရာရှိတစ်ဦးရဲ့ အာဏာတောင်းခံပြီး စီးရောင်ဖုန်းကို တွေ့ဖို့ကြိုးစားမယ်ဆိုရင်လည်း လွယ်မယ်မထင်ဘူး၊ အင်း ခင်ဗျားအနေနဲ့ ခရိုင်မြို့နယ်ရုံးက ခရိုင်အုပ်ချုပ်ရေးအရာရှိရဲ့ အခွင့်အာဏာတောင်းခံပြီး စီးရောင်ဖုန်းနဲ့ တွေ့မယ်ဆိုရင်လည်း ဆယ့်ငါးရက်လောက် အချိန်ကြာသွားနိုင်တယ် မဟုတ်လား"

ထန်းဆေးကျန်း၏စကားကြောင့် လူအေး၏မျက်နှာမှာ တင်းမာသွားသည်။

လူအေးက အေးဆေးတည်ငြိမ်စွာဖြင့်...

"ခင်ဗျားဆိုလိုတာက ဒီနယ်မြေက အုပ်ချုပ်ရေးအရာရှိတွေကို စီးဂေဟာက ကြောက်စရာအကြောင်း မရှိဘူးပေါ့"

ထန်းဆေးကျန်းက ရယ်မောလိုက်ပြီး..

"ဩော်...လူအေးက ဒေါသထွက်နေပြီကိုး၊ ကျုပ်ပြောတာက ဒီနယ်မြေရဲ့ အုပ်ချုပ်ရေးအရာရှိတွေကို မှုစရာမလိုဘူးဆိုတဲ့အနေနဲ့ပြောတာ မဟုတ်ပါဘူး၊ စီးဂေဟာရဲ့ဂုဏ်သိက္ခာကို ဒီနယ် မြေရဲ့အရာရှိတွေက ယုံကြည်လေးစားမှုထားရှိပြီးသားပါ၊ ဆိုလိုတာကတော့ ခင်ဗျားတို့ကို ခရိုင်ဒေသအုပ်ချုပ်ရေးအရာရှိတွေက ယုံကြည်လေးစားမှုရှိသလိုပေါ့"

ထန်းဆေးကျန်း၏စကားကို လူအေးအနေဖြင့် နားလည်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သားပင် ဖြစ်သည်။

သံမဏိလက်က သက်ပြင်းတစ်ချက် ချလိုက်ပြီး…

"စီးရှောင်ဖုန်းဟာ ရာဇဝတ်မှုကျူးလွန်နေတာ အမှန်ပဲ၊ ကျွန်တော်တို့ ဥပဒေဘက်တော်သားတွေက ဘယ်သူ့ကိုမဆို စုံစမ်းမေးမြန်းဖို့ တာဝန်ရှိကြပါတယ်၊ ဒါကြောင့် စီးရှောင်ဖုန်းနဲ့ တွေ့ဆုံပေးနိုင်ဖို့က ထန်းဆေးကျန်းအနေနဲ့ ဘယ်လောက်အထိ ခက်ခဲနေပါသလဲခင်ဗျာ"

ထန်းဆေးကျန်းက…

"ကျုပ်တို့က တွေ့ခွင့်မပေးချင်လို့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျုပ်ရဲ့သခင်ကြီးကို ဒီနေ့ဒီရက်ပိုင်းအတွင်းမှာ တွေ့ဆုံဖို့ဆိုတာ မဖြစ်နိုင်လို့ပါပဲ"

သံမဏိလက်က မျက်မှောင်တစ်ချက်ကြုတ်၍…

"စီးရှောင်ဖုန်းကိုယ်တိုင်က ဧည့်သည်တွေနဲ့ တွေ့ဆုံဖို့ မလိုလားလို့လား"

ထန်းဆေးကျန်း ခေါင်းခါယမ်းလိုက်ပြီး…

"မဟုတ်ပါဘူး"

"ဒါဆိုရင် စီးရှောင်ဖုန်းရဲ့ဇနီးက တွေ့ခွင့်မပေးစေချင်လို့လား"

ထန်းဆေးကျန်းက…

"မဟုတ်ပါဘူး၊ သခင်ကြီးရဲ့ဇနီးက ဒီရက်အတောအတွင်းမှာ သခင်ကြီးနားမှာ မရှိပါဘူး၊ သခင်ကြီးရဲ့သားငယ်လေးထွက်ပြေး



သွားပြီး ပျောက်ဆုံးနေတာကို စီးဂေဟာကနေထွက်ပြီး လိုက်လံရှာဖွေနေပါတယ်"

လူအေးနှင့်သံမဏိလက်တို့သည် ထန်းဆေးကျန်း၏စကားကို ဂရုစိုက်၍နားထောင်ပြီး ခဏကြာမှ လူအေးက မေးမြန်းလိုက်လေသည်။

"ဒီလိုဆိုရင် စီးရှောင်ဖုန်းနဲ့ ကျွန်တော်တို့ကို တွေ့ဆုံဖို့ မဖြစ်နိုင်ဘူးလို့ ဘယ်သူက တားမြစ်လို့လဲ"

ထန်းဆေးကျန်းက အေးဆေးတည်ငြိမ်စွာဖြင့်…

"ကျုပ် ကိုယ်တိုင်ပါပဲ"

လူအေးက ထန်းဆေးကျန်း၏မျက်နှာကို သေသေချာချာစိုက်ကြည့်လိုက်ပြီး…

"ဘာဖြစ်လို့ တားမြစ်တာလဲ"

ထန်းဆေးကျန်းက…

"ကျုပ်အနေနဲ့ သခင်ကြီးကို နောက်ထပ် ရက်အနည်းငယ်ကြာမှ တွေ့ဆုံပေးချင်လို့ပါ။ အခု ရက်ပိုင်းအတွင်းမှာတော့ သခင်ကြီးကို ဧည့်သည်နဲ့တွေ့ဆုံဖို့ မသင့်လျော်သေးဘူးလို့ ယူဆထားလို့ပါပဲ"

လူအေးနှင့် သံမဏိလက်တို့သည် ထန်းဆေးကျန်းအား စူးစိုက်ကြည့်နေသည်။

သခင်ကြီးစီးရှောင်ဖုန်းနှင့် သူတို့အား တွေ့ဆုံခွင့်မပေးခြင်းမှာ ထန်းဆေးကျန်း၏ဆန္ဒသဘောပင် ဖြစ်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်းဆေးကျန်းသည် လူအေးနှင့်သံမဏိလက်အား တစ်ချက်ကြည့်လိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက်...

"အင်း..ကျုပ်ပြောတဲ့စကားကို ခင်ဗျားတို့နှစ်ဦး သဘောပေါက်နားလည်အောင် ကျုပ်နဲ့အတူလိုက်ခဲ့ကြပါ၊ ခင်ဗျားတို့ နှစ်ဦးနဲ့ သခင်ကြီးစီးရှောင်ဖုန်းနဲ့ တွေ့ပေးပါ့မယ်"

"သခင်ကြီး စီးရှောင်ဖုန်းနဲ့ တွေ့တဲ့အခါကျမှပဲ ကျုပ်ပြောတဲ့စကားကို ခင်ဗျားတို့နှစ်ယောက် သဘောပေါက်နားလည်ကြမှာပေါ့"

ထန်းဆေးကျန်းသည် ထိုင်ရာမှ ထလိုက်လေသည်။

လူအေးနှင့် သံမဏိလက်တို့နှစ်ယောက်လည်း ထိုင်ရာမှ ထလိုက်ကြပြီး စီးအင်းမေနှင့်စီးလျှန်ပူးတို့နှစ်ယောက်လည်း ထိုင်ရာမှ ထလိုက်ကြလေတော့သည်။

♣ ♣ ♣



ထန်းဆေးကျန်းသည် ရှေ့မှဦးဆောင်၍ သွားနေပေသည်။

လူအေးနှင့်သံမဏိလက်တို့သည်လည်း သူ၏နောက်မှ လိုက်ပါလာကြလေသည်။

စီးအင်းမေနှင့် စီးလျှန်ပူးတို့နှစ်ယောက်ကလည်း လူအေးတို့၏နောက်မှ လိုက်ပါလာကြလေသည်။

ထန်းဆေးကျန်းသည် နောက်ဘက်ရှိ အဆောင်များဘက်သို့ ဦးတည်၍သွားနေသည်။

ပန်းခြံဥယျာဉ်ဝင်းကို လှမ်းမြင်နိုင်လောက်သည့် အဆောင်ကြီးတစ်ဆောင်ရှေ့သို့ ရောက်မှ ရပ်တန့်လိုက်ကြပြီး...

ထန်းဆေးကျန်းက လူအေးနှင့် သံမဏိလက်တို့အား အဆောင်တွင်းသို့ ခေါ်ဆောင်သွားလေသည်။

ထိုအဆောင်သည် စာကြည့်ဆောင် တစ်ဆောင်ဖြစ်သည်။

ထန်းဆေးကျန်းက စီးလျှန်ပူးအား ဖရောင်းတိုင်မီး ထွန်းညှိစေလေသည်။ ဖရောင်းတိုင် ထွန်းညှိနေသည်ကို လူအေးနှင့်သံမဏိလက်တို့မှာ အလွန်အံ့အားသင့်သွားလေသည်။

အဘယ်ကြောင့်ဆိုသော် အဆောင်တစ်ဆောင်လုံး ပြတင်းပေါက်မို့ အားလုံးဖွင့်ထား၍ အလင်းရောင်ကောင်းစွာ ရရှိနေခြင်းကြောင့်ဖြစ်သည်။

သို့သော် ဖရောင်းတိုင်ထွန်းညှိရခြင်းမှာ အလင်းရောင်မရှိသော အတွင်းခန်းဆီသို့ သွားရန်ဖြစ်သဖြင့် စီးလျှန်ပူးအား ထွန်းညှိစေခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူအေးနှင့်သံမဏိလက်တို့သည် စီးရှောင်ဖုန်းက အဘယ်ကြောင့် ဧည့်သည်များဆောင်၌ ထွက်၍တွေ့ဆုံခြင်းမပြုသည်ကို တွေးတောနေပေသည်။

ထန်းဆေးကျန်းသည် သူတို့နှစ်ဦးအား အိပ်ခန်းတစ်ခုအတွင်းသို့ ခေါ်ဆောင်လာခဲ့လေသည်။

ထိုအခန်းသည် မည်းမှောင်၍နေလေသည်။

ထန်းဆေးကျန်းသည် ဖရောင်းတိုင်မီးရောင်ဖြင့် နံရံရှိနေရာတစ်နေရာသို့ လက်ဖြင့် စမ်းသပ်လိုက်၏။

မကြာမီပင် ထိုအခန်း၏အတွင်းဘက်နေရာရှိ နံရံပေါက်တစ်ခုရွေ့လျား၍ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရသည်။

ထိုလှိုဏ်ခေါင်းပေါက်မှ တစ်ဆင့်ဝင်လာခဲ့ကြသည်။

ထို့နောက် လှေကားထစ်များကို တွေ့ရပြန်သည်။

ထိုလှေကားအတိုင်း လူအေးတို့ ဆက်လက်ဆင်းလာကြသည်။ ထိုသို့ဆင်းလာခဲ့ရာတွင် မြေတိုက်ခန်းဝသို့ပင် ရောက်လာကြလေသည်။

စွတ်စိုထိုင်းမှိုင်းသော အငွေ့အသက်ကို သူတို့နှစ်ယောက်စလုံး ရှူရှိုက်လိုက်ကြရသည်။ ထိုနေရာ၌ တံခါးလုံးဝမရှိချေ။

သူတို့ ဆက်လက်၍ ဝင်ရောက်လာသောအခါ သံတိုင်များစိုက်ထူထားသော အခန်းငယ်တစ်ခုကို လှမ်းမြင်လိုက်ရလေတော့သည်။

♣ ♣ ♣



## မြေအောက်ခန်းမှလူ

သံတိုင်များ ကာရံထားသော ထိုအခန်းငယ်ကလေးထဲ၌ လူတစ်ယောက်သည် ဝေါက်ပြောင်သော အဖိုးတန်ဝတ်စုံကို ဝတ်ဆင်ထား၏။

သို့သော် ထိုလူဝတ်ဆင်ထားသော ဝတ်စုံမှာ စုတ်ပြဲနေလေသည်။

ကျင်ကြီးကျင်ငယ်အနံ့များက ထိုအချုပ်ခန်းအတွင်းမှ ပျံ့လွင့်ထွက်နေပေသည်။

ထိုလူ၏ဆံပင်များမှာလည်း ဖွာလျားကျဲလျက်ရှိသည်။
နဖူးပြင်ပေါ်၌ ဝဲကျနေပြီး ဆံထုံးမှာလည်း ရွဲ့စောင်းလျက်

www.burmeseclassic.com

www.burmeseclassic.com



သေသေသပ်သပ် လုံးဝမရှိချေ။

ထိုလူသည် ခုတင်သဖွယ် ပြုလုပ်ထားသော ကွပ်ပျစ်တစ်ခု ပေါ်၌နေသည်။

ထိုလူသည် တောက်ပသော မျက်လုံးအစုံဖြင့် သူ၏လက်ထဲမှ အရာတစ်ခုကို စူးစိုက်ကြည့်ရှုနေသည်။

သံတိုင်များ၏ အပြင်ဘက်မှ ခြေသံများကို ထိုလူအနေဖြင့် ကြားကောင်း ကြားပေလိမ့်မည်။

သို့သော် ထိုလူကမူ ဂရုစိုက်ခြင်းမရှိဘဲ သူ့လက်ထဲ၌ ကိုင်၍နေသော အရာတစ်ခုကိုသာ စူးစိုက်ကြည့်နေလေသည်။

သူ့လက်ထဲမှာကိုင်ထားသော အရာတစ်ခုမှာ သူ၏ခြေဖဝါး တစ်ဘက်ပင် ဖြစ်လေသည်။

ထိုသူသည် ခြေဖဝါးကို သေချာစွာစိုက်ကြည့်ပြီး ပါးစပ်မှ တတွတ်တွတ် ပြောဆိုနေပေသည်။

ထိုလူသည် ဘယ်ခြေထောက်ကို ညာဘက်ပေါင်ပေါ် ချိတ် တင်၍ထိုင်နေသည်။

ညာဘက်ခြေထောက်တွင်မူ ဖိနပ်တစ်ဘက်သာရှိပြီး ဘယ် ဘက်ခြေထောက်မှ ဖိနပ်သည် သူ၏အိပ်ရာခေါင်းအုံးပေါ်၌ တင် ထားသည်ကို တွေ့ရလေသည်။

လူအေးတို့လူစုသည် သံတိုင်နားသို့ ရောက်လာသည့်တိုင် အောင် ထိုလူမှာ မော့၍ပင်မကြည့်သေးဘဲ သူ၏ခြေထောက်မှ အ ရေးအကြောင်းများကိုသာ အာရုံစိုက်၍ ကြည့်ရှုနေပေသည်။



ထိုလူက ရုတ်တရက် ကျယ်လောင်စွာ အော်ဟစ်ပြောဆို လိုက်လေသည်။

"ဟား..ကံလမ်းကြောင်းကို အခုမှပဲ တွေ့ရတော့တာကိုး ငါ့ရဲ့ကံဇာတာ အတော်ကလေး ကောင်းနေပါလား၊ အင်း ဒီအတိုင်း ဆိုရင် မကြာမီ ငါ့မှာ အကြီးအကျယ် ပစ္စည်းဥစ္စာဝင်ကိန်းရှိတယ်၊ ဟား ဟား ဟား တယ်ဟုတ်ပါလား"

ထို့နောက်...

"အသက်လမ်းကြောင်းကလည်း တော်တော်ရှည်နေတော့ အသက် တစ်ရာ့ငါးဆယ်ကျော်လောက်အထိ ငါနေရမှာပဲ၊ ဟား ဟား ဟား ကောင်းတယ်၊ ဒါမှ ငါရမယ့် ရွှေတွေ ငွေတွေနဲ့ စံနန်းဂေဟာကြီး တစ်ခု ဆောက်မယ်၊ ပြီးရင် ရှင်ဘုရင်ကြီးဆီက မိန်းမလှလှကလေး တွေ တစ်ရာလောက်အထိ သွားဝယ်ရမယ်၊ ဒီဂေဟာဘရွာက မိန်းက လေးတွေက တစ်ယောက်မှ မလှဘူး၊ ဘာမှလည်း အသုံးမကျဘူး"

ထိုလူသည် ကျယ်လောင်စွာဖြင့် သူပြောချင်ရာတွေကို အဆက်မပြတ် ပြောဆိုနေလေသည်။

သံတိုင်ရှေ့မှ ရပ်နေသူများအား မမြင်သလိုပင် ရှိနေပေ သည်။

ထန်းဆေးကျန်းက လှမ်း၍ခေါ်လိုက်သည်။

"သခင်ကြီး..သခင်ကြီး"

ထန်းဆေးကျန်း၏ အခေါ်အဝေါ်ကြောင့် လူအေးနှင့်သံမ ဏိလက်တို့မှာ အံ့အားသင့်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သံတိုင်အတွင်းသို့ ရောက်ရှိနေသော ထိုလူမှာ စီးဂေဟာသခင်ကြီး စီးရှောင်ဖုန်းပင် ဖြစ်နေလေတော့သည်။

ထိုသို့ စီးဂေဟာသခင်ကြီး စီးရှောင်ဖုန်း ရူးသွပ်နေလိမ့်မည်ဟု လုံးဝမထင်ခဲ့ပေ။

ထန်းဆေးကျန်း၏ အော်ခေါ်သံကို စီးရှောင်ဖုန်းက ကြားဟန်မတူပေ။

ထန်းဆေးကျန်းက အသံကိုမြှင့်၍ ထပ်မံခေါ်လိုက်လေသည်။

"သခင်ကြီး...သခင်ကြီး"

စီးရှောင်ဖုန်းသည် အသံကြားရာဘက်သို့ ဆတ်ခနဲ မော့ကြည့်လိုက်လေသည်။

သံတိုင်ရှေ့တွင် ရပ်နေသော လူငါးဦးကို တွေ့မြင်သွားလေသည်။

ထို့နောက်...

စီးရှောင်ဖုန်းသည် မျက်မှောင်ကြုတ်၍ သူတစ်ခါမှ မမြင်ဖူးသူများကဲ့သို့ စူးစူးစိုက်စိုက် ကြည့်နေလေသည်။

"ဟား...ဟား...ဟား...ခြေဏော မေးကြည့်မလို့နဲ့တူတယ်၊ လာပါ လာပါ၊ ဝင်ခဲ့ကြပါ၊ လောင်လုံ...လောင်လုံ တံခါးလာဖွင့်ပေးစမ်း၊ ဒီမှာ ခြေဏောကြည့်မယ့် ဧည့်သည်တွေ ရောက်နေလို့"

စီးရှောင်ဖုန်း အော်ဟစ်ခေါ်ငင်လိုက်သော လောင်လုံမှာ စီးရှောင်ဖုန်းကိုယ်တိုင် လှေကြီးပေါ်မှာ သတ်ဖြတ်ခဲ့သော အစေ



အပါး ကျွန်ယုံကြီးတစ်ဦးပင် ဖြစ်လေသည်။

ထန်းဆေးကျန်းမှာ သက်ပြင်းတစ်ချက် ချလိုက်ပြီး လူအေးနှင့်သံမဏိလက်တို့အား လှမ်းကြည့်၍ပြောလိုက်သည်။

"ကဲ...ကျုပ်ရဲ့သခင်ကြီး စီးရှောင်ဖုန်းဟာ ရူးသွပ်နေပါပြီ"

စီးရှောင်ဖုန်းက ကွပ်ပျစ်ပေါ်မှ ဝုန်းခနဲ ထရပ်လိုက်ပြီး သံတိုင်နားသို့ ကပ်လာသည်။

စီးရှောင်ဖုန်း၏ မျက်လုံးမှာ ပြူးကျယ်ပြီး မျက်နှာကြီးမှာလည်း မဲ့ရွဲ့လျှက်ရှိနေပြီး...

"ဟော့ကောင် သူခိုး...မင်းက သူခိုးခေါင်းဆောင်မဟုတ်လား ဘယ်မှာလဲ၊ ငါ့ရဲ့အိုပ်ပွမက်ဓားရတနာ ပြောစမ်း၊ မင်းခိုးသွားတယ်မဟုတ်လား၊ ပြန်ပေးစမ်း၊ ပြန်မပေးရင်တော့လား ဟင်း...မင်းကို...မင်းကို"

ထိုသို့ပြောဆိုရင်း သံတိုင်ကြားမှ သူ၏လက်တစ်ဘက် တိုးထွက်လာသည်။

ထို့နောက်...

ထန်းဆေးကျန်း၏ပခုံးကို လှမ်း၍လျင်မြန်စွာ ဆွဲလိုက်သည်။

"ဒီမှာ ဟော့ကောင်သူခိုး၊ ငါ့ညီမကိုလည်း ဘယ်ခေါ်သွားသလဲ၊ မင်းဟာ တော်တော်ယုတ်မာတဲ့ သူခိုးပဲ၊ မင်းနေနှင့်ဦးပေါ့ကွာ၊ မင်းကို လောင်လုံ တံခါးဖွင့်မပေးသေးလို့ပေါ့၊ တံခါးဖွင့်ပေးလို့ ငါအပြင်ရောက်တာနဲ့ မင်းကို စာရင်းရှင်းပစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



စီးရှောင်ဖုန်း၏မျက်လုံးအစုံမှာ မီးဝင်းဝင်းတောက်နေလေသည်။

ထန်းဆေးကျန်းက လူအေးနှင့်သံမဏိလက်တို့အား ခေါင်းခါယမ်းပြလိုက်လေသည်။

"ကဲ...ကျုပ်တို့ သွားကြပါစို့"

သို့နှင့် သူတို့ငါးဦး မြေကိုက်ခန်းအတွင်းမှ ပြန်တက်လာခဲ့ကြလေသည်။

စီးဂေဟာမှ အုပ်ချုပ်ရေးမှူးသုံးယောက်က စီးရှောင်ဖုန်းနှင့် တွေ့ခွင့်မပေးသည်ကို လူအေးနှင့် သံမဏိလက်တို့ သဘောပေါက်သွားကြလေသည်။

ဧည့်ခန်းထဲသို့ ပြန်လည်ရောက်ရှိလာသောအခါ သံမဏိလက်က အားတုံ့အားနာဖြင့်...

"စီးဂေဟာမှာ ဒီလိုအခြေအနေမျိုးထိ ဖြစ်ပျက်နေတာကို ကျွန်တော်တို့ မသိကြလို့ပါ၊ ကျွန်တော်တို့လည်း စိတ်မကောင်းဖြစ်မိပါတယ်၊ အခုလို အတင်းအကြပ် တွေ့ခွင့်တောင်းတာကိုလည်း စိတ်မရှိကြပါနဲ့လို့ တောင်းပန်ပါတယ်"

ထန်းဆေးကျန်းက ခေါင်းညိတ်ပြလိုက်ပြီး...

"ကိစ္စမရှိပါဘူးဗျာ၊ ကာကယ်တော့ စုံစမ်းစစ်ဆေးရေးမှူးကြီးနှစ်ယောက်ဟာ ကျုပ်တို့ရဲ့ စီးဂေဟာစုမှာ နေထိုင်ကြတဲ့ လူတွေရဲ့အရေးကို ဂရုတစိုက် ရှိတယ်ဆိုတာ ကျုပ်တို့အနေနဲ့ သဘောပေါက်နားလည်ပါတယ်"



သံမဏိလက်က တစ်စုံတစ်ရာ စဉ်းစားမိဟန်ဖြင့်...

"ဪ...ဒါနဲ့ စီးဂေဟာသခင်ကြီးရဲ့ သားငယ် ပျောက်ဆုံးတယ်ဆိုတာ ကြားလိုက်မိပါတယ်၊ သခင်ကြီးက စိတ်ဖောက်ပြန်ပြီး သားငယ်လေးကို ဓားနဲ့ခုတ်သတ်တယ်ဆိုတာ အမှန်ပဲလား၊ သူ့ဇနီးကိုကော ထိခိုက်ဒဏ်ရာရအောင် ပြုလုပ်သေးသလား"

ထန်းဆေးကျန်းက...

"ဒီကိစ္စနဲ့ ပတ်သက်ပြီး အဖြစ်မှန်ကိုတောင် ဖွင့်ပြောဖို့ မကောင်းပါဘူး၊ ဒါပေမယ့် ကျုပ်ပြောပြပါ့မယ်၊ ကျုပ်ပြောပြတာတွေကို အပြင်မှာ ပေါက်ကြားခြင်းမရှိဖို့ ခင်ဗျားတို့နှစ်ယောက်ကို ကြိုတင်ပြီး တောင်းပန်ထားပါရစေ"

သံမဏိလက်က ကျုပကာယာပင် ပြန်၍ပြောလိုက်၏။

"စိတ်ချပါ...အပြင်မှာ ပေါက်ကြားခြင်းမရှိအောင် စောင့်ထိန်းပါ့မယ်၊ အဖြစ်အပျက်အစုံအလင်ကိုသာ ပြောပြပါ"

ထန်းဆေးကျန်းက ခေါင်းညိတ်လိုက်ပြီး...

"ကောင်းပါပြီ၊ အခုလိုကြားရတာ အများကြီးပဲ ကျေးဇူးတင်ပါတယ်၊ အဖြစ်အပျက်ကတော့ လွန်ခဲ့တဲ့ လေးရက်လောက်ညပိုင်းမှာ သခင်ကြီးရဲ့ အိပ်ခန်းအောက်ဘက်ကနေ ဆူဆူညံညံ အော်ဟစ်သံတွေ ကြားလိုက်ရပါတယ်"

ထန်းဆေးကျန်းက စကားကို ခေတ္တရပ်နားပြီးမှ...

"ဒါကြောင့် ကျုပ်တို့လည်း အပြေးအလွှားနဲ့ လိုက်သွားကြတယ်၊ ကျုပ်တို့ရောက်သွားတော့ သခင်ကြီးရဲ့ သားငယ်လေးဟာ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်တကြားနဲ့ ပြေးထွက်ပြီး သခင်ကြီးက နောက်ကနေ ဒေါသတကြီးနဲ့ ပြေးလိုက်နေပါတယ်၊ သခင်ကြီးရဲ့လက်ထဲမှာလည်း ဓားတစ်လက်ကိုင်ထားတာ တွေ့ရပါတယ်”

ထန်းဆေးကျန်းက စိတ်မသက်မသာဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။

ပြီးမှ စကားဆက်လိုက်သည်။

“သခင်ကြီးရဲ့ဇနီးက သခင်ကြီးရဲ့နောက်ကနေပြီး သခင်ကြီးကို ငိုယိုတောင်းပန်ပြီး လိုက်ဆွဲနေပါတယ်၊ သခင်ကြီးကိုကြည့်ရတာ ဒေါသတော်တော် ထွက်နေပုံရတယ်၊ မျက်နှာလည်း ကြောက်စရာကောင်းလောက်အောင် နီမြန်းနေပြီး အရက်အလွန်အကျွံသောက်ထားပုံရပါတယ်”

ထန်းဆေးကျန်းက စကားခေတ္တရပ်ပြီး သက်ပြင်း တစ်ချက်ချလိုက်ပြီး ပြောဆိုပြန်သည်။

“သခင်ကြီးရဲ့ ဇနီးကို ဓားနဲ့လှမ်းပြီးတွက်လိုက်ပြီး သားငယ်ကလေးနောက်ကို လိုက်သွားပါတယ်၊ သခင်ကြီးရဲ့ဇနီးက ငိုယိုပြီး သားငယ်ကလေးကို လိုက်သတ်နေပြီဖြစ်ကြောင်း ပြောဆိုလို့ ကျွန်တော်တို့လည်း သခင်ကြီးရဲ့နောက်ကို အပြေးလိုက်ခဲ့ကြရပါတယ်။

အနောက်ဘက် ဥယျာဉ်ကနေ ထွက်လို့ရှိရင် စွားဟူကျန်း မြစ်ကမ်းပါးကို ရောက်ပါတယ်၊ ကျုပ်တို့လည်း အနောက်ဘက်ဥယျာဉ်ကနေထွက်မိတော့ သခင်ကြီးတို့သားအဖနှစ်ယောက် ဘယ်ဘက်ပြေးလို့ ပြေးမှန်းမတွေ့ကြရတော့ပါဘူး၊ ဒါနဲ့ မြစ်ကမ်းပါးအ



တိုင်း လိုက်လာခဲ့ကြတော့ သခင်ကြီးကို တွေ့လိုက်ရပါတယ်၊ သခင်ကြီးဟာ အရူးတစ်ယောက်လို အော်ဟစ်ရယ်မောနေတာကို တွေ့ရပါတယ်”

ထန်းဆေးကျန်းသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး…

ထိုနည်းတူစွာ လူအေးနှင့် သံမဏိလက်တို့သည် သက်ပြင်းချလိုက်လေသည်။

ထန်းဆေးကျန်းက…

“ကျုပ်တို့ ရောက်သွားတော့ သခင်ကြီးက ခွေးကောင်လေး မြစ်ထဲကျသွားပြီလို့ ပြောပြီး ရယ်မောနေတာကို တွေ့ရပါတယ်၊ ကျုပ်တို့လည်း မြစ်ထဲကိုကြည့်တော့ လှိုင်းတွေထနေပြီး ရေစီးအလွန်သန်တဲ့ရေကြောင့် သားငယ်လေးကို အစအနတောင် ရှာမတွေ့တော့ပါဘူး”

သံမဏိလက်က သူသိချင်သော အရာတစ်ခုကို ချက်ချင်းဖြတ်၍ မေးလိုက်သည်။

“ဪ…ဒါနဲ့ စီးဂေဟာရွာမှာနေတဲ့ စီးအနွယ်ဝင်တွေဟာ မြစ်ချောင်းအင်းအိုင်ထဲ မဆင်းရဘူး၊ ရေကူးလည်း မသင်ဘူးဆိုတာ ဟုတ်ပါသလားခင်ဗျာ”

ထန်းဆေးကျန်းက ခေါင်းညိတ်ပြလိုက်ပြီး…

“ဟုတ်ပါတယ်၊ မြစ်ချောင်းအင်းအိုင်ထဲ မဆင်းရဘူး၊ ရေကူးလည်း မသင်ရပါဘူး၊ သားငယ်လေးလည်း ရေမကူးတတ်ပါဘူး၊ မြစ်ထဲကျသွားတယ်ဆိုတော့ သားငယ်လေးဟာ ရေနစ်သေဆုံးသွားဖို့

www.burmeseclassic.com

www.burmeseclassic.com



များပါတယ်”

လူအေးက စဉ်းစားတွေးတောနေရင်းမှ…

“အင်း…သခင်ကြီးဟာ အမှန်တကယ် ဝေဒနာစွဲကပ်နေပြီ ထင်တယ်၊ ခင်ဗျားတို့ အခုလို အခန်းကျဉ်းထဲမှာ ထည့်ထားတာ နည်းလမ်းမကျဘူး၊ သူ့ကို ဘယ်လောက်ကြာတဲ့အထိ ဆက်ပြီးချုပ်ထားဦးမှာလဲ”

ထန်းဆေးကျွန်းက ခေါင်းညိတ်လိုက်ပြီး…

“လူအေးပြောတာ မှန်ပါတယ်၊ အခုလို စိတ္တဇဝေဒနာခံစားနေချိန်မှာ ထိန်းမနိုင်သိမ်းမရလို့ အခုလို ချုပ်ထားရတာပါ”

လူအေးက…

“ဪ…ဒါနဲ့ သခင်ကြီးဇနီးသည်က ဘယ်မှာလဲ”

ထန်းဆေးကျွန်းက…

“ခရီးထွက်နေပါတယ်၊ အခုလို စိတ်မချမ်းမြေ့ဖွယ်ရာတွေကြောင့် တော်တော်ကလေး စိတ်ဆင်းရဲနေပုံရပါတယ်၊ သခင်ကြီးကလည်း သူ့ရဲ့ဇနီးကိုတွေ့တာနဲ့ ရန်ပြုနေလို့ သူ့ခမျာမှာ အနားတောင် မကပ်ဝံ့ဖြစ်နေရှာပါတယ်”

လူအေးက ထပ်မံမေးလိုက်ပြန်သည်။

“ဪ…သခင်ကြီးမှာ ညီတစ်ယောက်နဲ့ ညီမတစ်ယောက်ရှိတယ် မဟုတ်လား”

ထန်းဆေးကျွန်းက ခေါင်းညိတ်ပြလိုက်ပြီး…

“ဟုတ်ပါတယ်၊ သခင်ကြီးမှာ ညီတစ်ယောက်ရှိပါတယ်၊ သူ့



နာမည်က စီးချန်းယင်ပါပဲ၊ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်ရက်က သခင်ကြီးဟာ သူ့ရဲ့ညီကို ဗွားဟူကျွန်းမြစ်ထဲကို ပစ်ချခိုင်းလိုက်ပါတယ်၊ ဒီတော့ သေဖို့ပဲ လမ်းများပါတယ်”

လူအေးက အံ့ဩသွားဟန်ဖြင့်…

“ဒီလိုကိုး ဖြစ်မှဖြစ်ရလေဗျာ၊ ဒီလိုဆိုရင် သခင်ကြီးရဲ့ညီမတစ်ယောက်တော့ စီးဂေဟာမှာ ရှိနေတာပေ့ါနော်”

ထန်းဆေးကျွန်းက သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်ပြန်သည်။

“သခင်ကြီးရဲ့ညီမနာမည်က စီးမေဟုန်လို့ခေါ်ပါတယ်၊ သူကတော့ ဘေးမသီရန်မခ ရှိနေပါတယ်၊ သူ့ရဲ့အစ်ကိုကြီးဖြစ်တဲ့ သခင်ကြီးနဲ့ပေးပြီး အတွေ့မခံစေခဲ့ပါဘူး”

သံမဏိလက်က…

“အခုဆိုရင် သခင်ကြီးက စိတ္တဇဝေဒနာစွဲကပ်နေတော့ စီးဂေဟာရဲ့ကိစ္စအဝဝကို သူ့ညီမ စီးမေဟုန်က တာဝန်ယူထားရပါသလားခင်ဗျာ”

ထန်းဆေးကျွန်းက ခေါင်းခါယမ်းလိုက်ပြီး ရယ်မောလိုက်သည်။

“ဘယ်လိုလုပ်ပြီးတော့ တာဝန်ယူနိုင်ပါ့မလဲဗျာ၊ စီးမေဟုန်ဟာ ကလေးစိတ်ကုန်သေးတာမှ မဟုတ်ဘဲ၊ တစ်နေကုန်တစ်နေ့ခန်းခုန်ပေါက်ပြေးလွှား ဆော့ကစားနေဖို့လောက်ပဲ စိတ်ကူးနေတဲ့ ကောင်မလေးပဲ၊ သူက ယုန်ကလေးတွေ မွေးထားတယ်၊ ငှက်ပစ်

www.burmeseclassic.com

www.burmeseclassic.com



ထွက်တယ်၊ အပြင်ကို ထွက်ပြန်ရင်လည်း ယောကျ်ားလေးတွေနဲ့ ခဏခဏရန်ဖြစ်လာတာ များပါတယ်၊ သူ့ကိစ္စလိုက်လံပြီး ဖြေရှင်းတောင်းပန်နေရပါသေးတယ်"

သံမဏိလက်က ထန်းဆေးကျန်းအား သတိပေးစကားပြောလိုက်သည်။

"အခုလပိုင်း အတောအတွင်းမှာ စွားဟူကျန်းမြစ်ကမ်းပါး ဒေသတဝိုက်မှာ ရက်စက်ဆိုးသွမ်းတဲ့ ဓားပြအဖွဲ့တစ်ခု ပေါ်ပေါက်နေတယ်ဆိုတာ ခင်ဗျားတို့ကြားသိမှာပါ၊ အခုလို စီးဂေဟာမှာ စီးရှောင်ဖုန်း အခြေအနေဆိုးနေတဲ့အချိန်မှာ စီးဂေဟာတစ်ခုလုံးရဲ့ လုံခြုံရေးကို အုပ်ချုပ်ရေးမှူးကြီးသုံးယောက်မှာ တာဝန်ရှိတာမို့ အထူးသတိပြုဖို့လိုပါတယ်"

ထန်ဆေးကျန်းက ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်ပြီးနောက်...

"ဟုတ်ပါတယ်၊ စွားဟူကျန်းမြစ်ကမ်းပါး ဒေသတဝိုက်မှာ ရှိတဲ့ ဂေဟာစုတွေက တိုက်ခိုက်လုယက် သတ်ဖြတ်ပြီး မီးရှို့ပစ်ခဲ့တဲ့ ဓားပြအဖွဲ့ဟာ တော်တော်ကို ရက်စက်တဲ့အဖွဲ့ပါပဲ၊ သူတို့ဝင်တဲ့ ရွာမှာရှိတဲ့ ကလေး၊ လူကြီး၊ လူငယ်၊ လူအိုတစ်ယောက်မကျန် သတ်ဖြတ်ပစ်ခဲ့တာကြီးပဲ"

"ကျုပ်တို့ စီးဂေဟာရွာစုရဲ့ အတွင်းရေးကိစ္စရပ်တွေကိုလည်း ပြင်ပမှာ ပေါက်ကြားမှုမရှိအောင် စီးဂေဟာအဖွဲ့သားတွေနဲ့ ရွာထဲကလူတွေကို မှာကြားထားပြီးသား ဖြစ်ပါတယ်၊ စီးဂေဟာ



သခင်ကြီး စီးရှောင်ဖုန်းရဲ့သတင်းကိုသာ ကြားသွားကြရင်တော့ လူဆိုးသူခိုးတွေက မထိမဲ့မြင် ပြုချင်တဲ့စိတ်နဲ့ ကျုပ်တို့ရဲ့ စီးဂေဟာရွာစုကို ချဉ်းနင်းရန်မူ တိုက်ခိုက်ခံရမှာကို စိုးရိမ်တယ်"

သံမဏိလက်က သူ၏မေးစေ့ကို ပွတ်သပ်လိုက်ပြီး...

"မှန်ပါတယ်၊ စီးဂေဟာရွာရဲ့ပြင်ပကို ပေါက်ကြားခြင်းမရှိအောင် နှုတ်လုံကြဖို့လည်း အထူးလိုအပ်ပါတယ်၊ စီးဂေဟာရွာစုအနေနဲ့ နိုးနိုးကြားကြားနဲ့ လုံခြုံရေးကို ဂရုစိုက်ဖို့ လိုအပ်လှပါတယ်၊ ကျွန်တော်တို့ကလည်း စီးဂေဟာရဲ့သတင်းတွေ ပြင်ပကိုပေါက်ကြားသွားခြင်းမရှိအောင် စောင့်စည်းထားပါ့မယ်၊ သခင်ကြီးကိုလည်း ဒီအတိုင်း ချုပ်နှောင်ထားဖို့ မသင့်ပါဘူး၊ သမားတော်ကြီးတွေခေါ်ပြီး ပြန်လည်ကောင်းမွန်လာအောင် ကုသပေးကြပါ"

ထန်းဆေးကျန်းက...

"ဟုတ်ကဲ့...အထူးပဲ ကျေးဇူးတင်မိပါတယ်"

သံမဏိလက်က ထပ်မံမေးလိုက်သည်။

"စီးရှောင်ဖုန်းရဲ့ညီမ စီးမေဟုန်ကလည်း ထွက်လာတာ မမြင်ရပါလားခင်ဗျာ"

ထန်းဆေးကျန်းက ခေါင်းငုံ့ဖြေကြားလိုက်သည်။

"ဒီရက်ပိုင်း အတောအတွင်းမှာ သူလည်း စိတ်ညစ်နေပုံရတယ်၊ ဒါကြောင့် အိမ်မှာသိပ်ကပ်တယ် မရှိပါဘူး၊ အပြင်ကိုထွက်နေတဲ့အချိန်ကပဲ များပါတယ်"

ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



သံမဏိလက်က ထိုင်ရာမှ ထလိုက်သည်။

လူအေးကလည်း ထိုင်ရာမှ ထလိုက်သည်။

သံမဏိလက်က ထန်းဆေးကျွန်းအားအရိုအသေပြုလိုက်သည်။

"စီးဂေဟာအုပ်ချုပ်ရေးမှူးတို့ကို ကျွန်တော်တို့ တောင်းပန်ပါတယ်၊ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

ထန်းဆေးကျွန်းက လက်ခါပြလိုက်ပြီး…

"အို…ကိစ္စမရှိပါဘူး၊ ခင်ဗျားတို့ တကယ့်ကို အကြားအမြင်များပြီး သတင်း အင်မတန်မြန်ဆန်တဲ့လူတွေပဲ၊ အခုလို ကျုပ်တို့ရဲ့ စီးဂေဟာကိုရောက်လာကြတာကိုက ကျုပ်တို့ရဲ့ စီးဂေဟာရွာစုကို ဂရုစိုက်လို့ပဲဆိုတာကို ဂုဏ်ယူမိပါတယ်၊ ကျုပ်တို့ရဲ့စီးဂေဟာမှာ ဖြစ်ပျက်နေတဲ့ကိစ္စတွေကို ခင်ဗျားတို့က ဘယ်နေရာကများ ကြားသိလာခဲ့ကြသလဲ"

လူအေးက ပြုံးလိုက်ပြီး…

"ကျွန်တော်တို့ ဒီအကြောင်းတွေကို သိရတာက ဒီလိုပါ၊ စီးရှောင်ဖုန်းဟာ သူ့ရဲ့ညီနဲ့ချင်းကိုလို့ ဂေဟာက အကမယ်လေး တစ်ယောက်တို့ကို လေ့သမ္ဘာန်ကြီးပေါ်ကနေ ပစ်ချလိုက်တဲ့အချိန်မှာ ကျွန်တော်တို့နှစ်ယောက်ဟာ စွားပူကျွန်းမြစ်ရဲ့တစ်ဘက်ကမ်းစပ်မှာ ထိုင်နေကြပါတယ်"

လူအေး၏စကားကြောင့် အုပ်ချုပ်ရေးမှူးကြီးသုံးယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိပြန်သည်။



သူတို့သုံးဦးစလုံး အံ့အားသင့်သွားကြလေသည်။

စီးအင်းမေက ချက်ချင်းပင် လူအေးအား မေးမြန်းလိုက်သည်။

"ဒီလိုဆိုရင် သခင်လေးစီးချန်းယင်နဲ့ သူ့ချစ်သူစုကျန်းတို့ကော"

လူအေးသည် အေးဆေးတည်ငြိမ်စွာဖြင့်…

"ကျွန်တော်(တို့)နှစ်ယောက်က ရေထဲကျသွားတဲ့ သူတို့နှစ်ယောက်ကို တွေ့မြင်လိုက်ရလို့ အချိန်မီ ကယ်တင်နိုင်ခဲ့ပါတယ်၊ သူတို့နှစ်ယောက် ကျွန်တော်တို့ဆီမှာ ရှိနေပါတယ်"

ထိုအခါ အုပ်ချုပ်ရေးမှူးသုံးယောက်စလုံး၏ မျက်နှာမှာ ရွှင်လန်းဝမ်းသာသော အမူအရာများသို့ ချက်ချင်းပြောင်းသွားကြလေသည်။

ထန်းဆေးကျွန်းက ပြုံးရွှင်စွာဖြင့်…

"ဝမ်းသာစရာပဲဗျာ၊ အခုလို ကျုပ်တို့ရဲ့သခင်လေး စီးချန်းယင်နဲ့ သူ့ချစ်သူ စုကျန်းတို့ကို ကယ်တင်ပေးခဲ့တဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်"

လူအေးနှင့်သံမဏိလက်တို့က နှုတ်ဆက်စကား ဆိုလိုက်သည်။

"သူတို့နှစ်ယောက်က မကြာမီ ရက်အပိုင်းအတွင်းမှာ သူတို့ အိမ်ပြန်သွားနိုင်ကြတော့မှာပေါ့၊ အခု သူတို့နှစ်ယောက်စလုံး ကျွန်တော်တို့ တည်းခိုနေတဲ့ အိမ်မှာပဲ အနားယူနေကြပါတယ်၊ ကဲ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်တို့ကို ပြန်ခွင့်ပြုပါဦး”

အုပ်ချုပ်ရေးမှူးကြီးသုံးယောက်သည် လူအေးနှင့်သံမဏိ လက်တို့အား စီးဂေဟာဂိတ်ပေါက်ဝအထိ လိုက်ပို့ပေးကြလေသည်။



## ရန်သူလောမိတ်ဆွေလော

လူအေးနှင့်သံမဏိလက်တို့သည် စီးဂေဟာမှ ထွက်ခွာလာခဲ့ကြလေသည်။

သူတို့နှစ်ယောက်သည် လမ်းလျှောက်ရင်း စကားပြောလာကြသည်။

လူအေးက သံမဏိလက်ကို လှည့်၍စကားပြောလေသည်။

“ထန်းဆေးကျုန်းဆိုတဲ့လူဟာ အရည်အချင်း အတော်ပြည့်ဝတဲ့လူတစ်ယောက်ပဲ အစ်ကို၊ သူ့ကို တော်ရုံတန်ရုံလူက ယှဉ်ပြိုင်ဖို့ လုံးဝမလွယ်ကူနိုင်ဘူး”

သံမဏိလက်က သဘောကျစွာ ရယ်မောပြီး ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူအေးက စကားဆက်လိုက်ပြန်သည်။

"စီးအင်းမေနဲ့ စီးလျှန်ပူးတို့က သူတို့ကိုယ်သူတို့ အထင်ကြီးတတ်တဲ့လူစားမျိုးဖြစ်ပြီး ထန်းဆေးကျန်းကတော့ သူ့ရဲ့အရည်အချင်းအစစ်အမှန်ကို သိုဝှက်ထားတတ်တဲ့ လူစားမျိုးပဲဖြစ်လိမ့်မယ်"

သံမဏိလက်က ခေါင်းညိတ်ပြီး...

"ထန်းဆေးကျန်းက ရန်သူကို ရင်ဆိုင်နိုင်တောင်မှ ရန်မပြုချင်တဲ့ဟန်မျိုးနဲ့ ဆက်ဆံမယ့်လူစားမျိုးပဲ၊ သူက ရန်ပြုမယ်လို့ ကြံစည်ရင်တောင် တစ်ဘက်ရန်သူက သူ့ကို အကဲခတ်နိုင်ဖို့ခက်နေလိမ့်မယ်"

လူအေးက သက်ပြင်းတစ်ချက်ချရင်းမှ ပြောဆိုလိုက်သည်။

"အင်း..ထန်းဆေးကျန်းလိုလူမျိုးနဲ့ ရင်ဆိုင်ရမယ့်သူဟာ တော်တော့်ကို အန္တရာယ်ကြီးမားမှာတော့ သေချာတယ်"

သံမဏိလက်က ပြုံး၍...

"တို့နဲ့ထန်းဆေးကျန်းတို့နဲ့ ရန်သူတွေတော့ မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်"

သံမဏိလက်က စကားပြောနေရင်းမှ ခြေလှမ်းကို တုန့်ခနဲ ရပ်လိုက်ပြီး...

"ဒါပေမယ့် တို့ရဲ့နောက်က နောက်ယောင်ခံလိုက်လာတဲ့ လူက စီးဂေဟာက လူတစ်ယောက် ဖြစ်နေမယ်ဆိုရင်တော့ ထန်းဆေးကျန်းက တို့အပေါ် ဘယ်လိုသဘောထား ရှိနိုင်မယ်ဆိုတာ စဉ်းစားရလိမ့်မယ်"



သံမဏိလက်၏စကားကြောင့် လူအေးက နောက်သို့ချက်ချင်းလှည့်ကြည့်လိုက်သည်။

သူတို့နှစ်ဦးသည် တောအုပ်တစ်ခုရှေ့မှ ဖြတ်သန်း၍လာကြပြီးဖြစ်၏။

စီးဂေဟာသည် သူတို့နောက်မှ ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေသည်။

တောအုပ်ကလေး၏ရှေ့၌ လူသွားလမ်းဖုံဖုံကလေး ရှိနေလေသည်။

လမ်းမကြီးမဟုတ်သဖြင့် လူသူကင်းရှင်း၍နေသည်။

သူတို့နောက်ဘက်မှ အမျိုးသမီးတစ်ဦး လိုက်ပါလာသည်ကို တွေ့လိုက်ရသည်။

ထိုအမျိုးသမီးသည် ဝါးခမောက်ကို ဆောင်းထားခြင်းကြောင့်မျက်နှာကို ကောင်းစွာမမြင်ရပေ။

ထိုအမျိုးသမီးသည် သူတို့နှစ်ဦး ခြေလှမ်းရပ်တန့်လိုက်သည်နှင့် သူမ၏ခြေလှမ်းမှာလည်း ရပ်တန့်၍သွားပေတော့သည်။

သူမ၏အမူအရာမှာ ရိုးသားမှုမရှိကြောင်း သူမ၏အသွင်ဟန်က ဖော်ပြနေသည်။

လူအေးနှင့် သံမဏိလက်တို့သည် ရပ်၍ အမျိုးသမီးအား လှည့်ကြည့်လိုက်သည်။

ထိုအမျိုးသမီးသည် ရှေ့သို့ဆက်လှမ်းရကောင်းနိုးနိုး နောက်သို့ပြန်လှည့်ရ ကောင်းနိုးနိုးဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် သံမဏိလက်က လှမ်းပြောလိုက်သည်။

"ဆက်လျှောက်ခဲ့ပါ၊ ကျုပ်တို့က လူကောင်းတွေပါ၊ ခင်ဗျား လမ်းခင်ဗျား လျှောက်တာဆိုရင်တော့ ကျုပ်တို့ကို ဖြတ်ကျော်သွားနိုင်ပါတယ်"

ထိုအမျိုးသမီးသည် ခေါင်းကိုငုံ၍ နားထောင်နေသည်။

ခဏကြာမှ ခြေလှမ်းစိတ်စိတ်ဖြင့် ဆက်၍လျှောက်လာသည်။

ထိုအမျိုးသမီးသည် သူတို့နှစ်ဦးအနားသို့ ရောက်ကာနီး၌ ခြေလှမ်းရပ်တန့်လိုက်ပြီး အသင့်ပါလာသောတုတ်ဖြင့် သူတို့နှစ်ဦးအား စတင်တိုက်ခိုက်လိုက်လေသည်။

ထိုတုတ်ချောင်းမှာ ဆေးနီသုတ်ထားပြီးနောက်ကျောဘက်၌ ထိုတုတ်ချောင်းကို ကွယ်ဝှက်ကာ ကိုင်ဆောင်လာခြင်းဖြစ်လေသည်။

လူအေးနှင့် သံမဏိလက်တို့သည် ထိတ်လန့်တုန်လှုပ်စွာဖြင့် နောက်သို့ ခုန်ရှောင်လိုက်သည်။

ထိုအမျိုးသမီးနှင့် ဆယ်ပေခန့်အကွာသို့ ရောက်ရှိသွားသည်။

ထိုအမျိုးသမီးက ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ရပ်တန့်နေသည်။

သံမဏိလက်ကမူ သတိထား၍ ထိုအမျိုးသမီး၏လှုပ်ရှားမှုကို ကြည့်နေ၏။



ထိုအမျိုးသမီးသည် သူ၏တုတ်ကို ပြန်၍ချလိုက်ပြီး ဦးခေါင်းပေါ်မှ ခမောက်ကို ဆွဲလှန်လိုက်သည်။

ထိုအခါ ထိုအမျိုးသမီး၏ လှပဖြူဖွေးသော မျက်နှာကိုမြင်တွေ့လိုက်ကြရသည်။

သူမ၏မျက်လုံးမှာ ကြည်လင်တောက်ပပြီး နှုတ်ခမ်းမှာ နီထွေးနေသည်။

နားနှစ်ဘက်တွင် ရွှေရောင်နားသံသီးကလေးများက လှုပ်ခါလျှက်ရှိသည်။

လူအေးသည် ထိုကဲ့သို့သော ချောမောလှပသော မိန်းမပျိုကလေးကို တိုက်ခိုက်ရန်မှာ မဖြစ်ပေ။

ရက်စက်စွာ မတိုက်ခိုက်ရက်အောင် ဖြစ်နေသည်။

သံမဏိလက်က မျက်မှောင်ကြုတ်ပြီး…

"မိန်းကလေး ဒါဘယ်လိုသဘောနဲ့ လုပ်တာလဲ"

"ဟင်း…ဟင်း…ဟင်း"

မိန်းကလေးက ရယ်မောလိုက်သည်။

သူမ၏အသက်မှာ နှစ်ဆယ်ခန့်မျှသာ ရှိသည်။

မိန်းကလေးက…

"ရှင်တို့ကလည်း ကျွန်မက တုတ်ကလေးနဲ့ကျီစားလိုက်တာကိုများ ပြူးတူးပြဲတဲ ဒေါသတကြီးနဲ့ မေးနေရသလား"

သံမဏိလက်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး…

"မင်းရဲ့လက်ထဲက တုတ်လား၊ တော်တော် ရယ်ဖို့ကောင်း

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မင်းလက်ထဲက တုတ်ချောင်း ဟုတ်မဟုတ်ကို ကျုပ်မသိလို့ ချောင်းတိမ်းလိုက်ရတာပါ"

"အင်း..ရှင်တို့ဟာ နာမည်ကျော် စုံစမ်းရေးမှူးကြီးတွေပဲ ကိုး"

သံမဏိလက်က ထိုအမျိုးသမီးအား စိုက်ကြည့်လိုက်ပြီး...

"မင်း ဘယ်သူလဲ"

ထိုအမျိုးသမီးက ပြုံးစစဖြင့်...

"ငွေယုန်သခင်မ"

သံမဏိလက်က မဲ့ပြုံးပြုံး၍...

"ငွေယုန်သခင်မ ဟုတ်လား၊ နာမည်နဲ့မလိုက်အောင် ကြမ်းကြမ်းတမ်းတမ်းနဲ့ တယ်ပြီးမိုက်ရိုင်းပါလား"

သံမဏိ၏စကားကြောင့် ထိုအမျိုးသမီးမှာ ဒေါသထွက်သွားသည်။

ထိုအမျိုးသမီးက...

"ရှမ်း"

ထိုအမျိုးသမီးသည် ခြေတစ်လှမ်းမျှဆုတ်ပြီး ယှဉ်ပြိုင်ရန် အသင့်အနေအထားဖြင့် နေလေသည်။

ထိုအမျိုးသမီးသည် လက်ထဲမှဓားကို ဝှေ့ယမ်းလိုက်သည်။

ပါးလျားသော ဓားမှ စိမ်းပြာရောင်တလက်လက်ဖြင့် တောက်ပစွာ ပေါ်ထွက်လာသည်။

ထိုအမျိုးသမီးက...



"ရှင်တို့နှစ်ယောက်ကို သိုင်းလောကထဲမှာ လူအေးနဲ့သံမဏိလက်လို့ နာမည်ကြားရုံနဲ့ ကြောက်ရွံ့ကြတယ်၊ ဒါပေမယ့် ကျွန်မကတော့ ရှင်တို့နှစ်ယောက်ဟာ ခပ်နွဲ့နွဲ့ ခပ်ပျော့ပျော့တွေပဲလို့ ထင်တယ်၊ ဟင်း...ဟင်း...ဟင်း"

ထိုအမျိုးသမီးက လူအေးနှင့်သံမဏိလက်တို့အား ရန်စလိုက်လေသည်။

သံမဏိလက်က...

"မင်း ကျုပ်တို့ရဲ့နာမည်ကို ဘယ်လိုလုပ်သိသလဲ"

"ရှင်တို့နာမည်ကို ဗွားဟူကျန်းမြစ်ဝှမ်းဒေသတဝိုက်မှာ လူတွေ တော်တော်များများ သိကြပါတယ်"

သံမဏိလက်က သူ၏တင်းမာသော မျက်နှာထားကို ရုတ်တရက်ပြောင်းလိုက်ပြီး...

"အစ်မလေးစီး လက်ထဲကဓားကို ရုပ်သိမ်းလိုက်ပြီးကျုပ်တို့နဲ့စကားကောင်းကောင်း ပြောကြရအောင်"

သံမဏိလက်၏စကားကြောင့် ထိုအမျိုးသမီးမှာ အံ့အားသင့်သွားသည်။

"ရှင်..ရှင်က ကျွန်မဟာ စီးအနွယ်ဝင်မှန်း ဘယ်လိုလုပ်သိထားတာလဲ"

သံမဏိလက်က သဘောကျစွာ ပြုံးရယ်လိုက်၏။

"ကျုပ်က အစ်မလေးစီးနာမည်ကို သိထားပြီးသားဖြစ်နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ခင်ဗျားရဲ့နာမည်က စီးမေဟုန်မဟုတ်လား၊ စောစောက ရမ်းကားမှုနဲ့ ပတ်သက်ပြီး ခင်ဗျားကို ချုပ်ထားရလိမ့်မယ်"

"ဟွန်း…ကျွန်မကို ဖမ်းကြည့်စမ်းပါလား"

စီးမေဟုန်က ပြောပြောဆိုဆိုဖြင့် သူမ၏လက်ထဲမှ ဓားဖြင့် စတင်ဝှေ့ယမ်း တိုက်ခိုက်လိုက်လေသည်။

သံမဏိလက်က ဓားကို ဆွဲထုတ်ခြင်းမပြုပေ။

စီးမေဟုန်၏ဓားချက်ကိုသာ ယိမ်းကာနွဲ့ကာ ရှောင်တိမ်းနေသည်။

လူအေးက ဘေးမှရပ်ကြည့်ကာ ရယ်မောပြီး ပြောဆိုလိုက်လေသည်။

"ဟား…ဟား…ဟား…စီးဂေဟာရဲ့ ဝိညာဉ်ပျောက် ဓားသိုင်းကွက်တွေကတော့ လက်ထဲမှာ တဝီဝီဖြစ်နေတာပဲ"

ထိုအခါ စီးမေဟုန်၏ဓားဦးသည် လူအေးဘက်သို့ လှည့်၍ တိုက်ခိုက်လိုက်သည်။

လူအေးက နောက်သို့ ဆုတ်ရှောင်လိုက်ပြီး…

"ကျွန်တော် မပါဘူးခင်ဗျာ"

ထို့ကြောင့် စီးမေဟုန်၏မျက်နှာမှာ နီမြန်းလျှက်ရှိပြီး လူအေးအား ဆက်လက်တိုက်ခိုက်လိုက်လေ၏။

စီးမေဟုန်က မာန်သွင်း၍ လူအေးအား ဆက်လက်တိုက်ခိုက်လိုက်သည်။



စီးမေဟုန်၏ဓားချက်က လူအေးရင်ဝဆီသို့ သွင်းလိုက်လေ၏။

သို့သော် လူအေး၏ရင်ဝကို မထိဘဲ လေကိုသာ ထိုးသွင်းမိသွားလေသည်။

စီးမေဟုန်မှာ အံ့အားသင့်သွားရလေသည်။

လူအေး၏ကိုယ်လုံးကို ဆတ်ခနဲ လှုပ်ရှားလိုက်သည်ကိုမူ သူမ တွေ့လိုက်၏။

သို့သော် မည်ကဲ့သို့ ရှောင်တိမ်းလိုက်သည်ကို သူမ မမြင်တွေ့လိုက်ရပေ။

သံမဏိလက်သည် ရပ်၍ကြည့်ပြီး သဘောကျစွာ ပြုံးလိုက်လေသည်။

စီးမေဟုန်သည် သူမ၏ဓားကိုလက်ထဲမှ စိတ်ဆိုးမာန်ဆိုးဖြင့် မြေပေါ်သို့ပစ်ချလိုက်ပြီး မြေထောက်ကို ဆောင့်လိုက်၏။

သူ၏မျက်နှာမှာ ချက်ချင်းပင် ပြောင်းလဲသွားသည်။

မျက်လုံးအိမ်အတွင်းမှ မျက်ရည်စများ ချက်ချင်းပင်ရစ်ဝဲလာလေသည်။

လူအေးက ကြောင်၍ကြည့်နေလေသည်။

"မိုးမေဟုန်…မင်းရဲ့ဓားချက်ဟာ သိပ်ကောင်းပါတယ်၊ မြန်လည်းမြန်တယ်၊ ဒါပေမယ့် ဆန္ဒစောပြီး တိုက်ခိုက်တာဖြစ်လို့ ရှောင်ရှားစေနိုင်တဲ့ အခွင့်အရေးတွေရသွားတာပါ၊ တကယ်လို့ ဆန္ဒမစောဘဲ တည်တည်ငြိမ်ငြိမ်နဲ့သာ တိုက်ခိုက်မယ်ဆိုရင် လူအေးရင်ဝကို

www.burmeseclassic.com



မင်းမားသွား စိုက်ဝင်သွားမှာ သေချာတယ်”

သံမဏိလက်က ပြောရင်း လူအေးအား အစိပ္ပါယ်ပါပါ ကြည့်လိုက်သည်။

သူမသည် ငိုမဲ့မဲ့ဖြစ်နေရာမှ သံမဏိလက်ကို လှမ်း၍ကြည့်လိုက်သည်။

သံမဏိလက်က စီးမေဟုန်၏ဓားကို ကောက်ယူပြီး သေချာစွာ ကြည့်ရှုလိုက်သည်။

ထို့နောက် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

“အင်း...တော်တော့်ကို ကောင်းတဲ့ဓားတစ်လက်ပါပဲ၊ ဓားသွားကလည်း မြနေအောင် ထက်နေတာပဲ”

ထို့နောက် စီးမေဟုန်လက်ထဲသို့ ဓားထည့်ပေးလိုက်၏။

လူအေးက ခပ်ပြုံးပြုံး ရှေ့သို့တိုး၍လျှောက်လာ၏။

စီးမေဟုန်က တစ်စုံတစ်ရာကို စဉ်းစားလိုက်ပြီး လူအေး၏မျက်နှာကို ကြည့်လိုက်သည်။

ထို့နောက် စီးမေဟုန်က မကျေမနပ်ဖြင့် လူအေးနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်ပြီး...

“ဖြန်း”

စီးမေဟုန်၏လက်က လူအေး၏ပါးပြင်ပေါ်သို့ ရိုက်ချလိုက်လေသည်။

စီးမေဟုန်၏ဓားချက်ကို မထိအောင် ရှောင်နိုင်သော်လည်း သူ၏လက်ဝါးဖြင့် ရိုက်လိုက်မှုကို လူအေး မရှောင်နိုင်ပါချေ။



လူအေး၏ညာဘက် ပါးပြင်မှာ နီမြန်းသွားပေသည်။

သံမဏိလက်က လူအေးကို မျက်မှောင်ကြုတ်၍ တစ်ချက်ကြည့်လိုက်သည်။

စီးမေဟုန်၏မျက်နှာမှာ ယခုမှ ပြုံး၍လာသည်။

လူအေး၏ပါးပြင်ကို သူမက ထိထိမိမိ ရိုက်နိုင်ခဲ့သောကြောင့်ပင်ဖြစ်သည်။ သံမဏိလက်က ဝင်ပြောလိုက်၏။

“ကဲ...ကဲ...စီးမေဟုန် ကျေနပ်ပြီ မဟုတ်လား”

စီးမေဟုန်က ကျေနပ်စွာ ပြုံးပြလိုက်သည်။

သံမဏိလက်က...

“စီးမေဟုန် ကျုပ်တို့နောက်ကို ဘာဖြစ်လို့ လိုက်လာတာလဲ”

စီးမေဟုန်က ပြုံးလိုက်ပြီး...

“ကျွန်မ စောစောကပဲ စီးဂေဟာကို ပြန်ရောက်ပါတယ်၊ တံခါးစောင့်မှူးစီးကုက ခရိုင်မြို့နယ် အုပ်ချုပ်ရေးရုံးက စုံစမ်းစစ်ဆေးရေးမှူးကြီးနှစ်ယောက် လာသွားတယ်လို့ ပြောတယ်၊ ကျွန်မလည်း စီးလျှန်ဂူးကိုရှာပြီး မေးပါတယ်၊ သူက ကျွန်မရဲ့အစ်ကိုလေး စီးချန်းယင်ကို ရှင်တို့က ကယ်တင်ထားတယ်လို့ ပြောကြပါတယ်၊ ဒါနဲ့ ကျွန်မ ရှင်တို့နောက်ကို လိုက်လာတာပါ”

စီးမေဟုန်က ဆက်ကာ ပြောပြန်သည်။

“လွန်ခဲ့တဲ့လကတည်းက ရှင်တို့နှစ်ယောက် ဗွားဟူကျုန်းမြစ်ကမ်းပါးကအိမ်မှာ တည်းခိုကြတယ်ဆိုတာ သိထားပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကတောင် အစ်ကိုကြီး စီးရှောင်ဖုန်းနဲ့ အစ်ကိုတို့နဲ့ တွေ့ဆုံမိတ်ဆက်ဖို့ ပြောပြပါသေးတယ်"

သံမဏိလက်က စိတ်ဝင်စားဟန်ဖြင့်....

"ဒီတော့ စီးဂေဟာသခင်ကြီးက ဘယ်လိုများ ပြန်ပြောပါသလဲ"

စီးမေဟုန်က နှုတ်ခမ်းစူလိုက်ပြီး...

"ကျွန်မ အဲဒီလိုပြောတော့ အစ်ကိုကြီးမျက်နှာ ညိုးသွားတယ်၊ ဘာမှလည်းပြန်မပြောဘူး၊ အဲဒါနဲ့ ကျွန်မလည်း ဆက်မပြောတော့ပါဘူး၊ အဲဒီအချိန်ကတည်းက စတင်ဖောက်ပြန်နေပြီလား မသိဘူး၊ အခုတော့ အစ်ကိုကြီးက စိတ္တဇဝေဒနာရှင်ကြီး ဖြစ်နေပြီ၊ ကိုယ့်ရဲ့ညီအရင်းကိုလည်း ရက်ရက်စက်စက် ရေထဲပစ်ချ သတ်တယ်၊ ကျွန်မလည်း အဲဒီတုန်းက အိမ်မှာမရှိဘူး၊ ဒါကြောင့် လေ့သမ္ဗာန်ကြီးနဲ့အတူ စွားဟူကျွန်းမြစ်ထဲကို မလိုက်ဖြစ်ခဲ့ပါဘူး"

သံမဏိလက်က...

"ကျုပ်တို့နှစ်ယောက် စွားဟူကျွန်းမြစ်ကမ်းပါးက အိမ်တစ်အိမ်မှာ ရောက်နေတယ်ဆိုတာ ဘယ်သူများ ပြောပြလို့လဲ"

စီးမေဟုန်က ပြုံးလိုက်ပြီး...

"ချူဖုန်းက ပြောပြတာပါ"

ထိုအခါမှ လူအေးနှင့် သံမဏိလက်တို့ သဘောပေါက်နားလည်သွားကြလေသည်။

♣ ♣ ♣



## သခင်ကြီးအတွက် အဖြေခက်

ချူဖုန်းသည် စွားဟူကျွန်းမြစ်ကမ်းပါးတွင် နေထိုင်သူဖြစ်သည်။

လူအေးနှင့် သံမဏိလက်တို့နှင့် ရင်းနှီးသောမိတ်ဆွေတစ်ယောက်ဖြစ်ပေသည်။

တစ်ချိန်သောအခါက လူအေးနှင့် သံမဏိလက်တို့သည် ချူဖုန်း၏ အသက်အန္တရာယ်ကို ကယ်တင်ပေးခဲ့ဖူးသည်။

ချူဖုန်းသည် သိုင်းသမားတစ်ယောက် ဖြစ်ပေသည်။

သူသည် စွားဟူကျွန်း မြစ်ကမ်းပါးဒေသတစ်ဝိုက်၌ နာမည်ကြီးသော သိုင်းသမားတစ်ယောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချူဖုန်းကလည်း သူတို့နှစ်ယောက်အား တတ်နိုင်သမျှ အကူအညီပေးလျှက်ရှိသည်။

ချူဖုန်းသည် စွားဟူကျန်းမြစ်ဝှမ်းဒေသတဝိုက်၌ ရွာလုံးကျွတ်တိုက်ခိုက်သတ်ဖြတ်ခဲ့သောကိစ္စကို စုံစမ်းထောက်လှမ်း နေသူဖြစ်သည်။

ထန်ဂေဟာရွာကို သတ်ဖြတ်မီးရှို့ ဓားပြတိုက်ခံရသောည က ချူဖုန်းတစ်ယောက် အိမ်တွင်ရှိမနေပါ။

ခရီးထွက်နေသောကြောင့် ဖြစ်သည်။

နောက်တစ်နေ့၌ ပြန်ရောက်သောအခါ လူအေးကို ဒဏ်ရာနှင့်တွေ့လိုက်ရလေသည်။

ချူဖုန်းသည် သတင်းအစအနတစ်ခု ရရှိထားသဖြင့် သွားရောက်စုံစမ်းနေခြင်းသာ ဖြစ်သည်။

သို့သော် သူ့အနေဖြင့် မည်သည့်သတင်းမျှ မရခဲ့ချေ။

စွားဟူကျန်းမြစ်ဝှမ်းဒေသတဝိုက်တွင်သာ နောက်ထပ် သတ်ဖြတ်မီးရှို့တိုက်ခိုက်ခြင်း ထပ်မံဖြစ်ပွားခြင်းကြောင့် တက်တစ်ခေါက်ခေါက်နှင့် မကျေမနပ် ဖြစ်နေပေသည်။

သံမဏိလက်ကမူ သတင်းထူးများ ရရှိလာခဲ့သည်။

သို့သော် ယခုမူ သံမဏိလက်က အံ့သြနေသည်။

ချူဖုန်းသည် သူတို့နှစ်ဦး စွားဟူကျန်းမြစ်ကမ်းပါး၌ စတည်းချ နေထိုင်ခဲ့သည်ကို လွန်ခဲ့သောလကတည်းကပင် စီးမေဟုန်အား ပြောပြခဲ့ပြီးဖြစ်သည်။



ထိုအချက်ကို သံမဏိလက် နားမလည်နိုင်ဖြစ်နေပေသည်။

စီးမေဟုန်၏ ကြည်လင်သောအသံ ထပ်မံပေါ်ထွက်လာသည်။

"နာမည်ကြီး စုံစမ်းစစ်ဆေးရေးမှူးကြီးနှစ်ယောက်ဖြစ်တဲ့ လူအေးနဲ့သံမဏိလက်တို့ဆိုတာ ဘယ်လိုပုံစံမျိုးရှိတယ်ဆိုတာ သိချင်မြင်ချင်တယ်လေ"

သံမဏိလက်က သက်ပြင်းဒဏ်ချက်ချလိုက်ပြီး လူအေးဘက်သို့ လှည့်ကြည့်လိုက်လေသည်။

လူအေးက စကားတစ်ခွန်းမျှ မပြောဘဲ ငြိမ်သက်စွာ ရပ်နေသည်။

သံမဏိလက်က...

"စီးမေဟုန် ကျုပ်တို့ကို စီးဂေဟာသခင်ကြီး စီးရှောင်ဖုန်း ဘယ်လိုဘယ်ပုံ စိတ်နောက်သွားတယ်ဆိုတာ ပြောမပြနိုင်ဘူးလား"

စီးမေဟုန်က မျက်နှာညှိုးငယ်စွာဖြင့်...

"ကျွန်မရဲ့အစ်ကိုကြီး စီးရှောင်ဖုန်းဟာ အရင်တုန်းက အလွန်သဘောကောင်းပါတယ်၊ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့သူဖြစ်ပါတယ်၊ လွန်ခဲ့တဲ့ နှစ်ကစပြီး တမှိုင်မှိုင်တတွေတွေဖြစ်လာတာကို ကျွန်မ သတိထားပါတယ်၊ ပြီးတော့ အခုလပိုင်းအတွင်းမှာ ပိုပြီး ရွှင်ရွှင်လန်းလန်းမရှိတာကို တွေ့ရပါတယ်၊ အရက်လည်း အလွန်အကျွံသောက်တာကို တွေ့ရပါတယ်"

စီးမေဟုန်သည် ပြောရင်းပြောရင်း မျက်နှာမှာ ညှိုးငယ်

www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။

"လွန်ခဲ့တဲ့ ဆယ်ရက်ကစပြီး အစ်ကိုကြီး စိုးရှောင်ဖုန်းဟာ စိတ်ဖောက်ပြန်လာတာ အမှန်ပါပဲရှင်"

သံမဏိလက်က...

"ကျွန်တော်တို့နှစ်ယောက် သခင်ကြီး စိုးရှောင်ဖုန်းနဲ့ ဒီက နေ့တွေ့ခဲ့ပြီးပါပြီ၊ သူ့ကို မြေအောက်ခန်းတစ်ခုမှာ ချုပ်နှောင်ထား တာကိုပဲ တွေ့ခဲ့ရပါတယ်၊ ဒါပေမယ့် သူ့ရဲ့ပါးစပ်ကနေ 'အိပ်မက် ဓား'လို့အော်နေတယ်၊ သူ့ရဲ့အိပ်မက်ဓားကို ထန်းဆေးကျန်းက ခိုး သွားတယ်ဆိုပြီး ပြန်တောင်းနေတယ်၊ အင်း တွေးကြည့်ရတာတော့ ဒီအိပ်မက်ဓား ပျောက်ဆုံးသွားခဲ့ပြီနဲ့တူတယ်"

"ကျုပ်သိရသလောက်ကတော့ အိပ်မက်ဓားရတနာဟာ ဘိုးဘွားစဉ်ဆက်ကဘည်းက ဂေဟာသခင်ကြီးတွေ ကိုင်တွယ်သုံး စွဲလာကြတဲ့ဓားဖြစ်တယ်လို့ သိရပါတယ်"

သံမဏိလက်က စကားကို ခေတ္တရပ်နားလိုက်သည်။

"အိပ်မက်ဓားရတနာနဲ့ ဝိညာဉ်ပျောက်သိုင်းကွက်ဟာ ဆက် စပ်နေတယ်၊ ဒါကြောင့် စိုးဂေဟာသခင်ကြီး ဖြစ်ခဲ့တဲ့သူဟာ အိပ်မက်ဓားရတနာနဲ့ ဝိညာဉ်ပျောက်သိုင်းကွက်ကို လက်ဝယ်ထားရှိ မှသာ ဝိုပြီး အစွမ်းထက်မြက်မယ်လို့ သိထားပါတယ်"

သံမဏိလက်၏စကားကြောင့် စိုးမေဟုန် အံ့အားသင့်သွား ပြီး...

"အိပ်မက်ရတနာ ဟုတ်လား"



သံမဏိလက်က ဆက်ပြောဆိုလိုက်သည်။

"အိပ်မက်ရတနာဟာ ဝိညာဉ်ပျောက်ဓားသိုင်းကွက်တွေကို စွမ်းအားဆယ်ဆအထိ တိုးမြှင့်စေနိုင်တယ်လို့ ကျုပ်တို့ကြားသိ ထားပါတယ်၊ စိုးမေဟုန် ခင်ဗျားအနေနဲ့ ဒီအကြောင်းတွေကို မသိ လို့လား"

စိုးမေဟုန်က မျက်မှောင်ကြုတ်သွားပြီး...

"ကျွန်မ သိပါတယ်ရှင်၊ ဒါပေမယ့် အိပ်မက်ဓားရတနာကို တော့ ကျွန်မ တစ်ခါမှမမြင်ဖူးပါဘူး၊ အစ်ကိုကြီးစိုးရှောင်ဖုန်းကိုင်တဲ့ ဓားကိုတော့ မြင်ဖူးပါတယ်၊ ဒါပေမယ့် အဲဒီဓားဟာ အိပ်မက်ရတနာ ဖြစ်တယ်လို့ မပြောပါဘူး"

သံမဏိလက်က...

"ဒါဆိုရင် သခင်ကြီးရဲ့ အိပ်မက်ရတနာဟာ အမှန်တကယ် ပဲ ပျောက်ဆုံးနေပြီလား"

စိုးမေဟုန်က မျက်လွှာပင့်လိုက်ပြီး...

"အိပ်မက်ရတနာဟာ ကျွန်မတို့ စိုးဂေဟာရဲ့ဘိုးဘွားစဉ် ဆက်အမွေဖြစ်ပြီး အဆင့်ဆင့် ဆက်ခံရရှိလာတဲ့ ဓားရတနာတစ် လက်ပါပဲ၊ ပျောက်ဆုံးသွားလို့ရကောင်းတဲ့ အရာမျိုးမဟုတ်ဘူး ဆိုတာ သိထားပါတယ်ရှင်၊တကယ်လို့သာ အစ်ကိုကြီးစိုးရှောင် ဖုန်းဆီမှာ အိပ်မက်ရတနာဟာ အမှန်တကယ်ပျောက်ဆုံးသွားခဲ့ပြီ ဆိုရင်လည်း အစ်ကိုကြီးအနေနဲ့ ဒီသတင်းကို ပြင်ပကိုပေါက်ကြား သွားမှာစိုးလို့ လျှို့ဝှက်ထားမှာ အမှန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



စီးမေဟုန်၏ ပြောစကားများမှာ မှန်ကန်လှပေသည်။

စီးဂေဟာမှာ သခင်ကြီးစီးရှောင်ဖုန်း နာမည်ကြီးမားနေရခြင်းမှာ စီးဂေဟာ၏ ဝိညာဉ်ပျောက်သိုင်းကွက်များနှင့် အိပ်မက်မားရတနာကြောင့်သာ ဖြစ်ပေသည်။

အိပ်မက်မားရတနာ ပျောက်ဆုံးသွားသည့်သတင်းကို ပြင်ပသို့ပေါက်ကြားသွားမည်ဆိုလျှင် သခင်ကြီးမှာ ဩဇာအာဏာအရှိန်အဝါ မှေးမှိန်သွားမည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်...

အိပ်မက်ရတနာနှင့် ဝိညာဉ်ပျောက်သိုင်းကွက် ဆက်စပ်၍ လှုပ်ရှားမှသာ ထူးခြားသော သိုင်းစွမ်းရည်များ ဖြစ်ပေါ်စေနိုင်သည်ကို လူအများက သိရှိထားကြပြီးဖြစ်လေသည်။

ထို့ကြောင့်...

အိပ်မက်ရတနာသည် အရေးအကြီးဆုံးပစ္စည်းတစ်ခု ဖြစ်နေပေသည်။

သံမဏိလက်က...

"သခင်ကြီးက သူ့ရဲ့သားငယ်လေးကို မားနဲ့ခုတ်သတ်လိုက်တယ်ဆိုတာ ဟုတ်ပါသလားခင်ဗျာ"

စီးမေဟုန်က...

"ရှင်တို့ကို ထန်းဆေးကျုန်းက ဒီအကြောင်းတွေကို ပြည့်ပြည့်စုံစုံပြောမပြလိုက်ဘူးလား"

သံမဏိလက်က ခေါင်းညိတ်၍...



"ပြောပါတယ်၊ ဒါပေမယ့် ကျွန်တော်မေးတာက စီးမေဟုန်ရဲ့ ပြောစကားကို နားထောင်ချင်လို့ပါ"

စီးမေဟုန်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဟင်း..ရှောင်ချိုကလေးတစ်ယောက်ကတော့ သနားစရာပါပဲ"

စီးမေဟုန်က ညည်းတွားလိုက်ရင်းမှ မျက်ရည်များဝဲလာလေသည်။

သံမဏိလက်က...

"ဩော်..ရှောင်ချိုဆိုတာက..."

စီးမေဟုန်က...

"ရှောင်ချိုဆိုတာ ကျွန်မရဲ့တူနာမည်ပါ၊ အစ်ကိုကြီးစီးရှောင်ဖုန်းရဲ့သားငယ်လေးပါ"

သံမဏိလက်က...

"ဒီလိုဆိုရင် ခင်ဗျားရဲ့ယောင်းမက အတော်စိတ်ထိခိုက်နေမှာပဲနော်"

စီးမေဟုန်က ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်ပါတယ်၊ သူလည်း စိတ်ညစ်ပြီး သူ့ရဲ့ခွေမျိုးအိမ်မှာသွားနေပါတယ်၊ ရှောင်ချိုလေးအပေါ် ကျွန်မရဲ့ယောင်းမက သားအရင်းလို ချစ်ရှာပါတယ်"

စီးမေဟုန်၏စကားကြောင့် လှူအေးနှင့် သံမဏိလက်တို့မှာ အံ့အားသင့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ရှောင်ချိုလေးဟာ ခင်ဗျားယောင်းမရဲ့ သားအရင်း မဟုတ်ဘူးပေါ့"

စီးမေဟုန်က ခေါင်းခါယမ်းပြလိုက်သည်။

"မဟုတ်ပါဘူးရှင်၊ အစ်ကိုကြီးရဲ့ ပထမဇနီးရဲ့ကလေး ဖြစ်ပါတယ်၊ အခုလက်ရှိ ဇနီးက နောက်ထပ်ယူထားတာ ဖြစ်ပါ တယ်"

စီးမေဟုန်သည် ပြောရင်းမှပင် မျက်ရည်များဝဲကျလာလေသည်။ လူအေးက စီးမေဟုန် စိတ်သက်သာလာစေရန် ဝင်ပြောလိုက်သည်။

"စီးမေဟုန် ခင်ဗျားရဲ့အစ်ကိုလေး စီးချန်းယင်တစ်ယောက် မသေသေးပါဘူး၊ အခု ကျုပ်တို့ဆီမှာ အနားယူနေတယ်"

စီးမေဟုန်က အံ့အားသင့်စွာဖြင့်…

"ရှင် ကျွန်မကို စကားပြောပြီနော်၊ ဝမ်းသာလိုက်တာရှင် စောစောက ကျွန်မကို စိတ်နာနေပြီလို့ အောက်မေ့နေတာ"

လူအေး၏မျက်နှာမှာ ထပ်မံနီမြန်းသွားလေသည်။

သံမဏိလက်က သူတို့နှစ်ဦးကိုကြည့်ပြီး ရယ်မောလိုက်လေသည်။

"ချူဖုန်းက ကျုပ်တို့နှစ်ယောက် ဒီဒေသမှာ ရောက်နေတယ်ဆိုတာကို အစောကြီးကတည်းက စီးမေဟုန်ကို ပြောပြထားတဲ့အတွက် စီးချန်းယင်ကို ကယ်တင်ထားတဲ့အကြောင်းလည်း စီးမေဟုန် သိပြီးသားဖြစ်ပါလိမ့်မယ်"

စီးမေဟုန် ခေါင်းညိတ်လိုက်ပြီး…



"ဟုတ်ကဲ့ ကျွန်မကို ချူဖုန်းပြောပြထားပါတယ်၊ ကျွန်မ အိမ်ကလူတွေကိုတော့ ဒီအကြောင်း မပြောပြသေးပါဘူး၊ ညဘက် ကျမှပဲ အစ်ကိုလေးစီးချန်းယင်ကို သွားကြည့်မယ်လို့ ဆုံးဖြတ်ထားပါတယ်၊ အခု စီးဂေဟာကနေ ရှင်တို့နှစ်ယောက် ပြန်ထွက်သွားတယ် ဆိုတာကို သိရလို့ ရှင်တို့နောက်ကို တစ်ခါထဲလိုက်လာခဲ့တာပါရှင်၊ ကျွန်မ သနားတာက အစ်ကိုလေးချစ်သူစုကျန်းကိုပါပဲ၊ ကျွန်မ အခု တစ်ခါတည်း လိုက်ခဲ့ပါရစေနော်"

လူအေးက ကမန်းကတန်းဖြင့်….

"ဖြစ်ပါတယ်၊ လိုက်ခဲ့ပါခင်ဗျာ"

သို့သော် သံမဏိလက်က စကားလုံးဝမပြောဘဲ ပါးစပ်ပိတ်၍နေလိုက်သည်။

ထို့နောက် လူအေးနှင့်သံမဏိလက်တို့က ရှေ့မှလျှောက်၍လာခဲ့၏။

စီးမေဟုန်က ဝါးခမောက်ကိုဆောင်း၍ နောက်မှ လိုက်ပါလာခဲ့ပေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## ပဟေဠိ

ချူဖုန်း၏အိမ်သည် သန့်ရှင်းသပ်ယပ်နေပေသည်။

အိမ်ရှေ့ဝင်းတံခါးပေါက်ကို ဖွင့်၍ထားသည်။

လွန်ခဲ့သော နေ့ရက်များကဆိုလျှင် ချူဖုန်း၏ခြံဝင်းတစ်ခုလုံးသည် ဝက်ခြံနှင့်ပင် တူလှသည်။

ချူဖုန်းသည် တစ်ကိုယ်တည်း နေထိုင်သူဖြစ်သည်။

ထို့ကြောင့် သူ၏အိမ်ခြံဝင်း သန့်ရှင်းမှုကို ဂရုမထားတတ်သလို အိမ်တွင်းသန့်ရှင်းမှုကိုလည်း ဂရုမစိုက်တတ်ချေ။

ယနေ့တွင်မူ ခြံဝင်းတစ်ခုလုံး လှဲကျင်းထားသဖြင့် အမှိုက်သရိုက်[illegible]းမှာ မရှိသလောက် သန့်ရှင်းနေပေသည်။



ချူဖုန်းသည် ဤသို့သော အလုပ်မျိုးကို လုပ်မည့်လူစားမျိုး မဟုတ်ချေ။

လူအေးနှင့် သံမဏိလက်တို့သည် ထိုခြံဝင်းကို မည်သူရှင်းလင်းထားသည်ကို ရိပ်စားမိလိုက်လေသည်။

သို့သော် ခြံဝင်းသန့်ရှင်းရေးပြုလုပ်သူကိုမူ မတွေ့ရသေးချေ။

ထို့နောက် သူတို့သုံးဦး ခြံဝင်းအတွင်းသို့ ဝင်လာခဲ့ကြလေသည်။

အိမ်ပေါက်ဝသို့ လှမ်း၍ကြည့်လိုက်သောအခါ ခြံဝင်းသန့်ရှင်းရေးပြုလုပ်နေသူကို တွေ့လိုက်ရလေသည်။

"မမလေးစုကျန်း..နေကောင်းရဲ့လား"

စီးမေဟုန်က အားရဝမ်းသာစွာဖြင့် ပြေးလွှားသွားသည်။

စုကျန်းကလည်း အိမ်ထဲမှ အပြေးကလေးထွက်လာပြီး နှစ်ဦးသားအိမ်ပေါက်ဝ၌ ဆုံမိကြလေသည်။

တစ်ဦးကိုတစ်ဦး ပွေ့ဖက်ထားလိုက်ကြလေသည်။

စီးမေဟုန်က စုကျန်းကို အလောတကြီး မေးလိုက်သည်။

"အစ်ကိုလေး..အစ်ကိုလေးရောဟင် မမလေးစုကျန်း"

စီးမေဟုန်က စုကျန်းကို မမလေးဟု လေးလေးစားစား ခေါ်လိုက်သည်။

စုကျန်းကလည်း စီးမေဟုန်ကို ချစ်ခင်ပုံရသည်။

စုကျန်းသည် အကမယ်တစ်ယောက်သာဖြစ်၍ ချောကြီးမိုး

www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲမှ ဆင်းသက်လာသူ မဟုတ်ချေ။

သို့သော် စုကျန်းမှာ လှပချောမောသော ရုပ်ရည်ပိုင်ဆိုင်သူတစ်ယောက်ဖြစ်သည်။

သူမသည် ချင်းကိုလို့ဂေဟာ၌ အကမယ်ပညာနှင့် အသက်မွေးဝမ်းကျောင်း ပြုနေသူတစ်ယောက်သာ ဖြစ်မပေသည်။

သူမသည် ယောကျ်ားအများစုကို သူမ၏တပ်မက်သောအကြည့်ဖြင့် မြူဆွယ်စကားများကို ချိုသာစွာ ပြောဆိုလေ့ရှိသည်။

ချိုသာသောစကားများသည် အနှစ်မပါသော လေလုံးများသာဖြစ်သည်ဟုလည်း သူမ ခံယူထားသည်။

စုကျန်းနှင့်စီးချန်းယင်တို့သည် စတင်သိကျွမ်းခဲ့ပြီး မကြာမီမှာပင် စီးချန်းယင်သည် စုကျန်းအပေါ်၌ လွန်စွာချစ်မြတ်နိုးလာမိသည်။

ချစ်မြတ်နိုးခြင်းထက် သနားကြင်နာမှုက ပိုမည်ဟု ထင်သည်။

စုကျန်းကလည်း စီးချန်းယင်အား လပေါင်းများစွာကြာမြင့်သည်အထိ လေ့လာခဲ့ပြီးမှ စီးချန်းယင်၏အချစ်ကို လက်ခံခဲ့သူဖြစ်သည်။

စုကျန်းသည် စီးချန်းယင်အား သူမ၏ဘဝတစ်ခုလုံးအတွက် စိတ်ချယုံကြည်အားကိုးရသူတစ်ယောက်ဟုလည်း ဆုံးဖြတ်ခဲ့သည်။

စီးချန်းယင်သည် စီးဂေဟာ၏ သခင်လေးတစ်ယောက်ဖြစ်သည်။



စီးချန်းယင်သည် စာပေပညာတတ်မြောက်သလို သိုင်းပညာလည်း တတ်မြောက်ထားသူတစ်ယောက်ဖြစ်သည်။

စီးဂေဟာနှင့်ပတ်သက်သော သတင်းများသည် ပြင်ပလောက၌လည်းကောင်း၊ သိုင်းလောက၌လည်းကောင်း မွေးပျံ့လျှက်ရှိပေသည်။

စီးဂေဟာသခင်ကြီး စီးရှောင်ဖုန်း၏ညီဖြစ်သူ စီးချန်းယင်၏နှစ်သက်မြတ်နိုးခြင်းခံရသော စုကျန်းမှာလည်း ကုသိုလ်ကံထူးလှပေသည်။

အခြားဂေဟာမှ အမျိုးသမီးများကလည်း စုကျန်းအပေါ်အားကျဂုဏ်ယူမိကြသည်။

ယခုအခြေအနေ၌ ဖြစ်ပျက်ခဲ့သော အကြောင်းများနှင့် ပတ်သက်၍ စုကျန်းအဖို့ သွေးပျက်လုခမန်းဖြစ်နေရ၍ သတင်းနှင့်လက်တွေ့၌ ကွာခြားမှုရှိသည်ကို ကြုံတွေ့နေရလေသည်။

အဘယ်ကြောင့်ဆိုသော် သခင်ကြီးစီးရှောင်ဖုန်းက သူ၏ညီစီးချန်းယင်နှင့်တကွ သူမအား စွာဟူကျန်းမြစ်ထဲသို့ ပစ်ချခဲ့ခြင်းကြောင့်ဖြစ်သည်။

သခင်ကြီး၏ စိတ်ဓာတ်များသည် အလွန်ရက်စက်ကြမ်းတမ်းခက်ထန်လှသည်။

စုကျန်းသည် သခင်ကြီး၏ ရူးသွပ်သော အပြုအမူကြောင့် စီးအမျိုးအနွယ်မှန်သမျှကို ထိတ်လန့်လျှက်ရှိပေသည်။

သို့သော်လည်း သူမ၏ချစ်သူဖြစ်သော စီးချန်းယင်ကိုမူ

www.burmeseclassic.com

www.burmeseclassic.com



လုံးဝမေ့မရနိုင်သေးပါချေ။

ယခုလည်း သူမကို ချစ်ခင်ကြင်နာစွာဖြင့် ပွေ့ဖက်၍စကား ပြောဆိုနေသော စီးမေဟုန်ကို စုကျန်းအနေဖြင့် ချစ်ခင်မိပေသည်။

ထို့နောက် စုကျန်းသည် စီးဟုန်မေကို ပွေ့ဖက်ထားရင်းမှ မျက်ရည်များ ရစ်ဝဲလာလေသည်။

ဝမ်းနည်းကြေကွဲစွာဖြင့် ငိုရှိုက်လိုက်မိလေသည်။

စီးမေဟုန်ကလည်း...

စုကျန်းအား သနားကြင်နာစွာ ပွေ့ဖက်ထားလေသည်။

စီးမေဟုန်အနေဖြင့် သူမ၏အစ်ကိုဖြစ်သူကို တွေ့ချင်နေလေသည်။

အိမ်အတွင်းဘက်သို့ လှမ်း၍ကြည့်လိုက်ပြီး...

"မမလေးစုကျန်း...အစ်ကိုလေးစီးချန်းယင်ကော ထွက်လာတာ မတွေ့ပါလား"

စုကျန်းက အံ့အားသင့်စွာ ပြန်ကြည့်လိုက်ပြီး...

"သူ...သူလား"

ထိုအခါ စီးမေဟုန်က စုကျန်းအား နားမလည်သလို ကြည့်လိုက်မိလေသည်။

စုကျန်းက ဆက်၍ပြောဆိုလိုက်လေသည်။

"သူ့ကို အစ်မလေးစီးတို့ရဲ့ဂေဟာက လူတွေလာခေါ်သွားတယ် မဟုတ်လား၊ အစ်မလေးစီးတို့နဲ့ လမ်းမှာမတွေ့ခဲ့ကြဘူးလား ဟင်"



စုကျန်း၏စကားကြောင့် လူအေးနှင့် သံမဏိလက်တို့မှာ သူတို့နှစ်ယောက်အား လှမ်း၍ကြည့်လိုက်မိသည်။

စီးမေဟုန်က စိုးရိမ်တကြီးဖြင့်...

"ဘယ်သူတွေက လာခေါ်သွားတာလဲ၊ ဘယ်တုန်းက လာပြီး ခေါ်သွားတာလဲ မမလေးစုကျန်း"

စုကျန်းက မျက်လုံးပြူး၍ ပြန်ဖြေလိုက်သည်။

"သူတို့သွားတာ သိပ်ပြီးတော့ မကြာသေးပါဘူး၊ အစ်ကိုကြီးနဲ့ ဒီအိမ်က အစ်ကိုချူဖုန်းတို့ အိမ်ရှေ့မှာထိုင်ပြီး လက်ဘက်ရည်ကြမ်းသောက်ရင်း စကားပြောနေကြပါတယ်၊ အဲဒီအချိန် စီးဂေဟာက လူကြီးတစ်ယောက် အိမ်ရှေ့ကိုရောက်လာတယ်၊ အဲဒီလူကြီးကိုတွေ့တာနဲ့ အစ်ကိုစီးချန်းယင်က အားရဝမ်းသာနဲ့ လှမ်းပြီးနှုတ်ဆက်လိုက်ပါတယ်"

စုကျန်းက ခေတ္တစကားရပ်လိုက်ပြီးမှ ဆက်ပြောလိုက်သည်။

"နောက်တော့ အစ်ကိုကြီးစီးချန်းယင်နဲ့ အဲဒီလူကြီး စကားတီးတိုးတစ်ခွန်းနှစ်ခွန်းလောက်ပြောပြီး အစ်ကိုကလည်း အဲဒီလူနဲ့ ခဏလိုက်သွားမယ်လို့ ကျွန်မကိုပြောပါတယ်၊ သူတို့ကိုကြည့်ရတာ အရေးကြီးတဲ့ကိစ္စနဲ့ သွားကြမလို့နဲ့တူတယ်"

စုကျန်းက မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်ပြု၍ ဆက်ပြောလိုက်ပြန်သည်။

"ကျွန်မက စိတ်မချတာနဲ့ အစ်ကို ဘယ်သွားမလို့လဲလို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း လိုက်မယ်လို့ မေးပါသေးတယ်၊ သူက ခေါင်းခါပြီး မလိုက်ပါနဲ့ကွာ၊ စီးဂေဟာမှာ အရေးကြီးတဲ့ကိစ္စတစ်ခုပေါ်နေလို့ အစ်ကို့ကိုခေါ်ခိုင်းလိုက်တာပါ၊ အစ်ကို ခဏလိုက်သွားပြီး မကြာခင် ပြန်လာခဲ့ပါ့မယ်လို့ ပြောသွားတယ်၊ ဒါနဲ့ ကျွန်မလည်း ဘာမှမပြောတော့ဘဲ နေလိုက်ရတယ်"

စုကျန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"အစ်ကိုချူဖုန်းကတော့ သူ့အဖော်အဖြစ် လိုက်ခဲ့မယ်လို့ ပြောပါတယ်၊ အဲဒါကို အစ်ကိုစီးချန်းယင်က မလိုက်ခဲ့ဖို့ရယ်၊ သူ မကြာခင်ပြန်လာခဲ့ပါ့မယ်လို့ တောင်းပန်ပြီး အဲဒီလူကြီးနဲ့ လိုက်သွားတော့တာပါပဲ"

စီးမေဟုန်က အိမ်ထဲသို့ ထပ်မံကြည့်လိုက်ပြီး မေးလိုက်သည်။

"ဒီလိုဆိုရင် အစ်ကိုချူဖုန်းကော မတွေ့ရပါလား"

စုကျန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"အစ်ကိုချူဖုန်းကလည်း အပြင်ထွက်သွားတယ်၊ သူက အစ်ကိုစီးချန်းယင်ထွက်သွားပြီးမှ စိတ်မချဘူးဆိုပြီး သူတို့နောက်ကို ကျုပ်လိုက်ကြည့်ဦးမယ်ဆိုပြီး ဓားယူပြီး လိုက်သွားတာပဲ"

စုကျန်းစကားဆုံးလျှင် လူအေးက ဝင်၍မေးလိုက်သည်။

"လာခေါ်တဲ့လူရဲ့ ပုံသဏ္ဍာန်ကိုကော မှတ်မိရဲ့လား၊ အစ်မလေးစုကျန်း"

စုကျန်းက စဉ်းစားဟန်ပြု၍...



"အင်း...အဲဒီလူက အသက်ငါးဆယ်လောက်ရှိပြီး အဖြူရောင်ဝတ်စုံနဲ့ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေလည်း မျက်နှာပေါ်မှာ ရှိတယ်၊ အစ်ကိုစီးချန်းယင်ကတော့ အဲဒီလူကို ရင်းရင်းနှီးနှီး သိထားပုံရတယ်၊ ဒါပေမယ့် အစ်ကိုချူဖုန်းကတော့ တစ်ခါမှမမြင်ဖူးဘူးလို့ ပြောတာပဲ"

သံမဏိလက်က စုကျန်းအား တစ်ချက်ကြည့်လိုက်ပြီး...

"သူတို့နှစ်ယောက် ဘယ်ကိုသွားတာလဲ၊ စီးဂေဟာကိုပဲ သွားကြတာလား"

စုကျန်းက သံမဏိလက်ကို မော့ကြည့်လိုက်ပြီး...

"စီးဂေဟာကလူကြီးက အစ်ကိုစီးကိုလာပြီးခေါ်တာဆိုတော့ စီးဂေဟာကိုပဲ သွားကြမှာပေါ့"

လူအေးက စဉ်းစားဟန်ပြုပြီး သံမဏိလက်ကို လှမ်းကြည့်လိုက်သည်။

သံမဏိလက်က တည်ကြည်သောလေသံဖြင့်...

"လူအေး...တို့လိုက်သွားကြရအောင်"

စီးမေဟုန်ကလည်း ကပျာကယာ ဝင်၍ပြောလိုက်သည်။

"ကျွန်မလည်း လိုက်ခဲ့မယ်"

စုကျန်းကလည်း...

"ကျွန်မလည်း လိုက်ခဲ့မယ်"

သံမဏိလက်က...

"ကဲ...ကဲ...တို့အားလုံး အတူတူသွားကြရတာပေ့ါ"

www.burmeseclassic.com

www.burmeseclassic.com



သံမဏိလက်အနေဖြင့် စုကျန်းတစ်ယောက်ထဲကို အိမ်၌ထားခဲ့ရန် လုံးဝစိတ်မချနိုင်တော့ဘဲ ဖြစ်နေသည်။

စီးချန်းယင်ကို မည်သူက လာရောက်ခေါ်ဝင်သွားလေသနည်း။

မည်သူကများ ခေါ်နိုင်းလိုက်သနည်း။

အကယ်၍ စီးဂေဟာအုပ်ချုပ်ရေးမှူးကြီး တစ်ဦးဦးက ခေါ်နိုင်းသည်ဆိုလျှင်လည်း ဤမျှ မြန်ဆန်စွာဖြင့် လူအေးတို့ရှေ့မှ ကြိုတင်ပြီး စီးချန်းယင်အား လာရောက်ခေါ်ဝင်နိုင်ခြင်းရှိမည် မဟုတ်ချေ။

စီးချန်းယင်အနေဖြင့် စီးဂေဟာမှ သူနှင့်ရင်းနှီးသောလူတစ်ယောက်က လာ၍ခေါ်သဖြင့် လိုက်ပါသွားခြင်း ဖြစ်ပေလိမ့်မည်မှာ သေချာနေ၏။

ချူဖုန်းအနေဖြင့် စီးဂေဟာမှာရှိတဲ့ လူအားလုံးကို မသိနိုင်ပါ။

ထို့ကြောင့် ချူဖုန်းသည် စီးချန်းယင်အား လာရောက်ခေါ်ဆောင်သွားသူကို မသိလိုက်ခြင်း ဖြစ်ပေမည်။

စီးမေဟုန်မှာမူ စိုးရိမ်စိတ်များ ဝင်လာခဲ့လေသည်။

သူမ၏အစ်ကိုလေး စီးချန်းယင်ကို စီးဂေဟာမှ မည်သူက လာရောက်၍ ယခုလိုလျှို့ဝှက်စွာ ခေါ်ဆောင်သွားရသနည်း။

သူတို့လေးဦးသည် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခဲ့ကြလေသည်။



လူအေး သံမဏိလက်နှင့် စီးမေဟုန်တို့ လာခဲ့ကြစဉ်က တောအုပ်၏အပြင်ဘက် လမ်းကလေးအတိုင်း လာခဲ့ကြခြင်းဖြစ်သည်။

တောအုပ်၏အတွင်းဘက်တွင်လည်း လမ်းရှိနေသေးသည်။

ထိုတောအုပ်၏ အတွင်းဘက်လမ်းသည်လည်း စီးဂေဟာအနောက်ဘက် ဥယျာဉ်သို့ပေါက်သောလမ်းပင် ဖြစ်သည်။

စီးမေဟုန်က တောအုပ်အတွင်းဘက်လမ်းမှ သွားမည်ဟု ပြောသဖြင့် သူတို့လေးဦးသည် တောအုပ်အတွင်းသို့ ဝင်ရောက်ခဲ့လေသည်။

သူတို့သုံးဦး စောစောကလာခဲ့စဉ် စီးချန်းယင်နှင့်မတွေ့ဆုံလိုက်ရခြင်းမှာ စီးချန်းယင်တို့သည် ထိုတောအုပ်အတွင်းလမ်းမှ ဖြတ်သွားသောကြောင့် လမ်းလွဲသွားရခြင်း ဖြစ်ပေလိမ့်မည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည် မြို့ပြင်ကျသော နေရာတစ်ခုဖြစ်ပေသည်။

ဈွားဟူကျွန်းမြစ်၏ တစ်ဘက်တစ်ချက်၌ ထွန်ယက်စိုက်ပျိုးထားသော လယ်ယာစိုက်ပျိုးခင်းများ ရှိသကဲ့သို့ ဂေဟာရွာစုများလည်း တည်ရှိနေပေသည်။

ဤနေရာသည် မြို့ပြင်ဖြစ်သောကြောင့် လမ်းမကြီးများ မရှိဘဲ တောလမ်းကလေးသာ ရှိနေပေသည်။

စီးဂေဟာရွာစုသည် မြို့ပြင်ကျသောအပိုင်း၌ရှိပြီး ဈွားဟူကျွန်းမြစ်ကို ကျောခိုင်း၍ထား၏။

စီးဂေဟာ၏ အနောက်ဘက်ယျာဉ်ကျယ်ကြီးသည် ဈွားဟူကျွန်းမြစ်ကမ်းပါးနှင့် ထိစပ်လျှက်ရှိသည်။

တောအုပ်အတွင်းမှ လမ်းဖုန်ဖုန်ကလေးက ကွေ့ကွေ့ကောက်ကောက် တည်ရှိနေ၏။



လမ်းဘေးတစ်ဘက်တစ်ချက်တွင် သစ်ပင်ကြီးများလည်း ပေါက်ရောက်လျှက်ရှိပေသည်။

တောအုပ်အတွင်းသို့ ဝင်မိပြီး လူအေးတို့သည် ခရီးအတန်ငယ်မျှလျှောက်လာခဲ့မိလျှင် လူအေးတို့လူစုသည် သံသံချင်း ထိမိုက်သံများကို ကြားလိုက်ရလေသည်။

လူအေးနှင့် သံမဏီလက်တို့သည် ထိုအသံကို ကြားလိုက်သည်နှင့် ချက်ချင်းပင် သိရှိလိုက်ကြလေသည်။

လူအေးက စီးမေဟုန်အား လှမ်း၍ပြောလိုက်သည်။

"စီးမေဟုန် စုကျွန်းကို စောင့်ရှောက်ပြီးတော့သာ လိုက်ခဲ့ပါ။ ကျုပ်တို့နှစ်ယောက် အရင်ပြေးကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆိုဖြင့် လူအေးနှင့်သံမဏီလက်တို့သည် ထိုနေရာမှ ပြေးလွှားထွက်ခွာ လာခဲ့ကြလေသည်။

တောလမ်းက ကွေ့ကောက်လျှက်ရှိသော်လည်း ယခု သူတို့နှစ်ဦးသည် တောလမ်းအတိုင်း ပြေးကြခြင်း မဟုတ်ပါချေ။

ဓားခုတ်သံများ ထွက်ပေါ်လာရာဆီသို့ ဦးတည်၍ သစ်ပင်ကြီးကြားမှ ဖြတ်သန်းပြီး ပြေးလွှားခဲ့ကြခြင်း ဖြစ်လေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်"

"ချွမ်း...ထန်း...ထန်း"

"ဟိတ်...ယား"

"ထန်း...ထန်း"

ထို့နောက် တိုက်ခိုက်သံများ မာန်သွင်း၍ အော်ဟစ်သံများ ကြားနေရပြီဖြစ်သည်။

သစ်ပင်ကြီးတစ်ပင်၏ ပင်စည်အောက်၌ မှောက်လျက် သားလဲကျပြီးသက်နေသော လူတစ်ယောက်ကို လူအေးတို့ စတင်တွေ့မြင်လိုက်ရလေသည်။

ထိုလူသည် ကိုယ်ပေါ်၌ အပြာရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထား၏။

မျက်နှာကို မမြင်တွေ့ရသေးပေမယ့် ထိုလူသည် စုကျန်း ပြောသောလူပင် ဖြစ်မည်ဟု လူအေးက မှန်းဆလိုက်သည်။

စီးချန်းယင်အား လာခေါ်သောသူသည် သစ်ပင်အောက်၌ မှောက်လျက်သား လဲကျနေ၏။

မူးမေ့၍ လဲကျနေခြင်း မဖြစ်နိုင်ချေ။

အဘယ်ကြောင့်ဆိုသော် ထိုလူ၏နောက်ကျောပြင်၌ သွေးကွက်များကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ထိုလူ၏နောက်ကျောပြင်၌ နက်ရှိုင်းသော ဓားဒဏ်ရာကိုတွေ့လိုက်ရသည်။

ဝတ်စုံပြာတွင်လည်း သွေးများစွန်းပေနေသည်။



"ဟေ့...ဟိတ်"

"ချွမ်း"

"ထန်း...ထန်း...ထန်း"

ထိုးခုတ်သံများ ဆက်လက်ထွက်ပေါ်လာလေသည်။

လူအေးက မှောက်လျက်လဲကျနေသောသူအား ဆွဲလှန်ကြည့်လိုက်သည်။

မျက်လုံးအစုံမှာ ပြူးကြောင်ကြောင်ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

ထိုမျက်လုံးအစုံမှာ တောက်ပမှုများ မှေးမှိန်နေပြီဖြစ်၏။

ထိုလူကို လူအေးတို့ မသိကြချေ။

ထို့ကြောင့် စီးဂေဟာမှလူတစ်ယောက် ဖြစ်နိုင်မဖြစ်နိုင်ကို အတတ်မပြောနိုင်ကြချေ။

မည်သို့ဖြစ်စေ ထိုလူမှာ သေဆုံးသွားပြီဖြစ်သောကြောင့် လူအေးတို့အနေဖြင့် မည်သို့မျှ မေးမြန်း၍ရနိုင်တော့မည် မဟုတ်ချေ။

လူအေးနှင့် သံမဏိလက်တို့က ရှေ့သို့ဆက်၍ အသံကြားရာဆီသို့ ပြေးလွှားသွားလေသည်။

လှုပ်ရှားတိုက်ခိုက်နေသော လူရိပ်များကို လှမ်း၍တွေ့မြင်လိုက်ကြရလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



သံမဏိလက်က လူအေး၏လက်ကို ဖမ်း၍ဆွဲထားလိုက်သည်။

လူအေးသည် သံမဏိလက်ကြည့်ရာဘက်သို့ လှမ်း၍ကြည့်လိုက်လေသည်။

ထိုအခါ လူအေး၏မျက်လုံး ပြူးကျယ်သွားလေတော့သည်။

သစ်ပင်တစ်ပင်အောက်၌ အစိမ်းရောင်ဝတ်စုံနှင့်လူတစ်ဦး ပင်စည်ကို မှီ၍ရပ်နေသည်ကို တွေ့လိုက်ရသည်။

သို့သော် ထိုလူ၏ခြေအစုံမှာမူ ညွှတ်၍နေပေသည်။

ဓားတစ်လက်က သူ၏ရင်ဝသို့ စိုက်ဝင်၍ နောက်ကျောဘက်မှဖောက်ထွက်ကာ သစ်ပင်၏ပင်စည်၌ စိုက်ဝင်နေခြင်းဖြစ်သည်။

ထိုလူမှာ သစ်ပင်၏ပင်စည်ကို မှီ၍ရပ်နေသည်ဟု ထင်ရပေသည်။

သို့သော် ထိုလူသည် အသက်ဝိဉာဉ်ကင်းမဲ့နေပြီ ဖြစ်နေလေသည်။

လူအေးနှင့်သံမဏိလက်တို့က ထိုအလောင်းနားသို့ ချဉ်းကပ်၍သွား၏။

ထိုအလောင်းသည် အခြားလူတစ်ဦး၏ အလောင်းမဟုတ်ပါ။

ချူဖုန်း၏ အလောင်းပင်ဖြစ်သည်။



ချူဖုန်းတစ်ယောက် သေဆုံးသွားပြီ ဖြစ်ပေသည်။

ချူဖုန်း၏မျက်လုံးအစုံမှာ ပြူးကျယ်နေပြီး မျက်နှာပြင်ပေါ်၌ အလွန်ဒေါသထွက်နေသော အရိပ်အယောင်များ ပေါ်လွင်နေလေသည်။

သူသည် ရန်သူနှင့် တိုက်ခိုက်ရင်းမှ နောက်ဆုံးတိုက်ကွက်တစ်ခု၌ သစ်ပင်ကိုကပ်လျက် ဓားချက်ဖြင့် ထိုးသွင်းခံခဲ့ရခြင်း ဖြစ်ဟန်တူပေသည်။

ထို့ပြင် ချူဖုန်း၏တစ်ကိုယ်လုံး၌ ဒဏ်ရာများမှာ ဆယ်ချက်မက ရှိနေသည်ကိုလည်း တွေ့မြင်ရပြန်သည်။

ရန်သူ၏အပြင်းထန်ဆုံး ဓားချက်သည် သူ၏ရင်ဝဖောက်ဝင်သွားပြီး နောက်ကျောဘက်မှ ပေါက်ထွက်သွားကာ သစ်ပင် ပင်စည်၌ စိုက်ဝင်နေသော ဓားချက်ပင်ဖြစ်ပေလိမ့်မည်။

ထို့ပြင် ချူဖုန်း၏နဖူးပြင်ပေါ်၌ ဒဏ်ရာတစ်ခု ရှိနေသေးသည်။ သူ၏နဖူးပြင်ပေါ်၌ အပေါက်တစ်ခုဖြစ်နေပြီး ထိုအပေါက်မှ သွေးတို့က ယိုစီးကျနေပေသည်။

နဖူးပေါ်မှဒဏ်ရာကလည်း ချူဖုန်း၏ အသက်ဝိညာဉ်ကို ခြွေနိုင်သည့် ဒဏ်ရာမျိုးဖြစ်သည်။

ချူဖုန်းသည် ရန်သူနှင့်အပြင်းအထန် တိုက်ခိုက်ရင်း သေဆုံးခဲ့ရဟန်ရှိသည်။

သို့သော် သူနောက်ယောင်ခံ၍ အကာအကွယ်ပေးခဲ့သော လူမှာမူ အသက်သေဆုံးခြင်း မရှိသေးချေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် ရန်သူများနှင့် ဆက်လက်ရင်ဆိုင်တိုက်ခိုက်နေလေသည်။

♣ ♣ ♣

ချူဖုန်းအား တိုက်ခိုက်သတ်ဖြတ်သွားသော ရန်သူမှာ ချူဖုန်းထက် သိုင်းပညာအဆင့် မြင့်မားသူပင် ဖြစ်ပေသည်။

ထို့ကြောင့်သာ ချူဖုန်းသည် ရန်သူကို မယှဉ်ပြိုင်နိုင်ခြင်း ဖြစ်ပေလိမ့်မည်။

ရန်သူသည် တစ်ယောက်မက ရှိနေသည်။

ရန်သူစုစုပေါင်းမှာ သုံးယောက်တိတိ ဖြစ်ပေလိမ့်မည်။

ထိုရန်သူသုံးယောက်တို့သည် စီးချန်းယင်အား ဝိုင်းဝန်းတိုက်ခိုက်နေကြလေသည်။

ရန်သူသုံးယောက်စလုံးကို ခွဲခြားသိသာစွာပင် တွေ့မြင်နိုင်ပေသည်။

ထိုရန်သူ သုံးယောက်စလုံးသည် ဝတ်စုံပြာကိုယ်ကျပ်အင်္ကျီများဝတ်ဆင်ထားကြပြီး မျက်နှာဖုံးများပါ စွပ်ထားကြသည်ကို တွေ့မြင်ရလေသည်။

ထို့ပြင် ထိုလူသုံးယောက်၏ ကိုယ်ဟန်သွင်ပြင်မှာမူ တစ်မျိုးစီဖြစ်နေသည်။

တစ်ယောက်က ခန္ဓာကိုယ် ထွားကြိုင်းပြီး အရပ်မြင့်မားသူ



ဖြစ်၏။ ဒုတိယတစ်ယောက်မှာ အရပ်အမောင်း မနိမ့်မမြင့်ရှိပြီး ကျန်တစ်ယောက်မှာမူ ကိုယ် ခပ်နွဲ့နွဲ့နှင့် အရပ်နိမ့်နိမ့်ဖြစ်သည်။

ခန္ဓာကိုယ်ထွားကြိုင်းပြီး အရပ်မြင့်မားသူ၏လက်ထဲ၌ ရဲတင်းကြီးတစ်လက် ကိုင်ဆောင်၍ တိုက်ခိုက်နေသည်။

နောက်တစ်ယောက်၏ လက်ထဲတွင်မူ ဓားတစ်ချောင်းကို ကိုင်၍ထားသည်။

ထိုလူကိုင်ထားသောဓားမှာ ချူဖုန်း၏ဓားပင် ဖြစ်သည်။

ထိုလူ၏ဓားက ချူဖုန်း၏ရင်ဝသို့ ထိုးစိုက်ထားခဲ့ပြီး ချူဖုန်း၏ဓားကိုယူ၍ ကိုင်ဆောင်ထားခြင်း ဖြစ်သည်။

ကိုယ်နေဟန်ထား နွဲ့နွဲ့နှောင်းနှောင်းရှိသူက နှစ်ဘက်သွားဓားပါးတစ်လက်ကို ကိုင်ပြီး တိုက်ခိုက်နေ၏။

မျက်နှာဖုံးစွပ် သုံးယောက်တို့မှာ စီးချန်းယင်အား ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်း ဖြစ်သည်။

စီးချန်းယင်မှာ ရေရှည်တွင် ခုခံနိုင်တော့မည့်ပုံမပေါ်တော့ချေ။

စီးချန်းယင်၏ တစ်ကိုယ်လုံး၌ ဒဏ်ရာများရထားသည်ကို တွေ့ရသည်။

စီးချန်းယင်၏ဝတ်စုံမှာလည်း စုတ်ပြဲနေလေသည်။

သူ၏တစ်ကိုယ်လုံး၌ ချွေးများ၊ သွေးစများ စွန်းထင်းနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



စီးချန်းယင်၏ အခြေအနေမှာ ယခုအချိန်၌ သေမင်း၏နှုတ်ခမ်းဝသို့ ရောက်လုဆဲဆဲ အချိန်အခါ ဖြစ်နေ၏။

ရန်သူသုံးယောက်က စီးချန်းယင်အား ဤတောအုပ်မှ နေ၍ကြိုတင် စောင့်ဆိုင်းနေဟန်ရှိ၏။

စီးချန်းယင်နှင့်သူ့ကို လာရောက်ခေါ်ဆောင်သော စီးဂေဟာမှ လူယုံတော်ကြီးဝမ်းကီးတို့နှစ်ယောက် ဤနေရာသို့ ရောက်လာကြသည်နှင့်....

ဝတ်စုံပြာဝတ်ဆင်ထားသော မျက်နှာဖုံးစွပ်နှင့်လူ သုံးယောက်တို့က ရုတ်တရက် ဝမ်းကီးတို့နှစ်ယောက် ဤနေရာသို့ ရောက်လာကြသည်နှင့်...

ဝတ်စုံပြာ ဝတ်ဆင်ထားသော မျက်နှာဖုံးစွပ်နှင့် လူသုံးယောက်တို့က ရုတ်တရက် ထွက်ပေါ်လာပြီး တိုက်ခိုက်ခြင်းပင် ဖြစ်၏။

ထိုဝတ်စုံပြာနှင့် မျက်နှာဖုံးစွပ်ထားသော လူသုံးယောက်တို့သည် ထွက်လာသည်နှင့် စီးချန်းယင်နှင့်ဝမ်းကီးတို့အား အသေအကြေတိုက်ခိုက်လိုက်လေတော့သည်။

ဝမ်းကီးမှာသိုင်းပညာတတ်ထားသူ မဟုတ်ချေ။

ဝမ်းကီးသည် ချက်ချင်းပင် အသက်ဝိညာဉ်ချုပ်၍သွားခဲ့ပေသည်။ စီးချန်းယင်ကလည်း ပြန်လည်ခုခံတိုက်ခိုက်၏။

ထိုအချိန်တွင် စီးချန်းယင်၏နောက်မှ နောက်ယောင်ခံ၍ လိုက်လာသော ချူဖုန်းက စီးချန်းယင်ဘက်မှ ဝင်ရောက်တိုက်ခိုက်



လေတော့သည်။ သို့သော်...

ချူဖုန်းမှာ ရန်သူတစ်ယောက်၏ လက်ချက်ဖြင့် အသက်ပျောက်ခဲ့ရလေသည်။

ရန်သူများသည် စီးချန်းယင်အား အဓိကထား၍ တိုက်ခိုက်သတ်ဖြတ်နိုင်ရန် ကြိုးစားနေကြပေသည်။

လူအေးနှင့်သံမဏိလက်တို့သည် တိုက်ပွဲအတွင်းသို့ ခုန်၍ဝင်လိုက်၏။

"ထန်း"

စီးချန်းယင်၏လက်ထဲမှဓားသည် လွင့်စဉ်ထွက်သွားလေသည်။ လူထွားကြီးက စီးချန်းယင်၏လက်ထဲမှဓားကို သူ၏လက်ထဲမှ ရဲတင်းဖြင့် ခတ်ထုတ်လိုက်သောကြောင့် ဖြစ်သည်။

ထိုစဉ် လူထွားကြီးက စီးချန်းယင်အား ရဲတင်းဖြင့် နောက်ထပ်တစ် ချက် လွှဲ၍ခုတ်ချလိုက်သည်။ ထိုအချိန်တွင်...

"ထန်း"

သံမဏိလက်က ခုန်လွှား၍ရောက်ရှိလာပြီး လက်ထဲမှဓားဖြင့် ဆီး၍ခံပေးလိုက်လေသည်။ ထိုစဉ်...

စီးချန်းယင်၏ညာဘက်ဘေးမှ မျက်နှာဖုံးစွပ် လူတစ်ဦးကလည်းစီးချန်းယင်ကို ဓားဖြင့် လှမ်း၍ထိုးသွင်းလိုက်လေသည်။

ထိုဓားချက်ကို စီးချန်းယင်အနေဖြင့် ရှောင်တိမ်းနိုင်ရန် မလွယ်ကူလှချေ။

စီးချန်းယင်သည် သူ၏ရှေ့မှ လူထွားကြီး၏ ရဲတင်းဖြင့် ခုတ်

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းလိုက်မှုကို နောက်သို့ဆုတ်၍ ရှောင်တိမ်းလိုက်စဉ်…

သူ၏ညာဘက်မှလူ၏ ဓားချက်ကို တစ်ဆက်တည်း တိမ်းရှောင်နိုင်ရန် မလွယ်ကူဘဲ ဖြစ်သွားပေသည်။

"ချွမ်း"

ကံကောင်းထောက်မစွာဖြင့် သံမဏိလက်က ခုန်လွှား၍ခုခံပေးလိုက်သဖြင့် ထိုဓားချက်သည် စီးချွန်းယင်အား ထိမသွားခြင်းပင် ဖြစ်သည်။

"ဟိတ်"

"ထန်း…ထန်း"

"ချွမ်း"

ဓားသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

လူအေးသည် အရပ်နိမ့်နိမ့်နှင့် နွဲ့နွဲ့နှောင်းနှောင်းရှိသော လူကို ရင်ဆိုင်၍ တိုက်ခိုက်လိုက်၏။

မျက်နှာဖုံးစွပ်နှင့် ဝတ်စုံပြာသုံးယောက်တို့သည် မမျှော်လင့်ဘဲ လူအေးနှင့် သံမဏိလက်တို့ ရောက်ရှိလာပြီး ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် အံ့သြတုန်လှုပ်သွားကြလေသည်။

"ဝှစ်…ဝှစ်…ဝှစ်"

အရပ်မနိမ့်မမြင့်နှင့်လူက စီးချွန်းယင်အား လက်ထဲမှဓားဖြင့် အပြင်းအထန် လိုက်လံ၍ဝေ့ယမ်းတိုက်ခိုက်လိုက်သည်။စီးချွန်းယင်မှာ နောက်ဘက်သို့ဆုတ်၍ ရှောင်တိမ်းပေးရ လေတော့သည်။

♣ ♣ ♣



## သံမဏိလက်နှင့်ဝိညာဉ်လိုက်ခြေထောက်

လူအေး၏ဓားဖြင့် အကြင်နာမဲ့လက်နက်ပုန်း…

ဤသည်မှာ သံမဏိလက်နှင့် လူအေးတို့၏ထူးခြားသော နာမဝိသေသများပင်ဖြစ်သည်။

တစ်နည်းဆိုသော် သူတို့နှစ်ဦး အသုံးပြုတတ်သော လက်နက်များ၏ စွမ်းရည်များဖြစ်ပေသည်။

သံမဏိလက်သည် ဓားကိုကိုင်တွယ်၍ တိုက်ခိုက်သူတစ်ဦး ဖြစ်သော်လည်း တစ်ဘက်ရန်သူ အနားသို့ ချဉ်းကပ်မိသည်နှင့် လက်ဖြင့်လည်း ဖမ်းချုပ်၍ တိုက်ခိုက်တတ်သည်။

သံမဏိ၏သန်မာသော လက်အတွင်း၌ အမိခံရသော သူသည် အနည်းဆုံး အရိုးသွင်သွင်ကျိုးသွားရမည် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူအေး၏ဓားချက်များက လျင်မြန်စွာ လှုပ်ရှားနေ၏။

သူ၏အမူအရာက အေးစက်စက်နှင့် ရှိနေသော်လည်း ဓားချက်များကမူ လျှပ်စီးလက်သလိုနှယ် ရှိနေပေသည်။

မျက်နှာဖုံးစွပ်ထားသော ဝတ်စုံပြာသုံးဦး၏ သိုင်းပညာအဆင့်အတန်းမှာ စီးချန်းယင်နှင့် ချူဖုန်းတို့ထက် ပို၍မြင့်မားပေသည်။

သို့သော် ယခုအခြေအနေ၌ သူတို့သုံးဦးသည် လူအေးနှင့် သံမဏိလက်တို့ကို ရင်ဆိုင်တိုက်ခိုက်နေကြရပြီ ဖြစ်လေသည်။

"ဟိတ်"

"ယား"

"ဟိတ်"

"ယား"

ရဲတင်းကိုင်ထားသော လူထွားကြီးက သံမဏိလက်ကို ရဲတင်းကြီးဖြင့် အားရပါးရလွှဲ၍ခုတ်ချလိုက်၏။

ပါးစပ်မှလည်း ကျယ်လောင်စွာ အော်ဟစ်ကာ မာန်သွင်း၍ တိုက်ခိုက်လိုက်လေသည်။

သံမဏိလက်က သူ၏ညာဘက်မှဓားဖြင့် ရဲတင်းကိုကာဆီးဖယ်ထုတ်နေရင်းမှ ဘယ်လက်ဖြင့် တစ်ဘက်လူ၏တစ်နေရာကို ကုတ်ဆွဲနိုင်ရန်အတွက် ချိန်ဆနေလေသည်။

"ဟိုင်း"

"ထန်း"

"ဝှစ်...ဝှစ်"



လူထွားကြီး၏ ရဲတင်းခုတ်ချက်နှစ်ချက်ကို သံမဏိလက်ထဦးခေါင်းငုံ့၍ ရှောင်တိမ်းပေးလိုက်၏။

ထိုအချိန်၌ သံမဏိလက်၏ ဘယ်ဘက်လက်က ရဲတင်းကိုင်သူ၏ညာဘက်ပခုံးပြင်ကို ဖမ်း၍ကိုင်မိလေသည်။

ရဲတင်းသမားကြီးသည် ထိတ်လန့်တုန်လှုပ်သွားပြီး သူ၏ရဲတင်းကြီးကို ပြန်လည်ရုပ်သိမ်းလိုက်ပြီး တစ်ဆက်တည်းမှာပင် လွှဲ၍ခုတ်ချလိုက်ပြန်၏။

သို့သော် သူ၏ညာဘက်ပခုံးစွန်း၌ ကျင်ခနဲဖြစ်သွားသည်ကိုခံစားလိုက်ရပြီး သံမဏိလက်ကို ရှာ၍မတွေ့ရတော့ပေ။

ရဲတင်းကိုင်လူထွားကြီးသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ချာခနဲလှည့်၍ ရင်ဆိုင်လိုက်၏။

ထိုအခါ သံမဏိလက်နှင့် ရင်ဆိုင်တွေ့လိုက်ရလေတော့၏။ လူထွားကြီးသည် ရဲတင်းကို လွှဲမြှောက်ယူလိုက်၏။

သံမဏိလက်က ထိုလူထွားကြီးကို ခပ်ပြုံးပြုံးလှမ်း၍ကြည့်နေပေသည်။

လူထွားကြီးက သူ၏ညာဘက်လက်ကို ပင့်မြှောက်လိုက်ရာ မြှောက်မရဘဲ ဖြစ်နေပေသည်။

လူထွားကြီး၏ ညာဘက်လက်မှာ လုံးဝလှုပ်ရှား၍မရတော့ချေ။

လူထွားကြီး၏ရဲတင်းသည် ဘယ်ဘက်လက်ထဲသို့ ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ညာဘက်လက်ထဲမှရဲတင်းကို ဘယ်ဘက်လက်ထဲသို့ လျှင်မြန်စွာ ပြောင်းယူပစ်လိုက်ခြင်းဖြစ်သည်

"ဟိတ်"

လူထွားကြီးသည် သူ၏ဘယ်ဘက်လက်ထဲသို့ ရဲတင်းရောက်သည်နှင့် သံမဏိလက်ကိုလွှဲခုတ်ရန် ပင့်မြှောက်လိုက်၏။

သို့သော်...

"အင့်"

"အား"

သံမဏိလက်၏ညာဘက်လက်မှာ ရဲတင်းကိုင် လူထွားကြီး၏ဝမ်းဗိုက်အတွင်းသို့ ဝင်ရောက်သွားပေတော့သည်။

မနိမ့်မမြင့်နှင့်လူက စီးချန်းယင်အား လိုက်လံထိုးခုတ် တိုက်ခိုက်နေ၏။

စီးချန်းယင်၏ လက်နက်မဲ့နေသည့်အပြင် တစ်ကိုယ်လုံး၌လည်း ဒဏ်ရာများရထားပြီး မောပန်းနွမ်းနယ်နေပြီ ဖြစ်ပေသည်။

ရဲတင်းကိုင် လူထွားကြီး ဒူးညွတ်၍ခွေကျသွားသည့်အခါ သံမဏိလက်က စီးချန်းယင်အား တိုက်ခိုက်နေသူထံ လျှင်မြန်စွာ ခုန်လွှား၍ ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

"ဟိတ်"

"အား"

ထိုလူက စီးချန်းယင်အား ဓားဖြင့်ဝှေ့ယမ်းပြီး တိုက်ခိုက်လိုက်သည်။



စီးချန်းယင်က နောက်သို့ဆုတ်၍ ကိမ်းရှောင်လိုက်ရာမှ အရှိန်မသတ်နိုင်ဘဲ လဲကျသွားသည်။

သို့သော် ထိုအချိန်၌ သံမဏိလက်က ထိုလူကိုရင်ဆိုင်လိုက်ပြီးဖြစ်ပေသည်။

သံမဏိလက်က စီးချန်းယင်၏အသက်ကို ထပ်မံ၍ကယ်တင်လိုက်ရပြန်ပြီ ဖြစ်ပေသည်။

အရပ်မနိမ့်မမြင့်နှင့်လူ၏ဓားချက်မှာ သွက်လက်သော်လည်း သံမဏိလက်ကို ယှဉ်နိုင်ခြင်းမရှိချေ။

သိုင်းကွက်ဆယ်ကွက်မပြည့်မီမှာပင် ထိုလူက အချက်ပေးသံတစ်ချက် ပြုလိုက်ပြီး နောက်သို့ဆုတ်ခွာသွားလေသည်။

ထိုလူသည် တစ်ဆက်တည်းမှာပင် ဆုတ်ခွာ၍ထွက်ပြေးသွားလေသည်။

ကိုယ်ခန္ဓာ နွဲ့နှောင်းဟန်ရှိသော လူကလည်း နောက်သို့ဆုတ်ခွာရန်အတွက် တစ်ဘက်သို့ ရှောင်၍ပြေးထွက်သွားလေသည်။

သို့သော် သံမဏိလက်က ထိုလူ၏ပြေးလမ်းကို ရှေ့မှနေ၍ ပိတ်ဆို့လိုက်လေသည်။

အရပ်မနိမ့်မမြင့်လူမှာ အဝေးသို့ရောက်ရှိသွားပြီ ဖြစ်၏။

သံမဏိလက်က ထိုလူ၏နောက်သို့ လိုက်ခြင်းမပြုဘဲ လူအေးတို့ တိုက်ခိုက်သည့်လူအား အမိဖမ်းဆီးနိုင်ရန် ကြံရွယ်လိုက်ခြင်းပင်ဖြစ်လေသည်။

လူအေးနှင့်သံမဏိလက်တို့၏ကြားသို့ ရောက်ရှိနေသော

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခန္ဓာနွဲ့နှောင်းသောသူသည် ညာဘက်သို့ကပ်၍ ပြေးရောင်လိုက်လေသည်။

လူအေးက ထိုလူ၏နောက်သို့ တဟုန်ထိုး ခုန်လွှား၍တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်တွင် လူတစ်ယောက် ပြေးလွှား၍ရောက်ရှိလာလေသည်။

ထိုလူရောက်လာသဖြင့် လူအေးသည် သူ၏ခြေလှမ်းများ ရပ်တန့်လိုက်သည်။

နောက်ထပ် ထွက်ပေါ်ရောက်ရှိလာသူမှာ စီးမေဟုန်ပင် ဖြစ်သည်။

စီးမေဟုန်သည် ရန်သူပြေးမည့်လမ်းက ရှေ့မှကာ၍ပိတ်ဆို့ထားလိုက်၏။

သုံးပွင့်ဆိုင်ပိတ်ဆို့ထားခြင်းခံရသော ထိုရန်သူမှာ ထိုးဖောက်တိုက်ခိုက်၍ ထွက်ပြေးရန် လုံးဝမလွယ်ကူနိုင်တော့ချေ။

သို့သော် ခန္ဓာကိုယ်နွဲ့နှောင်းသော ရန်သူသည် စီးမေဟုန်ရှိရာသို့ ဆက်လက်ပြေးလွှား၍ သွားလေသည်။

ထို့ကြောင့် လူအေးက စိုးရိမ်တကြီးဖြင့် အော်ဟစ်သတိပေးလိုက်လေသည်။

"သတိထား"

စီးမေဟုန်၏သိုင်းပညာအဆင့်မှာ ထိုရန်သူကို မီနိုင်လိမ့်မည်မဟုတ်ကြောင်း လူအေးက သိရှိထားပြီးဖြစ်သည်။



ထို့ကြောင့် အော်ဟစ်၍ သတိပေးလိုက်သည်။

စီးမေဟုန်သည် သူမ၏လက်ထဲမှဓားကို အဆင်သင့်ကိုင်ထားပြီး သူမထံပြေးဝင်လာသော ရန်သူကို တိုက်ခိုက်ရန် ဟန်ပြင်ထားလိုက်၏။

ထိုရန်သူသည် စီးမေဟုန်ထံ ပြေးဝင်သွားပြီး ထူးဆန်းသော အပြုအမူတစ်ခု ပြုလုပ်လိုက်သည်။

ထိုအပြုအမူမှာ ထိုလူသည် သူ၏မျက်နှာပြင်ကို ဖုံးအုပ်ထားသော မျက်နှာပြင်ကို ခွာချလိုက်ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ရန်သူ၏မျက်နှာကို စီးမေဟုန်အနေဖြင့်သေသေချာချာ မြင်လိုက်ရလေသည်။

ထို့နောက် စီးမေဟုန်ကို မြင်တွေ့စေပြီး သူ၏မျက်နှာဖုံးကို လျင်မြန်စွာပင် ပြန်လည်ဖုံးအုပ်လိုက်လေတော့သည်။

ထို့နောက် စီးမေဟုန်ထံသို့ ချဉ်းကပ်သွားလေသည်။

ထိုရန်သူ၏မျက်နှာပြင်ကို လူအေးနှင့်သံမဏိလက်တို့က မြင်တွေ့လိုက်ခြင်းမရှိချေ။

လူအေးနှင့်သံမဏိလက်တို့သည် သူတို့ကို ကျောပေးထားသော ရန်သူ၏ကျောပြင်ကို လှမ်း၍တွေ့မြင်လိုက်ကြရသည်။

သို့သော် စီးမေဟုန်၏ မျက်နှာပြင်ပေါ်မှ အမူအရာကို လူအေးနှင့်သံမဏိလက်တို့က ကောင်းစွာ တွေ့မြင်လိုက်ကြရ၏။

စီးမေဟုန်၏ မျက်နှာပြင်ပေါ်၌ အလွန်အံ့အားသင့်သွားသော အရိပ်အရောင်များ ပေါ်ထွက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏မျက်လုံးအစုံသည် ပြူးကျယ်ဝိုင်းစက်နေပြီး သူမထံ ချဉ်းကပ်လာသော ရန်သူကို စိုက်၍ကြည့်နေမိလေသည်။

စီးမေဟုန်သည် သူမထံသို့ ချဉ်းကပ်လာသော ရန်သူကို လက်ထဲမှဓားဖြင့် တိုက်ခိုက်ရန် လုံးဝကြံရွယ်စိတ်ကူးခြင်း ရှိပုံမပေါ်တော့ချေ။

စီးမေဟုန်အနေဖြင့် ရန်သူနှင့်စကားပြောဆိုနေချင်ပုံရသည်။

သို့သော်လည်း စီးမေဟုန်နှုတ်မှလည်း ဖွင့်ဟပြောဆိုရန် ဟန်ပြင်နေခိုက်မှာပင် ရန်သူသည် စီးမေဟုန်ရှေ့သို့ ရောက်ရှိလာလေသည်။

ထိုရန်သူသည် စီးမေဟုန်၏ရင်ဝကို အပျော့ဆုံးနေရာအား ဘယ်ဘက်လက်ဖြင့် ဆန့်တန်းထိုးပိတ်လိုက်သည်။

လူအေးနှင့်သံမဏိလက်တို့က စိုးရိမ်စွာဖြင့် ရောက်ရှိလာလေသည်။

ထိုအခါ ရန်သူသည် စီးမေဟုန်၏နောက်၌ ရောက်ရှိနေလေသည်။

စီးမေဟုန်၏ ဖြူဖွေးသောလည်တိုင်ကို သူ၏ညာဘက်လက်ထဲမှဓားဖြင့် ထိကပ်ချိန်ထားသည်။

ထို့ပြင် ရန်သူ၏ဘက်ဘက်လက်က စီးမေဟုန်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

လူအေးနှင့်သံမဏိလက်တို့က ခြေလှမ်းကို ရပ်တန့်လိုက်



ကြလေသည်။

လူလေးယောက်သည် ငြိမ်သက်စွာ ရပ်နေမိကြလေသည်။

စီးချန်းယင်က သူ့ညီမအတွက် စိုးရိမ်ပူပန်သွားလေသည်။

"ကျုပ်ညီမကိုတော့ အန္တရာယ်မပေးပါနဲ့"

စီးမေဟုန်အား ဖမ်းချုပ်ထားသောသူက ရယ်မောလိုက်လေသည်။

"ဒီမိန်းကလေးကို မသတ်ရဘူးဆိုရင် ကျုပ်ကို အခွင့်အရေးပေးရမယ်ဆိုတာကိုတော့ သိပါတယ်နော်"

ထိုရန်သူသည် အသံကိုဖျက်၍ ပြောနေသော်လည်း မိန်းကလေးတစ်ယောက်ဖြစ်မှန်း အားလုံးသိထားလေသည်။

သံမဏိလက်က ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ဘဲ ဦးခေါင်းကို ချက်ချင်းညိတ်ပြလိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျားသွားချင်ရာကို သွားနိုင်ပါတယ်၊ ကျုပ်တို့ မတိုက်ခိုက်ပါဘူး"

အမျိုးသမီးက...

"ဟင်း..ဟင်း..ဒီလိုပြောလိုက်ရုံနဲ့ ကျုပ်က ယုံကြည်ရတော့မှာလား"

သံမဏိလက်က...

"ကျုပ်က ဘယ်တော့မှ မလိမ်မညာဘူး၊ ကျုပ်ပြောတဲ့စကားအတိုင်း ကတိတည်တယ်"

ထိုအချိန်ကလေးအတွင်း၌ အမျိုးသမီးသည် စီးမေဟုန်အား

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလှစ်ဟပြလိုက်သည်။

စီးမေဟုန်က အံ့အားသင့်သွားလေသည်။

ထိုအမျိုးသမီးဖြစ်သူက...

"နောက်ဆုတ်ပေး"

ကျန်လူများ နောက်ဆုတ်သွားလေသည်။

ထိုစဉ် အမျိုးသမီး၏ နောက်ကျောသို့ တစ်စုံတစ်ခုက လာရောက်ထိမှန်သွားလေသည်။

"ဘုတ်"

အမျိုးသမီးက နာကျင်လွန်း၍ လှည့်ကြည့်လိုက်သည်။

မိန်းကလေးတစ်ယောက် ရပ်နေသည်။

အမျိုးသမီးသည် မိန်းကလေးကို သတ်ဖြတ်ရန် ခြေလှမ်းလှမ်းလိုက်သည် ထိုမိန်းကလေးသည် သိုင်းပညာရှင်မဟုတ်မှန်းသိလိုက်လေသည်။

ထိုအချိန်ကို အခွင့်ကောင်းယူကာ လူအေးက ဓားဖြင့်ထိုးချလိုက်လေသည်။

"အား"

လူအေးက ထိုအမျိုးသမီးမျက်နှာဖုံးကို ခွာချလိုက်သည်။

"ဟင်...မမလီ"

♣ ♣ ♣



## တရားခံဘယ်သူလဲ

မြေပြင်ပေါ် အလောင်းလေးလောင်း လဲကျနေသည်။

လူအေးနှင့် သံမဏိလက်တို့က ထိုအလောင်းများကို စု၍ထားလိုက်ပြီးဖြစ်သည်။

ထိုအလောင်းလေးလောင်းအနက် အလောင်းတစ်လောင်းမှာ စီးချုန်းယင်အား လိုက်လံကယ်တင်ကာကွယ်ပေးရာမှ သေဆုံးခဲ့ရှာသော ချူဖုန်းပင်ဖြစ်သည်။

နောက်အလောင်းတစ်လောင်းမှာ စီးဂေဟာမှ လူယုံတော်ကြီးဝမ်းကီးဖြစ်လေသည်။

ကျန်အလောင်းနှစ်လောင်းမှာ လူအေးနှင့် သံမဏိလက်တို့၏လက်ချက်ဖြင့် သေဆုံးသွားကြသော မျက်နှာဖုံးဝတ်နှစ်ဦး၏အလောင်းပင်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင် ရန်သူအလောင်းနှစ်လောင်း၏ မျက်နှာပေါ်မှမျက်နှာဖုံးစွပ်များကို ခွာချထားလိုက်ပြီး ဖြစ်ပေသည်။

ထိုရန်သူအလောင်းနှစ်လောင်းအနက် တစ်လောင်းမှာ စီးဂေဟာသခင်ကြီးစီးရှောင်ဖုန်း၏ ဒုတိယဇနီးပင် ဖြစ်လေသည်။

ယခုအခါ အလောင်းလေးလောင်းတို့သည် ရန်သူမိတ်ဆွေမခွဲခြားဘဲ မြေပြင်ပေါ်၌ တပြေးညီတူစွာ လဲကျနေလေသည်။

စီးချန်းယင်က သူကြုံတွေ့ခဲ့ရသော အဖြစ်အပျက်အလုံးစုံကို ရှင်းလင်းပြောပြလိုက်လေသည်။

"အစ်ကိုချူးဖုန်းနဲ့အတူ အိမ်ထဲမှာ ထိုင်နေတုန်းက ဝမ်းကီးရောက်လာတယ်၊ မမလီက ခေါ်ခိုင်းလိုက်လို့ပဲ၊ အစ်ကိုကြီး စီးရှောင်ဖုန်းရဲ့ ဝေဒနာပျောက်ကင်းသွားပြီလို့လည်းပြောတယ်၊ ဝမ်းကီးက သူနဲ့စီးဂေဟာကိုလိုက်ခဲ့ပါ၊ စီးရှောင်ဖုန်းက တွေ့ချင်နေတယ်လို့ ပြောတယ်၊ ဒါနဲ့ကျွန်တော် လိုက်သွားလိုက်တယ်"

သူသည် ချောင်းတစ်ချက်ဟန့်ကာ စကားကို ဆက်ပြောလိုက်သည်။

"အစ်ကိုကြီးစီးရှောင်ဖုန်းအနေနဲ့ကတော့ စိတ်ဖောက်ပြီးတော့ ရန်မူခဲ့တာ တွေးမိပြီးသားပါ၊ ဒါနဲ့ ဝမ်းကီးနဲ့လိုက်ခဲ့တာ၊ ဒီတောအုပ်ရောက်တော့ ဝတ်စုံနက်ဝတ်ထားပြီး မျက်နှာဖုံးစွပ် လူသုံးယောက်ထွက်လာပြီး ကျွန်တော့်ကို တိုက်ခိုက်တော့တာပဲ"

ကျွန်တော်ကလည်း အစ်ကိုချူးဖုန်းဆီကနေ လိုရမယ်ရ ဓားတစ်လက်ဆောင်သွားလို့ သူတို့သုံးယောက်ကို ခုခံနိုင်ခဲ့တာ၊ ဝတ်



စုံနက်သုံးယောက်က ထွက်လာလာချင်း ဝမ်းကီးကိုသတ်လိုက်တယ်၊ ကျွန်တော်နဲ့ တိုက်ခိုက်နေတုန်းမှာ ချူးဖုန်းက ကျွန်တော့်နောက်က လိုက်လာခဲ့တယ်၊ ဒါပေမယ့် ထွက်ပြေးလွတ်မြောက်သွားတဲ့ ရန်သူကသတ်သွားတယ်၊ အစ်ကိုတို့နှစ်ယောက် ရောက်လာမှ ကျွန်တော်အသက်ချမ်းသာရာရသွားတာပါ"

စီးမေဟုန်၏ အသက်အန္တရာယ်ကျရောက်လုနီးပါး အချိန်၌ စီးရှောင်ဖုန်း၏ဇနီးနောက်ဘက်မှ ကျောက်ခဲနှင့်ပစ်၍ အော်ဟစ်လိုက်သူမှာ စုကျန်းပင်ဖြစ်သည်။

ထိုတဒင်္ဂအချိန် အတောအတွင်း၌ လူအေးသည် လျင်မြန်လှစွာဖြင့် သခင်ကြီးစီးရှောင်ဖုန်း၏ ဇနီးလက်တွင်းမှ စီးမေဟုန်ကို ပြန်လည်ကယ်တင်နိုင်ခဲ့လေသည်။

ယခုအချိန်၌ စုကျန်း၏မျက်နှာတွင် ကြောက်ရွံ့ထိတ်လန့်သော အမူအရာများ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

လူအေးသည် စုကျန်းကို ပြန်၍ကြည့်လိုက်ပြီး ရယ်မောပြောဆိုလိုက်သည်။

"စုကျန်း..မင်းရဲ့အသံက ဒီလောက်အထိ ကျယ်လောင်လိမ့်မယ်လို့ ငါမထင်မိဘူး"

စုကျန်းက သဘောကျစွာဖြင့် ခစ်ခနဲ ရယ်မောလိုက်သည်။

ထို့နောက် စုကျန်းသည် လူအေး၏မျက်နှာကို ကျေးဇူးတင်ဟန်ဖြင့် ကြည့်လိုက်ပြီး စီးချန်းယင်အနားသို့ တိုးကပ်သွားလေသည်။

ထို့နောက် စုကျန်းက စီးချန်းယင်၏ တစ်ကိုယ်လုံးတွင် ရှိ

www.burmeseclassic.com

www.burmeseclassic.com



ထားသောဒဏ်ရာကို လက်ကိုင်ပုဝါဖြင့် ဆေးကြောပေးနေသည်။

ထို့နောက် လူအေးနှင့် သံမဏိလက်၊ စီးချန်းယင်တို့သည် မြေကျင်းကြီးတစ်ကျင်း တူးဖော်၍ အလောင်းများကို မြှုပ်နှံလိုက်လေသည်။

စုကျန်းနှင့် စီးမေဟုန်တို့သည် ဘေးမှကူ၍ လုပ်ပေးနေကြသည်။ သူတို့အားလုံးသည် ရန်သူမိတ်ဆွေ မခွဲခြားဘဲ ကောင်းမွန်စွာမြေမြှုပ်သင်္ဂြိုလ်ပေးလိုက်သည်။

သို့ရာတွင် ရန်သူလက်ချက်ဖြင့် သေဆုံးသွားခဲ့ရသော ချူဖုန်းအတွက် လူအေးနှင့်သံမဏိလက်တို့က ဝမ်းနည်းကြေကွဲကြရလေသည်။

♣ ♣ ♣

သံမဏိလက်က ကျန်လူအားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ခေါင်းညိတ်ကာ ပြောဆိုလိုက်သည်။

"ကျုပ်တို့နှစ်ယောက် နောက်ကလိုက်လာတော့ စီးဂေဟာက လူယုံတော်ကြီးဖြစ်မယ်လို့ ခန့်မှန်းခဲ့ရာက ဝမ်းကီးရဲ့အလောင်းကို စတွေ့တယ်၊ အကျီုပြာဝတ်ထားတဲ့ ဝမ်းကီးဟာ စီးချန်းယင်ကို လာခေါ်သွားတဲ့လူပဲ ဖြစ်မယ်လို့ ခန့်မှန်းလိုက်တယ်၊ ဝတ်စုံနက်နဲ့ လူသုံးယောက်က စီးချန်းယင်ကို ဒီတောအုပ်ကနေ လုပ်ကြံမလို့ဘဲ ဖြစ်ရမယ်၊ ဒီသုံးယောက်က တခြားလူမဟုတ်ဘူးဆိုတာ တွေးမိတယ်"



သူသည် ဟိုအဝေးကို တစ်ချက်ကြည့်လိုက်သည်။

"ဝမ်းကီးကိုသတ်တာဟာ နှုတ်ပိတ်တဲ့သဘောပဲ၊ နောက်ဆုံး တစ်ချက်ကတော့ စီးရှောင်ဖုန်းရဲ့ဇနီးက စီးမေဟုန်ကို သူ့ရဲ့မျက်နှာ လှစ်ပြလိုက်တဲ့အချက်ပဲ၊ စီးမေဟုန်က သူ့ယောင်းမမျက်နှာမြင်တော့ အံ့သြပြီး မတိုက်ခိုက်နိုင်တော့ဘူး၊ အဲဒီအချက်တွေကို ပေါင်းကြည့်မယ်ဆိုရင် စီးချန်းယင်ကို လုပ်ကြံမယ့်အကြံအစည်က သခင်ကြီးစီးရှောင်ဖုန်းရဲ့ဇနီးမှာ ရှိနေတယ်ဆိုတာ ထင်ရှားတယ်"

စီးမေဟုန်က နားမလည်နိုင်စွာဖြင့် ရေရွတ်ပြောဆိုလိုက်လေသည်။

"အင်း..မမလီဟာ ဘာဖြစ်လို့များ ဒီလိုလုပ်ခဲ့ရတာလဲ မသိဘူး၊ ကျွန်မအနေနဲ့ ဘယ်လိုမှစဉ်းစားလို့ မရတော့ဘူး"

သံမဏိလက်က မသိမသာ တစ်ချက်ပြုံးလိုက်သည်။

"ဒီအဖြေကို တိတိကျကျ ကျုပ်မတွေးတတ်သေးဘူး၊ ဒါပေမယ့် ကျုပ်ပြောနိုင်တဲ့အချက်တော့ ရှိတယ်၊ သခင်ကြီးစီးရှောင်ဖုန်းရဲ့ဇနီးဟာ ငှက်တောင်ဓားသမား လီလုရှိဆိုတာကတော့ ပြောနိုင်ပါတယ်"

သံမဏိလက်၏စကားကြောင့် လူအားလုံး အံ့အားသင့်သွားသည်။ စီးမေဟုန်က မျက်လုံးပြူး၍...

"မမလီဟာ ငှက်တောင်ဓားသမား လီလုရှိ ဟုတ်လား"

သံမဏိလက်က ခေါင်းညိတ်ပြလိုက်သည်။

"အမှန်ပါပဲ၊ လီလုရှိဟာ ဆိုးသွမ်းတဲ့ အမျိုးသမီးသိုင်းသ

www.burmeseclassic.com

www.burmeseclassic.com



မားတစ်ယောက်ပါပဲ၊ သူကျူးလွန်ခဲ့တဲ့အပြစ်တွေ အများကြီးရှိပါတယ်၊ လူသတ်တယ်၊ ဓားပြတိုက်တယ်၊ စိန်ရွှေရတနာပစ္စည်းကိုလည်း အလွန်မက်တဲ့အမျိုးသမီးတစ်ယောက်ဖြစ်တယ်၊ သူကိုင်တွယ်အသုံးပြုတဲ့ဓားဟာ ငှက်တောင်လို ပေါ့ပါးပြီး ထက်မြက်လှတဲ့အတွက် ငှက်တောင်ဓားသမားလီလုရီလို့ သူ့ကိုခေါ်ကြတာပဲ"

စီးမေဟုန်က အံ့အားသင့်စွာဖြင့်...

"ကျွန်မတို့က မမလီကို သိုင်းပညာထက်မြက်တယ်လို့ လုံးဝမသိဘူး၊ ဒီနေ့မှ ငှက်တောင်ဓားသမားလို့ သိရတော့တယ်"

သံမဏိလက်က သူ့မေးစေ့ကို ပွတ်သပ်လိုက်ပြီး အလေးအနက် စကားပြောလိုက်သည်။

"အင်း..သခင်ကြီး စီးရှောင်ဖုန်းက ဘာဖြစ်လို့ ဒီလောက်အထိ နာမည်ကြီးနေတဲ့ ဆိုးသွမ်းတဲ့ အမျိုးသမီးကို လက်ထပ်လိုက်လဲ မသိဘူး၊ လီလုရီကို သူ့အနေနဲ့ မသိမှာမဟုတ်ဘူး၊ တကယ်လို့သာ လီလုရီကိုသိလျက်နဲ့ လက်ထပ်တယ်ဆိုရင်တော့ သူ့မှာ လျှို့ဝှက်တဲ့ အကြောင်းတစ်ခုခုတော့ ရှိမှာ သေချာတယ်"

သံမဏိလက်၏ ပြောစကားကြောင့် စီးချန်းယင်နှင့်စီးမေဟုန်တို့၏မျက်နှာများတွင် စိုးရိမ်သော အရိပ်အယောင်များ ယှက်သန်းလာလေသည်။

စီးချန်းယင်က မျက်မှောင်ကြုတ်၍ မေးမြန်းလိုက်သည်။

"နောက်တစ်ယောက်က ဘယ်သူများပါလိမ့်၊ ဒီလူက ကျွန်တော်တို့ စီးဂေဟာရွာစုကတော့ မဟုတ်နိုင်ပါဘူး၊ စုံစမ်းရေးမှူးကြီး"



သံမဏိလက်က ပြုံး၍...

"အင်း..ငှက်တောင်ဓားသမား လီလုရီကိုတွေ့ရပြီဆိုရင်တော့ သူနဲ့တွဲဖော်တွဲဖက် လီကျူးပဲဖြစ်လိမ့်မယ်၊ လီကျူးဟာ အရုပ်အမောင်း တောင့်တင်းတယ်၊ သူ့ရဲ့လက်နက်ဟာ ရဲတင်းပဲဖြစ်တယ်"

စီးချန်းယင်က ထိတ်လန့်တကြား ပြောဆိုလိုက်သည်။

"အို..ဒါဖြင့် ဒီလူဟာ ဓားပြကြီး ဇက်ရဲတင်းလီကျူးမဟုတ်လား"

သံမဏိလက်က သူ၏ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"အင်း..လီလုရီနဲ့လီကျူးတို့ဟာ ဆိုးသွမ်းတဲ့ဓားပြ အဖွဲ့အစည်းတွေနဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ လူနှစ်ယောက်ပဲ"

သံမဏိလက်က လူအေးဘက်သို့ လှည့်လိုက်ပြီး လှမ်းပြောလိုက်လေသည်။

"လူအေး လွန်ခဲ့တဲ့ရက်ပိုင်းလောက်က တို့နဲ့တိုက်ခိုက်ခဲ့တဲ့လူတွေကို စဉ်းစားကြည့်စမ်း၊ အဲဒီတုန်းက သေဆုံးသွားရတဲ့ ဓားပြတွေနဲ့ ဆက်စပ်တွေးကြည့်ရင် ထူးခြားတဲ့ တိုက်ခိုက်မှုလို့ မင်းမထင်မိဘူးလား၊ တို့ကို တိုက်ခိုက်တဲ့အထဲမှာ နာမည်ကြီးသိုင်းသမားနှစ်ယောက်ပါနေတယ်၊ ကျင့်ကျန့်ဓားသမားရဲကျင်းနဲ့ စမ်းဟိုဓားသမားထန်မြောင်တို့ရှိနေရာ ဒီဒေသမှာ ထွက်ပေါ်လာပြီးလှုပ်ရှားတာ လီလုရီနဲ့လီကျူးတို့နှစ်ယောက်နဲ့ ပတ်သက်မှုရှိနေမလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



လူအေးက ခေါင်းညိတ်ပြလိုက်သည်။

သံမဏိလက်ပြောဆိုသော စကားများကို ကျန်သုံးယောက်က နားလည်ဟန်မတူချေ။

သူတို့သည် သံမဏိလက်နှင့်လူအေးတို့၏မျက်နှာကို တစ်လှည့်စီ ငေးမောကြည့်နေလေသည်။

သံမဏိလက်က စီးမေဟုန်ဘက်သို့ ရုတ်တရက်လှည့်လိုက်ပြီး မေးခွန်းထုတ်လိုက်လေသည်။

"စီးမေဟုန်"

"ဟုတ်ကဲ့ ပြောပါ"

သံမဏိလက်က မျက်မှောင်ကြုတ်၍...

"ကျုပ်တို့နှစ်ယောက် ဒီဒေသကိုရောက်လာကတည်းက ချူဖုန်းရဲ့အိမ်မှာ တည်းခိုနေတာ စီးမေဟုန်အနေနဲ့ ဘယ်လိုလုပ်ပြီး သိတာလဲ"

စီးမေဟုန်က...

"အစ်ကိုချူဖုန်း ပြောပြခဲ့လို့ သိရတာပါ"

"ကျုပ်တို့နှစ်ယောက် ချူဖုန်းရဲ့အိမ်မှာ တည်းခိုနေထိုင်တဲ့အကြောင်းကို စီးမေဟုန် သခင်ကြီးစီးရှောင်ဖုန်းနဲ့လီလုရိကို ပြောပြသေးသလား"

"ဟင့်အင်း..ပြောမပြခဲ့ပါဘူး"

စီးမေဟုန်က ခေါင်းကို ခါယမ်းလိုက်သည်။

မျက်လုံးအစုံ ပြူးကျယ်သွားပြီး..



"ဘာဖြစ်လို့လဲ၊ ကျွန်မရဲ့အစ်ကို စီးရှောင်ဖုန်းကိုတော့ ပြောပြခဲ့ပါတယ်၊ နောက်တစ်ယောက်ကိုလည်း ပြောပြခဲ့ပါတယ်"

သံမဏိလက်က...

"ဘယ်သူလဲ"

စီးမေဟုန်က...

"စီးဂေဟာအုပ်ချုပ်ရေးမှူးစီးလျှန်ဂူးကို ပြောပြခဲ့တာပါ"

သူမ၏စကားကြောင့် လူအေးနှင့် သံမဏိလက်တို့ တစ်ယောက်မျက်နှာကိုတစ်ယောက်အဓိပ္ပါယ်ရှိစွာ လှမ်းကြည့်လိုက်သည်။ သံမဏိလက်က ထပ်မံမေးမြန်းလိုက်သည်။

"စီးမေဟုန် သူတို့အပြင် အခြားဘယ်သူ့ကို ပြောပြခဲ့သေးသလဲ"

စီးမေဟုန်က ခေါင်းယမ်းပြလိုက်သည်။ သံမဏိလက်က မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်လေသည်။

"မျက်နှာဖုံးစွပ်သုံးယောက်၊ တစ်ယောက်က လီကျုံး၊ တစ်ယောက်က လီလုရိ၊ အင်း ဒီလိုဆိုရင် ထွက်ပြေးသွားတဲ့လူဟာ ဘယ်သူဖြစ်နိုင်မလဲ မသိဘူး"

လူအေးက ခေတ္တမျှ စဉ်းစားလိုက်သည်။

"ကျွန်တော်ထင်တာကတော့ ထွက်ပြေးသွားတဲ့လူရဲ့ ပုံပန်းသဏ္ဌာန်ဟာ စီးလျှန်ဂူးနဲ့ဆင်တူနေတယ်လို့ ထင်မိတယ်၊ ကျွန်တော်တို့ရဲ့ရှေ့ကနေ ကြိုတင်ပြီး ချူဖုန်းအိမ်ကို သူက ဝမ်းကီးကို လွှတ်လိုက်ပြီး စီးချန်းယင်ကိုခေါ်ခိုင်းလိုက်တာဖြစ်မယ်၊ လီလုရိနဲ့

www.burmeseclassic.com



လီကျုံးနှစ်ယောက်ကိုခေါ်ပြီး စီးလျှန်ဂူးက လမ်းက စောင့်နေတာ ဖြစ်မယ်"

လူအေးက ခေါင်းညိတ်ကာ စကားဆက်လိုက်ပြန်သည်။

"စဉ်းစားစရာကောင်းတဲ့အချက်ကတော့ သူတို့ ဘာဖြစ်လို့ စီးချန်းယင်ကို အမိကထားပြီး သတ်ချင်ရတာလဲ၊ ဒီဂေဟာရဲ့ သခင်ကြီး စီးရှောင်ဖုန်းနဲ့များ ပတ်သက်နေလို့လား၊ ဗွားဟူကျန်းဒေသတစ်ဝိုက်ရဲ့ ဓားပြတိုက်လုယက်မှုဟာ လီလုရီနဲ့ ပတ်သက်နေမလားဘဲ"

စီးမေဟုန် မျက်လုံးပြူးကျယ်စွာဖြင့် နားထောင်နေသည်။

သံမဏိလက်က လူအေးစကားကို စဉ်းစားပြီးမှ ရုတ်တရက်ပြောလိုက်သည်။

"ဒါဆိုချင်ရင်တော့ စီးဂေဟာကို သွားကြည့်ရမှာပဲ"

လူအေးက လှည့်မေးလိုက်သည်။

"အခုသွားမှာလား"

စီးမေဟုန်ကလည်း ဝင်ပြောလိုက်သည်။

"အစ်ကိုစီးချန်းယင်ဒဏ်ရာနဲ့ သူ့ကို အနားယူခိုင်းမှ ဖြစ်မယ်ထင်တယ်"

လူအေးက တည်ကြည်အေးဆေးသော လေသံဖြင့်...

"စီးချန်းယင်ကို လုပ်ကြံသတ်ဖြတ်တဲ့ကိစ္စ ပေါ့ပေါ့ဆဆ တွေးလို့ဖြစ်မှာ မဟုတ်ဘူး၊ အခုချက်ချင်းပဲ စီးဂေဟာကိုသွားပြီး အုပ်ချုပ်ရေးမှူးစီးလျှန်ဂူးကို အကဲခတ်ကြည့်ချင်တယ်၊ ကျုပ်တို့နောက်ကျရင် သူတို့က အဖွဲ့လိုက်ထွက်ပြီး ကျုပ်တို့ကို တိုက်ခိုက်



လိမ့်မယ်"

စီးမေဟုန်က ခါးကိုတစ်ချက်ထောက်၍ မဲ့ပြုံးပြုံးလိုက်သည်။ သံမဏိလက်က အေးစက်စွာ တစ်ချက်ပြုံးပြလိုက်သည်။

"တကယ်လို့သာ အဲဒီလို လှောက်တိုက်မယ်ဆိုရင် ပို ကောင်းတာပေါ့၊ ထွက်မလာဘဲ ငြိမ်နေရင် သဲလွန်စပျောက်သွားနိုင်တယ်"

စီးမေဟုန်က အံတစ်ချက် ကြိတ်လိုက်ပြီး...

"ဒီလိုဆိုလည်း ကျွန်မတို့ သွားကြရအောင်"

စီးမေဟုန်သည် စိတ်မြန်သူတစ်ယောက်ဖြစ်၍ သူမကပင် ဦးဆောင်၍ ရှေ့မှထွက်သွားသည်။

♣ ♣ ♣

တောအုပ်ကလေးအတွင်းမှ ထွက်လာမိခဲ့ကြသည်နှင့် စီးဂေဟာ၏ အနောက်အဆောင်မှ အိမ်အမိုးများကို လှမ်းမြင်တွေ့လိုက်ရလေသည်။

တောလမ်းကလေးသည် ထိုနေရာမှစ၍ ဖြောင့်တန်း၍နေလေသည်။ တောပန်းကလေးများ၏ရနံ့သည် သင်းပျံ့မွှေးနေ၏။

သူတို့သည် စီးဂေဟာ၏ အနောက်ဘက်ခြံဝင်းနံဘေးမှ ပတ်၍ အရှေ့ဘက်တံခါးမကြီးရှိရာသို့ လှမ်းလာခဲ့ကြသည်။

အရှေ့ဘက်ဝင်းတံခါးမတွင် အစောင့်လေးဦးနှင့် လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို တွေ့လိုက်ရသည်။

ထိုလူသည် အရပ်မနိမ့်မမြင့်ရှိပြီး သူ၏လက်ထဲ၌ အရိုးရှည်ဆေးတံတစ်ချောင်းကို ကိုင်ထားသည်။

ထိုလူသည် စီးချန်းယင်နှင့် စီးမေဟုန်ကိုမြင်လျှင် ပြုံးရွှင်သောမျက်နှာထားဖြင့် ဆီးကြိုလိုက်သည်။

ထိုလူသည် စီးဂေဟာ၏ အုပ်ချုပ်ရေးမှူးစီးလျှန်ဂူးပင်ဖြစ်လေသည်။

စီးလျှန်ဂူးသည် ပြုံး၍နှုတ်ဆက်လိုက်သည်။

"သခင်လေးနဲ့ သခင်မလေးတို့မောင်နှစ်မ ပြန်လာကြပြီလား"

စီးမေဟုန်က တည်ကြည်သော မျက်နှာထားဖြင့် လေသံတင်းကာ ပြောဆိုလိုက်သည်။

"ကျွန်မတို့ ပြန်မလာရင် ရှင့်ရဲ့အကြံအစည်တွေ အောင်မြင်သွားမှာပေါ့ မဟုတ်ဘူးလား"

စီးမေဟုန်က စီးလျှန်ဂူး၏မျက်နှာကို စေ့စေ့ကြည့်ကာ ပြောဆိုလိုက်သည်။

စီးလျှန်ဂူးက ပြုံးမြဲသာ ပြုံးနေသည်။

စီးလျှန်ဂူးက စီးချန်းယင်ဘက်သို့ လှည့်လိုက်ပြီး...

"သခင်လေး အိမ်ထဲဝင်ပါ၊ သခင်ကြီးက စောင့်ဆိုင်းနေပါတယ်၊ စုံစမ်းရေးမှူးကြီးနှစ်ယောက်လည်း တစ်ပါတည်းဝင်လာခဲ့ကြပါ၊ ခင်ဗျားတို့ကို သခင်ကြီးက စကားပြောမယ်လို့ အမိန့်ရှိထား



ပါတယ်"

စီးလျှန်ဂူး၏စကားကြောင့် သံမဏိလက်က အဓိပ္ပါယ်ပါစွာဖြင့် လူအေးကို လှမ်းကြည့်လိုက်သည်။

ထို့နောက် သံမဏိလက်က စီးလျှန်ဂူးဘက်သို့ လှည့်၍ပြောလိုက်သည်။

"ဟုတ်ကဲ့..ဒီလိုသာဆိုရင်တော့ အုပ်ချုပ်ရေးမှူးစီးလျှန်ဂူးရှေ့ကပဲဝင်ပါ၊ ကျွန်တော်တို့ နောက်ကလိုက်လာခဲ့ပါ့မယ်"

စီးလျှန်ဂူးက သူတို့အားလုံးကို ခါးကိုင်းညွတ်၍ အရိုအသေပေးပြီးနောက် ထွက်ခွာသွားလေသည်။

လူအေးတို့လူစုကလည်း စီးလျှန်ဂူး၏နောက်မှ လိုက်ပါသွားကြလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယတစ်ခေါက်

ညှော်ခန်းမကြီးမှာ ခန်းနားကျယ်ပြန့်လှပေသည်။

ထိုညှော်ခန်းမကြီးသည် ညှော်သည်ပေါင်း ငါးဆယ်ကျော် ခြောက်ဆယ်ခန့် ထိုင်နိုင်ရန် စားပွဲခုံများကို အဆင်သင့်ခင်းကျင်းထားသည်။

ကျယ်ပြန့်သော ခန်းမကြီးအတွင်း၌ စီးဂေဟာသခင်ကြီး စီးရှောင်ဖုန်းမရှိပါ။

စီးလျှန်ဝူးသည် သူတို့အားလုံးကို ညှော်ခန်းမကြီး၏တံခါးပေါက်တစ်ပေါက်မှ ခေါ်ဆောင်သွားသည်။

စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့ကြရာ အခန်းပေါင်းဆယ်ခန်းကျော်ကျော်အထိ ဖြတ်လာခဲ့ရလေသည်။

စီးလျှန်ဝူးက လူအေးနှင့် သံမဏိလက်တို့အား စီးဂေဟာသခင်ကြီးစီးရှောင်ဖုန်း၏ စာဖတ်ခန်းသို့ ခေါ်ဆောင်သွားခြင်း ဖြစ်ပေသည်။



ထိုစာဖတ်ခန်း၏ အောက်ဘက်၌ မြေအောက်ခန်းတစ်ခန်း ရှိနေသည်ကို လူအေးတို့သည် ရောက်ဖူးသဖြင့် သိရှိထားခဲ့သည်။

ထိုစာဖတ်ခန်းသို့ရောက်လျှင်ပင် အခန်းတွင်းမှ အပြင်အဆင်များသည် စောစောပိုင်း သူတို့နှစ်ဦး ရောက်ရှိခဲ့စဉ်ကနှင့်မတူဘဲ လုံးဝခြားနား ပြောင်းလဲနေကြောင်း သိရှိလိုက်သည်။

စာဖတ်ဆောင်နံရံ၌ စင်ကြီးတစ်ခုရှိသည်။

ထိုစင်ကြီးပေါ်၌ စာအုပ်စာတန်းများ ရှိရမည့်အစား ဓားအလက်ပေါင်း နှစ်ဆယ်ကျော် ချိတ်ဆွဲထားသည်။

ထိုဓားများက အမျိုးမျိုးအစားစား ဖြစ်ကြပြီး တစ်မျိုးနှင့်တစ်မျိုးမတူကြပေ။

ထိုဓားစင်ရှေ့၌ ထိုင်ခုံတစ်လုံးရှိသည်။

ထိုထိုင်ခုံသည် နောက်မှီနှင့်လက်တန်းပါသော ထိုင်ခုံဖြစ်လေသည်။

ထိုထိုင်ခုံကို သစ်သားနှင့်ထုလုပ်ထားပြီး ပန်းနွယ်ပန်းလိမ်များဖြင့် လှပစွာ ပုံဖော်ထားသည်။

ထိုင်ခုံပေါ်၌ လူတစ်ယောက် ထိုင်နေလေသည်။

ထိုလူသည် စီးဂေဟာ၏အရှင်သခင်ကြီး စီးရှောင်ဖုန်းပင် ဖြစ်သည်။

စီးရှောင်ဖုန်းသည် ဦးခေါင်းမှ ဆံပင်များကို မဖြီးမလိမ်းဘဲထားသဖြင့် ရှုပ်ပွနေသည်။

အဝတ်အစားများမှာလည်း ပထမတစ်ခေါက်လာစဉ်ကကဲ့

www.burmeseclassic.com

www.burmeseclassic.com



သို့ပင် စုတ်ပြဲလျှက်ရှိသည်။

သို့သော် စီးရောင်ဖုန်း၏မျက်နှာ အမူအရာမှာ သိသာစွာ ပြောင်းလဲနေသည်။

စီးရောင်ဖုန်း၏မျက်နှာမှာ တည်ကြည်ငြိမ်သက်လွန်းလှပေသည်။

သူ၏ပေါင်ပေါ်၌ ဓားတစ်လက်ကို ကန့်လန့်ဖြတ်တင်ထားလေသည်။

ထိုဓားသည် သူကိုင်နေကျဓားဖြစ်ကြောင်း စီးချုန်းယင်နှင့် စီးမေဟုန်တို့ သိထားလိုက်ကြသည်။

စီးရောင်ဖုန်းသည် လူအေးတို့လူစု ဝင်လာသည်ကို အေးစက်သော အမူအရာဖြင့် လှမ်း၍ကြည့်နေသည်။

သို့သော် စီးရောင်ဖုန်း၏ အမူအရာမှာ မြေတိုက်ခန်းတွင် တွေ့နေသော အမူအရာနှင့် လုံးဝခြားနားနေသည်။

စီးချုန်းယင်က...

"အစ်ကိုကြီး"

လူအေးနှင့်သံမဏိလက်တို့ နှစ်ဦးမှာလည်း ခြေလှမ်းကိုရပ်တန့်လိုက်ပြီး စီးရောင်ဖုန်းကို အကဲခတ်လိုက်သည်။

ရုတ်ချင်းမှာမူ စီးမေဟုန်၏နောက်၌ ကပ်၍နေလေသည်။

စီးမေဟုန်ကလည်း ဝမ်းသာအားရလေသံဖြင့်...

"အစ်ကိုကြီး...အစ်ကိုကြီး နေကောင်းသွားပြီနော်"

စီးရောင်ဖုန်းက ညီမဖြစ်သူ စီးမေဟုန်အား ရယ်ပြလိုက်



လေသည်။ စီးရောင်ဖုန်းသည် လူအေးနှင့်သံမဏိလက်တို့ကို ကြည့်လိုက်လေသည်။

"စုံစမ်းရေးမှူးကြီးတို့ ထိုင်ပါ"

သံမဏိလက်က အရိုအသေပေးလိုက်သည်။

"သခင်ကြီးအနေနဲ့ ကျွန်တော့်ကို သံမဏိလက်လို့ခေါ်ပါ။ သူကတော့ လူအေးပါ"

စီးချုန်းယင်က စီးရောင်ဖုန်းကို အကဲခတ်ကြည့်နေသည်။

စီးမေဟုန်က...

"အစ်ကိုကြီး...ကျွန်မတို့ လမ်းမှာ ရန်သူသုံးယောက်ရဲ့တိုက်ခိုက်မှုကိုခံခဲ့ရတယ်၊ လူတစ်ယောက် လွတ်မြောက်သွားတယ်၊ အဲဒီလူက ဦးလေးစီးလျှံဝူးနဲ့ ပုံပန်းသဏ္ဌာန်တူနေတယ်"

စီးရောင်ဖုန်းက စီးမေဟုန်အား မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး...

"ညီမလေးမေဟုန်...မင်းဘာတွေ လျှောက်ပြောနေတာလဲ၊ လျှံဝူးက တို့ရဲ့စီးဂေဟာအပေါ်မှာ ဘယ်လောက်သစ္စာရှိသလဲဆိုရင် မင်းအသိဆုံးပဲ၊ မိန်းကလေးပီပီနေပါ၊ နေရာတကာ ရှေ့ကမပါနဲ့"

စီးမေဟုန်က နှုတ်ခမ်းကိုရှုလျှက် စီးလျှံဝူးအား ကြည့်လိုက်လေသည်။

ထိုအချိန်၌ စီးလျှံဝူးက အံ့အားသင့်သောမျက်နှာဖြင့် အရှေ့ကိုတိုးကာ စီးမေဟုန်အား ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေးစီးမေဟုန်၊ ကျုပ်က ဘာဖြစ်လို့ သခင်မလေးကို တိုက်ခိုက်ရမှာလဲ"

စီးရှောင်ဖုန်းက...

"မေဟုန်..မင်း အုပ်ချုပ်ရေးမှူးကို တောင်းပန်လိုက်ပါ"

စီးမေဟုန်က သူမ၏နှုတ်ခမ်းကိုစူလျက် ရပ်နေသည်။

စီးရှောင်ဖုန်းက ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီး စီးမေဟုန်ရှေ့သို့ ချက်ချင်းရောက်ရှိလာသည်။

စီးရှောင်ဖုန်းက စီးမေဟုန်၏မျက်နှာကို စေ့စေ့ကြည့်၍ ထပ်မံအော်ငေါက်လိုက်သည်။

"မေဟုန် မတောင်းပန်သေးဘူးလား"

စီးရှောင်ဖုန်းက အော်ဟစ်ပြောဆိုရင်း စီးလျှန်ဂူးနှင့် စီးမေဟုန်တို့နှစ်ယောက်အကြားသို့ လျှောက်လာခဲ့သည်။

သူမသည် ယင်းကဲ့သို့ ဝန်ချတောင်းပန်လိုဟန် မတူချေ။

ထို့ကြောင့် စီးရှောင်ဖုန်းသည် ဒေါသထွက်လာလေသည်။

သူ၏လက်ကို ရုတ်တရက် လှုပ်ရှားလိုက်သည်။

သို့သော် သူ၏လက်သည် စီးမေဟုန်အား ရိုက်ချလိုက်ခြင်း မဟုတ်ပေ။

"ဝုန်း"

စီးရှောင်ဖုန်း၏ လက်ဝါးရိုက်ချက်ကြောင့် စီးလျှန်ဂူးမှာ ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

စီးလျှန်ဂူး၏သွေးကြောများကို စီးရှောင်ဖုန်းက လက်ငါး



ချောင်းဖြင့် ပိတ်လိုက်သည်။

"စီးလျှန်ဂူးရဲ့အကြောင်းကို ကျုပ်သိထားတာ ကြာပါပြီ၊ ဒီကနေ့ သူကျူးလွန်ခဲ့တာတွေကို သက်သေအထောက်အထားအပြည့်နဲ့ ခိုင်မာအောင် ကျုပ်စောင့်နေခဲ့တာပါ၊ အင်း အခုတော့ ဘယ်လိုနည်းနဲ့မှ မပြေးနိုင်တော့ပါဘူး"

စီးရှောင်ဖုန်းကိုကြည့်၍ စီးမေဟုန်နှင့် စီးချန်းယင်တို့နှစ်ယောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

သူတို့မောင်နှစ်မနှစ်ယောက် ပို၍ဝမ်းသာသွားသည်မှာ စီးရှောင်ဖုန်းစိတ် ပြန်လည်ကောင်းမွန်လာပြီဟု သိလိုက်ကြ၏။

လူအေးက အေးစက်သောလေသံဖြင့်...

"စီးလျှန်ဂူးက အဓိကခေါင်းဆောင်တစ်ယောက် မဟုတ်ဘူးလို့ ကျုပ်ထင်တယ်"

လူအေးစကားကြောင့် စီးရှောင်ဖုန်း အံ့အားသင့်စွာ လှည့်ကြည့်လိုက်သည်။

"စုံစမ်းရေးမှူးလူအေးအနေနဲ့ ဘယ်လိုထင်မြင် ယူဆထားသလဲ၊ ပြောပါဦး"

လူအေးက တစ်ချက်ပြုံးလိုက်ပြီး ပြောလိုက်သည်။

"အခုလပိုင်း အတောအတွင်းမှာ စွားဟူကျန်းမြစ်ကမ်းပါးဒေသမှာ လုယက်တိုက်ခိုက်မှုတွေ ဖြစ်ခဲ့တယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် စုံစမ်းခဲ့တာ သိုင်းပညာအဆင့်မြင့်တဲ့ သိုင်းသမားခြောက်ယောက်က ခေါင်းဆောင်ဖွဲ့စည်းထားတဲ့ ဓားပြအဖွဲ့လက်ချက်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သိရတာ၊ သူတို့အဖွဲ့သားအချို့နဲ့ ခြောက်ယောက်ထဲက ရဲကျင်းနဲ့ ထန်းမြောင်ကို ကျုပ်တို့သုတ်သင်လိုက်ပြီ”

လူအေးက ပခုံးကို တစ်ချက်တွန့်ပြလိုက်သည်။

“ဒီနေ့ စီးချန်းယင်က ဂေဟာအပြန်မှာ လုပ်ကြံခံရတယ်၊ အဲဒီမှာ သုံးယောက်ထဲက နှစ်ယောက်က ငှက်တောင်ဓားသမား လီလုရှိနဲ့ လီကျုံးနှစ်ယောက်ပါပဲ၊ တစ်ယောက် ထွက်ပြေးသွားတယ်၊ ဘယ်သူဆိုတာ မသိလိုက်ဘူး၊ ကျွန်တော့် ထင်မြင်ချက်ကတော့ သူတို့ဟာ ရဲကျင်းနဲ့ထန်းမြောင်တို့နဲ့ ပတ်သက်နေမယ်ထင်တယ်၊ အဲဒီအတိုင်းသာဖြစ်မယ်ဆိုရင် ဓားဟူကျုန်းမြစ်ကမ်း တိုက်ခိုက်မှုရဲ့ ခေါင်းဆောင်ခြောက်ယောက်ထဲမှာ ထန်းမြောင်၊ ရဲကျင်း၊ လီလုရှိနဲ့လီကျုံးတို့ ပါဝင်နိုင်တယ်”

လူအေးက ချောင်းဟန့်၍ စကားဆက်လိုက်သည်။

“နောက်ထပ် အဓိခေါင်းဆောင်နှစ်ယောက် ကျန်ဦးမယ်၊ စီးလျှန်ဂူးက တစ်ယောက်ဖြစ်နေရင် နောက်ထပ်တစ်ယောက်က ဘယ်သူလဲ သခင်ကြီး စီးရှောင်ဖုန်း”

စီးရှောင်ဖုန်းက လူအေးကို မျက်လုံးပင့်ကာ ကြည့်လိုက်၏။

“စုံစမ်းရေးမှူးက ကျုပ်ကိုမေးတာလား”

သံမဏိလက်က ကြားဖြတ်၍ ဝင်ရောက်ပြောလိုက်၏။

“ဒီနေ့ စီးချန်းယင်ကို လုပ်ကြံတဲ့ လူသုံးယောက်ရဲ့ခေါင်းဆောင် လီလုရှိဟာ သခင်ကြီးရဲ့ဇနီးဖြစ်နေတယ်”

စီးရှောင်ဖုန်း၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။



“ခင်ဗျားတို့ သူ့ကို ဘာလုပ်လိုက်ကြသလဲ”

သံမဏိလက်က အေးစက်စွာပြုံးလိုက်ပြီး…

“ကျုပ်အနေနဲ့ သခင်လေးစီးချန်းယင်နဲ့ စီးမေဟုန်တို့ရဲ့အသက်ကို ကယ်တင်နိုင်ဖို့အတွက် လီလုရှိနဲ့လီကျုံးတို့ကို အသေတိုက်ခိုက်လိုက်ရတယ်”

စီးရှောင်ဖုန်းက ထိုစကားကြားလျှင် တုန်လှုပ်စွာဖြင့် မေးမြန်းလိုက်သည်။

“ဟင်…သူသေပြီ ဟုတ်လား”

လူအေးနှင့် သံမဏိလက်တို့သည် စီးရှောင်ဖုန်း၏ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်မှုကို ခုခံကာကွယ်ရန် ပြင်ဆင်လိုက်ကြလေတော့သည်။

စီးရှောင်ဖုန်း၏ ဇနီးဖြစ်သူကို သူတို့ တိုက်ခိုက်သုတ်သင်ပစ်ခဲ့သဖြင့် စီးရှောင်ဖုန်းက သူတို့အား တိုက်ခိုက်မည်ဟု ထင်မှတ်နေသည်။

သို့ရာတွင်…

“ဟား…ဟား…ဟား”

စီးရှောင်ဖုန်းက အားရပါးရ ရယ်မောလိုက်၏။

လူအေးနှင့်သံမဏိလက်တို့ အားရပါးရ ရယ်မောနေသော စီးရှောင်ဖုန်းအား ကြည့်နေလေသည်။

စီးရှောင်ဖုန်းက အားရပါးရရယ်မောပြီးနောက် ခေါင်းကို တဆတ်ဆတ်ညိတ်ကာ…

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်..ကောင်းတယ်၊ ဒီလိုမိန်းမမျိုး သေသွားတာပဲကောင်းတယ်"

စီးရှောင်ဖုန်းသည် ပြောဆိုနေရင်းမှာပင် မျက်ရည်များထွက်အောင် ရယ်မောလိုက်သည်။

ထို့နောက် စီးရှောင်ဖုန်းက လက်ဝါးကာပြလိုက်သည်။

"စုံစမ်းရေးမှူးကြီးတို့က ကျုပ်ကို ဗွားဟူကျန်းမြစ်မှာ တိုက်ခိုက်တဲ့ ဓားပြအဖွဲ့ရဲ့ခေါင်းဆောင်တစ်ယောက်လို့ ထင်မှတ်နေကြတာကိုး၊ ကျုပ်မဟုတ်ပါဘူး၊ ကျုပ် မဟုတ်ဘူး"

လူအေးနှင့်သံမဏိလက်တို့က စီးရှောင်ဖုန်းအား သံသယရှိ၍ ပြောဆိုနေကြောင်း ရိပ်စားမိသွားသော စီးမေဟုန်က ဒေါသထွက်သွားသည်။

"ကျွန်မရဲ့အစ်ကိုကြီးဟာ စီးဂေဟာရွာစုရဲ့ လူကြီးတစ်ယောက်ပါ၊ သူ့ရဲ့ဇနီးဟာ ဓားပြအဖွဲ့ဝင်တစ်ယောက် ဖြစ်တာကိုတော့ သူ့အနေနဲ့ သိချင်သိမှာပေါ့၊ ဒါပေမယ့် ကျွန်မရဲ့အစ်ကိုကြီးဟာ ဓားပြတိုက်မယ့်လူစားမျိုး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးရှင့်"

သံမဏိလက်က ပြုံးလိုက်သည်။

"စီးမေဟုန်၊ ခင်ဗျားပြောတဲ့အတိုင်း သခင်ကြီးစီးရှောင်ဖုန်းကိုဓားပြခေါင်းဆောင်တစ်ယောက် မဖြစ်ပါစေနဲ့လို့ ကျုပ်ဆုတောင်းပါတယ်၊ အင်း အခုအချိန်မှာ ဒီကိစ္စပြောနိုင်တဲ့လူ တစ်ယောက်ပဲရှိတယ်၊ ကျုပ်တို့ သူ့ကိုစစ်ဆေးမေးမြန်းမယ်ဆိုရင်တော့ အဖြေမှန်ပေါ်လာမှာပဲ"



သံမဏိလက်က ကြမ်းပြင်ပေါ်လဲကျနေသော စီးလျှန်ဂူးအားကြည့်၍ ပြောလိုက်သည်။

လူအေးက မျက်မှောင်ကြုတ်ထားပြီး..

"စီးလျှန်ဂူးကို တစ်စုံတစ်ယောက်က နှုတ်ပိတ်သတ်ဖြတ်သွားတာမျိုး မဖြစ်ရအောင် ကျွန်တော့်အနေနဲ့ စောင့်ရှောက်ကာကွယ်ထားရလိမ့်မယ်"

ထိုအခါ စီးရှောင်ဖုန်းက ရယ်မောလိုက်ပြီး..

"ကိစ္စမရှိပါဘူး၊ ကျုပ်ကလည်း သူ့ကိုကာကွယ်ပြီး နေပေးပါ့မယ်၊ စီးလျှန်ဂူးကို စစ်ဆေးမေးမြန်းလို့ ကျုပ်ရဲ့အကြောင်းပေါ်လာမှာကို စိုးရိမ်တဲ့စိတ်မျိုး ကျုပ်မှာ လုံးဝမရှိဘူး၊ စုံစမ်းရေးမှူးကြီးတို့အနေနဲ့ သူ့ကို ကြိုက်သလောက် စစ်ဆေးနိုင်ပါတယ်"

စီးရှောင်ဖုန်း၏ စကားဆုံးသွားသည်နှင့် မယုံကြည်နိုင်လောက်အောင်ပင် အံ့သြဖွယ်ကောင်းသော အဖြစ်အပျက်တစ်ခု ရုတ်ခြည်း ဖြစ်ပေါ်လာလေသည်။

ထိုအဖြစ်အပျက်မှာ သံမံတလင်းပေါ်၌ လဲကျနေသော စီးလျှန်ဂူးမှာ ရုတ်တရက် ခုန်လွှား၍ထလာပြီးနောက် ညာလက်ကိုဆန့်တန်း၍ သူနှင့်အနီးဆုံးရပ်နေသော သံမဏိလက်၏လည်မျိုကို ကုတ်ဆွဲလိုက်လေသည်။

သံမဏိလက်အနေဖြင့် စီးလျှန်ဂူးက သူ့အားထပြီး ရုတ်တရက် ဤကဲ့သို့ တိုက်ခိုက်နိုင်လိမ့်မည်ဟု လုံးဝမမျှော်လင့်ထားမိချေပ။

ထို့ကြောင့် ခုခံကာကွယ်ရန် အသင့်အနေအထားမျိုး မရှိ

www.burmeseclassic.com

www.burmeseclassic.com



ချေ။ သို့သော် သံမဏိလက်အဖို့ မည်သည့်အခြေအနေမျိုးတွင် မဆို သူ၏အနားသို့ ရောက်လာသော ရန်သူတစ်ယောက်က လွယ်ကူစွာကပ်နိုင်ရန် မလွယ်ပေ။

သံမဏိလက်၏ လက်နှစ်ချောင်းသည် လျင်မြန်စွာ တစ်ချက်လှုပ်ရှားသွားသည်။

စီးလျှန်ပူး၏ ညာဘက်လက်သည် သံမဏိလက်၏ လည်မျိုဆီသို့ မရောက်ခင်သံမဏိလက်၏သန်မာသော လက်ချောင်းများနှင့် ဖမ်းဆုပ်ခြင်းခံလိုက်ရသည်။

"ဂျွတ်"

"အား"

စီးလျှန်ပူး၏ ညာဘက်လက်မှ အရိုးကျိုးသံနှင့်အတူ နာကျင်မှုကြောင့် ရှုးရှစွာအော်ဟစ်သံကြီးက ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။

သို့သော် စီးလျှန်ပူးသည် ဘယ်ဘက်လက်ဖြင့် သံမဏိလက်၏ပခုံးကို လျင်မြန်စွာ ဖမ်းကုပ်ဆွဲလိုက်သည်။

သံမဏိလက်၏ညာဘက်လက်မောင်းမှ အကျီစမှာစုတ်ပြဲ၍ စီးလျှန်ပူးလက်ထဲသို့ ပါသွားလေသည်။

"ဟိတ်"

နှစ်ယောက်စလုံး ကိုယ်ချင်းခွာလိုက်ကြသည်။

"ယား"

စီးလျှန်ပူး ညာသံပေးကာ ခုန်ဆုတ်လိုက်သည်။



စီးလျှန်ပူးသည် ခုန်လွှားဆုတ်ခွာသွားနေရာမှ စုကျန်းအနီးသို့ ရောက်သွားသည်။

စီးလျှန်ပူးသည် ဘယ်လက်ဖြင့် စုကျန်း၏ပခုံးပြင်ကို ဆတ်ခနဲ ဖမ်း၍ဆုပ်ကိုင်လိုက်သည်။

အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

သံမဏိလက်သည် စီးလျှန်ပူး၏ဘေးသို့ အရိပ်ပမာ ခုန်လွှား၍ လိုက်ပါသွားလေသည်။

သို့သော် စီးလျှန်ပူးက အော်ပြောလိုက်သည်။

"ရှေ့ကိုမတိုးနဲ့ မင်းတို့လှုပ်လိုက်တာနဲ့ ဒီမိန်းကလေးကို သတ်ပစ်လိုက်မယ်"

စီးလျှန်ပူး၏စကားကြောင့် သံမဏိလက်၏ ခြေလှမ်းများ တန့်ခနဲ ရပ်သွားလေတော့သည်။

♣ ♣ ♣

"အား"

အော်ဟစ်သံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

သို့သော်..

ထိုအသံသည် စုကျန်းထံမှ မဟုတ်ချေ။

ထိတ်လန့်တကြား အော်ဟစ်လိုက်သော စီးမေယာနိုထံသို့ လူအေးက လှမ်းကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူအေး၏အကြည့်သည် စီးမေဟုန်ထံ ရောက်ရှိသွားသည်နှင့် သူ၏ဦးခေါင်းနောက်မှ လေဟပ်မှုကို ခံစားလိုက်ရလေသည်။

စီးမေဟုန်သည် တစ်စုံတစ်ရာ ထိခိုက်မှုကြောင့် အော်ဟစ်ခြင်းမဟုတ်ပါချေ။

စီးမေဟုန်၏ မျက်ဝန်းအစုံက လူအေး၏နောက်ကျောဘက်သို့ထိတ်လန့်စွာဖြင့် ကြည့်နေရင်းမှ အော်ဟစ်လိုက်ခြင်းသာ ဖြစ်လေသည်။

လူအေးသည် သူ၏ဦးခေါင်းကို လျင်မြန်စွာ ငုံ့ချလိုက်လေသည်။

ထို့နောက် သူ၏ခါးမှဓားကို ဆွဲထုတ်ယူလိုက်ပြီး အထက်သို့မြှောက်၍ခံပေးလိုက်လေသည်။

"ချွမ်း"

လူအေးအား လူတစ်ယောက်က အလစ်တွင် ခုန်လွှား၍ တိုက်ခိုက်လိုက်ခြင်းသာ ဖြစ်သည်။

လူအေးသည် သူ့အား နောက်ကျောမှ ဝင်ရောက်တိုက်ခိုက်သူအား ကြည့်လိုက်သည်။

နောက်ဘက်မှ ထပ်မံခုတ်ချလိုက်သော ဓားချက်သည် လူအေး၏ဦးခေါင်းပေါ်မှ ဖြစ်ကျော်သွားသည်။

လူအေးကို တိုက်ခိုက်သူမှာ အခြားသူမဟုတ်ပေ။

စီးဂေဟာ၏အရှင်သခင်ကြီး စီးရောင်ဖုန်းကိုယ်တိုင်ဖြစ်နေသည်မဟုတ်ပါလား။



စီးရောင်ဖုန်းသည် လူအေးအား သူ၏လက်ထဲမှဓားဖြင့် ဇွယမ်းတိုက်ခိုက်လိုက်သည်။

စီးရောင်ဖုန်း၏ဓားချက်များကို ရောင်ရှားရင်း နောက်သို့ဖြည်းဖြည်းချင်း ဆုတ်လာခဲ့ရသည်။

လူအေးသည် စီးရောင်ဖုန်းအား ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ ခုခံ၍နေလေသည်။

စီးရောင်ဖုန်းသည် လူအေးအား အလစ်ဝင်ရောက်တိုက်ခိုက်လိုက်ခြင်းကို သံမဏိလက်က လှမ်းမြင်လိုက်သည်။

သို့သော် သံမဏိလက်က ဝင်ရောက်ကူညီခြင်းမပြုချေ။

အဘယ်ကြောင့်ဆိုသော် သူ့အနေဖြင့် လူအေး၏သိုင်းပညာကို ယုံကြည်စိတ်ချသောကြောင့် ဖြစ်ပေသည်။

စီးရောင်ဖုန်းက သိုင်းကွက်ဆယ်ကွက်မျှ တိုက်ခိုက်ပြီးသောအခါမှပင် လူအေးက ပြန်လည်တိုက်ခိုက်လိုက်သည်။

လူအေး၏ဓားချက်များမှာ လျင်မြန်စွာ တစ်ကွက်ပြီးတစ်ကွက် တိုက်ခိုက်လိုက်သည်။

သံမဏိလက်မှာမူ လောလောဆယ်ရင်ဆိုင်နေရသော အခြေအနေမှ ပြောင်းလဲမှုဖြစ်ပေါ်လာရန် ခက်ခဲသည်ဟု ယူဆနေလေသည်။

စီးလျှန်ဂူးကို သူက ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

သို့သော် စီးလျှန်ဂူး၏လက်ထဲ၌ သိုင်းပညာ လုံးဝတတ်မြောက်ထားခြင်းမရှိသော စုကျန်းရောက်ရှိနေသောကြောင့် အ

www.burmeseclassic.com

www.burmeseclassic.com



ခက်ကြုံနေရလေသည်။

စုကျန်း၏အသက်နှင့် ပတ်သက်၍ သံမဏိလက်နှင့်စီးလျှန်ဝူးတို့အပေါ် မူတည်နေသည်။

စီးလျှန်ဝူးက သတ်ပစ်မည်ဆိုလျှင် စုကျန်းသည် ယခုအချိန်လောက်ဆို သေဆုံးသွားမည် ဖြစ်သည်။

သံမဏိလက်အနေဖြင့် ရှေ့သို့တိုး၍ စီးလျှန်ဝူးကို တိုက်ခိုက်မည်ဆိုပါက စုကျန်းသာ ကြားကနေ သေဆုံးသွားမည်သာ ဖြစ်လေသည်။

သံမဏိလက်အဖို့ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမျိုး ရောက်ရှိနေသည်။

သူ၏တင်းကြပ်စွာ ဆုပ်ထားသော လက်သီးအတွင်း၌ ချွေးများပင် စို့၍နေသည်။ သို့သော်...

သံမဏိလက်၏ မျက်နှာပြင်ပေါ်၌ လွန်မင်းစွာ စိုးရိမ်နေသော ဟန်မူရာများ လုံးဝမရှိပါ။

သံမဏိလက်သည် အတွေ့အကြုံ ရင့်ကျက်သော စုံစမ်းရေးမှူးတစ်ယောက်ဖြစ်သည်။

အတွေ့အကြုံများက သူ့အား နားလည်ရန်သင်ကြားပေးထားခဲ့ပြီးဖြစ်သည်။

မည်သို့သော အကျဉ်းအကြပ်ထဲ ရောက်ရှိ၍နေပါစေ သံမဏိလက်အဖို့ တုန်လှုပ်မှုမရှိပါချေ။ ပကတိ တည်ငြိမ်နေပေသည်။

သံမဏိလက်၏ ခံယူချက်တစ်ခုမှာ ရန်သူနှင့်ရင်ဆိုင်တွေ့



ကြုံရသောအခါ စိုးရိမ်ထိတ်လန့်တုန်လှုပ်သော အမူအရာများကို လုံးဝပြသခြင်း မပြုရဟုပင်ဖြစ်သည်။

သံမဏိလက်က အေးတိအေးစက်လေသံဖြင့် စီးလျှန်ဝူးကို ပြောဆိုလိုက်သည်။

"အုပ်ချုပ်ရေးမှူးကြီးစီးလျှန်ဝူး...ခင်ဗျားလူမှားပြီး ဖမ်းထားမိနေပြီ၊ အခု ဖမ်းချုပ်ထားတဲ့ မိန်းကလေးဟာ သိုင်းပညာတတ်မြောက်ထားတဲ့သူတစ်ယောက် မဟုတ်ဘူး"

စီးလျှန်ဝူးသည် သံမဏိလက်၏ သိုင်းပညာအဆင့်ကို သိရှိထားပြီးဖြစ်သည်။

ထို့ကြောင့် သူသည် သံမဏိလက်အား ရုတ်တရက် အငိုက်ဖမ်း၍ အလစ်ဝင်တိုက်ခိုက်သည်။

သို့သော် သူ၏အကြံအစည်မှာအောင်မြင်မှုမရရှိဘဲ သူ၏ညာလက်မောင်းရင်းမှာ သွင်သွင်ကျိုးသွားခဲ့ရတော့သည်။

ထို့ကြောင့် စီးလျှန်ဝူးသည် စုကျန်းအား ဓားစာခံအဖြစ်ဖမ်းချုပ်ထားခြင်း ဖြစ်သည်။

သံမဏိလက်၏ အေးစက်သော အမူအရာကို မြင်တွေ့လိုက်ရသဖြင့် စီးလျှန်ဝူး၏ စိတ်ထဲ၌ အတွေးတစ်မျိုးဝင်လာပြီး စိုးရိမ်စိတ်များ ဖြစ်ပေါ်လာလေသည်။

ထိုစိုးရိမ်စိတ်မှာ သူ့အနေဖြင့် စုကျန်းအား ဓားစာခံအဖြစ်ဖမ်းထားပြီး သံမဏိလက်ကို ခြိမ်းခြောက်မရနိုင်သောအနေအထားပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမအချက်အနေနှင့် စုကျန်းသည် သံမဏိလက်နှင့် လုံးဝမပတ်သက်ခြင်းပင် ဖြစ်သည်။

ဒုတိယအချက်အနေဖြင့် စုကျန်းသည် ယခုကိစ္စရပ်များထဲ၌ အရေးပါ အရာရောက်သောလူတစ်ဦး မဟုတ်ချေ။

ထို့ကြောင့် သံမဏိလက်သည် စုကျန်း၏အသက်ကို ငှဲ့ညှာထောက်ထား၍ စီးလျှန်ဂူးအား မတိုက်ခိုက်ဘဲ နေပါမည်လား။

စီးလျှန်ဂူးသည် ထိုအချက်ကို စဉ်းစားမိလိုက်သည်နှင့် သူ၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

သို့သော် စီးလျှန်ဂူးသည် သံမဏိလက်အား အေးစက်စွာကြည့်ရင်း ပြောလိုက်လေသည်။

"သံမဏိလက်..မင်းဟာ ဒေသခံပြည်သူတွေကို အကာအကွယ်ပေးနေရတဲ့ မင်းမှုထမ်းတစ်ယောက် မဟုတ်လား၊ ဟောဒီကျုပ်လက်ထဲက စုကျန်းရဲ့အသက်ကို ဂရုမစိုက်ဘဲ ကျုပ်ကိုတိုက်ခိုက်မလို့လား"

စီးလျှန်ဂူး၏စကားကြောင့် သံမဏိလက် တွေဝေသွား၏။ သို့ရာတွင် သံမဏိလက်က အေးစက်စွာ ရယ်မောလိုက်သည်။

ထိုသို့ ရယ်မောရင်း သံမဏိလက်၏ မျက်လုံးအစုံသည် စုကျန်း၏ မျက်လုံးအစုံနှင့် သွား၍ရင်ဆိုင်မိလေသည်။

စီးလျှန်ဂူး၏ သန်မာသောလက်ဖြင့် သူမ၏ပခုံးကို ကုတ်၍ဖမ်းဆုပ်ထားလိုက်သောကြောင့် စုကျန်းမှာ လုံးဝလှုပ်ရှားနိုင်ခြင်း မရှိချေ။



ဤသို့သော အခြေအနေမျိုး၌ စုကျန်းနေရာတွင် **အခြားမိန်းကလေး**တစ်ဦးသာဆိုလျှင် အော်ဟစ်၍ အကူအညီ**တောင်းနေသည်**သာ ဖြစ်သည်။

စုကျန်းမှာမူ ဤသို့မဟုတ်ချေ။

ထို့အတူ သူမကို ဖမ်းဆီးချုပ်ကိုင်ထားသော စီးလျှန်ဂူးကိုလည်း ငိုယိုတောင်းပန်ခြင်းမျိုးလည်း လုံးဝမပြုလုပ်ပေ။

သံမဏိလက်က အေးစက်သောလေသံဖြင့် စုကျန်းအားပြောလိုက်သည်။

"စုကျန်း..မင်းရဲ့အသက်ကိုတော့ ကျုပ်အနေနဲ့ မငဲ့ကွက်နိုင်တော့ဘူး၊ မင်း တစ်ယောက်ရဲ့ အသက်တစ်ချောင်းကို ငဲ့ကွက်ပေးလိုက်တာနဲ့ ဟောဒီက ဓားပြတွေ လွတ်မြောက်သွားလို့ မဖြစ်ဘူး"

စီးလျှန်ဂူးက သံမဏိလက်၏စကား ကြားလိုက်သည်နှင့် စိုးရိမ်တုန်လှုပ်သွားသည်။

သူဖမ်းဆီးမိထားသော မိန်းကလေးမှာ သူ့အား အကာအကွယ်လုံးဝမပေးနိုင်မှန်းလည်း သိနေသည်။

စီးလျှန်ဂူး ဖမ်းထားသော စုကျန်းအား သံမဏိလက်က ညှာမည်မဟုတ်ပေ။

သံမဏိလက်သည် ပြောသလိုလုပ်တတ်သော လူတစ်ယောက်ဖြစ်သည်။ စီးလျှန်ဂူး ထိတ်လန့်လာသည်။ ထိုစဉ်...

"ဦးလေးစီးလျှန်ဂူး..စုကျန်းကို အန္တရာယ်မပေးပါနဲ့၊ ခုံစမ်း

www.burmeseclassic.com

www.burmeseclassic.com



ရေးမှူးကြီးခင်ဗျား ဦးလေးစီးလျှန်ဂူးကို မတိုက်ခိုက်ပါနဲ့၊ စုကျန်း အန္တရာယ်ဖြစ်မှာကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး၊ စုကျန်းကို အသေမခံနိုင်ဘူး"

စီးချန်းယင်၏ အသံထွက်ပေါ်လာသည်။

သူ၏စကားကြောင့် စီးလျှန်ဂူးသည် စုကျန်းအား လွှတ်ရန် ကြံရွယ်ထားသောအကြံအစည်ကို ပယ်ဖျက်လိုက်သည်။

လက်ထဲမှစုကျန်းကို လွှတ်ထွက်မသွားနိုင်အောင် ပို၍ တင်းကျပ်စွာ ချုပ်ကိုင်ထားလိုက်ရလေ၏။

သံမဏိလက်သည် သက်ပြင်းတစ်ချက်ကို မသိမသာ ချ လိုက်သည်။

စီးချန်းယင်သည် သိုင်းလောက အတွေ့အကြုံရင့်ကျက်သူ တစ်ယောက်မဟုတ်သေးချေ။

ထိုစဉ်မှာပင် လူတစ်ယောက်၏ ကျယ်လောင်သော မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟား..ဟား..ဟား"

ပထမပိုင်းပြီး၏။

ဒုတိယပိုင်း ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

# မိုးကျော်သူ

# ထိတ်ထိတ်ကြဲလေးယောက်

(ဒုတိယပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



## ရှောင်ချို

"ဟား...ဟား...ဟား၊ ဒီကနေ့မနက်ပဲ ကျုပ်နဲ့ စုံစမ်းရေးမှူးကြီးတို့ စကားပြောခဲ့ကြသေးတယ်၊ ဒါပေမယ့် အခုလို ထင်ရာစွပ်စွဲပြီး ပြောဆိုတာတွေကိုတော့ ကျုပ်အနေနဲ့ လက်သင့်မခံနိုင်တာကို ခွင့်လွှတ်ပါ"

ထိုသို့ ရယ်မောပြောဆိုသံနှင့်အတူ စီးအင်းမေ ဝင်ရောက်လာသည်။

စီးအင်းမေသည် အခန်းတွင်းသို့ လျှောက်လာပြီး သူတို့ရှေ့၌ ရပ်တန့်လိုက်သည်။

သံမဏိလက်က အေးစက်သော လေသံဖြင့် မေးလိုက်သည်။

"အုပ်ချုပ်ရေးမှူးကြီး စီးအင်းမေ၊ ခင်ဗျားတို့က ကျုပ်တို့နှစ်ယောက်ကို တိုက်ခိုက်ကြတာက ဘာသဘောလဲဆိုတာ ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



စီးအင်းမေက မဲ့ပြုံးပြုံးလိုက်ပြီး...

"အင်း ဒီအခြေအနေ ရောက်လာမှတော့ ပြောပြရတော့မှာပေါ့လေ"

သံမဏိလက်က တစ်ချက်မျှ ပြုံးရယ်၍...

"ဒါဆိုရင် စွားဟူကျွန်းမြစ်ကမ်းတစ်ဝိုက်မှာ အမိက ဦးဆောင်နေတဲ့ နှစ်ယောက်ဟာ အုပ်ချုပ်ရေးမှူးကြီးတို့ နှစ်ယောက်ပေါ့ ဟုတ်လား"

စီးအင်းမေက ရယ်မောလိုက်သည်။

"ဘယ်နေရာနဲ့ ဘယ်အခြေအနေမျိုးမှာမဆို အမိကကျတဲ့ ပုဂ္ဂိုလ်ဟာ နောက်ဆုံးမှ ထွက်ပေါ်လာရစမြဲပါပဲ"

စီးအင်းမေက ခေတ္တမျှ စကားရပ်လိုက်ပြီး ဆက်ပြောလိုက်ပြန်သည်။

"စုံစမ်းရေးမှူးကြီးတို့လည်း မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ရှိတယ်ဆိုတာ သိပြီးသားဖြစ်မှာပါ၊ ကိုယ့်ရဲ့ အိမ်ဂေဟာထဲ ဝင်လာပြီး တိုက်ခိုက်တဲ့လူကို ဘယ်သူ့ကိုမဆို ကျုပ်တို့ ခုခံကာကွယ်တဲ့အနေနဲ့ သတ်ခွင့်ရှိတယ်"

သံမဏိလက်သည် စီးအင်းမေ၏စကားကြောင့် စိတ်ထဲ၌ လေးလံသွားသည်။

စီးအင်းမေ ပြောသလို မဟုတ်သည့်တိုင် သူတို့နှစ်ယောက်သည် စီးဂေဟာအတွင်းသို့ ရောက်ရှိသွား၍ ကြီးမားသော ပြဿနာရပ်တစ်ခုနှင့် တွေ့ကြုံရင်ဆိုင်နေကြရပြီ ဖြစ်လေသည်။



ထိုအချိန်၌ စီးလျှန်ဂူးသည် စုကျင်း၏ပခုံးကို စွဲမြဲစွာ ချုပ်ကိုင်၍ ထားသည်။

စီးချန်းယင်သည် သူ၏ချစ်သူစုကျန်းအတွက် စိုးရိမ်ပူပန်စိတ် ပြင်းထန်နေသည်။

စီးလျှန်ဂူးက စုကျန်း၏ပခုံးပြင်ကို လက်တစ်ဖက်ဖြင့် တင်းကျပ်စွာ ညှစ်ထားသောကြောင့် နာကျင်လှသော်လည်း အံကို ကြိတ်၍ တင်းခံနေလေသည်။

သူမ၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေလေသည်။ သူမ၏မျက်လုံးအစုံတွင်း၌ မျှော်လင့်ချက် ကင်းမဲ့နေခြင်း၊ ထိတ်လန့်နေခြင်း၊ အားလျော့နေခြင်းစသော အရိပ်အရောင်များ ဖုံးလွှမ်းနေသည်။

စီးချန်းယင် အနေဖြင့် စုကျန်း၏အခြေအနေကို ကြာရှည်စွာ ကြည့်မနေနိုင်ရက်တော့ချေ။

စီးကျန်းယင်သည် ခြေလှမ်းကို ရှေ့ရန် ဟန်ပြင်လိုက်သည်။ သို့သော် သူ၏ပခုံးကို လက်တစ်ဘက်က လာရောက်ဖျစ်ညှစ်ခြင်း ခံလိုက်ရသည်။

ထိုအခါ သူ၏ခြေအစုံသည် မြေကြီးထဲသို့ သံမှိုများ စွဲထားသကဲ့သို့ ဖြစ်သွားသည်။

ထို့ကြောင့် စီးကျန်းယင်၏ခြေလှမ်းများမှာ ရှေ့သို့၍ မရတော့ချေ။

စီးချန်းယင်က နောက်သို့ လှည့်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို လွှတ်ပေးပါ"

စီးချန်းယင်၏ပခုံးကို ဆုတ်ကိုင်ထားသော သံမဏိလက်က ပြောလိုက်သည်။

သူ၏အသံမှာ ကလေးတစ်ဦးကို သိမ်မွေ့နူးညံ့စွာဖြင့် ဖျောင်းဖျပြောဆိုကြသော အသံ ဖြစ်သည်။

"စီးချန်းယင် ဒီလို အရမ်းမလုပ်နဲ့၊ မင်းသာ စုကျန်း အနား ကပ်သွားမယ်ဆိုရင် စုကျန်းရဲ့အသက်ကို ကယ်တင်ဖို့ ဘယ်လိုနည်း နဲ့မှ ကယ်တင်နိုင်တော့မှာ မဟုတ်ဘူး၊ စုကျန်းအဖို့ အန္တရာယ်များ တယ်"

စီးချန်းယင်က လက်မခံဘဲ ခေါင်းမာစွာဖြင့် အော်၍ ပြော ဆိုလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကယ်မယ်၊ စုကျန်းကို ဘယ်လို နည်းနဲ့မှ မသေစေရဘူး၊ ကျွန်တော်ရအောင် ကယ်တင်မယ်"

စီးအင်းမေက စီးချန်းယင်ဘက်သို့ မသိမသာ ငဲ့ကြည့်လိုက် ပြီး အေးစက်စွာ ပြုံးလိုက်သည်။

"သခင်လေး၊ ဒီဏ စုံစမ်းရေးမှူးကြီး သံမဏိလက် ပြောတဲ့ စကားဟာ အမှန်ပါပဲ၊ အင်း တကယ်လို့များ သခင်လေးရဲ့ချစ်သူကို ဘေးမသီရန်မခဘဲ ပြန်ပြီး လိုချင်တယ်ဆိုရင်တော့ ဟောဒီက စုံစမ်း ရေးမှူးကြီးကို ကျုပ်တို့က အလျှင်သတ်မှပဲ ဖြစ်နိုင်တော့မယ်လေ"

စီးချန်းယင်မှာ သူ၏ချစ်သူစုကျန်း၏မျက်နှာကို ကြည့်လိုက်၊ သံမဏိလက်၏အေးစက်တင်းမာသော မျက်နှာကို ကြည့်လိုက်ဖြင့်



မဝေခွဲနိုင် ဖြစ်နေသည်။

ထို့နောက် စီးလျန်ငူးနှင့် စီးအင်းမေတို့ဘက်ကို လက်ညှိုး ဖြင့်ထိုး၍ ဒေါသတကြီး အော်ပြောလိုက်သည်။

"ခင်ဗျားတို့တတွေဟာ စီးဂေဟာမှာ နေကြတဲ့ စီးအမျိုး အနွယ်တွေပဲ မဟုတ်လား၊ ဆွေမျိုးသားချင်းတွေကို ဘာဖြစ်လို့ မတရားလုပ်ချင်ရတာလဲ"

စီးအင်းမေက အေးစက်စွာ ရယ်မောလိုက်သည်။

"ကျုပ်တို့တတွေဟာ စီးဂေဟာကြီးရဲ့ သခင်ကြီး အမိန့်အ တိုင်း ဘာမဆိုလုပ်ပေးရမှာပဲ"

စီးအင်းမေက ပြောပြောဆိုဆိုဖြင့် စီးရှောင်ဖုန်းနှင့် လူအေး တို့ဘက် လှည့်ကြည့်လိုက်သည်။

စီးရှောင်ဖုန်းနှင့် လူအေးတို့၏တိုက်ပွဲမှာ ယခုအချိန်တွင် ရပ်တန့်နေကြောင်း တွေ့ရပေသည်။

စီးရှောင်ဖုန်းသည် သူ၏ဓားကို ဓားအိမ်အတွင်းသို့ ပြန် လည်၍သွင်းပြီး ရပ်နေလေသည်။

လူအေးကမူ ဓားကိုကိုင်ရင်း စီးရှောင်ဖုန်း လှုပ်ရှားမှုကို အဆက်မပြတ် အကဲခတ်နေသည်။

ယခုအချိန်တွင် စီးရှောင်ဖုန်း၏အမူအရာ အေးစက်စပ် ဖြစ်နေသည်ကို အံ့သြစရာကောင်းလောက်အောင်ပင် တွေ့မြင်ရပြန် လေသည်။

စီးရှောင်ဖုန်း အနေဖြင့် ယခု ဖြစ်ပေါ်နေသော အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



၍ သူနှင့် လုံးဝသက်ဆိုင်ခြင်း မရှိသကဲ့သို့ ဖြစ်လေသည်။

စီးရှောင်ဖုန်းသည် သူ၏ကုလားထိုင်သို့ အေးအေးဆေးဆေး လျှောက်သွားလိုက်ပြီး ထိုင်ချလိုက်သည်။

စီးရှောင်ဖုန်းသည် သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး လေးတွဲစွာ စကားပြောလိုက်သည်။

"ကျုပ်ရဲ့ဆန္ဒ ဟုတ်လား၊ ကျုပ်ရဲ့ဆန္ဒ ဘာတစ်ခုမှ မရှိဘူး၊ ဟင်း ခင်ဗျားတို့ရဲ့ဆန္ဒကိုသာ ကျုပ်က အစစအရာရာ လိုက်လျောနေရတာချည်းပဲ မဟုတ်လား"

စီးအင်းမေက အေးစက်စွာ ရယ်မောလိုက်ပြီး စီးရှောင်ဖုန်းအား ပြန်ပြောလိုက်သည်။

"ကျုပ်တို့လုပ်ဆောင်ခဲ့တဲ့ လုပ်ဆောင်ချက်တွေ အားလုံး သခင်ကြီး အကျိုးအမြတ်တွေ ပါနေတာပါပဲလေ၊ ဒီအချက်ကိုလဲ သခင်ကြီး မေ့ထားလို့ မရပါဘူး"

စီးရှောင်ဖုန်းက မျက်မှောင်တစ်ချက် ကုတ်လိုက်ပြီး လေးပင်စွာ ပြောလိုက်ပြန်သည်။

"မင်းတို့တတွေရဲ့ လက်ခုပ်ထဲက ရေဘဝကို ကျုပ်ရောက်နေတာ နှစ်နှစ်ကျော်သွားပြီ၊ ဟင်း ကျုပ်ရဲ့ဖခင် ကွယ်လွန်ပြီးခဲ့တဲ့နောက်ပိုင်းမှာ ကျုပ်စီးဂေဟာရွာစုရဲ့ လူကြီးအဖြစ် ဆက်ဆံခဲ့တယ်၊ ဒါပေမယ့် စီးဂေဟာရွာစုရဲ့ တကယ် အုပ်ချုပ်မှုအာဏာဟာ ခင်ဗျားတို့ အုပ်ချုပ်ရေးမှူးတွေရဲ့ လက်ထဲမှာပဲ ရှိနေတယ်ဆိုတာကို ကျုပ်သိလာရတယ်၊ ကျုပ်ဟာ စီးဂေဟာသခင်ကြီးလို့သာ အမည်တပ်



ထားခြင်းခံရတဲ့ ရုပ်သေးရုပ်ပဲ"

ထိုအခါ စီးလျှန်ဂူးကလည်း ကမန်းကတမ်း လှမ်းပြောလိုက်သည်။

"ကျွန်တော့်မှာလဲ ဘယ်လိုအာဏာမျိုးမှ မရှိပါဘူး၊ သခင်ကြီးကိုယ်တိုင်ကလဲ အစ်ကိုစီးအင်းမေနဲ့ အုပ်ချုပ်ရေးမှူး ထန်ဆေးကျန်းတို့ရဲ့ အမိန့်ညွှန်ကြားချက်ကို လွန်ဆန်မရနိုင်ပါဘူး"

စီးအင်းမေကလည်း သက်ပြင်းတစ်ချက်ချလိုက်ပြီး စကားကို တစ်လုံးချင်း ပြောလိုက်သည်။

"ဒါတွေကို သခင်ကြီး သိပြီးသားပါ၊ ကျွန်တော်ကိုယ်တိုင်ကလဲ အုပ်ချုပ်ရေးမှူး ထန်ဆေးကျန်းရဲ့ အမိန့်အတိုင်း ဆောင်ရွက်နေရသူတစ်ယောက်ပါ"

ထိုစဉ်မှာပင် လေးပင်သော ခြေလှမ်းနှင့်အတူ ရှုးရှသော ပြောသံတစ်သံ ထွက်ပေါ်လာသည်။

"စီးဂေဟာရဲ့သခင်ကြီးဟာ စီးဂေဟာရွာစုရဲ့ သူကြီးပါပဲ၊ အမိန့်အာဏာ မလျော့ပါဘူး၊ သခင်ကြီးအနေနဲ့ ငွေကြေးအဆောင်အယောင် ဘယ်နေရာမှာ လျော့ပါးမှု ရှိနေလို့လဲ"

အခန်းတွင်းသို့ လေးလံသော ခြေသံနှင့် လှမ်း၍ ဝင်လာရင်း စကားပြောလိုက်သူမှာ စီးဂေဟာ၏ အုပ်ချုပ်ရေးမှူးချုပ် ထန်ဆေးကျန်းပင် ဖြစ်တော့သည်။

ထန်ဆေးကျန်းနှင့်အတူ လူတစ်ယောက် ပါလာလေသည်။ ထန်ဆေးကျန်းနှင့်အတူ ပါလာသောလူကို မြင်တွေ့လိုက်ရသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



စီးရှောင်ဖုန်း၊ စီးချန်းယင်နှင့် စီးမေဟုန်တို့သုံးဦးမှာ အလွန်အမင်း အံ့ဩထိတ်လန့်သွားသည်။

ထန်ဆေးကျုန်းနှင့်အတူ ပါလာသူမှာ လူကြီးတစ်ယောက် မဟုတ်ချေ။

အသက်ခုနစ်နှစ်အရွယ်ခန့်သာ ရှိသော ကလေးငယ်တစ်ဦး ပင် ဖြစ်လေသည်။

ထန်ဆေးကျုန်းက ထိုကလေးငယ်၏လက်ကို မြဲမြဲစွာ ဆွဲ ကိုင်၍ထားသည်။

သံမဏိလက်က မဲ့ပြုံးပြုံးလိုက်ပြီး…

"အင်း ကန့်လန့်ကာ နောက်ကွယ်မှာ ရှိတဲ့ အမိက လူတစ် ဦးတော့ ပေါ်လာပြီကိုး"

စီးရှောင်ဖုန်းသည် ထိုကလေးငယ်ကို ကြည့်ကာ ဝုန်းခနဲ ထရပ်လိုက်မိလေသည်။

သူ၏မျက်နှာပြင်ပေါ်၌ တုန်လှုပ်ခြောက်ခြားနေသော အသွင်အပြင်က ထင်ရှားစွာ ပေါ်လွင်နေပေသည်။

စီးမေဟုန်က ထိုကလေးငယ်ကို မြင်လျှင် အားရဝမ်းသာစွာ လှမ်းမေးလိုက်၏။

"ရှောင်ချီ… မင်း…မင်း မသေဘူးနော်"

သို့သော် ရှောင်ချီသည် မည်သူ့ကိုမှ ပြန်လည်ပြောဆိုနိုင် ခြင်း မရှိပါ။

မျက်လုံးကြောင်တောင်တောင်ဖြင့် ရပ်၍သာ နေပေသည်။



ထန်ဆေးကျုန်းက ရှောင်ဖုန်း၏သားဖြစ်သူ ရှောင်ချီအား သွေးကြောပိတ်ကာ ဖမ်းဆီးခေါ်ဆောင်လာခြင်း ဖြစ်သည်။

စီးရှောင်ဖုန်း၏ မျက်နှာမှာ ဒေါသရှောင် လွှမ်းမိုးနေပြီး အသားများ တဆတ်ဆတ်တုန်ကာ မျက်နှာပျက်နေလေသည်။

စီးရှောင်ဖုန်းသည် ထန်ဆေးကျုန်းအား တုန်ယင်အက်ကွဲ သော အသံဖြင့် လှမ်းပြောလိုက်သည်။

"ထန်ဆေးကျုန်း၊ ခင်ဗျားအနေနဲ့ ကျုပ်တို့ ဘာလုပ်စေချင် သလဲ၊ ခင်ဗျား ဘာဖြစ်စေချင်သလဲဆိုတာကို ပြောပါ၊ ကျုပ်လုပ်ပေး ပါ့မယ်၊ ဒါပေမယ့် ကျုပ်ရဲ့သားလေး ရှောင်ချီကိုတော့ အန္တရာယ် မပေးပါနဲ့"

ထန်ဆေးကျုန်းက သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား…ဟား…ဟား၊ သခင်ကြီးက သတ်ခဲ့ချင်ယောင်ဆောင် ခဲ့တာကိုး၊ ကျွန်တော်ကလဲ တကယ်ပဲထင်ပြီး ယုံကြည်ခဲ့တယ်၊ ဒီ တစ်ခါမှာတော့ သခင်ကြီးရဲ့စကားကို ကျွန်တော့်အနေနဲ့ အရမ်းယုံ ကြည်လို့ မဖြစ်နိုင်တော့ဘူး"

စီးရှောင်ဖုန်းက မျက်နှာပျက်စွာဖြင့်…

"ဘာပဲဖြစ်ဖြစ်လေ၊ နောက်ဆုံးမှာ ခင်ဗျားတို့ကို ကျုပ် အနေနဲ့ ဆက်ပြီး မလိမ်ညာခဲ့ဘူး မဟုတ်လား၊ ဒီတော့ ခင်ဗျားတို့ အနေနဲ့ ဘာများစိုးရိမ်စရာရှိလဲ"

ထန်ဆေးကျုန်းက အေးစက်စွာ ရယ်မောလိုက်သည်။

"သခင်ကြီးကတော့ အကြံအတော် ပိုင်တာပါပဲ၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သခင်ကြီးရဲ့ အကြံအစည်ကို ကျွန်တော်တို့ ရိပ်စားမိတဲ့ နောက်ပိုင်းမှာ ဖျက်ဆီးပစ်နိုင်ခဲ့တယ်"

သံမဏိလက်က ထန်ဆေးကျန်းကို လှမ်းခေါ်လိုက်သည်။

"အုပ်ချုပ်ရေးမှူးကြီး ထန်ဆေးကျန်း"

ထန်ဆေးကျန်းက သံမဏိလက်ဘက်သို့ လှည့်ကြည့်လိုက်၏။

"ပြောပါ၊ စုံစမ်းရေးမှူးကြီးသံမဏိလက်၊ ခင်ဗျားက ဘာများ ပြောချင်ပါသလဲ"

သံမဏိလက်က...

"ဒီအခြေအနေကို သုံးသပ်ပြီး ပြောရမယ်ဆိုရင် ခင်ဗျားတို့တတွေမှာ ဘယ်လိုအကြံအစည်တွေ၊ ဘယ်လိုဖုံးကွယ်မှုတွေပဲရှိရှိ၊ တဖြည်းဖြည်း ပေါ်လာရတော့မှာ အမှန်ပဲ၊ ခင်ဗျားတို့တတွေရဲ့ လျှို့ဝှက်ချက်တွေကို ကျွန်တော်တို့ ဘယ်နည်းနဲ့မဆို မဖြစ်မနေ ဖော်ထုတ်ရတော့မှာပဲ၊ အင်း ဒီတော့ ခင်ဗျားတို့ကလဲ ကျွန်တော်တို့နှစ်ယောက်ကို နှုတ်ပိတ်သတ်ပစ်ရမှာပဲ မဟုတ်လား"

ထန်ဆေးကျန်းက အေးစက်သော အမူအရာဖြင့် သူ၏ဦးခေါင်းကို ညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ဒီအတိုင်းပဲ လုပ်ရမှာပဲ"

သံမဏိလက်က အေးဆေးစွာ ပြန်လည်ပြောလိုက်သည်။

"အင်း ကျုပ်တို့ကလဲ ခင်ဗျားတို့ လုပ်ကြံမှုတွေကို ဒီအတိုင်း လည်စင်းပြီး ခံမယ့်လူတွေ မဟုတ်ဘူးဆိုတာ သတိထားကြဦး"



သံမဏိလက်၏လေသံမှာ တုန်လှုပ်မှု အလျှဉ်းမရှိဘဲ စူးရှမာကျောလျက် ရှိနေသည်။

ထန်ဆေးကျန်းက မည်သို့မျှ ဂရုမစိုက်ဟန်ဖြင့် ရယ်မောလိုက်လေသည်။

"ဒါကိုလဲ သိပြီးသားပါ၊ ကျုပ်တို့ဘက်ကလဲ ခင်ဗျားတို့နှစ်ယောက်ကို နှုတ်ပိတ်နိုင်ဖို့အတွက် အဖိုးအခကြီးကြီးမားမား တစ်ခုခုတော့ ပေးဆပ်ရလိမ့်မယ်ဆိုတာ သဘောပေါက်ထားပြီးသားပါ"

လူအေးက မျက်မှောင်ကုပ်ကာ သံမဏိလက်ကို တစ်ချက်ကြည့်လိုက်ပြီး ပြောလိုက်သည်။

"အင်း ဒီလိုဆိုရင် ကျွန်တော်တို့က တစ်ဘက်နဲ့တစ်ဘက် တိုက်ခိုက်ဖို့ကတော့ သေချာနေပြီ၊ ကျွန်တော်တို့နှစ်ယောက် သေချင်သေ၊ ဒါမှမဟုတ်ရင်တော့ ခင်ဗျားတို့တွေကို ကျုပ်တို့က အနိုင်တိုက်ပြီးမှပဲ ဒီဇာတ်လမ်းကို နိဂုံးချုပ်ပေးနိုင်တော့မယ်၊ ဒါပေမယ့် ခင်ဗျားတို့ကိုတော့ စကားပြောချင်ပါသေးတယ်"

ထန်ဆေးကျန်းသည် ရယ်မောနေရာမှ ပြောလိုက်သည်။

"ကျုပ်ရိပ်မိပြီးသားပါ၊ ခင်ဗျားက ကျုပ်တို့ရဲ့အကြောင်းတွေကို သိချင်တယ်ဆိုပါတော့၊ ကျုပ်တို့တတွေကို ခင်ဗျားတို့နှစ်ယောက်က ချေမှုန်းနိုင်ခဲ့လို့ရှိရင် ကျုပ်တို့ရဲ့အကြောင်းကို သက်ဆိုင်ရာ အရာရှိတွေထံ ခင်ဗျားတို့ ရှင်းလင်းတင်ပြနိုင်မယ်လို့ မျှော်လင့်ချက်ထားတယ် မဟုတ်လား"

လူအေးက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ခင်ဗျားပြောတဲ့ အတိုင်းပါပဲ"

ထိုအခါ ထန်ဆေးကျန်းက စီးရှောင်ဖုန်းဘက်သို့ လှည့်လိုက်ပြီး ပြောလိုက်သည်။

"ကဲ သခင်ကြီး အနေနဲ့ ပြောချင်တာရှိရင် ဒီနေရာမှာ အပြတ်ပြောနိုင်ပါတယ်"

♣ ♣ ♣

စီးရှောင်ဖုန်း၏မျက်နှာပေါ်၌ စိတ်မကောင်းသော အမူအရာများ ပေါ်လွင်လာလေသည်။

စီးရှောင်ဖုန်းသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ဒီအကြောင်းတွေကိုတော့ ကျုပ် မပြောလို့ မဖြစ်ဘူး၊ ပြောမှ ဖြစ်မယ်၊ ဒါမှမဟုတ်ရင် ကျုပ်ကို ကျုပ်ရဲ့ ညီနဲ့ ညီမက အထင်မြင်လွဲမှားနေလိမ့်မယ်၊ ကျုပ်ရဲ့ဖခင် စီးပန်လုံ ကွယ်လွန်ပြီးတဲ့နောက်ပိုင်းမှာ ကျုပ်ရဲ့ စီးဂေဟာရွာစုရဲ့ လူကြီးအဖြစ် ရာထူးဆက်ခံခဲ့ရပါတယ်၊ ဒါပေမယ့် တဖြည်းဖြည်းနဲ့ ကျုပ်သိလာရတာကတော့ စီးဂေဟာနဲ့ စီးဂေဟာစုရဲ့ အုပ်ချုပ်မှုအာဏာဟာ အုပ်ချုပ်ရေးမှူးတွေရဲ့ လက်ထဲမှာ အလိုလိုရောက်ပြီးသား ဖြစ်နေတယ်၊ ဘယ်ကိစ္စမဆို အုပ်ချုပ်ရေးမှူးသုံးယောက်ကပဲ သူတို့သဘောနဲ့ သူတို့ ပြုလုပ်ကြတယ်၊ စီးဂေဟာရွာစုရဲ့ ဘဏ္ဍာရေးဟာလဲ ထန်းဆေးကျန်းကိုယ်တိုင် လုံးဝထိမ်းကွပ်ခဲ့တာပါ၊ ဒါကြောင့် ကျုပ်ဟာ အမည်ခံသက်



သက်ပါ"

စီးချန်းယင်က မခံမရပ်နိုင် ဖြစ်လာပြီး ဒေါသတကြီးဖြင့် ထ၍ အော်ဟစ်လိုက်သည်။

"မဖြစ်နိုင်ဘူး၊ အစ်ကိုကြီးဟာ စီးအမျိုးအနွယ် အစဉ်အဆက်အရ ဆက်ခံထားတဲ့ စီးဂေဟာရွာစုရဲ့ လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝ ရှိပါတယ်၊ အစ်ကိုကြီးဟာ စီးဂေဟာ သခင်ကြီးဖြစ်တယ်၊ ဒီတော့ အစ်ကိုကြီးကို ဘယ်သူလွှန်ဆန်လို့ရမလဲ"

စီးရှောင်ဖုန်းက မချိပြုံးပြုံးလိုက်သည်။

ထို့နောက် သူ၏ညီ ဖြစ်သူကို မျက်လုံးလှန်ကြည့်၍ ဖြည်းညှင်းစွာ ပြောလိုက်လေသည်။

"အင်း ဟုတ်တယ်၊ ငါဟာ စီးဂေဟာရဲ့သခင်ကြီး စီးဂေဟာရွာစုရဲ့ အုပ်ချုပ်သူလူကြီးတစ်ယောက်၊ အစက ငါလဲ ငါ့ကိုငါ ဒီလိုပဲ ယူဆသတ်မှတ်ပြီး အစစအရာရာ ငါ့ဆန္ဒ ငါ့သဘောနဲ့ ပြုလုပ်ဆောင်ရွက်ကြည့်ခဲ့တယ်၊ ဒါပေမယ့် ငါလုပ်ခိုင်းတဲ့ကိစ္စက ငါ့ဆန္ဒနဲ့ မကိုက်ညီတာကို တွေ့လာခဲ့ရတယ်၊ ငါဟာ အခြေအနေမှန်ကို တဖြည်းဖြည်း သဘောပေါက်လာတယ်၊ တကယ်တော့ ငါက အုပ်ချုပ်ရေးမှူးသုံးယောက်ကို ကျော်ပြီးတော့ ဘာမှ လုပ်လို့ မရဘူးဆိုတာကို သိလာခဲ့ရတယ်၊ နောက်ပြီး ငါ့ရဲ့အန္တရာယ်တွေကိုပါ တဆက်တည်း သိလာခဲ့ရတယ်"

ထိုအခါ ထန်ဆေးကျန်းက သဘောကျစွာ ရယ်မောလိုက်ပြီး ပြောလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်ကြီးမှာ ဘယ်လိုအန္တရာယ်မျိုး ရှိလာနိုင်မှာမို့လို့လဲ၊ စီးဂေဟာဟာ သခင်ကြီးအတွက်ပဲ မဟုတ်လား၊ ဒီနေရာမှာ သခင်ကြီး အေးအေးချမ်းချမ်း နေထိုင်လို့ ရတယ် မဟုတ်လား၊ စီးဂေဟာ စီးပွားရေးနဲ့ အုပ်ချုပ်ရေးကိုလဲ ကျုပ်တို့က စေ့စေ့စပ်စပ် အုပ်ချုပ်ပေးခဲ့တာပဲ မဟုတ်လား"

စီးရှောင်ဖုန်းက အေးစက်စွာ ရယ်မောလိုက်သည်။

"အုပ်ချုပ်ရေးမှူး ထန်ဆေးကျန်း၊ အခုမှ လေပြေထိုးပြီး ပြောမနေပါနဲ့တော့၊ တကယ်တော့ စီးဂေဟာနဲ့ စီးဂေဟာရွာစုရဲ့ ဦးစီးခေါင်းဆောင် အကြီးအကဲဟာ ကျုပ် မဟုတ်ဘဲ ခင်ဗျားဖြစ်နေတယ် မဟုတ်လား၊ ကျုပ်မှာ ဘာအာဏာ ဘာလုပ်ပိုင်ခွင့် ရှိလို့လဲ"

စီးမေဟုန်က သူမ၏အစ်ကိုကြီး စီးရှောင်ဖုန်း၏စကားကြောင့် ထိတ်လန့်တုန်လှုပ်သွားရလေသည်။

စီးမေဟုန်က အံ့အားသင့်စွာဖြင့်...

"အုပ်ချုပ်ရေးမှူး ထန်ဆေးကျန်းက ဘယ်လိုလုပ်ပြီး စီးဂေဟာရွာစုရဲ့ အကြီးအကဲ ဖြစ်လာနိုင်မှာလဲ၊ အစ်ကိုကြီး ဘိုးဘွားအစဉ်အဆက်ထဲက စီးဂေဟာရွာစုကို အုပ်ချုပ်လာခဲ့တာ၊ စီးအမျိုးနွယ်ဝင်ထဲကပဲ မဟုတ်လား၊ အခုလဲ စီးဂေဟာရွာစုကို အစ်ကိုကြီးကပဲ အုပ်ချုပ်နေတာ မဟုတ်လား၊ အစ်ကို ဘာတွေ ပြောနေတာလဲ"

စီးရှောင်ဖုန်းက သူ၏ဦးခေါင်းကို လေးပင်စွာ ခါယမ်းပြလိုက်သည်။

မချိပြုံးတစ်ချက်ပြုံးပြီး စီးမေဟုန်အား ပြန်လည်ပြောဆို



လိုက်သည်။

"ညီမလေး၊ မင်းအနေနဲ့ စီးဂေဟာရဲ့ အဓိက ကျလှတဲ့ အတွင်းရေးကို မင်း ဘာမှမသိနိုင်ဘူး၊ သူတို့တတွေက အစ်ကိုကြီးရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေကြတယ်၊ သူတို့တတွေဟာ စီးဂေဟာနဲ့ စီးဂေဟာရွာစုရဲ့ အုပ်ချုပ်မှု အာဏာအဝဝကို အပြီးအပိုင် ပြောင်းလွဲယူလိုကြတယ်၊ တို့မောင်နှမတွေကို သတ်ဖြတ်သုတ်သင်ဖို့ သူတို့တတွေ အစီအစဉ်ချထားပြီးသား ဖြစ်နေတယ်၊ အစ်ကိုကြီးသိရသလောက် ဖေဖေ့ကို သူတို့တတွေကပဲ လုပ်ကြံခဲ့ကြတယ်"

စီးမေဟုန်က မျက်လုံးပြူး၍ အံ့ဩထိတ်လန့်စွာဖြင့် မေးမြန်းလိုက်လေသည်။

"ဟင် ဖေဖေ မကျန်းမမာ ဖြစ်ပြီးတော့ ကွယ်လွန်သွားမဟုတ်ဘူးလား"

စီးရှောင်ဖုန်းက မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"ထန်ဆေးကျန်းဟာ ထန်ဂေဟာအမျိုးအနွယ်ဝင် လူတစ်ယောက်ပဲ၊ ထန်ဂေဟာက သိုင်းလောကမှာ အဆိပ်ကို ကျွမ်းကျွမ်းကျင်ကျင် အသုံးချနိုင်မှုကြောင့် နာမည်ကျော်ကြားနေတယ်ဆိုတာ ညီမလေး မေ့သွားပြီလား၊ ထန်အမျိုးနွယ်ဝင်တွေဟာ အဆိပ်မျိုးပေါင်း ငါးရာကျော်ကို အသုံးပြုတတ်ကြတယ်၊ သူတို့တတွေဟာ လူတစ်ယောက်ကို အဆိပ်သင့်ပြီး သေဆုံးသွားအောင် နည်းအမျိုးမျိုးနဲ့ လုပ်ဆောင်နိုင်ကြတယ်၊ တတ်ကျွမ်းတဲ့ သမားတော်ကြီးတွေတောင် အဆိပ်သင့်ပြီး သေဆုံးတာ မဟုတ်ဘူးလို့ ငြင်းဆိုနိုင်ရလောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် သူတို့တတွေက အစွမ်းထက်တယ်”

စီးမေဟုန်က ဒေါသတကြီးဖြင့် ထန်ဆေးကျန်းကို ကြည့်၍ ပြောလိုက်လေသည်။

“ဩော် လက်စသတ်တော့ ဖေဖေ့ကိုလဲ သူတို့က ဒီနည်းနဲ့ လုပ်ကြံခဲ့တာကိုး”

ထန်ဆေးကျန်းသည် စီးရှောင်ဖုန်းနှင့် စီးမေဟုန်တို့ မောင်နှစ်မနှစ်ယောက် ပြောဆိုနေသည်ကို ငြိမ်သက်စွာ နားထောင်နေသည်။

စီးရှောင်ဖုန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး…

“ဖေဖေ့ကို သူတို့တတွေ အဆိပ်ခတ်ပြီး လုပ်ကြံခဲ့တယ်ဆိုတာကိုလဲ အစ်ကိုကြီးက နောက်မှ စုံစမ်းသိရှိခဲ့တာပါပဲ”

သံမဏိလက်က ကြားဖြတ်ပြောဆိုလိုက်သည်။

“ထန်ဂေဟာဆိုတာ သိုင်းလောကအတွင်းမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်လောက်ကတည်းက နာမည်ကျော်ကြားနေတဲ့ အနွယ်စုတစ်ခုပဲ၊ ထန်ဂေဟာက သိုင်းလောကကို အုပ်ချုပ်ဖို့ ကြံစည်နေတာ သတင်းထွက်လာခဲ့တယ်၊ နှစ်ပေါင်းငါးဆယ်တုန်းက တစ်ခါ ထွက်ပေါ်တယ်၊ အုပ်ချုပ်ဖို့ ကြံစည်တယ်၊ အဲဒါကို ငှက်တောင်ပံ လှံတံ သိုင်းသမားစုရှိုးချွေ စုံစမ်းသိလို့ သူ့မိတ်ဆွေတွေနဲ့ ပူးပေါင်းပြီး ဒီအကြံအစည်ကို ဖြိုဖျက်ခဲ့ဖူးတယ်”

ထန်ဆေးကျန်းက သဘောကျစွာ ရယ်မောလိုက်ပြီး ဦးခေါင်းကို တညိတ်ညိတ်ပြုလုပ်နေသည်။



“ဟုတ်ပါတယ်၊ တကယ်တော့ ကျုပ်တို့ ထန်ဂေဟာ အမျိုးနွယ်တွေဟာ သိုင်းလောကကို အုပ်ချုပ်ဖို့ အကြံအစည် ဘယ်တော့မှ မစွန့်လွှတ်ခဲ့ပါဘူး၊ ကျုပ်တို့အကြံအစည်ကို အကောင်အထည်ဖော်တုန်း ကြိုးစားနေကြတုန်းပဲ ရှိပါတယ်”

သံမဏိလက်က မသိမသာ ပြုံး၍ ထပ်မံမေးမြန်းလိုက်လေသည်။

“ကျွန်တော့်စိတ်ထဲမှာ အံ့ဩနေတာ တစ်ခုတော့ ရှိပါတယ်၊ အုပ်ချုပ်ရေးမှူး စီးအင်းမေနဲ့ စီးလျှန်ဂူးတို့က စီးအမျိုးအနွယ်ဝင်တွေ မဟုတ်လား၊ သူတို့နှစ်ယောက်က ခင်ဗျားတို့ ထန်အမျိုးနွယ်ဝင် စေခိုင်းတာကို ဘာဖြစ်လို့ လုပ်ကိုင်ဆောင်ရွက်နေတာလဲ”

စီးအင်းမေ၏ဦးခေါင်း ချက်ချင်းငုံ့သွားလေသည်။

ခဏနေမှ ချောင်းတစ်ချက် ဟန့်လိုက်ပြီး…

“ကျုပ်တို့တတွေ စီးဂေဟာမှာ နှစ်ပေါင်းများစွာ ကြာမြင့်အောင် နေလာခဲ့တာပါ၊ ဒါပေမယ့် ကျုပ်တို့တတွေမှာ ထူးခြားတဲ့ ဘယ်လိုအခွင့်အရေးမှ မရှိခဲ့ပါဘူး၊ ကျုပ်တို့နှစ်ယောက်ကို စီးဂေဟာသခင်ကြီး စီးဝန်လုံက ကျွန်တွေလောက်ပဲ သဘောထားခဲ့ပါတယ်၊ အခု အုပ်ချုပ်ရေးမှူး ထန်ဆေးကျန်းလက်ထက်ကြတော့ ကျုပ်တို့ ကျေနပ်လောက်တဲ့ အခွင့်အရေး ရလာတယ်၊ ဒါကြောင့် ကျုပ်တို့ ကျေနပ်တယ်၊ စီးဂေဟာမှာ စီးအမျိုးနွယ်ဝင် သခင်ကြီးတွေ အဆက်ဆက် ပြောင်းလဲသွားခဲ့တဲ့တိုင် ကျုပ်တို့ အုပ်ချုပ်ရေးမှူးနှစ်ယောက်အဖို့ ထူးခြားတဲ့ အခွင့်အရေး တစ်ခုမှ ရမှာ မဟုတ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



လူအေးက စီးအင်းမေကို ကြည့်လိုက်ပြီး စက်ဆုပ်သော လေသံဖြင့် ပြောလိုက်သည်။

"အင်း အခွင့်အရေးသမားတွေ လောဘရဲ့သားကောင်တွေ ပါလား၊ တကယ်တော့ ခင်ဗျားတို့နှစ်ယောက်ဟာ အခွင့်အရေးတစ်ခု ကို ကြည့်ပြီး ကိုယ့်ရဲ့ စီးအမျိုးအနွယ်ဝင်တွေအပေါ် သစ္စာဖောက်ခဲ့ တဲ့ လူတွေပဲ"

စီးအင်းမေနှင့် စီးလျှန်ဝူးတို့ နှစ်ယောက်က မကြားချင် ယောင် ဆောင်နေလိုက်သည်။

ထန်ဆေးကျန်းက စကားပြောလိုက်သည်။

"စီးပန်လုံကို အဆိပ်ခတ်လိုက်တာ ကျုပ်ပါပဲ၊ တကယ် တော့ စီးပန်လုံဟာ ကျုပ်တို့ရဲ့ ထန်ဂေဟာကို အန္တရာယ်ကောင်း ကောင်းပေးနိုင်တဲ့ အဆင့်မြင့်သိုင်းသမားတစ်ဦးလဲ ဖြစ်တယ်၊ နောင် တစ်နေ့ ကျုပ်တို့ အစီအစဉ်မှာ အနှောင့်အယှက်တစ်ခု ဖြစ်မှာစိုးလို့ ကြိုတင်ရှင်းလင်းလိုက်တာပါ၊ အင်အားကြီးမားပြီးတော့ သိုင်းပညာ ထူးချွန်တဲ့ လူမျိုးစုတွေကို သိမ်းပိုက်ဖို့ ကျုပ်တို့ ထန်ဂေဟာက ဆက် လက်ဆောင်ရွက်နေတယ်"

ထန်ဆေးကျန်း၏စကားကြောင့် အခန်းတွင်းရှိ လူများမှာ ထိတ်လန့်တုန်လှုပ်သွားကြပြီး ဒေါသထွက်လာကြသည်။

စီးရှောင်ဖုန်းသည် မချိပြုံးပြုံး၍ ဝင်ရောက်ပြောဆိုလိုက် လေသည်။

"ကဲ အားလုံးပဲ စဉ်းစားကြည့်ကြပါ၊ စီးဂေဟာရွာစုရဲ့ အခြေ



အနေဟာ ကျုပ်လက်ထက်မတိုင်ခင်ကတည်းက ဒီလို အခြေအနေ မျိုး ကျရောက်နေတာဆိုတော့ ကျုပ် ဘယ်လိုလုပ်ရမလဲ၊ နေ့တိုင်း နေ့တိုင်း ကျုပ်ဟာ ဒီကိစ္စအတွက်နဲ့ စိတ်မချမ်းမသာ ဖြစ်ပြီး အချိန် ကုန်ခဲ့ရတာချည်းပဲ၊ နောက်တော့ စိတ်ကူးတစ်ခုရတာနဲ့ ကျုပ်က စိတ်ဖောက်ပြန်ချင်ယောင်ဆောင်လိုက်တယ်"

ထန်ဆေးကျန်းက ကြားဖြတ်ပြောလိုက်သည်။

"သခင်ကြီး..သခင်ကြီး အကြံအစည်က မဆိုးလှပါဘူး၊ သဘာဝကျပါတယ်၊ ပထမတုန်းက ကျုပ်တို့တွေက တကယ် စောင်ထင်မှတ်ပြီး ယုံကြည်မိကြသေးတယ်"

လူအေးက လှမ်းမေးလိုက်လေသည်။

"သခင်ကြီးစီးရှောင်ဖုန်းခင်ဗျား သခင်ကြီး အချုပ်ခန်းထဲ မှာတုန်းက ပြောလိုက်တဲ့ စကားတစ်ခွန်းကို ကျွန်တော်ကြားခဲ့ရပါ တယ်၊ အုပ်ချုပ်ရေးမှူး ထန်ဆေးကျန်းက သခင်ကြီးရဲ့ အိပ်မက်မား ရတနာကို ခိုးယူသွားခဲ့တယ်လို့ စွပ်စွဲပြောဆိုတာ မဟုတ်လား"

စီးရှောင်ဖုန်းက...

"အိပ်မက်မားရတနာကို ထန်ဆေးကျန်း ခိုးယူသွားတာ မဟုတ်ပါဘူး၊ ကျုပ်က ရူးချင်ယောင်ဆောင်ရင်းနဲ့ ထန်ဆေးကျန်းကို သူခိုးလို့ ဟစ်အော်ပြောဆိုခဲ့တာသာ ဖြစ်ပါတယ်၊ တကယ်တော့ ဒီမားဟာ ကျုပ်လက်ထက်မတိုင်မီကတည်းက ပျောက်ဆုံးပြီးသား ပါ"

စီးဂေဟာသခင်ကြီး စီးရှောင်ဖုန်း၏ ပြောစကားကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကြားရသူအားလုံးမှာ အံ့အားသင့်ကုန်ကြသည်။

စီးဂေဟာ၏ အဖိုးတန်သော၊ စွမ်းရည်ထက်မြက်သော အိပ်မက်ရကနာဓားသည် မည်သည့်နေရာသို့ ရောက်ရှိသွားလေသနည်း။

မည်သူက ခိုးယူသွားလေသနည်း။

♣ ♣ ♣

စီဂေဟာသခင်ကြီး စီးရှောင်ဖုန်း၏ ပြောစကားကြောင့် စီးချန်းယင်နှင့် စီးမေဟုန်တို့နှစ်ယောက်မှာ ပိုပြီး ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

စီးမေဟုန်က အံ့အားသင့်စွာ မေးမြန်းလိုက်သည်။

"အိပ်မက်ဓားရတနာဟာ စီးဂေဟာသခင်ကြီးတိုင်းရဲ့ အထိမ်းအမှတ်အဖြစ် ကိုင်ဆောင်ရတဲ့ ဓားတစ်လက်ပဲ မဟုတ်လား၊ အစ်ကိုကြီး ဘယ်လိုလုပ်ပြီး ပျောက်ဆုံးသွားရတယ်ဆိုတာ မသိဘူးလား"

ထိုအခါ စီးရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"အင်း အဲဒီ အိပ်မက်ဓားရတနာ ပျောက်ဆုံးသွားခဲ့ရလို့သာပေါ့၊ ဒါမှမဟုတ်ရင် စီးဂေဟာမှာ သွေးချောင်းစီး တိုက်ပွဲကြီးတစ်ခု မလွဲမသွေ ဖြစ်မှာ သေချာတယ်၊ တို့စီးဂေဟာရဲ့ ဝိညာဉ်ပျောက်သိုင်းကွက်ဟာ အစွမ်းထက်မြက် မြင့်မားလှပါပေတယ်၊ ဒါပေမယ့် သိုင်းလောကထဲမှာ တို့ရဲ့သိုင်းပညာရပ်ကို ယှဉ်ပြိုင်နိုင်တဲ့ တခြားသိုင်းပညာတွေ ပေါ်နေတယ် မဟုတ်လား၊ ဒါပေမယ့် တို့ရဲ့အိပ်မက်ဓားမှာ ထူးခြားတဲ့ အစွမ်းတစ်ခုရှိတယ်၊ ဝိညာဉ်ပျောက်သိုင်းကွက်ဟာ အိပ်မက်ဓားနဲ့ တွဲဖက်ပြီးတော့ တိုက်ခိုက်မယ်ဆိုရင် အလွန်ထူးချွန်ပြောင်မြောက်တဲ့ စွမ်းရည်တစ်မျိုး ရရှိနိုင်တယ်၊ အိပ်မက်ဓားဟာ ဝိညာဉ်ပျောက်သိုင်းကွက်စွမ်းအား ဆယ်ဆအထိ မြင့်မားတိုးတက်လာစေတယ်"



"ထန်ဆေးကျန်းဟာ ကျုပ်ကို အိပ်မက်ဓား ဘယ်ရောက်သွားလဲလို့ တဖွဖွ စစ်ဆေးမေးမြန်း တောင်းဆိုခဲ့တယ်၊ ဒါပေမယ့် အိပ်မက်ဓားဟာ ဘယ်နေရာရောက်နေတယ်ဆိုတာ ကျုပ်ကိုယ်တိုင် မသိလို့ ထုတ်မပေးနိုင်ခဲ့ဘူး"

ထိုအခါ ထန်ဆေးကျန်းသည် စီးရှောင်ဖုန်းအား ကြည့်၍ သတိတရ ဖြစ်သွားဟန်ဖြင့် မေးလိုက်သည်။

"ဟုတ်ပါတယ်၊ အိပ်မက်ဓား ဘယ်ရောက်သွားပြီလဲ၊ သခင်ကြီးရဲ့ဖခင် စီးပန်လုံက သခင်ကြီးကို လက်ဆင့်ကမ်း မပေးခဲ့ဘူးလား၊ အိပ်မက်ဓားကို သခင်ကြီးက ဘယ်နေရာမှ ဝှက်ထားသလဲ"

စီးရှောင်ဖုန်းက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး ပြန်လည်ပြောဆိုလိုက်သည်။

"ကျုပ်ဖခင်က ကျုပ်ကို အိပ်မက်ဓားကို လုံးဝမပေးအပ်ခဲ့ပါဘူး၊ အိပ်မက်ဓားကို ဘယ်သူ့ကိုမှလဲ ပေးအပ်တာ မတွေ့မိခဲ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



စီးရှောင်ဖုန်းသည် ထိုစကားကို ခေါင်းတခါခါ လည်တခါခါဖြင့် ပြောဆိုလိုက်ခြင်း ဖြစ်သည်။

စီးရှောင်ဖုန်း ပြောသည်မှာ အမှန်ပင် ဖြစ်သည်။

စီးရှောင်ဖုန်း လက်ထဲ၌ အိပ်မက်ရတနာဓား လုံးဝမရှိသည်မှာ မှန်ပေသည်။

သူကိုင်တွယ်နေကျဓားသည် ဓားကောင်းတစ်လက် ဖြစ်သော်လည်း အိပ်မက်ရတနာဓား မဟုတ်ချေ။

ဤအချက်ကို ထန်ဆေးကျန်း၊ စီးအင်းမေနှင့် စီးလျှန်ဝူးတို့ကသာ သိထားခြင်း ဖြစ်သည်။

အိပ်မက်ဓားကို စီးရှောင်ဖုန်း၏ဖခင် စီးပန်လုံက ဘာကြောင့် အမွေဆက်ခံရန် မပေးသွားသနည်း။

ဤသည်ကို စီးရှောင်ဖုန်း သိသလို ထန်ဆေးကျန်းတို့ကလည်း သိပေသည်။

အကယ်၍ စီးပန်လုံက အိပ်မက်ရတနာဓားကို သူ၏သားဖြစ်သူ စီးရှောင်ဖုန်းကို ပေးအပ်ခဲ့ပါက အိပ်မက်ဓားသည် ထန်ဆေးကျန်းတို့လက်ထဲ ကျရောက်သွားမည်သာ ဖြစ်သည်။

ထိုအရေးကို မြင်၍ စီးပန်လုံက အိပ်မက်ဓားကို ဝှက်ထားခဲ့ခြင်း ဖြစ်လေသည်။

စီးပန်လုံသည် သေဆုံးသွားချိန်အထိ အိပ်မက်ဓား အကြောင်းကို သူ၏သားဖြစ်သူ စီးရှောင်ဖုန်းအား ပြောပြထားခဲ့ခြင်း မရှိသလို အခြား မည်သူမည်ဝါကိုမျှလည်း ပြောပြထားခြင်း မရှိချေ။



အိပ်မက်ဓားသည် အမှန်တကယ် ပျောက်ဆုံးနေလေသည်။ အိပ်မက်ဓားကို စီးရှောင်ဖုန်းက ရှာဖွေနေခဲ့သလို ထန်ဆေးကျန်းတို့ကလည်း ရှာဖွေနေခဲ့သည်။

စီးရှောင်ဖုန်း အနေနှင့် အိပ်မက်ဓားကို ရှာဖွေနေခြင်းမှာ ထန်ဆေးကျန်းတို့အား ပြန်လည်ခုခံ တိုက်ခိုက်နိုင်ရန်အတွက် ရှာဖွေခြင်း ဖြစ်သည်။

ထန်ဆေးကျန်းတို့သုံးဦးက အိပ်မက်ဓားကို ရှာဖွေနေကြခြင်းမှာ စီးရှောင်ဖုန်းအား ချုပ်ကိုင်ထိန်းသိမ်းထားနိုင်ရန်အတွက် ဖြစ်သည်။

သို့သော် ထန်ဆေးကျန်းက မျက်မှောင်တစ်ချက်ကြုတ်၍ တွေးတွေးဆဆဟန်ဖြင့် ပြောလိုက်သည်။

"အင်း အိပ်မက်ဓားဟာ စီးဂေဟာရဲ့ အဓိက အရေးပါ အရာရောက်တဲ့ အထိမ်းအမှတ် ဖြစ်တဲ့ ဓားတစ်လက်ပဲ၊ ဒီအိပ်မက်ဓားဟာ စီးဂေဟာအတွင်းမှာပဲ ရှိနေလိမ့်မယ်၊ ဒါပေမယ့် ကျုပ်တို့တတွေဟာ ဘယ်ဓားက အိပ်မက်ဓား ဖြစ်တယ်ဆိုတာကို မသိကြလို့ ဖြစ်မယ်"

ယခုအချိန်၌...

ထန်ဆေးကျန်းသည် စီးရှောင်ဖုန်း၏ စာကြည့်ခန်းအတွင်း၌ ရှိသော ဓားများကို တစ်ချောင်းချင်း စစ်ဆေးကြည့်ရှုကြပြီး ဖြစ်လေတော့သည်။

စီးရှောင်ဖုန်းကလည်း ဓားတစ်လက်ချင်း ကြည့်ရှုစစ်ဆေး

www.burmeseclassic.com

www.burmeseclassic.com



ပြီး အိပ်မက်ဈေးကို ရှာဖွေခဲ့သည်။

ဈေးစင်ပေါ်တွင် ဈေးအမျိုးအစားပေါင်းများစွာ အစီအရီ ရှိနေသည်။

ထိုဈေးအားလုံးသည် စီးဂေဟာ၏ အဆက်ဆက်သော သခင်ကြီးများ ကိုင်ဆောင်ခဲ့ကြသော ဈေးများပင် ဖြစ်သည်။

ဈေးစင်ပေါ်ရှိ ဈေးများအနက် အချို့ဈေးများမှာ အချိန်ကာလ ကြာမြင့်စွာကတည်းကပင် စွန့်ပစ်ထားသဖြင့် သံချေးများပင် တက်၍နေပြီ ဖြစ်သည်။

အချို့သော ဈေးရိုးများမှာ ခြကိုက်ထား၍ ဆွေးမြေ့ပြီး ကြေမွပျက်စီးနေသည်။

သို့သော် အိပ်မက်ရတနာဈေးသည် ဤဈေးစင်ပေါ်၌ လွယ်ကူစွာ ရှိလိမ့်မည် မဟုတ်ချေ။

အားလုံး တညီတညွတ်တည်း ယူဆကြသည်။ အဖိုးထိုက်တန်လှသော အိပ်မက်ဈေးအား မည်သူက လွယ်လွယ်ကူကူဖြင့် ဈေးကောင်းများထားရာ စင်ပေါ်၌ ပစ်ထားမည် မဟုတ်ပါ။

ထန်ဆေးကျန်းသည် အချိန်ရတိုင်း စီးဂေဟာ၏နေရာ အနှံ့အပြား၌ အိပ်မက်ဈေးကိုသာ တစိုက်မတ်မတ် ရှာဖွေနေလေ့ရှိသည်။

လူအေးသည် တစ်ချက်မျှ ပြုံးလိုက်ပြီး ထန်ဆေးကျန်းအား ပြောလိုက်သည်။

"တော်သေးတာပေါ့ဗျာ၊ တကယ်လို့သာ သခင်ကြီးစီးပန်လုံဟာ အိပ်မက်ဈေးကို သခင်ကြီးစီးရှောင်ဖုန်းလက်ထဲသာ အမွေဆက်



ခံဖို့ ပေးအပ်ခဲ့တယ်ဆိုရင်တော့ စီးဂေဟာရွာစုကြီးရဲ့ အရှင်သခင်
အုပ်ချုပ်ရေးမှူးထန်ဆေးကျန်းပဲ ဖြစ်နေလိမ့်မယ်"

ထန်ဆေးကျန်းက သဘောကျစွာ ရယ်မောလိုက်ပြီး ဦး
ခေါင်းကို တစ်ချက်ခါယမ်းလိုက်သည်။

"ကျုပ်အနေနဲ့ စီးဂေဟာရဲ့ အကြီးအကဲ နေရာကို အလေ
သုံးဆယ် လက်ခံလိုခြင်း မရှိသေးပါဘူး၊ တကယ်လို့သာ စီးဂေဟာ
သခင်ကြီးစီးရှောင်ဖုန်းဟာ ကျုပ်ရဲ့စကားကို မနာခံဘူး၊ ဒါမှမဟုတ်
ကျုပ်ရဲ့အတွင်းရေးကိစ္စတွေကို တိတိကျကျ ရေရေရာရာ သိသွား
တစ်နေ့ကျရင်တော့ ကျုပ် ဘာမှမစဉ်းစားတော့ဘူး၊ အိပ်မက်ဈေး
ရသည်ဖြစ်စေ မရသည်ဖြစ်စေ သတ်ဖြတ်သုတ်သင်သင့်တဲ့ လူတွေ
ကို သုတ်သင်ပြီးတော့ စီးဂေဟာရွာစုကို ထိန်းချုပ်ရမှာပဲ၊ ထိန်းချုပ်
ဖို့ဆိုတာ မလွယ်ဘူးဆိုရင်တော့..."

ထိုစဉ် သံမဏိလက်က ကြားဖြတ်ဝင်ပြောလိုက်လေသည်
"အင်း ထိန်းချုပ်ဖို့ မလွယ်ဘူးထင်ရင်တော့ ခင်ဗျားတို့
စီးဂေဟာရွာစုတစ်ခုလုံးကို တစ်ယောက်မကျန်သတ်ဖို့ ရည်ရွယ်ထား
တယ် မဟုတ်လား၊ ပြီးတော့ စီးဂေဟာရွာစုတစ်ခုလုံး ပျောက်ကွယ်
သွားအောင် မီးလောင်တိုက် သွင်းပစ်လိုက်ကြမှာပေါ့၊ စွားဟူကျ
မြစ်ကမ်းပါးဒေသမှာ ပျောက်ကွယ်သွားခဲ့ရတဲ့ ဂေဟာတွေရဲ့ အဖြ
မျိုးကို ကြုံရအောင် ခင်ဗျားတို့က ကျူးလွန်ကြတော့မှာပေါ့"

ထန်ဆေးကျန်းက အားရပါးရ တစ်ချက်ရယ်မောလိုက်
သည်။ ထို့နောက် ဦးခေါင်းကို တဖြည်းဖြည်းညိတ်ကာ အေးစက်စွာ

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

"သိုင်းလောကထဲမှာ ထင်ရှားတဲ့ ဂေဟာတွေကို ကျုပ်တို့အနေနဲ့ ထိန်းချုပ်ဖို့ ဖိနှိပ်ချုပ်ချယ်သုတ်သင်ဖို့အတွက် ကျုပ်တို့မှာ နည်းလမ်းအကြံအစည်တွေ အမြောက်အများရှိတယ်၊ ငွေကြေးပစ္စည်းလဲ အလုံအလောက် စုဆောင်းထားပြီးသားပါ။ ဟဲ..ဟဲ"

ထန်ဆေးကျန်း၏စကားကြောင့် လူအေးနှင့် သံမဏိလက်တို့က မျက်မှောင်ကုတ်သွား၏။

သူ၏စကားအရ စွားဟူကျန်း မြစ်ကမ်းဝါးဒေသတဝိုက်မှ မီးရှို့ဖျက်ဆီး တိုက်ခိုက်မှုများကို ဝန်ခံနေသည့်ပုံစံ ဖြစ်နေလေသည်။

လူအေးက ထန်ဆေးကျန်းအား...

"ထန်ဆေးကျန်း၊ ခင်ဗျားနဲ့ ကျုပ် တိုက်ခိုက်ဖူးပါတယ်၊ ခင်ဗျားအနေနဲ့ ကျုပ်ကို ယှဉ်ပြိုင်နိုင်လိမ့်မယ်လို့များ ထင်နေသလား"

ထန်ဆေးကျန်းက မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"အင်း စောစောပိုင်းက အခြေအနေမှာတော့ ကျုပ်အနေနဲ့ စီးဂေဟာကို အမြန်ဆုံး ပြန်ရောက်နိုင်ဖို့ထက် ရှောင်ပြေးလာခဲ့ရတာသာ ဖြစ်တယ်၊ စုံစမ်းရေးမှူးကြီးလူအေး၊ ခင်ဗျားက ကိုယ့်ကိုကိုယ်သိပ်ပြီးတော့ အထင်ကြီးနေသလားဟင်၊ ဒါပေမယ့် လီလုရှိနဲ့ လီကျုံးတို့ကတော့ ခင်ဗျားတို့နှစ်ယောက်ရဲ့ သိုင်းပညာကို မယှဉ်နိုင်ကြဘူးပေါ့ဗျာ"

လူအေးက ပြုံး၍ မေးလိုက်သည်။



"အခု ခင်ဗျားက ကျုပ်တို့ကို နှုတ်ပိတ်ဖို့ စဉ်းစားလိုက်ပြီလား"

ထန်ဆေးကျန်းက အားရပါးရ ရယ်မောလိုက်ပြီးမှ အေးစက်စွာ တစ်လုံးချင်း ပြောလိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားတို့နှစ်ယောက်ရဲ့ ပါးစပ်ပေါက်တွေကရွှေနဲ့ ငွေနဲ့ ပိတ်လို့ မရဘူးလေ၊ ဒီတော့ ဒီကနေ့ကစပြီး ခင်ဗျားတို့နှစ်ယောက် ဆက်ပြီး စကားမပြောနိုင်အောင်လို့ ကျုပ်တို့စီးဂေဟာက ဆောင်ရွက်ပေးလိုက်မယ်"

သံမဏိလက်က သူမေးမြန်းစရာကို မေးလိုက်သည်။

"ထန်ဆေးကျန်း၊ ခင်ဗျားက ကျုပ်ရဲ့နောက်ကနေ နောက်ယောင်ခံပြီး လိုက်လာတာ မဟုတ်လား၊ ကျုပ်ဖမ်းဆီးထားပြီး စစ်ဆေးမေးမြန်းနေတဲ့ ထန်ဆေးအော့ကို နှုတ်ပိတ်ပြီး ထွက်ပြေးသွားကြတာ မဟုတ်လား"

ထိုအခါ ထန်ဆေးကျန်းက သံမဏိလက်ကို ကြည့်ကာ ရယ်မောလိုက်သည်။

"အင်း စုံစမ်းရေးမှူး သံမဏိလက်လို့ ဒါကြောင့် နာမည်ကြီးတာကိုး၊ ရှာပေနယ်မှာ သူ့ရဲ့ တာဝန်ကျနေတယ်၊ သူက စိတ်ခတ်နိုင်မာတဲ့လူတစ်ယောက် မဟုတ်ဘူး၊ ခင်ဗျားရဲ့ခြေလှမ်း ဘယ်လောက်အထိ သွားလဲဆိုတာကို သိရအောင် ကျုပ်တို့က လေ့လာတာဆိုပါတော့၊ ထန်ဆေးအော့က ခင်ဗျားဆီက အခွင့်အရေးတောင်းမယ်၊ ပြီးရင် ကျုပ်တို့အကြောင်း ပြောပြမယ်၊ အဲဒီတော့ ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမှာလဲ၊ ခင်ဗျားဆို ဘာလုပ်မလဲ"

သံမဏိလက်၏ထင်မြင်ချက်မှာ မလွဲပေ။

ရှာပေနယ်၌ ထန်ဆေးအော့ကို နှုတ်ပိတ်သူလူစုမှာ ထန်ဆေးကျွန်းခေါင်းဆောင် ဖြစ်သည်။

ထန်ဆေးကျွန်းက သံမဏိလက်ကို ကြည့်၍ အေးစက်စွာ ပြောဆိုလိုက်လေသည်။

"ခင်ဗျားတို့နှစ်ယောက် စွားဟူကျွန်းမြစ်က ကမ်းပါးကို ရောက်လာခဲ့တာနဲ့ ကျုပ်တို့အခက်အခဲ တွေ့ကြုံရတာပဲ၊ အခုတော့ ကောင်းသွားပြီ၊ ခင်ဗျားတို့နှစ်ယောက်က စီးဂေဟာထဲ ရောက်နေပြီ မဟုတ်လား"

စီးအင်းမေက ဝင်ရောက်ပြောဆိုလိုက်သည်။

"သခင်ကြီးစီးရှောင်ဖုန်းဟာ ရှူးချင်ယောင်ဆောင်ခဲ့တယ်၊ ကျုပ်တို့တတွေကလဲ တကယ် ရှူးတယ်ထင်ပြီး ယုံကြည်ခဲ့တယ်၊ ဟင်း သခင်ကြီးစီးရှောင်ဖုန်းရဲ့ ဆင်ကွက်ထဲမှာ ကျုပ်တို့တတွေ အမိခံလိုက်ကြရသေးတယ်"

စီးရှောင်ဖုန်းက စီးအင်းမေဘက်သို့ မသိမသာ လှမ်း၍ ကြည့်လိုက်လေသည်။

♣ ♣ ♣



စီးရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချရင်းမှ ပြောပြလိုက်သည်။

"အင်း ကျုပ်အနေနဲ့ နောက်ဆုံးမှာ ဒီလိုပဲ ကြံစည်လုပ်ဆောင်ရတော့မယ်၊ လူဆိုတာ အကြံဉာဏ်စွမ်းရည်နဲ့ပဲ မဟုတ်လော ကျုပ်အနေနဲ့ ငြိမ်ခံနေရတော့မှာလား၊ ထန်ဆေးကျွန်းတို့သုံးယော က စီးဂေဟာကို ထိန်းချုပ်ထားတယ်၊ စီးဂေဟာမှာ ရှိကြတဲ့ လူငေ က သူတို့တပည့်တွေပဲ၊ ပြီးတော့ လီလုရီကို ကျုပ်ရဲ့ဇနီးအဖြစ် ကျုပ်အနားမှာ ထားပြီး ကျုပ်ကို အချိန်ပြည့်စောင့်ကြည့်ခိုင်းတယ်"

စီးရှောင်ဖုန်းက သက်ပြင်းချလိုက်သည်။

"အင်း ကျုပ်အနေနဲ့ ဒီအကြောင်းတွေကို ကျုပ်ရဲ့ညီနဲ့ ညီမကို ပြောပြနိုင်ဖို့ အခြေအနေ အခွင့်အရေး လုံးဝမရရှိခဲ့ပါဘူး"

ထန်ဆေးကျွန်းက စဉ်းစားဟန်ပြုပြီး ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်လေသည်။

"ဟုတ်ပြီ၊ ဒီလိုနဲ့ပဲ သခင်ကြီးက အကြံအစည်တစ်ခုကို ကြံစည်ခဲ့တယ်ဆိုပါတော့၊ အဲဒီ အကြံအတိုင်း စိတ်ဖောက်ပြန်ချင်ဟန်ဆောင်ပြီး စီးဂေဟာက လူတွေကို ရန်မူတယ်၊ နောက်ပြီး သခင်ကြီးရဲ့သားလေးကို ဓားနဲ့လိုက်ခုတ်တယ်၊ လီလုရီကို အခွင့်ကောင်းယူပြီး ဓားနဲ့ထိုးခဲ့တယ်၊ ဒါပေမယ့် လီလုရီက ရှောင်နိုင်လို့ ဘာမှမဖြစ်ခဲ့ဘူး။ ဟင်း…ဟင်း၊ သခင်ကြီးက ရှောင်ချိုကလေးကို ကြိုတင်မှာကြားခဲ့တာကို။ ဒါကြောင့် ရှောင်ချိုကလေးက စွားဟူကျွန်းမြစ်ထဲ ခုန်ဆင်းသွားခဲ့တာကို"

www.burmeseclassic.com

www.burmeseclassic.com



လူအေးက ဝင်မေးလိုက်သည်။

"စီးဂေဟာရွာစုက စီးအမျိုးအနွယ်ဝင်မှန်သမျှဟာ ရေကူးမသင်ရ ရေထဲမဆင်းရလို့ စည်းကမ်းချက်ထုတ်ပြီး တားမြစ်ပိတ်ပင်ထားခဲ့တယ် မဟုတ်လား"

ထန်ဆေးကျန်းက ပြုံး၍…

"ဟုတ်ပါတယ်၊ စီးအမျိုးအနွယ်ဝင် မှန်သမျှ ရေဘေးကြောင့် အသက်အန္တရာယ် ဆုံးရှုံးမှု မဖြစ်ရအောင်လို့ ဟိုတုန်းကဘည်းက စည်းကမ်းချမှတ်ခဲ့တာပဲ၊ ဒါကြောင့် ရောင်ချိကလေး ရေထဲကျသွားပြီး သေဆုံးသွားတယ်လို့ ထင်ခဲ့မိတာ၊ သူ့ရဲ့ အကြံအစည်က မြစ်ကမ်းအနောက်ဘက် လယ်မြေထဲမှာရှိတဲ့ ယီမေလို့ခေါ်တဲ့လူဟာ သခင်ကြီးစီးရှောင်ဖုန်းရဲ့ လူယုံတော်ကြီး ဖြစ်တယ်၊ ရောင်ချိရဲ့ဘကြီးဝမ်းကွဲတော်တယ်လို့လဲ ပြောနိုင်တယ်"

ထန်ဆေးကျန်းက ပြုံးရင်းမှ စီးရှောင်ဖုန်းကို လှမ်းကြည့်လိုက်သည်။

စီးရှောင်ဖုန်း၏ အကြံအစည်ဟူသမျှကို သူ့အနေဖြင့် သိထားသည်ဟု ကြွားဝင့်သည့် အကြည့်မျိုးဖြင့် ကြည့်လိုက်ခြင်းပင်ဖြစ်သည်။

ထန်ဆေးကျန်းက ကျေနပ်ပြုံးပြုံးလိုက်ပြီး…

"အင်း ရောင်ချိက ရေကူးကျွမ်းကျင်သူတစ်ယောက် ဖြစ်တယ်၊ ဒီကလေးရဲ့အမေ မကွယ်လွန်မီကတည်းက သူ့ကို ရေကူးသင်ပေးခဲ့တယ်၊ သူ့ကို ရေထဲကျချင်ယောင် ဆောင်ခိုင်းပြီး သူ့



ဘကြီးဆီကို သွားစေတယ်"

စီးရှောင်ဖုန်းက ဒေါသသံဖြင့်…

"ဟုတ်တယ်၊ ကျုပ်ရဲ့သားကို စီးယီမေဆီကို ကျုပ်လွှတ်လိုက်တာပဲ၊ ကျုပ်သား မရှိရင် ခင်ဗျားတို့ကို လွှတ်လွှတ်လပ်လပ်တိုက်ခိုက်နိုင်အောင်လို့ပဲ"

ထန်အေးကျန်းက ဦးခေါင်းတညိတ်ညိတ်လုပ်ပြီး သဘောကျစွာ ရယ်မောလိုက်လေသည်။

"သခင်ကြီးရဲ့သားကို ထိန်းသိမ်းစောင့်ရှောက်ပေးတဲ့ စီးယီမေဟာ နုံအတဲ့အဘိုးကြီးတစ်ယောက်ပဲ၊ သူက ရောင်ချိကို ထမင်းသွားကျွေးတဲ့အခါ ဝဲယာကို တစ်ချက်ကြည့်တယ်၊ ဒါပေမယ့် အထက်အောက်ကို မကြည့်ဘူး"

စီးရှောင်ဖုန်းက မျက်မှောင်ကုပ်၍…

"ဒါဆိုရင် စီးယီမေကို ခင်ဗျားတို့ ဘာလုပ်လိုက်ကြသလဲ"

ထန်ဆေးကျန်းက ရယ်မောလိုက်သည်။

"ဟား…ဟား၊ သူ့ကိုလား၊ သူ့ကို ကျုပ်က စွားဟူကျန်း မြစ်ထဲ ပစ်ချလိုက်တယ်လေ၊ ပြီးတော့မှ ရောင်ချိကလေးကို ပြန်ခေါ်လာတာပေါ့"

စီးရှောင်ဖုန်းက ဒေါသတကြီး အော်ဟစ်ပြောဆိုလိုက်သည်။

"ခင်ဗျားတို့ အပြစ်မရှိတဲ့ စီးယီမေကို သတ်ပစ်လိုက်တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဆေးကျန်းက ရှောင်ချိုး၏ခေါင်းကို တစ်ချက်ပွတ်သပ်လိုက်သည်။

ထို့နောက်မှ...

"ကျုပ် မသတ်ပါဘူး၊ ကျုပ်က စီးယိမေကို မြစ်ထဲရေဆင်းချိုးနိုင်းတာပါ၊ ဒါပေမယ့် သူက ရေမကူးတတ်တော့ ဘယ်တတ်နိုင်မလဲ.."

ထိုအခါ စီးချန်းယင်က သူတို့ ဖြစ်ခဲ့သော အဖြစ်အပျက်ကို ပြန်သတိရလာလေသည်။

ထို့ကြောင့် စီးရှောင်ဖုန်းအား မေးလိုက်သည်။

"အစ်ကိုကြီးက ကျွန်တော်နဲ့ စုကျန်းကို ဈွားဟူကျန်းမြစ်ထဲ ပစ်ချခိုင်းလိုက်တာကရော ဘယ်လိုရည်ရွယ်ချက်နဲ့လဲ၊ ကျွန်တော်တို့ ရေမကူးတတ်ဘူးဆိုတာ အစ်ကိုကြီး သိရဲ့သားနဲ့"

စီးရှောင်ဖုန်းက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး ရှင်းလင်းပြောဆိုလိုက်လေသည်။

"ဟုတ်တယ်၊ မင်းတို့ ရေမကူးတတ်မှန်း ငါသိတယ်၊ ဒါပေမယ့် ငါ့မှာ ရည်ရွယ်ချက်ရှိတယ်၊ ညီမလေးက ချူဖုန်းရဲ့အိမ်မှာ စုံစမ်းရေးမှူး နှစ်ယောက် ရောက်နေတယ်ဆိုတာ သိတယ်၊ ဒါကြောင့် သူတို့ မြစ်ကမ်းနံဘေးမှာ ထိုင်နေတဲ့အချိန် မင်းတို့ကို ပစ်ချလိုက်တော့ သူတို့က ကယ်မှာပဲလေ"

ထန်ဆေးကျန်းက သဘောကျစွာ ခွက်ထိုးခွက်လန် ရယ်မောလိုက်သည်။



"ဟား...ဟား၊ သခင်ကြီးရဲ့အကြံ ခေါ်ိုးဘူး၊ စုံစမ်းရေးမှူးနှစ်ယောက်က ကယ်မယ်၊ နောက်ပြီး ဒီကိစ္စကို စုံစမ်းလိမ့်မယ်၊ အကြံကတော့ တကယ်ကောင်းပါတယ်၊ အခု ရောက်နေပြီလေ"

လူအေးက ထန်ဆေးကျန်းအား စူးစိုက်စွာ ကြည့်လိုက်ပြီး အေးစက်စွာ မေးလိုက်သည်။

"ထန်ဆေးကျန်း ကျောက်ဂေဟာရွာစု၊ ခုံးဂေဟာရွာစုရယ်ပြီးတော့ မကြာခင်ကမှ လုယက်တိုက်ခိုက် မီးလောင်တိုက်သွင်းခံရတဲ့ ထန်ဂေဟာရွာစုတို့ကို တိုက်ခိုက်တာ မင်းတို့ရဲ့လက်ချက် မဟုတ်လား"

ထန်ဆေးကျန်းက ပြုံး၍...

"ဟုတ်တယ်၊ ကျုပ်လက်ချက်ပေါ့"

သံမဏိလက်က ထန်ဆေးကျန်းကို မေးခွန်းထုတ်လိုက်သည်။

"ထန်မြောင်း၊ ရဲကျင်း၊ လီကျုံးနဲ့ လီလုရီတို့ဟာ ဈွားဟူကျန်းမြစ်ကမ်းပါးဒေသတစ်ဝိုက်မှာ လှုပ်ရှားဖို့ ဖွဲ့စည်းထားခဲ့တဲ့ 'ထန်ဂေဟာ'ရဲ့ အဓိက သိုင်းသမားခေါင်းဆောင်တွေ မဟုတ်လား၊ ဈွားဟူကျန်း မြစ်ကမ်းမှာ တိုက်ခိုက်တဲ့ လူတွေထဲမှာ သူတို့က ခေါင်းဆောင်လေးယောက်၊ ခင်ဗျားက တစ်ယောက်ဆိုရင် ကျန်တစ်ယောက်ကကော ဘယ်သူများပါလိမ့်"

ထန်ဆေးကျန်းက မဲ့ပြုံးပြုံး၍ ခေါင်းကိုတွင်တွင် ခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ထန်ဂေဟာရဲ့ အဆင့်မြင့်ခေါင်းဆောင်တစ်ယောက်ပဲ၊ ရွှေဝါဟူကျွန်းမြစ်ကမ်းဒေသတစ်ဝိုက်ကိုလဲ ကျုပ်ကပဲ ဦးဆောင်တယ်၊ နောက် တစ်ယောက်ကတော့ ကျုပ်ကို အမိန့်ပေးတဲ့ လူပေါ့၊ ဒါလောက်သိရင် တော်ပါပြီ"

ထန်ဆေးကျွန်း ပြောစကားအရဆိုလျှင် တော်တော်ကလေး ရှင်းလင်းသွားပြီ ဖြစ်သည်။

ထန်ဂေဟာ၏ခြေလှမ်းနှင့် အကြံအစည်ကိုပါ သိရှိရပြီ ဖြစ်သည်။



## ထန်ဂေဟာရဲ့ မဟာအကြံအစည်

ရွှေဝါဟူကျွန်း မြစ်ကမ်းပါးဒေသတစ်ဝိုက်၌ ဂေဟာရွာစုကလေးများ ရှိသည်။

ထိုဂေဟာရွာစုများမှတစ်ဆင့် သခင်ကြီးများကို ကြိုးဆွဲချုပ်ကိုင်နိုင်ရန် ထန်ဂေဟာမှ ကြိုးစားခဲ့သည်။

ရွှေဝါဟူကျွန်း မြစ်ကမ်းပါးဒေသတစ်ဝိုက်၌ လှုပ်ရှားရန်အတွက် ထန်ဂေဟာမှ အထူးလက်ရွေးစဉ်အဖွဲ့တစ်ဖွဲ့ ဖွဲ့၍ စေလွှတ်ထားသည်။

ထိုအဖွဲ့၌ လက်ရွေးစဉ်ခြောက်ယောက် ပါဝင်သည်။

ထိုလူများမှာ ထန်ဆေးကျွန်း၊ ရဲကျင်း၊ လီလုရီ၊ ထန်မြောင်း၊ လီကျုံးနှင့် နာမည်ဖော်ထုတ်ခြင်း မရှိသေးသော ခေါင်းဆောင်တစ်ဦးတို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်ဆေးကျုန်းမှာ ဒုတိယခေါင်းဆောင်တစ်ယောက် ဖြစ်သည်။

ကျန်လေးယောက်မှာ သေဆုံးသွားပြီ ဖြစ်သည်။

ကျန်တစ်ယောက်မှာ မည်သူနည်း။

သူကို့လက်ရွေးစင် အဖွဲ့သားများ မည်သည့်နေရာတွင် ကိုယ်ရောင်ဖျောက်နေပါသနည်း။

ထန်ဂေဟာမှ စေလွှတ်လိုက်သော ထန်ဆေးကျုန်းတို့လူစု၏ အန္တရာယ်မှာ အတိုင်းအဆ မရှိလောက်အောင်ပင် ကြီးမားလှပေသည်။

သံမဏိလက်က စကားပြောလိုက်သည်။

"ထန်ဆေးကျုန်း၊ ခင်ဗျားတို့ရဲ့ လုပ်ရပ်တွေဟာ မှားယွင်းနေတယ်၊ ဒီတော့ ဒီမကောင်းမှု လုပ်ရပ်တွေကို စွန့်လွှတ်လိုက်ပါလား"

ထန်ဆေးကျုန်းက ခြောက်ကပ်ကပ်ဖြင့် တစ်ချက်ရယ်မောလိုက်သည်။

"လူတိုင်းလူတိုင်းဟာ ကိုယ့်ဆန္ဒနဲ့ ကိုက်ညီတယ်၊ မှန်တယ်ထင်တဲ့ လမ်းကို လျှောက်နေကြတာပဲ မဟုတ်လား"

သံမဏိလက်က လူအေးကို ပန်းတစ်ချက် တွန့်ပြလိုက်သည်။

"ကဲ လူအေးတို့အနေနဲ့ တိုက်ခိုက်ဖို့ပဲ ရှိတော့တယ်လေ"

ထန်ဆေးကျုန်း၏ ခြေလှမ်း နောက်သို့ ဆုတ်သွားလေ



သည်။ ထို့နောက် ထန်ဆေးကျုန်းက လက်တစ်ဘက်မြှောက်လိုက်သည်။

"သခင်ကြီးနဲ့ စီးအင်းမေတို့နှစ်ယောက်က လူအေးကို တိုက်ခိုက်ကြပါ၊ ကျုပ်က သံမဏိလက်နဲ့ ယှဉ်ပြိုင်မယ်၊ စီးလျှန်ဂူ၊ ခင်ဗျားကတော့ ဒီကလေးကို ထိန်းချုပ်ထားလိုက်ပါ"

ထိုအခါ စီးမေဟုန်က နားမလည်ဟန်ဖြင့် အော်မေးလိုက်သည်။

"အစ်ကိုကြီးက ဘာဖြစ်လို့ ရှင်တို့ဘက်က ကူညီတိုက်ခိုက်ပေးရမှာလဲ၊ ရှင်တို့ရဲ့ ရာဇဝတ်မှုတွေထဲ အစ်ကိုကြီး အနေနဲ့ ဘာဖြစ်လို့ အကူအညီပေးရမှာလဲ"

ထန်ဆေးကျုန်းက စကားတစ်ခွန်းမှ မပြောဘဲ ရောင်ချိုကလေး၏ဦးခေါင်းကို တစ်ချက်ပုတ်ပြလိုက်သည်။

စီးမေဟုန်က ဘာစကားမှ ထပ်မပြောတော့ပါ။

သံမဏိလက်က...

"စီးရှောင်ဖုန်း၊ ကျုပ်တို့က ခင်ဗျားကို ကူညီဖို့ လာတာပါ၊ ခင်ဗျားတို့ စီးဂေဟာရွာစုအတွက်ပဲ မဟုတ်လား"

စီးရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

"ကျုပ်ကိုလဲ ခင်ဗျားတို့ နားလည်သဘောပေါက်ပါ၊ ကျုပ်အသက်ထက် အရေးကြီးတာက ကျုပ်သားရဲ့အသက်ပါ"

စီးရှောင်ဖုန်းက ထိုသို့ ပြောပြီး သံမဏိလက်ကို ဦးညွှတ်ကာ တိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူအေးနှင့် သံမဏိလက်တို့ နှစ်ယောက်ကို အသေတိုက်ခိုက်ကြတော့မည် ဖြစ်သည်။

စီးချန်းယင်က ညာသံပေး၍...

"ကျုပ်ကတော့ စီးဂေဟာရွာရဲ့ သစ္စာဖောက်ကို သုတ်သင်ပါရစေ"

စာကြည့်ခန်းမဆောင်အတွင်း၌ ပြင်းထန်သော ရင်ဆိုင်တိုက်ပွဲက စတင်လေသည်။

တိုက်ပွဲ စသည်နှင့်ပင် ပြင်းထန်လှသော ဓားကွက်များ လျှင်မြန်စွာ ပေါ်ထွက်လာလေသည်။

♣ ♣ ♣

စီးရှောင်ဖုန်း၏ ဓားချက်များက သံမဏိလက်အား ညာတာခြင်း လုံးဝမရှိဘဲ ပြင်းထန်စွာ ထိုးနှက်နေသည်။

သို့သော် သံမဏိလက်အား ထိခိုက်မှုလုံးဝ မရှိသေးချေ။

လူအေးသည် ထန်ဆေးကျန်းနှင့် စီးလျှန်ဂူးတို့ထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်သည်။

လူအေး အနေဖြင့် စီးရှောင်ဖုန်း၏သားဖြစ်သူ ရှောင်ချို၏အသက်ကိုလည်းကောင်း၊ စုကျန်း၏အသက်ကိုလည်းကောင်း ညာတာမည် မဟုတ်ချေ။

ဤအချက်ကို ထန်ဆေးကျန်းနှင့် စီးလျှန်ဂူးတို့က နားလည်



ထားသည်။ထို့ကြောင့် သူတို့သည် လူအေး၏တိုက်ကွက်ကို ခုန်ရှောင်လိုက်သည်။

"စီးလျှန်ဂူး ဒီကလေးကို ခေါ်သွားစမ်း"

ထန်ဆေးကျန်းသည် ပြောပြီးသည်နှင့် လူအေးအား ရင်ဆိုင်လိုက်လေသည်။

စုကျန်းမှာ ယခုမှပင် လွတ်မြောက်သွားလေသည်။

ထိုအချိန်၌ စီးချန်းယင်သည် ဓားကို ထုတ်ကာ တိုက်ပွဲအတွင်းသို့ ဝင်သွားလေသည်။

စီးချန်းယင်သည် လူအေးဘက်မှနေ၍ ထန်ဆေးကျန်းအား တိုက်ခိုက်လိုက်သည်။

ထန်ဆေးကျန်းသည် သိုင်းပညာ အဆင့်မြင့်သူ ဖြစ်သည်။

သူသည် လက်နက်မပါဘဲ စီးချန်းယင်နှင့် လူအေးတို့၏ ဓားချက်များကို လျှင်မြန်စွာ ရှောင်တိမ်းလိုက်ပြီး ပြန်လည်တိုက်ခိုက်လိုက်သည်။

♣ ♣ ♣

သံမဏိလက်နှင့် စီးရှောင်ဖုန်းတို့နှစ်ယောက်မှာ လက်ရည်ညီတူစွာဖြင့် တိုက်ခိုက်နေသည်။

စီးအင်းမေသည် ဓားကို ဆွဲကာ ထန်ဆေးကျန်းဘက်မှ ဝင်ကူတိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ချွင်..ချွင်"

တိုက်ခိုက်သံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

စီးမေဟုန်သည် ရောင်ရှိုအား မည်သို့ကယ်တင်ရမည်ကို စဉ်းစားနေသည်။

ထိုအချိန်၌ စီးရောင်ဖုန်းသည် သံမဏိလက်ကို တိုက်ခိုက်နေရင်းမှ စီးလျှန်ပူးဘက်သို့ တိုးကပ်သွားသည်။

လူအေး၏သိုင်းပညာ အဆင့်မှာလည်း မြင့်မားလှသည်။ သူ၏ဓားချက်သည် တိကျသည်။ မြန်ဆန်သည်။ စီးချန်းယင်က သူ့ဘက်မှ ဝင်ရောက်တိုက်ခိုက်သော်လည်း အကူအညီမရသည့်အပြင် အကာအကွယ်ပင် ပြန်ပေးနေရလေသည်။

လူအေးသည် ထန်ဆေးကျန်းအား ဓားနှစ်လက် ထက်အောက် တပြိုင်နက်တည်း ခုတ်ချလိုက်သည်။

ထန်ဆေးကျန်းက ခန္ဓာကိုယ်ကို တစ်ပတ်လှည့်ကာ ခုန်၍ရှောင်တိမ်းလိုက်သည်။

လူအေးသည် ထန်ဆေးကျန်းနောက်သို့ တဆက်တည်းဆုတ်ကာ ဓားဖြင့် ထိုးချလိုက်သည်။

ထန်ဆေးကျန်းသည် မြေပေါ်သို့ ခြေမရသေးပါ။ လူအေး၏ဓားချက်ကို မည်သို့မျှ ရှောင်နိုင်မည် မဟုတ်ချေ။

သို့သော် ထန်ဆေးကျန်းသည် ကောက်ကျစ်သူတစ်ယောက် ဖြစ်သည်။

ထို့ကြောင့် အနီးရှိ စီးအင်းမေ၏ခန္ဓာကိုယ်ကို ဆွဲလှည့်ကာ



သူ့ကို အကာအကွယ်ပေးလိုက်သည်။

"အား"

စီးအင်းမေ၏အသံ ထွက်ပေါ်လာသည်။

စီးအင်းမေ၏မျက်လုံးအစုံ ပြူးကျယ်သွားသည်။ ထန်ဆေးကျန်းအား မျက်လုံးပြူးကာ ကြည့်လျက် ပါးစပ်ထဲမှ သွေးများ အန်ထွက်လာသည်။

"ဝေါ့"

"ဝုန်း"

လူအေးသည် ဓားကို ဆွဲထုတ်ကာ နောက်ဘက်ရှိ ထန်ဆေးကျန်းအား ခုတ်လိုက်သည်။

ထန်ဆေးကျန်းက လေထဲ၌ စီးအင်းမေ၏ဦးခေါင်းကို ခြေဖြင့် တစ်ချက်ကန်ကာ ဓားစင်ရှိရာသို့ ခုန်ပျံသွားသည်။

စီးချန်းယင်သည် ထန်ဆေးကျန်းနောက်သို့ ခုန်ကာ ဓားဖြင့် ခုတ်ချလိုက်သည်။

ထန်ဆေးကျန်းက ဓားစင်မှ ဓားတစ်လက်ကို လျင်မြန်စွာ ဆွဲထုတ်လိုက်ပြီး ခုခံလိုက်သည်။

"ချွင်"

ထိုအချိန်၌ လူအေး၏ဓားသည် သူ၏လည်မျိုသို့ တည့်တည့်စွာ ဝင်လာသည်။

ထန်ဆေးကျန်းသည် ထိတ်လန့်စွာ ဓားကို လှည့်ကာ လိမ့်ရှောင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဓားစင်မှ နောက်တစ်ချောင်းကို ထပ်မံယူလိုက်သည်။

"ချွင်"

သံမဏိလက်သည် စီးရှောင်ဖုန်း၏ဓားကွက်ကို ရှောင်တိမ်းပေးလိုက်သည်။

စီးရှောင်ဖုန်းသည် ဆက်မခုတ်ဘဲ ဓားကို ကန့်လန့်ဖြတ် ခံထားလိုက်သည်။

သံမဏိလက်ကလည်း ဓားကို အောက်သို့ စိုက်ကာ ကြည့်နေသည်။

စီးရှောင်ဖုန်း၏ဓားဖျားမှာ တုန်ခါလာသည်။

"ဝိညာဉ်ပျောက်သိုင်းကွက်"

သံမဏိလက်၏ပါးစပ်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ သံမဏိလက်သည် တဆက်တည်း ဝင်ရောက်ခုတ်လိုက်သည်။

စီးရှောင်ဖုန်းသည် ခန္ဓာကိုယ်ကို တစ်ပတ်လှည့်ကာ ထိုင်ချလိုက်ပြီး ဓားကို ရှေ့သို့ တည့်မတ်စွာ ထိုးစိုက်လိုက်သည်။

သံမဏိလက်သည် ကိုယ်ကို ဘေးသို့စောင်းကာ လျင်မြန်စွာ ရှောင်လိုက်သည်။

သို့သော်...

"အု.."

စီးရှောင်ဖုန်း၏ဓားကွက်ကို ရှောင်မရပါ။ သံမဏိလက်၏ ခါးစောင်းတွင် သွေးများ ပန်းထွက်လာလေသည်။



စီးရှောင်ဖုန်းက သံမဏိလက်ကို ကြည့်ကာ ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား.."

သံမဏိလက်ထံသို့ ရယ်မောလို့ပင် မဆုံးခင် ထပ်မံတိုက်ခိုက်လိုက်သည်။

စီးမေဟုန်သည် သံမဏိလက်အား ထိုးခုတ်ချလိုက်သော ဓားကို ဝင်ရောက်ခုခံလိုက်၏။

"ချွင်"

စီးမေဟုန် နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်သွားသည်။ စီးရှောင်ဖုန်းက တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

စီးမေဟုန်က...

"အစ်ကိုကြီး မှားမယ်နော်"

စီးရှောင်ဖုန်းက စကားတစ်ခွန်းမှ မပြောပါ။ သူ၏မျက်လုံးသည် နီရဲလျက် ရက်စက်ကြမ်းကြုတ်သည့်အသွင် ပေါ်လွင်နေသည်။

သူသည် စီးလျှန်ဂူး ချုပ်ကိုင်ထားသော သူ၏သားကို တစ်လှည့်၊ သံမဏိလက်ကို တစ်လှည့် ကြည့်လိုက်သည်။

ထို့နောက် ဓားကို ကန့်လန့်ဖြတ်ကာ ဝိညာဉ်ပျောက်သိုင်းကွက်အခြေခံကို ပြန်လည်စလိုက်သည်။

ထို့နောက် စီးမေဟုန်အား တိုက်ခိုက်လိုက်လေသည်။

စီးမေဟုန်သည် နောက်သို့ ခုန်ဆုတ်လိုက်သည်။ စီးလျှန်ဂူးနှင့် မျက်နှာချင်းဆိုင်သို့ ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးရှောင်ဖုန်းသည် သူတို့နှစ်ယောက်ကြားသို့ ခုန်ဝင်ကာ စီးမေဟုန်အား ခုတ်ချလိုက်သည်။

စီးမေဟုန်သည် ဟန်ချက်ပျက်သွားလေသည်။

စီးရှောင်ဖုန်း၏ဓားသည် စီးမေဟုန်အား ထပ်မံ ဝိုက်ကာ ခုတ်လိုက်သည်။

စီးမေဟုန်က ခေါင်းငုံ့ကာ ရှောင်ပေးလိုက်သည်။

စီးရှောင်ဖုန်း၏ဓားသည် စီးမေဟုန်၏ခေါင်းပေါ်မှ ဖြတ်ကျော်သွားသော်လည်း အရှိန်ရပ်တန့်ခြင်း မရှိပေ။

စီးရှောင်ဖုန်းသည် ဓားကို အရှိန်မရပ်ဘဲ ခန္ဓာကိုယ်ပါ ဓားနှင့် တစ်ပြိုင်တည်း လှည့်လိုက်သည်။

ဓားသည် အနောက်ဘက်ရှိ စီးလျှန်ဂူး၏လည်ပင်းတည့်တည့်သို့ ကန့်လန့်ဖြတ် ခုတ်ချလိုက်သည်။

စီးလျှန်ဂူးသည် ကြောင်သွားပြီးနောက် သတိပြန်ဝင်ကာ ရှောင်ချိုကလေးအား တွန်းထုတ်လိုက်သည်။

"အား"

စီးလျှန်ဂူးသည် တစ်ချက်အော်ဟစ်ကာ လဲကျသေဆုံးသွားလေသည်။

ထန်ဆေးကျန်းသည် လူအေးနှင့် တိုက်ခိုက်နေရာမှ ခုန်ထွက်လိုက်ပြီး ရှောင်ချိုကလေးအား လဲကျမသွားစေရန် ထိန်းထားလိုက်သည်။

စီးရှောင်ဖုန်းက ထန်ဆေးကျန်း မျက်နှာသို့ ဓားဖြင့် ထိုး



သွင်းလိုက်လေသည်။

ထန်ဆေးကျန်းမှာ ရှောင်ချိန်မရလိုက်ပါ။

သို့သော်...

ရှောင်ချိုကလေးနှင့် အကာအကွယ် ယူကာ ခံပေးလိုက်လေသည်။

စီးရှောင်ဖုန်း၏ဓားချက်သည် ရှောင်ချို၏ရင်ဝတည့်တည့်သို့ ဦးတည်သွားလေသည်။

ထို့ကြောင့်...

စီးရှောင်ဖုန်းက ကမန်းကတမ်း နောက်သို့ ခုန်ဆုတ်လိုက်လေသည်။

ထန်ဆေးကျန်းသည် အခန်းတွင်းသို့ တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

ထန်ဆေးကျန်းတစ်ယောက်က လွဲ၍ ကျန်လူများမှာ ကြမ်းပြင်ပေါ်၌ ငြိမ်သက်စွာ လဲလျောင်းနေကြသည်။

သူသည် ထိတ်လန့်တုန်လှုပ်သွားသည်။

ထို့ကြောင့်...

ရှောင်ချိုကလေး၏သွေးကြောကို ဖွင့်ပေးလိုက်သည်။

ရှောင်ချိုကလေးမှာ ငိုကြွေးလိုက်သည်။

ထန်ဆေးကျန်းက...

"အားလုံး နောက်ဆုတ်လိုက်ကြပါ။ ဒါမှမဟုတ်ရင်တော့ ကျုပ် ကလေးကို သတ်ပစ်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



လူအေးသည် ရှေ့သို့ တိုးရန် ခြေလှမ်းလှမ်းလိုက်သည်။

ထန်ဆေးကျန်းက ရှောင်ချို၏လည်မြို့ကို ဓားဖြင့် ခုတ်ချလေသည်။

"အား..ဖေဖေနာတယ်၊ အီး..အီး"

ရှောင်ချိုကလေးသည် နာကျင်၍ ငိုကြွေးလိုက်သည်။

စီးမေဟုန်က လူအေးအား လှမ်းအော်၍ သတိပေးလိုက်လေသည်။

"အစ်ကို ရှေ့မတိုးပါနဲ့၊ ထန်ဆေးကျန်းက ကောက်ကျစ်တယ်၊ လူကလေးကို သတ်ပစ်မှာပဲ"

ထန်ဆေးကျန်းက စီးရှောင်ဖုန်း၊ စီးမေဟုန်နှင့် စီးချန်းယင်တို့အား တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

ထို့နောက်...

ကောက်ကျစ်စဉ်းလဲစွာ တစ်ချက်ပြုံးလိုက်ပြီး...

"မင်းတို့တွေ သူတို့နှစ်ယောက်ကို သတ်လိုက်ကြပါ၊ ဒါမှမဟုတ်ရင် ဒီကလေး အသက်ရှင်မှာ မဟုတ်ဘူး"

အားလုံးသည် တစ်ချက်တွေဝေသွားသည်။

စီးမေဟုန်နှင့် စီးချန်းယင်တို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် ငေးကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြသည်။

စီးရှောင်ဖုန်းသည် အံကို တစ်ချက် တင်းတင်းကြိတ်လိုက်လေသည်။

သူ၏လက်ထဲမှ ဓားကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်သည်။



လူအေးနှင့် သံမဏိလက်တို့မှာ ဖြည်းဖြည်း နောက်ဆုတ်လိုက်ကြသည်။

စီးမေဟုန်က စီးရှောင်ဖုန်းအား...

"အစ်ကိုကြီး သတိထားပါ"

စီးရှောင်ဖုန်း၏မျက်နှာ နီရဲလျက် ရှိသည်။

သူ၏မျက်လုံးများသည် မျက်ရည်စများ ပြည့်လာသည်။

ထို့နောက်...

ပါးပြင်ပေါ်သို့ မျက်ရည်စ တစ်စစီ ကျလာလေသည်။

ထို့နောက် အသံကုန်အော်ဟစ်လိုက်၏။

"ကျုပ်ကို ခွင့်လွှတ်ကြပါ..ခွင့်လွှတ်ကြပါ"

စီးရှောင်ဖုန်းသည် ဟော်ဟစ်နေရင်း သံမဏိလက်နှင့် လူအေးကို ကြည့်လိုက်၏။ ထို့နောက်...

ဆုံးဖြတ်ချက်တစ်ခု ခိုင်မာစွာ ချလိုက်သည့်အလား ဖြတ်သားနေ၏။

"ယား"

ကျယ်လောင်သော ညာသံပေးသံတစ်ခု ထွက်ပေါ်လာကာ ခုန်ပျံသွားလေသည်။

စီးမေဟုန်၏ဓားသည် လက်ထဲမှ လွတ်ကျသွားသည်။

"အား..အား"

"အား..အား"

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



စီးရှောင်ဖုန်း၏လက်ထဲမှ ဓားသည် ရိုးရိုးဓားတစ်လက်သာ ဖြစ်သည်။

အိပ်မက်ဓား မဟုတ်ပါ။ ဓားသည် ဓားသာ ဖြစ်သည်။

အိပ်မက်ဓားသည် လူသတ်လက်နက် ဖြစ်သလို ရိုးရိုးဓားမှာလဲ လူသတ်လက်နက်တစ်ခု ဖြစ်သည်။

ယခု...

စီးရှောင်ဖုန်း၏ဓားချက်သည် လျင်မြန်စွာ လှုပ်ရှားလိုက်သည်။

လူအများ အံ့သြနိုင်လောက်အောင်ပင် လှုပ်ရှားလိုက်သည်။

သူ၏လျင်မြန်မှုကို အံ့သြခြင်း မဟုတ်ပါ။ သူ၏ဓားချက်ကိုသာ အံ့သြခြင်း ဖြစ်သည်။

သူသည် ထန်ဆေးကျန်း သတိလစ်ပြီဟု ယူဆကာ အခွင့်အရေးကို အရယူလှုပ်ရှားလိုက်သည်။

ထန်ဆေးကျန်းသည် ကလေးကို ရင်၌ ပိုက်ထား၍ အကာအကွယ် ပြုထားသည်။

စီးရှောင်ဖုန်း၏ဓားသည် သူ့သားကလေး၏ရင်ဝကို ဖောက်ကာ ထန်ဆေးကျန်း၏ခန္ဓာကိုယ်ကိုပါ တဆက်တည်း ဖောက်ဝင်သွားသောကြောင့် ဖြစ်သည်။

စီးရှောင်ဖုန်းသည် စီးဂေဟာအတွက် သူ၏ချစ်သော သားကလေးကိုပါ စတေးလိုက်ရခြင်း ဖြစ်သည်။



စီးရှောင်ဖုန်း၏မျက်နှာမှာ ဘာမှ ခံစားချက် မရှိသူတစ်ယောက်ကဲ့သို့ အမူအရာ ကင်းမဲ့နေသည်။

သူ၏ဓားသည် သူ့သားနှင့် ထန်ဆေးကျန်းတို့အား ထိုးစိုက်ထားသည့်အတိုင်း မလှုပ်မယှက် ရပ်နေသည်။

လူအေးနှင့် သံမဏိလက်တို့နှစ်ယောက်မှာ မျက်နှာကို အောက်သို့ စိုက်ချလိုက်သည်။

သူတို့သည် သတ်ဖြတ်မှုမျိုးစုံကို ကြုံတွေ့ခဲ့ရသည်မှာ များလှပေ၏။

တစ်ဘက်နှင့်တစ်ဘက် ရက်စက်စွာ ဝိုက်မိုက်သတ်ဖြတ်သည်ကိုလည်း မြင်ဖူးသည်။

မိမိကိုယ်တိုင်လည်း ရန်သူများကို သုတ်သင်တိုက်ခိုက်ဖူး၏။ သို့သော် ယခုလောက် ကြောက်စရာကောင်းသည့် တိုက်ကွက်ကို မမြင်ဖူးခဲ့ချေ။

သူတို့၏ရင်ထဲ၌ နင့်ခနဲ ခံစားလိုက်ရသည်။

စီးမေဟုန်၏နှုတ်ခမ်းမှာ လှုပ်လှုပ်ရွရွ ဖြစ်နေသော်လည်း စကားသံ ထွက်မလာပါ။

စီးချန်းယင်၏မျက်နှာပေါ်၌ မျက်ရည်များ လိမ့်ဆင်းလာကာ ကျောက်ရုပ်တစ်ခုပမာ ငြိမ်သက်နေသည်။

စုကျုန်းကလေးမှာမူ မူးမေ့ကာ လဲကျသွားသည်။

"ဟား...ဟား...ဟား"

စီးရှောင်ဖုန်းသည် သူ၏သား ရှောင်ချိုကလေးအား မိုက်

www.burmeseclassic.com

www.burmeseclassic.com



မသုန် ကြည့်နေရင်းမှ ရုတ်တရက် ရယ်မောလိုက်လေသည်။

သူ၏အမူအရာမှာ ဝမ်းနည်းကြေကွဲရလွန်း၍ စိတ်ထိခိုက်သူတစ်ယောက်နှယ် ဖြစ်လေသည်။

ထန်ဆေးကျန်းမှာ သေသင့်သော လူတစ်ယောက် ဖြစ်သည်သာမက အခါတစ်ရာပင် သေသင့်သည်။

လူကြီးများ၏ လောဘဒေါသများထဲ၌ အပြစ်မဲ့သော ရောင်ချိုကလေးမှာ သွေးအိုင်ထဲသို့ သေဆုံးသွားခဲ့ရသည်။

စီးရှောင်ဖုန်းက သူ့သားကလေးအား ကြည့်ကာ…

"သား၊ ငါ မင်းကို အရမ်းချစ်တယ်"

စီးရှောင်ဖုန်း၏ တုန်ရင်သော အသံနှင့် ပြောလိုက်သော စကားမှာ လူတိုင်း၏အသည်းနှလုံးကို ဆုပ်ချေပစ်လိုက်သည့်နှယ် ခံစားလိုက်ရလေသည်။

♣ ♣ ♣

စီးမေဟုန်သည် ရောင်ချိုကလေးအား ပွေ့ချီလိုက်သည်။

စီးရှောင်ဖုန်းသည် လူအေးကို မော့ကြည့်လိုက်ပြီး တစ်လုံးချင်း ပြောပြလိုက်သည်။

"စီးဂေဟာကို အုပ်ချုပ်ချယ်လှယ်မဲ့ လူတွေ သေကုန်ပြီ၊ ခင်ဗျားတို့နှစ်ယောက် ကျုပ်ကို ကူညီတဲ့အတွက် ဝမ်းသာပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ကိုလဲ ကျုပ်က နှုတ်ပိတ်ပစ်ရမှာပဲ"



စီးရှောင်ဖုန်း၏စကားကြောင့် လူအေး ပါးစပ်အဟောင်းသား ဖြစ်သွား၏။

သူသည် စီးရှောင်ဖုန်းအား ပြန်လည်ပြောမည် ပြုလိုက်သော်လည်း စကားသံ ထွက်မလာချေ။

အဘယ်ကြောင့်ဆိုသော် စီးရှောင်ဖုန်း၏ဓားသည် သူ၏ထံသို့ တိုးဝင်လာသောကြောင့် ဖြစ်သည်။

စီးရှောင်ဖုန်းသည် သူတို့အား သတ်ဖြတ်နှုတ်ပိတ်ရန် အတွက် သူ၏သား ရောင်ချိုနှင့် ထန်ဆေးကျန်းကိုပါ အဘယ် ကြောင့် သတ်ပစ်လိုက်ပါသနည်း။

စီးရှောင်ဖုန်းသည် သူ၏သား ရောင်ချို သေဆုံးသွား၍ စိတ်ဖောက်ပြန်သွားသလော။

"အား"

စီးရှောင်ဖုန်းက ညာသံတစ်ချက်ပေးကာ ဝင်ရောက်တိုက်ခိုက်လိုက်သည်။

သံမဏိလက်က ခါးမှာ ဒဏ်ရာတစ်ချက်ရထားသော်လည်း လူအေးအား ကူညီနိုင်မည် ဖြစ်သည်။

"လူအေး သတိထား"

"ချွင်…ချွင်"

"ချွင်…ချွင်"

စီးရှောင်ဖုန်းသည် အမှန်တကယ် ရူးသွပ်သွားသူတစ်ယောက်ပမာ လူအေးအား တရကြမ်း တိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ခြင်”

“ခြင်”

လူအေးသည် အစွမ်းကုန် ခုန်ကာကွယ်လိုက်သည်။ စီးမေဟုန်က စီးရှောင်ဖုန်းအား အော်ဟစ်သတိပေးလိုက်သည်။

“အစ်ကိုကြီး ဘာတွေ လုပ်နေတာလဲ၊ သူတို့က စုံစမ်းရေးမှူးတွေလေ၊ ကျွန်မတို့ကို ကူညီတဲ့ လူတွေလေ၊ သတိထားပါဦး”

စီးရှောင်ဖုန်းက ရယ်မောလိုက်သည်။

“ညီမလေး၊ မင်း သူ့ကို တိုက်ခိုက်ရမယ်၊ ဒါငါ့အမိန့်ပဲ”

စီးမေဟုန်နှင့် စီးချန်းယင်တို့ နှစ်ယောက်မှာ ကြောင်၍ ရပ်ကြည့်နေသည်။

စီးရှောင်ဖုန်းက စီးမေဟုန်တို့ လှုပ်ရှားခြင်း မပြုသေးသဖြင့် ဒေါသကြီးစွာဖြင့်…

“မင်းတို့ကို ငါအမိန့်ပေးနေတယ်၊ ငါဟာ ဒီဂေဟာရဲ့ သခင်ကြီးပဲ၊ ငါ့အမိန့်ကို နာခံရမယ်၊ ဒါပဲ”

လူအေးက တိုက်ခိုက်နေရင်းမှ စီးရှောင်ဖုန်းအား မေးလိုက်လေသည်။

“ခင်ဗျားက ကျုပ်တို့ကို ဘာဖြစ်လို့ တိုက်ခိုက်ချင်ရတာလဲ”

စီးရှောင်ဖုန်းက တဟားဟား ရယ်မောလိုက်သည်။

“ကျုပ်ပြောပြမယ် နားထောင်၊ ထန်ဂေဟာက လူတွေဟာ ကျုပ်အဖေ လက်ထက်ကတည်းက ဒီစီးဂေဟာမှာ စိမ့်ဝင်နေတယ်၊ သူတို့က သိုင်းလောကကို အုပ်ချုပ်ဖို့အတွက် ငွေကြေးစုဆောင်းတယ်၊ အခု သူတို့ စွားဟူကျွန်းမြစ်ကမ်းပါးတလျှောက်မှာ တိုက်ခိုက်ခဲ့ကြတဲ့ ရွှေငွေတွေဟာ မြို့တစ်မြို့ တည်ထောင်လောက်အောင်ကို များပြားတယ်၊ ဒါကို ကျုပ်ရဲ့ မြေတိုက်ခန်းမှာ ရှိတယ်၊ အဲဒီ ရွှေငွေတွေနဲ့ ကျုပ်ရဲ့စီးဂေဟာကို သိုင်းလောကမှာ နာမည်ကြီးအောင် တည်ထောင်မယ်၊ နောက်ပြီးတော့ ထန်ဂေဟာကို အမြစ်ပါမကျန် တိုက်ခိုက်မယ်”



စီးမေဟုန်က…

“အစ်ကိုကြီး သူတို့ကို လွှတ်လိုက်ပါ”

စီးရှောင်ဖုန်းက…

“မင်းတိတ်တိတ်နေ၊ သူတို့က ဥပဒေဘက်တော်သားတွေ ဘယ်လိုရွှေငွေနဲ့မှ ဝိတ်လို့ မရဘူး၊ နောက်ပြီး သူတို့က ဒီရွှေငွေကို ဘဏ္ဍာတော်အဖြစ် သိမ်းမှာပဲ၊ မင်းတို့ တိုက်မလား၊ မတိုက်ဘူးလား”

စီးရှောင်ဖုန်းမှာ တွေဝေနေသော သူ၏ညီနှင့် ညီမဖြစ်သူကို ပြောလိုက်သည်။

စီးမေဟုန်နှင့် စီးရှောင်ဖုန်းတို့မှာ ဘာလုပ်ရမှန်းမသိ ဖြစ်နေလေသည်။ လူအေးက…

“ခင်ဗျားတို့ စဉ်းစားပါ၊ ခင်ဗျားရဲ့အစ်ကိုကတော့ လောဘတက်ပြီး ရူးသွားပြီပဲ”

သူတို့နှစ်ဦး တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။ စီးဂေဟာသည် တိတ်ဆိတ်နေသည်။ ထိုမြေတိုက်ခန်းသို့ မည်သူမှ မလာ၍

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေခြင်းလော။

စီးရှောင်ဖုန်းတို့သည် တစ်ယောက်နှင့်တစ်ယောက် စူးစိုက်ကြည့်နေသည်။ ငြိမ်နေကြသည်။

♣ ♣ ♣

ထိုအချိန်၌ စာကြည့်ဆောင် မြေအောက်ခန်းထဲ၌ လူတစ်စုရောက်ရှိနေပေသည်။

ထိုလူများမှာ စုစုပေါင်းနှစ်ဆယ်ယောက် ရှိသည်။ သူတို့အားလုံးသည် အနက်ရောင်ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားကြသည်။ မျက်နှာပေါ်တွင်လည်း အနက်ရောင်မျက်နှာဖုံးများကို စွပ်ထားကြသည်။

မြေအောက်တိုက်ခန်း အပေါက်ဝ၌ ခေါင်းဆောင်ဖြစ်ဟန်တူသူက ရပ်နေသည်။

ကျန်သော မြေအောက်ခန်း တစ်ခန်းအတွင်းသို့ ဝတ်ရုံနက်များ ဆင်းသက်သွားသည်။

ထိုလူများသည် မည်သူ ဖြစ်သနည်း။

မြေအောက်တိုက်ခန်း၏ အတွင်း၌ မည်သည့်နေရာသို့ ဝင်ရောက်ကြသနည်း။

စီးဂေဟာအား စီးနင်းတိုက်ခိုက်ရန်လာသော လူများလော။

♣ ♣ ♣



စီးရှောင်ဖုန်းသည် သံမဏိလက်နှင့် လူအေးတို့နှစ်ယောက်ကို နှုတ်ပိတ်တိုက်ခိုက်နေသည်။

သံမဏိလက်မှာ ဒဏ်ရာရထားသဖြင့် လူအေးအား အကာအကွယ် မပေးနိုင်ချေ။

စီးရှောင်ဖုန်းသည် တရကြမ်း တိုက်ခိုက်နေသည်။

စီးချန်းယင်သည် သံမဏိလက်အား…

"စုံစမ်းရေးမှူးတို့ နောက်ဆုတ်ပေးကြပါ။ ကျွန်တော့်ရဲ့အစ်ကိုကြီးနဲ့ စကားပြောပါရစေ"

စီးရှောင်ဖုန်းသည် စီးချန်းယင်နှင့် ရင်ဆိုင်လိုက်လေတော့သည်။

လူအေးကမူ စီးချန်းယင် စကားအတိုင်း နောက်သို့ ဆုတ်ခွာလိုက်ပြီ ဖြစ်သည်။

စီးချန်းယင်ကို ကြည့်၍ စီးရှောင်ဖုန်းက ဒေါသတကြီး အော်ပြောလိုက်သည်။

"ချန်းယင်၊ မင်းဘေးဖယ်၊ ငါ့ကို မတိုက်ဘဲ ဘာဖြစ်လို့ ရပ်နေတာလဲ"

စီးချန်းယင်သည် စီးရှောင်ဖုန်းရှေ့၌ ရပ်လျက် ရှိနေသည်။ သူသည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရုံနက်ဝတ်သူ နှစ်ခယ်တစ်ဦးမှာ လှို့ဝှက်လမ်းအတိုင်း ပြန်လည်ထွက်ခွာသွားပြီ ဖြစ်သည်။

သူတို့သည် အစောင့်တစ်ယောက်မျှ မတွေ့၍ အံ့သြနေလေသည်။

သူတို့၏ပခုံးထက်၌ အထုပ်ကလေးများကို ကျောပိုးထားကြသည်။

သူတို့သည် လှို့ဝှက်လမ်းအတိုင်းလျှောက်ကာ ကျောက်ဆောင်ကြီးပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် ခုန်တက်လိုက်ကြလေသည်။

ထိုဝတ်ရုံနက်ဝတ်ထားသော ခေါင်းဆောင်က လက်ကိုင်ပဝါနီကို ကျောက်ဆောင်ပေါ်မှ ဝှေ့ယမ်းပြလိုက်လေသည်။

မြစ်လယ်၌ ဆေးတံသောက်နေသော အဘိုးအိုကလည်း ပြန်လည်ဝှေ့ယမ်းပြလိုက်သည်။

ထိုစဉ် အခြားလှေတစ်စီး ထွက်ပေါ်လာကာ ကျောက်ဆောင်ဆီသို့ ဦးတည်သွားလေသည်။

ကျောက်ဆောင်ဆီသို့ လျင်မြန်စွာ အားစိုက်၍ လှော်ခတ်နေလေသည်။

လေသည် ခဏအကြာတွင် ကျောက်ဆောင်ကြီးဆီသို့ ချဉ်းကပ်ရောက်ရှိလာလေသည်။

♣ ♣ ♣



စီးရှောင်ဖုန်းသည် သူ၏ညီဖြစ်သူ စီးချန်းယင်ထက် သိုင်းပညာ အဆင့်မြင့်သည်။

စီးချန်းယင် အနေဖြင့် စီးရှောင်ဖုန်းအား တိုက်ခိုက်တားမြစ်ရန် မလွယ်ကူပေ။

စီးရှောင်ဖုန်းမှာ အလွန်ဒေါသထွက်နေလေသည်။

စီးချန်းယင်၏မျက်နှာဆီသို့ ဓားဦးချွန်ဖြင့် ထိုးညွှန်ပြီး ဒေါသတကြီး အော်ဟစ်ပြောဆိုလိုက်သည်။

"ချန်းယင်၊ မင်းက ငါ့ကို ဆန့်ကျင်ပြီး လူစိမ်းကို အကာအကွယ်ပေးနေတယ်ပေါ့။ ဒါဆိုရင် မင်းတို့နှစ်ယောက်စလုံးကို တစ်ခါတည်း သတ်ပစ်လိုက်ရမှာပဲ"

စီးချန်းယင်သည် သူ၏လက်ထဲမှဓားကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး စီးရှောင်ဖုန်းအား ပြန်လည်ပြောဆိုလိုက်လေသည်။

"အစ်ကိုကြီး စုံစမ်းရေးမှူးနှစ်ယောက်ကို သတ်ချင်တဲ့စိတ်ဖျောက်လိုက်ပါ၊ စိတ်အေးအေးထားပါ"

စီးရှောင်ဖုန်းသည် မည်သည့်အရာကိုမျှ တွေးတောဆင်ခြင်ဟန် မရှိတော့ချေ။

စီးချန်းယင် ပြောစကားဆုံးသည်နှင့် သူ၏ဓားကို မြှောက်ကာ ထိုးခုတ်လိုက်သည်။

စီးမေဟုန်သည်လည်း ခုန်လွှား၍ ဝင်ရောက်လာခဲ့လေတော့သည်။

စီးမေဟုန်၏သိုင်းပညာသည် သူ၏အစ်ကို စီးချန်းယင်

www.burmeseclassic.com

www.burmeseclassic.com



လောက်ပင် မကောင်းပါ။

သူတို့နှစ်ယောက်သည် သူတို့၏အစ်ကိုအား တိုက်ခိုက်ချင်စိတ် မရှိသော်လည်း ဟန့်တားရန်အတွက် တိုက်ခိုက်ရလေတော့၏။

သံမဏိလက်နှင့် လူအေးတို့သည် ရှောင်တိမ်းရန် အချိန်ရသော်လည်း စီးချန်းယင်၊ စီးမေဟုန်နှင့် စုကျန်းတို့အား မတားရက်နိုင်ခဲ့ချေ။

လူအေးနှင့် သံမဏိလက်တို့မှာ ဝင်ရောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

"အား"

စီးမေဟုန်၏အသံ ထွက်ပေါ်လာသည်။

စီးမေဟုန်၏ဘယ်ဘက်ပခုံးသို့ တစ်ချက်ထိမှန်သွားသည်။

စီးရှောင်ဖုန်းသည် တဆက်တည်းမှာပင် စီးချန်းယင်၏လက်ထဲမှ ဓားကို ခုတ်ချလိုက်သည်။

"ထန်း"

စီးချန်းယင် လက်ထဲမှဓားသည် လွင့်စဉ်ကျသွားသည်။

စီးရှောင်ဖုန်းသည် လက်နက်မဲ့သွားသော စီးချန်းယင်အား တရကြမ်း တိုက်ခိုက်လိုက်သည်။

စီးမေဟုန်က...

"အစ်ကိုကြီး မလုပ်ပါနဲ့"

စီးရှောင်ဖုန်း၏မျက်နှာတစ်ခုလုံး နီမြန်းနေသည်။



သူ၏မျက်လုံးအစုံသည် မီးဝင်းဝင်းတောက်တော့မည်ကဲ့သို့ နီရဲနေသည်။

စီးရှောင်ဖုန်းသည် ကြမ်းတမ်းခက်ထန်သော ဘီလူးတစ်ကောင်ကဲ့သို့ ဖြစ်နေလေသည်။

စီးချန်းယင်မှာ စီးရှောင်ဖုန်း၏ဓားချက်ကို ပွတ်ကာသီကာ ရှောင်တိမ်းနေရသည်။

ရုတ်တရက် စူးရှသော အော်သံတစ်ခု ထွက်ပေါ်လာသည်။ ထိုအသံမှာ စုကျန်းကလေး၏အသံပင် ဖြစ်သည်။

"အစ်ကို ဒီမှာ ဓား...ဓား"

စီးချန်းယင်က စုကျန်းနှင့် မနီးမဝေးသို့ ဆုတ်ခွာရင်း ရောက်ရှိလာလေသည်။

စုကျန်းသည် သူ၏နောက်ဘက်ရှိ ဓားစင်မှ ဓားတစ်ချောင်းကို ဆွဲယူကာ စီးချန်းယင်ထံသို့ ပစ်ပေးလိုက်သည်။

စုကျန်း ယူ၍ ပစ်ပေးလိုက်သော ဓားမှာ စင်ပေါ်မှ အလောတကြီး လှမ်းပေးလိုက်သော ဓားတစ်လက် ဖြစ်သည်။

စုကျန်း အနေဖြင့် ရွေးရန် အချိန်မရှိတော့ချေ။

စီးချန်းယင် လက်ထဲသို့ ရောက်သွားသော ဓားမှာ သံချေးတက်နေသော ဓားတစ်လက်သာ ဖြစ်သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



စကျွန်း ပစ်ပေးလိုက်သော ဓားသည် စီးချန်းယင်၏လက်ထဲသို့ ရောက်ရှိသွားလေသည်။

စီးချန်းယင်သည် ထိုဓားဖြင့် စီးရှောင်ဖုန်း၏ဓားချက်များကို ခုခံပေးလိုက်သည်။

"ထန်း...ထန်း"

"ချွင်...ချွင်"

"ထန်း...ချွင်"

စီးရှောင်ဖုန်း၏ ပြင်းထန်စွာ တိုက်ခိုက်နေသော ဝိညာဉ်ပျောက်ဓားကွက်များကို စီးချန်းယင်က သွက်လက်စွာ ခံပေးလိုက်သည်။

စီးချန်းယင် ဓားကွက်များသည် အံ့ဩဖွယ်ကောင်းလောက်အောင် ထက်မြက်ပါသည်ဟု စီးချန်းယင်ကိုယ်တိုင် ခံစားလာရလေသည်။

စီးချန်းယင်လက်မှ ဓားသည် သံချေးတက်နေသော ဓားဟောင်းတစ်လက်သာ ဖြစ်သည်။

သို့သော်...

ဆယ်ချက် ဆယ့်ငါးချက်မျှ ဓားချင်း ပွတ်မိသောအခါ ရွှေရောင်တဝင်းဝင်း တောက်ပလာလေသည်။

ထိုဓားမှ ရှုးရှသော ရွှေရောင်အလင်းတန်းများသည် ဓားယမ်းလိုက်တိုင်း ထွက်ပေါ်လာသည်။

ထိုဓားရောင်များမှာ မျက်စေ့ကျိန်းမတတ် ထွက်ပေါ်လာ



သည်။ တဆက်တည်းမှာပင် စီးချန်းယင်၏ ဓားကွက်များမှာလည်း အံ့ဩဖွယ်ကောင်းလောက်အောင် ပြင်းထန်လာလေ၏။

စီးချန်းယင် လက်ထဲရှိ ဓားမှ ထူးခြားသော ရွှေရောင်များ ထွက်ပေါ်လာသည်ကို စီးရှောင်ဖုန်း အံ့ဩစွာ တွေ့မြင်လိုက်ရလေတော့သည်။

စီးရှောင်ဖုန်း၏မျက်လုံးမှာ ပြူးကျယ်သွားလေသည်။

ထိုအချိန်၌ စီးချန်းယင်၏လက်ထဲမှ ဓားသည် စီးရှောင်ဖုန်းရင်ဝသို့ ထိုးဖောက်သွားလေသည်။

စီးရှောင်ဖုန်းသည် ပြူးကျယ်သော မျက်လုံးဖြင့် သူ၏ရင်ဝတိုးဖောက်ဝင်နေသော ဓားကို ငုံ့ကြည့်လိုက်သည်။

ဓားပေါ်တွင် ကပ်နေသော သံချေးများ ကွာကျသွားပြီး ဓားတစ်ခုလုံးမှာ ရွှေရောင်ဝင်းလက်နေလေသည်။

စီးရှောင်ဖုန်း မျက်လုံးပြူးနှင့် ပါးစပ်မှ အော်ပြောလိုက်လေသည်။

"ဟင်...ဓား...ဓား...အိပ်မက်ဓား"

စီးရှောင်ဖုန်းသည် ညီဖြစ်သူ စီးချန်းယင်၏မျက်နှာကို ကြည့်လိုက်သည်။

စီးချန်းယင်သည် နောက်သို့ ဆုတ်သွားသည်။

သူ့အနေဖြင့် သူ့အစ်ကိုကြီးဖြစ်သူ စီးရှောင်ဖုန်းအား ဤမျှအလွယ်တကူ တိုက်ရလိမ့်မည်ဟု မတွက်ဆခဲ့ပါ။

မမျှော်လင့်ဘဲ အိပ်မက်ရတနာဓားမှာ သံချေးတက်နေ

www.burmeseclassic.com

www.burmeseclassic.com



သောဓား ဖြစ်နေသည်။

အိပ်မက်ရတနာဓားသည် ဝိညာဉ်ပျောက်သိုင်းကွက်စွမ်းအားကို ဆယ်ဆထိ တိုးမြှင့်နိုင်ခဲ့သည် မဟုတ်ပါလော။

စီးရှောင်ဖုန်း၏ လက်အစုံသည် သူ့ရင်ဝ၌ စိုက်ဝင်နေသော အိပ်မက်ဓားရတနာကို လက်ဖြင့် ဆုပ်ကိုင်ထားလိုက်သည်။

စီးဂေဟာ ဘိုးဘွားစဉ်ဆက်ပိုင် ရတနာတစ်ပါး ဖြစ်သော အိပ်မက်ဓားသည် မမျှော်လင့်ဘဲ ပျောက်ဆုံးနေရာမှ ယခု ပြန်တွေ့လိုက်ပြီ ဖြစ်သည်။

သို့သော် ယခု တွေ့လိုက်ရသောဓားသည် သူ၏ရင်ဝသို့ စိုက်ဝင်နေပြီ ဖြစ်သည်။

စီးရှောင်ဖုန်း၏ စိတ်ကူးယဉ်အိပ်မက်ကြီးမှာ ပြိုကွဲပျက်သုဉ်းသွားခဲ့သည်။

စီးရှောင်ဖုန်း၏ မျက်လုံးအစုံ၌ မျှော်လင့်ချက် ရောင်ခြည်များ တဖြည်းဖြည်း မှေးမှိန်သွားသည်။

သူ၏မျှော်လင့်ချက်မှာ သူ၏အသက်နှင့်အတူ လွင့်ပြယ်ပျောက်ကွယ်သွားတော့မည် ဖြစ်သည်။

သူသည် စီးဂေဟာ သခင်ကြီးအဖြစ်နှင့် တစ်ထီးတစ်နန်း တင့်တယ်စွာ နေထိုင်နိုင်ရန်အတွက် သူ၏သားဖြစ်သူ ရှောင်ချိုကိုပင် သူသတ်၍ စတေးခဲ့သည် မဟုတ်ပါလား။

မောင်ရင်းနှမရင်း ဖြစ်သော စီးချန်းယင်နှင့် စီးမေဟုန်တို့ကိုပင် သတ်ရန် ကြံစည်ခဲ့သည်။



ဒေါသ မောဟ တရားများက သူ၏ကိုယ်ကို ဖုံးလွှမ်းသွားခဲ့၍ ဖြစ်သည်။

စီးရှောင်ဖုန်းသည် သူ၏ရင်ဝ၌ စိုက်ဝင်နေသော အိပ်မက်ဓားကို တဖြည်းဖြည်းချင်း ဆွဲနှုတ်လိုက်သည်။

စီးမေဟုန်နှင့် စီးချန်းယင်တို့သည် စီးရှောင်ဖုန်းထံသို့ ပြေးသွားကြသည်။

"အစ်ကိုကြီး"

စီးရှောင်ဖုန်းသည် ခေါ်သံကြားမည် မဟုတ်တော့ပါ။

သူ၏ပါးစပ်မှ သွေးများ တစ်ချက်အန်ထွက်လာကာ လဲကျသေဆုံးသွားလေသည်။

♣ ♣ ♣

နေသည် တဖြည်းဖြည်း ဝင်သွားသည်။

စီးမေဟုန်နှင့် စီးချန်းယင်တို့သည် အနား၌ ထိုင်ကာ ဂါရဝပြုလိုက်သည်။

"အစ်ကိုကြီး ကောင်းရာမွန်ရာ ရောက်ပါစေ"

စီးရှောင်ဖုန်းသည် သေဆုံးသွားပြီ ဖြစ်သည်။

လူအေးနှင့် စုကျန်းတို့ငါးယောက်သည် ဝမ်းနည်းကြေကွဲစွာဖြင့် လေးလံသော ခြေလှမ်းများနှင့် လှမ်းထွက်လာခဲ့ကြလေ၏။

မြင်ကွင်းတစ်ခုလုံးမှာ မြင်မကောင်းလောက်အောင် အ

www.burmeseclassic.com

www.burmeseclassic.com



လောင်းများ ပြန့်ကျဲနေ၏။

ထိုအလောင်းများသည် စီးဂေဟာအိမ်တော်သားများနှင့် စီးအနွယ်ဝင် ကိုယ်ရံတော်များ ဖြစ်ကြလေသည်။

စီးမေဟုန်တို့ စစ်ဆေးကြည့်ရှုလိုက်သောအခါ လူနှစ်ဆယ်ခန့် ပျောက်ဆုံးနေသည်ကို တွေ့ရှိလိုက်လေသည်။

စီးမေဟုန်က မျက်မှောင်ကုတ်သွားသည်။ ထိုပျောက်ဆုံးသွားသော လူနှစ်ဆယ်ကျော်မှာ ထန်ဆေးကျုန်း၏ လက်ရုံးသိုင်းသမားများ ဖြစ်သည်ဟု သိလိုက်လေသည်။

သူတို့သည် အလောင်းများကို စစ်ဆေးကြည့်ရှုပြီးနောက် မြေအောက်ခန်း ရှိရာသို့ ဆင်းသက်ကြည့်ရှုကြလေသည်။

သူတို့သည် မြေအောက်ခန်းကို သေချာစွာ စစ်ဆေးကြည့်ရှုသောအခါ ထူးခြားချက်တစ်ခုကို တွေ့ရှိရလေသည်။

၎င်းထူးခြားချက်မှာ မြေအောက်ခန်းမှ အောက်သို့ ထပ်မံဆင်းသက်ရန် လျှို့ဝှက်ဝင်ပေါက်တစ်ခုကို ထပ်မံတွေ့ရှိရလေတော့သည်။

လူအေးသည် ဝင်ပေါက်ထဲသို့ ငုံ့ကြည့်လိုက်ရာ မှောင်မည်းနေသည်ကို တွေ့လိုက်ရသည်။

သူသည် သံမဏိလက်သို့ လှည့်ကြည့်လိုက်သည်။

"တို့ အောက်ဆင်းကြည့်ရင် ကောင်းမယ် ထင်တယ်"

"ကောင်းတယ်"

သံမဏိလက်က မီးခြစ်ကို ခြစ်လိုက်ပြီး မြေအောက်ခန်းသို့



စတင် ဆင်းသက်သွားလေသည်။

သူ့နောက်တွင် လူအေး၊ စီးချန်းယင်နှင့် စီးမေဟုန်တို့ လိုက်၍ ဆင်းသွားကြလေသည်။

လှေကားထစ် ဆယ်ထစ်ခန့် ဆင်းမိလိုက်သောအခါ မကျဉ်းမကျယ် အခန်းတစ်ခုအား တွေ့ရှိလိုက်သည်။

ထိုမြေအောက်ခန်းတွင် အခြားပစ္စည်း မရှိဘဲ ကျောက်စားပွဲနှင့် ကျောက်ထိုင်ခုံကို တွေ့ရသည်။

ထို့အပြင် ကွပ်ပျစ်တစ်ခုကိုပါ တွေ့မြင်ရသည်။

ထိုအရာမှအပ အခြားမည်သည့်ပစ္စည်းမှ မတွေ့ရပါ။ သူတို့သည် ယင်းမြေအောက်ခန်းမှာ တစ်စုံတစ်ခု ထူးခြားမှု ရှိရမည်ဟု ယုံကြည်ထားသော်လည်း ဟာလာဟင်းလင်း ဖြစ်နေသောကြောင့် သူတို့သည် လက်လျှော့ကာ အပေါ်သို့ ပြန်တက်ရန် ခြေလှမ်းပြင်လိုက်သည်။

ထိုအချိန် လူအေးက အရာပဏ္ဏုတစ်ခုကို အမှတ်မထင် သတိပြုမိလိုက်လေသည်။

ထို့ကြောင့် သူသည် ခြေလှမ်းကို ရပ်တန့်လိုက်ပြီး သံမဏိလက်ထဲမှ မီးခြစ်ကို လှမ်းယူလိုက်လေသည်။

ထိုမီးခြစ်ဖြင့် နံရံပေါ်သို့ တွန်းကြည့်လိုက်ရာ နံရံပေါ်၌ ပန်းချီကားတစ်ချပ် ကပ်ထားသည်ကို တွေ့ရသည်။

ထိုပန်းချီကားမှာ သစ်ထွင်းပန်းချီကားတစချပ်ဖြစ်သည်။ အနုပညာလက်ရာမြောက်ပြီး သေသပ်လှပစွာ ရှိသည်။

www.burmeseclassic.com



လူအေးသည် ရုတ်တရက် အနုပညာသမားတစ်ယောက် အသွင်သို့ ပြောင်းလဲသွားသည်။

သူသည် ထိုပန်းချီကားချပ်အား သေသေချာချာ စိတ်ဝင်စားစွာဖြင့် ကြည့်ရှုနေ၏။

စီးမေဟုန်က ပြုံးလိုက်သည်။

သူမသည် အနီးသို့ ချဉ်းကပ်လာပြီး စိတ်ဝင်စားစွာ ကြည့်ရှုနေသော လူအေးအား...

"အရေးထဲမှာ ရှင်က ပန်းချီဆရာ လုပ်ချင်သေးလို့လား"

လူအေးက ပြုံးလိုက်သည်။

"ဟုတ်ကဲ့၊ ကျုပ်ကတော့ တစ်ခါတလေ ပန်းချီကားရဲ့ အလှကို ခံစားတတ်ပါတယ်ဗျာ"

သူသည် ပန်းချီကားချပ်အား ညွှန်ပြလိုက်သည်။

"သေချာကြည့်စမ်းပါဗျာ၊ အဲဒီ သစ်တွင်းပန်းချီကားပေါ်မှာ သစ်ပင်၊ ဝါးပင်၊ ပန်းပင်တွေဟာ မလှဘူးလား"

စီးမေဟုန်က ခေါင်းညိတ်လိုက်သည်။

"လှပါတယ်ရှင်"

"ဟောဒီမှာကြည့်၊ ထူးဆန်းပြီး လှပတဲ့ မိန်းကလေးများပုံကိုကော ကြည့်ပါဦး မလှဘူးလား"

စီးမေဟုန်က ပြုံးလိုက်သည်။

"လှပါတယ်ရှင်"

လူအေးက သဘောကျသွားသည်။



သူသည် ထိုပန်းချီကားဘောင်ပေါ်၌ ဖော်ပြထားသော စာတန်းတစ်ခုကို ညွှန်ပြလိုက်သည်။

"ဟောဒီ စာတန်းကို ဖတ်ကြည့်ပေးပါ"

စီးမေဟုန်က အနီးသို့ ချဉ်းကပ်၍ သေချာစွာ ကြည့်လိုက်သောအခါ ပန်းချီကားဘောင်ပေါ်၌...

"ထန်လောက်အင်း၏ အနုပညာလက်ရာ"

စီးမေဟုန်က အသံထွက် ဖတ်လိုက်သည်။ လူအေးက ပြုံးပြလိုက်သည်။

"ဟောဒီ ပန်းချီကားချပ်ဟာ ထန်ဂေဟာရဲ့ ပစ္စည်းတစ်ခုဖြစ်တယ်ဆိုတာ သေချာပါတယ်"

စီးမေဟုန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒီပန်းချီကားက ဘာကြောင့် ဒီကို ရောက်လာတာလဲ"

လူအေးက ပြုံးပြလိုက်သည်။

"အဖြေက ရှင်းပါတယ်၊ ထန်ဂေဟာကို ရှာလုံးကျွတ် တိုက်ခိုက်လုယက်ခဲ့တဲ့လူက ဒီအနုပညာအမွေအနှစ်ကို လုယူလာတာ ဖြစ်မှာပေါ့"

စီးမေဟုန်က ပါးစပ်ပိတ်ထားလိုက်လေသည်။ လူအေးက စကားဆက်လိုက်ပြန်၏။

"ဒါကို သေချာကွင်းဆက် စဉ်းစားပြီး ကြည့်မယ်ဆိုရင် ကျန်းမြစ်ကမ်းပါး ဒေသတဝိုက် ရွာတွေကို ဝင်တိုက်ပြီး လုဝင်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းအရှို့ဟာ ဒီမှာလာပြီး လျှို့ဝှက်သိမ်းဆည်းထားမယ်ဆိုတာ..."

သူသည် စကားမဆုံးမီ ဖြတ်လိုက်ရလေသည်။

စီးမေဟုန်က ပါးစပ်ပိတ်ထားလိုက်လေသည်။

♣ ♣ ♣

မြေအောက်ခန်း ကလေးအတွင်း၌ အဖိုးတန်ပစ္စည်းဟူ၍ နံရံပေါ်တွင် ချိတ်ဆွဲထားသော ထန်ဂေဟာ သစ်တွင်းပန်းချီကားတစ်ချပ်သာ ရှိ၏။

သို့မှ လှန်မြောက်လာခဲ့သည်။ လူအေးနှင့် သံမဏိလက်သည် စီးဂေဟာမှ ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေလေသည်။

သူတို့နှစ်ယောက်အား စုကျန်းနှင့် စီးမေဟုန်က လိုက်လံပို့ဆောင်နှုတ်ဆက်ကြ၏။

သူတို့သည် စီးဂေဟာ၏ အကြီးအကဲ ဖြစ်လာသော စီးချန်းယင်အား နှုတ်ဆက်လိုက်သည်။

"သခင်ကြီးစီးချန်းယင် ကျုပ်တို့ ပြန်ပါဦးမယ်"

"ကောင်းပါပြီဗျာ၊ နောက် လမ်းကြုံရင်လဲ စီးဂေဟာကို ဝင်ထွက်နိုင်ပါတယ်"

စုကျန်းနှင့် စီးမေဟုန်တို့သည် သူတို့အား တံခါးမကြီးအထိ လိုက်လံပို့ဆောင်ကြလေသည်။

စီးမေဟုန် အနေနှင့် သံမဏိလက်တို့အား နောက်ထပ် ငါး



ရက်မျှ ထပ်မံနေထိုင်စေလိုသည်။

သို့သော် လူအေးနှင့် သံမဏိလက်တို့မှာ ဆက်လက်မနေနိုင်ကြပါ။

သူတို့တွင် အခြားတာဝန်များ ကျန်သေးသည် မဟုတ်ပါလော။ စီးမေဟုန်က...

"အစ်ကိုတို့ နောက်ထပ် အချိန်ကြာကြာကလေး စီးဂေဟာမှာနေဖို့ မဖြစ်နိုင်တော့ဘူးပေါ့"

လူအေးနှင့် သံမဏိလက်က နှစ်ခြိုက်စွာ ရယ်မောလိုက်သည်။ လူအေးက ရယ်မောရင်းမှ...

"ကျုပ်တို့ အရာရှိတစ်ယောက်နဲ့ တွေ့ဖို့ ကိစ္စ ရှိသေးလို့ပါ။ နောက်ပြီး သူခိုင်းတဲ့ တာဝန်တစ်ခုကို ဆောင်ရွက်ပေးရဦးမယ်၊ စီးဂေဟာကိုတော့ ရောက်လာဖြစ်ဦးမှာပါ"

စီးမေဟုန်က ခေါင်းညိတ်လိုက်သည်။

"အစ်ကိုတို့နှစ်ယောက်အတွက် စီးဂေဟာ တံခါးမကြီးဟာ အမြဲတမ်း ဖွင့်နေမှာပါ"

စီးမေဟုန်က လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။

သူမ၏မျက်နှာ အမူအရာမှာ ဝမ်းနည်းဟန် အထင်းသားပေါ်ထွက်နေပေသည်။

ထို့နောက် လူအေးနှင့် သံမဏိလက်သည် စီးဂေဟာ၏ ဝင်းတံခါးပေါက်မှ ထွက်ခွာလာခဲ့ပေသည်။

စီးမေဟုန်နှင့် စုကျန်းတို့သည် ဝင်းတံခါးပေါက်မှတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်၏ကျောပြင်ကို လှမ်း၍ ကြည့်ရှုရင်း ကျန်ရစ်ခဲ့လေသည်။

စီးမေဟုန်၏မျက်နှာသည် သိသာစွာပင် ညှိုးလျော်နေပေသည်။

ဤအဖြစ်ကို စကျွန်းက ကောင်းစွာ အကဲခတ်လိုက်မိပေသည်။

♣ ♣ ♣

ကျွန်းမြစ်လေသည် ဖြည်းဖြည်းမှန်မှန် တိုက်ခတ်နေသည်။

ကမ်းပါးတစ်လျှောက်တွင် ပေါက်နေသော မြက်ပင်များသည် လေတွင် ယိမ်းနွဲ့နေလေသည်။

လူအေးနှင့် သံမဏိလက်တို့သည် မြစ်ပြင်ကို ဖြတ်၍ တိုက်ခတ်လာသည်ကို အားရပါးရ ရှူရှိုက်ရင်းမှ လျှောက်၍ လာခဲ့ကြသည်။

မြို့နှင့် မနီးမဝေး နေရာမှ လာကြခြင်း ဖြစ်သောကြောင့် သူတို့သည် မြင်းမစီးဘဲ လမ်းလျှောက်လာကြခြင်း ဖြစ်သည်။

ကျွန်းမြစ်ကမ်းပါးဒေသသည် အေးချမ်းသွားပြီ ဖြစ်သည်။

ထန်ဂေဟာသည် သိုင်းလောက တစ်ခုလုံးကို လက်ဝါးကြီးအုပ်၍ စိုးမိုးလိုသော အကြံအစည်ကြီးသည် တစ်စိတ်တစ်ဒေသမှာ ပျက်စီးသွားခဲ့လေပြီ ဖြစ်၏။



စီးဂေဟာ၌ အနိဋ္ဌာရုံများမှာလည်း ချုပ်ငြိမ်း၍ သွားရပေပြီ။

စီးဂေဟာကို စိုးမိုး၍ ခြိမ်းခြောက်ပြီး သတ်ဖြတ်မှု လုယက်တိုက်ခိုက်မှုများကို ကျူးလွန်နေခဲ့သော ထန်ဆေးကျွန်းနှင့် သူ၏နောက်လိုက် ခေါင်းဆောင်ငါးယောက်သည် သေဆုံးသွားပြီ ဖြစ်သည်။

သူတို့အဖွဲ့သားအချို့မှာလည်း သေဆုံးခဲ့ပေပြီ။

ဤအဖြစ်များသည် လူအေးနှင့် သံမဏိလက်တို့၏ စွမ်းဆောင်မှုများကြောင့် ဖြစ်၏။

သို့သော် အဓိကကျသော ခေါင်းဆောင်တစ်ဦးကိုမူ သူတို့ မသိကြသေးပါ။

ထိုခေါင်းဆောင်သည် သူ၏အဖွဲ့သားများနှင့်အတူ တိမ်းရှောင်ထွက်ပြေး လွတ်မြောက်သွားခဲ့ပြီ ဖြစ်၏။

သူတို့သည် စီးဂေဟာ၏ မြေအောက်တိုက်ခန်းအတွင်းမှ တိုက်ရာပါပစ္စည်းများကို တိတ်တဆိတ် သယ်ယူ၍ ထွက်ပြေးတိမ်းရှောင်သွားနိုင်ခဲ့ကြသည်။

မည်သို့ပင် ဖြစ်စေကာမူ ကျွန်းမြစ်ကမ်းပါးဒေသတစ်လျှောက်၌ ငြိမ်းချမ်းခဲ့ပြီ ဖြစ်သည်။

မြစ်ကမ်းပါးဒေသတစ်ဝိုက်၌ ရှိကြသော ကျန်ဂေဟာများနှင့် ရွာစုများတို့တွင် နေထိုင်ကြသော လူများအနေဖြင့် ငြိမ်းချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ကြတော့မည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ကြမ်းကြုတ်သော ဓားပြများသည် မည်မျှကြာသည်အထိ တိမ်းရှောင်ပုန်းလျှိုးနေနိုင်ကြမည်နည်း။

ရှည်လျားသော ဥပဒေလက်သည် သူတို့ကို ကောင်းစွာ အရေးယူနိုင်မည် ဖြစ်သည်။

စုံစမ်းရေးမှူး 'ကိုစန်းယု'

သူသည် ဥပဒေဘက်တော်သားတစ်ယောက် ဖြစ်သည်။ သူသည် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သော အမှုထမ်းကောင်းတစ်ဦးလည်း ဖြစ်သည်။ သူ၏အသက်သည် သုံးဆယ်ခန့်ရှိပြီဖြစ်သည်။

သူကိုင်ရသော ကိစ္စမှာ စုံလင်လှပေသည်။ လုယက်တိုက်ခိုက်မှု၊ ခိုးမှု၊ လူသတ်မှု စသည့် အမှုများကို ကိုစန်းယုက တာဝန်ယူကိုင်တွယ်ရလေသည်။

ကိုစန်းယု ခေါင်းကိုက်စရာ အကောင်းဆုံးနှင့် ဒေါသထွက်စရာ အကောင်းဆုံးမှာ တစ်ကိုယ်တော် ဓားပြမှုပင် ဖြစ်သည်။

ထိုလူသည် ဒုစရိုက်မှုများကိုချည်း ဆက်တိုက်ကျူးလွန်လျက် ရှိသော ဓားပြတစ်ဦး ဖြစ်သည်။

ထိုလူ၏အမည်မှာ တစ်ကိုယ်တော်ဓားပြဟု နာမည်ထင်ရှားကျော်ကြားနေပေသည်။

တစ်ကိုယ်တော်သည် သာမန်လူတစ်ယောက် မဟုတ်။ သူ၏သိုင်းပညာနှင့် ကိုယ်ဖော့ပညာသည် လွန်စွာမှ အဆင့်မြင့်မားစွာ တတ်မြောက်ထားလေသည်။



မြို့ထဲတွင် နေထိုင်ကြသော လူများသည် တစ်ကိုယ်တော်ဓားပြ၏ အန္တရာယ်ကို စိုးရိမ်ထိတ်လန့်ကြောက်ရွံ့နေကြရ၏။

ညစဉ်ညတိုင်း ထိတ်လန့်မှုဖြင့် တစ်ကိုယ်တော်ဓားပြ၏ရန်ကို စိုးရိမ်မကင်း ဖြစ်နေကြရခြင်း ဖြစ်သည်။

တစ်ကိုယ်တော်ဓားပြသည် ထက်မြက်လှသော တံစဉ်ကဲ့သို့ အသွားပါသော ဓားကို ကိုင်ဆောင်ထားလေသည်။

ထူးခြားသည်မှာ သူလုယက်တိုက်ခိုက်သတ်ဖြတ်သူတိုင်းသည် ချောမောလှပသော မိန်းကလေးများပင် ဖြစ်သည်။

ထို့ကြောင့်...

တစ်ကိုယ်တော်ဓားပြကို အမိအရ ဖမ်းနိုင်ရန်အတွက် စုံစမ်းရေးမှူးကိုစန်းယု အနေဖြင့် အဓိကထား၍ ကြိုးပမ်းလှုပ်ရှားရလေတော့သည်။

♣ ♣ ♣

ကိုစန်းယုသည် အတော်ကလေး ညဉ့်နက်မှ အိမ်သို့ ပြန်ရောက်လာ၏။ အိမ်ဟုသာ ပြောရသည်။

သူသည် အိမ်တွင် အနေနည်းသူ ဖြစ်ပေသည်။

သူသည် အပြင်သို့ ထွက်၍ အမှုအတွက် လိုက်လံစုံစမ်းထောက်လှမ်းလျက် ရှိသည်။ ထို့ကြောင့်...

သူသည် ညဉ့်နက်လောက်မှ အိမ်ပြန်ရောက်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် စိတ်လက်ပေါ့ပါးနေလေသည်။

ညလေကို တဝကြီး ရှူရှိုက်လိုက်၏။

သူ့ခေါင်းထဲတွင် အချိန်အတော်ကြာ ရှုပ်ထွေးနေခဲ့သော ဇာတ်ကိုယ်တော်ဓားပြ၏ သဲလွန်စ ရရှိလာခဲ့သောကြောင့် ဖြစ်ပေသည်။

သဲလွန်စမှာလည်း တစ်ကိုယ်တော်ဓားပြနှင့် ပတ်သက်နိုင်မည့် အမှုတွဲတစ်ခုကို လေ့လာဖတ်ရှုပြီးမှ ပြန်လာခဲ့ခြင်း ဖြစ်သည်။

မြို့တွင်းမှ စားသောက်ဆိုင်ကလေး တစ်ဆိုင်အတွင်း ဝင်၍ အရက်သောက်သည်။

ထို့နောက်…

အသားသွပ်မုန့်များနှင့် ကောက်ညှင်းဆန်အရက်တစ်အိုးကို ပါ ဝယ်ယူလာခဲ့၏။

သူသည် အိမ်သို့ ပြန်ရောက်လျှင် အရက်ထပ်သောက်ပေဦးမည် ဖြစ်ပေသည်။

အိပ်မောကျနေပြီ ဖြစ်သော သူ၏တူ ကို့ကျုံးစိန်ကို အိပ်ရာမှနိုးမည်။

သူစုံစမ်း သိရှိခဲ့ရသော အကြောင်းများကို ပြောပြရမည်။ သူ၏ထင်မြင်ချက်ကို ပြောပြမည်။

ထို့နောက်…

ကို့ကျုံးစိန်သည် အမှုထမ်းတစ်ဦး ဖြစ်သည်။

အိမ်ကလေးအတွင်း၌ သူတို့နှစ်ယောက် ထိုင်နေကြလေသည်။ သူတို့ အိမ်ဂေဟာကလေးသည် မြို့၏အနောက်ဘက်၌ တည်ရှိလေသည်။



မြို့ထဲသို့ ရောက်ရန် နေအိမ်မှ သုံးမိုင်ခန့်မျှ လမ်းလျှောက်သွားရပေသည်။

အိမ်သို့ ဖြတ်သွားရာလမ်း၌ သချိုင်းမြေတစ်ခု ရှိ၏။

ထိုသချိုင်းမြေမှ ဖြတ်သန်းခဲ့ပြီးမှသာလျှင် ကို့စန်းယု၏အိမ်သို့ ရောက်ရှိမည် ဖြစ်သည်။

ထိုအနီးတဝိုက်၌ လူနေအိမ်ခြေများ မရှိပါ။

မြက်ခင်းပြင်ကျယ်ကြီးတစ်ခုသာ ရှိသည်။

သစ်ပင်များသည် လမ်းကြားတစ်ဘက်တစ်ချက်၌ ရှိကြ၏။

ကို့စန်းယုသည် အနည်းငယ် တွေဝေ၍ အိမ်ပြန်လာခြင်း ဖြစ်သည်။

သူ၏အိမ်ကို ပြန်လျှင် မလွဲမသွေ ဖြတ်သန်းရမည့် နေရာဖြစ်သော သချိုင်းရှေ့သို့ ရောက်ရှိလာသည်။

လကွေးလလေးသည် ကောင်းကင်ယံ၌ ပေါ်ထွက်နေပေသည်။

တစ်ချက်တစ်ချက် လေပြင်းတိုက်ခိုက်သည်မှ လွဲ၍ တိတ်ဆိတ်နေ၏။

သူသည် သတ္တိအလွန်ကောင်းသူတစ်ယောက် ဖြစ်သည်။

သို့သော် လေပြင်းတစ်ချက် တိုက်လိုက်သည့်အခါတိုင်းတွင် သူ့တစ်ကိုယ်လုံး ချမ်းစိမ့်သွားသည်ဟု ခံစားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တစ္ဆေသရဲ စသည်များကို အယုံအကြည် မရှိပါ။

သူသည် ဤသုသာန်ရှေ့မှ ဖြတ်သန်းသွားသည့်အခါတိုင်း၌ အစိမ်းရောင်မြက်ခင်းပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေ၏ ထိတွေ့မှုနှင့် သစ်ပင်ကြီးများပေါ်မှ အကိုင်းအခက်များ၏ လှုပ်ရှားသံ၊ သစ်ရွက်ချင်း ပွတ်တိုက်သံများကိုသာ ကြားရစမြဲ ဖြစ်၏။

သို့သော် ယနေ့တွင်မူ ကိုစန်းယုသည် ထူးဆန်းသော အသံများကို ခပ်သဲ့သဲ့မျှ ကြားလိုက်မိ၏။

ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ပေါက်ရောက်နေ၍ အုတ်ဂူတစ်နေရာမှ အသံတစ်သံ ပေါ်ထွက်နေပေသည်။

ထိုအသံသဲ့သဲ့ ကြားရခြင်း ဖြစ်သောကြောင့် ကိုစန်းယုသည် ခြေလှမ်းကို ရပ်၍ နားစွင့်လိုက်မိ၏။

ပေါ်ထွက်လာသော အသံမှာ ထုသံရိုက်သံမှ ပေါ်ထွက်လာသော အသံမျိုး ဖြစ်သည်။

ထိုအသံသည် သုသာန်အတွင်းရှိ ဇရပ်ပျက်ကြီးမှတစ်ဆင့် လိုက်သံပြု၍ ပေါ်ထွက်လာခြင်း ဖြစ်သည်ဟု ယူဆမိလေသည်။

တိတ်ဆိတ်သော ညအချိန် ဖြစ်၍ ၎င်းထုရိုက်သံများကို ကောင်းမွန်စွာ ကြားနေရခြင်း ဖြစ်လေသည်။

ကိုစန်းယုသည် ခြေလှမ်းကို ရပ်၍ နားထောင်ကြည့်လိုက်သောအခါ ယင်းထုရိုက်သံများသည် ပျောက်ကွယ်သွားပြန်လေသည်။ ကိုစန်းယုက ခြေလှမ်းကို ပြန်လှမ်းလိုက်သည်။

“တုံ..တုံ..တုံ”



ထိုအခါတွင် ထုသံရိုက်သံများသည် တဖန် ပေါ်ထွက်လာပြန်၏။ သူသည် မျက်မှောင်ကြုတ်သွားမိ၏။

သူသည် ထုသံရိုက်သံများ ထွက်ပေါ်လာရာဆီသို့ မှန်း၍ ကြည့်လိုက်မိ၏။

သုသာန်တပြင်လုံးလိုလိုတွင် အမှောင်ရိပ်များကသာ နေရာအနှံ့၌ စိုးမိုးနေ၏။

ချုံပုတ်ကြီးများ၊ သစ်ပင်ကြီးများ၏ အရိပ်မည်းမည်းများကသာလျှင် ကြီးစိုးနေပေသည်။

ထုသံရိုက်သံများ ပျောက်ကွယ်သွားပြန်သည်။

သူသည် မျက်လုံးပြူး၍ သွားသည်။

သူသည် နားကြားများ လွဲသလားဟုပင် တွေးမိပြန်သည်။

“တုံ..တုံ..တုံ”

သုသာန်အတွင်း အသံများ ထပ်မံပေါ်ထွက်လာပြန်၏။

“အူ..ဂူး..ဂူး”

အဝေးတစ်နေရာဆီမှ ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူလိုက်သည့် အသံက စူးရှကျယ်လောင်စွာ ပေါ်ထွက်လာ၏။

သူသည် ဆက်လက်၍ လျှောက်လာခဲ့သည်။

သို့သော် သူ့ခြေလှမ်းများသည် သူ၏အိမ်ဘက်သို့ မဟုတ်ချေ။ သူ၏ခြေလှမ်းများသည် သုသာန်မြေအတွင်းသို့ ဦးတည်၍ ဝင်ရောက်လာခဲ့ခြင်းပင် ဖြစ်ပေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထုသံရိုက်သံများ ပေါ်ထွက်လာရာ အုတ်ဂူများ အနီးသို့ ရောက်ရှိလာ၏။

ခပ်လှမ်းလှမ်းတွင် ဇရပ်တစ်ဆောင် ရှိ၏။

ထိုဇရပ်သည် ကုန်းမြင့်တစ်ခုပေါ်တွင် ရှိနေခြင်းကြောင့် မည်းနက်သော လူကြီးတစ်ယောက် ထီးထီးမားမား ရပ်နေသည်နှင့်ပင် တူနေလေသည်။

ရုတ်တရက် မီးရောင်ခပ်အုပ်အုပ်ကို လှမ်း၍ တွေ့မြင်လိုက်ရ၏။

တဆက်တည်း ထိုနေရာတွင် လူရိပ်အချို့ လှုပ်ရှားလျက်ရှိနေသည်ကို လှမ်း၍ တွေ့မြင်လိုက်ရ၏။

ထိုလှုပ်ရှားနေသော လူရိပ်များသည် အနည်းဆုံးငါးယောက် ခြောက်ယောက်ခန့် ရှိမည်ဟု တွက်ဆလိုက်မိ၏။

ညဉ့်နက်သန်းခေါင် အချိန်အခါမျိုးတွင် ထိုလူစုသည် သချိုင်းထဲ၌ မည်သည့်ကိစ္စနှင့် ရောက်ရှိနေကြသနည်း။

သူသည် ထိုလူစုက အုတ်ဂူကို ထုရိုက်နေခြင်း ဖြစ်မည်ဟု ခန့်မှန်းလိုက်သည်။

ထိုလူများသည် လူသေအလောင်းတစ်ခုကို လာရောက်မြှုပ်နှံနေခြင်းလည်း မဖြစ်နိုင်ချေ။

အကယ်၍ လူသေအလောင်းကို လာရောက်မြှုပ်နှံလျှင်လည်း ယခုကဲ့သို့ ညဉ့်နက်သန်းခေါင် အချိန်အထိ လာရောက်မြှုပ်နှံကြမည် မဟုတ်ချေ။



ယခုကဲ့သို့လည်း အုတ်ဂူကို ထုရိုက်နေစရာအကြောင်း ရှိမည်လည်း မဟုတ်ပေ။

ထိုအချက်ကို ကိုစန်းယု စဉ်းစားမိသည်နှင့် သူသည် ထိုလူရိပ်များ ရှိရာသို့ ဆက်လက်လျှောက်လာခဲ့လေသည်။

သူသည် ထိုလူစုကို လှမ်း၍ အော်ငေါက်မေးမြန်းခြင်းကို အထူးနှစ်မြိုက်စွာဖြင့် ပြုလုပ်လိုပေသည်။ ထိုစဉ်မှာပင် လေပြင်းတစ်ချက် ရုတ်တရက် တိုက်ခတ်လာလေသည်။

သို့မှသာ သူ့အသံကြောင့် ပထမဦးစွာ ထိတ်လန့်သွားကြပေလိမ့်မည်။

ထို့နောက် သူသည် မသင်္ကာဖွယ်ရာ။ လူများ မည်သည့်အရာများ၊ မည်သည့်ကိစ္စများ ပြုလုပ်နေကြသည်ကို စစ်ဆေးကြည့်ရှု မေးမြန်းစုံစမ်းမည်သာ ဖြစ်၏။

သို့သော် ယခုလို အခြေအနေမျိုး၌ ကိုစန်းယု အနေဖြင့် အော်ဟစ်ငေါက်ငန်း မေးမြန်း၍ လုံးဝမဖြစ်ချေ။

ထို့ကြောင့် ထိုလူစုသည် ဘာလုပ်နေကြသည်ကို သိရှိရန် ဦးစွာ ပထမ ခြောင်းမြောင်းကြည့်ရှုရမည် ဖြစ်၏။

သူ့ရှေ့မှ မီးရောင်သည် ချက်ချင်းပင် ပျောက်ကွယ်သွားလေသည်။

ကောင်းကင်မှ လကွေးကွေးကလေးကို တိမ်ထုက ဖြတ်သန်းအုပ်ဆိုင်း ဖုံးလွှမ်းသွားပြန်သည်။

ထို့ကြောင့် သုသာန်တစပြင်သည် ရုတ်ခြည်းပင် အမှောင်

www.burmeseclassic.com

www.burmeseclassic.com



ထုကြီးက စိုးမိုး၍ သွားလေတော့သည်။

သူသည် လူရိပ်များ ရှိရာ ပေတစ်ရာခန့် အကွာသို့ ရောက်ရှိနေပြီ ဖြစ်ပေသည်။

သူသည် ခြေလှမ်းကို ရုတ်တရက် ရပ်တန့်လိုက်ပြီး မျက်မှောင်ကြုတ်၍ ကြည့်လိုက်မိသည်။

သူ၏ညာဘက်လက်သည် အလိုလိုပင် ခါးတွင် ချိတ်ထားသော ဓားရိုးပေါ်သို့ ဆုပ်ကိုင်မိပြီးသား ဖြစ်သွား၏။

မီးရောင်သည် တဖန် ပြန်လည်၍ ပေါ်ထွက်လာပြန်သည်။

ချုံကြားထဲတွင် ရှိနေကြသော ပိုးမွှားကောင်တို့၏ မြည်သံတို့သည် ဆူညံစွာ ထွက်ပေါ်နေသည်။

လှုပ်ရှားနေသော လူစုနှင့် သူသည် ပေလေးဆယ်ခန့် အနီးလောက်သာ ရှိပေတော့သည်။

♣ ♣ ♣

ပေါ်ထွက်နေသော မီးရောင်သည် ဖျော့တော့နေသော်လည်း မြေပြင်ပေါ်မှ အရာကို ကောင်းစွာ မြင်တွေ့နိုင်ပေသည်။

မြေပေါ်မှ အရာသည် ခေါင်းတစ်လုံး ဖြစ်သည်။

ခေါင်းမှာ မည်းနက်သော ခေါင်းတစ်လုံး ဖြစ်သည်။

လူရိပ်သုံးလေးခုက မီးအိမ်ကို ကိုင်ဆောင်ထားသည်။

သူတို့သည် မီးပြနေကြခြင်း ဖြစ်သည်။



လူရိပ်နှစ်ခုက သူရှိရာဘက်သို့ မျက်နှာမူပြီး ရပ်ကြည့်နေကြသည်။ အလင်းရောင်သည် ကောင်းစွာ မရှိသဖြင့် ထိုလူတို့၏ မျက်နှာကို သဲကွဲစွာ မမြင်တွေ့ရပေ။

သူသည် သူ့ဘက်လှည့်နေသော လူနှစ်ယောက်မျက်နှာကို သေချာစွာ စူးစိုက်ကြည့်လိုက်သည်။

မီးလုံးမှ ဖြာထွက်လာသော မီးရောင်သည် ထိုလူနှစ်ယောက်၏မျက်နှာကို အရုပ်ဆိုးစွာ ထင်ဟပ်စေလေသည်။

မီးရောင်သည် အောက်ခြေမှ အထက်သို့ ပင့်၍ ဖြာထွက်နေခြင်းကြောင့် ထိုလူနှစ်ယောက်၏မျက်နှာပြင်၌ အရိပ်များ ထင်ဟပ်၍ အရုပ်ဆိုး အကျည်းတန်နေလေသည်။

ကို့စန်းယုသည် အသက်ရှူရှိုက်ပင် မေ့လျော့နေသည့်အလား။ ထိုလူနှစ်ယောက်၏ မျက်နှာပြင်အစစ်အမှန်ကို ဖော်ထုတ်၍ မှတ်မိနိုင်စေရန်အတွက် အာရုံစူးစိုက်၍ ကြည့်ရင်း…

"ဟင်း…ဒါ…ဒါ"

သူသည် ချက်ချင်းပင် ထိုလူကို ရိပ်စားမိလိုက်လေသည်။

သူ့ဘက်သို့ မျက်နှာမူထားသော လူနှစ်ယောက်အနက် တစ်ယောက်ကိုမူ သူကောင်းစွာ သိလေသည်။ ကျန်တစ်ယောက်ကိုမူ သူသည် ကောင်းစွာမသိရှိချေ။

"ဘုတ်"

ရုတ်တရက် သူ့နောက်မှနေ၍ တိုးညင်းသော အသံတစ်သံ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် နောက်သို့ လှမ်းကြည့်လိုက်မိ၏။

ထိုစဉ်မှာပင်...

"ဗုစ်..ဗုစ်..ဗုစ်"

ဓားရောင်များက ဝင်းလက်၍ ဖြာထွက်သွားသည်။ ဓားနှစ်လက်မှ အလင်းရောင် ဖြာထွက်လာခြင်း ဖြစ်သည်။

ဓားနှစ်လက်၏ ဖွေ့ယမ်းလှုပ်ရှားမှုက လျှင်မြန်သွက်လက်လှသလို လေတိုးသံများက ကျယ်လောင်စွာ ပေါ်ထွက်လာလေ၏။

သူ၏ဘယ်ဘက်လက်ထဲမှ မုန့်လုပ်နှင့် အရက်အိုးမှာ လွတ်ကျသွားရပေတော့သည်။

"ဒုတ်"

အရက်အိုးသည် မြေပေါ်သို့ ကျသွားသော်လည်း ကွဲသွားခြင်း မဟုတ်ပါ။

အရက်အိုးသည် မြေပေါ်သို့ ကျသွားပြီး ချုံကြားထဲသို့ လိမ့်ဆင်းသွားလေသည်။

သူသည် အသက်ကို အဓိကထား၍ နှမြောရမည် ဖြစ်သည်။ လူနှစ်ယောက်သည် ရုတ်တရက် ထွက်ပေါ်လာပြီး သူ့အား တိုက်ခိုက်နေပြီ ဖြစ်သည်။

ထိုလူနှစ်ယောက်၏ မျက်နှာများ မည်သို့ ရှိမည်ကိုလည်း သူ့အနေနှင့် ကြည့်မနေနိုင်ချေ။ ကြည့်၍လည်း သိနိုင်မည် မဟုတ်ပေ။



အကြောင်းမှာ သူ့အား တိုက်ခိုက်နေသော လူနှစ်ယောက်၏ မျက်နှာများမှာ မည်းနက်၍ နေသောကြောင့် ဖြစ်သည်။

ထိုလူများသည် အနက်ရောင်ကိုယ်ကျပ်အင်္ကျီနှင့် ခေါင်းစွပ်များ စွပ်ထားကြသည်။

ထို့အပြင် ထိုလူများသည် လက်နှစ်ဖက်စီ၌ လက်အိတ်နက်များကို စွပ်ထားကြ၏။

သူသည် ကပျာကယာ ဓားချက်များကို ရှောင်တိမ်းပေးလိုက်ရင်းမှ နောက်သို့ ဆုတ်ခွာလိုက်လေသည်။

သူသည် တဖြည်းဖြည်းချင်း နောက်ဆုတ်လာခဲ့ရာ ခြေလှမ်း မည်မျှအထိ ဆုတ်လိုက်မှန်းမသိအောင် ဖြစ်သွားလေတော့၏။

သူသည် ဓားကို လှုပ်ရှားရင်း ပြန်လည်ခုခံလိုက်သည်။

"ထန်း..ထန်း"

"ချွမ်း"

သူသည် တစ်ဘက်ရန်သူ ဓားကို ခုခံပယ်ဖျက်လိုက်သည်။

သူသည် ထိုကဲ့သို့ ခုခံလိုက်ရင်းမှ တစ်ဖက်ရန်သူ ဓားချက်သည် အလွန်ပြင်းထန်သည်ကိုလည်း အကဲခတ်မိလိုက်လေသည်။

ထိုလူနှစ်ယောက်သည် သူ့အား ဤနေရာ၌ပင် အသေသတ်ပစ်ရန်အတွက် ပြင်းထန်စွာ တိုက်ခိုက်နေကြခြင်း ဖြစ်သည်။

ကို့စန်းယုသည် တိုက်ခိုက်နေရင်းမှ ရန်သူနှစ်ယောက်၏ ဓားကို အမှတ်မထင် ကြည့်မိလိုက်လေသည်။

ထိုလူနှစ်ယောက်၏ဓားများသည် ဂျပန်လူမျိုးများ ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်သော ဓားများ ဖြစ်နေသည်ကို တွေ့ရလေသည်။

ဂျပန်လူမျိုးတို့၏ ဓားသည် ရှည်သည်။ ခုတ်အား ကောင်း၏။ သူသည် သတိကြီးစွာ ခုံရင်း နောက်ဆုတ်လိုက်စဉ်...

"ဖျတ်"

သစ်ကိုင်းခြောက်တစ်ခုကို တက်နင်း၍ ထွက်လာသော အသံ ဖြစ်သည်။

သူသည် အသံကို ကြားမိလိုက်သည်နှင့် ခန္ဓာကိုယ်ကို တစ်ပတ်လှည့်၍ ရှောင်တိမ်းလိုက်လေသည်။ တိုက်ခိုက်လိုက်သော ဓားသည် သူ့ခန္ဓာကိုယ်မှ ပွတ်ကာသီကာ ဖြတ်ကျော်သွားသည်။

ကို့စန်းယုသည် ကျွံဝင်လာသော ရန်သူ့ပခုံးအား တိုက်ခိုက်လိုက်သည်။ ထိုလူသည် ခုတ်ချလာသော ကို့စန်းယု ဓားအား ရှောင်တိမ်းခြင်း မပြုဘဲ သူ၏ဓားဖြင့် ကို့စန်းယု ရင်ဝသို့ ပြန်လည်ထိုးသွင်းလိုက်လေသည်။

ကို့စန်းယုသည် ထိတ်လန့်တုန်လှုပ်သွားလေသည်။

ရန်သူသည် အသက်ကို ပဓာနမထားဘဲ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ကို့စန်းယုသည် နောက်သို့ ကျွမ်းပစ်၍ ရှောင်တိမ်းလိုက်ရလေသည်။

သူသည် မြေပေါ်သို့ ခြေထောက်ချမိသည်နှင့် ဓားရောင်က သူ့ထံသို့ တိုးဝင်လာပြန်သည်။

သူသည် ရှောင်တိမ်း၍ ပြန်လည်တိုက်ခိုက်လိုက်သည်။



"ချွမ်း"

ကို့စန်းယု၏နဖူးပြင်တွင် ချွေးများ စို့ထွက်လာလေသည်။

ယခု သူတိုက်ခိုက်နေရသော သူများသည် အသက်သေရမည်ကို မကြောက်ဘဲ သူ့အား တိုက်ခိုက်နေခြင်း ဖြစ်သည်။

လောက၌ သေရမည်ကို မကြောက်သောလူသည် ပို၍ ကြောက်စရာကောင်းသည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် ဆုတ်ခွာပေးမှပင် ဖြစ်တော့မည်ဟု တွက်ဆမိလိုက်လေသည်။

သူ့အား တိုက်ခိုက်သူများသည် ဤနေရာ၌ ပုန်းခိုရင်း စောင့်ဆိုင်း၍ နေကြသူများ ဖြစ်သည်။

သူ့အား ထွက်၍ တိုက်ခိုက်သော လူတစ်ယောက် အပြင် အခြားသူများလည်း ရှိနိုင်သေးသည် မဟုတ်ပါလော။

ကို့စန်းယုသည် တိုးဝင်လာသော ဓားချက်ကို လွတ်အောင် ရှောင်တိမ်းရင်း...

"ဟိတ်"

"ဝှစ်"

ကို့စန်းယုသည် ထိုလူကို သူ၏လက်ထဲမှ ဓားဖြင့် လွှဲ၍ ခုတ်ပိုင်းလိုက်လေသည်။

ထိုရန်သူမှာ သူ့နောက်ဘက်သို့ ဆုတ်ခွာ၍ ရှောင်သွားပေတော့သည်။

ထို့ကြောင့် ကို့စန်းယုသည် ရလိုက်သော အခွင့်အရေးကို

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ အသုံးချလိုက်လေသည်။

သူသည် ခန္ဓာကိုယ်အားဖော့၍ လေထဲသို့ ကျွမ်းသုံးလေး ပတ်ခန့် ပစ်လိုက်သည်။

သူသည့် အုတ်ဂူတစ်ခုပေါ်သို့ ရောက်ရှိသွားလေတော့၏။

ထို့နောက် သူသည် ထိုနေရာမှ တဟုန်ထိုး ပြေးထွက်လာခဲ့လေတော့သည်။

♠ ♣ ♣

သူသည် မိမိအိမ်ရှိရာသို့ တဟုန်ထိုး ပြေးလွှားလာခဲ့သည်။

သူ့အိမ်တံခါးဝသို့ ရောက်သောအခါ မဝင်သေးဘဲ နောက်သို့ ပြန်လည်အကဲခတ်လိုက်သည်။

မည်သည့် အရိပ်အရောင်မျှ မတွေ့ရသောကြောင့် သူသည် အိမ်တံခါးကို ဖွင့်၍ အိမ်ထဲသို့ လှမ်းဝင်လိုက်လေသည်။

ကို့ကျုံးစိန်သည် နှစ်ခြိုက်စွာပင် အိပ်မောကျနေပြီ ဖြစ်၏။

ကို့စန်းယုသည် ထိုင်ခုံကိုဆွဲ၍ ထိုင်ချလိုက်ရင်း အမောဖြေရလေသည်။

အတန်ကြာ ထိုင်၍ အနားယူလိုက်သောအခါ အမောပြေသွားလေသည်။

သူသည် စားပွဲပေါ်ရှိ အရက်အိုးထဲမှ အရက်အနည်းငယ်ကို မော့သောက်လိုက်သည်။



ယခုမှပင် သူသည် ထိတ်လန့်မှု အနည်းငယ် ကွယ်ပျောက်သွားလေသည်။

"ဘယ်လိုဖြစ်ပါလိမ့်"

သူသည် နှုတ်မှ တီးတိုးရေရွတ်လိုက်၏။

သူသည် အခြေအနေကို အေးဆေးစွာ ပြန်လည် စဉ်းစားမိလေသည်။

ထိုလူများ ဘယ်အဖွဲ့အစည်းကနည်း။

သူတို့ ကိုင်ဆောင်ထားသော ဓားများ။

ညအချိန်မတော် သင်္ချိုင်းအတွင်း မည်သည့်ကိစ္စဖြင့် လာရောက်ထုရိုက်နေရသနည်း။

သူတို့သည် တစ်စုံတစ်ရာကို ရှာဖွေတူးယူခြင်းလော။

သို့မဟုတ် လာရောက်မြှုပ်နှံခြင်းလော။

အမှောင်ထုသည် တဖြည်းဖြည်း ကွယ်ပျောက်တော့မည်ဖြစ်ပေသည်။

ကို့စန်းယုသည် ယခုထက်တိုင် အိပ်စက်ရန်ပင် မေ့လျော့နေပေသည်။

သူ၏ဦးနှောက်တွင်းဝယ် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များသည်သာပင် စိုးမိုးနေရာယူနေကြသည်။

ထိုလူစုတည်းမှ တစ်ယောက်ကိုတော့ သူကောင်းစွာ မှတ်မိလေသည်။

ထို့ကြောင့် မကြာမီပင် အဖြေပေါ်လိမ့်မည်ဟုလည်း သူ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ ယုံကြည်လေ၏။

ကိုကျုံးစိန်သည် ခုတင်ပေါ်၌ ကောင်းစွာ အိပ်ပျော်နေပေသည်။

သူသည် သူ၏တူတော်မောင်ဖြစ်သူ ကိုကျုံးစိန်အား အိပ်ရာမှ နိုး၍ စကားပြောဆိုခြင်း မပြုခဲ့ပါချေ။

အလင်းရောင်သည် ဝိုးပြင်လာပြီ ဖြစ်သည်။

ကြက်တွန်သံများသည် ဟိုမှသည်မှ ပေါ်ထွက်လာလေ၏။

မကြာမီ အချိန်တွင် အလင်းရောင်သည် ကမ္ဘာလောကတစ်ခုလုံးအား ဖြန့်ဝေပေးတော့မည် ဖြစ်သည်။

♣ ♣ ♣



## လျှို့ဝှက်လူတစ်စု လှုပ်ရှားမှု

မိုးလင်းလာခဲ့ပြီ ဖြစ်သည်။ ကိုစန်းယုသည် ကိုကျုံးစိန် ပြင်ဆင်ထားသော ရေနွေးကြမ်းနှင့် အသားညှပ်ကောက်ညှင်းထုပ်ကို စားသောက်လိုက်၏။

ထို့နောက် ခါးတွင် ဓားကို ချိတ်ကာ ချက်ချင်း ထွက်လာခဲ့သည်။ ကိုစန်းယုသည် အုပ်ချုပ်ရေး ရုံးတော်သို့ သွားခြင်း မဟုတ်ပါ။

ယမန်နေ့ညက သူကြုံတွေ့ဖြစ်ပျက်ခဲ့သော နေရာဆီသို့ ဦးတည်၍ သွားခြင်းသာ ဖြစ်ပေသည်။

ကိုစန်းယုသည် သင်္ချိုင်းမြေသို့ ထပ်မံရောက်ရှိလာခဲ့သည်။ သူသည် လူသူအရိပ်အရောင်များကို တစ်ချက်စေ့စပ်စွာ အကဲခတ်ကြည့်လိုက်ပြီး သင်္ချိုင်းမြေထဲသို့ ဝင်ရောက်လာခဲ့သည်။

သင်္ချိုင်းမြေအတွင်း၌ မြေမှုန့်များနှင့် နှင်းငွေ့များက အုံ့မှိုင်းလျက် ယှက်သန်းဖုံးအုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုစန်းယုသည် သူ၏မျက်လုံးအစုံကို ဝေ၀ါးနေသော နှင်းမှုန်များကြား၌ ထိုးဖောက်ကြည့်ကာ သတိကြီးစွာဖြင့် လာနေခြင်းပင် ဖြစ်သည်။

ကိုစန်းယုသည် မနေ့ညက သူနှင့် တိုက်ခိုက်ခဲ့သော နေရာသို့ ရောက်လာခဲ့လေသည်။

ထိုနေရာမှစ၍ သူသည် တရွေ့ရွေ့ဖြင့် အကဲခတ်ရင်း လျှောက်ကြည့်နေလေသည်။

သူ၏လှုပ်ရှားမှုမှာ သိန်းငှက်တစ်ကောင်ကဲ့သို့ မျက်လုံးအစုံမှာ စူးရှလျက် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်နေသည်။

သချိုင်းမြေ၌ အသက်ရှိသော သတ္တဝါမှာ ကိုစန်းယုမှ လွဲ၍ မည်သူမည်မျှရှိဟန် မတူချေ။

သူသည် အုတ်ဂူတစ်ခုရှေ့သို့ ရောက်သောအခါ ခြေလှမ်းများ ရပ်တန့်လိုက်သည်။

ထိုအုတ်ဂူသည် မနေ့ညက လျှို့ဝှက်သော လူတစ်စု လှုပ်ရှားခဲ့သော နေရာပင် ဖြစ်သည်။

အုတ်ဂူရှေ့ မြက်ပင်များသည် ထူထပ်စွာ ပေါက်နေသည်။ တစ်ချို့အပင်များသည် တစ်စုံတစ်ခုနှင့် ထိထားသောကြောင့် ပြားနေသည်။

ကိုစန်းယုသည် ထိုအုတ်ဂူ ပတ်ဝန်းကျင်ကို သေချာစွာ တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် သူ၏မျက်လုံးများသည် အုတ်ဂူရှေ့ ကျောက်



ပြားပေါ်သို့ ရောက်သွားသည်။ သူသည် ထူးခြားချက်တစ်ခုကို တွေ့လိုက်ရလေသည်။

ကိုစန်းယု၏မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားသည်။ သူ၏မျက်နှာပေါ်၌ မယုံကြည်နိုင်လောက်အောင်ပင် အံ့ဩမှုများ ဖြတ်သန်းသွားသည်။

ကိုစန်းယုသည် ရှေ့သို့ ထပ်မံကပ်သွားပြီး မှတ်တိုင်ကျောက်ပြားပေါ်၌ ရေးထိုးထားသော နာမည်စာတန်းကို ဖတ်ရှုလိုက်လေသည်။

ထိုစဉ်မှာပင် အုတ်ဂူဘေးသို့ နီးကပ်စွာ ထပ်မံချဉ်းကပ်၍ စေ့စေ့စပ်စပ်ဖြင့် စစ်ဆေးကြည့်လိုက်သည်။

ထိုအုတ်ဂူ၏ ညာဘက်အခြေ၌ လတ်လတ်ဆတ်ဆတ် ဖြုလုပ်ထားသော အင်္ဂတေသားများကို တွေ့လိုက်ရသည်။

အုတ်ဂူကို ဖောက်ထွင်းပြီး အင်္ဂတေဖြင့် ပြန်လည်ပိတ်ဆို့ထားခြင်းပင် ဖြစ်သည်။

ထို့ကြောင့် အင်္ဂတေမှာ ခြောက်ပင်မခြောက်ဘဲ ရှိနေသေးသည်။ မနေ့ညက ကိုစန်းယု တွေ့ခဲ့သော လူတစ်စုမှာ အုတ်ဂူကို ဖောက်၍ ခေါင်းကို ထုတ်ယူသွားခြင်း ဖြစ်ပေလိမ့်မည်။

ထို့နောက် ခေါင်းကို အုတ်ဂူထဲသို့ ပြန်လည်ထည့်သွင်းကာ အင်္ဂတေဖြင့် ပြန်ပိတ်ဆို့သွားခြင်း ဖြစ်နိုင်သည်။

ကိုစန်းယု မျက်မှောင်ကြုတ်သွားသည်။ ထိုနှစ်ချက်ကို သူ့အနေဖြင့် သေချာစွာ မခန့်မှန်းနိုင်။

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယူသွားခြင်း ဖြစ်နိုင်ပါသလား။ ဒါမှမဟုတ် ပြန်လည် ထည့်သွင်းခဲ့သည်လား။

ကိုစန်းယု စဉ်းစားနေရာမှ သူ့ဦးခေါင်းကို တစ်ချက်ဆတ်လိုက်ပြီး သူ၏မျက်နှာပေါ်၌ အပြုံးရိပ်များ ယှက်သန်းသွားသည်။

ယမန်နေ့ညက ထိုနေရာ၌ တွေ့ခဲ့သော လူများထဲမှ တစ်ဦးကို သူသေချာစွာ သိထားသည်။

ထို့ကြောင့် ကိုစန်းယု အနေဖြင့် လူတစ်စုနှင့် ပတ်သက်၍ ဆက်စပ်တွေးကြည့်သည်။

ယမန်နေ့ညက သူတွေ့ခဲ့ရသော လူတစ်စုသည် အုတ်ဂူရှေ့၌ မည်သည့်အရာများ ပြုလုပ်နေသည်ကို သဘောပေါက်လာသည်။

ကိုစန်းယုသည် ထိုအုတ်ဂူကို တစ်ချက်ထပ်မံ ကြည့်လိုက်၏။ ထို့နောက် ထိုနေရာမှ ထွက်ခွာလာခဲ့သည်။

သူ၏ခြေလှမ်းများသည် သင်္ချိုင်းအပြင်ဘက်သို့ ခပ်သွက်သွက်လေး လျှောက်လာခဲ့သည်။

♣ ♣ ♣

ထိုနေ့တစ်နေ့သည် လွယ်ကူစွာပင် ကုန်ဆုံးကာ နေဝင်သွားခဲ့လေသည်။ ထိုနေ့၌ စောစောစီးစီးပင် သူ့အိမ်သို့ ပြန်လာခဲ့သည်။

သူသည် တစ်ညလုံးပင် ကွပ်ပျစ်ပေါ်၌ လဲလျောင်းကာ စဉ်းစားတွေးတောနေလေသည်။



သူသည် စဉ်းစားနေရာ ညသန်းခေါင်ကျော်မှ **အိပ်ရာသို့** ဝင်ဖြစ်ခဲ့သည်။

နောက်တစ်နေ့ နံနက် အရုဏ်တက်ချိန်မှစ၍ အိမ်မှ **စောစီးစွာ** ထွက်လာခဲ့ပေသည်။

ဤနှစ်ရက် အတောအတွင်း၌ သူ၏တူ ဖြစ်သူ ကိုကျုံးစိန်နှင့်ပင် စကားကောင်းကောင်း မပြောဖြစ်ခဲ့ချေ။

ကိုကျုံးစိန်မှာလည်း ကိုစန်းယု အမှုကိစ္စတစ်ခုအတွက် ယခုကဲ့သို့ ဖြစ်နေကြောင်းကို သဘောပေါက်လေသည်။

ထို့ကြောင့် သူသည်လည်း သူ့ဘာသာ လုပ်စရာရှိသော အလုပ်များကို လုပ်နေရလေသည်။

ကိုကျုံးစိန်သည် မြို့နယ်ဒေသ အုပ်ချုပ်ရေးမှူး ရုံးတော်မှ အမှုထမ်းနေသူတစ်ဦး ဖြစ်သည်။

တစ်နေ့လုံးလိုလိုပင် သူ၏ဦးလေး ကိုစန်းယုနှင့် မြို့ထဲ၌ မျက်နှာချင်းဆိုင်ပင် မတွေ့ခဲ့ရချေ။

ကိုစန်းယုသည် ဒေသအုပ်ချုပ်ရေး ရုံးတော်မှ ပြန်လည် ရောက်ရှိခြင်း မရှိသည်ကို ရုံးတော်မှ အမှုထမ်းများက ကောင်းစွာ သတိထားမိလိုက်သည်။

ကိုစန်းယုသည် ညက တစ်ညလုံးပင် အိမ်သို့ ပြန်လာခဲ့ခြင်း မရှိချေ။

နောက်တစ်နေ့နံနက် မိုးစင်စင်လင်းသည်အထိ ပြန်လာခြင်း မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ကို့ကျုံးစိန်မှာ ကိုစန်းယုအတွက် စိတ်ပူလာမိလေသည်။ ထို့ကြောင့် နံနက်လင်းမှာပင် အိမ်မှထွက်ကာ ဒေသရုံးသို့ သွားရောက်မေးမြန်းခဲ့လေသည်။

ရုံးတော်မှ အမှုထမ်းများက ညဘက်ရုံးတော်၌ မအိပ်ကြောင်း တစ်နေ့လုံးပင် ရုံးတော်သို့ ရောက်မလာကြောင်း ပြန်ပြောပြကြသည်။

ကို့ကျုံးစိန်သည် ကိုစန်းယုအတွက် ပူပင်သောက ပို၍ များလာလေတော့သည်။

ထို့ကြောင့် သူအလုပ်မဆင်းနိုင်တော့ဘဲ အိမ်သို့ တန်းပြန်လာလေသည်။

ကို့ကျုံးစိန်သည် အိမ်အပြန်လမ်း ခရီးတစ်ဝက်၌ပင် သူ့ဦးလေးကို တွေ့မြင်လိုက်ရလေသည်။

သို့သော် သူတွေ့ရသော ကိုစန်းယုမှာ အသက်ရှင်လျက် ကိုစန်းယု မဟုတ်ချေ။

ကိုစန်းယု၏အသက်သည် သူ၏ခန္ဓာကိုယ်နှင့် တွဲလျက် မရှိတော့ချေ။

ကိုစန်းယု၏အလောင်းအား ချုံတစ်ချုံ၏အောက်၌ တွေ့ရခြင်း ဖြစ်သည်။

ကိုစန်းယု၏တစ်ကိုယ်လုံးမှာ အေးစက်တောင့်တင်းနေလေသည်။

သူ၏မျက်နှာနှင့် ရုပ်အလောင်းပေါ်၌ မည်သည့်ဒဏ်ရာ



ဒဏ်ချက်မှ မတွေ့ရချေ။

ကိုစန်းယု၏မျက်နှာပြင်တစ်ခုလုံးမှာ ညိုမဲကာ ပြာနှမ်းနေလေသည်။

ထို့ကြောင့် ကိုစန်းယုသည် အဆိပ်သင့်ကာ သေဆုံးကြောင်း ထင်ရှားလှပေသည်။

ကိုစန်းယု၏အလောင်းမှာ သချိုင်းမြေနှင့် မနီးမဝေး လမ်းဘေးရှိ ချုံပုတ်အတွင်းမှ ဖြစ်လေသည်။

ကိုစန်းယု၏အလောင်းနှင့်အတူ ထူးခြားချက် တစ်စုံတစ်ရာပါ တစ်ခါတည်း တွဲလျက်ပါနေလေသည်။

ကိုစန်းယု၏ခြေရင်း၌ ကျောက်ပြားတစ်ချပ် ကျနေခြင်းပင် ဖြစ်လေသည်။

ထိုကျောက်ပြားသည် သချိုင်းထဲ၌ နာမည်ရေးထိုးသော ကျောက်ပြားတစ်ချပ် ဖြစ်ပေသည်။

ထိုမှတ်တိုင်ကျောက်ပြားမှာလည်း ကွဲကြေနေသည်။ ဒေသအုပ်ချုပ်ရေးရုံးတော်မှ စုံစမ်းရေးမှူး ရဲကျိုနှင့် စုံစမ်းရေးမှူး ကျန်းတာစုတို့သည် ထိုသတင်းကို ကြားမိသည်နှင့် ချက်ချင်းပင် အမှုထမ်းများနှင့်အတူ အလောင်းကို လာရောက်စစ်ဆေးကြည့်လေသည်။

ထို့နောက် ကိုစန်းယု၏ခြေရင်း၌ ကွဲကျနေသော မှတ်တိုင်ကျောက်ပြားလေးအား တွဲဖက်ကြည့်လေသည်။

ထို့ပြင် ထိုမှတ်တိုင်ကျောက်ပြားနှင့် ဆက်စပ်၍ ခြေရာရှာဖွေကြည့်ကြပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူတို့ တွေ့ရသော မှတ်တိုင်ကျောက်ပြားကလေးမှာ သချိုင်းဂူတွင်ထားသော ကျောက်ပြားမှတ်တိုင် ဖြစ်နေသည်။

ထိုအုတ်ဂူမှာ လွန်ခဲ့သော တစ်နှစ်ခန့်က သေဆုံးသွားသော လူတစ်ယောက်၏ အုတ်ဂူမှ ဖြစ်နေသည်။

ထိုသူသည် ရာဇဝတ်မှုတစ်ခု ပြုလုပ်ခဲ့သဖြင့် သေဒဏ်ချမှတ်ခြင်း ခံရသော လူတစ်ယောက် ဖြစ်သည်။

♣ ♣ ♣

ဒေသအုပ်ချုပ်ရေး အရာရှိ ဖြစ်သော ရိုလင်ကျန်း ရောက်လာသည်။

သူသည် ကိုစန်းယု သေဆုံးခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ရွားဟူကျန်းမြစ်ကမ်းပါး ဒေသတစ်ပိုက် လုံခြုံရေးကိစ္စအထူးတလည် စီမံဆောင်ရွက်ရန် ရောက်လာခြင်း ဖြစ်သည်။

သူသည် ခရိုင်မြို့နယ် အုပ်ချုပ်ရေးရုံးမှ စုံစမ်းရေးမှူး ဖြစ်သော လူအေးနှင့် သံမဏိလက်တို့ နှစ်ယောက်ကို ထိုကိစ္စရပ်များအတွက် ဖိတ်ခေါ်ထားလေသည်။

ကိုစန်းယု အဆိပ်မိ၍ သေဆုံးသွားပြီ ဖြစ်သော်လည်း အမှန်စင်စစ် တစ်စုံတစ်ယောက်က ဝိဝိရိရိ လုပ်ကြံသတ်ဖြတ်သွားကြောင်း အတည်ပြုလိုက်ကြလေသည်။

ကိုစန်းယု အသတ်ခံရသော နံနက်ပိုင်း၌ လူအေးနှင့်



သံမဏိလက်တို့မှာ စီးဂေဟာ၌ပင် တည်းခိုနေထိုင်ဆဲပင် ဖြစ်လေသည်။

ကိုစန်းယု အလောင်းကို သွားရောက်စစ်ဆေးခဲ့သော စုံစမ်းရေးရဲကျိုသည် အခြေအနေ အရပ်ရပ်ကို စုံလင်စွာ စုဆောင်းရှာဖွေခဲ့သည်။

ထို့နောက် ရိုလင်ကျန်းအား ထိုကိစ္စနှင့် ပတ်သက်၍ ပြည့်စုံစွာ အသေးစိတ် အစီရင်ခံခဲ့လေသည်။

ယခုကိစ္စသည် ရိုးရိုးသာမန် ကိစ္စတစ်ခု မဟုတ်ချေ။

ကိုစန်းယုအား တစ်စုံတစ်ယောက်က လုပ်ကြံ၍ လမ်းဘေးချုံပုတ်ထဲ၌ ပစ်ထားခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် လူသတ်တရားခံကို ဖော်ထုတ်နိုင်ရန် အုပ်ချုပ်ရေးအရာရှိများ အစွမ်းကုန် ကြိုးပမ်းကြလေသည်။

ရဲကျိုသည် ကိုစန်းယု အလောင်းကို သိမ်းဆည်းခဲ့သည်။

♣ ♣ ♣

ထိုကိစ္စ ဖြစ်ပွားခဲ့သော လူအေးနှင့် သံမဏိလက်တို့သည် စီးဂေဟာ အုပ်ချုပ်ရေးမှူး သုံးယောက်၏အမှုကို ဖြေရှင်းပြီး၍ တတိယမြောက်နေ့ပင် ဖြစ်နေသည်။

ထိုအမှုသည် စီးဂေဟာ၏ အုပ်ချုပ်ရေးမှူးများသည် စီးဂေဟာကို မထွိုင်ပြု၍ ရွားဟူကျန်းမြစ်ကမ်းဒေသ တလျှောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ရွာစုလေးကို လုယူတိုက်ခိုက်ရာ စီးလောက်တိုက်သွင်းခဲ့ကြသည်။

လူအေးနှင့် သံမဏိလက်တို့၏ ကြိုးပမ်းမှုကြောင့် ထိုဓားပြအဖွဲ့ဝင်အချို့မှာ စီးဂေဟာမှ ထွက်ပြေးတိမ်းရှောင်သွားကြသည်။

ဓားပြခေါင်းဆောင် ထန်ဆေးကျွန်းကိုလည်း အသေဖမ်းဆီးရမိခဲ့လေသည်။

လူအေးနှင့် သံမဏိလက်တို့သည် ရိလင်ကျွန်းက ဖိတ်ခေါ်မှုကိုရရှိခဲ့သည်နှင့် စီးဂေဟာမှ ထွက်ခွာလာခဲ့ကြလေတော့သည်။

♣ ♣ ♣

လူအေးနှင့် သံမဏိလက်တို့သည် ဒေသအုပ်ချုပ်ရေး အရာရှိ ရိလင်ကျွန်းနှင့် သွားရောက်တွေ့ဆုံခဲ့သည်။

ထို့နောက် ကို့စန်းယု အလောင်းကို အမှုနှင့် သက်ဆိုင်ဆက်နွယ်နေမည်ဟု ယူဆရသော ကို့စန်းယု၏အလောင်းခြေရင်း၌ တွေ့ရသော သချိုင်းမှ မှတ်တိုင်ကျောက်ပြားကို ကြည့်ခဲ့သည်။

ထိုနေ့မှာပင် လူအေးနှင့် သံမဏိလက်တို့သည် ကို့စန်းယု၏တူ ဖြစ်သူ ကို့ကျုံးစိန်နှင့် သွားရောက်တွေ့ဆုံကာ မေးမြန်းခဲ့သည်။

ကို့ကျုံးစိန်ကို သူ၏ထင်မြင်ချက်များကို ပြောပြသည်။

ကို့ကျုံးစိန်က...

"ဦးလေးကို့စန်းယုက အမှုဆယ်မှုလောက် ကိုင်တွယ်နေတဲ့ စုံစမ်းရေးမှူးတစ်ယောက်ပါပဲ၊ သူ့ကို မုန်းတီးနေတဲ့ လူတွေ၊ သူကိုင်တွယ်ခဲ့တဲ့ ရာဇဝတ်မှု ကျူးလွန်ခဲ့တဲ့ လူဆိုးတွေက အမြဲတမ်းသတ်ဖို့ ကြံစည်နေကြတာ အမှန်ပါပဲ"



ကို့ကျုံးစိန်က လူအေးကို တစ်ချက်ကြည့်လိုက်သည်။

"ကျွန်တော့်ရဲ့ဦးလေးဟာ ရန်သူတွေ ဘယ်လောက်များများ အလုပ်ဝတ္တရားကိုတော့ မပျက်မကွက် ဆောင်ရွက်နေတဲ့ သူတစ်ယောက်ပါ၊ မနက်မိုးလင်းကတည်းက အိမ်ကထွက်သွားတာ ညသန်းခေါင်ကျော်လောက်မှ ပြန်လာတတ်တယ်"

ကို့ကျုံးစိန် ပြောသော စကားများမှာ မှန်ပေ၏ပေသည်။ စုံစမ်းဖမ်းဆီးရေးမှူးများမှာ လူဆိုးများ၊ ရာဇဝတ်ကောင်များ၏ နောက်သို့ အမြဲတမ်း တကောက်ကောက် လိုက်လံစုံစမ်း ဖမ်းဆီးနေရသူများ ဖြစ်သည်။

သံမဏိလက်က နဖူးတစ်ချက်တွန့်ကာ မေးလိုက်သည်။

"ကို့ကျုံးစိန်၊ ခင်ဗျားရဲ့ဦးလေးဟာ မိတ်ဆွေအပေါင်းအသင်းတွေထဲမှာ ဘယ်သူနဲ့ သွားလာဆက်ဆံတာ အများဆုံးလဲ"

ကို့ကျုံးစိန်က သံမဏိလက်ကို ရှုံ့မှုံ့စွာ တစ်ချက်အကဲခတ်လိုက်သည်။ ကို့ကျုံးစိန်သည် ကိုယ်ခန္ဓာ ဝဖြိုးပြည့်တင်းသော လူတစ်ယောက် ဖြစ်သည်။

ထို့ပြင် သူ၏ရုပ်သွင်ပြင်မှုရာမှာ ထုံထိုင်းလေးကန်လှပေသည်။

ကို့ကျုံးစိန်သည် သံမဏိလက်၏မေးခွန်းကို ခဏစဉ်းစားလိုက်သည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်...

သံမဏိလက်ကို ကြည့်ကာ ပြန်လည်မေးခွန်း ထုတ်လိုက်လေသည်။

"စုံစမ်းရေးမှူးကြီးရဲ့ မေးခွန်းက ဘယ်လိုအဓိပ္ပါယ်မျိုးနဲ့ မေးတာပါလိမ့်၊ ကျွန်တော့်ရဲ့ဦးလေးမှာ ခင်မင်ရင်းနှီးသူတွေ တော်တော်ကလေး ရှိပါတယ်၊ ဒါပေမယ့် အဲဒီ လူတွေရဲ့နာမည် ပြောပြဖို့ အတော်ကလေး ခက်ခဲနေတယ်"

သံမဏိလက်က မသိမသာ တစ်ချက်ပြုံးကာ ပြန်ပြောလိုက်သည်။

"ဒီလိုပါ ကိုဂျုံးစိန်၊ ခင်ဗျားရဲ့ဦးလေး ကိုစန်းယုဟာ အဆိပ်မိပြီး သေဆုံးသွားတာ ဖြစ်တယ်၊ သူဟာ အင်မတန် ပြင်းထန်တဲ့ အဆိပ်ကို စားမိလို့ပဲဖြစ်ဖြစ်၊ သောက်မိလို့ပဲဖြစ်ဖြစ် သေဆုံးသွားတာ ဖြစ်မှာပါ၊ ဒါပေမယ့် ကိုစန်းယုဟာ လုပ်သက်ရင့်ပြီး အတွေ့အကြုံရှိတဲ့ စုံစမ်းရေးမှူးတစ်ယောက်ပဲလေ၊ ဒီတော့ အစားအသောက် စားတဲ့နေရာမှာ ဂရုတစိုက် ရှိနေမှာတော့ သေချာတယ်၊ တကယ်လို့ သူနဲ့ အင်မတန် ရင်းနှီးတဲ့ လူတစ်ယောက်က လုပ်ကြံမယ်ဆိုရင်ကော"

ကိုဂျုံးစိန်က သူ၏ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး...

"ဪ ဟုတ်ပြီ၊ ကျွန်တော်သဘောပေါက်ပြီ၊ ကျွန်တော့်ရဲ့ ဦးလေးကို သူနဲ့ ရင်းနှီးနေတဲ့ လူတစ်ယောက်က အဆိပ်ခတ်ပြီး လုပ်ကြံတာမျိုးဆိုပါတော့"



သံမဏိလက်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်၊ ကိုစန်းယု အနေနဲ့ကတော့ ဒီလို လူမျိုးက ကျွေးမှသာလျှင် သံသယကင်းစွာ စားသောက်နိုင်မယ် မဟုတ်လား"

ကိုဂျုံးစိန်က မျက်မှောင်ကုတ်ကာ စဉ်းစားလိုက်သည်။

"အင်း ကျွန်တော့်ဦးလေး ကိုစန်းယုမှာကတော့ ရင်းနှီးတဲ့ မိတ်ဆွေ အတော်ကလေး များတယ်ဗျ၊ ဒီတော့ ကျွန်တော့်အနေနဲ့ သူနဲ့ရင်းနှီးတဲ့ မိတ်ဆွေဆိုတော့ ဘယ်လိုလုပ် ပြောရမလဲ မသိဘူး"

"သူနဲ့ ရင်းရင်းနှီးနှီး စားသောက်နေတဲ့ လူတွေကတော့ ရုံးတော်က လူတွေ အများဆုံးပါတာပဲ၊ တိတိကျကျ ပြောမယ်ဆိုရင်တော့ ကျန်းတစုဟာ သူနဲ့အတွဲဆုံးပါပဲ၊ အတူတူ အမှုထမ်းတဲ့လူဆိုတော့ သူနဲ့ဆွေးနွေးကြရင် ပိုပြီး အဆင်ပြေမယ် ထင်တယ်"

လူအေးနှင့် သံမဏိလက်တို့သည် သက်ပြင်းကိုယ်စီ ချလိုက်ကြလေသည်။

ကိုဂျုံးစိန်ထံမှ ထို့ထက် ထူးခြားသော အကြောင်းအရာများ ရနိုင်တော့မည် မဟုတ်ကြောင်း သဘောပေါက်လာကြလေသည်။

ထို့ကြောင့် လူအေးနှင့် သံမဏိလက်တို့က ထိုင်ရာမှ ထရပ်လိုက်ကြလေသည်။

ကိုဂျုံးစိန်သည် သံမဏိလက်တို့အား ခြံဝင်းပေါက်အထိ လိုက်လံပို့ဆောင်ပေးခဲ့သည်။

သံမဏိလက်သည် အိမ်ဘက်သို့ ပြန်၍ လှည့်ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုကျုံးစိန်၏ အိမ်မျက်နှာစာ တံစက်မြိတ်တစ်ခုလုံးမှ အုတ်ကျွတ်ပြားများ ပေါက်ပြဲနေသည်။

အိမ်ခြံဝင်းထဲသို့ ဝင်ရာလမ်းခင်းကျောက်ပြားများမှာလည်း ကျိုးပဲ့နေ၍ ခြံဝင်းတံခါးနှစ်ခုစလုံးမှာလည်း ကျိုးပျက်နေလေသည်။

ဖွင့်၍ပိတ်၍ မရတော့သဖြင့် ဤအတိုင်း ဖွင့်ထားရသည်ကို ဂရုပြုမိလေသည်။

သံမဏိလက်သည် ထိုမြင်ကွင်းများကြောင့် စိတ်မကောင်းစွာဖြင့် သက်ပြင်းချလိုက်သည်။

ထို့နောက်...

ကိုကျုံးစိန်အား လှည့်ကြည့်ကာ မေးခွန်းတစ်ခု ထုတ်လိုက်သည်။

"ဩော် ဒါနဲ့ ခင်ဗျားကို မေးရဦးမယ်၊ ခင်ဗျားဦးလေး သေဆုံးသွားလို့ ရုံးတော်က သင်္ဂြိုလ်စရိတ် ထောက်ပံ့ကြေး ဘယ်လောက်ပေးသလဲ"

ကိုကျုံးစိန်က သက်ပြင်းတစ်ချက် လေးတွဲ့စွာ ချလိုက်လေသည်။

"ရုံးတော်က ထောက်ပံ့ကြေးငွေ လျှံသုံးဆယ့်ငါးလျှံ ထုတ်ပေးဖို့ ခွင့်ပြုလိုက်တယ်"

သံမဏိလက်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

"ဟင် သုံးဆယ့်ငါးလျှံ တည်းလား"



ကိုကျုံးစိန်က ခေါင်းတစ်ချက်ညိတ်လိုက်သည်။

လူအေးမှာ မျက်မှောင်ကုတ်သွားလေသည်။

ထောက်ပံ့ကြေးပေးသော သုံးဆယ့်ငါးလျှံမှာ အမှန်တကယ်မှာမူ နည်းပါးလှပေသည်။

သို့သော်...

ဤမျှလောက်သော ငွေသည် ကိုကျုံးစိန်အဖို့ လုံလောက်သော ငွေပမာဏပင် ဖြစ်ပေသည်။

နှစ်စဉ်ရေးမှူး တစ်ယောက်အနေဖြင့် တာဝန်ထမ်းဆောင်နေရင်း အသက်အရွယ် ထိခိုက်ကာ သေဆုံးသွားလျှင် ဤမျှလောက်သော ထောက်ပံ့ကြေးငွေသာ ရမည် ဖြစ်သည်။

ဤမျှနည်းပါးသော သင်္ဂြိုလ်စရိတ်က သူတို့နှစ်ဦးအား သံဝေဂရသွားစေလေသည်။

အကယ်၍များ သူတို့အလှည့် တစ်နေ့နေ့ တစ်ချိန်ချိန် ကြုံကြိုက်ခဲ့ပါလျှင် လူအေးနှင့် သံမဏိလက်တို့အလှည့် ကျရောက်လာပါလျှင်လည်း ထောက်ပံ့ကြေးငွေမှာ ဤမျှလောက်သာ ဖြစ်မည်မှာ မလွဲပေ။

● ● ●

ကျွန်းတစုသည် စကားပြောလျှင် ကျယ်လောင်ကျယ်လောင် ပြောတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဒေါ်မန်ပါပါ လက်သီးလက်မောင်းတန်းကာ စကားပြောဆိုတတ်သူတစ်ယောက် ဖြစ်သည်။

ကျန်းတစု၏ စကားပြောဟန်မှာ စုံစမ်းရေးမှူးတစ်ယောက်၏ ဟန်ပန်အပြည့်အဝ ပါရှိနေသည်။

သူ၏အသက်မှာ လေးဆယ်ကျော်မျှသာ ရှိသေးသည်။

သူသည် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ထားသဖြင့် သူ၏မျက်နှာမှာ ရင့်ကျက်နေသယောင် ရှိနေသည်။

ကျန်းတစုသည် သူ၏ရှေ့ဘက်မှ စားပွဲကို ဖြန်းခနဲနေအောင် ရိုက်ချလိုက်ရင်း ဒေါသသံနှင့် စကားပြောလိုက်သည်။

"ကျုပ်ကိုယ်တိုင်လဲ ဒီကိစ္စနဲ့ ပတ်သက်ပြီး သတင်းအစအနများ ရမလားလို့ စုံစမ်းနေတာပဲ၊ ကို့စန်းယုကို သတ်တဲ့တရားခံကို ကျုပ်အနေနဲ့ အထူးကြိုးစား ဖော်ထုတ်မယ်၊ စုံစမ်းရေးမှူးနှစ်ယောက်လဲ ကြိုးစားပေးကြပါ"

သံမဏိလက်က ပြုံးလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော့်အနေနဲ့ ဒီကိစ္စကို အတတ်နိုင်ဆုံး ကြိုးစားပါ့မယ် ခင်ဗျာ၊ ဒါကြောင့် ကျွန်တော်တို့ကို ကို့စန်းယုနဲ့ ပတ်သက်တဲ့ အကြောင်းကလေး ပြောပြပါ"

ကျန်းတစုက သူ၏ခေါင်းကို သွက်လက်စွာ ညိတ်ပြလိုက်၏။

"စုံစမ်းရေးမှူးတို့အနေနဲ့ ကို့စန်းယု အကြောင်းနဲ့ ပတ်သက်ပြီး ဘာများသိချင်လဲ၊ သိချင်တာ မှန်သမျှ မေးပါ"



သံမဏိလက်က တည်ကြည်သော လေသံဖြင့် စတင်မေးမြန်းလိုက်သည်။

"ကျွန်တော့်အနေနဲ့ကတော့ ပထမဆုံး သိချင်တဲ့အချက်က ကို့စန်းယုဟာ ဘယ်သူတွေနဲ့ လက်ပွန်းတတီး ရင်းရင်းနှီးနှီးနေထိုင်ပါသလဲ၊ ဆိုလိုတာက အတူတူ စားသောက် သွားလာနေထိုင်မှု အရှိဆုံးဟာ ဘယ်သူလဲဆိုတာ သိချင်ပါတယ်"

သံမဏိလက်၏စကားကြောင့် ကျန်းတစုသည် မျက်လုံးလှန် ကြည့်လိုက်သည်။

ကျန်းတစုက သူ့မျက်နှာကို လက်ညှိုးပြန်ထိုးလိုက်သည်။ ပြီးမှ...

"ကျုပ်ပေါ့၊ ကို့စန်းယုဟာ ကျုပ်နဲ့အတွဲအများဆုံးပဲ၊ ပြောရမယ်ဆိုရင်တော့ ကျုပ်ရဲ့အရင်းနှီးဆုံးပဲ၊ နှစ်ပေါင်းသုံးဆယ်လောက် အတူတူ ပေါင်းသင်းခဲ့ကြတာပဲ"

သံမဏိလက်က ကျန်းတစုကို စိုက်ကြည့်ရင်း မေးမြန်းလိုက်ပြန်သည်။

"ဒီလိုဆိုရင် ကို့စန်းယု မဆုံးမီ ဘယ်အချိန်ထိ ခင်ဗျားနဲ့ အတူတူ နောက်ဆုံးချိန်ရှိသလဲ"

ကျန်းတစုက ခေါင်းညိတ်ပြလိုက်သည်။

"မနေ့က မနက်ပိုင်းစောစောလောက်မှာ ရုံးတော်ကို ကျုပ်ရောက်တော့ ကို့စန်းယု ရောက်နေပြီပဲ၊ သူက ကျုပ်ဘေးမှာ ထိုင်ပြီး အမှုတွဲတွေကို ယှဉ်ကြည့်နေတယ်၊ ကျုပ်က ခါတိုင်းလို နှုတ်ဆက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မနေ့က ဘာထူးခြားလဲလို့ မေးလိုက်ပါတယ်"

သံမဏိလက်က မျှော်လင့်ချက်ဖြင့် ကမန်းကတန်း မေးလိုက်သည်။

"ကိုစန်းယုက ဘာတွေ ပြောသေးလဲ"

ကျန်းတစုက...

"အမှုတစ်ခုအတွက် သဲလွန်စ ရထားတယ်၊ အဲဒီ သဲလွန်စ သေချာရင်တော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲလို့ ပြောတယ်၊ ဒီတစ်ခါတော့ စိတ်ဝင်စားစရာကောင်းမယ့် အမှုမျိုးပဲလို့ ပြောတယ်"

"ညနေ အရက်သောက်ရင်း တိုင်ပင်ရမယ်လို့ ပြောတယ်၊ ကျုပ်လွှက်ရည်ဆိုင်ကို သွားဖို့ခါတော့ အမှုတစ်ခု လှန်ရှာနေရင်းက မလိုက်တော့ဘူးလို့ ပြောတယ်၊ ကျုပ်လွှက်ရည်ဆိုင်က ပြန်ရောက်လာတော့ ကိုစန်းယု မရှိတော့ဘူးဗျ"

သံမဏိလက်က မျက်မှောင်ကြုတ်၍...

"အဲဒီ နောက်ပိုင်းမှာ ကိုစန်းယုနဲ့ ခင်ဗျားတို့ ထပ်မတွေ့ကြတော့ဘူး ဆိုပါတော့"

ကျန်းတစုက ခေါင်းညိတ်လိုက်သည်။

"တွေ့ပါတယ်"

သံမဏိလက်က ထပ်မံမေးလိုက်သည်။

"ခင်ဗျားနဲ့ အရက်သောက်ဖို့ လာသေးတယ်ပေါ့"

ကျန်းတစုက ဦးခေါင်းကို ခါယမ်းလိုက်ပြီး ခြောက်ကပ်စွာ ရယ်မောလိုက်သည်။

BURMESE CLASSIC



"ဟဲ..ဟဲ၊ တွေ့တဲ့အချိန်ကတော့ ဒီမနက်ပိုင်းပဲ၊ ဒါပေမယ့် သူ့ကို တွေ့တော့ အသက်နဲ့ခန္ဓာ တွဲလျက် မရှိတော့ဘူးလေ"

သံမဏိလက်၏ မျက်လုံးအစုံမှာ မြင့်တက်သွားသည်။

သံမဏိလက်မှာ ကျန်းတစု စကားကြောင့် ရယ်မောလိုက်သည်။

စုံစမ်းရေးမှူး အချင်းချင်း ဖြစ်သဖြင့် ဤကဲ့သို့ စကားကို ကပ်ဖဲ့ပြောပြသည်မှာ မဆန်းပေ။

သံမဏိလက်က ဆက်လက်မေးမြန်းလိုက်သည်။

"ဒါဖြင့် ကိုစန်းယုမှာ သူနဲ့ ရင်းရင်းနှီးနှီးတွဲတဲ့လူ ဘယ်သူတွေများ ရှိပါသေးလဲ၊ ကျန်းတစုကတော့ သူနဲ့ အရင်းနှီးဆုံးဆိုတော့ သိမလားလို့ပါ"

ကျန်းတစုက သူ၏ဦးခေါင်းကို လေးတွဲ့စွာဖြင့် ခါယမ်းလိုက်သည်။

ပြီးမှ...

"အင်း စုံစမ်းရေးမှူးကြီးတို့က တို့စန်းယုဟာ အဆိပ်မိပြီးတော့ သေတယ်၊ ဒါကြောင့် ရင်းနှီးတဲ့လူဆိုရင် သူ့အနေနဲ့ ယုံကြည်ပြီး အစားအသောက်စားရင်း သံသယ မရှိဘဲ စားမယ်လို့ ယုံကြည်ထားတာကို၊ ဒီတော့ သူနဲ့ အရင်းနှီးဆုံးလူကို အနီးစပ်ဆုံး ခန့်မှန်းရအောင် သိချင်နေကြတာကို၊ ဒီလိုတွေးပြီး တော်တော်များများ ရှိတယ်၊ ဒါပေမယ့် ရုံးတော်ထဲက လူတွေပဲ အစားအသောက်စားတဲ့နေရာမှာ သူ့ရဲ့ငွေအပ်ကလေးနဲ့ ထောက်ပြီးမှ စားလေ့ရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကတောင် ပြောသေးတယ်၊ အထက်အရာရှိနဲ့ စားမယ်ဆိုရင် မျက်နှာပျက်စရာ ဖြစ်နေလိမ့်မယ်လို့၊ အခုတော့ သူကြောက်တဲ့ အဆိပ်နဲ့ သူသေသွားရတာပါ"

လူအေးက ဝင်ရောက်မေးမြန်းလိုက်သည်။

"စုံစမ်းရေးမှူး ကိုစန်းယု ကွယ်လွန်သွားတော့ သူ့အမှုတွေကို ဘယ်သူက ဆက်လက်တာဝန်ယူ ဆောင်ရွက်မှာလဲ"

ကျန်းတစုက သူ့မျက်နှာကို လက်ညှိုးထိုးပြကာ...

"ဒီအမှုကို ကျုပ်ပဲ တာဝန်ယူရမှာပေါ့"

လူအေးက မေးလိုက်သည်။

"ကိုစန်းယု ကိုင်တွယ်တာ ဘယ်နှစ်မှုလောက် ရှိသလဲ"

ကျန်းတစုက ဖြေးလေးစွာ သက်ပြင်းတစ်ချက် ချပြီး ညည်းညည်းညူညူ ပြောဆိုလိုက်သည်။

"အင်း သူမသေခင် ရက်ပိုင်းလောက်မှာ နောက်ထပ် လေးမှုတိုးတော့ ဆယ့်လေးမှုပေါ့၊ ဒီလိုပါပဲ စုံစမ်းရေးမှူးတွေအဖွဲ့မှာက တော့ အမှုတွေသာ ထပ်တိုးလာတယ်၊ စုံစမ်းဖော်ထုတ်ပြီးသွားတဲ့ အမှုတွေကတော့ သိပ်ပြီး မရှိလှပါဘူး၊ ကျုပ်တို့မှာက စုံစမ်းရေးမှူး တစ်ယောက်ကို အမှုဆယ့်လေးငါးမှုလောက် ကိုင်တွယ်နေရတယ်"

သံမဏိလက်က အေးဆေးသော လေသံဖြင့် ပြောလိုက်လေသည်။

"ဒီလိုဆိုရင် ကိုစန်းယု ကိုင်တွယ်နေတဲ့ အမှုတွေကို သိပါရစေ၊ ကျုပ်တို့နှစ်ယောက် လေ့လာပါရစေ"



ကျန်းတစုက ဦးခေါင်းကို ခါယမ်းလိုက်သည်။

"သူ့အမှုတွဲတွေလား၊ ကျုပ်ဆီမှာ တစ်ခုမှ မရှိဘူး"

သံမဏိလက်က အံ့အားသင့်သွားလေသည်။

"ဟင် ဘာဖြစ်လို့ မရှိတော့တာလဲ"

ကျန်းတစုက စိတ်ညစ်ဟန်ဖြင့် ပြောလိုက်သည်။

"ယူသွားပြီဗျာ၊ ကိုစန်းယုကိုင်တဲ့ အမှုတွေ အားလုံး ယူသွားပြီဗျ"

သံမဏိလက်က မျက်မှောင်ကုပ်၍...

"ဘယ်သူက ယူသွားတာလဲ"

ကျန်းတစုက သက်ပြင်းတစ်ချက် လေးတွဲ့စွာ ချလိုက်ပြီး ဖြေးညင်းစွာပင် ပြောလိုက်သည်။

"စုံစမ်းရေး အရာရှိချုပ်ဆီ ရောက်သွားပြီး စောစောလေးတင်ကပဲ ကလေးတစ်ယောက်ကို လွှတ်ပြီး ကျုပ်တို့ အရာရှိဆီကနေ တစ်ဆင့် တောင်းယူသွားတာ လေ့လာမလို့နဲ့တူတယ်၊ ပြီးတော့ ကိုစန်းယုရဲ့ လက်ကျန်အမှုတွေကို ခွဲဝေပေးမယ်နဲ့ တူပါတယ်၊ အင်း ကျုပ်တို့မှာ အားနည်းပြီး အမှုတွေ ထပ်တိုးတော့မယ်နဲ့ တူပါတယ်ဗျာ"

စုံစမ်းရေးအရာရှိချုပ်မှာ ရဲကျိုပင် ဖြစ်သည်။

ဒေသအုပ်ချုပ်ရေးအရာရှိမင်းနှင့် စုံစမ်းရေးအရာရှိချုပ်တို့၏ ရာထူးအဆင့်အတန်းမှာ အတူတူပင် ဖြစ်သည်။

ဒေသအုပ်ချုပ်ရေး အရာရှိမင်းသည် သူအုပ်ချုပ်ရသော

www.burmeseclassic.com

www.burmeseclassic.com



ဒေသအတွင်း၌ ဖြစ်ပျက်ခဲ့သော အမှုအခင်းများနှင့် သက်ဆိုင်ခဲ့၏။

သက်ဆိုင်သော ရာဇဝတ်ကောင်များနှင့် ပတ်သက်သော စစ်ဆေးမှုအစီရင်ခံစာနှင့် သက်သေအထောက်အထား ပြည့်စုံလုံလောက်လျှင် အပြစ်ဒဏ်စီရင်ချက် ချပေးရလေ့ရှိသည်။

ကျန်းတစုကဲ့သို့သော စုံစမ်းရေးမှူးများသည် စုံစမ်းစစ်ဆေးရေး အရာရှိရုံးချုပ်နှင့် ကင်းကွာ၍ မရပေ။

ထို့ပြင် ဒေသအုပ်ချုပ်ရေး တရားစီရင်မှု ရုံးတော်နှင့်လည်း ကင်းကွာ၍ မရချေ။

သို့သော် ကျန်းတစုတို့သည် ဒေသအုပ်ချုပ်ရေး အရာရှိမင်း၏ လက်အောက်၌ ရှိနေ၏။

ဤဒေသတပိုက်၌ နေထိုင်သော ဒေသခံပြည်သူများသည် အမှုခင်း တစ်စုံတစ်ရာ ဖြစ်ပွားခဲ့လျှင် ဒေသအုပ်ချုပ်ရေး အရာရှိမင်းထံသို့ ဦးတိုက်လျှောက်ထား တိုင်ကြားရမည် ဖြစ်သည်။

ဒေသအုပ်ချုပ်ရေး ရုံးတော်ထက် တဆင့် အာဏာပိုင်ခွင့်ရှိသူမှာ မြို့နယ်အုပ်ချုပ်ရေး အရာရှိမင်းပင် ဖြစ်သည်။

မြို့နယ်အုပ်ချုပ်ရေးမင်းကြီးမှာ ဂူထိန်ယင်ပင် ဖြစ်သည်။ သံမဏိလက်က မျက်မှောင်ကုတ်၍ မေးလိုက်သည်။

"စုံစမ်းရေးမှူးကြီး စိတ်ထဲက ထင်မြင်ချက်တစ်ခုလောက်ကို ပြောပြစမ်းပါ၊ ကို့စန်းယု ကိုင်တွယ်ရတဲ့ အမှုတွေထဲက ထူးထူးခြားခြား ဖြစ်ပျက်လောက်စရာရှိတဲ့ အမှုတွေ ဘာတွေများ မရှိဘူးလား"



သံမဏိလက်၏စကားကြောင့် ကျန်းတစုက ခေတ္တစဉ်းစားလိုက်သည်။

"ထူးထူးခြားခြား အမှုမျိုး ဟုတ်လား၊ အင်း မရှိလှပါဘူး။ အမှုတစ်ခုတော့ ရှိတယ်၊ ဒါပေမယ့် ဒီအမှုကတော့ ကျုပ်တို့အားလုံးနဲ့ဆိုင်တဲ့ အမှုပါပဲ၊ အခုတစ်လော ကျုပ်တို့မြို့ထဲမှာ တစ်ကိုယ်တော်ဓားပြလို့ခေါ်တဲ့ အနက်ရောင် သိုင်းသမားတစ်ယောက် လှုပ်ရှားသောင်းကျန်းနေတယ်"

"သူဟာ သိုင်းပညာအဆင့်မြင့်တယ်၊ မိန်းကလေးတွေကို အနိုင်ယူတယ်၊ ကို့စန်းယု ကိုင်တွယ်ရတဲ့ အခြားအမှုတွေကတော့ သားက အဖေရဲ့ငွေ ခိုးပြေးသွားတဲ့ အမှုရယ်၊ စွားဟူကျန်းဒေသမှာ ရွာလုံးကျွတ် မီးရှို့၊ ဓားပြတိုက်တဲ့ အမှုကတော့ ခင်ဗျားတို့ကြောင့် ပေါ်လာပြီ မဟုတ်လား"

လူအေးနှင့် သံမဏိလက်တို့က ခေါင်းချင်းဆိုင်ကာ တိုင်ပင်လိုက်ကြသည်။

သူတို့နှစ်ဦး စုံစမ်းစစ်ဆေးရေး အရာရှိချုပ်နှင့် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။

လူအေးက ထိုင်ရာမှ ထလိုက်ပြီး...

"ကဲ ကျွန်တော်တို့ နှစ်ယောက်နဲ့အတူ အစ်ကိုကြီးကျန်းတစု ပါ လိုက်ခဲ့ပါလား၊ ကျွန်တော်တို့ စုံစမ်းရေး အရာရှိချုပ်နဲ့ သွားပြီးတော့ ဆွေးနွေးကြည့်ရအောင်"

ကျန်းတစုက ခေါင်းညိတ်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ညနေပင် စောင်းလုလု အချိန် ဖြစ်သည်။

သူတို့သုံးယောက်သည် မြို့တွင်းရှိ လှက်ရည်ဆိုင် တစ်ခု အတွင်း၌ ထိုင်စကားပြောနေကြခြင်း ဖြစ်သည်။

သူတို့ ထိုင်ရာနေရာသည် အပေါ်ထပ် ပြတင်းပေါက်အနီးတွင် ဖြစ်သည်။

ထို့ကြောင့် အောက်လမ်းမကို အပေါ်စီးမှ မြင်တွေ့နေရလေသည်။

ယခု သူတို့ ထိုင်နေကြသော ဆိုင်မှာ ရုံးတော်မှ အမှုထမ်းများ လာရောက်၍ လဘက်ရည်ကြမ်း သောက်လေ့ရှိသောဆိုင် ဖြစ်သည်။

ကျန်းတစုသည် ထိုင်ရာမှ ထလိုက်သည်နှင့် ပြတင်းပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက်သည်။

ရုံးမှ အမှုထမ်းတစ်ယောက် ပြေးတက်လာသည်ကို တွေ့လိုက်ရသည်။ ကျန်းတစုက ထိုအမှုထမ်းကို မေးလိုက်သည်။

"ဘာကိစ္စလဲဟေ့"

အမှုထမ်းက အရိုအသေ ပြုလိုက်ပြီး...

"ဆရာကြီးနဲ့ စုံစမ်းရေးမှူးတို့ နှစ်ယောက်ကို အရာရှိမင်းက သူ့ရဲ့အိမ်မှာ ညစာစားဖို့ ဖိတ်လိုက်ပါတယ်"

ကျန်းတစုက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ တို့တွေ လာခဲ့မယ်လို့ ပြောလိုက်ပါ"

♣ ♣ ♣



## ဧည့်သည်နှစ်ယောက်

ဒေသအုပ်ချုပ်ရေး အရာရှိမင်း ရိုလင်ကျန်း၏ ဖိတ်ခေါ်မှုကို သူတို့ လက်ခံလိုက်ကြလေသည်။

ထို့ကြောင့် စောစောက စီစဉ်ထားခဲ့သော အစီအစဉ် ဖြစ်သည့် စုံစမ်းစစ်ဆေးရေး အရာရှိထံသို့ မသွားဖြစ်ခဲ့ချေ။

လူအေး၊ သံမဏိလက်နှင့် ကျန်းတစုတို့သည် ဒေသအုပ်ချုပ်ရေး အရာရှိမင်း ရိုလင်ကျန်း အိမ်ဂေဟာသို့ ဝင်ရောက်လာခဲ့ကြသည်။

အရာရှိမင်း ရိုလင်ကျန်းသည် လူအေးတို့သုံးဦးအား တွေ့လိုက်သည်နှင့် ပြုံးရွှင်ဖော်ရွေစွာဖြင့် ကြိုဆိုနှုတ်ဆက်လိုက်သည်။

အရာရှိမင်း ရိုလင်ကျန်း၏မျက်နှာမှာ ခေါ်ငော့ဘော့တော့ ဖြစ်ပြီး အသားညိုသူတစ်ယောက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်ခုံးမွေးမှာ ဆက်လုနီးမတတ် ထူထဲပြီး တည်ကြည်စနစ်ကျသူတစ်ယောက် ဖြစ်၏။ပြုံးကာ နှုတ်ဆက်လိုက်သည်။

"လာကြပါ၊ ကျုပ်က စုံစမ်းရေးမှူးကြီးတွေကို စောင့်မျှော်နေပါတယ်၊ ဒီကနေ့ ညစာကို ကျုပ်က ဧည့်ခံချင်တာကြောင့် အခုလို ဖိတ်လိုက်ရတာပါပဲ"

ရိုလင်ကျန်းသည် အရာရှိတစ်ဦး ဖြစ်သော်လည်း သူ၏ လက်အောက်မှ လူများကို တလေးတစား ဆက်ဆံပြောဆိုလိုက်လေသည်။

လူအေးနှင့် သံမဏိလက်တို့မှာ သူ့ထက်တစ်ဆင့် နိမ့်သူများ ဖြစ်သည်။

သို့သော် သူသည် လူအေးနှင့် သံမဏိလက်တို့၏ သိုင်းပညာ အရည်အချင်းကို သဘောကျသူတစ်ယောက် ဖြစ်သည်။

ထို့ကြောင့် လေးစားစွာပင် ဆက်ဆံပြောဆိုနေခြင်း ဖြစ်သည်။ အရာရှိမင်း ရိုလင်ကျန်းက ရင်းနှီးစွာဖြင့် ပြုံးကာ...

"စွားပဟူကျန်းဒေသ အမှုတွေ ပြီးတာနဲ့ ခင်ဗျားတို့နှစ်ယောက်ကို တွေ့ချင်နေတာပဲ၊ ဒီကနေ့လဲ မြို့နယ်အုပ်ချုပ်ရေး အရာရှိ၊ စုံစမ်းရေး အရာရှိတို့နဲ့ တိုင်ပင်ပြီး ကိုစန်းယုရဲ့ သေဆုံးမှုကို ခင်ဗျားတို့နှစ်ယောက် ပါဝင်ကူညီပေးဖို့ တောင်းခံမလို့ပါဘဲ၊ အမိန့်အာဏာနဲ့ ခိုင်းတာမျိုး မဟုတ်ပါဘူး"

သံမဏိလက်က ရိုလင်ကျန်းအား အရှိအသေ ပြုလိုက်သည်။



"ကျွန်တော်တို့နှစ်ယောက်ကလဲ ဒီကိစ္စနဲ့ ပတ်သက်ပြီး အကူအညီပေးဖို့ စိတ်အားထက်သန်နေပါတယ် ခင်ဗျာ၊ ကူညီဖို့လဲ အဆင့်သင့် ဖြစ်နေပါတယ် ခင်ဗျာ"

ရိုလင်ကျန်းသည် ကျန်းတစုတို့အား ညစာစားပွဲနှင့် တည်ခင်းဧည့်ခံလေတော့သည်။

ညစာ စားပွဲ၌ အရက်များ အလျှံပယ် ချထားပေးလေသည်။ သူတို့သည် အရက်ကို အနည်းငယ်မျှသာ သောက်ကြလေသည်။

ကျန်းတစုသည် အရက်ကို အားရပါးရ တစ်ခွက်ပြီးတစ်ခွက် သောက်နေလေသည်။

သူတို့သုံးဦးစလုံးသည် အရာရှိမင်း ရိုလင်ကျန်းက ဖော်ရွေစွာ ဧည့်ခံစကားဖြင့် ဂုဏ်ယူနေကြသည်။

သူတို့သည် စားသောက်ရင်း စကားများ ဖောင်ဖွဲ့ကာ ပြောဆိုနေလေသည်။

♣ ♣ ♣

ရုတ်တရက် အခန်းတွင်းသို့ လူတစ်ယောက် ဝင်ရောက်လာလေသည်။

ထိုလူသည် ထိပ်အုပ်မပါသော နေကာအထက် ခမောက်တစ်လုံးကို ခပ်နိမ့်နိမ့် ဆောင်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ဝတ်စုံမှာ ဝတ်စုံရှည်ကို ဝတ်ဆင်ထားသည်။ ခေါင်းတွင် ခေါင်းပတ်မပါဘဲ ကြိုးတစ်ချောင်းဖြင့် ဖြစ်သလို ချည်နှောင်ထားလေသည်။

ထိုလူ၏ကိုယ်ဟန်အနေအထားမှာ ပိန်ပိန်ပါးပါး ဖြစ်သည်။ အရပ် အတန်ငယ် မြင့်မားပေသည်။

အဝတ်ခမောက်အနားကို ခပ်စိုက်စိုက် ဆောင်းထားသဖြင့် ထိုလူ၏မျက်နှာကို တစ်ဝက်မျှသာ တွေ့မြင်ရလေသည်။

ရှည်သော နှာတံ၊ ပါးလွှာသော နှုတ်ခမ်းနှင့် ချွန်သော မေးများကိုသာ တွေ့ရလေသည်။

ထိုလူသည် ဧည့်ခန်းအပေါက်ဝသို့ အရောက်၌ ခြေလှမ်းကို ခေတ္တမျှ ရပ်တန့်ထားလိုက်သည်။

ထို့နောက် ဦးခေါင်းကို အနည်းငယ်မော့ကာ စားပွဲ၌ ထိုင်နေကြသော လူအေးတို့ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ထိုလူ၏ စူးရှတောက်ပသော မျက်လုံးအစုံကို လှမ်းတွေ့လိုက်ရလေသည်။

ထိုလူသည် ဦးခေါင်းကို ချက်ချင်းပြန်ငုံ့ကာ ရှေ့သို့ ဆက်လက်လျှောက်လာလေသည်။

သူ၏အင်္ကျီရင်ဖုံးထဲမှ စာတစ်စောင်ကို နှိုက်ယူလိုက်သည်။ ထို့နောက် ရိုလင်ကျန်းထံသို့ တရိုတသေပေးလိုက်သည်။

သူသည် စကားတစ်လုံးမှ ပြောဆိုခြင်း မရှိပါ။ ရိုလင်ကျန်းက စာကိုယူ၍ ဖတ်လိုက်သည်။



"ဪ အရာရှိမင်း ဝူးထိန်ယင်က စာပေးနိုင်းလိုက်တာကိုး"

ထိုလူသည် ဘာစကားမှ မပြောဘဲ ဦးခေါင်းကို တစ်ချက် ညိတ်ပြလိုက်လေသည်။ ရိုလင်ကျန်းက သဘောကျစွာ တစ်ချက်ပြုံးလိုက်ပြီး...

"အရက်တစ်ခွက်၊ နှစ်ခွက်လောက် ဝင်သောက်သွားပါလား"

ထိုလူက ခေါင်းခါယမ်းလိုက်သည်။

ထိုစဉ်မှာပင်...

"ဖြောက်"

အသံတစ်သံ ထွက်ပေါ်လာသည်။ နီမြန်းသော မီးကျီးခဲတစ်ခုသည် ထူးဆန်းသော ထိုလူ၏မျက်နှာဆီသို့ တန်းမတ်စွာဖြင့် လွင့်စဉ်သွားလေသည်။

စားပွဲဝိုင်းအလယ်၌ မီးဖိုတစ်လုံး ရှိသည်။ ထိုမီးဖိုပေါ်၌ ဟင်းငါးမျိုး ထည့်ထားသော လင်ဗန်းတစ်ချပ် ရှိသည်။

ဟင်းများကို စားသောက်သူ အနေနှင့် ပူပူနွေးနွေး စားသောက်နိုင်ရန် စီစဉ်ထားခြင်း ဖြစ်သည်။

ထိုမီးသွေးဖိုထဲမှ မီးခဲတစ်ခဲသည် ပေါက်ကွဲထွက်ပေါ်လာပြီး အပြင်သို့ လွင့်စဉ်ထွက်လာခြင်းပင် ဖြစ်သည်။

ထူးဆန်းသော ထိုလူသည် သူ၏မျက်နှာဆီသို့ လွင့်စဉ်လာသော မီးကျီးခဲကို ဖြတ်ခနဲ ဖမ်းဆုပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လက်ဝါးဖြန့်ကာ လက်ထဲမှ မီးကျိုးခဲကို စားပွဲအလယ်ရှိ မီးသွေးဖိုထဲသို့ ပြန်ထည့်လိုက်သည်။

ထိုလူသည် ရိုလင်ကျန်းအား အလေးပြုပြီးနောက် လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

ထိုလူသည် သူ၏ကိုယ်ကို ကိုင်းညွတ်ကာ အလေးပြုလိုက်ခြင်းသည် ပြန်တော့မည်ဟု နှုတ်ဆက်ပွဲ်င်းပင် ဖြစ်သည်။

စကားတစ်လုံးမှ မပြောဘဲ ထွက်ခွာသွားလေတော့သည်။ အရက် အတော်ကလေး သောက်ထားသော ကျန်းတစုက အာလေးလျှာလေး အသံနှင့် ပြောလိုက်သည်။

"အင်း အခု ထွက်သွားတဲ့လူရဲ့ အသွင်အပြင်ဟာ အတော်ကလေး ထူးခြားပါတယ်၊ ဒီလူ စကားပြောတာကို တစ်ခါမှ မတွေ့ဖူးဘူး၊ မြို့နယ်အုပ်ချုပ်ရေးမင်းရဲ့ လက်ရုံးတစ်ဆူ ဖြစ်နေလို့ မာနကြီးတာပဲ"

ထိုအခါ သံမဏိလက်က ရိုလင်ကျန်းဘက်သို့ လှည့်လိုက်လေသည်။

"ဪ ဒီလူက မြို့နယ်အုပ်ချုပ်ရေးရဲ့ ကိုယ်ရံတော်တစ်ယောက်လား"

ရိုလင်ကျန်း မျက်နှာက စောစောကနှင့် မတူဘဲ တည်ကြည်လေးနက်လာလေတော့သည်။

သံမဏိလက်က လှမ်းမေးလိုက်တော့မှပင် သူ၏မျက်နှာကို ပြင်လိုက်၍ ပြန်ရယ်လိုက်သည်။



"အင်း အဲဒီ လူက မြို့နယ်အုပ်ချုပ်ရေးမင်း ဝူးထိန်ယင်းရဲ့ အဝါးတော်မြဲ တစ်ယောက်ပါပဲ၊ ဒါကြောင့် သူစကားမပြောတာကို ကျုပ်တို့အနေနဲ့ သွားပြောလို့ မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့က မြို့နယ်အုပ်ချုပ်ရေးမင်း ဝူးထိန်ယင်းထက် ရာထူးအဆင့် နိမ့်နေတယ် မဟုတ်လား"

ထိုသို့ ပြောပြီးနောက် ရိုလင်ကျန်းသည် ထူးဆန်းသော ထိုလူအကြောင်းကို စကားစဖြတ်လိုက်လေသည်။

ကျန်းတစုသည် အရက်ကိုသာ အတွင်တွင် သောက်နေလေတော့သည်။

အရက်အလွန်အကျွံ မူးနေပြီး ဖြစ်သော ကျန်းတစုသည် လူအေးနှင့် သံမဏိလက်တို့နှင့်အတူ စုံစမ်းရေးရဲကျိုထံ သွားရန် မလွယ်ကူနိုင်တော့ချေ။

လူအေးနှင့် သံမဏိလက်တို့သည် ကျန်းတစု၏ အခြေအနေကို ကြည့်ကာ မသိမသာ သက်ပြင်းကိုယ်စီ ချလိုက်လေတော့သည်။

အားလုံး စားသောက်ပြီးကြသောအခါ ရိုလင်ကျန်းသည် လူအေး၊ သံမဏိလက်နှင့် ကျန်းတစုတို့အား မြဝင်းတံခါးပေါက်ဝအထိ လိုက်လံပို့ဆောင် နှုတ်ဆက်လိုက်သည်။

ကျန်းတစု အတော်ကလေး မူးနေပြီ ဖြစ်သဖြင့် ရိုလင်ကျန်းက မြင်းလှည်းတစ်စီး စီစဉ်ပေးရန် ပြောသော်လည်း လူအေးတို့က အားနာစွာ ငြင်းလိုက်သည်။

ထို့ကြောင့် ကျန်းတစုအား တစ်ဘက်တစ်ချက်စီမှ တွဲကာ

www.burmeseclassic.com

www.burmeseclassic.com



ရိလင်ကျွန်း၏ အိမ်ဂေဟာမှ ထွက်လာခဲ့သည်။

ကျွန်းတစု၏အိမ်သည် ရိလင်ကျွန်း၏အိမ်မှ ရေနွေးတစ်အိုး ကျက်ခန့် ဝေးလေသည်။

ထို့ကြောင့် ဤညအဖို့ လူအေးနှင့် သံမဏိလက်တို့က စုံစမ်းရေးမှူးရဲကျိုထံသို့ သွားရန် အစီအစဉ်ကို ဖျက်လိုက်ရလေသည်။

သူတို့နှစ်ဦးသည် လောလောဆယ် လုပ်ဆောင်ရမည့် အချက်မှာ မူးနေသော ကျွန်းတစုအား အိမ်သို့ လိုက်ပို့ဆောင်ရန်သာ ဖြစ်တော့သည်။

နေလုံး ပျောက်ကွယ်သွားပြီ ဖြစ်သည်။ မှောင်ရိပ်များ တဖြည်းဖြည်း စိုးမိုးလာသည်။

လူအေးနှင့် သံမဏိလက်တို့မှာ ကျွန်းတစုကို တွဲကာ စကားတပြောပြောနှင့် ခြေလှမ်းမှန်မှန်လှမ်းကာ လျှောက်လာခဲ့ကြလေသည်။

♠ ♠ ♠

ကျွန်းတစု၏ နေအိမ်သို့ သွားရာ လမ်းတစ်ဘက်တွင် တောတန်းကလေးတစ်ခု ရှိသည်။

တစ်ဘက်တွင်မူကား လွင်ပြင်ကျယ် မြက်ခင်းတစ်ခု တည်ရှိလေသည်။ မြက်ခင်းလွင်ပြင်ကို ဖြတ်ကျော်လိုက်လျှင် စမ်းချောင်းငယ်ကလေးတစ်ခုကို တွေ့ရမည် ဖြစ်သည်။



ထိုချောင်းငယ်ကလေး တစ်ဘက်၌ လွင်ပြင်ကျယ်ကြီးမှာ တမျှော်တခေါ်ကြီး ကျယ်ပြန့်စွာ ရှိနေသည်။

အကာအကွယ်မရှိသော အရပ်ကို ဖြတ်ကျော်ကာ တိုက်ခတ်လာသော လေသည် အနည်းငယ် ကြမ်းနေသည်။

ထို့ကြောင့် သူတို့သုံးဦးစလုံး၏ အင်္ကျီစများမှာ လေထဲ၌ တဖျပ်ဖျပ် လှုပ်ခါနေသည်။

လွင်ပြင်ကျယ်သို့ သူတို့ ရောက်လာကြသည်။ ထိုနေရာသို့ ရောက်လျှင် သံမဏိလက်၏မျက်နှာ အမူအရာမှာ တစ်မျိုး ပြောင်းလဲသွားလေတော့သည်။

သံမဏိလက်တို့သည် သူ၏ခြေလှမ်းလက်စ ခြေလှမ်းများကို ရုတ်တရက် ရပ်တန့်လိုက်သည်။

အနောက်ဘက်သို့ ချက်ချင်းလှည့်လိုက်သည်။ ထို့နောက် သံမဏိလက်က လူအေးကို မျက်ရိပ်တစ်ချက်ပြလိုက်သည်။

လူအေးကလည်း အကင်းပါးသူတစ်ယောက် ဖြစ်သည်။ သံမဏိလက်၏ ဆိုလိုသော အဓိပ္ပါယ်ကို ချက်ချင်းနားလည်သဘောပေါက်သွားလေသည်။

ထို့ကြောင့် သူတို့မှာ ရှေ့ဆက်မသွားတော့ဘဲ ရုတ်တရက် နောက်သို့လှည့်ပြီး ရပ်တန့်လိုက်လေသည်။

သံမဏိလက်သည် စူးရှသော မျက်လုံးအစုံဖြင့် သူ၏ နောက်ဘက်ရှိ လမ်းဘေးတစ်နေရာမှ သစ်ပင်ကွယ်တစ်ခုဆီသို့ လှမ်းပြောဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ထွက်လာခဲ့ပါလေ၊ ကျုပ်တို့ရဲ့နောက်က နောက်ယောင်ခံလိုက်နေတာ မဟုတ်ဘူးဆိုရင် ကျုပ်တို့ဘေးကနေ ဖြတ်ကျော်တက်သွားနိုင်ပါတယ်"

သံမဏိလက်သည် သူတို့နောက်မှ နောက်ယောင်ခံ လိုက်လာသူ၏အရိပ်ကို သတိပြုမိလေသည်။

ထို့ကြောင့် ယခုကဲ့သို့ ပြောလိုက်ခြင်းပင် ဖြစ်သည်။ သစ်ပင်နောက်မှ မည်သည့်အသံမျှ ထွက်ပေါ်လာခြင်း မရှိဘဲ တိတ်ဆိတ်နေသည်။

လွင်ပြင်ကျယ်နှင့် ချောင်းငယ်တို့မှ ဖြတ်ကျော်တိုက်ခတ်သော လေတိုးသံသာ ကြားနေရသည်။

ကျန်းတစုသည် အတော်ကလေး မူးနေပြီ ဖြစ်သည်။ သူ၏ခြေလှမ်းများပင် မနိုင်တော့ချေ။

သို့သော် သူ၏ပါးစပ်မှ လေးပင်စွာဖြင့် ပြောနိုင်သေးသည်။ ကျန်းတစုသည် မျက်လုံးနီကြီးဖြင့် အာလေးလျှာလေးသံနှင့် ပြောဆိုလိုက်သည်။

"ဘယ်သူလဲ၊ ကျုပ်တို့ရဲ့ နောက်ကနေ နောက်ယောင်ခံပြီး လိုက်နေတာလဲ၊ ဒီလိုဆိုရင် ရန်သူပဲ ဖြစ်လိမ့်မယ်"

ထိုစဉ် လမ်းဘေးရှိ သစ်ပင်နောက်ကွယ်မှ လူရိပ်တစ်ရိပ် ပေါ်ထွက်လာလေသည်။

ထိုလူရိပ်သည် သူတို့ထံသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာသည်ကို တွေ့လိုက်ရလေသည်။



လူအေး၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေတော့သည်။ သံမဏိလက်က မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

ထိုလူရိပ်သည် နွဲ့နှောင်းသော ခန္ဓာကိုယ်ဖြင့် လမ်းလျှောက်လာလေသည်။

ထိုလူရိပ် ကိုယ်ဟန်အနေအထားကြောင့် အမျိုးသမီးတစ်ဦးဖြစ်မှန်း သံမဏိလက်နှင့် လူအေးတို့က သိရှိလိုက်လေသည်။

ထိုအမျိုးသမီးသည် သံမဏိလက်နှင့် လူအေးတို့ရှေ့သို့ ရောက်သောအခါ ခြေလှမ်းရပ်တန့်လိုက်သည်။

သူသည် လက်နှစ်ဘက်ကို နောက်ပစ်၍ ဦးခေါင်းကို ငုံ့ကာ ပြုံးချိုသော မျက်နှာထားဖြင့် စကားစတင် ပြောလိုက်လေသည်။

"ဘယ်လိုလဲ၊ တော်တော်လေး ထိတ်လန့်သွားကြသလားဟင်၊ ကျွန်မ နောက်ယောင်ခံပြီး လိုက်လာတာကို အစ်ကိုတို့က သိသွားးပဲ"

လူအေးက အမျိုးသမီး မျက်နှာကို လှမ်းကြည့်ကာ ငေးမောနေမိလေသည်။

အမှောင်ရိပ်များ ယှက်သန်းနေသော်လည်း သူမ၏မျက်နှာပြင် အလှအပများကို ဖုံးကွယ်ထားနိုင်ခြင်း မရှိချေ။

ထိုအမျိုးသမီးငယ်မှာ အခြားသူတစ်ယောက် မဟုတ်ချေ။ သူမသည် စီးဂေဟာမှ သခင်ကြီးစီးချန်းယင်၏ ညီမဖြစ်သူ စီးမေဟုန်ပင် ဖြစ်လေသည်။ လူအေးသည် သူမကို ငေးနေရင်း ရုတ်တရက် စကားမပြောဘဲ ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ရန်လည်း သတိမရတော့ဘဲ ငေးမောနေလေတော့သည်။ သံမဏိလက်က...

"ဪ အစ်မလေးစီးမေဟုန်ပါလား၊ ဘယ်လိုကနေ ဘယ်လို ဒီကို ရောက်လာတာလဲ"

စီးမေဟုန်၏မျက်နှာမှာ ပြုံးရွှင်နေလေသည်။

သူမ၏ဟန်မူရာမှာ ကလေးငယ်တစ်ဦးပမာ ရွှင်မြူးနေပေသည်။ စီးမေဟုန်က...

"အစ်ကိုတို့က နောက်က နောက်ယောင်ခံပြီး လိုက်လာလို့ ဒီနေရာကို ရောက်လာတာပေါ့"

သံမဏိလက်က သဘောကျစွာ တစ်ချက်ရယ်လိုက်ပြီး...

"အင်း အစ်မလေး စီးမေဟုန်၊ ကျုပ်တို့နောက်ကို နောက်ယောင်ခံလိုက်လာတာ ဒီတစ်ခါနဲ့ဆို ရှစ်ခါ ရှိသွားပြီနော်"

စီးမေဟုန်က ခေါင်းညိတ်လိုက်သည်။

"အင်း"

သံမဏိလက်က သူမကို အကဲခတ်ကြည့်ပြီး ပြန်ပြောလိုက်လေသည်။

"အင်း ကျုပ်နဲ့ မင်းတို့ဟာ သိကျွမ်းတာလေး ရက်လောက်ပဲ ရှိဦးမယ်၊ ဒီရက်ပိုင်းအတွင်း အစ်မလေးစီးမေဟုန်က နောက်ယောင်ခံလိုက်လာတာ ရှစ်ခါရှိပြီ၊ အခု ဒီနေရာအထိ ရောက်လာတယ်ဆိုတာ အစ်မလေးစီးမေဟုန်မှာ ဘယ်လောက်အထိ အန္တရာယ်ကြီးတယ်ဆိုတာ နားလည်သဘောပေါက်ရဲ့လား"



စီးမေဟုန်က မချိုပြုံးပြုံးလိုက်သည်။

"ကျွန်မက အစ်ကိုတို့ နောက်ကို လိုက်လာတာ စိတ်မချလို့ပါ၊ အစ်ကိုတို့ကို စိတ်မချလို့ပါ"

စီးမေဟုန်က သူမ၏ရင်ထဲမှာ ရှိသည့်အတိုင်း မကွယ်မဝှက်ဘဲ ပြောလိုက်လေသည်။

ထိုသို့ ပြောပြီးနောက် စီးမေဟုန်သည် လူအေး၏မျက်နှာကို တစ်ချက်ကြည့်လိုက်သည်။

သံမဏိလက် တစ်စုံတစ်ရာကို နားလည်ဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်ပြီး လူအေးအား လှမ်းကြည့်လိုက်သည်။

ထို့နောက် စီးမေဟုန်၏နောက်ကျောဘက်သို့ စူးရှသောမျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။ သံမဏိလက်က...

"စီးမေဟုန်၊ မင်းနောက်က ပါလာတဲ့လူက ဘယ်သူလဲ၊ မင်းရဲ့အစ်ကို စီးချန်းယင်များလား"

သံမဏိလက်၏စကားကြောင့် စီးမေဟုန်မှာ နောက်ကို ချက်ချင်းလှည့်ကြည့်လိုက်လေသည်။

စီးမေဟုန်၏အနေဖြင့် မည်သည့်အရာကိုမျှ မတွေ့ရပါချေ။

ထို့ကြောင့် အရှေ့ဘက်သို့ ပြန်လှည့်ကြည့်လိုက်လေသည်။

သူမ၏မျက်နှာပေါ်၌ အံ့အားသင့်သော၊ နားမလည်သော အရိပ်အငွေ့များ ယှက်သန်းသွားသည်။

"ကျွန်မရဲ့နောက်မှာ ဘယ်သူမှ ပါမလာပါဘူး၊ အစ်ကိုလေး စီးချန်းယင်က စုကျင်းနဲ့ ဂေဟာမှာ အတူတူနေခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



စီးမေဟုန်၏စကားကြောင့် သံမဏိလက်မှာ အမှန်တကယ် အံ့အားသင့်သွားသည်။ သံမဏိလက်က...

“စီးမေဟုန်၊ မင်းကို တွေ့လိုက်ရတဲ့အချိန်၊ မင်းနဲ့ မလှမ်းမကမ်းမှာ လူတစ်ယောက် ပါလာတယ်၊ အင်း ကြည့်ရတာတော့ အဲဒီ လူရဲ့ကိုယ်ဖော့ပညာက အတော်ကလေး ကောင်းမယ့်ပုံပဲ၊ မင်း သစ်ပင်နောက်ကွယ် ဝင်လိုက်တော့ အဲဒီလူကလဲ မင်းနောက်ကို လိုက်ဝင်သွားတာပဲ”

စီးမေဟုန်က ထိတ်လန့်စွာဖြင့်...

“ဟင် ဒါဖြင့် ဘယ်သူများပါလိမ့်၊ ကျွန်မတော့ လုံးဝသတိ မထားမိပါဘူး”

စီးမေဟုန်က ပြောပြောဆိုဆိုဖြင့် နောက်သို့ လှည့်ကြည့်လိုက်ပြန်လေသည်။သူမလျှောက်လာခဲ့သော လမ်းခရီးတစ်လျှောက် မည်သူ့ကိုမျှ မတွေ့ရပါချေ။

သံမဏိလက်သည် နောက်ပြောနေခြင်း မဟုတ်ချေ။

အမှန်တကယ် လူရိပ်တစ်ခု တွေ့မြင်လိုက်ရခြင်းပင် ဖြစ်လေသည်။ ရှေ့မှ အရိပ်သည် စီးမေဟုန်၏အရိပ် ဖြစ်သည်။

ထိုသို့ဆိုလျှင် အနောက်မှ အရိပ်သည် မည်သူ ဖြစ်မည်နည်း။

အရိပ်သည် မည်သူ ဖြစ်သနည်း။

♣ ♣ ♣



## ဓားသမား ဆယ့်နှစ်ယောက်

ပတ်ဝန်းကျင်သည် ထူးခြားစွာပင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထိုကဲ့သို့ တိတ်ဆိတ်နေသည့် အခြေအနေကို သတိပြုမိသော သံမဏိလက်က စတင်၍ ပြောလိုက်သည်။

“အင်း အခုအချိန်က စပြီးတော့ ကျုပ်တို့တွေ သတိထားကြရတော့မယ်”

လူအေးက သံမဏိလက် ပြောသော စကား၏ အဓိပ္ပါယ်ကို နားလည်ပေသည်။

ထို့ကြောင့် သူသည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်လေသည်။

သံမဏိလက်က မသိမသာ ပြုံး၍ ထပ်မံပြောဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လူအေး၊ သူတို့ ထွက်လာရင် မင်းက စိုးမေဟုန်ကို အကာအကွယ်ပေး၊ ကျုပ်က အစ်ကိုကြီးကျန်းတစုကို အကာအကွယ်ပေးမယ်"

ကျန်းတစုမှာ အလွန်မူးနေသူ ဖြစ်၏။

ကိုယ့်ခန္ဓာကိုယ်ကိုပင် သူမ၏ခြေထောက်နှင့် ထိန်းထားရလေသည်။

လေက တဟူးဟူး ပြင်းထန်စွာ တိုက်ခတ်လာလေသည်။

သူတို့အားလုံး၏ အဝတ်အစားများမှာ ထွက်ပေါ်လာသော လေတိုးသံသည် ချောက်ချားဖွယ်ကောင်းနေလေသည်။

ပတ်ဝန်းကျင်၌ အမှောင်ထုက စိုးမိုးနေလေသည်။

ထိုအချိန်၌ အမှောင်ထုအတွင်းမှ လူရိပ်များ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ထွက်လာကြလေသည်။

မျက်စိလျင်သော သံမဏိလက်နှင့် လူအေးတို့မှာ ချက်ချင်း တွေ့မြင်လိုက်လေသည်။

ထိုလူရိပ်များသည် တောတန်းကလေးအတွင်းမှ ထွက်ပေါ်လာကြခြင်း ဖြစ်သည်။

ထို့အပြင် မြက်ခင်းတစ်ဘက်မှလည်း လူရိပ်များမှာ တဖြည်းဖြည်း ပေါ်ထွက်လာလေသည်။

ထိုလူရိပ်မှာ စုစုပေါင်း ဆယ့်နှစ်ယောက်တိတိ ရှိသည်ကို တွေ့မြင်လိုက်ရလေသည်။

လူအေးနှင့် သံမဏိလက်တို့မှာ ဓားများကို အသီးသီး ဆွဲထုတ်လိုက်ကြလေသည်။



စိုးမေဟုန်ကလည်း သူမ၏ဓားကို ဆွဲထုတ်ကာ တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

အရက်မူး၍ ခြေယိုင်နေသော ကျန်းတစုကလည်း သူ၏ဓားကို ချက်ချင်းဆွဲထုတ်လိုက်လေသည်။

သို့သော် သူ၏ကိုယ်လုံးမှာ ဒယီးဒယိုင်နှင့်ပင် ရှိနေလေသည်။ လူရိပ်ဆယ့်နှစ်ရိပ်က လူအေး၊ သံမဏိလက်၊ ကျန်းတစုနှင့် စိုးမေဟုန်တို့လေးဦးအား ဘေးမှနေ၍ ပတ်ပြီး ဝိုင်းရံထားလိုက်လေသည်။

ထိုလူဆယ့်နှစ်ယောက်သည် လက်ထဲ၌ ဓားများကို အသီးသီး ကိုင်ဆောင်ထားသည်။

ထိုဓားများသည် ရိုးရိုးဓားများ မဟုတ်ချေ။

သူတို့၏ဓားများသည် ထူထဲပြီး ရှည်လျားသော ဂျပန်ဆာမူရိုင်းများ၏ဓားများ ဖြစ်ပေသည်။

ထိုလူများသည် ဝတ်စုံနက်များ ဝတ်ဆင်ထားသည်။

ဦးခေါင်း၌ မျက်နှာဖုံးများ စွပ်ထားသည်။ မျက်နှာပြင်ကိုသာ ဖော်ထားသည်။

သို့ရာတွင် ထိုလူများ၏မျက်နှာပြင်များမှာ မည်းနက်နေလေသည်။

အသားမည်း၍ ဝတ်စုံနက်ဝတ်ထားသော ဆာမူရိုင်းဓားသမားဆယ့်နှစ်ယောက်၏ မျက်နှာများမှာ ဖုံးကွယ်ထားခြင်း မရှိ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အမှောင်ရိပ်က သေချာစွာ မြင်တွေ့ရခြင်း မရှိချေ။

ထို့ကြောင့် ဆာမူရိုင်းဓားသမား ဆယ့်နှစ်ယောက်၏ မျက်နှာများမှာ မှတ်မိရန် မလွယ်ကူချေ။

သံမဏိလက်က လူအေးကို လှမ်းအော်ဟစ်ကာ သတိပေးလိုက်လေသည်။

“သတိထားပေါ့ လူအေး၊ ဒီလူတွေ ကျုပ်တို့ကို ဝိုင်းထားတာ၊ သူတို့ရဲ့ သိုင်းပညာပဲ”

ဆာမူရိုင်းဓားသမား ဆယ့်နှစ်ယောက်သည် ကိုယ်လုံးမည်းနက်သော်လည်း သူတို့လက်ထဲရှိ ဓားများမှာ အရောင်တစ်လက်နှင့် ဝင်းလက်တောက်ပနေသည်။

ဝိုင်းရံထားရာမှ တဖြည်းဖြည်း တိုးကပ်လာသောကြောင့် ကျဉ်းမြောင်းလာလေသည်။

ထိုလူဆယ့်နှစ်ယောက်သည် လူအေးတို့လေးဦးကို စက်ဝိုင်းပုံသဏ္ဌာန် ဝိုင်းရံထားကြလေသည်။

သူတို့သည် ဝိုင်းရံထားရာမှ ပတ်လိုက်သည်။

ထိုသို့ လှည့်ပတ်နေရင်းမှ တိုက်ခိုက်ရန်အတွက် ချောင်းမြောင်းနေလေသည်။ ထိုစဉ်မှာပင်…

“ယား”

“ထန်း…ထန်း”

ဓာန်သွင်းအော်ဟစ်သံများနှင့် ဓားချင်းထိခတ်သံများ ဆူညံစွာ ထွက်ပေါ်လာလေတော့သည်။



စီးမေဟုန်နှင့် လူအေးတို့မှာ ကျောချင်း ကပ်လိုက်ကြသည်။ ထို့နောက် ရန်သူများကို ရဲရဲစွာ ရင်ဆိုင်လိုက်လေသည်။

လူအေးသည် သူ့ရှေ့မှ ဝင်တိုက်ခိုက်နေသော ရန်သူနှစ်ဦးကို ခုန်တိုက်ထုတ်လိုက်ပြီးသည်နှင့် နောက်သို့ လှည့်လိုက်သည်။

ထို့နောက် စီးမေဟုန်ဘက်မှ ရန်သူတစ်ယောက်ကို တိုက်ခိုက်လိုက်သည်။

“ချွင်…ချွင်”

“ချွမ်”

သူတို့သည် ရန်သူဆာမူရိုင်း ဓားသမားများ၏ ဓားပညာအဆင့်ကို သိလိုက်ပြီ ဖြစ်သည်။

ဝတ်စုံနက်ဆာမူရိုင်းများသည် ဓားပညာအရာ၌ ထူးခြားစွာ ထက်မြက်မှု ရှိလေသည်။

ထိုအချက်ကို လူအေးနှင့် သံမဏိလက်တို့က သိလိုက်ကြရပြီ ဖြစ်လေသည်။

သံမဏိလက်သည် သူ့နောက်မှ ယိမ်းယိုင်နေသော ကျန်းဟာစုကိုပါ ကာကွယ်ပေးနေရသည်။

ဓားသံများမှာ ချက်ချင်းပင် တိတ်ဆိတ်သွားသည်။

ဝတ်စုံနက်ဆာမူရိုင်း ဓားသမား ဆယ့်နှစ်ယောက်သည် လူအေးတို့လေးဦးအား ဝိုင်းရံထားလိုက်လေသည်။

လူအေးက မသိမသာဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။ စီးမေဟုန်ဘက်သို့ လှည့်မကြည့်ဘဲ မေးမြန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စီးမေဟုန် ဘာမှ မဖြစ်ဘူး မဟုတ်လား"

စီးမေဟုန်က...

"ဘာမှ မဖြစ်ပါဘူး၊ အစ်ကိုရော"

လူအေးက မသိမသာ တစ်ချက်ပြုံးလိုက်သည်။

"အင်း"

ဟု ပြောလိုက်ပေသည်။

♣ ♣ ♣

ကျန်းတစုမှာ အရက်မူးလွန်နေလေသည်။ သူ၏တစ်ကိုယ်လုံး ယိမ်းယိုင်နေလေသည်။

သို့သော် ဓားကိုမူ လက်ထဲ၌ တင်းကျပ်စွာ ဆုပ်ကိုင်ထားလျက် ရှိနေလေသည်။

ကျန်းတစု မျက်လုံး မဖွင့်ဘဲ အာလေးလျှာလေးသံဖြင့်...

"ဘယ်သူလဲ ကျုပ်တို့ကို တိုက်ခိုက်တာ ကျုပ်တို့ ဘယ်သူလဲဆိုတာ မသိဘူးလား"

ကျန်းတစုက ခြောက်ကပ်စွာ ရယ်မောလိုက်သည်။

"ငါတို့က စုံစမ်းရေးမှူးတွေကွ၊ မင်းတို့ လက်နက်ချလိုက်ပါ။ အေးအေးဆေးဆေးသာ အဖမ်းခံပါ"

ဝတ်စုံနက် ဆာမူရိုင်းဓားသမားများမှာ စကားတစ်လုံးမှ ပြန်မပြောပါ။



သူတို့၏ဓားများကို ခြောက်ကာ တိုက်ခိုက်ရန် အသင့်ပြ
နေကြလေသည်။

"ယား"

"ချွင်"

"ချွင်"

လူအေး၏ခါးအောက်မှ အဝတ်စတစ်ခု ဆုတ်ပြဲကာ လွင့်
စဉ်ထွက်လာလေသည်။

လူအေးသည် စီးမေဟုန်အား တိုက်ခိုက်လာသော ဆာမူ
ရိုင်းတစ်ယောက်၏ဓားကို ခံပေးလိုက်သည်။

သို့သော် နောက်တစ်ယောက်၏ဓားချက်ကို လွတ်လွတ်
ကင်းကင်း ရှောင်တိမ်းလိုက်နိုင်ခဲ့ပေသည်။

ယခုတစ်ကြိမ်၌ ဆာမူရိုင်းများသည် အချိန်ကြာမြင့်စွာ
စောင့်ဆိုင်းနေခြင်း မရှိတော့ချေ။

သူတို့သည် ညာသံပေးကာ ဓားများဖြင့် အတင်းဝင်ခုတ်
လေတော့သည်။

အော်ဟစ်သံများ၊ ဓားခုတ်သံများ ထပ်မံပေါ်လာလေ၏

သံမဏိလက်က သူ့ရှေ့မှ ရန်သူနှစ်ယောက်၏ ဓားချက်ကို
ဆီးကြို၍ ခံပေးလိုက်သည်။

တဆက်တည်းမှာပင် သူ၏နောက်ဘက်မှ ကျန်းတစု၏
ရန်သူကိုလည်း ခုခံပေးလိုက်ရလေသည်။

သို့သော် ဝတ်စုံနက်တစ်ဦးကို ထူးခြားစွာ ရင်ဆိုင်လိုက်၏

www.burmeseclassic.com



လေတော့သည်။

ထိုဝတ်စုံနက်ကိုင်ဆောင်ထားသော လက်ထဲမှာ ဓားတစ်ချောင်း မဟုတ်ချေ။

အောက်ပိုင်းမှာ ဓားကဲ့သို့ ဖြစ်နေ၍ အထက်ပိုင်း၌ ချိတ်ကောက်တစ်ခု ပါရှိလေသည်။

ထိုဝတ်စုံနက် အသွင်အပြင်မှာ အခြားဝတ်စုံများနှင့် ထူးခြားနေသည်။ ထိုဝတ်စုံနက်နှင့်လုံသည် လက်အိတ်ကိုလည်း စွပ်မထားချေ။

ပို၍ အံ့ဩဖွယ်ကောင်းသည်မှာ သူ၏မျက်နှာပြင်မှာ ဖြူဖွေးနေသည်။ အနက်ရောင်ပဝါဖြင့်သာ ဖုံးကွယ်ထားသည်။

မျက်လုံးများမှာ အရောင်တဖိတ်ဖိတ် တောက်ပနေသည်။ ထိုလူ၏မျက်လုံးများက အရောင်တောက်ပမှု ရှိသလို သူ၏လက်နက်မှာလည်း အရောင်များ လင်းလက်နေသည်။

နောက်ထပ် တိုးလာသူတစ်ယောက် ဖြစ်သည်။ ဤသို့ဆိုလျှင် သံမဏိလက်မှာ မျက်မှောင်ကြုတ်၍ တစ်ချက်စဉ်းစားလိုက်လေသည်။

ထိုစဉ်မှာပင်...

"ဗွိုး"

ထိုလူ၏လက်နက်က သံမဏိလက်ဆီသို့ အရှိန်ပြင်းထန်စွာ ဝင်လာလေသည်။

သံမဏိလက်သည် ဓားချက်ကို ဆီး၍ ခုခံလိုက်ပြီး တစ်



ဘက်သို့ ရှောင်တိမ်းပေးလိုက်လေသည်။

သံမဏိလက်သည် ထိုလူ၏ ဓားချက်ကို သိလိုက်သည်နှင့် ကျန်းတစုအား သတိပေးလိုက်သည်။

"အစ်ကိုကျန်းတစု သတိထား"

ချိတ်ဓားကိုင်ဆောင်ထားသော သူ၏လက်ထဲမှ ဓားသည် ကျန်းတစု၏ဦးခေါင်းဆီသို့ လျှင်မြန်စွာ ဝှေ့ဝိုက်၍ ဝင်သွားလေသည်။

ကျန်းတစုက တစ်ဘက်သို့ ရှောင်တိမ်းပိုက်သည်။ သို့သော် ကျန်းတစုမှာ သူ့ခန္ဓာကိုယ်ကို နိုင်ပုံမပေါ်ချေ။ တစ်ဘက်သို့ ယိုင်လဲကျသွားလေသည်။

ချိတ်ဓားကိုင်ဆောင်ထားသော ဝတ်စုံနက်သိုင်းသမား၏ သိုင်းပညာမှာ အလွန်အဆင့်မြင့်လှပေသည်။

သူ၏ဓားချက်များမှာလည်း သွက်လက်လွန်းလှပေသည်။

"ချွင်..ချွင်"

"ထန်..ထန်"

သိုင်းကွက်လေးငါးကွက်ခန့် ယှဉ်ပြိုင်ပြီးသည်နှင့် သံမဏိလက်မှာ နောက်သို့ ဆုတ်ပေးလိုက်ရသည်။

သို့သော် သူသည် ကျန်းတစုကို စိတ်မချနိုင်ချေ။ ထို့ကြောင့် ချိတ်ဓားသိုင်းသမားကို ပြင်းထန်စွာ ခုခံလိုက်ရလေသည်။

ထို့နောက် ရှေ့သို့ တိုးလိုက်ပြီး တိုက်ခိုက်လေသည်။ သံမဏိလက်သည် ဓားကို လေးချက်ဆက်တိုက်ခိုက်လိုက်သည်။

ချိတ်ဓားကိုင်ဆောင်ထားသော ဓားသမားမှာ နောက်သို့

www.burmeseclassic.com

www.burmeseclassic.com



ခုန်ဆုတ်သွားသည်။

အော်ဟာစ်သံပေး ဓားချင်းထိသံများ ပြန်လည်ငြိမ်သက်သွားလေသည်။

လူအေး၊ သံမဏိလက်နှင့် စီးမေဟုန်တို့သုံးယောက် ကျောချင်းကပ်လိုက်ကြလေသည်။

စီးမေဟုန်မှာ ထိတ်လန့်နေလေသည်။ သူမ အနေနှင့် ဤကဲ့သို့သော ရင်ဆိုင်တိုက်ပွဲမျိုး တစ်ကြိမ်တစ်ခါမျှ မတိုက်ဖူးချေ။

ထို့ပြင် ယခု တိုက်ခိုက်သော တိုက်ပွဲမှာ လွန်စွာ ကြောက်စရာကောင်းနေသည်။ အန္တရာယ်များလှပေသည်။

တစ်ဘက် ရန်သူအင်အားနှင့် မိမိတို့ဘက်မှ အင်အားမှာ အတော်ကွာခြားသည်။

အကယ်၍များ သူမ၏ဘေး၌ သံမဏိလက်နှင့် လူအေးတို့သာ မရှိခဲ့ပါလျှင် စီးမေဟုန် ဆက်လက်မတွေးဝံ့တော့ချေ။

စီးမေဟုန်ဘေးမှ လူအေးက အကူအညီပေးမနိုင်ခဲ့လျှင် ပထမဦးဆုံး တိုက်ကွက်တစ်ခုတည်းနှင့်ပင် သူမ ဒဏ်ရာပြင်းထန်စွာ ရသွားမည်မှာ သေချာလှသည်။

ကျန်းတစုသည် မြေပေါ်၌ လဲကျနေသည်။ လှုပ်ရှားမှု တစ်စုံတစ်ရာမျှ မတွေ့ရချေ။

လူအေးနှင့် သံမဏိလက်တို့သည် ကျန်းတစုကြားမှ ရပ်၍ စောင့်ဆိုင်းနေကြလေသည်။

သို့သော် ဝတ်စုံနက်များသည် ရှေ့သို့ တိုးလာခြင်း မရှိတော့



ချေ။ သူတို့သည် တဖြည်းဖြည်း နောက်ဆုတ်သွားသည်။

လူအေးနှင့် သံမဏိလက်တို့မှာ မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွားလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။ လေသည် ခပ်ပြင်းပြင်း တစ်ချက်တိုက်ခတ်လိုက်သည်။

သဲမှုန်များ၊ အမှိုက်သရိုက်များမှာ လေပွေများထဲတွင် အပေါ်သို့ မြောက်ကာ တက်သွားသည်။

လေသည် တဖြည်းဖြည်း ငြိမ်သက်သွားလေသည်။ ဖုန်မှုန့်များ ကင်းသွားသည်။

ဝတ်စုံနက်တို့မှာလည်း ပျောက်ကွယ်သွားလေသည်။

♣ ♣ ♣

လူအေး၊ သံမဏိလက်နှင့် စီးမေဟုန်တို့မှာ တွေဝေစွာ ရပ်နေသည်။

လေသည် ညှင်ညှင်သာသာကလေး တိုက်ခတ်နေသော်လည်း သူတို့၏ အဝတ်အစားများမှာ လှုပ်ခတ်နေသည်။

သံမဏိလက်၏ဘယ်ဘက်လက်မောင်း အကျီစများ စုတ်ပြတ်ကျနေလေသည်။

ခဏကြာမှ စီးမေဟုန်၏ အံ့ဩသောအသံ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် သူတို့အားလုံး သွားကုန်ကြပြီ"

လူအေးနှင့် သံမဏိလက်တို့မှာ ယခုမှ သက်ပြင်းချနိုင်လေတော့သည်။

သူတို့၏ခန္ဓာကိုယ်တစ်ခုလုံးရှိ တင်းနေသော အကြောများကို လျှော့လိုက်ရလေသည်။

သံမဏိလက်က လူအေးအား မေးလိုက်သည်။

"လူအေး၊ မင်းဒဏ်ရာရသေးလား"

လူအေးက မသိမသာပြုံး၍…

"ရှပ်ထိသွားတယ်၊ အပေါ်အကျီစ ပြဲသွားတယ်၊ အသားတော့ မထိဘူး"

လူအေးက…

"ခင်ဗျားကော"

သံမဏိလက်က ပြုံး၍…

"မင်းလိုပဲ၊ အသားတော့ မထိဘူး၊ ဒါပေမယ့် ဓားမှာပါတဲ့ ချိတ်က ချိတ်မိသွားလို့ လက်မောင်းနည်းနည်း ထိသွားတယ်၊ အဲဒီလူက ခေါင်းဆောင်နဲ့တူတယ်"

လူအေးက ခေါင်းညိတ်လိုက်ပြီး ပြောလိုက်ပြန်သည်။

"ဒီအချက်ကို ကျွန်တော် သေသေချာချာ ပြောနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ချိတ်ဓားကိုင်တဲ့လူက ဆာမူရိုင်းဓားသမားတွေရဲ့ နောက်ကနေ ရုတ်တရက် ထွက်လာတာယ်၊ သူက တိုက်ပွဲကို မြန်မြန်အဆုံးသတ်စေချင်တယ်၊ ဒါကြောင့် ခင်ဗျားနဲ့ ကျွန်းတစုကို တရ



ကြမ်း တိုက်ခိုက်တာပဲ မဟုတ်လား၊ ကျွန်းတစု လဲကျသွားရော အဲဒီလူက ချက်ချင်းနောက်ဆုတ်သွားတယ်၊ သူ့ရဲ့သိုင်းပညာအဆင့်က တော်တော်ကလေး မြင့်တယ်၊ သူ နောက်ဆုတ်တာနဲ့ ကျန်တဲ့လူတွေပါ နောက်ဆုတ်သွားတယ်"

လူအေးက မျက်မှောင်ကြုတ်ပြီး ခပ်လှမ်းလှမ်းသို့ မျှော်ကြည့်လိုက်လေသည်။ ထို့နောက် သက်ပြင်းတစ်ချက်ချလိုက်ပြီး…

"အင်း ချိတ်ဓားကိုင်တဲ့လူက ဘယ်သူများ ဖြစ်နိုင်မလဲ၊ အဲဒီလူရဲ့ သိုင်းပညာ တော်တော်မြင့်တယ်၊ စဉ်းစားရကျပ်တဲ့ဟာပဲ"

ဟု တစ်ဦးတည်း ရေရွတ်လိုက်သည်။

စီးမေဟုန်က လဲကျနေသော ကျွန်းတစုကို သတိရအောင် သတိပေးလိုက်သည်။

"အစ်ကိုလူအေး၊ လဲကျနေတဲ့လူ အခုထိ လှုပ်တာ မတွေ့သေးဘူး"

သံမဏိလက်က မြေပေါ်၌ လဲကျနေသော ကျွန်းတစုကို လှည့်ကြည့်လိုက်သည်။

ထို့နောက် လေသံခပ်အေးအေးဖြင့် လူအေးကို လှည့်ပြောလိုက်သည်။

"ကျွန်းတစုကိုတော့ တို့တတွေ လိုက်ပို့ရလိမ့်မယ်၊ အနီး သွေးတော့ပေလိမ့်မယ် ထင်တယ်"

လူအေးက…

"ဘာဖြစ်လို့လဲ၊ ထိသွားလား"

www.burmeseclassic.com

www.burmeseclassic.com



သံမဏိလက်က ဦးခေါင်းညိတ်ပြလိုက်သည်။

"အင်း ကျုပ်က ကျန်းတစုကို အထူးသတိထားပြီး ကာကွယ်ပေးပါတယ်၊ ဒါပေမယ့် နောက်ရောက်လာတဲ့လူက တိုက်ခိုက်တာ အရမ်းတော်တယ်၊ ကျန်းတစုက မူးနေတော့ လဲကျသွားတယ်၊ ဒါကြောင့် သူတို့နောက် လိုက်သွားကြတာပဲ၊ ဒီအချက်ကတော့ စဉ်းစားရကျပ်နေတယ်ကွ"

လူအေးက သံမဏိလက်ကို မော့ကြည့်လိုက်သည်။

"ခင်ဗျားဆိုလိုတဲ့သဘောက ကျုပ်တို့ကို ဝိုင်းတိုက်ခိုက်တဲ့ လူဟာ.."

သံမဏိလက်က မဲ့ပြုံးပြုံးပြီး ဖြတ်၍ ပြောလိုက်သည်။

"အေး အဲဒီ လူနှစ်ယောက်က တို့သုံးယောက်ကို အမိက ထားပြီး တိုက်ခိုက်တာ မဟုတ်ဘူး"

လူအေးက ကျန်းတစု အနားသို့ ကပ်သွားလေသည်။

ထို့နောက် မှောက်လျက် လဲကျနေသော ကျန်းတစုကို ဆွဲလှန်လိုက်သည်။

လူအေးသည် မြေပေါ်သို့ ဒူးထောက်ထိုင်ချလိုက်သည်။ ကျန်းတစု၏မျက်နှာပေါ်၌ သွေးများ ပေကျံနေသည်။

ချိတ်ဓားသမား၏ ချိတ်ကလေးသည် ကျန်းတစု၏ နဖူးတည့်တည့်၌ အပေါက်ကလေးတစ်ပေါက် ဖောက်သွားခဲ့လေသည်။

လူအေးက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။ ထို့နောက် ကျန်းတစုကို မြေပေါ်သို့ ချကာ မတ်တတ်ရပ်လိုက်သည်။



"အင်း သူတို့တွေက ဘာဖြစ်လို့များ ကျန်းတစုကို သတ်ဝံ့လိုက်ရတာလဲ၊ ဒီလူတွေဟာ ဆာမူရိုင်းဓားကို ကိုင်တဲ့ လူတွေဆိုတာ ဘယ်သူတွေ ဖြစ်နိုင်မလဲ မသိဘူး"

သူသည် စဉ်းစားမရနိုင်သော မေးခွန်းတစ်ခုကို ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း မေးလိုက်ခြင်း ဖြစ်ပေသည်။

သံမဏိလက်က မြေပေါ်သို့ စူးစိုက်ကြည့်ရင်းမှ တစ်လုံးချင်း ပြောလိုက်သည်။

"ကျန်းတစုက ကို့စန်းယုရဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက် ဖြစ်တယ်၊ ဒါကြောင့် သူတို့တွေက ကျန်းတစုကို ဒီနေ့ညတွင်းချင်း သုတ်သင်ပစ်ကြမှာပဲ၊ အခုလို ကျန်းတစု အသတ်ခံရတာဟာ ကို့စန်းယု အမှုနဲ့ ပတ်သက်နေတာ သေချာတယ်"

လူအေးက...

"ဒါဖြင့် စောစောက လူစုဟာ ကို့စန်းယုကို သတ်သွားတဲ့ လူစုပဲပေ့ါ"

သံမဏိလက်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"အင်း ဒီလိုပဲ ခန့်မှန်း တွက်ဆရမှာပဲ၊ ကို့စန်းယုဟာ မျှော်လင့်ဘဲ လျှို့ဝှက်ချက်တစ်ခုကို သွားတွေ့ပုံရတယ်၊ ဒါကြောင့် သူတို့က ကို့စန်းယုရဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက် ဖြစ်တဲ့ သူ့ကို စိတ်မချဘူး၊ ဒါကြောင့် သတ်တာပေ့ါ"

လူအေးက မျက်ခုံးတစ်ဖက် ပင့်လိုက်သည်။

"ခင်ဗျားပြောတာ သဘောပေါက်တယ်၊ ကျန်းတစု သိတဲ့

www.burmeseclassic.com

www.burmeseclassic.com



သဲလွန်စကို ကျုပ်တို့နှစ်ယောက်ကို ပြန်ပြီး ပြောမယ်၊ အဲဒါကြောင့် ဒီနေရာကနေ ကျွန်းတစုကို လုပ်ကြံတာပဲ မဟုတ်လား"

သံမဏိလက်က ဦးခေါင်းကစ်ချက်ညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါကြောင့် ကျွန်းတစု အခနေနဲ့ ကိုစန်းယုဆီက ဘာလျှို့ဝှက်ချက် သိထားသလဲ မသိဘူး၊ ကျွန်းတစုကလဲ တို့နှစ်ယောက်ကို ထူးခြားတဲ့ ကိစ္စရပ်တစ်ခုမှ ထုတ်ဖော်ပြောမသွားဘူး၊ ကျွန်းတစုက တကယ် မသိလို့ဘဲ မပြောတာလား၊ သိရက်နဲ့ ထိန်ချန်ထားတာလား မပြောတတ်ဘူး"

ချောင်းဘက်မှ တိုက်ခတ်လာသော လေသည် ဝို၍ဝို၍ ပြင်းထန်လာလေသည်။ လေတိုက်သံက စူးရှကျယ်လောင်စွာ မြည်ဟည်း၍လာလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေသည်။

လမ်းဘေးရှိ သစ်ပင်များမှ အရွက်တို့ကို လေတိုးသံ တရှဲရှဲ လှုပ်ရှားမြည်နေသည်။ စီးမေဟုန်က...

"ကျွန်မတို့ သွားကြရအောင်"

လူအေးက ခေါင်းညိတ်လိုက်လေသည်။

"သွားကြမယ်"

သူတို့သည် ကျွန်းတစု၏အလောင်းအား ပခုံးပေါ်သို့ ထမ်းကာ ထိုနေရာမှ ထွက်ခွာလာခဲ့လေတော့သည်။

♣ ♣ ♣



## လျှို့ဝှက်စားပြအဖွဲ့

နေရောင်ခြည်တို့သည် အရှေ့ဘက်မှ ဖြာကျကာ လှပစွာ ထွက်ပေါ်လာလေသည်။

တက်သစ်စ နေရောင်ခြည်သည် လောကကြီး တစ်ခုလုံးအား ပြည့်လျှက် အုပ်မိုးထားသည်။

နံနက်ခင်းအချိန် ဖြစ်သည်။

ရှေ့မှ သွားနေသူနှစ်ဦးမှာ လူအေးနှင့် သံမဏိလက်တို့ပင် ဖြစ်သည်။

သူတို့နောက်မှ တကောက်ကောက် လိုက်ပါလာသူမှာ စီးမေဟုန် ဖြစ်လေသည်။

သူတို့သုံးဦးသည် စုံစမ်းရေးအရာရှိ ရဲကျိုထံသို့ သွားရောက်ကြခြင်း ဖြစ်သည်။

ရဲကျိုက လူအေးတို့အား ဆီးကြိုနှုတ်ဆက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲကျိုက သူတို့အား တစ်ချက်မျှ အကဲခတ်လိုက်ပြီး ပြောလိုက်သည်။

"အင်း ကျုပ်ကိုယ်တိုင်လဲ ကို့စန်းယု၊ ကျန်းတာစုတို့ရဲ့ အမှုတွဲတွေ လေ့လာခဲ့ပါတယ်၊ ဒါပေမယ့် ဆာမူရိုင်းစားသမားနဲ့ ပတ်သက်တဲ့ အမှုတစ်ခုမှ မတွေ့ပါဘူး"

ကို့စန်းယု မသေမီက ကိုင်တွယ်ခဲ့သော အမှုမှာ ဆယ့်လေးမှုမျှ ဖြစ်သည်။

ကျန်းတာစုမှာလည်း အမှုဆယ့်လေးမှုခန့်မျှ ကိုင်တွယ်နေသူတစ်ယောက် ဖြစ်သည်။

ရဲကျိုက သူကိုင်တွယ်သော အမှုနှင့် စပ်လျဉ်း ပြောပြလေသည်။

"လွန်ခဲ့သော သုံးလလောက်က မြို့ရဲ့တောင်ပိုင်းမှာ ရှိတဲ့ ဂေဟာကို ဓားပြတစ်စု ဝင်တိုက်တယ်၊ အဲဒီ ဓားပြတွေက မျက်နှာကို အမည်းရောင်ခြယ်သထားတယ်၊ သူတို့ရဲ့ခေါင်းဆောင်က မျက်နှာမှာ ပဝါစည်းထားတယ်၊ သူတို့ လျှံငွေသုံးသောင်းကျော် လုယူသွားတယ်၊ အခု တွေ့တဲ့လူတွေက အဲဒီလူတွေပဲ"

ရဲကျို၏ပြောပြချက်အရ ရိုးဂေဟာဓားပြတိုက်မှုမှာ သူတို့အား တာဝန်ပေးထားခြင်း မရှိချေ။

သူကိုယ်တိုင် ကိုင်တွယ်သော အမှု ဖြစ်သည်။

သို့ဖြစ်ပါလျှင် အဘယ်ကြောင့် ကို့စန်းယုနှင့် ကျန်းတာစုကို လူမှားသတ်သွားသနည်း။



လူအေးနှင့် သံမဏိလက်တို့သည် ကို့စန်းယု ကိုင်တွယ်ခဲ့သော အမှုတွဲများကို ရဲကျိုထံမှ တောင်း၍ ကြည့်ရှုခဲ့သည်။

သံမဏိလက်က အမှုတွဲများကို သေချာစွာ ကြည့်ရင်း မေးခွန်းထုတ်လိုက်သည်။

"ကို့စန်းယု၊ ကျန်းတာစုတို့ဟာ ရိုးဂေဟာ ဓားပြတိုက်မှု ပတ်သက်တဲ့ အမှုကို မကိုင်ကြဘူးဆိုတော့ ရိုးဂေဟာ ဓားပြတိုက်မှု ပတ်သက်နေတဲ့ ဆာမူရိုင်းတွေက သူတို့နှစ်ယောက်ကို နှုတ်ပိတ် မလိုဘဲ သူတို့ကို ရွေးသတ်သွားကြတယ်၊ အဲဒီ လူတွေဟာ ကို့စန်းယု ကို သတ်သွားတဲ့ လူတွေလား၊ ဒါမှမဟုတ်ရင် အခြားအဖွဲ့တစ်ဖွဲ့ လား"

ရဲကျိုက ခေါင်းညိတ်လိုက်သည်။

"ကို့စန်းယုက အင်မတန် သတိထားတဲ့ လူတစ်ယောက် သူ့လို လူတစ်ယောက်ကို အဆိပ်ခတ်သတ်ဖို့ဆိုတာကတော့ အတော် ကလေးကို မလွယ်ကူတဲ့ အလုပ်တစ်ခုပါပဲ၊ ကျန်းတာစုကိုတောင် သူတို့ အဆိပ်ခတ်ပြီး မလုပ်ကြနိုင်ဘူး၊ ကျုပ်နဲ့ပဲ ဖြစ်ဖြစ် ကျုပ်အထက် အရာရှိနဲ့ပဲ ဖြစ်ဖြစ် စားသောက်တဲ့နေရာမှာ စစ်ဆေးပြီးမှ စား တယ်"

သံမဏိလက်က ဦးခေါင်းညိတ်လိုက်ပြီးမှ ပြောလိုက်လေ သည်။

"ဒါဆို သူ့ကို အစာထဲ အဆိပ်ခတ်လို့ကတော့ အတော် ကလေး မလွယ်ဘူးဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com



ရဲကျိုက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ် မလွယ်ဘူး"

လှအေးက ဝင်မေးလိုက်သည်။

"ကိုစန်းယု သေဟဲ့အဆိပ်ဟာ ဘယ်လိုအဆိပ်မျိုးလဲဆိုတာ သိပြီးလား"

ရဲကျိုက...

"ကျုပ်အနေနဲ့ အဲဒီလို သေဆုံးသွားတဲ့ အလောင်းမျိုးတစ်လောင်းမှ မတွေ့မိဘူး၊ အဆိပ်က ဝမ်းဗိုက်ကနေ အထက်ကို ဆန်တက်သွားတာပဲ၊ အဆိပ်ရည်ဟာ ဦးခေါင်းထဲ ရောက်ပြီး သွေးကြောကို ဖြတ်တောက်လိုက်တယ်လို့ ထင်တယ်၊ သူ့မျက်နှာ ညိုမဲနေတာ တွေ့ရတယ်"

သံမဏိလက်က မျက်မှောင်ကြုတ်ကာ...

"ကိုစန်းယုဟာ အဆိပ်ကို စားသောက်မိလို့ သေဆုံးသွားရတာ မဟုတ်ဘူးဆိုရင် သူ့ရဲ့ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာဒဏ်ချက် တစ်ခုမှမရတာ ဘာကြောင့်လဲ"

သံမဏိလက်က ပြုံးလိုက်ပြီး...

"တကယ်လို့များ အဆိပ်အပ်နဲ့ ထိုးလိုက်မယ်ဆိုရင်ကော၊ အထိုးခံရတဲ့လူဟာ အဆိပ်သင့်တဲ့ လက္ခဏာမျိုး ပေါ်ပြီး သေဆုံးရမယ် မဟုတ်လား"

ရဲကျိုက စားပွဲပေါ်သို့ လက်ဖြန့်တင်လိုက်ပြီး ခေါင်းညိတ်ကာ ပြောဆိုလိုက်သည်။



"အင်း အဆိပ်အပ်နဲ့ ထိုးလိုက်တယ်ဆိုရင်လဲ အဆိပ်အပ်ထိုးလိုက်တဲ့ နေရာတဝိုက်မှာ ရှိတဲ့ အသားတွေ လောင်ကျွမ်းသွားမှာပဲ"

သံမဏိလက်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး...

"အဆိပ်အပ်နဲ့ ထိုးတယ်ဆိုရင် ထင်ရှားတဲ့ နေရာမျိုးကို မထိုးဘဲ မထင်ရှားတဲ့ နေရာမျိုးကို ထိုးလို့ ရပါတယ်၊ ဥပမာ မျက်ခွံကြား၊ မျက်နှာပြင်တဝိုက်တို့ ဆိုပါတော့၊ အဲဒီလိုဆိုရင် သူ့မျက်နှာပြင် ညိုမဲနေမှာပဲ၊ ဒီတော့ အဆိပ်အပ်နဲ့ထိုးတာ ဘယ်ပေါ်တော့မလဲ"

ရဲကျိုက သံမဏိလက် ပြောစကားကို လက်ခံချင်ပုံ မပေါ်ပါချေ။ သူ၏ခေါင်းကို ဖြေးညင်းစွာ ခါယမ်းလိုက်ပြီး...

"ကျုပ်ကိုယ်တိုင်ပဲ ကိုစန်းယုရဲ့ အလောင်းကို သေသေချာချာ သုံးခါတိတိ စစ်ဆေးပြီးပါပြီ၊ အပ်ပေါက်က သေးသွယ်တာ မှန်ပေမယ့် ကျုပ်လို လူစားမျိုး မျက်လုံးထဲမှာတော့ ပေါ်နေမှာ အမှန်ပဲ"

သံမဏိလက်က မျက်မှောင်ကြုတ်ကာ စဉ်းစားနေရင်းမှ မေးခွန်းတစ်ခု မေးလိုက်သည်။

"ကိုစန်းယု ကိုယ်ပေါ်မှာ ဒဏ်ရာအမာရွတ်တွေများ တွေ့မိသလား"

ရဲကျို အနည်းငယ် အံ့သြသွားဟန်ဖြင့် ရေရွတ်လိုက်၏။

"ဒဏ်ရာအမာရွတ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ရဲကျိုက ခေတ္တမျှ စဉ်းစားလိုက်ပြီး သူ၏ခေါင်းကို တစ်ချက် ညိတ်လိုက်သည်။

“ရှိတယ်..ရှိတယ်၊ သူ့ရဲ့ကိုယ်ပေါ်မှာ အမာရွတ်နှစ်ခု ရှိပါတယ်၊ ဒါပေမယ့် ကျုပ် သေသေချာချာ မကြည့်မိလိုက်ဘူး”

သံမဏိလက်က တစ်ချက်ပြုံးလိုက်သည်။

“ကို့စန်းယုရဲ့ ကိုယ်ပေါ်မှာ အမာရွတ်ရှိတယ် ဆိုရင်တော့ ကျုပ်ပြောတဲ့အချက် ဖြစ်နိုင်ပါတယ်၊ အမာရွတ်ပေါ်ကနေ အဆိပ်အပ်နဲ့ ထိုးသွင်းလိုက်မယ်ဆိုရင် ဒဏ်ရာပေါ်တော့မှာ မဟုတ်ဘူး၊ ဒါမှမဟုတ်ရင် လျှာအောက်ကနေ ထိုးသွင်းမယ်ဗျာ ရတဲ့ နေရာတွေ အများကြီးရှိသေးတယ်”

ထိုအခါ ရဲကျိုက ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

သူ၏မျက်လုံးအစုံသည် တစ်ချက်တောက်ပလာပြီး သံမဏိလက်အား လှည့်ပြောလိုက်သည်။

“ဟုတ်ပြီ၊ ဒီလိုဆိုရင် ကျုပ်တို့ သွားကြည့်ရအောင်၊ ကို့စန်းယုရဲ့အလောင်းကို ခင်ဗျားတို့နှစ်ယောက် ထပ်ပြီးတော့ စစ်ဆေးကြည့်ပါဦး၊ ကျုပ်ကတော့ အမာရွတ်တွေကို သေသေချာချာ မကြည့်မိဘူး”

သူတို့သည် ရုံးတော်အတွင်းမှ ထွက်လာလေသည်။

ရဲကျိုက ဦးဆောင်၍ သံမဏိလက်၊ လူအေးနှင့် စီးမေဟုန်တို့အား အလောင်းထားရာ နေရာသို့ ခေါ်ဆောင်သွားလေသည်။

♣ ♣ ♣



လူအတော်များများ လူသေအလောင်းများကို တွေ့မြင်ဖူးကြမည် ဖြစ်သည်။

သို့သော် အလောင်းကို သေသေချာချာ ကိုင်တွယ်ကြည့်ဖူးသူ ရှားပါးလိမ့်မည်။

အချို့သော လူများဆိုလျှင် ဖား၊ ကြွက်ငယ်ကလေးကိုပင် မကိုင်ရဲသူ ရှိသည်။

ယို့စန်းယု၏အလောင်းက ပုပ်ပွနေလေသည်။

လူအေးနှင့် သံမဏိလက်တို့သည် အလောင်းကို သေချာစွာ ကိုင်တွယ်ကြည့်နေလေသည်။

သူတို့သည် ကို့စန်းယု၏အစာအိမ်ကို သေသေချာချာ စစ်ဆေးကြည့်ရှုလေသည်။

စီးမေဟုန်သည် အခန်းအပြင်ဘက်၌ ထိုင်နေသည်။

ကို့စန်းယု၏ အလောင်းပေါ်၌ ဒဏ်ရာအမာရွတ်နှစ်ခု ရှိလေသည်။

သို့သော် ထိုအမာရွတ်၌ အပ်ပေါက်လောက်မှ ဒဏ်ရာဒဏ်ချက် လုံးဝမတွေ့ရချေ။

သံမဏိလက်က အလောင်းဘေး၌ ထိုင်နေသော ခွဲစိတ်သူအား လှမ်း၍ ပြောလိုက်သည်။

“ကဲ ဒီအလောင်းကို ဆံပင်တွေ ဖြတ်ပြီး ခေါင်းတုံးတုံးလိုက်ပါ”

အမှုထမ်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ခေါင်းတုံးတို

www.burmeseclassic.com



လျှင်မြန်စွာ ရိုက်လိုက်သည်။

အားလုံး ပြီးစီးသွားသောအခါ သံမဏိလက်က ကို့စန်းယု၏ခေါင်းကို သေချာစွာ စစ်ဆေးကြည့်ရှုလိုက်၏။

သို့သော် ဦးခေါင်း၌လည်း မည်သည့်ဒဏ်ရာဒဏ်ချက်တစ်ခုမျှ မတွေ့ရချေ။ သံမဏိလက်၏မျက်နှာ ပျက်မတတ် ဖြစ်နေလေတော့သည်။

ကို့စန်းယုသည် မည်သို့သော အဆိပ်မျိုး သင့်ခဲ့လေသနည်း။

ရဲကျို ပြောသကဲ့သို့ အဆိပ်များကို စားမိပြီး အထက်သို့ဆန်တက်ကာ သွေးကြောပြတ်၍ သေဆုံးသွားသည်မှာ အမှန်ပင်လော။

သူတို့အားလုံးသည် ခေါင်းငုံ့ကာ အခန်းမှ ထွက်လာကြလေသည်။ ထို့နောက် ရဲကျို၏ရုံးတော်သို့ ပြန်လာခဲ့ကြလေသည်။

♣ ♠ ♣

ရဲကျိုသည် လူအေးတို့သုံးယောက်အား နံနက်စာ ထမင်းဖြင့် ကျွေးမွေးဧည့်ခံမှု ပြုလေသည်။

ထမင်းစားသောက်ရာ၌ လူအေးနှင့် သံမဏိလက်တို့သည် စားချင်သောက်ချင်စိတ် မရှိတော့ချေ။

ထို့အတူ ရဲကျိုမှာလည်း စားသောက်ချင်စိတ် လျော့နည်းနေလေသည်။



စီးမေဟုန်တစ်ယောက်တည်းသာ စားသောက်နိုင်လေ၏။

သံမဏိလက်က ခေါင်းကို ခါယမ်းလိုက်ပြီး...

"ကို့စန်းယုဟာ အဆိပ်ပါတဲ့ အစားအစာတစ်ခုကို စားသောက်မိပြီး သေဆုံးသွားတယ်လို့လဲ ယူဆရတော့မလို ဖြစ်နေပြီ စုံစမ်းရေးမှူးကြီး"

ရဲကျိုက စဉ်းစားဟန်ပြုပြီး ခေါင်းတစ်ချက် ညိတ်လိုက်၏။

"ကို့စန်းယုကို မလှုပ်ရှားနိုင်အောင် ဖမ်းချုပ်ပြီး ပါးစပ်ထဲ အဆိပ်ရည်လောင်းထည့်တာမျိုးလဲ ဖြစ်နိုင်ပါတယ်"

ရဲကျိုက ထိုသို့ ပြောပြီး ခေါင်းကို ခါယမ်းလိုက်သည်။

"ဒါပေမယ့် ကို့စန်းယုကို ဘယ်သူတွေ ဖမ်းချုပ်ထားသလဲ၊ ကို့စန်းယုဟာ ရန်သူတွေကို မခုခံနိုင်တော့ဘူးလား၊ တကယ်လို့ ရန်သူတွေနဲ့ ရင်ဆိုင်လို့ မနိုင်ရင် ထွက်ပြေးလို့ကော မရဘူးလား"

သံမဏိလက်က ပြုံးလိုက်ပြီး...

"ဒီလို ပြောလို့ မလွယ်ဘူး စုံစမ်းရေးမှူးကြီး၊ မနေ့ညက ကျုပ်တို့ကို ဝိုင်းတိုက်ခိုက်တဲ့ လူတွေနဲ့ တွေ့ခဲ့ရင် ကို့စန်းယုဟာ ထွက်ပြေးလို့ မလွတ်ပါဘူး"

ရဲကျိုက စိတ်ရှုပ်ထွေးဟန်ဖြင့် ညည်းညူပြောဆိုလိုက်၏။

"ကို့စန်းယု သေဆုံးသွားတဲ့ ကိစ္စဟာ ဆာမူရိုင်းဓားသမားလက်ချက် ဟုတ်မဟုတ် သိရအောင် လုပ်ရမယ်၊ ကျုပ်တို့အနေနဲ့ ဆာမူရိုင်းဓားသမားအဖွဲ့ကို မိအောင် ဖမ်းနိုင်ဖို့ ကြိုးစားရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ သိုင်းပညာအဆင့်က အတော်ကလေး မြင့်မားနေလို့ ကျုပ်တို့ ရုံးတော်က လူတွေနဲ့ ရမှာ မဟုတ်ဘူး"

လူအေးက ပြန်ပြောလိုက်သည်။

"ဆာမူရိုင်းဓားသမားတွေဟာ တိုက်ခိုက်တဲ့အခါ တစ်ယောက်ချင်း မတိုက်ဘဲ လူအများနဲ့ တိုက်ခိုက်လေ့ ရှိတယ်၊ သူတို့ရဲ့ ခေါင်းဆောင်ဟာ ပုန်းကွယ်နေရာမှ ရုတ်တရက် ထွက်လာပြီး တိုက်ခိုက်တယ်၊ အဲဒီ လူက ဓားမှာ ချိတ်တစ်ခု တပ်ဆင်ထားတယ်၊ သူ့ရဲ့ ဓားသိုင်းကွက်က အတော်ကလေး ထက်မြက်တယ်လေ"

ရဲကျို မျက်မှောင်ကြုတ်၍ နားထောင်လိုက်၏။

"အင်း ဒါကလဲ ထူးခြားချက်တစ်ရပ်ပါပဲ၊ ကျုပ်တို့ ဒီဒေသတပိုက်မှာ ချိတ်ဓားကိုင်ဆောင်တဲ့ လူတစ်ယောက်မှ မတွေ့သေးဘူး"

ရဲကျိုက စားပွဲပေါ်မှ အရက်ခွက်ကို ယူကာ မော့ချလိုက်လေသည်။ အသားဖတ်တစ်ဖတ်ကို တူဖြင့် ညှပ်စားရင်း...

"ကို့စန်းယုနဲ့ ကျန်းတစုတို့ အသတ်ခံရတာနဲ့ ပတ်သက်ပြီး တရားခံကို အမြန်ဆုံး ဖော်ထုတ်နိုင်ဖို့ အထက်အရာရှိ ဝူးထိန်ယင်က အမိန့်ပေးထားတယ်၊ ခင်ဗျားတို့နှစ်ယောက်က ကူညီပါလို့ မေတ္တာရပ်ခံပါတယ်၊ ဒီတရားခံတွေ ဖမ်းမိမှ ကျုပ်စိတ်ချမ်းသာမယ်၊ စိတ်အေးနိုင်တော့မယ်"

ထိုစဉ် တံခါးဝ၌ အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာလေသည်။



"စုံစမ်းရေးမှူးကြီး အနေနဲ့ ကျုပ်အကြောင်း မကြားဘဲ ဝင်လာတာကို ခွင့်လွှတ်စေချင်တယ်"

အသံရှင်ကို သူတို့အားလုံး လှမ်း၍ ကြည့်လိုက်မိကြလေ၏။

တံခါးဝမှတဆင့် အခန်းတွင်းသို့ ဝင်လာသော အသံရှင်ကို တွေ့မြင်လိုက်ကြလေသည်။

ဝင်လာသူကို တွေ့မြင်လိုက်သည်နှင့် သူတို့အားလုံး မတ်တတ်ရပ်ကာ အလေးပြုလိုက်လေသည်။

အခန်းထဲ ဝင်လာသူ၏ မျက်နှာမှာ တည်ကြည်ခန့်ညားလေသည်။ သူ၏မျက်နှာပြင်၌ တင်းမာခက်ထန်မှု လုံးဝမရှိချေ။

မြင်ရသူအပေါင်း လေးစားရသည့် မျက်နှာ ဖြစ်သည်။ မျက်နှာပေါ်မှ နှုတ်ခမ်းမွေးများ၊ မုတ်ဆိတ်မွေးများမှာ မည်းနက်တောက်ပြောင်နေသည်။

ထိုလူကား မြို့နယ်အုပ်ချုပ်ရေး အရာရှိမင်း ဝူးထိန်ယင်းပင် ဖြစ်ပေသည်။

♣ ♣ ♣

မြို့နယ်အုပ်ချုပ်ရေး အရာရှိမင်းဝူးထိန်ယင်သည် အခန်းတွင်းသို့ ရယ်မောကာ ဝင်ရောက်လာလေသည်။ ရဲကျိုက ပြုံးရွှင်သော မျက်နှာထားဖြင့် ဆီးကြိုလိုက်သည်။

"အရာရှိမင်းဝူး၊ ကြွပါခင်ဗျာ..ကြွပါ၊ အခုလို စားချိန်

www.burmeseclassic.com



သောက်ချိန်မှာ ရောက်လာတဲ့အတွက် အခန့်သင့်ပဲ ကျွေးမွေးပြုစုရတာပေါ့ ခင်ဗျာ ထိုင်ပါ"

ဝူးထိန်ယင်က သဘောကျစွာ ရယ်မောလိုက်သည်။

"ကျုပ်ကို မိတ်ဆွေတစ်ယောက်လို သဘောထားပါ။ အရိုအသေတွေနဲ့ လုပ်မနေပါနဲ့၊ နေတတ်သလိုသာ နေကြပါ"

ရဲကျိုသည် တစ်ချက် ဦးညွတ်ကာ ပြန်ထိုင်ချလိုက်သည်။ လူအေးနှင့် သံမဏိလက်တို့သည်လည်း ဝူးထိန်ယင်အား အရိုအသေပေးပြီး ထိုင်ချလိုက်သည်။

ဝူးထိန်ယင်က နောက်သို့ လှည့်လိုက်သည်။ သူ၏နောက်၌ လူနှစ်ယောက် ပါလာလေသည်။

ထိုလူနှစ်ယောက်အနက် တစ်ယောက်က ဝူးထိန်ယင်၏ နောက်သို့ လိုက်လာပြီး ကျန်တစ်ယောက်မှာ တံခါးပေါက်ဝ၌ ရပ်နေလေသည်။

ဝူးထိန်ယင်နှင့် ပါလာသူ၏မျက်နှာမှာ အထူးပင် ပြုံးချိုသော မျက်နှာထားနှင့် ရှိလေသည်။

ထိုလူသည် အစိမ်းရောင်ဝတ်စုံရှည်အင်္ကျီကို သပ်ရပ်စွာ ဝတ်ဆင်ထားလေသည်။

ဝူးထိန်ယင်က ထိုလူနှင့်အတူ လှုတ်နေသောခုံ၌ ဝင်ထိုင်ချလိုက်သည်။

လူအေးနှင့် သံမဏိလက်တို့က အခန်းဝ၌ ရပ်နေသော လူအား လှမ်းကြည့်ကာ သံမဏိလက်က ခေါ်လိုက်သည်။



"ဟိုက မိတ်ဆွေလဲ တစ်ခါတည်း ကျွန်တော်တို့နဲ့အတူ ဝင်ပြီး ထိုင်ပါလား"

ထိုအခါ ဝူးထိန်ယင်က အသံထွက်အောင် ရယ်မောလိုက်သည်။

"ဟဲ..ဟဲ၊ သူက ကျုပ်မိတ်ဆွေပါ၊ အပါးတော်မြဲ ကိုယ်ရံတော်တစ်ယောက်ဆိုပါတော့၊ သူ့ကိုတော့ ခေါ်မနေပါနဲ့၊ သူက တစ်ယောက်ထဲ နေတတ်တဲ့အကျင့် ရှိတယ်၊ သူ့ရဲ့အမည်ကို အယ်သူမှ မပြောပြဘူး၊ ကျုပ်အပေါ် သစ္စာရှိပြီး အထူးတာဝန်ကျေတဲ့ လူတစ်ယောက်ပါ"

ထို့နောက် ဝူးထိန်ယင်က သူ့ဘက်မှ ထိုင်နေသော အစိမ်းရောင်အင်္ကျီရှည်နှင့်လူအား မိတ်ဆက်ပေးလိုက်လေသည်။

"သူကတော့ ကျုပ်ရဲ့ စာရေးကြီးပါ၊ အတိုင်ပင်ခံ အပါးတော်မြဲတစ်ဦးပါပဲ၊ နာမည်က လီကျူးချွန်ပါ"

သံမဏိလက်က ဝူးထိန်ယင်အား အရိုအသေ ပြုလိုက်ပြီး...

"ဟုတ်ကဲ့၊ မြို့နယ်အုပ်ချုပ်ရေး အရာရှိမင်းဆီမှာ စာပေတတ်ကျွမ်းတဲ့ အပါးတော်မြဲတစ်ယောက်နဲ့ သိုင်းပညာတတ်ကျွမ်းတဲ့ အပါးတော်မြဲတစ်ယောက် ရှိတယ်ဆိုတဲ့ သတင်းကတော့ ကြားသိရပါတယ်"

လီကျူးချွန်က သံမဏိလက်တို့အား အရိုအသေ ပေးလိုက်သည်။ ထို့နောက် ပြုံးရယ်ကာ...

"ကျွန်တော့်ကို အရာရှိမင်းဝူးက မြှောက်စားလို့ အပါးတော်

www.burmeseclassic.com

www.burmeseclassic.com



မြတ်စ်ယောက် ဖြစ်နေတာပါ၊ ကဗျာကလေး၊ စာကလေး ရေးတတ် ဖတ်တတ်ရုံလောက်ပါ၊ သိပ်လဲ မကျွမ်းကျင်လှပါဘူး"

လူအေး၏မျက်လုံးအစုံမှာ တံခါးဝ၌ ရပ်နေသော လူထံသို့ မကြာခဏ ရောက်နေလေသည်။

ထိုလူအား ယခုမှ ပထမဦးဆုံးအကြိမ် တွေ့ဖူးခြင်း မဟုတ်ပါ။ သူတို့နှစ်ယောက်မှာ ထိုလူအား ရိလင်ကျန်း၏ဂေဟာ၌ တွေ့ဖူးသော လူတစ်ယောက် ဖြစ်သည်။

ထိုလူ၏ပုံစံမှာ ပထမတစ်ကြိမ် တွေ့ခဲ့စဉ်က ပုံစံပင် ဖြစ်လေသည်။

ရဲကျိုသည် သူ၏တပည့်တစ်ဦးအား လှမ်း၍ မှာကြားလိုက်သည်။ နောက်ထပ် ဟင်းများနှင့် တူအပိုနှစ်စုံ အရက်ကရားတို့ကို မှာကြားလိုက်သည်။

နံရံတွင် ရပ်နေသော လူအတွက် သီးသန့်ပို့ခိုင်းလိုက်လေသည်။

ထိုလူသည် သူ့အတွက် စီစဉ်ပေးသော အစားအသောက်များကို တစ်ချက်ကြည့်ကာ ဘာစကားမျှ မပြောဘဲ စားသောက်နေလေသည်။

ထိုလူသည် ဦးခေါင်းကို ငုံ့ကာ စားသောက်နေခြင်း ဖြစ်သည်။ ထို့ကြောင့် သူ့ပါးစပ် လှုပ်ရှားမှုမှတပါး ဘာမျှ မမြင်တွေ့ရချေ။

♣ ♣ ♣



ဂူးထိန်ယင်က စားသောက်နေရင်းမှ စကားစတင် မေးလိုက်သည်။

"ကဲ အမှုအကြောင်းနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုထူးခြားချက်တွေ တွေ့သလဲ"

ရဲကျိုက ရုတ်တရက် မတ်တတ်ရပ်ကာ…

"အရာရှိမင်း ခင်ဗျာ"

ဂူးထိန်ယင်က လက်ကာပြလိုက်သည်။

"မတ်တတ်ရပ်ပြီး ပြောစရာ မလိုပါဘူး၊ မိတ်ဆွေတစ်ယောက်လိုပဲ ဆက်ဆံပြောဆိုပါ၊ ရုံးတာဝန် မဟုတ်ပါဘူး"

ရဲကျိုက လျင်မြန်စွာ ပြောကြားလိုက်သည်။

"အခုတော့ အမှုနဲ့ ပတ်သက်ပြီး သဲလွန်စ မတွေ့သေးပါဘူး"

ဂူးထိန်ယင်က သံမဏိလက်တို့ကို အကဲခတ်ကြည့်ရှုလိုက်သည်။

"ကို့စန်းယုနဲ့ ကျန်းတာစုဟာ ရုံးတော်မှာ အတော်ကလေး အားထားရတဲ့ လူတွေပဲ၊ သူတို့ ရိုးရိုးသေဆုံးရတာ မဟုတ်ဘဲ အသတ်ခံရတာ ဖြစ်တယ်၊ ကျုပ်တို့အဖို့ ရှက်စရာကောင်းတဲ့ ဖြစ်ရပ်ပဲ၊ ဒါကြောင့် အမြန်ဆုံး ဖော်ထုတ်ပေးကြပါလို့ မေတ္တာရပ်ခံပါတယ်"

သံမဏိလက်သည် ဂူးထိန်ယင် ပြောကြားနေသော စကားများကို ကြားနေရသည်။ သို့သော် အာရုံထဲသို့ စကားတစ်လုံးမျှ ဝင်ရောက်လာခြင်း မရှိချေ။ အဘယ်ကြောင့်ဆိုသော် သံမဏိလက်

www.burmeseclassic.com

www.burmeseclassic.com



သည် အခန်းပေါက်စ၌ ခုံငယ်ကလေးတစ်လုံးဖြင့် စားသောက်နေသော သိုင်းသမားကို ကြည့်နေ၍ ဖြစ်သည်။

ထူးခြားသော ထိုသိုင်းသမားသည် အရာရှိမင်း၏ အပါးတော်မြဲတစ်ယောက် ဖြစ်သည်။

လူအေး အလိုက်အထိုက် ဝင်ရောက်ပြောဆိုလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

သံမဏိလက်က လူအေး၏စကားသံကြားမှပင် ရှုးထိန်ယင်အား လှည့်ကြည့်မိသည်။

ရှုးထိန်ယင်က ကျေနပ်ဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"အတူးကြိုးစားကြပါ၊ ဒါနဲ့ ဘယ်လိုအစီအစဉ်တွေများ စီစဉ်ထားသလဲ၊ လိုအပ်တဲ့ အကူအညီ ရှိရင်လဲ ပြောကြပါ၊ လိုအပ်သမျှ ဆောင်ရွက်ပေးပါ့မယ်"

သံမဏိလက်က တစ်ချက်မျှ ပြုံးကာ ပြောလိုက်သည်။

"ကျွန်တော်တို့ မြို့နောက်က သုသာန်ကို စစ်ဆေးကြည့်ပါဦးမယ်၊ ကို့စန်းယု သေဆုံးတာကလဲ အဲဒီ အနီးအနားမှာ၊ သူ့ခြေထောက်မှာ အုတ်ဂူရဲ့ မှတ်တိုင်တစ်ခု ရှိတယ်၊ ရန်သူက သူ့ကို သတ်ပြီး အဲဒီ ခေါက်ပြားကို ခွဲခဲ့တာပါပဲ"

ရဲကျိုက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"အင်း ကျုပ်အနေနဲ့ကတော့ ဒီမှတ်တိုင်ကျောက်ပြားဟာ ကို့စန်းယုရဲ့အလောင်း တစ်ခုနဲ့တစ်ခု ဆက်စပ်မှုရှိမယ် မထင်ဘူး၊



သဲလွန်စ ဖြစ်နိုင်တယ်၊ ရှိရင် သူတို့က ရိုက်ခွဲပြီး ကို့စန်းယုနားမှာ ထားခဲ့ပါ့မလားဗျ၊ အဲဒီ ကျောက်ပြားက နဂိုတည်းက တစ်ယောက်ယောက် ယူထားသလားမှ မသိတာ"

သံမဏိလက်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး အေးဆေးစွာ ပြန်ပြောလိုက်လေသည်။

"ဟုတ်ပါတယ်၊ ဒီလို တွက်ဆလို့လဲ ရကောင်းပါတယ်၊ ဒါပေမယ့် မြို့အနောက်က သုသာန်ကိုတော့ ကျုပ်တို့သွားလေ့လာ ကြည့်ရဦးမှာပဲ"

ထိုစဉ် ရှုးထိန်ယင်က ရယ်မောပြောဆိုလိုက်သည်။

"ကဲ စကားပြောနေကြတာနဲ့ မစားသောက် ဖြစ်သေးဘူး၊ ကျုပ်က ဧည့်သည်ပေမယ့် လောကွတ်စကားပြောမယ်၊ စားကြသောက်ကြပါဦး"

ရှုးထိန်ယင်၏စကားကြောင့် သူတို့အားလုံး တူများ ကိုင်ဆောင်ကာ ဆက်လက်စားသောက်လိုက်ကြလေသည်။

ရှုးထိန်ယင်က စီးမေဟုန်ဘက်သို့ လှည့်လိုက်ပြီး သတိရဟန်ဖြင့် မေးလိုက်လေသည်။

"သူက ဘယ်သူလဲ"

စီးမေဟုန်သည် စားသောက်ရင်း သူတို့ ပြောသမျှ စကားများကို ငြိမ်သက်စွာ နားထောင်နေသည်။ သံမဏိလက်က...

"သြော် သူက စီးဂေဟာသခင်ကြီး စီးချန်းယင်ရဲ့ညီမ စီးမေဟုန်ပါ၊ ဒီမြို့ကို အလည်အပတ် ရောက်လာရင်း ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



နောက် လိုက်လာခဲ့တာပါ"

ဦးထိန်ယင်က အရက်တစ်ခွက် ငှဲ့လိုက်ပြီး စီးမေဟုန်ထံသို့ ကမ်း၍ ပေးလိုက်လေသည်။

"ဩော် စီးဂေဟာ သခင်ကြီးရဲ့ ညီမကိုး၊ အရက်ကလေး သောက်လိုက်ပါဦး မိန်းကလေး"

စီးမေဟုန်က သူ့မခေါင်းကို ငြင်သာစွာ ခါယမ်းပြလိုက်လေသည်။ ထို့နောက်...

"ကျေးဇူးတင်ပါတယ်၊ ကျွန်မ အရက်မသောက်တတ်ပါဘူး"

ဦးထိန်ယင်က အရက်ခွက်ကို ပြန်ရုတ်လိုက်သည်။

"အင်း စီးဂေဟာသခင်ကြီး စီးရှောင်ဖုန်းရဲ့ သတင်းကို ကြားရတာ စိတ်မကောင်းပါဘူး"

သူတို့အားလုံး စားသောက်ပြီးသောအခါ ဦးထိန်ယင်က ပြန်ရန် ဟန်ပြင်လိုက်ရင်း နှုတ်ဆက်လိုက်လေသည်။

"ကဲ စားသောက်လို့ပြီးပြီ၊ ကျုပ်ကိုလဲ ပြန်ခွင့်ပြုပါဦး၊ စုစမ်းရေးမှုးတွေကို ထပ်ပြီးမှာကြားပါရစေ၊ အမှုကို အမြန်ဆုံး ဖော်ထုတ်ပေးပါ၊ မပေါ်ခဲ့ရင်တော့ ကျုပ်တို့ တော်တော်လေး အရှက်ရမယ့် ကိစ္စရပ်ဖြစ်လို့ ကြိုးစားပေးကြပါလို့ ထပ်ပြီး မေတ္တာရပ်ခံပါတယ်"

ဦးထိန်ယင်းက ပြောပြောဆိုဆိုပင် ထိုင်ရာမှ ထလိုက်သည်။ သူ၏အပါးတော်မြဲ လီကျူးချွန်ကလည်း ထလိုက်လေသည်။



ထိုအခါ တံခါးပေါက်မှ ငြိမ်သက်စွာ ထိုင်နေသော အပါးတော်မြဲကလည်း မတ်တတ်ရပ်လိုက်လေသည်။

လူအေး၏မျက်လုံးအစုံက စူးရှစွာ လှည့်ပတ်ကြည့်ရှုလိုက်သည်။ ရုတ်တရက် အမည်မသိ သိုင်းသမား၏ခြေအစုံကို လှမ်း၍ ကြည့်မိလိုက်သည်။

သူ၏ခြေထောက်အစုံတွင်လည်း ဖိနပ်ရှည် စီးထားခြင်း မရှိပါချေ။ ကြိုးသိုင်း မြက်ဖိနပ်ပါးပါးကိုသာ စီး၍ထားသည်။

ထို့ကြောင့် ထိုလူ၏ခြေအစုံကို သေသေချာချာ မြင်တွေ့ခြင်း ဖြစ်လေသည်။ ခြေထောက်နှစ်ချောင်းသည် မည်သည့် ထူးခြားချက်ကို တွေ့နိုင်မည်နည်း။

လူအေး အနေဖြင့် မည်သည့် ထူးခြားချက်ကို တွေ့၍ ဤမျှအထိ ကြည့်ရှုနေပါသနည်း။

သံမဏိလက်ကမှု အမည်မသိ သိုင်းသမား၏မျက်နှာကို အကဲခတ်ကြည့်ရှုနေသည်။ ထိုသိုင်းသမား၏ လွတ်နေသော မျက်နှာကို ခေတ္တမျှ လောက် တွေ့မြင်လိုက်ရလေသည်။

သို့သော် ထိုသိုင်းသမားသည် သူ၏ဦးခေါင်းကို ခပ်ငိုက်ငိုက်ပြုကာ ရပ်နေသည်။ လူအားလုံးသည် ဦးထိန်ယင်ကို မတ်တတ်ရပ်ကာ နှုတ်ဆက်လိုက်လေသည်။

ဦးထိန်ယင်ကလည်း ပြန်လည်နှုတ်ဆက်လိုက်သည်။

ထို့နောက် အခန်းတွင်းမှ ထွက်ခွာသွားလေတော့သည်။

သူ၏နောက်မှ အပါးတော်မြဲနှစ်ယောက်သည် ကပ်လျက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသွားကြလေသည်။ ဦးထိန်ယင်၏အပါးတော်မြဲနှစ်ယောက်မှာ ဆန့်ကျင်ဘက် နှစ်ယောက် ဖြစ်သည်။

တစ်ယောက်က စာပေသမား၊ တစ်ယောက်က ဓား သမား။ ထို့ပြင် လွန်စွာ လျှို့ဝှက်ထူးခြားလှသော အမည်မသိ သိုင်း သမားတစ်ဦး ဖြစ်သည်။

ဦးထိန်ယင် အပေါ် သစ္စာရှိသော်လည်း နာမည်ကိုမူ ထုတ် မပြောချေ။ မည်သည့်အရပ်မှ လာသည်ကို မသိချေ။ သို့သော် ဦးထိန် ယင်ကို အထူးတလည် စောင့်ရှောက်လေသည်။

လူအေးနှင့် သံမဏိလက်တို့သည် တစ်ယောက်မျက်နှာတစ် ယောက် ကြည့်ကာ ပခုံးတစ်ချက် တွန့်လိုက်သည်။

လူအေးနှင့် သံမဏိလက်တို့မှာ သာမန်သိုင်းသမားတစ်ဦး မဟုတ်ချေ။ သူတို့သည် အမည်မသိသော အပါးတော်မြဲ၏ လျှို့ဝှက် ချက်တစ်ခုကို သတိပြုမိကြလေသည်။

ထိုလျှို့ဝှက်ချက်သည် သူတို့အဖို့ လွန်စွာ တန်ဖိုးရှိသော အချက်ပင် ဖြစ်သည်။

သို့ရာတွင် ထိုလျှို့ဝှက်သိုင်းသမားသည် မြို့နယ်အုပ်ချုပ် ရေး အရာရှိမင်း ဦးထိန်ယင်၏ ဘက်တော်အပါးတော်မြဲတစ်ဦး ဖြစ် နေလေသည်။

ထို့ကြောင့် လူအေးနှင့် သံမဏိလက်တို့မှာ သက်ပြင်းကိုယ် စီ ချလိုက်လေသည်။

♣ ♣ ♣



## သဲလွန်စ ပြန်လည်ရှာဖွေခြင်း

လူအေး၊ သံမဏိလက်နှင့် စီးမေဟုန်တို့သည် စုံစမ်းစစ် ဆေးရေး အရာရှိ ရုံးတော်မှ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။

လူအေးနှင့် သံမဏိလက်တို့က စီးမေဟုန်အား စီးဂေဟာ သို့ ပြန်ရန် ပြောဆိုလိုက်သည်။

စီးမေဟုန်က ပြုံး၍ မေးမြန်းလိုက်သည်။

"အစ်ကိုတို့က ဘယ်နေရာကို ဆက်သွားကြမှာလဲ"

သံမဏိလက်က...

"ကျုပ်တို့နှစ်ယောက် သွားစရာနေရာ ရှိတယ်၊ ဒါပေမယ့် မင်းလိုက်ဖို့ မသင့်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



စီးမေဟုန်က မကျေနပ်သော လေသံဖြင့်…

"အို ဘာဖြစ်လို့ မလိုက်သင့်ရမှာလဲ အစ်ကိုတို့ သွားဝံ့တဲ့နေရာ ကျွန်မလဲ သွားဝံ့ရမှာပေါ့"

သံမဏိလက်က မသိမသာ ပြုံး၍ ပြောလိုက်သည်။

"မင်းက ကျုပ်တို့ ဘယ်နေရာသွားမယ်ဆိုတာ သိလို့ ပြောတာလား"

စီးမေဟုန်က ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း"

သံမဏိလက်က မျက်လုံးပြူး၍ လေသံကျယ်ကျယ်ဖြင့် ပြောလိုက်လေသည်။

"သင်္ချိုင်း"

စီးမေဟုန်က တစ်ချက်ပြုံးလိုက်သည်။

"ကျွန်မသွားရဲပါတယ်၊ အစ်ကိုတို့နဲ့ အတူတူ လိုက်ခဲ့ရမှာပဲ"

သံမဏိလက်က စီးမေဟုန်ကို ပြုံး၍ ကြည့်လိုက်သည်။

"ဒါဆိုရင်လဲ သွားကြတာပေါ့၊ ကျုပ်တို့က အုတ်ဂူကို စစ်ဆေးမယ်၊ မသင်္ကာတဲ့ အုတ်ဂူတွေ့ရင် အလောင်းကို တူးဖော်ယူမယ်၊ ခွဲစိတ်ရမယ်"

စီးမေဟုန်၏မျက်နှာတစ်ချက် ပျက်သွားသည်။

စီးမေဟုန်က သူ့ခေါင်းကို လက်နှစ်ဘက်ဖြင့် ကိုင်လိုက်ပြီး…

"ကျွန်မ ခေါင်းထဲက မူးနေတယ်"

လူအေးက တစ်ချက်ပြုံးလိုက်သည်။ သံမဏိလက်ကလည်း



လူအေးအား ကြည့်ကာ ပြုံးလိုက်၏။

"မင်းကို မြို့ပြင်အထိ လိုက်ပို့ပေးပါ့မယ်"

စီးမေဟုန်က…

"ရပါတယ်၊ ကျွန်မဘာသာ ကျွန်မပြန်ပါ့မယ်"

သံမဏိလက်က…

"ကျုပ်တို့နောက်က နောက်ယောင်ခံပြီး လိုက်လာဦးမလို့လား"

စီးမေဟုန်က နှုတ်ခမ်းစူလိုက်သည်။

"အိမ်ကို တည့်တည့်မတ်မတ်ပြန်မှာပါ၊ ဒီကိစ္စတွေ ပြီးသွားရင်တော့ အိမ်ကိုလာဦးမှာလား"

သံမဏိလက်က လူအေးကို ကြည့်လိုက်သည်။

လူအေးက စကားတစ်ခွန်းမှ ပြန်မပြောပါ။ ထို့ကြောင့် သံမဏိလက်က စီးမေဟုန်ဘက်သို့ လှည့်လိုက်ပြီး…

"ကိစ္စတွေ ပြီးရင်တော့ လာခဲ့မှာပါလေ"

စီးမေဟုန်က ခေါင်းကို ငုံ့ကာ တိုးညင်းစွာ ပြောလိုက်သည်။

"လာမယ်ဆိုရင် အချိန်မရွေးလာခဲ့ကြပါ"

သံမဏိလက်က သက်ပြင်းတစ်ချက်ချလိုက်ပြီး လူအေးကို ကြည့်လိုက်သည်။ လူအေးက…

"လာခဲ့မယ်လေ၊ မင်းကို မြို့ပြင်ရောက်အောင်တော့ လိုက်ပို့ပါရစေ"

လူအေးနှင့် သံမဏိလက်တို့က စီးမေဟုန်အား မြို့ပြင်သို့

www.burmeseclassic.com

www.burmeseclassic.com



သွားရောက်ပို့ဆောင်ပေးလိုက်ကြလေသည်။

♣ ♣ ♣

လူအေးနှင့် သံမဏိလက်တို့မှာ သင်္ချိုင်းမြေထဲသို့ ရောက်ရှိလာကြလေသည်။

သင်္ချိုင်းမြေပြင်သည် လုံးဝတိတ်ဆိတ်ငြိမ်သက်နေလေ၏။

သူတို့နှစ်ဦးသည် သင်္ချိုင်းမြေတစ်ခုလုံး လှည့်ပတ်ကြည့်ရှုနေလေသည်။

နောက်ဆုံးတွင် မှတ်တိုင်ကျောက်ပြား စိုက်ထူထားခြင်းလုံးဝမရှိသော အုတ်ဂူရှေ့သို့ နှစ်ဦး ရပ်လိုက်မိကြလေသည်။

သံမဏိလက်က အုတ်ဂူရှေ့၌ ရပ်၍ သေချာစွာ စိုက်ကြည့်လိုက်၏။ ပြီးမှ...

"အင်း ဒီအုတ်ဂူရှေ့မှာ စိုက်ထားတဲ့ ကျောက်ပြားကို တစ်ယောက်ယောက်က ချိုးဖဲ့ဆွဲနှုတ်ယူသွားတာပဲ ဖြစ်လိမ့်မယ်"

လူအေးက ထိုနေရာကို ကြည့်ရှုပြီး ပြောလိုက်သည်။

"အင်း ဒါဆိုရင် ကို့စန်းယုရဲ့ အလောင်းခြေရင်းတွေ့တဲ့ ကျောက်ပြားမှတ်တိုင်အကွဲဟာ ဒီအုတ်ဂူမှတ်တိုင် ကျောက်ပြားပဲ ဖြစ်မှာ သေချာတယ်"

သံမဏိလက်က မျက်မှောင်ကြုတ်ကာ စူးစိုက်လျက် ကြည့်ရှုပြီး တစ်ကိုယ်တည်း မေးခွန်းထုတ်လိုက်လေသည်။



"အင်း ဒီဂူဟာ ဘယ်သူ့ရဲ့ အုတ်ဂူလဲ၊ ဘယ်လိုလူစားမျိုးရဲ့ အုတ်ဂူများ ဖြစ်နေမလဲ"

သူတို့သည် အုတ်ဂူရှေ့မှ အမည်မှတ်တိုင် ကျောက်ပြားကို စိုက်ထူပေးရလေသည်။

သို့သော် ယခု မှတ်တိုင်သည် ယခင်က ရှိမည်။ ယခု တစ်ယောက်ယောက်က ချိုးဖဲ့ယူသွားသည်မှာ သေချာလှပေသည်။

ကို့စန်းယု အလောင်းခြေရင်းတွင် ကျကွဲ၍ နေသော မှတ်တိုင်ကျောက်ပြားပေါ်မှ နာမည်မှာ 'လီအိုရှီ'ဟူ၍ ဖြစ်သည်။

ထိုနာမည်ရှင်မှာ သေဒဏ်အပြစ်ပေးခြင်း ခံရသော ရာဇဝတ်သားတစ်ယောက် ဖြစ်သည်။

လီအိုရှီသည် မည်ကဲ့သို့ ပြစ်မှုမျိုးကို ကျူးလွန်ခဲ့၍ သေဒဏ်အပြစ်ပေးခြင်း ခံရသနည်း။

ဤအချက်ကို ဒေသချုပ်ရုံးတော် သွားရောက်၍ အမှုတွဲဟောင်းများကို လှန်လှောရှာဖွေကြည့်ရှုမှသာ သိရှိနိုင်ပေလိမ့်မည်။

ကို့စန်းယုသည် သူ့အိမ်သို့ အပြန်လမ်း၌ သင်္ချိုင်းထဲမှ မမျှော်လင့်ဘဲ လျှို့ဝှက်ချက်တစ်ခုခုနှင့် ကြုံတွေ့ခဲ့ရလေသည်။

ထိုလျှို့ဝှက်ချက်သည် လီအိုရှီသို့သော သေဒဏ်အပြစ်ပေးခြင်းခံရသည့် သူ၏သင်္ချိုင်းအုတ်ဂူနှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ဆက်နွယ်မှု ရှိမည်လား။

လူအေးနှင့် သံမဏိလက်တို့သည် အမျိုးမျိုး အဖုံဖုံ တွေးတောစဉ်းစားနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူပတ်ပတ်လည်ကိုပါ သေချာစွာ စစ်ဆေးကြည့်ရှုပြန်သည်။ ထိုအခါ မသင်္ကာဖွယ်ရာ အချက်တစ်ချက်ကို ရုတ်တရက် တွေ့မြင်လိုက်ရလေသည်။

အုတ်ဂူ၏ညာဘက်ဘေး၌ တွေ့ရသော အချက်ပင် ဖြစ်သည်။ ထိုအုတ်ဂူ၏ညာဘက်၌ အင်္ဂတေအသစ်များဖြင့် ပြုပြင်ထားသော နေရာတစ်ခုကို တွေ့လိုက်ရလေသည်။

လူအေးက သံမဏိလက်၏မျက်နှာကို အဓိပ္ပါယ်ရှိစွာ တစ်ချက်လှမ်းကြည့်လိုက်သည်။

သံမဏိလက်သည် ဦးခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး ခါးကြားမှ ဓားကို ဆွဲထုတ်လိုက်သည်။

လူအေးကလည်း ချက်ချင်းသဘောပေါက် နားလည်သွားသည်။ သူ၏ခါးမှ ဓားကို ဆွဲထုတ်လိုက်သည်။

ဓားဖြင့် အုတ်ဂူကို ထိုးဖောက်လိုက်သည်။

♣ ♣ ♣



အင်္ဂတေအသစ်ဖြင့် ဖာထေးထားသော နေရာအတိုင်း ဖောက်ထွင်းကြလေသည်။

လူအေးနှင့် သံမဏိလက်တို့နှစ်ယောက်လုံး ချွေးများ ရွှဲနစ်နေကြလေသည်။

ထိုအုတ်ဂူ၏ညာဘက်ဘေးရှိ အပေါက်မှ အတွင်းဘက်ရှိ ခေါင်းတစ်လုံးကို လွယ်ကူစွာ ဝင်ရောက်ထုတ်နိုင်လောက်အောင် အဝရှိသည်။

ထိုအဝသည် ရှည်မျောမျောသဏ္ဍာန် ဖြစ်နေသည်။ လူအေးနှင့် သံမဏိလက်တို့သည် ထိုအုတ်ဂူထဲမှ ခေါင်းတလားကို တွန်းရွှေ့၍ အပြင်သို့ မ,ထုတ်ပြီး မြေပြင်ပေါ်သို့ ချထားလိုက်သည်။

ပထမဦးဆုံး ခေါင်းတလားကို ဖွင့်ကြရမည်။

ယခု တွေ့ရသော အုတ်ဂူ၏လျှို့ဝှက်ချက်သည် ခေါင်းတလားထဲ၌ ရှိနေမည်မှာ သေချာသည်။

လူအေးနှင့် သံမဏိလက်တို့မှာ လုပ်စရာရှိသော အလုပ်ကို တွံ့ဆိုင်းမနေတော့ဘဲ လျင်မြန်စွာ ဆက်လက်လုပ်ကိုင်လေတော့သည်။

အနက်ရောင်ခေါင်း၏အဖုံးကို ဆွဲဖွင့်ချလိုက်သည်နှင့် ခေါင်းထဲက မြင်ကွင်းကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ခေါင်းထဲ၌ မည်သည့်အရာမျှ မရှိပါ။ မည်သည့်အရာကိုမျှ မတွေ့ရချေ။

ခေါင်းအတွင်း၌ လူသေအလောင်း လုံးဝမရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူတို့နှစ်ယောက် အံ့အားသင့်ကြခြင်း ဖြစ်သည်။

ဤသို့ဆိုလျှင် ခေါင်းရှိနေသော်လည်း လူသေမှာ ဘယ်သို့ရောက်သွားသနည်း။

ခေါင်း၏အတွင်း၌ အပုပ်နံ့များ ထွက်ပေါ်နေလေ၏။

ထို့ကြောင့် အခေါင်းသည် အလောင်းမရှိသော အခေါင်းတစ်ခုတော့ မဟုတ်ပါချေ။

အလောင်းကို မည်သူက ယူဆောင်သွားသနည်း။ မည်သည့်အတွက်ကြောင့် အလောင်းကို ယူသွားသနည်း။

ဤသည်ကို သူတို့နှစ်ယောက် စဉ်းစားမရနိုင်တော့ချေ။

ထိုစဉ် လူအေး၏မျက်လုံးအစုံသည် ခေါင်းအတွင်းဘက်ရှိ ထောင့်တစ် ထောင့်ဘက်သို့ ရောက်သွားသည်။

ထိုထောင့်နေရာ၌ ဝင်းလက်တောက်ပသော အရောင် ပေါ်ထွက်နေလေသည်။

ညနေဆောင်း နေရောင်ခြည်အောက်၌ ထိုအရာက ဝင်းလက်တောက်ပနေသည်။

လူအေးက ထိုအရာကလေးကို လက်နှစ်ချောင်းဖြင့် လှမ်း၍ ကောက်ယူလိုက်သည်။

ထိုအရာသည် ပဲစေ့တစ်လုံး အရွယ်ခန့်ရှိသော ကျောက်ဖြူပွင့်ကလေးတစ်လုံး ဖြစ်နေသည်။

ဤကျောက်ဖြူပွင့်ကလေးမှာ သေဆုံးသူမှ ကျခဲ့သော



အရာတစ်ခု မဟုတ်ချေ။

အချို့သော ငွေကြေးချမ်းသာသော သူများသည် လူသေအလောင်းများကို အဖိုးတန် ရွှေငွေကျောက်မျက်ရတနာများကိုပါ ဆင်ယင်ပေးတတ်လေ့ ရှိသည်။

သို့ရာတွင် ယခု သေဆုံးသောသူမှာ ရာဇဝတ်သားတစ်ယောက်ကို သေဒဏ်ပေးခြင်း ဖြစ်သဖြင့် မည်သူကမျှ ခမ်းနားစွာ ဆင်ယင်ကြမည် မဟုတ်ချေ။

ထို့ကြောင့် ယခု ကျောက်ဖြူပွင့်ကလေးမှာ ထိုအလောင်းထံမှ ကျန်ရစ်သည်မှာ လုံးဝမဖြစ်နိုင်ချေ။

ယခု အချက်သည် စဉ်းစားစရာကောင်းသော အချက် ဖြစ်နေလေသည်။

တစ်စုံတစ်ယောက်သောသူက ဤခေါင်းအတွင်းမှ အလောင်းကို ထုတ်ယူကာ ခေါင်းထဲ၌ လျှို့ဝှက်သော ပစ္စည်းများကို ထည့်ဝှက်၍ ဂူအတွင်း၌ ပြန်လည်ပိတ်မည်။

ထိုလျှို့ဝှက်ပစ္စည်းများသည် ကျောက်မျက်ရတနာများလည်း ဖြစ်နိုင်လေသည်။

ဤအတိုင်းပင် လူအေးနှင့် သံမဏိလက်တို့က တွက်ဆကြည့်လိုက်လေသည်။

သူတို့၏ထင်မြင်ယူဆချက်များမှာ မှန်ကန်သည် ဆိုပါက တစ်စုံတစ်ယောက်သူ၏ အဖိုးတန် ကျောက်မျက်ရတနာများကို ခေါင်းထဲ၌ လျှို့ဝှက်စွာ ထည့်သွင်းမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခု အခြေအနေအရ ကျောက်ဖြူပွင့်တစ်ပွင့်မှ လွဲ၍ မည်သည့်ပစ္စည်းတစ်ခုမှ မရှိတော့ချေ။

ဤသို့ဆိုလျှင် မည်သူ လာရောက် ယူငင်သွားသနည်း။ ပိုင်ရှင်က ပြန်လည်တူးဖော်သွားခဲ့သလား။

သို့မဟုတ် တစ်ခြားလူများက လျှို့ဝှက်ချက်ကို သိသွားသဖြင့် လာရောက်ဖောက်သွားသနည်း။

ကိစ္စနဲယုကို မည်သူက လုပ်ကြံသွားသနည်း။

ဤနေရာ သည် သင်္ချိုင်းမြေ ဖြစ်သည်။

အုတ်ဂူများ ပြည့်နှက်နေလေသည်။

အုတ်ဂူတစ်ခုအတွင်းမှ လျှို့ဝှက်ချက်ကို သိရှိထားသူသည် ထိုအုတ်ဂူကို မှတ်သားရန် လွန်စွာ အရေးကြီးပေသည်။

အုတ်ဂူကို အလွယ်တကူ ရှာဖွေနိုင်ရန် မှတ်တိုင်ကျောက်ပြားမှ နာမည်ကို အဓိကထား မှတ်သားရမည် ဖြစ်သည်။

အကယ်၍ တစ်စုံတစ်ယောက် ထိုနာမည် ကျောက်ပြားကို ဆွဲနှုတ်လိုက်ပါက ရှာဖွေရန် မလွယ်ကူတော့ချေ။

မှတ်တိုင်မဲ့အုတ်ဂူများလည်း သင်္ချိုင်းထဲမှ အများအပြား ရှိလေသည်။

အသက်ရှင်လျက် ရှိနေသော သူများ၌ နာမည်ကိုယ်စီ ကိုယ်စီ ရှိလေသည်။

သူတို့ သေဆုံးသွားသောအခါ သူတို့ မြုပ်နှံသောအခါ သင်္ချိုင်းရာအုတ်ဂူရှေ့မှ ကျောက်ပြားပေါ်၌ နာမည်အသီးသီးကို



ကမ္ပည်းထိုးရေးခွင့် ရှိလေသည်။

ကွယ်လွန်သွားသောအိုတစ်ယောက်မှာ မည်သူမည်ဝါ ဖြစ်ကြောင်း မှတ်တိုင်ကျောက်ပြားမှ အမည်ကို ဖတ်ရန် ဖြစ်လေသည်။

♣ ♣ ♣

လူအေးနှင့် သံမဏိလက်တို့သည် သင်္ချိုင်းမြေအတွင်းမှ ပြန်လည်ထွက်ခွာလာသည်။

သူတို့သည် အချက်အလက်မျိုးစုံကို စဉ်းစားတွေးတောလေသည်။ အဓိကမှာ မှတ်တိုင်မရှိသော အုတ်ဂူ၏ လျှို့ဝှက်ချက်ပင် ဖြစ်လေသည်။

အုတ်ဂူအတွင်းမှ လျှို့ဝှက်ချက်သည် အုတ်ဂူရှေ့၌ ထိုးစိုက်သော မှတ်တိုင်၏ လျှို့ဝှက်ချက်ပင် ဖြစ်သည်။

သူတို့သည် လျှို့ဝှက်ချက်နောက်သို့ မည်သို့မည်ပုံ လိုက်ရမည် မသိပါ။

သံမဏိလက်နှင့် လူအေးတို့သည် ခေါင်းကို အုတ်ဂူထဲသို့ ထည့်ထားလိုက်ကြသည်။

အုတ်ဂူအပေါက်ကိုလည်း အုတ်ကျိုးအုတ်ပဲ့များဖြင့် ပြန်လည်ပိတ်ဆို့ထားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကို့စန်းယု လဲကျသေဆုံးနေသော နေရာသို့ သွားရောက်ကြလေသည်။

အုတ်ဂူရှေ့မှ မှတ်တိုင်ကျောက်ပြားသည် ထိုနေရာ၌ပင် ရှိမည် ဖြစ်သည်။

အုတ်ဂူရှေ့မှ မှတ်တိုင်ကျောက်ပြားမှာ ထိုချုံဖုတ်အောက်၌ ရှိနေလေသည်။

နာမည်ကို ဖတ်ရှု၍ ရနိုင်ရန် ဆက်စပ်ထားကြလေသည်။

သင်္ချိုင်းအတွင်းရှိ အုတ်ဂူရှေ့၌ စိုက်ထူထားလေ့ရှိသော မှတ်တိုင်ကျောက်ပြားတစ်ချပ်ကို မည်သူကမှ အိမ်သို့ ယူဆောင်ကြမည် မဟုတ်ပါချေ။

ဤကဲ့သို့ ယူဆောင်သွားရန်လည်း သိကြမည် မဟုတ်ချေ။ ယင်းသို့ ယူဆောင်သွားကြခြင်း မရှိသဖြင့် ထိုချုံအောက်တွင်သာ ရှိနေခြင်း ဖြစ်ပေသည်။

လူအေးတ မျက်မှောင်ကြုတ်ကာ စဉ်းစားနေမိလေသည်။ ကို့စန်းယု မသေဆုံးမီညက ထိုမှတ်တိုင်ကျောက်ပြားကို အုတ်ဂူရှေ့မှပင် နှုတ်ယူခဲ့လေသည်။

သံမဏိလက်က စိတ်ရှုပ်ထွေးစွာဖြင့်...

"ဘို့တတွေ ဒီအမှုကို ဘယ်ကနေပြီး စလိုက်ရင် ကောင်းမလဲ၊ ပထမဆုံး ဟောဒီ မှတ်တိုင်ကျောက်ပြားပေါ်မှာ လီအိုချီလို့ နာမည်ရေးထားတယ်၊ လီအိုချီဆိုတာ ဘယ်လိုလူစားလဲ၊ သူ့ရဲ့ အလောင်း ဘယ်ရောက်သွားသလဲ၊ ရတနာတွေ ခေါင်းထဲကို ဘယ်



သူက လာထည့်ထားသလဲ၊ ဘယ်သူက ပြန်ယူသွားသလဲ၊ အဲဒီ လူတွေက လီအိုချီနဲ့ ဘယ်လိုပတ်သက်နေသလဲ၊ ဘယ်သူတွေ ဖြစ်နိုင်သလဲ"

လူအေးက ခေါင်းညိတ်ပြီး ပြန်၍ ပြောလိုက်လေသည်။

"ကို့စန်းယု သေဆုံးသွားခဲ့ရတဲ့ အဓိက အကြောင်းကို ပြန် စဉ်းစားကြည့်ရင် ကို့စန်းယုဟာ ရုံးတော်ကို အသွား အပြန် ဒီလမ်းက သွားမယ်၊ အဲဒီအခါ သင်္ချိုင်းထဲမှာ လျှို့ဝှက်ချက်တစ်ခုခုကို တွေ့ပြီး တော့ အုတ်ဂူကို မှတ်မိအောင် ကျောက်ပြားကို ချိုးယူလာရင်း အသတ်ခံရတာ ဖြစ်နိုင်တယ်"

သူတို့သည် ခန့်မှန်းတွေးတောချက်များသာ ဖြစ်သည်။

ကျိန်းသေ ဖြစ်ရမည်ဟု မပြောနိုင်ပါချေ။

လူအေးနှင့် သံမဏိလက်တို့သည် လူသွားလမ်းကလေး အတိုင်း ဖြည်းဖြည်းနှင့်မှန်မှန် လျှောက်လာခဲ့လေသည်။

မြို့တွင်းသို့ ပြန်လည်ရောက်ရှိလာသောအခါ နေပင် အတော်စောင်းနေပြီ ဖြစ်သည်။

လူအေးနှင့် သံမဏိလက်တို့သည် တည်းခိုခန်းသို့ ပြန်ပြီး ရေမိုးချိုးကာ အဝတ်အစား လဲလိုက်သည်။

ထို့နောက်...

နေရာတစ်ခုခု၌ ညစာသွားစားရန် တိုင်ပင်လိုက်ကြလေ သည်။

ထိုအခါ...

F12(B)

www.burmeseclassic.com

www.burmeseclassic.com



လူအေးက အကြံပေးလိုက်လေသည်။

"ဒီလိုဆိုရင် စီးဂေဟာကို သွားမယ်၊ အဲဒီမှာ ညစာ ထမင်း သွားစားမယ်"

သမဏိလက်က လူအေး၏စကားကြောင့် လူအေးကို တစ်ချက်ကြည့်ကာ ရယ်မောလိုက်လေသည်။

ထို့နောက်...

သူ၏ဦးခေါင်းကို တွင်တွင်ညိတ်လိုက်လေတော့သည်။

♣ ♣ ♣



## စီးဂေဟာမှ ဓားပြ

ညစာ ထမင်းစားရန် စီးဂေဟာသို့ ထွက်လာခဲ့ကြသည်။

မြို့ပြင်သို့ ထွက်လာခဲ့ပြီးနောက် စွားဟူကျန်းမြစ်ကမ်းပါးဘေးမှနေ၍ လျှောက်လာခဲ့လေသည်။

အနောက်ဘက်မှ လိမ္မော်ရောင်နေလုံးသည် တောင်များပေါ်သို့ မေးတင်ကျရောက်လျက် ရှိပေသည်။

နေဝင်ဆည်းဆာအချိန်၏ တိမ်များသည် ရောင်သွေးစုံစွာ လှပယှက်သန်း၍ နေလေသည်။

ထိုစဉ်...

လူတစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလှေသည် မြစ်ကမ်းပါးဘေးအတိုင်း ပြေးလွှားလာနေလေသည်။

ထိုပြေးလွှားလာသော သူသည် လှအေးနှင့် သံမဏိလက်တို့ကို လှမ်းမြင်လိုက်သောအခါ လက်ကို မြှောက်ပြလိုက်ပြီး ဆက်လက်ပြေးလွှားလာလေသည်။

လှအေးနှင့် သံမဏိလက်တို့ ရှေ့ရောက်လာသောအခါ ရပ်တန့်လိုက်လေသည်။

"စုံစမ်းရေးမှူးကြီးတို့နှစ်ယောက်ကို အခုလို တွေ့လိုက်ရတာ အတော်ပဲ"

ထိုလူသည် စကားကို ဆက်လက်မပြောနိုင်လောက်အောင်ပင် မောဟိုက်နေလေသည်။

လှအေးနှင့် သံမဏိလက်တို့က ထိုလူကို ချက်ချင်းပင် မှတ်မိလိုက်လေသည်။ ထိုလူသည် စီးဂေဟာ၏ ဝင်းတံခါးစောင့်တစ်ဦး ဖြစ်လေသည်။

ထိုလူက မောဟိုက်သော လေသံဖြင့် ဆက်လက်ပြောဆိုလိုက်လေသည်။

"ကျွန်တော် မြို့ထဲကို လာရှာမလို့ သခင်ကြီးက စုံစမ်းရေးမှူးနှစ်ယောက်ကို မတွေ့တွေ့အောင် ရှာပြီး စီးဂေဟာကို အမြန်ဆုံး လွှတ်လိုက်ဖို့ အကြောင်းကြားလိုက်ပါတယ်"

သံမဏိလက်က အံ့အားသင့်စွာ ပြန်လည်မေးမြန်းလိုက်လေသည်။



"စီးဂေဟာမှာ ဘာကိစ္စများ အရေးတကြီး ဖြစ်နေလို့လဲ"

ထိုလူက...

"တစ်ကိုယ်တော်ဓားပြ ကျွန်တော်တို့ ဂေဟာကို ရောက်နေတယ်၊ သခင်ကြီးရဲ့ဇနီး စုကျွန်းကို ဖမ်းထားတယ်"

သံမဏိလက်နှင့် လှအေးတို့သည် ထိတ်လန့်သွားသည်။

သံမဏိလက်က ထိုလူ၏လက်မောင်းကို ကိုင်ကာမေးလိုက်လေသည်။

"အဲဒီ ဓားပြက စုကျွန်းကို ဘယ်ဘက် ဖမ်းသွားသလဲ"

ထိုလူက...

"ဘယ်ကိုမှ မရောက်ပါဘူး၊ စီးဂေဟာရဲ့ တောင်ဘက်ထောင့်က ခေါင်မိုးပေါ်မှာပဲ၊ လူတွေ ဝိုင်းထားတယ်၊ ဒါကြောင့် ဒီဓားပြ ထွက်ပြေးလို့ မရဘဲ ဖြစ်နေတယ်"

စီးဂေဟာ၏ အစောင့်စကားကို ဆုံးအောင်ပင် နားမထောင်လိုက်ပါ။ သံမဏိလက်က လှအေးအား...

"စီးဂေဟာကို အမြန်ဆုံး သွားကြမယ်"

သူတို့နှစ်ဦးသည် တဟုန်ထိုး ပြေးထွက်သွားကြလေတော့သည်။

စီးဂေဟာမှ အစောင့်သည် ပါးစပ်အဟောင်းသားဖြင့် မောကာ ကျန်ရစ်ခဲ့လေတော့သည်။

လှအေးနှင့် သံမဏိလက်တို့ အတော်ဝေးဝေးနေရာသို့ ရောက်သွားမှ သတိပြန်ဝင်ကာ နောက်ဘက်မှနေ၍ ပြေးလွှားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါလာလေတော့သည်။

♠ ♠ ♠

လူအေးနှင့် သံမဏိလက်တို့သည် စီးဂေဟာအတွင်းသို့ လျှင်မြန်စွာ ပြေးလွှားဝင်ရောက်လာလေသည်။

တောင်ဘက်အဆောင် ရှိရာသို့ တစ်ဆက်တည်း ပြေးလွှားသွားကြလေသည်။

တောင်ဘက်အဆောင်အောက်၌ လူအုပ်စုကြီး ဝိုင်းရံထားသည်ကို တွေ့လိုက်ရသည်။

ထိုလူများသည် စီးဂေဟာမှ လူများသာ ဖြစ်ကြလေသည်။ စီးဂေဟာလူများ၏ လက်ထဲတွင် ဓားလက်နက်များ ဆွဲကိုင်ထားကြလေသည်။

သူတို့အားလုံးသည် အဆောင်ခေါင်မိုးပေါ်သို့ မော့ကြည့်၍ နေလေတော့သည်။

သူတို့အားလုံး၏မျက်နှာပေါ်၌ စိုးရိမ်ခြင်း၊ ဒေါသထွက်ခြင်း စသည့် အမူအရာများ ဖြစ်ပေါ်နေသည်။

လူအေးနှင့် သံမဏိလက်တို့သည် ထိုလူအုပ်ထဲမှ စီးဂေဟာ သခင်ကြီးဖြစ်သူ စီးချန်းယင်အား လှမ်း၍ တွေ့မြင်လိုက်ကြရလေတော့သည်။

စီးချန်းယင်၏ဘေးတွင် ရပ်နေသော စီးမေဟုန်က သူတို့နှစ်



ဦးအား တွေ့မြင်သွားသည်။

စီးမေဟုန်သည် သူတို့နှစ်ယောက် ရှိရာသို့ အပြေးကလေး ရောက်ရှိလာလေသည်။ ထို့နောက်...

စီးမေဟုန်က အိမ်ခေါင်မိုးပေါ်သို့ လက်ညှိုးထိုးပြလိုက်လေသည်။

"အစ်ကိုတို့ မမလေးစုကျန်းကို ကယ်ပါဦး၊ မမလေးစုကျန်းကို တစ်ကိုယ်တော်ဓားပြက ဖမ်းထားတယ်၊ ဟိုဘက် အိမ်ခေါင်မိုးပေါ်မှာ"

လူအေးနှင့် သံမဏိလက်တို့မှာ စီးမေဟုန် ညွှန်ပြရာဘက်သို့ မော့ကြည့်လိုက်သည်။

ခေါင်မိုးတစ်ဘက် အကွယ်နေရာမှ ဦးခေါင်းတစ်လုံး ပြူထွက်လာလေသည်။

အချိန်သည် အမှောင်ဘက်သို့ သန်းနေလေသည်။

ထိုသို့ ရှိနေစဉ် စီးချန်းယင်၏ အော်ဟစ်ပြောဆိုလိုက်သံကို ကြားလိုက်ရလေသည်။ စီးချန်းယင်၏အသံမှာ တုန်ယင်နေသည်။ သောကစိုးရိမ်မှု အပြည့်အဝ ပါနေလေသည်။

"ဒီမှာ ခင်ဗျား ကျုပ်ရဲ့ဇနီးကို ပြန်လွှတ်ပေးပါ၊ ကျုပ်အနေနဲ့ ခင်ဗျားဘေးကင်းရန်ကင်းနဲ့ ထွက်သွားနိုင်အောင် တာဝန်ယူပါတယ်၊ ခင်ဗျားအနေနဲ့ ဘာလိုချင်သလဲ၊ ငွေဘယ်လောက်လိုချင်သလဲ၊ ကျုပ်အနေနဲ့ ပေးနိုင်တဲ့ အတိုင်းအတာဆိုရင် ချက်ချင်းပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ခေါင်မိုးပေါ်မှ ပြူထွက်လာသော ဦးခေါင်းပိုင်ရှင်က သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား"

ထိုလူက ဟက်ဟက်ပက်ပက် ရယ်မာလိုက်သည်။

သူ၏အသံသည် သာမန်လူတစ်ယောက်၏အသံမျိုး မဟုတ်ဘဲ အက်ကွဲစူးရှသော အသံ ဖြစ်သည်။

"ခင်ဗျားဆီမှာ ရွှေရှိတယ်၊ ငွေရှိတယ်ဆိုတာကို ကျုပ်သိထားတယ်၊ ဒါပေမယ့် အဓိက လိုချင်တာက ရွှေလဲမဟုတ်ဘူး၊ ငွေလဲ မဟုတ်ဘူး၊ ဟဲ..ဟဲ ဟောဒီက မိန်းမလှကလေးကိုပဲ လိုချင်တာပါ၊ အင်း ခင်ဗျားရဲ့ဇနီးချောကလေးဟာ အတော်ကလေး ချစ်စရာကောင်းပါတယ်"

ထိုလူက စကားကို ခေတ္တရပ်ကာ ဆက်ပြီး ပြောလိုက်ပြန်လေသည်။

"ဒီနေ့ မနက်ပိုင်းမှာ ပန်းခြံထဲမှာ သူလေး ထိုင်နေတာမြင်လို့ ကျုပ်အတော်ကလေး စွဲမက်သွားတယ်၊ ဟဲ..ဟဲ အခုတော့ ကျုပ်လက်ထဲ ရောက်လာခဲ့ပြီ၊ ဒီတော့ ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်တော့ဘူး၊ ဟား..ဟား..ဟား"

ထိုလူက ရယ်မောလိုက်သည်။

"အဲ တစ်ခုတော့ ရှိတယ်၊ ကျုပ်က ခင်ဗျားဇနီးကို ဒီတစ်ညပဲ ခေါ်သွားမယ်၊ မနက်လင်းတာနဲ့ ပြန်လွှတ်ပေးလိုက်မယ်၊ ဒီတော့ ကျုပ်အေးအေးဆေးဆေး ထွက်ခွာသွားနိုင်အောင် ခင်ဗျားရဲ့ ဂေဟာက လူတွေကို လမ်းပေါက်ဖွင့်ပေးခိုင်းလိုက်ပါ"



ထိုလူက ခေါင်မိုးပေါ်မှမှ ကျယ်လောင်စွာ လှမ်းပြောလိုက်လေသည်။

စီးချန်းယင်ကို လှမ်းကြည့်ရင်း စီးချန်းယင်ထံမှ အဖြေကို စောင့်မျှော်နေလေသည်။

အဆောင်ခေါင်မိုးပေါ်မှလူသည် ဝတ်စုံနက်ကို ဝတ်ဆင်ထားလေသည်။

သူ၏မျက်နှာသွင်ပြင်မှာ ဝံပုလွေတစ်ကောင်ကဲ့သို့ ကောက်ကျစ်စဉ်းလဲနေသည်။

ထိုလူသည် ယခု တစ်ကောင်ကြွက် သောင်းကျန်းနေသော တစ်ကိုယ်တော်ဓားပြဆိုသူ ဖြစ်သည်။ တစ်ကိုယ်တော်ဓားပြမှာ အလွန်ဆိုးသွမ်းသော လူတစ်ယောက် ဖြစ်လေသည်။

သူသည် လှပချောမောငယ်ရွယ်သော မိန်းကလေးများကို လိုက်လံရှာဖွေ၍ အနိုင်ကျင့်လုယူတတ်သည်။

သူ့အလိုကို မလိုက်ပါက သတ်ဖြတ်သွားတတ်ကြလေသည်။ တစ်ကိုယ်တော်ဓားပြသည် သိုင်းပညာစာတ်မြောက်ထားသူ တစ်ယောက် ဖြစ်လေသည်။

တစ်ကိုယ်တော်ဓားပြ၏လက်ထဲ၌ စီးချန်းယင်၏ဇနီးဖြစ်သူ စုကျန်း ရောက်ရှိနေလေသည်။

စုကျန်းသည် လွန်စွာ ချောမောလှပသောသူတစ်ဦး ဖြစ်သည်။ တစ်ကိုယ်တော်ဓားပြလက်ထဲ၌ စီးချန်းယင်၏ဇနီး စုကျန်းကို

www.burmeseclassic.com

www.burmeseclassic.com



လုံးဝလက်လွှတ်ခံမည် မဟုတ်ချေ။

♠ ♠ ♠

တစ်ကိုယ်တော်ဓားပြသည် စီးဂေဟာခြံဝင်းအတွင်းသို့ မည်သည့်အချိန်က ရောက်ရှိနေသည်ကို မည်သူတစ်ဦးတစ်ယောက်ကမှ မြင်တွေ့လိုက်ခြင်း မရှိချေ။

သူသည် ခြံဝင်းအတွင်းရှိ သစ်ပင်တစ်ပင်ထက်၌ တက်ရောက်ပုန်းအောင်းနေလေသည်။

ဤသည်မှာ သူသည် စုကျန်းအား တွေ့မြင်လိုက်သောကြောင့် ဖြစ်လေသည်။

ထို့နောက် စုကျန်း၏သွားလာလှုပ်ရှားမှုကို ခြောင်းမြောင်းကာ စောင့်နေခဲ့လေသည်။

စုကျန်းသည် သူမ၏အခန်းတွင်းမှ ထွက်လာသောအခါ တစ်ကိုယ်တော်ဓားပြက သစ်ပင်ထက်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး စုကျန်းကို အကြောပိတ်၍ ဖမ်းဆီးကာ ထွက်ပြေးသွားခြင်း ဖြစ်လေသည်။

စုကျန်း၏နောက်ပါးမှ ပါရှိသော အစေအပါး မိန်းကလေးနှစ်ဦးမှာ အထိတ်တလန့် အော်ဟစ်ကြသဖြင့် စီးချန်းယင်နှင့် စီးမေဟုန်တို့ မောင်နှစ်မနှစ်ယောက် အပြေးအလွှား ရောက်ရှိသွားကြသည်။



အားလုံးက ဝိုင်းဝန်းပိတ်ဆို့ထားသဖြင့် တစ်ကိုယ်တော်ဓားပြမှာ ပြေးပေါက်ပိတ်နေ၍ တောင်ဘက်အဆောင် ခေါင်မိုးပေါ်သို့ ခုန်လွှားကာ တက်သွားလေသည်။

သူနှင့်အတူ စုကျန်းကိုပါ ခေါ်ဆောင်သွားလေသည်။

စီးချန်းယင်မှာ တစ်ကိုယ်တော်ဓားပြ၏မျက်နှာကို လှမ်း၍ မြင်လိုက်ရသည်။

ထိုအခါ စီးချန်းယင်မှာ လွန်စွာ အံ့အားသင့်သွားရသည်။ ထိုမျက်နှာပိုင်ရှင်အား စီးချန်းယင် အနေဖြင့် ကောင်းစွာ မှတ်မိထားလေသည်။

စီးဂေဟာမှ လူများသည် ဓားလှံလက်နက်များကို ဆွဲကိုင်၍ တောင်ဘက်အဆောင်ကို ဝိုင်းရံထားလိုက်ကြလေသည်။

တစ်ကိုယ်တော်ဓားပြသည် မလှုပ်ရှားနိုင်သော စုကျန်းအား ခေါင်မိုးပေါ်သို့ တင်ထားလိုက်သည်။

ထို့နောက် စီးချန်းယင်အား အခွင့်အရေး တောင်းဆိုနေခြင်းပင် ဖြစ်သည်။

လူအေးနှင့် သံမဏိလက်တို့သည် တစ်ကိုယ်တော်ဓားပြဆိုသူ၏မျက်နှာကို မော့ကြည့်နေကြပြီး မည်သို့ ကြံစည်စိတ်ကူးနေသည်မသိ။

မှောင်ရီပျိုးလာပြီ ဖြစ်သည်။

သို့သော် တစ်ကိုယ်တော်ဓားပြသည် မျက်နှာကို မြင်တွေ့လိုက်ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးချန်းယင်က…

“ဩော် တစ်ကိုယ်တော်ဓားပြလို့ နာမည်ကြီးနေတဲ့လူဟာ ဘယ်သူများလဲလို့၊ လက်စသတ်တော့ လူသတ်ကောင်လီအိုချီကိုး၊ ခင်ဗျား မသေသေးဘဲနဲ့ တစ်ကိုယ်တော်ဓားပြဆိုပြီး ထကြွသောင်းကျန်းနေတာပဲ”

စီးချန်းယင် စကားကြောင့် တစ်ကိုယ်တော်ဓားပြ၏ မျက်နှာကွက်ခနဲ ပျက်သွားသည်။

သို့သော် တစ်ကိုယ်တော်ဓားပြသည် ချက်ချင်းပင် ဣန္ဒြေ ပြန်ဆည်လိုက်လေသည်။

ထို့နောက် တဟားဟား ရယ်မောလိုက်ပြီး…

“အပိုတွေ ပြောမနေနဲ့၊ ကျုပ်ပြောတဲ့ စကားကို သဘောတူတယ် မတူဘူးဆိုတာကို မြန်မြန်ပြောပါ။ ခင်ဗျားရဲ့ဇနီးကို ကျုပ် တစ်ညပဲ ခေါ်သွားမှာပါ။ နောက်တစ်နေ့ကျရင် အသက်နဲ့အတူ ပြန်လွှတ်လိုက်မယ်၊ ဒါမှမဟုတ်ရင်တော့…”

တစ်ကိုယ်တော်ဓားပြသည် ပြောပြောဆိုဆိုဖြင့် သူ၏ညာဘက်လက်ကို မြှောက်ပြလိုက်သည်။

ထိုအခါ သူ၏လက်ထဲ၌ တံစဉ်ကဲ့သို့ ကောက်ကွေးနေသော လက်နက်က ဝင်းခနဲ တောက်ပသွားသည်။

စီးချန်းယင်က တစ်ကိုယ်တော်ဓားပြနာမည်ကို ထုတ်ဖော်ပြောလိုက်သဖြင့် သံမဏိလက်နှင့် လူအေးတို့မှာ မမျှော်လင့်ဘဲ ကြားလိုက်သောအခါ ထိတ်လန့်သွားလေသည်။



လွန်စွာ အံ့ဩသွားသည်။

တစ်ကိုယ်တော်ဓားပြ၏ နာမည် ရင်းမှာ လီအိုချီ ဖြစ်သည် ဆိုလျှင် လီအိုချီသည် ပျောက်ဆုံးနေသော အလောင်းကောင်သာ ဖြစ်သည်။

သေလွန်ပြီးသော လူတစ်ယောက်၏အသက်ဝိညာဉ်ကို ပြန်လည်ရှင်သန်လာနိုင်ပါသလား။

ဂူသွင်းမြှုပ်နှံထားသော အလောင်းကောင် လီအိုချီသည် အုတ်ဂူတွင်းမှ မည်သို့မည်ပုံ အသက်ရှင်လျက် လူပ်ရှားထကြွ သောင်းကျန်းနေသနည်း။

လုံးဝမဖြစ်နိုင်သော အကြောင်းခြင်းရာ တစ်ခု ဖြစ်သည်ကို သူတို့ ယခုအခါ မျက်စိဖြင့် တပ်အပ်သေချာစွာ တွေ့ရပြီ ဖြစ်သည်။

စီးချန်းယင်သည် လီအိုချီကို ကောင်းစွာ မှတ်မိထားသူတစ်ယောက် ဖြစ်သည်။

လီအိုချီသည် မုဒိမ်းမှုနှင့် လုယက်မှု ကျူးလွန်ခဲ့သဖြင့် သေဒဏ်အပြစ်ပေးခြင်း မခံရမီ တစ်နှစ်က စီးချန်းယင်နှင့် တွေ့ဆုံခဲ့ဖူးသည်။

ထိုအချိန်က စီးချန်းယင်သည် လီအိုချီအား စားသောက်ပျော်ပါးရာ ဂေဟာများ၌ သာမန်သိကျွမ်းမှုမျိုးဖြင့် သိကျွမ်းခဲ့သည်။

လီအိုချီသည် မိန်းမလွန်စွာ ပွေသူဖြစ်ပြီး အပျော်အပါး ခုံမင်စွာ လိုက်စားသူတစ်ယောက် ဖြစ်သည်။

ထို့နောက် လီအိုချီသည် အမျိုးသမီးတစ်ယောက်ကို မုဒိမ်း

www.burmeseclassic.com

www.burmeseclassic.com



မှုကျင့်ပြီး သတ်ဖြတ်ခဲ့ပေသည်။

ထိုအမှုကြောင့် လီအိုချီ အဖမ်းခံရပြီး နောက်ဆုံး၌ သေဒဏ်အပြစ်ပေးခြင်း ခံရသည်ကို တစ်မြို့လုံးက သိရှိထားကြသည်။

ထိုအကြောင်းကို စီးချန်းယင်လည်း သိထားပေသည်။ ယခုအခါ၌ စီးချန်းယင် အနေဖြင့် လီအိုချီကို လုံးဝမမျှော်လင့်ဘဲ ပြန်လည်တွေ့မြင်ရသဖြင့် အံ့အားသင့်နေမိခြင်း ဖြစ်သည်။

သို့သော် တစ်ကိုယ်တော်ဓားပြဆိုသူက သူသည် လီအိုချီဖြစ်သည်ဟူ၍ ဝန်ခံပြောဆိုခြင်း မရှိချေ။

တစ်ကိုယ်တော်ဓားပြသည် ခြိမ်းခြောက်ပြောဆိုဟန်ဖြင့် လက်ထဲမှ ဓားစဉ်ကို ဝှေ့ယမ်းပြသည်။

စီးချန်းယင် အနေဖြင့် သူ၏ဇနီး ဇုကျန်းသည် အသက်ဘေးအန္တရာယ်လွန်စွာ နီးကပ်လှသည်ကို သူကောင်းကောင်း ရိပ်စားမိလေတော့သည်။

ထို့ကြောင့် သူ၏မျက်နှာပြင်ပေါ်၌ စိုးရိမ်သော အရိပ်အယောင်များ ယှက်သန်းနေသည်။

စီးချန်းယင်သည် တစ်ကိုယ်တော်ဓားပြအမည်ကို အော်ဟစ်ပြောဆိုဝံ့ခြင်း မရှိတော့သလို ထိုလူအား မည်သို့မည်ပုံ တောင်းပန်ပြောဆိုရမည်ကို မစဉ်းစားနိုင်တော့ဘဲ ငေးငိုင်တွေဝေသွားလေသည်။

သူသည် ဦးခေါင်းငုံ့ကာ စဉ်းစားနေသည်။ စီးချန်းယင်၏ ပခုံးပေါ်သို့ လက်တစ်ဘက် လာရောက်ဆုပ်ကိုင်လာသည်။



စီးချန်းယင်က လှည့်ကြည့်လိုက်ရာ သူ၏ဘေးသို့ လူအေးတို့ ရောက်ရှိနေကြောင်း တွေ့ရလေသည်။

လူအေးက ပြုံး၍...

"သခင်ကြီး၊ ကျွန်တော်တို့ ပြောကြည့်လိုက်ပါဦးမယ်"

စီးချန်းယင်သည် ဝမ်းသာစွာ ခေါင်းညိတ်လိုက်သည်။ လူအေးနှင့် သံမဏိလက်တို့ကို စီးချန်းယင်မှာ ယခုမှ တွေ့မြင်မိခြင်း ဖြစ်သည်။

စီးချန်းယင်မှာ အားတက်သွားသည်။

ထို့နောက် စိုးရိမ်ဟန်ဖြင့် အိမ်ခေါင်မိုးပေါ်သို့ မော့၍ ကြည့်လိုက်ပြန်လေသည်။

လူအေးနှင့် သံမဏိလက်တို့သည် အိမ်ခေါင်မိုးပေါ်ရှိ တစ်ကိုယ်တော်ဓားပြကို မော့ကြည့်လိုက်လေသည်။

ထို့နောက် သံမဏိလက်က စီးချန်းယင်အား တိုးတိတ်စွာ မေးခွန်းတစ်ခု မေးမြန်းလိုက်၏။

"သခင်ကြီး၊ စောစောက တစ်ကိုယ်တော်ဓားပြရဲ့နာမည်ကို ဘယ်လိုခေါ်လိုက်ပါသလဲ"

စီးချန်းယင်က လေသံတိုးတိုးဖြင့် သံမဏိလက်ကို ပြောပြလိုက်၏။

"တစ်ကိုယ်တော်ဓားပြခေါ်တဲ့ အဲဒီ လူဟာ လီအိုချီဆိုတာ သေချာပါတယ်၊ သူဟာ လူသတ်မှုနဲ့ သေဒဏ်ကျသွားခဲ့တဲ့ လူတစ်ယောက် ဖြစ်တယ်၊ ဒါပေမယ့် အခုအချိန်မှာ ဘာကြောင့် မသေသေး

www.burmeseclassic.com



ဘဲ တစ်ကိုယ်တော်ဓားပြနာမည်နဲ့ ကျော်ကြားပြီး လှုပ်ရှားထကြွနေပြန်တာလဲ မသိဘူး"

သံမဏိလက်မှာ မျက်မှောင်ကြုတ်သွားသည်။

လွန်စွာ ထူးဆန်းအံ့ဩဖွယ်ရာ ဖြစ်ရပ်တစ်ခုသည် အမှန်တကယ်ပင် ဖြစ်ပျက်လာခဲ့ရပေပြီ။

အကယ်၍ တစ်ကိုယ်တော်ဓားပြဆိုသူသည် သေဒဏ်ပေးခြင်း ခံရသော ရာဇဝတ်ကောင် လီအိုချီ အစစ်အမှန် ဖြစ်ခဲ့ပါက...

လူအေးနှင့် သံမဏိလက်တို့ နေ့လယ်ပိုင်းက ဖောက်ခဲ့သော သချိုင်းအုတ်ဂူအတွင်း ပျောက်ဆုံးနေသော အလောင်းကောင်သည် အဆောင်ခေါင်းမိုးပေါ်မှ တစ်ကိုယ်တော်ဓားပြ ဖြစ်ရပေသည်။

ဤအတိုင်းသာ ဆိုပါလျှင် လီအိုချီကို သချိုင်းဂူအတွင်း၌ မြှုပ်နှံသဂြိုဟ်ခြင်း မရှိကြောင်း ထင်ရှားလှပေသည်။

တစ်နည်းဆိုလျှင် လီအိုချီသည် သေဒဏ်အပြစ်ပေးထားခြင်း ခံရသော်လည်း သေဆုံးခြင်း မရှိဘဲ လူ့လောကကြီးထဲ၌ အသက်ရှင် လွတ်မြောက်လျက်ပင် ရှိနေ၏။

သံမဏိလက်တို့သည် အဆောင်ခေါင်းမိုးပေါ်မှ တစ်ကိုယ်တော်ဓားပြဆီသို့ အသံမြှင့်၍ အော်ဟစ်ပြောလိုက်သည်။

"လီအိုချီ၊ ခင်ဗျားကို ကျုပ်တစ်ခု ပြောပါရစေ၊ သေသေချာချာ နားထောင်ပါ"

တစ်ကိုယ်တော်ဓားပြသည် သံမဏိလက်တို့ကို လှမ်းငုံ့



ကြည့်လိုက်သည်။

တစ်ကိုယ်တော်ဓားပြသည် သူ့ကို သံမဏိလက်က လီအိုချီဟု လှမ်း၍ ခေါ်ဆိုလိုက်ခြင်းကို ပြန်လည်ပြင်ဆိုခြင်း လုံးဝမရှိချေ။

သံမဏိလက်က ဆက်လက်ပြောဆိုလာမည့် စကားကိုသာလျှင် နားစွင့်လျက် ရှိ၏။

သံမဏိလက်က ဆက်လက်၍ အော်ဟစ်ပြောဆိုလိုက်လေသည်။

"လီအိုချီ၊ သခင်ကြီးရဲ့ဇနီး ဖြစ်သူကိုတော့ အသက်အန္တရာယ် ဖြစ်အောင်တော့ မလုပ်လိုက်ပါနဲ့၊ ခင်ဗျား ဖြစ်စေချင်တဲ့ ဆန္ဒကို ဖြစ်ရပါစေမယ်၊ အဲသည် မိန်းကလေးကိုခေါ်ပြီး ခင်ဗျားသွားလိုရာကို သွားပေတော့၊ ဘယ်သူကမှာ တားဆီးမရအောင် ကျုပ်ရဲ့သခင်ကြီးကို အမိန့်ပေးခိုင်းလိုက်ပါ့မယ်"

သံမဏိလက်၏စကားကြောင့် တစ်ကိုယ်တော်ဓားပြမှာ လွန်စွာ အံ့အားသင့်သွားလေသည်။

သို့သော်...

ချက်ချင်းပင် အားရပါးရ ရယ်မော၍ ပြောလိုက်သည်။

"ဟား...ဟား...ဟား၊ ဟုတ်ပြီ၊ သည်လိုပဲ ဖြစ်ရမှာပေါ့၊ ဟောသည် မိန်းမလှကလေးကို ကျုပ်ခေါ်သွားမယ်၊ ကျုပ်ကို ဘယ်သူမှ မတိုက်ခိုက်ကြပါစေနဲ့၊ မတားဆီးကြနဲ့၊ ကျုပ်အနေနဲ့ကလည်း သည်မိန်းကလေးကို အသက်အန္တရာယ် မဖြစ်စေရပါဘူး၊ မနက်မိုးလင်းတာနဲ့ သည်မိန်းကလေးကို ပြန်လွှတ်ပေးလိုက်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



စီးချန်းယင်၏မျက်နှာမှာ နီမြန်းလာပြီး သံမဏိလက်ကို လှမ်းပြောလိုက်သည်။

"စုံစမ်းရေးမှူးကြီး ဘယ်လိုများ ပြောလိုက်တာလဲ၊ ကျွန်တော့်ရဲ့ဓနီးကို သူ့လို လူသတ်ယုတ်မာနေတဲ့လူက ခေါ်သွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ ကျွန်တော့်အနေနဲ့ လုံးဝခွင့်မပြုနိုင်ဘူး"

သံမဏိလက်က အေးဆေးတည်ငြိမ်စွာဖြင့် စီးချန်းယင်အား လက်ကာပြလိုက်လေသည်။

စီးချန်းယင်သည် ထပ်မံစကား ပြောရန် ပြင်ပြီးမှ ပါးစပ်ကို ပြန်၍ ပိတ်လိုက်လေသည်။

ထိုစဉ်...

တစ်ကိုယ်တော်ဓားပြက ထပ်မံ၍ စကားပြောဆိုလိုက်ပြန်သည်။

"ကဲ သည်လိုဆိုရင် ဟိုးအနောက်ဘက်က လူတွေကို ဖယ်ပေးပါ၊ ကျုပ်က သည်မိန်းကလေးကိုထမ်းပြီး ဆင်းခဲ့မယ်၊ အဲကြိုပြီးတော့ သတိပေးလိုက်ပါရစေ၊ ကျုပ်ကို ခင်ဗျားတို့လူတွေက ရန်ပြုတာနဲ့ ကျုပ် ပော်သည် မိန်းကလေးကို တစ်ချက်တည်းနဲ့ သေသွားအောင် အရင်ဆုံး သတ်ပစ်လိုက်မယ်"

သံမဏိလက်က ခေါင်းညိတ်၍ အော်ပြောလိုက်သည်။

"ကောင်းပြီ၊ ကျုပ်ပြောပေးပါ့မယ်၊ ဒါပေမယ့် ခင်ဗျားဘက်ကလဲ ကျုပ်ပြောမယ့် အချက်တစ်ချက်ကိုတော့ သဘောတူမှ ဖြစ်လိမ့်မယ်"



တစ်ကိုယ်တော်ဓားပြက ကျေနပ်စွာ ရယ်မောလိုက်ပြီး...

"အချက်တစ်ချက် ဟုတ်လား၊ ဟား...ဟား...ဟား၊ ဘာအချက်များပါလိမ့် ပြောစမ်းပါဦး"

သံမဏိလက်က ကျယ်လောင်သော အသံဖြင့်...

"လီအိုချီ၊ ခင်ဗျားပေးထားတဲ့ကတိ တည်ပါစေ၊ သခင်ကြီးရဲ့ဓနီးကို စီးဂေဟာနဲ့ အနီးနေရာရောက်အောင် မနက်ကျရင် ဆက်ဆက် ပြန်ပို့ပေးပါ၊ ထိခိုက်ဒဏ်ရာလုံးဝ မဖြစ်ပါစေနဲ့"

တစ်ကိုယ်တော်ဓားပြက...

"ကောင်းပြီ၊ ခင်ဗျားပြောတဲ့အတိုင်း လိုက်နာဖို့ ကျုပ် ကတိပေးပါတယ်၊ ကဲ ကျုပ်ဆင်းမယ်၊ လူတွေကို ဖယ်ပေးဖို့ ပြောပေးပါ"

သံမဏိလက်က စီးချန်းယင်ဘက်သို့ လှည့်လိုက်ပြီး ပြောလိုက်သည်။

"ကဲ သခင်ကြီး သူ့ကို သွားခွင့်ပြုလိုက်ပါ၊ မနက်ဖြန် မနက်မှာ စုကျန်းကို အသက်နဲ့ ခန္ဓာကိုယ်တွဲလျက် ပြန်လိုချင်တယ်ဆိုရင်တော့ သူ့ကို ထွက်ခွာသွားနိုင်အောင်သာ စီစဉ်ပေးလိုက်ပါတော့"

စီးချန်းယင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက် တစ်ကိုယ်တော်ဓားပြသည် သူ၏လက်ထဲမှ တံစဉ်ကွေးဓား ကို ဝှေ့ယမ်းလျက် အော်ဟစ်ပြောဆိုလိုက်သည်။

"ကဲ...ဖယ်ကြ...ဖယ်ကြ ကျုပ်ဆင်းမယ်"

အဆောက်အအုံအောက်ဘက်တွင် ဝိုင်းရံထားသော စီးဂေဟာမှ လူများသည် သခင်ကြီးစီးချန်းယင်၏မျက်နှာကို လှမ်း၍

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ကြလေသည်။

သူတို့အားလုံးသည် အဆောင်ခေါင်မိုးပေါ်မှ တစ်ကိုယ်တော်ဓားပြကို လှမ်းမြင်နေကြရသည်။

ထို့ကြောင့် လေးမြှားတို့ဖြင့် ပစ်ခတ်တိုက်ခိုက်လိုလှပေသည်။ အောက်သို့ ဆင်းလာလျှင်လည်း ဓားလှံလက်နက်များဖြင့် ဝိုင်း၍ ထိုးခုတ်တိုက်ခိုက် အသေသတ်ချင်နေကြ၏။

သို့သော် သူတို့အနေနှင့် စိတ်ရှိတိုင်း မလုပ်နိုင်ကြပါ။

တစ်ကိုယ်တော်ဓားပြ၏ လက်ထဲ၌ သခင်ကြီးစီးချန်းယင်၏ ဇနီးဖြစ်သူ စုကျန်းက ရောက်နေသည် မဟုတ်လား။

တစ်ကိုယ်တော်ဓားပြသည် သူ့အား ရန်မူလျှင် တကယ်ပင် စုကျန်းအား သတ်ဖြတ်လိုက်မည်မှာ သေချာလှပေတော့သည်။

ထိုစဉ်မှာပင် စီးချန်းယင်၏အမိန့်ပေးသံ ထွက်ပေါ်လာလေသည်။

"အနောက်ဘက်က ဝိုင်းထားတဲ့လူ အားလုံး လမ်းဖယ်ပေးလိုက်ကြ"

အဆောင်အနောက်ဘက်အောက်၌ ဝိုင်းရံထားသော လူများသည် စီးချန်းယင်၏အမိန့်အတိုင်း တစ်ဘက်သို့ ဆုတ်ခွာပေးလိုက်ကြလေသည်။

တစ်ကိုယ်တော်ဓားပြသည် ညှိမှုနှင့် ကျေနပ်ပုံ မရချေ။

ထို့ကြောင့် သူ၏လက်ထဲမှ တံစဉ်ကွေးဓားဖြင့် စုကျန်း၏ လည်တိုင် ပေါ်သို့ တင်ထားကာ ထမ်မံခြိမ်းခြောက်ပြောဆိုလိုက်



ပြန်လေသည်။

"အဲသည် လူတွေ အားလုံး အဆောင်ရှေ့မှာ သွားပြီး စုနေပါ။ ကျုပ်ကို ဘယ်သူကမှ လိုက်ပြီး ရန်မမူကြနဲ့နော်၊ ဟင် ကျုပ်ကို နည်းနည်းထိခိုက်ရင် ဟောသည်က သခင်ကြီးရဲ့ဇနီးချောလေး လည်ပင်းတော့ ပြတ်ပြီသာ မှတ်ပေတော့"

ထို့ကြောင့် စောစောက ရွှေ့ပေးထားသော လူများသည် အဆောင် အရှေ့ဘက်သို့ ထပ်မံရွှေ့လျား ဆုတ်ခွာပေးလိုက်ကြရလေသည်။

ဤတွင်မှာပင် တစ်ကိုယ်တော်ဓားပြသည် ခေါင်မိုးပေါ်မှ ပြေးလွှား၍ ခုန်ဆင်းလိုက်၏။ သူသည် ပခုံးပေါ်မှ စုကျန်းကို ထမ်းလျက်ပင် ပေါ့ပါးစွာ ခုန်ဆင်းလိုက်လေသည်။

တစ်ကိုယ်တော်ဓားပြသည် အဆောင်၏တစ်ဘက်ရှိ မြေပြင်ပေါ်သို့ ကျသွား၏။

ကျသွားသည်နှင့် သူ၏ကိုယ်သည် အထက်သို့ ပြန်လည် မြောက်တက်သွားပြီး အကွင်းဘက်ရှိ ဝင်းနံရံ ခြံစည်းရိုးပေါ်သို့ တဆက်တည်း ခုန်ကျော်၍ ဖြတ်ကူးလိုက်ပြန်သည်။

ဝင်းနံရံစည်းရိုးကို ကျော်ဖြတ်ပြီးသည်နှင့် တစ်ကိုယ်တော်ဓားပြသည် ပျောက်ကွယ်သွား၏။

တစ်ကိုယ်တော်ဓားပြသည် အမှောင်ထုထဲသို့ ပြေးလွှားဝင်ရောက် ပျောက်ကွယ်သွားခြင်း ဖြစ်ပေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



## အဖြူအမည်း အပြိုင်နွဲ

အထက်မိုးကောင်းကင်၌ နေရောင်ခြည်လုံးဝ မရှိတော့ပါ ချေ။

သံမဏိလက်သည် စီးချန်းယင်ကို လှမ်းကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

စီးချန်းယင်က သံမဏိလက်ကို လှမ်း၍ လေသံတိုးတိုးဖြင့် မေးလိုက်၏။

"သူတစ်ယောက်တည်း လိုက်သွားလို့ ဖြစ်ပါ့မလား"

သံမဏိလက်က အေးဆေးတည်ငြိမ်စွာဖြင့်...

"သူတစ်ယောက်တည်းတော့ မဟုတ်ပါဘူး၊ လူအေးရဲ့ နောက်ကနေ စီးမေဟုန်ပါ လိုက်သွားမှာပါ"



ဟု ပြောလိုက်လေသည်။

စီးချန်းယင်က တုန်ယင်သော လေသံဖြင့် အလောတကြီး ထပ်မံပြောဆိုလိုက်သည်။

"ကျုပ်တို့ပါ လိုက်သွားကြယင် ပိုမကောင်းဘူးလားဟင်"

သံမဏိလက်က သူ၏ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"မဖြစ်ဘူး၊ ကျွန်တော်တို့တွေက အုပ်စုလိုက် သွားလို့ ရှိရင် လီအိုရှီအနေနဲ့ ကျွန်တော်တို့တွေကို သတိပြုမိသွားနိုင်တယ်၊ ဘာမှ စိုးရိမ်စရာ မလိုပါဘူး သခင်ကြီး၊ လူအေးရဲ့ စွမ်းရည်ကို ကျွန်တော် ယုံကြည်ထားပြီးသားပါ၊ တစ်ကိုယ်တော်ဓားပြမှာ ကိုယ်ဖော့ပညာ မှာသာ ကျွမ်းကျင်တဲ့ လူတစ်ယောက်ပါ၊ သိုင်းပညာမှာတော့ အဆင့် မမြင့်လှပါဘူး"

စီးချန်းယင်သည် သက်ပြင်းတစ်ချက်ချလိုက်ရင်း တစ်ကိုယ် တော်ဓားပြ ထွက်ပြေးသွားရာဘက်သို့ လှမ်း၍ ကြည့်နေပေတော့ သည်။

သူ၏ညာဘက်လက်က ဓားကို ကျစ်ကျစ်ပါအောင် ဆုပ် ကိုင်ထားမိလေသည်။

စီးချန်းယင်မှာ ဒေါသကြောင့် တစ်ကိုယ်လုံး တုန်ယင်နေ သည်။

သူ၏လက်ထဲမှ ဓားသည် စီးဂေဟာ၏နာမည်ကျော် အိပ် မက်ဓားပင် ဖြစ်သည်။

စီးချန်းယင် အနေဖြင့် အိပ်မက်ဓားကို အသုံးပြုပြီး တစ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်ဓားပြကဲ့သို့ လူယုတ်မာကို ချက်ချင်းပင် တိုက်ခိုက်လို၏။

သို့သော်…

ယင်းသို့ လုပ်ဆောင်ရန် မဖြစ်နိုင်သည်ကို သိသဖြင့် စိတ်လျှော့ထားလိုက်ရခြင်းပင် ဖြစ်လေသည်။

ထို့အပြင် သံမဏိလက်က သူ၏လူ ဖြစ်သော လူအေး၏ စွမ်းရည်ကို စိတ်ချယုံကြည်သည်ဟု ပြောထားသည် မဟုတ်ပါလော။

တစ်ဖန်…

သူ၏ညီဖြစ်သူ စီးမေဟုန်ပါ လိုက်သွားသဖြင့် လူအေးအတွက် အကူအညီ ရနိုင်ပေသည်။

စီးချန်းယင်သည် စီးဂေဟာမှ သူ၏လူများကို အော်ဟစ် အမိန့်ပေးလိုက်သည်။

"ကဲ ဟေ့ ဂေဟာအတွင်းအပြင် စည်းရိုးတစ်လျှောက်ကို သည်ည သေသေချာချာ အထူးဂရုပြီး စောင့်ကြည့်ကြဟေ့"

ထို့နောက်…

စီးချန်းယင်သည် သံမဏိလက်ကို ခေါ်ဆောင်၍ ဧည့်ခန်းထဲသို့ ဝင်ရောက်လာခဲ့ကြသည်။

♣ ♣ ♣



အခန်းတွင်း၌…

ဖယောင်းတိုင်မီးက ဖျော့တော့စွာဖြင့်ပင် လင်းနေ၏။

ဖယောင်းတိုင် လက်ညှိုးအရွယ်လောက် ရှိသဖြင့် အလင်းရောင် မကောင်းလှပါချေ။

သို့သော်…

ဤကဲ့သို့ ဖျော့တော့သော မီးရောင်မျိုးကိုပင် သူက အလွန်နှစ်သက်သည်။ ထိုအခန်းသည် ခမ်းနားလှခြင်း မရှိပါ။

အိမ်ခန်းတစ်ခုလည်း မဟုတ်ပါချေ။

သို့သော်လည်း ထိုအခန်းမှာ ကျယ်ပြန့်လှပေသည်။

ထိုသို့ ကျယ်ပြန့်လှသောကြောင့် ဖယောင်းတိုင်၏ အလင်းရောင်မှာ အခန်းတစ်ခုလုံးကို ဖြန့်ကျက်၍ အလင်းရောင် မပေးနိုင်ပါချေ။

အခန်းထောင့်နေရာ များစွာ၌ အမှောင်ရိပ် ကျရောက်နေ၏။

"ဂီး…ဂီး"

ထိုအသံကြောင့် သူသည် မျက်လုံးလှန်၍ ကြည့်လိုက်သည်။

ခေါင်မိုးပေါ်မှ ဖြတ်သန်းသွားသော ညငှက်တစ်ကောင်၏ အော်မြည်သံမှန်း သိသော်လည်း သူသည် ခဏတာမျှ နားစွင့်၍ နားထောင်နေမိသည်။

သူမိုးသည် အသည်းကြောင်သည်။ အစစ သတိထားနိုင်မှ

www.burmeseclassic.com

www.burmeseclassic.com



ရန်ကင်းသည်။

ဟူသော စကားပုံတစ်ခု ရှိ၏။

ယခု သူသည်လည်း သူစခန်းချရာ အခန်းအတွင်းသို့ ရောက်ရှိ လာခဲ့သော်လည်း အရာရာ၌ စိတ်မချနိုင်သေးပါချေ။

အသံဗလံများကို ဂရုပြု၍ နားထောင်နေရပေသေးသည်။

သူသည် စားပွဲတစ်လုံးဘေးရှိ ထိုင်ခုံပေါ်တွင် ထိုင်နေ၏။

စားပွဲပေါ်၌ ဖယောင်းတိုင်တစ်တိုင်ကို ထွန်းညှိထားလေသည်။ ဖယောင်းတိုင်၏ဘေး၌ အရက်အိုးတစ်လုံးနှင့် သောက်လက်စ အရက်ခွက်တစ်ခွက် ချထားသည်ကို တွေ့ရလေသည်။

သူသည် အရက်နှစ်ခွက်မျှ ထည့်၍ သောက်ထားပြီး ဖြစ်သဖြင့် သူ၏မျက်လုံးအစုံသည် ရီဝေနေသည်။

ထိုရီဝေသော မျက်လုံးအစုံဖြင့် အခန်းထောင့်တစ်နေရာသို့ သူလှမ်း၍ ကြည့်လိုက်မိ၏။

ထိုနေရာတွင် အမှောင်ရိပ်ကျနေလေသည်။

သစ်သားဖြင့် ပြုလုပ်ထားသော ကွပ်ပစ်တစ်လုံး ထိုနေရာ၌ ရှိနေ၏။

ခုတင်ပေါ်တွင် လုံးထွေး၍ တင်ထားသော စောင်တစ်ထည်နှင့် ခေါင်းအုံးတစ်လုံး ရှိသည်။

ခေါင်းအုံးပေါ်တွင် ကွေးကွေးကောက်ကောက် ပုံသဏ္ဌာန်ရှိသော တံစဉ်ကဲ့သို့ ဓားတစ်ချောင်း။

ထိုဓား၏အရိုးတွင် သံမဏိကြိုးတပ်၍ ထားသေး၏။



ထိုစဉ် ခြေသံ ထွက်ပေါ်လာသည်။

ထိုခြေသံမှာ ခပ်မှန်မှန်နင်း၍ လျှောက်လာသော ခြေသံဖြစ်ပြီး အခန်းပြင်မှတစ်ဆင့် တံခါးဝသို့ တဖြည်းဖြည်း ချဉ်းကပ်လာ၏။

"ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံကလေး မှန်မှန် ပေါ်ထွက်လာလေသည်။

တံခါးခေါက်သံ ရပ်သွားသည်နှင့် သူသည် ထိုင်ရာမှ ကပျာကယာ ထလိုက်ပြီး တံခါးရှိရာသို့ လျှောက်၍ လာခဲ့သည်။

တံခါးမှာ သာမန်သစ်သားတံခါး ဖြစ်သည်။

သူသည် မင်းတုတ်ကို ဖြုတ်၍ တံခါးကို အသာဖွင့်ပေးလိုက်လေ၏။ တံခါးပွင့်သွားလျှင် လူတစ်ယောက် အခန်းတွင်းသို့ ဝင်ရောက်လာ၏။

ထိုလူသည် လက်ထဲ၌ သုံးဆင့်မျှပါသော ယွန်းချိုင့်တစ်လုံး ကိုင်၍ ထားသည်။

ထိုလူသည် အသက်ငါးဆယ်ကျော်ခန့် ရှိပြီး စူးရှတောက်ပသော မျက်လုံးအစုံကို ပိုင်ဆိုင်ထားသူ ဖြစ်သည်။

အခန်းထဲသို့ ဝင်လာသောသူသည် စားပွဲရှိရာသို့ လျှောက်သွားပြီး စားပွဲပေါ်သို့ ယွန်းချိုင့်ကို တင်ထားလိုက်ပြီး ထိုင်ခုံ၌ ဝင်၍ ထိုင်လိုက်၏။

တံခါးပြန်ပိတ်ပြီးသောအခါ သူသည် စားပွဲရှိရာသို့ ပြန်၍ လျှောက်လာခဲ့သည်။ ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ဝင်လာသောလူနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင်ဝင်၍ ထိုင်ချလိုက်လေသည်။

ဝင်လာသောလူက စူးရှသော မျက်လုံးအစုံဖြင့် ကြည့်၍ မေးလိုက်သည်။

"ဘယ်လိုလဲ သည်ညှ"

ထိုအခါ သူသည် တစ်ခွန်းမျှ ပြန်မပြောဘဲ သူ၏ရင်ဖုံးအိတ်အတွင်းမှ တစ်စုံတစ်ရာ ဆွဲထုတ်၍ ယူလိုက်၏။

ထို့နောက်...

ထိုလူ၏ရှေ့ရှိ စားပွဲပေါ်သို့ ဖြန့်၍ ချထားလိုက်သည်။

ထိုအရာမှာ ကျောက်စိမ်းလက်ကောက်တစ်ရံ၊ ရွှေဆွဲကြိုးတစ်ကုံးနှင့် နားကပ်လက်စွပ် စသည့် အမျိုးသမီးဝတ် လက်ဝတ်ရတနာတစ်ဆင်စာ ဖြစ်သည်။

ထို့နောက် သူသည် စားပွဲပေါ်မှ ပစ္စည်းအားလုံးကို ကောက်ယူလိုက်ပြီး သူ၏ရင်ဖုံးအိတ်အတွင်းသို့ ထိုးထည့်လိုက်လေ၏။

"လီအိုချီ၊ မင်း ဟိုကိစ္စတွေကော လုပ်ခဲ့သေးလား"

လူရွယ်သည် ဦးခေါင်းကို ခါယမ်းလိုက်၏။

ယွန်းချိုင့်ကို လှမ်းယူလိုက်သည်။

ထိုလူက ခက်ထန်သော လေသံဖြင့်...

"ဟေ့ မင်းကြပ်ကြပ်သတိထားပါ၊ ပထမအကြိမ်တုန်းက မလုပ်သင့် မလုပ်ထိုက်တဲ့ ကိစ္စတွေကိုပါ ရောပြီး ကျူးလွန်ခဲ့လို့ မဖြစ်



သင့်တာတွေ ဖြစ်ခဲ့ရတယ်၊ ဒါကြောင့် မင်းကို သေဒဏ်ချမှတ်ခဲ့တယ် မဟုတ်လား၊ အခုတစ်ခါ မင်းရဲ့သတင်းဟာ မြို့ထဲမှာ အတော်လေး ကျော်ကြားနေပြီ၊ သည်တစ်ခါ ပြန်ပြီး ထပ်ဖြစ်လာရင် မင်းကို ငါ့အနေနဲ့ နောက်ထပ် ဘယ်လိုလုပ်ပေးရတော့မလဲ"

ထိုသို့ အပြောခံရသော လူရွယ်သည် တစ်ကိုယ်တော်ဓားပြ လီအိုချီပင် ဖြစ်သည်။

လီအိုချီသည် သူ့အား ခက်ထန်စွာ ပြောဆိုနေသူအား တစ်ခွန်းမျှ ပြောဆိုဟန် မရှိချေ။

အကြောင်းမှာ သူ့ကို ခက်ထန်စွာ ပြောဆိုနေသူသည် သူ၏ဖခင် ဖြစ်နေသောကြောင့်ပင် ဖြစ်၏။

လီအိုချီသည် စကားတစ်ခွန်းမျှ ပြန်မပြောဘဲ ဟင်းခွက်များထဲမှ ဟင်းများ တူဖြင့် နှိုက်ယူစားသောက်နေလေသည်။

ပါးစပ်မှ ပလုပ်ပလောင်း စားသောက်ရင်းမှ လက်ကလည်း အရက်အိုးမှာ အရက်ကို ထည့်၍ မော့ချလိုက်သည်။

လီချီအို၏ဖခင် ဖြစ်သူသည် သူ၏သား စားသောက်နေသည်ကို စူးစိုက်၍ ကြည့်ရှုနေသည်။

အတန်ကြာမျှ ကြည့်ပြီးနောက် အခန်းတွင်းသို့ ဟိုဟိုသည်သည် လှည့်ပတ်ကြည့်လိုက်လေသည်။

လီအိုချီသည် သူ၏ဖခင် ဖြစ်သူကို မျက်လုံးလှန်၍ မော့ကြည့်လိုက်ပြီး...

"မိန်းကလေးတွေဆီက ချွတ်ယူလာခဲ့တဲ့ ပစ္စည်းတွေပဲ ရေ

www.burmeseclassic.com

www.burmeseclassic.com



ချွေးနဲ့တော့ စွဲနေမှာပေါ့"

"လီအိုချီ၊ နောက်နေ့ကစပြီး မင်း အသွားအလာ ဆင်ခြင်ပါ။ မင်းရဲ့သတင်းကြောင့် မြို့ထဲမှာ အတော်ကလေး ချောက်ချောက်ချားချား ဖြစ်နေကြတယ်၊ နောက်ပြီး သည်ရက်ပိုင်းအတွင်း လူအေးနဲ့ သံမဏိလက်တို့ မြို့ကို ရောက်နေတယ်၊ ငါ့သဘောကတော့ မင်းရဲ့ အလုပ်ကို လုံးဝရပ်ဆိုင်းထားစေချင်ပါတယ်"

လီအိုချီ ရုတ်တရက် မျက်မှောင်ကြုတ်သွားပြီ ဖြစ်၏။

"ကဲ ငါသွားတော့မယ်၊ ငါပြောတာကို မင်းကောင်းကောင်းနားထောင်ပါ၊ မနက်ဖြန်ကစပြီး ခြံထဲကနေ မင်းအပြင်ကို လုံးဝမထွက်နဲ့တော့၊ သည်တစ်ခါ ပြဿနာ ဖြစ်လာရင်တော့ ငါ့အနေနဲ့ မင်းကို ဘယ်နည်းနဲ့မှ လွတ်မြောက်ဖို့ လုပ်မပေးတတ်တော့ဘူး၊ ပြီးတော့ လူအေးနဲ့ သံမဏိလက်တို့က ငွေကြေး ဘယ်လောက်ပေးပေး ဝယ်လို့ရတဲ့ လူစားမျိုး မဟုတ်ဘူး"

ထိုသို့ ပြောဆိုလိုက်ပြီးသည်နှင့် လီအိုချီ၏ဖခင်သည် ထွက်ခွာသွားလေသည်။

ထို့နောက် အပြင်ဘက်မှနေ၍ အခန်းတံခါးကို ပြန်လည်ဖွင့်၍ ပိတ်လိုက်ပြီး ခြေလှမ်းမှန်မှန်ဖြင့် ထွက်ခွာသွားလေတော့သည်။

ဒုတိယပိုင်း ပြီး၏။

တတိယပိုင်း ဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

မိုးကျော်သူ

# ထိတ်ထိတ်ကြဲလေးယောက်

(တတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

ဤနေရာသည် ဥယျာဉ်ခြံကြီး တစ်ခြံအတွင်း၌ ဖြစ်လေ၏။

ခပ်လှမ်းလှမ်းတွင် ကြီးမားသော အိမ်အဆောင်ကြီးတစ်ဆောင် ရှိသည်။

ဤဥယျာဉ်ဝင်းသည် ထိုအိမ်ဆောင်ကြီး၏ အနောက်ဘက်၌ တည်ရှိ၏။

လီအိုချီ၏ တဲအိမ်သည် ဥယျာဉ်ခြံဝင်း၌ ဆောက်လုပ်ထားခြင်း ဖြစ်လေသည်။

လီအိုချီသည် ထမင်းကို အားရပါးရ စားနေရာမှ ဖခင်ဖြစ်သူ၏ ခြေသံဝေးကွာ၍ ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက်တည်း တူကို စားပွဲပေါ်သို့ ချထားလိုက်၏။

ထို့နောက် တံခါးဝဆီသို့ သွား၍ မင်းတုံးကို ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် စားပွဲဆီသို့ ပြန်လာပြီး အရက်တစ်ခွက်ထည့်ပြီး ထပ်သောက်ပြန်သည်။

ထို့နောက် သူသည် ခုတင်ရှိရာသို့ သွက်လက်စွာ လျှောက်လာသည်။

ခုတင်ရှေ့သို့ ရောက်သောအခါ ဒူးထောက်၍ ထိုင်ချလိုက်လေသည်။

တဆက်တည်းမှာပင် ခုတင်အောက်သို့ ဝင်၍ တစ်စုံတစ်ရာ ဆွဲထုတ်လိုက်သည်။

လီအိုချီ ဆွဲထုတ်၍ အပြင်သို့ ရောက်လာသော ပစ္စည်းမှာ အခြားပစ္စည်း မဟုတ်ပေ။

ချောမောလှပသော အမျိုးသမီး ကလေးတစ်ယောက် ဖြစ်နေပေသည်။

ထိုအမျိုးသမီးမှာ စုကျန်းပင် ဖြစ်သည်။

စုကျန်းမှာ အကြောပိတ်ထားခြင်း ခံရသဖြင့် မလှုပ်မယှက်ဖြင့် မျက်စိမှိတ်လျက် ရှိနေရှာသည်။

လီအိုချီသည် စုကျန်းအား ခုတင်ပေါ်သို့ အသာတင်လိုက်သည်။

ဖျော့တော့သော အလင်းရောင် ထွက်နေသည့် ဖယောင်းတိုင်မီးရောင်သည် ခုတင်ဆီသို့ ရောက်ရန် အထိပင် အလင်းရောင် ပေးနိုင်စွမ်း ဌာမတတ်နိုင်ချေ။

သို့သော် ထိုမှုန်ပျပျ အလင်းရောင် မကွဲတကွဲ အမှောင်ထုအတွင်း၌ပင် စုကျန်း၏အသားအရေမှာ ဖြူဝင်းမွတ်၍ နေပေသည်။



သူမ၏နွေ့ာကိုယ်မှ မွှေးပျံ့သော ကိုယ်သင်းနံ့က သင်းပျံ့စွာ ပေါ်ထွက်၍ နေသည်။

လီအိုချီ၏ ရီဝေသော မျက်လုံးအစုံသည် အမှောင်ထုအတွင်း ပြောင်လက်တောက်ပလာသည်။

လီအိုချီသည် စုကျန်း၏မျက်နှာပေါ်သို့ သူ၏ဦးခေါင်းကို ငုံ့မိုးလိုက်လေသည်။

ထိုစဉ်မှာပင်...

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



## အမှောင်ရိပ်ထဲမှ အသံရှင်

ထိုစဉ်မှာပင်...

လီအိုချီသည် နားထဲ၌ ထူးဆန်းသော အသံများကို တချွတ်ချွတ်ဖြင့် ကြားလိုက်မိသည်။

လီအိုချီသည် ခေါင်းအုံးဘေးတွင် ချထားသော ဓားကောက်ကို ယူပြီး ထိတ်လန့်တုန်လှုပ်စွာဖြင့် ထ၍ ရပ်လိုက်မိလေသည်။

အသံကြားရာသို့ လှည့်၍ ကြည့်လိုက်သည်။

သို့သော် ကြားရသော အသံသည် ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။

လီအိုချီ၏မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်မှု အမူအရာများ ယှက်သန်း၍ နေလေသည်။



သူသည် ဓားကိုကိုင်ပြီး ငြိမ်သက်စွာ ရပ်တန့်၍ နားကို စွင့်ထားလေသည်။

အတန်ကြာမျှ ငြိမ်သက်စွာ နားစွင့်နေသော်လည်း နောက်ထပ် မည်သည့်အသံမျှ ပေါ်ထွက်လာခြင်း မရှိချေ။

"ကြွက်တွေ ပြေးလွှားသွားလို့ ထွက်လာတဲ့ အသံပဲ ထင်ပါရဲ့လေ"

လီအိုချီသည် တွေးမိပြီး သူ၏မျက်နှာပေါ်မှ စိုးရိမ်မှုများ ပြေလျော့၍ သွားလေသည်။

ထို့နောက် လီအိုချီသည် ခုတင်ရှိရာသို့ ပြန်လှည့်လိုက်၏။

ထိုအခါတွင် တချွတ်ချွတ်နှင့် အသံများ ပြန်လည်ပေါ်ထွက်လာပြန်၏။

ထိုအသံသည် အခန်းတွင်းရှိ မှောင်ရိပ်ကျနေသော နေရာထဲမှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း လီအိုချီ သိလိုက်သည်။

သူသည် ထိတ်လန့်စွာဖြင့် အသံလာရာဆီသို့ လှည့်ကြည့်လိုက်လေသည်။

အမှောင်ရိပ်ကျသော နေရာဆီသို့ စူးစိုက်၍ ကြည့်လိုက်လေသည်။

ဤတွင် လှုပ်ရှားနေသော အရိပ်တစ်ရိပ်ကို မြင်တွေ့လိုက်ရလေတော့သည်။

လူရိပ်ပင်လော။

သို့မဟုတ် တိရစ္ဆာန်တစ်ကောင်၏ အရိပ်ပင်လော။ လီအိုချီ မဝေခွဲနိုင်ဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့် မှောင်ရိပ်အတွင်းမှ အရိပ်တစ်ရိပ် လေးဘက်ထောက် အနေအထားဖြင့် လှုပ်ရှားသွားနေသည်ကို မြင်တွေ့ရပြီးမှ ငြိမ်သက်သွားပြန်လေသည်။

လီအိုချီက သတိကြီးစွာထား၍ ထိုအရိပ် ရှိရာသို့ ခြေလှမ်းသုံးလှမ်းမျှ တိုး၍ သွားသည်။

ထိုအခါတွင် သူ့ရှေ့မှ အရိပ်သည် လူတစ်ယောက်၏အရိပ်ဖြစ်ကြောင်း လီအိုချီ ထိတ်လန့်စွာ တွေ့မြင်လိုက်ရသည်။

ဝပ်နေသော လူရိပ်သည် မတ်တတ်ထရပ်လိုက်သည်ကို တွေ့လိုက်ရသဖြင့် လီအိုချီသည် နောက်ဘက်သို့ ခြေလှမ်းသုံးလှမ်းမျှ ဆုတ်လိုက်လေသည်။

ထို့နောက် ထိတ်လန့်သော လေသံဖြင့်…

"ဘယ်သူလဲ"

လူရိပ်သည် ရှေ့သို့ ဖြည်းညင်းစွာ တိုး၍ ထွက်လာသည်။ ထိုလူရိပ်၏မျက်နှာကို ထွက်ပေါ်လာနေသော မီးရောင်အောက်၌ လီအိုချီ တွေ့မြင်လိုက်ရလေသည်။

လီအိုချီမှာ အလွန်အံ့အားသင့်သွားလေသည်။ မီးရောင်အောက်၌ လီအိုချီ တွေ့မြင်လိုက်ရသော အရိပ်ပိုင်ရှင်မှာ ချောမောလှပသော အမျိုးသမီးတစ်ယောက် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်ပေသည်။

ထိုအမျိုးသမီးမှာ လွန်စွာလှပသော်လည်း သူမ၏မီးဝင်းဝင်းတောက်မျှ ခက်ထန်တင်းမာသော မျက်လုံးအစုံနှင့် ရက်စက်သော မျက်နှာသွင်ပြင်တို့ကို တွေ့မြင်လိုက်ရသဖြင့် လီအိုချီ၏ရင်ထဲ



၌ တုန်လှုပ်၍ သွားလေတော့သည်။

အထူးသဖြင့် သူမ၏လက်ထဲ၌ တောက်ပြောင်ဝင်းလက်သော ဓားတစ်ချောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။

ထို့ကြောင့် လီအိုချီ အနေဖြင့် သူမ၏အလှအပကို ကြည့်ရှု၍ ယစ်မူးမနေနိုင်တော့ချေ။

လီအိုချီ အနေဖြင့် နောက်ဘက်သို့ ခြေလှမ်းတစ်လှမ်း ထပ်မံဆုတ်လိုက်မိလေသည်။

ထိုစဉ်မှာပင် သူ၏နောက်ဘက်မှ အေးစက်သော လေသံတစ်သံ ထွက်ပေါ်လာသည်။

"လီအိုချီ၊ ခင်ဗျားရဲ့လက်ထဲက လက်နက်ကို ချလိုက်ပြီး အသာတကြည်နဲ့ အဖမ်းခံလိုက်ပါ"

လီအိုချီသည် သူ၏နောက်မှ ပေါ်ထွက်လာသော အမျိုးသားတစ်ဦး၏ အသံကြောင့် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားပြီး လှည့်ကြည့်လိုက်မိ၏။

ထိုအခါတွင် တည်ကြည်သော လူရွယ်တစ်ဦး၏မျက်နှာကို တွေ့မြင်လိုက်ရသည်။

ထိုလူရွယ်သည် သူ့ကို လက်ပိုက်ကြည့်နေလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



လီအိုချီသည် လွယ်ကူစွာ အဖမ်းခံမည့် လူစားမျိုး မဟုတ်ချေ။

ထိတ်လန့်တုန်လှုပ် ချောက်ချားနေသော လီအိုချီသည် သူ၏မျက်နှာချင်း ဆိုင်တွင် လက်ပိုက်၍ ရပ်နေသော လူအေးကို လက်ထဲမှ ဓားကောက်ဖြင့် ဇတင်ဝှေ့ယမ်း တိုက်ခိုက်လိုက်လေသည်။

ဓားကောက်သည် လူအေးဦးခေါင်း၏လည်ပင်းတဝိုက်ဆီသို့သာ ဝှေ့ဝဲ၍ ကျရောက်လာပေသည်။

လူအေးသည် သူ၏ဓားကို ထုတ်၍ ပြန်လည်တိုက်ခိုက်ခြင်း မပြုသေးဘဲ တိမ်းရှောင်၍ နေ၏။

လီအိုချီ၏ဓားချက်များ လေကိုသာ လွှဲ၍ခုတ်နေ၏။ လူအေးသည် ရှောင်တိမ်းပေးနေရင်းမှ မတုန်မလှုပ် ရပ်နေသော စီးမေဟုန်ကို လှမ်း၍ ပြောလိုက်သည်။

"စီးမေဟုန်၊ စုကျန်း အနားမှာ သွားနေပါ"

စီးမေဟုန်သည် ခုတင်အနီးသို့ ပြေးလွှား၍ သွားသည်။

ခုတင်အနီးသို့ ရောက်သည်နှင့် အကြောပိတ်ထားခြင်း ခံရသော စုကျန်း အကြောကို လျင်မြန်စွာ ဖြေ၍ ပေးလိုက်၏။

စုကျန်းသည် ဤနေရာမှ မျက်လုံးဖွင့်ပြီး ထထိုင်လိုက်၏။

သူမ၏ဘေးတွင် ယောင်းမဖြစ်သူ စီးမေဟုန်ကို တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာအားရ ဖြစ်သွားရှာလေသည်။

စီးမေဟုန်မှာ ယောင်းမဖြစ်သူ စုကျန်းကို အသာအယာပွေ့ဖက်၍ အားပေးစကား ပြောနေလေသည်။

တစ်ဘက်တွင် လီအိုချီသည် လူအေးကို ဓားကောက်ဖြင့်



သိုင်းကွက်ဆယ်ကွက်ကျော်တိုက်ပြီး ဖြစ်သော်လည်း လူအေးမှာ လွတ်အောင် ရှောင်တိမ်းနေနိုင်သဖြင့် သူသည် ဓားချက်ကို ရပ်တန့်လိုက်ပြီး လူအေးကို မျက်လုံးအစုံဖြင့် ကြည့်၍…

"ခင်ဗျား ဘယ်သူလဲ"

"ကျုပ်နာမည် လူအေး၊ ကျုပ်ဟာ ခရိုင်ဒေသ တရားရုံးတော်က အထူးစုံစမ်း ဖမ်းဆီးရေးမှူးတစ်ယောက်ပဲ၊ စီးဂေဟာမှာ တုန်းက ခင်ဗျားကို ထွက်ခွာသွားနိုင်အောင် ပြောခဲ့တဲ့လူကတော့ သံမဏိလက်လို့ ခေါ်တယ်၊ ဒီလောက်ဆိုရင်ကျုပ်တို့နှစ်ယောက်ကို ခင်ဗျားသိရောပေါ့"

လီအိုချီ၏ ထိတ်လန့်တုန်လှုပ်မှုမှာ ဖော်ပြနိုင်စွမ်း မရှိတော့လောက်အောင်ပင် ဖြစ်သွားလေတော့သည်။

စောစောကပင် သူ၏ဖခင်ဖြစ်သူက သူ့အား သတိပေးစကား ပြောသွားခဲ့သေး၏။

ယခုတော့ သူ၏ရှေ့မှောက်၌ ကြောက်စရာကောင်းလှသော အထူးစုံစမ်း ဖမ်းဆီးရေးမှူး နှစ်ယောက်အနက် တစ်ဦးကို သူကိုယ်တိုင် ရင်ဆိုင်နေရပြီ ဖြစ်သည်။

လူအေးက ထိတ်လန့်နေသော လီအိုချီကို အေးစက်သောလေသံဖြင့် ထပ်မံပြောလိုက်သည်။

"လီအိုချီ၊ ခင်ဗျားပြေးလို့ မလွတ်ပါဘူး၊ အသာတကြည်အဖမ်းခံလိုက်ပါ"

လီအိုချီသည် တုန့်ပြန်ပြောဆိုခြင်း မပြုတော့ဘဲ ခြေထောက်ကို တစ်ချက်ဆောင့်၍ လှုပ်ရှားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လီအိုချီ၏ ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့်သို့ ရောက်နေပြီ ဖြစ်ပေသည်။

လူအေးကလည်း တံ့ဆိုင်းမနေဘဲ အလားတူ ခုန်လွှားလိုက်လေသည်။

သူတို့နှစ်ယောက်စလုံး မြေပေါ်သို့ ပြန်ကျလာသောအခါ လီအိုချီ လက်ထဲမှ တံစဉ်ဓားသည် မှားဝိတုန်းတစ်ကောင်ကဲ့သို့ တဝီဝီဖြင့် မြည်သံပြုလျက် လှည့်ပတ်ကာ ပျံဝဲလှုပ်ရှားနေသည်။

လီအိုချီမှာ ကိုယ်ဖော့ပညာ ထိပ်တန်း ရှိသဖြင့် အခွင့်သာသည်နှင့် ထိုနေရာမှ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် လီအိုချီက လူအေးကို ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

လူအေးသည် သူ၏ဓားကို ဆွဲထုတ်ပြီး ပြန်လည်တိုက်ခိုက်လိုက်သည်။

"ထန်"

"ချွင်"

ဓားနှစ်လက်မှာ အရှိန်ပြင်းစွာ ထိတွေ့ရာမှ မီးပွင့်ကလေးများ ဖြာထွက်သွားလေသည်။

တစ်ချိန်တည်းမှာပင် တံစဉ်ဓားမှ တဝီဝီ မြည်သံသည် ရုတ်ဖြည်းပင် ရပ်သွားလေသည်။

အဘယ်ကြောင့်ဆိုသော် လီအိုချီ၏ တံစဉ်ဓားမှာ သံမဏိကြိုးသည် ပြတ်သွားပြီး တံစဉ်ဓားသည် တစ်ဘက်ရှိ ချုံတစ်ခုအတွင်းသို့ လွင့်စဉ်ကျသွားသောကြောင့်ပင် ဖြစ်လေသည်။



လီအိုချီသည် သူ၏တံစဉ်ဓား လွင့်စဉ်ကျရာနောက်သို့ ခုန်လွှားပြီး အမှောင်ထုအတွင်း ပျောက်ကွယ်သွားလေသည်။

လူအေးက လျင်မြန်စွာ လှုပ်ရှားလိုက်၏။

သို့သော် လီအိုချီက လူအေးထက် ပို၍ လျင်မြန်စွာ ထွက်ပြေးကွယ်ပျောက်သွားသဖြင့် လူအေးက ဆက်၍ မလိုက်တော့ဘဲ ရပ်တန့်လိုက်ရသည်။

တစ်ကိုယ်တော်ဓားပြ လီအိုချီ၏အကြောင်းကို လူအေး အနေဖြင့် ကောင်းစွာ သိရပေပြီ။

လီအိုချီ၏နောက်ကွယ်မှ အကာအကွယ်ပေးနေသော ပုဂ္ဂိုလ်ကိုပါ သူသိရပြီ ဖြစ်သည်။

ထိုစဉ် ခြေသံများကို ကြားလိုက်ရ၏။

လူအေး လှည့်ကြည့်လိုက်ရာ တဲအတွင်းမှ စီးမေဟုန်နှင့် စုကျန်းတို့မှာ အပြင်သို့ ထွက်လာကြသည်ကို တွေ့လိုက်ရ၏။

စီးမေဟုန်က အထိတ်တလန့်ဖြင့် အဝေးတစ်နေရာသို့ လက်ညှိုးထိုးပြရင်း...

"ဟော ဟိုမှာ"

လူအေးက သူမ ညွှန်ပြရာသို့ လှည့်ကြည့်လိုက်ရာ ခပ်လှမ်းလှမ်း အိမ်ဂေဟာကြီးဘက်မှ မီးရောင်များကို လှမ်းမြင်လိုက်ရသည်။

ထိုမီးရောင်များသည် မီးပုံးများဆီမှ ဖြာထွက်လာသော မီးရောင်များ ဖြစ်ကြသည်။

မီးပုံးများကို ကိုင်ဆောင်ထားသော လူရိပ်များသည် လူအေး ရှိရာဘက်သို့ ဦးတည်၍ လာနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လူအေးက အလောတကြီး ပြောလိုက်၏။

"ကဲ ဒီခြံဝင်းထဲကနေ အမြန်ဆုံး ထွက်ကြရအောင်"

လူအေးက ရှေ့မှ ဦးဆောင်၍ ထွက်လိုက်သည်။

သူ၏နောက်တွင် စီးမေဟုန်နှင့် စုကျန်းတို့ ပါလာကြ၏။

ဝင်းနံရံကို ခုန်လွှားကျော်ဖြတ်သောအခါ လူအေးနှင့် စီးမေဟုန်တို့က စုကျန်း၏လက်မောင်းကို တစ်ဘက်ဆီမှဆွဲ၍ ခုန်လွှားကျော်ဖြတ် လာခဲ့ကြရလေတော့သည်။

♣ ♣ ♣

လူအေးသည် စုကျန်းနှင့် စီးမေဟုန်တို့နှစ်ဦးကို စီးဂေဟာသို့ ပို့ဆောင်ပေးနိုင်ခဲ့လေသည်။

စီးဂေဟာသခင်ကြီးစီးချန်းယင်မှာ ဝမ်းသာအားရ ဖြစ်သွားလေသည်။

စီးချန်းယင်သည် ချက်ချင်းပင် လူအေးတို့အား ညစာဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးလေသည်။

စားသောက်ရင်းမှ စကားစမြည်ပြောဆိုကြ၏။ စီးချန်းယင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"တစ်ကိုယ်တော်ဓားပြဆိုတဲ့လူဟာ လွန်ခဲ့တဲ့ နှစ်တုန်းက မိန်းကလေးတစ်ဦးအား မုဒိမ်းကျင့် သတ်ဖြတ်ခဲ့မှုနဲ့ ပတ်သက်ပြီး သေဒဏ်အပြစ်ပေးခံခဲ့ရတဲ့ လီအိုရှီဆိုတာ သေချာပါတယ်"

စီးချန်းယင်မှာ ခေတ္တစကားရပ်လိုက်ပြီးမှ ဆက်ပြောလိုက်



လေသည်။

"ဒါပေမယ့် သူဟာ ဘာဖြစ်လို့ မသေဘဲ အသက်ရှင်လျက် လွတ်မြောက်နေရတာလဲ၊ ဒီလိုသာ ဆိုရင်တော့ တစ်ကိုယ်တော် ဓားပြဆိုတဲ့ နာမည်နဲ့ ဆက်လက်ဆိုးသွမ်းပြီး သားကောင်း သမီးပျို လေးတွေကို အန္တရာယ်ပေးနေဦးမှာ သေချာတယ်"

စီးချန်းယင်သည် အရက်ကို မော့သောက်လိုက်ရင်းမှ...

"ကဲ ခင်ဗျားတို့ တွေ့ရှိတဲ့ အချက်တွေကို ကျုပ်ကို ပြောပြပါဦး"

သံမဏိလက်က...

"ကျုပ်တို့နှစ်ယောက် လီအိုရှီရဲ့ အုတ်ဂူကို ဖောက်ကြည့်ပြီး ပါပြီ၊ အုတ်ဂူထဲက ခေါင်းထဲမှာ လီအိုရှီရဲ့ အလောင်းကို မတွေ့ရပေမယ့် အနံ့အသက်ရနေတယ်၊ အဲဒီ ခေါင်းထဲမှာ စတင်မြှုပ်နှံကတည်းက အလောင်းတစ်လောင်းတော့ ပါလာမှာ သေချာတယ်၊ ဒါပေမယ့် လီအိုရှီရဲ့ အလောင်းတော့ မဖြစ်နိုင်ဘူး၊ အခြားလူတစ်ယောက်ရဲ့ အလောင်းကို ထည့်ပြီး မြှုပ်နှံခဲ့တာပဲ ဖြစ်ရမယ်"

စီးချန်းယင်က မျက်မှောင်ကြုတ်၍ ရေရွတ်ပြောဆိုလိုက်လေသည်။

"ဒါဆို ခင်ဗျားတို့ လီအိုရှီရဲ့ အုတ်ဂူကို ဖောက်ပြီး ခေါင်းကို ဖွင့်ကြည့်တော့ ခေါင်းထဲမှာ အလောင်းမရှိတော့တာ ဘာကြောင့်များလဲ"

သံမဏိလက်က ခေတ္တမျှ စဉ်းစားလိုက်ပြီး...

"လွန်ခဲ့တဲ့ နှစ်ရက်သုံးရက်လောက်တုန်းက တစ်စုံတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟာ အဲဒီ အုတ်ဂူကို ဖောက်လိမ့်မယ်၊ ပြီးတော့ ခေါင်းထဲက အလောင်းကို ထုတ်ယူသွားခဲ့တာပဲ ဖြစ်လိမ့်မယ်”

“ဟုတ်ပြီ၊ အဲဒီ အလောင်းကို ဘာဖြစ်လို့ ထုတ်ယူသွားရတာလဲ”

“အင်း ကျုပ်တို့ စဉ်းစားစရာတွေက အများကြီးပဲ၊ လီအိုချီဟာ သေဒဏ်အပြစ်ပေးခြင်း ခံခဲ့ရတယ်၊ တကယ်တော့ လီအိုချီဟာ သေဒဏ်အပြစ်ပေးခြင်း မခံခဲ့ဘူး၊ ဒီတော့ လီအိုချီရဲ့ ကိုယ်စား လူတစ်ယောက်ရဲ့အလောင်းကို ခေါင်းသွင်းပြီး သင်္ဂြိုလ်ထားခဲ့တာပဲ ဖြစ်မယ်”

“ပြီးတော့မှ အုတ်ဂူရှေ့မှာ လီအိုချီ သေဆုံးသွားလို့ သင်္ဂြိုလ်လိုက်ပြီဆိုတဲ့ အမှတ်အသားနဲ့ နာမည်မှတ်တိုင် ကျောက်ပြားကို စိုက်ထူလိုက်လိမ့်မယ်၊ ဒီလိုနည်းနဲ့ လီအိုချီရဲ့ အမှုကိစ္စတွေနဲ့ သူလှုပ်ရှားခဲ့တဲ့ ကဏ္ဍအားလုံး တစ်ခန်းရပ်သွားစေခဲ့တာပဲပေါ့”

“ဒီလိုဆိုရင် လီအိုချီ လွတ်မြောက်သွားအောင် လီအိုချီရဲ့ ကိုယ်စား အလောင်းတစ်လောင်းကို စီစဉ်ပြီး မြှုပ်နှံသင်္ဂြိုလ်ခဲ့တယ်၊ ဘာဖြစ်လို့ ထပ်ပြီး ထုတ်ယူသွားကြရပြန်တာလဲ”

စီးချန်းယင်နှင့် သံမဏိလက်တို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ပြောဆိုနေ၏။

သို့သော် ဤသို့ ပြောဆိုချက်များသည် ခန့်မှန်းပြောဆိုချက်များသာဖြစ်၍ တိကျရေရာသော အဖြေများ ထွက်လာနိုင်မည် မဟုတ်ပါချေ။

အမှန်စင်စစ်တွင်မူ လူအေးနှင့် သံမဏိလက်တို့သည် သိ



သင့်သိထိုက်သည့် အရေးကြီးသော အချက်အလက်အချို့ကို သိထားကြပြီ ဖြစ်၏။

စီးဂေဟာသခင်ကြီး စီးချန်းယင်နှင့် လူအများ၏ရှေ့တွင် ထုတ်ဖော်၍ မပြောသင့်သော အချက်တစ်ချက်လည်း ရှိသည်။

လူအေးက တီးတိုးပြောပြသဖြင့် သံမဏိလက်သည် တစ်ကိုယ်တော်စားပြ လီအိုချီကို အကာအကွယ်ပေးထားသော၊ ကျောထောက်နောက်ခံပေးထားသော လူ၏အမည်ကိုပါ သိရှိထားပြီး ဖြစ်သည်။

လူအေးနှင့် သံမဏိလက်တို့သည် စီးချန်းယင်၏ ဖိတ်ခေါ်ချက်ကြောင့် ထိုညတွင် စီးဂေဟာ၌ အိပ်စက်ကြလေသည်။

♣ ♣ ♣

နောက်တစ်နေ့ နံနက် လင်းလျှင်လင်းချင်းပင်...

လူအေးနှင့် သံမဏိလက်တို့သည် အကျဉ်းထောင်ကြီးဆီသို့ သွားရောက်စုံစမ်းကြလေသည်။

အကျဉ်းထောင်ကြီးမှ ထောင်ပိုင်အရာရှိကြီးသည် လူအေးနှင့် သံမဏိလက်တို့၏ အမည်နှင့် ရာထူးများကို ကြားသိသည်ဆိုလျှင်ပင် ဖျာဖျာသလဲ ဆီးကြို၍ လိုအပ်သော အကူအညီများကို ပေးလေသည်။

လူအေးနှင့် သံမဏိလက်တို့၏ စုံစမ်းမှုများအရ လူသတ်မှုများကို ကျူးလွန်ခဲ့သော လီအိုချီကို ဤအကျဉ်းထောင်တွင် အကျဉ်း

www.burmeseclassic.com

www.burmeseclassic.com



ချထားခဲ့သည်။

ထို့နောက် ပြစ်မှုစီရင်ပြီးသည့်နောက် သေဒဏ်ပေးခံရ၏။ လီအိုချီသည် ကျူးလွန်ခဲ့သော ပြစ်မှုမှာ ဂေဟာတစ်ခုမှ မိန်းကလေးတစ်ဦးကို သတ်ဖြတ်ခဲ့သော အမှုပင် ဖြစ်သည်။

လီအိုချီ၏နေရပ်နှင့် ဖခင်အမည်ကို သိရှိလိုက်ရ၍ လူအေးနှင့် သံမဏိလက်တို့အဖို့ ထူးခြား၍ အံ့အားသင့်မှုမျိုး မဖြစ်တော့ချေ။

အဘယ်ကြောင့်ဆိုသော် ယမန်နေ့ညက လီအိုချီ၏နောက်သို့ လူအေးနှင့် စီးမေဟုန်တို့ နောက်ယောင်ခံ၍ လိုက်ခဲ့၏။

ထိုအခါ လီအိုချီ တည်းခိုနေထိုင်ရာ တဲအိမ်နှင့် လီအိုချီကို အကာအကွယ်ပေး၍ လက်ခံထားသော ပုဂ္ဂိုလ်ကို လူအေးက တွေ့မြင်ခဲ့ပြီး ဖြစ်၏။

စီးမေဟုန်က မမြင်လိုက်၍ သိဟန်မတူချေ။ ထိုပုဂ္ဂိုလ်၏ အမည်မှာ လီကျူးချွန် ဖြစ်ပေသည်။

ထို့ကြောင့် လီအိုချီ၏ဖခင် ဖြစ်သော လီကျူးချွန်ဟုသိလိုက်ရသော်လည်း လူအေးနှင့် သံမဏိလက်မှာမူ အထူးတလည် အံ့အားသင့်ခြင်းမျိုး လုံးဝမဖြစ်ကြပါချေ။

လူအေးနှင့် သံမဏိလက်တို့သည် သက်သေအထောက်အထား တိတိကျကျ ရရှိနိုင်ရေးအတွက် သေချာစွာ ထပ်မံစုံစမ်းနေကြခြင်းပင် ဖြစ်၏။

လီကျူးချွန်သည် မြို့နယ်အုပ်ချုပ်ရေးအရာရှိကြီး ဂူးထိန်ယင်၏ အပါးတော်မြဲဖြစ်သော စာရေးတော်ကြီးတစ်ဦး ဖြစ်လေသည်။



လီကျူးချွန်သည် ဂူးထိန်ယင်၏ရင်းရင်းနှီးနှီး အရေးပေး၍ ဆက်ဆံခြင်း ခံရသော အကြံပေးပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ပေသည်။

ထိုကဲ့သို့သော ပုဂ္ဂိုလ်ကြီးတစ်ဦးအား စွပ်စွဲပြောဆိုလျှင် နိုင်လုံသော သက်သေအထောက်အထားများ အပြည့်အစုံ ရှိမှသာလျှင် ပြောဆို၍ ဖြစ်ပေလိမ့်မည်။

ထောင်ပိုင်အရာရှိကြီး၏ ပြောပြချက်အရ လူအေးနှင့် သံမဏိလက်တို့သည် နောက်ထပ် အချက်တစ်ချက် ထပ်မံသိရှိခဲ့ကြရသည်။

ထိုစဉ်အခါက သေဒဏ်အပြစ်ပေးခြင်း ခံခဲ့ရသော လီအိုချီကို စီရင်ကွပ်မျက်သူ အာဏာပါးကွက်သား အမှုထမ်းချုပ်အမည်မှာ ဝမ်းကုစင်း ဖြစ်ကြောင်း သိကြရသည်။

သို့သော် ဝမ်းကုစင်းသည် လီအိုချီ ကွပ်မျက်ခံရပြီး သုံးလအကြာတွင် လမ်းဘေးတစ်နေရာ၌ လက်သည်တရားခံ မပေါ်ဘဲ အသတ်ခံသွားရသည်ဟု သိကြရပြန်သည်။

လူအေးနှင့် သံမဏိလက်တို့သည် အကျဉ်းထောင်အတွင်း၌ ထောင်ပိုင်ကြီးထံမှ သိလိုသမျှတို့ကို စုံစမ်းမေးမြန်းကြလေသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးရုံးတော်သို့ ပြန်လာခဲ့ကြလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



လူအေးနှင့် သံမဏိလက်တို့သည် မြို့နယ်အုပ်ချုပ်ရေး ရုံးတော်သို့ နေ့လယ်ခင်း အချိန်၌ ရောက်ရှိလာခဲ့ကြသည်။

နေ့လယ်ခင်းအချိန်တွင် အရာရှိမင်းကြီး ဂူးထိန်ယင်သည် တရေးတမော အိပ်စက်တတ်သောအချိန် ဖြစ်၏။

မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ အမှုထမ်းအားလုံးလိုလို သူတို့၏ အရာရှိမင်း ဂူးထိန်ယင်၏စိတ်ဓာတ်ကို ကောင်းစွာ သိရှိထားကြပြီးသား ဖြစ်လေသည်။

ဂူးထိန်ယင်သည် ခါတိုင်းအချိန်၌ သဘောထားကောင်းမည် ဖြစ်သော်လည်း နေ့လယ်နေ့ခင်း အိပ်စက်နေချိန်တွင် သွားရောက်၍ နှိုးမိလျှင် ဒေါသတကြီးဖြင့် အော်ငေါက်ပြောဆိုတတ်လေသည်။

အကယ်၍ သူ့ကို နှိုးပြီး ပြောရသော ကိစ္စသည် သူ၏စိတ်ထဲ၌ မဖြစ်စလောက်ဟု ယူဆပါက လာရောက်နှိုးသောသူနှင့် သူ့အား တွေ့ဆုံရန် ရောက်လာသူတို့အား ဆဲဆိုကြိမ်းမောင်း၍ နှင်လွှတ်လေသည်။

ထို့ကြောင့် ယခု လူအေးနှင့် သံမဏိလက်တို့က အရာရှိမင်း ဂူးထိန်ယင်နှင့် တွေ့ဆုံလိုသည့် အကြောင်းကို မည်သည့်အမှုထမ်းကမျှ သွားရောက်၍ အကြောင်းမကြားဝံ့ကြပေ။

သံမဏိလက်က ထပ်မံပြောဆိုလိုက်ပြန်၏။

"အဲရာရှိမင်း ဂူးထိန်ယင်ကို အရေးကြီးတဲ့ ကိစ္စတစ်ခုအတွက် ကျုပ်တို့တွေ့လိုတယ်၊ ဒါကြောင့် အရာရှိမင်း ဂူးထိန်ယင်ကို နှိုးပေးပါ"



သို့သော် ရုံးတော်မှ အမှုထမ်းများထဲမှ မည်သူမျှ ဂူးထိန်ယင်ကို သွားရောက်၍ မနှိုးကြချေ။

ထို့ပြင် လူအေးနှင့် သံမဏိတို့ကို အိပ်ခန်းထဲသို့ ဝင်ရောက်၍ တွေ့ဆုံခွင့်ကိုလည်း အမှုထမ်းများက မပေးကြပါချေ။

ထိုသို့ ရှိနေစဉ် အခန်းထဲမှ လူတစ်ယောက် ထွက်လာသည်။

ထိုလူသည် အခန်းဝသို့ ရောက်လျှင် သူတို့၏စကားများကို နားထောင်နေဟန်ဖြင့် ငြိမ်သက်စွာ ရပ်လိုက်၏။

ထိုလူကို လူအေးနှင့် သံမဏိလက်တို့ အနေဖြင့် တတိယအကြိမ်အဖြစ် ထပ်မံတွေ့ဆုံမိကြခြင်း ဖြစ်သည်။

ထိုလူသည် အမည်မသိ လျှို့ဝှက်သိုင်းသမားတစ်ဦးပင် ဖြစ်၏။

ထိုအမည်မသိ သိုင်းသမား၏ အသွင်အပြင်သည် ပထမအကြိမ်နှင့် ဒုတိယအကြိမ် သူတို့တွေ့စဉ်ကကဲ့သို့ အတိုင်းပင် ပြောင်းလဲခြင်းမရှိပေ။

ခြေထောက်တွင် ကြိုးစီးဖိနပ်ပါးကို စီး၍ ထား၏။ ဝတ်စုံဖြူကို ဝတ်ဆင်ထားပြီး ခါးတွင် အဝတ်ကြိုးတစ်ချောင်းဖြင့် ဖြစ်သလို စည်းနှောင်ထားပေသည်။

ငါးမန်းသားရေအိတ်ဖြင့် ထည့်ထားသော ဓားကို ခါးတွင် ဆွဲထား၏။

ထိပ်အုပ်မပါသော ခမောက်ကို ခပ်ငိုက်ငိုက် ပုံစံဖြင့် ဆောင်း၍ ထား၏။

www.burmeseclassic.com

www.burmeseclassic.com



နေရောင်မရှိသော အခန်းတွင်း၌ပင် ထိုလျှို့ဝှက်သိုင်းသမားသည် သူ၏အဝတ်ခမောက်ကို မချွတ်တမ်း ဆောင်းထားပေသည်။

အမှန်တွင်မူ ထိုလူသည် သူ၏မျက်နှာကို အမြဲတစေ ကွယ်ဝှက်လို၍သာ ဖြစ်သည်။

လူအေးနှင့် သံမဏိလက်တို့သည် ခပ်ချွန်ချွန် ပုံသဏ္ဍာန်ရှိသော မေးစေ့ကို ဦးစွာ လှမ်း၍ ကြည့်လိုက်သည်။

ထို့နောက် ထိုလူ၏ ခြေထောက်အစုံကို စူးစိုက်၍ ကြည့်လိုက်ပြန်သည်။

လူအေးနှင့် သံမဏိလက်တို့၏မျက်လုံးများသည် ထိုလျှို့ဝှက်သိုင်းသမား၏ ဦးခေါင်းမှ ခြေထောက်အထိ တစ်ကိုယ်လုံးကို ခြုံကြည့်လိုက်မိပြန်သည်။

ထိုအမည်မသိ သိုင်းသမားသည် သူ၏ဦးခေါင်းကို ဖြည်းညှင်းစွာ မော့၍ ကြည့်လိုက်သည်။

ထိုအခါ ဝင်းလက်သော သူ၏မျက်လုံးအစုံကို ဖြတ်ခနဲ တွေ့မြင်လိုက်ကြရပေသည်။

သို့သော် ထိုလူ၏မျက်နှာသည် လျင်မြန်စွာပင် ပြန်လည်၍ ငုံ့သွားလေသည်။

လျှို့ဝှက်သော အမည်မသိ သိုင်းသမားသည် ဤပုံစံအတိုင်းပင် တံခါးပေါက်၌ မလှုပ်မယှက် ရပ်တန့်လျက် ရှိနေ၏။

လူအေးနှင့် သံမဏိလက်တို့သည် နောက်ဆုံး၌ သူတို့၏ခြေလှမ်းများကို ရပ်တန့်လိုက်၏။



သံမဏိလက်က ညင်သာစွာ ခေါ်လိုက်သည်။

"မိတ်ဆွေကြီး"

သို့သော် ထိုလူက ပြန်လည်ထူးခြင်း မရှိပါ။ လှုပ်ရှားမှုလည်း မပြုချေ။

ငြိမ်သက်စွာဖြင့် နားထောင်နေဟန် ရှိပေသည်။

သံမဏိလက်က ထပ်မံ၍ ပြောလိုက်သည်။

"ကျွန်တော်တို့နှစ်ယောက်မှာ အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိနေလို့ အရာရှိမင်းကြီးနဲ့ တွေ့ဆုံပါရစေ"

အမည်မသိသော သိုင်းသမားက သူ၏ဦးခေါင်းကို ခပ်ငုံ့ငုံ့ အနေအထားဖြင့်သာ ရပ်၍နေသည်။

သို့သော် ထိုလူသည် သူတို့နှစ်ယောက်၏ အရိပ်အခြေကို ကြည့်ရှုနေဟန် ရှိ၏။

သူတို့နှစ်ယောက်၏ခန္ဓာကိုယ် အထက်ပိုင်းက တစ်ဝက်ကို ခမောက်အနားစအောက်မှတစ်ဆင့် မျက်လုံးအစုံဖြင့် ကြည့်ရှုနေပေသည်။

သံမဏိလက်က မျက်မှောင်ကြုတ်သွား၏။

သူတို့သည် ကျောက်ရုပ်တစ်ရုပ်နှင့် စကားပြောနေဟန်မျှနှင့်ပင်တူနေသည်။

လူအေး၏မျက်လုံးအစုံမှာလည်း ရုတ်တရက် သေးငယ်ကျဉ်းမြောင်းသွားသည်။

လျှို့ဝှက်သိုင်းသမား၏ ခမောက်ကို ထွင်းဖောက်ဖယ်ရှား၍ ထိုလူ၏မျက်နှာထားကို ကြည့်ရှုလိုသော ဆန္ဒများ တဖွားဖွား

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်လာလေတော့သည်။

လူအေးက အေးစက်သော လေသံဖြင့် ဝင်၍ ပြောလိုက်သည်။

"ကျွန်တော်တို့ကို အခုချက်ချင်း အကြောင်းကြားပေးပါ။ အရာရှိမင်း ဂူးထိန်ယင်နဲ့ ကျွန်တော်တို့ အခုချက်ချင်း တွေ့ရမှ ဖြစ်လိမ့်မယ်"

ထိုအခါမှပင် အမည်မသိ သိုင်းသမားသည် ရုတ်တရက် လှုပ်ရှားလိုက်၏။

ထိုလူသည် ချာခနဲလှည့်၍ အခန်းတွင်းသို့ ပြန်ဝင် သွားလေတော့သည်။

♣ ♣ ♣



## ပြဿနာအတွက် အဖြေရှာခက်

မကြာမီ တရှပ်ရှပ်ဖြင့် ပေါ်ထွက်လာသော ခြေသံကို ကြား လိုက်ရပြီး အခန်းတွင်းမှ လူတစ်ဦး ထွက်လာလေသည်။

ထိုလူသည် အမှုထမ်းတစ်ဦး ဖြစ်သည်။

လူအေးနှင့် သံမဏိလက်တို့ကို အခန်းတွင်းသို့ ဝင်ရောက် ရန်ဖိတ်ခေါ်လိုက်၏။

လူအေးနှင့် သံမဏိလက်တို့က အခန်းတွင်းသို့ ဝင်ရောက် လိုက်ပါသွားကြလေသည်။

အခန်းတွင်း၌ ဧည့်ခန်းငယ်တစ်ခု ရှိ၏။

ထိုအမှုထမ်းသည် လူအေးနှင့် သံမဏိလက်တို့နှစ်ဦးတို့ ထိုင်ခုံများ၌ နေရာထားပေးပြီးမှ ထွက်ခွာသွားလေသည်။

ခဏကြာသော် ချောင်းဟန့်သံ တစ်ချက်ကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း"

ချောင်းဟန့်သံနှင့်အတူ အခန်းပေါက်တစ်ခုမှ အရာရှိမင်း ငူးထိန်ယင် ပေါ်၍ လာလေ၏။

ငူးထိန်ယင်သည် အိပ်ရာထစ ဖြစ်၍ သူ၏မျက်နှာမှာ အနည်းငယ် အမ်း၍နေသည်။

ထို့ပြင် မျက်နှာမှာလည်း အတန်ငယ် တင်းမာနေသည်ကို လည်း လူအေးနှင့် သံမဏိလက်တို့က အကဲခတ်လိုက်မိကြ၏။

ငူးထိန်ယင်၏လေသံက ခပ်တင်းတင်းဖြင့် ပေါ်ထွက်လာ၏။

ငူးထိန်ယင်သည် သူ၏ဒေါသကို အတော်ကလေး မျိုသိပ်ထားရဟန် တူပေသည်။

"စုံစမ်းရေးမှူးကြီးနှစ်ယောက်က ဘာကိစ္စများ အရေးတကြီး ဖြစ်လာကြတာလဲ၊ ဒီမြို့တော်မှာ ကျူပ်တစ်ယောက်ထဲ ရှိနေတာတော့ မဟုတ်ပါဘူးနော်"

သံမဏိလက်က အေးဆေးစွာ ဦးညွှတ်၍ ပြန်ပြောလိုက်၏။

"ဟုတ်ပါတယ် အရာရှိမင်း ခင်ဗျာ၊ ကျွန်တော်တို့ အနေနဲ့ အခြားကိစ္စရပ်သာဆိုရင် ဒေသအုပ်ချုပ်ရေးရုံးတော်က ရိလင်ကျန်းနဲ့ သွားပြီး တွေ့ဆုံမှာပါ၊ ဒါပေမယ့် အခုကိစ္စက အရာရှိမင်းကြီးရဲ့ အပါးတော်မြဲ မိတ်ဆွေတစ်ဦးထဲက တစ်ယောက်နဲ့ ပတ်သက်နေပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ အခုလို အရာရှိမင်းကြီးကိုယ်တိုင်ကို လာရောက်တွေ့ဆုံရခြင်းလဲ ဖြစ်ပါတယ်၊ ကျွန်တော်တို့ဟာ ဘယ်သူ့ကို



မဆို သက်သေအထောက်အထား ခိုင်လုံရင် အထူးတာဝန်နဲ့ ဖမ်းဆီး ပိုင်ခွင့် ရှိပါတယ်"

သံမဏိလက်၏စကားကြောင့် ငူးထိန်ယင်မှာ မျက်မှောင် ကြုတ်သွား၏။

ထို့နောက် သံမဏိလက်ကို ကြည့်၍…

"ဆိုစမ်းပါဦး၊ ဘယ်သူ ဘာဖြစ်လို့လဲ"

ငူးထိန်ယင်သည် ထိုသို့မေးခွန်း မေးမြန်းလိုက်ပြီး သူ၏နံဘေး၌ ရပ်နေသော အမည်မသိ သိုင်းသမားကို တစ်ချက်မျှ လှည့်ကြည့်လိုက်လေသည်။

အမည်မသိ သိုင်းသမားသည် တုတ်တုတ်မျှ မလှုပ်ရှားဘဲ ငြိမ်သက်စွာပင် ရပ်၍ နေပေသည်။

လူအေးက ဝင်ရောက်ရှင်းပြလိုက်သည်။

"မနေ့ညတုန်းက တစ်ကိုယ်တော်ဓားပြလို့ခေါ်တဲ့ လူသတ်သမားကို တဲအိမ်တစ်ခုမှာ ဖမ်းဆီးပါတယ်၊ ဖမ်းဆီးခေါ်ဆောင်သွားတဲ့ မိန်းကလေးကိုလဲ ကယ်တင်နိုင်ခဲ့ပါတယ်"

ထိုအခါတွင် ငူးထိန်ယင်၏ တင်းမာနေသော မျက်နှာမှာ အတန်ငယ် ပြေလျော့၍ သွားသည်။

လူအေးက ငူးထိန်ယင်၏မျက်နှာကို တစ်ချက်ကြည့်လိုက်ပြီးမှ ဆက်၍ပြောလိုက်သည်။

"ကျွန်တော်တို့ဟာ တစ်ကိုယ်တော် ဓားပြကို ဖမ်းမိထားပေမယ့် တစ်ကိုယ်တော်ဓားပြဟာ ကိုယ်ဖော့ပညာ သိပ်ကောင်းခွန်တာကြောင့် ထွက်ပြေးလွတ်မြောက်ခဲ့ပါတယ်၊ သူ့ပုန်းကွယ် တည်းခို

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ အိမ်ဂေဟာ အရာရှိမင်းရဲ့ အပါးတော်မြဲ စာရေးကြီး လီကျူးချွန်ရဲ့ ဉယျာဉ်ဝင်းအတွင်းမှာ ဖြစ်နေတာကို ကျွန်တော်တို့ တွေ့ရှိခဲ့ကြရပါတယ်၊ နောက်ပြီးတော့ တစ်ကိုယ်တော်ဓားပြရဲ့ နာမည်ဟာ လီအိုချိုလို့ ခေါ်ပါတယ်၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက ဒေသတရားရုံးတော်ကနေ လီအိုချိုကို မုဒိန်းမှုနဲ့ လူသတ်မှုနဲ့ အပြစ်ဒဏ်ချမှတ်ထားခဲ့ပါတယ်၊

သေဒဏ်အပြစ်ပေးခံရပြီးတဲ့ နောက်ပိုင်းမှာ လီအိုချိုကို မြှုပ်နှံသင်္ဂြိုဟ်ထားတဲ့ အုတ်ဂူသာ ရှိပြီးတော့ လူကတော့ မသေသေးပါဘူး၊ အပြင်လောကမှာ ယခုထက်ထိ တစ်ကိုယ်တော်ဓားပြဆိုတဲ့ နာမည်နဲ့ လှုပ်ရှားထကြွသောင်းကျန်းနေပါတယ်၊ ဒီတော့ အရာရှိမင်းရဲ့ အပါးတော်မြဲ စာရေးကြီးလီကျူးချွန်မှာ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဖြေရှင်းဖို့ တာဝန်တွေ အများကြီး ရှိပါတယ်”

လူအေး၏စကားကြောင့် ပူးထိန်ယင်၏မျက်နှာမှာ ရှုံ့မဲ့သွားလေတော့သည်။

ဒေါသထွက်လာသောကြောင့် တစ်ကိုယ်လုံး တုန်ယင်၍လာသည်။

ပူးထိန်ယင်သည် သူ၏စားပွဲငယ်ကို လက်ဝါးဖြင့် ဖြန်းခနဲမြည်အောင် ဒေါသတကြီး ရိုက်လိုက်လေသည်။

“ဩော် ဒီလို ကိစ္စမျိုး ရှိနေတာလား၊ ကောင်းပြီ၊ လီကျူးချွန်ဟာ ဥပဒေကို လက်တလုံးခြားလုပ်ပြီး လှည့်ပတ်ဆောင်ရွက်တာမျိုးဆိုရင်တော့ ကျုပ်အနေနဲ့ ဘယ်လိုမှ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး”

ပူးထိန်ယင်က ဒေါသတကြီး ထိုသို့ အော်ဟစ်ပြောဆိုလိုက်



ပြီးနောက် အခန်းအပြင်ဘက်သို့ ကျယ်လောင်စွာ အော်ဟစ်ခေါ်ငင်လိုက်၏။

“ဟေ့ အပြင်ဘက်က တစ်ယောက်လာစမ်း”

အပြင်ဘက်မှ အမှုထမ်းတစ်ဦးသည် ပျာပျာသလဲ အမှုအရာဖြင့် ပြေးလွှား၍ ဝင်ရောက်လာပြီး အရာရှိမင်းပူးထိန်ယင်ကို ဦးညွှတ်၍ အရိုအသေပေးလိုက်၏။

ပူးထိန်ယင်က…

“စာရေးကြီးလီကျူးချွန် ဘယ်မှာလဲ”

အမှုထမ်းက အမြန်ပင် ဖြေလိုက်၏။

“အခု သူဟာ စာကြည့်ခန်းထဲမှာ အနားယူနေပါတယ် ခင်ဗျာ”

ပူးထိန်ယင်က လက်ညှိုးထိုးညွှန်ပြရင်း…

“သွား လီကျူးချွန်ကို ငါ့အခန်းထဲကို အမြန်ဆုံး လာခဲ့ဖို့ ပြောလိုက်”

အမှုထမ်းသည် ကပျာကယာပင် ပြန်၍ လှည့်ထွက်သွား၏။

ပူးထိန်ယင်က လူအေးနှင့် သံမဏိလက်တို့ဘက်သို့ လှည့်၍ တည်ကြည်လေးနက်စွာ ပြောဆိုလိုက်ပါ၏။

“စိတ်ချပါ၊ စုံစမ်းရေးမှူးကြီးတို့ ကျုပ်ရဲ့ အပါးတော်မြဲ စာရေးတော်ကြီးလီကျူးချွန်ဟာ ဥပဒေကို လက်တစ်လုံးခြား လှည့်ပတ်ပြီး လုပ်ဆောင်ခဲ့တယ်ဆိုတော့ ကျုပ်အနေနဲ့ ပြတ်ပြတ်သားသား အရေးယူမှာပဲ၊ ကျုပ်ရဲ့ မိတ်ဆွေပဲ ဖြစ်ဖြစ် ကျုပ်ရဲ့ ဆွေမျိုးသားချင်းပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ကျုပ်ညီအရင်းပဲ ဖြစ်ဖြစ် ကျုပ်ကတော့ သက်ညှာခွင့် လုံးဝ ပေးမှာ မဟုတ်ဘူး"

လီကျူးချွန်က အခန်းတွင်းသို့ ဝင်ရောက်လေသည်။

အရာရှိမင်းဂူးထိန်ယင်၏ဘေး၌ လူအေးနှင့် သံမဏိလက်တို့ ထိုင်နေသည်ကို တွေ့လိုက်သည်နှင့် လီကျူးချွန်၏မျက်နှာမှာ တစ်ချက်မျှ ပျက်သွား၏။

ဂူးထိန်ယင်သည် ချက်ချင်းပင် လီကျူးချွန်အား မေးမြန်းလိုက်၏။

"လီကျူးချွန်၊ မနေ့ညတုန်းက ခင်ဗျားရဲ့ဥယျာဉ်ထဲမှာ ရှိတဲ့ တဲအိမ်ထဲမှာ ဘာတွေ ဖြစ်ခဲ့သလဲဆိုတာကို ခင်ဗျားသိရဲ့လား"

လီကျူးချွန်သည် အံ့အားသင့်ဟန်ပြလိုက်သည်။

သို့သော်...

စိုးရိမ်ထိတ်လန့်သော အမူအရာများသည် သူ၏မျက်နှာပြင်ပေါ်သို့ အထင်းသား ပေါ်လွင်နေ၏။

"ဘာ..ဘာဖြစ်လို့ပါလဲ အရာရှိမင်းခင်ဗျာ"

ဂူးထိန်ယင်က မျက်မှောင်ကြုတ်ကာ...

"ခင်ဗျားရဲ့ဥယျာဉ်ဝင်းထဲက တဲအိမ်မှာ အခုတလော နာမည်ကြီးနေတဲ့ လူသတ်သမား တစ်ကိုယ်တော် ဓားပြဆိုတဲ့ကောင် ပုန်းနေတယ် မဟုတ်လား"

ထိုအခါတွင် လီကျူးချွန်မှာ မျက်နှာပျက်သွားပြီး အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြန်ဖြေလိုက်လေသည်။

"ဟင် ဟုတ်ရဲ့လား၊ ကျွန်တော်..ကျွန်တော် ဘာမှမသိပါ



ဘူး ခင်ဗျာ"

လူအေးက ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်ပြီး ပြောလိုက်လေတော့သည်။

"လီကျူးချွန်၊ ခင်ဗျားဖုံးကွယ်ဖို့ မကြိုးစားပါနဲ့တော့၊ ခင်ဗျားဟာ တစ်ကိုက်တော်ဓားပြကို စာရေးကြီးရဲ့ ခြံဝင်းထဲက တဲအိမ်ကလေးထဲမှာ လက်ခံထားတယ်၊ မနေ့ညတုန်းက တစ်ကိုယ်တော်ဓားပြဟာ စီးဂေဟာက သခင်ကြီးစီးချန်းယင်ရဲ့ ဇနီးကို ခင်ဗျားခြံဝင်းထဲက တဲအိမ်ကို ခေါ်လာခဲ့တယ်၊ ကျွန်တော်နဲ့ စီးဂေဟာသခင်ကြီးရဲ့ညီမ စီးမေဟုန်တို့ နောက်ယောင်ခံလိုက်လာပြီး တစ်ကိုယ်တော်ဓားပြကို ဖမ်းဆီးတဲ့အခါမှာ သူက ထွက်ပြေးလွတ်မြောက်သွားခဲ့ပါ တယ်"

လူအေးက ခေတ္တစကားကို ရပ်လိုက်ပြီး ဆက်ပြောလိုက်လေသည်။

"စာရေးကြီးရဲ့ အိမ်ဂေဟာအတွင်းမှာ ကျွန်တော်တို့ အနေနဲ့ တရားခံကို လက်ပူးလက်ကြပ်မမိခဲ့ဘူး။ ဒါကြောင့် ခြံဝင်းထဲကို ကျူးကျော်ဝင်ရောက်တာမျိုး ဖြစ်မှာ စိုးတာကြောင့် ကျွန်တော် ခြံဝင်းထဲကနေ ပြန်လည်ဆုတ်ခွာသွားခဲ့ပါတယ်"

အရာရှိမင်း ဂူးထိန်ယင်က စိတ်မရှည်တော့ဘဲ ဝင်၍ အော်ငေါက်ပြောဆိုလိုက်သည်။

"လီကျူးချွန်၊ ခင်ဗျားဆက်ပြီး ဟန်ဆောင်မနေနဲ့တော့"

ထိုအခါ လီကျူးချွန်၏တစ်ကိုယ်လုံးမှာ တဆတ်ဆတ်နှင့် တုန်ယင်လာပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သံမဏိလက်က အေးဆေးသော လေသံဖြင့် ဝင်၍ ပြောလိုက်သည်။

"လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်တုန်းက ခင်ဗျားရဲ့သား လီအိုနီဟာ မုဒိမ်းမှုနဲ့ လူသတ်မှုကို ကျူးလွန်ခဲ့လို့ ဖမ်းဆီးခံရပြီး ထောင်ကျတယ်၊ ပြစ်မှုထင်ရှားလို့ ရုံးတော်ကနေ သေဒဏ်ချမှတ်ပြီး ကွပ်မျက်စေခဲ့တယ်၊ ဒါပေမယ့် ဒီကနေ့အထိ ခင်ဗျားရဲ့သား လီအိုနီဟာ အသက်ရှင်လျက် ရှိနေတယ် မဟုတ်လား"

ဂူးထိန်ယင်က ဒေါသသံဖြင့် လီကျူးချွန်ကို မေးမြန်းလိုက်လေသည်။

"လီကျူးချွန်၊ ခင်ဗျားဟာ ဥပဒေကို လက်တစ်လုံးခြား လုပ်ခဲ့တယ် မဟုတ်လား၊ ခင်ဗျားဟာ ခင်ဗျားရဲ့သားကို ကယ်တင်နိုင်ဖို့အတွက် အပြစ်မရှိတဲ့ အခြားအကျဉ်းသားတစ်ဦးကို ဓားစာခံစေခဲ့တယ် မဟုတ်လားဟင် မှန်မှန်ပြောစမ်း၊ ခင်ဗျားဟာ ကျုပ်ရဲ့အာဏာကို ရုံးတော်ရဲ့ အရှိန်အဝါကို အလွဲသုံးစားလုပ်ခဲ့တာ မဟုတ်လား"

လီကျူးချွန်မှာ မျက်နှာအကြီးအကျယ် ပျက်လာပြီး တစ်ကိုယ်လုံး တဆတ်ဆတ်ဖြင့် တုန်လာသည်။

"ကျွန်..ကျွန်တော် လုပ်မိပါတယ်၊ ကျွန်တော့်ရဲ့သားအရင်း တစ်ယောက်လုံးလုံး ဖြစ်နေတာကြောင့် ကျွန်တော်.."

ဂူးထိန်ယင်က ကျယ်လောင်သော အသံဖြင့်...

"သားအရင်းမကလို့ မအေအရင်း ဖအေအရင်း ဇနီးမယား အရင်းအချာပဲ ဖြစ်ပါစေ၊ ဥပဒေဟာ ဥပဒေပဲ၊ ဥပဒေက ဆုံးဖြတ်



တဲ့အတိုင်း လိုက်နာကြရမယ်၊ ခင်ဗျားဟာ တရားဥပဒေက လုံးဝခွင့်လွှတ်နိုင်ခြင်း မရှိတဲ့ ပြစ်မှုကြီးကို ကျူးလွန်ကြံစည်ခဲ့သူတစ်ယောက်ပါလား"

ဂူးထိန်ယင်က ဆက်၍ ပြောလိုက်သည်။

"ခင်ဗျားရဲ့ လုပ်ရပ်ဟာ ကျုပ်ကိုပါ ထိခိုက်နေစေခဲ့တယ်၊ ဒီတော့ ကျုပ်က ခင်ဗျားကို ခွင့်မလွှတ်နိုင်ဘူး၊ တရားဥပဒေအရ ဖမ်းပြီး စစ်ဆေးပြီး စီရင်ရမှာပဲ၊ ခင်ဗျားရဲ့သားဖြစ်တဲ့ လီအိုနီကိုလဲ ဖမ်းပြီးတော့ အပြစ်ဒဏ်ပေးရလိမ့်မယ်"

လီကျူးချွန်က တုန်ယင်ထစ်ငေါ့စွာဖြင့် ပြောလိုက်ပြန်၏။

"ကျွန်တော်..ကျွန်တော် မှားခဲ့ပါတယ် အံရာရှိမင်းခင်ဗျား၊ ဒါကလဲ ကျွန်တော့်ရဲ့သားကို ချစ်တဲ့အကြောင်း ဖြစ်ပါတယ်၊ ကိုယ့်ရဲ့သားတစ်ယောက်လုံးကို သေဒဏ်အပြစ်ပေးခံရလို့ ခေါင်းဖြတ်ပြီး ကွပ်မျက်ခံရမယ့် ကိစ္စဆိုတော့ ကျွန်တော်မကြည့်ရက်နိုင်တော့ပါဘူး ခင်ဗျာ"

လူအေးက သက်ပြင်းတစ်ချက်ချလိုက်ပြီး ဝင်ပြောလိုက်လေသည်။

"အင်း ခင်ဗျားဟာ ခင်ဗျားရဲ့သားကို တကယ်တမ်း ချစ်တာ မဟုတ်ဘူး၊ ခင်ဗျားဟာ ခင်ဗျားရဲ့သားကို လမ်းမှားလိုက်အောင် အားပေးပြုခဲ့တဲ့သူပဲ၊ နိုးဆိုးပြီး လုယက်မှုတွေကို ကျူးလွန်စေအောင် စေခိုင်းနေတဲ့ လူတစ်ယောက်ပဲ၊ ခင်ဗျားသားဟာ ခိုးမှု၊ လုယက်မှုတွေသာမက မုဒိမ်းမှုတွေပါ၊ လူသတ်မှုတွေကိုပါ ကျူးလွန်လာခဲ့တယ်၊ ဒီတော့ ခင်ဗျားအနေနဲ့ ဘာများပြောချင်ပါသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ဂူးထိန်ယင် အသံက ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။

"ဟိတ် မပြေးနဲ့"

သို့သော် လီကျူးချွန်သည် တံခါးပေါက်ဝသို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

လူအေးနှင့် သံမဏိလက်တို့က လီကျူးချွန်ကို လိုက်လံဖမ်းဆီးရန် ဟန်ပြင်လိုက်ကြ၏။

"အား"

"ဗိုး"

"အုန်း"

လူတစ်ယောက် ပြတင်းပေါက်မှ ခုန်ပျံ၍ ဝင်ရောက်လာလေတော့သည်။

လီကျူးချွန်မှာ သိုင်းပညာတတ်မြောက်ထားသူ ဖြစ်မှန်းကို ယခုမှပင် ပေါ်လာတော့သည်။

သူသည် ဝင်လာသူကို ထိတ်လန့်တကြား ရှောင်တိမ်းလိုက်လေသည်။

ပြတင်းပေါက်မှ ခုန်ဝင်လာသူသည် ကြမ်းပြင်ပေါ်၌ ဘုန်းခနဲ မှောက်လျက်သား လဲကျနေ၏။

လီကျူးချွန်သည် တစ်ဘက်သို့ ပေါ့ပါးစွာ ခုန်လွှားလိုက်ပြီး မှောက်လျက် လဲနေသူကို ကြည့်လိုက်ရာ ရှုံးအမှုထမ်းဝတ်စုံနှင့် လူတစ်ယောက် ဖြစ်မှန်း တွေ့လိုက်ရသည်။

သို့သော် လီကျူးချွန် အနေဖြင့် ထိုလူ၏ကျောပြင်ကိုသာ



မြင်ရသော်လည်း လဲနေသူမှာ မည်သူမည်ဝါ ဖြစ်မှန်း သိသွားတော့သည်။

လီကျူးချွန်သည် သူ့ထံသို့ ပထမဦးစွာ ပြေးဝင်လာသော လူအေးကို လက်ဝါးဖြင့် စတင်တိုက်ခိုက်လိုက်သည်။

"ယား"

"ဟိတ်"

"ဖြောင်း...ဖြောင်း"

"ဟိတ်"

လီကျူးချွန်သည် တံခါးပေါက်နားသို့ ခုန်လွှား၍ ရောက်ရှိသွားလေတော့သည်။

"ဟိတ် မလွှတ်စေနဲ့"

သံမဏိလက်က အော်ဟစ်ပြီး တပဲ့နှံထိုး ခုန်လွှားလိုက်လေသည်။

သို့သော် လီကျူးချွန်သည် နောက်သို့ ပြန်၍ ဆုတ်လာခဲ့လေသည်။ သူသည် အပြင်ဘက်သို့ ထွက်မပြေးနိုင်တော့ပေ။

တံခါးပေါက်ဝ၌ ခမောက်ဆောင်းထားသော အမည်မသိ သိုင်းသမားက ဓိတ်ဆို့၍ ရပ်နေသောကြောင့်ပင် ဖြစ်သည်။

အမည်မသိ သိုင်းသမားသည် ဂူးထိန်ယင်၏နံဘေး၌ ရှိမနေပါချေ။

သူသည် အပြင်ဘက်မှ ရောက်ရှိလာပြီး အခန်းပေါက်ဝ၌ ရပ်တန့်ဓိတ်ဆို့၍ ထားပေသည်။

ဤသည်မှာလည်း မဆန်းပါ။

www.burmeseclassic.com

www.burmeseclassic.com



စောစောပိုင်းက သူ့ကို သတိမထားမိကြ၍ပင် ဖြစ်သည်။

သူသည် စောစောအချိန်ပိုင်းကလေးက အခန်းအပြင်ဘက်သို့ ထွက်ခွာသွားခဲ့ပြီးနောက် ယခုပင် အခန်းပေါက်ဝ၌ ပြန်၍ ပေါ်လာသည်။

လီကျူးချန် ထွက်ပြေး၍ အခန်းပေါက်ဝသို့ အရောက်၌ ခုန်လွှား၍ ဝင်ရောက်လာပြီး ကြမ်းပြင်ပေါ်၌ မှောက်လျက်သား လဲကျပြီးသက်နေသော အမှုထမ်းက မည်သူ ဖြစ်ပါသနည်း။

ထိုအမှုထမ်း၏ဦးခေါင်းသည် စောင်းရွဲ့၍ နေပြီး ပါးစပ်အတွင်းမှ သွေးများ ယိုစီး၍ ထွက်ကျနေ၏။

သေဆုံးနေပြီ ဖြစ်သည်။

ထိုလူကို လီကျူးချန် တိုက်ခိုက်ခြင်းမပြုဘဲ ဘာကြောင့် သဲကျသေဆုံးသွားရသနည်း။

ထိုအဖြေကို သိရှိသူမှာ လီကျူးချန်ကိုယ်တိုင်ပင် ဖြစ်သည်။

အမှန်တွင်မူ ထိုအမှုထမ်းသည် လီကျူးချန်ကို တားဆီးတိုက်ခိုက်ရန် အလို့ငှာ ခုန်လွှား၍ ဝင်ရောက်လာခဲ့ခြင်း မဟုတ်ချေ။

အပြင်ဘက်၌ အတိုက်ခိုက်ခံရပြီး ပြတင်းပေါက်ဝ၌ တဆင့် သွဲ့ပစ်ခံလိုက်ရခြင်း ဖြစ်သည်။

မည်သူက ထိုအမှုထမ်းကို တိုက်ခိုက်ပြီး အတွင်းသို့ ပစ်သွင်းလိုက်သနည်း။ အခြားလူတော့ မဟုတ်ချေ။

ပူးထိန်ယင်၏လက်ရုံး ဖြစ်သည့် အမည်မသိ သိုင်းသမား ဘက်ချက်ပင် ဖြစ်သည်။

အမည်မသိ သိုင်းသမားသည် သူ၏ရုံးတော်မှ အမှုထမ်း



တစ်ဦးကို အဘယ်ကြောင့် တိုက်ခိုက်သတ်ဖြတ်ပြီး အခန်းတွင်းသို့ ပစ်သွင်းလိုက်ရသနည်း။

အမှန်စင်စစ်တွင်မူ ထိုအမှုထမ်းသည် ရုံးတော်မှ အမှုထမ်း တစ်ဦး မဟုတ်ပေ။

အမှုထမ်း ဝတ်စုံဝတ်၍ ဖမ်းဆီးရေး တပ်ဖွဲ့သား ဦးထုပ် ဆောင်းထားသည်။

အမှုထမ်း ဟန်ဆောင်ထားသော လီအိုချီပင် ဖြစ်သည်။

လီကျူးချန်သည် အမှုထမ်းဝတ်စုံကို ဝတ်ဆင်၍ သူ၏ဖခင် ဖြစ်သူနှင့်အတူ ဤရုံးတော်၌ မထင်မရှားဖြင့် လျို့ဝှက်စွာ နေထိုင်နေခြင်းပင် ဖြစ်သည်။

စောစောပိုင်းက အမည်မသိ သိုင်းသမားသည် အပြင်သို့ ထွက်သွား၏။

အပြင်သို့ ရောက်လျှင် တံခါးပေါက်အနီး၌ ရပ်၍ နေသော လီအိုချီကို တွေ့လိုက်ရသည်။

လီကျူးချန် အပြင်သို့ ထွက်ပြေးလာချိန်၌ အမည်မသိသော သိုင်းသမားက လီအိုချီကို တိုက်ခိုက်၍ သတ်ဖြတ်ပြီး ဖြစ်နေ၏။

ထို့နောက် အမည်မသိ သိုင်းသမားက လီအိုချီကို ပြတင်းပေါက်မှတဆင့် ပစ်သွင်းလိုက်ရာ လီကျူးချန်က ရန်သူထင်မှတ်ပြီး နောက်ဘက်သို့ ထိတ်လန့်စွာဖြင့် ခုန်၍ ရှောင်ဖယ်လိုက်သည်။

နောက်မှ သူ၏သားဖြစ်သူမှန်း သိသွားပြီး အခန်းအပြင်သို့ ထပ်မံ၍ ခုန်လွှားထွက်ရန် ကြိုးစားစဉ်၌ အမည်မသိ သိုင်းသမားက

www.burmeseclassic.com

www.burmeseclassic.com



အပေါက်ဝသို့ ရောက်ရှိ၍ ပိတ်ဆို့ထားလိုက်လေတော့သည်။

နောက်သို့ ဆုတ်လာသော လီကျူးချွန်မှာ လူအေးနှင့် သံမဏိလက်တို့ကို ရင်ဆိုင်လိုက်ရတော့သည်။

ထို့ကြောင့် လီကျူးချွန် အနေဖြင့် လွတ်လမ်းကို အမြန်ရှာဖွေလိုက်သည်။

"ဟိတ်"

"ယား"

လီကျူးချွန်သည် မာန်သွင်း၍ အော်ဟစ်ပြီး ဂူးထိန်ယင်ထံသို့ ခုန်လွှား၍ ဝင်ရောက်လာလေသည်။

ထိုစဉ်မှာပင်...

"ဝိုး"

"အား"

အံ့ဩလောက်အောင်ပင် လွန်စွာမှ လျင်မြန်လှပေသည်။

အမည်မသိ သိုင်းသမားသည် ဂူးထိန်ယင်၏အပါးတော်မြဲ သက်တော်စောင့်တစ်ဦး ဖြစ်ပေသည်။

ဂူးထိန်ယင် အနေဖြင့် အဘယ်ကြောင့် အမည်မသိ သိုင်းသမားကို ယုံကြည်ကိုးစားမှု ရှိကြောင်း သိသာနိုင်၏။

ယခု လီကျူးချွန်၏ကျောပြင်၌ ဓားမြှောင်သွားတစ်ခုလုံး မြုပ်ဝင်နေလေသည်။

လွန်စွာ ပြင်းထန်လှသဖြင့် ဓားမြှောင်သွားတစ်ခုလုံး နစ်မြုပ်ဝင်ရောက်နေလေသည်။

လွန်စွာ ပြင်းထန်သော ဓားချက်ပင် ဖြစ်သည်။



လူအေးနှင့် သံမဏိလက်တို့က အေးစက်သော အမူအရာဖြင့် ရပ်၍ ကြည့်နေကြသည်။

အမည်မသိ သိုင်းသမားသည် တံခါးပေါက်ဝ၌ ရပ်နေ၏။

သူသည် သူ၏ဦးခေါင်းကို ပြန်လှည့်၍ ငုံ့ထားပြီး ငြိမ်သက်စွာပင် ရပ်နေလေသည်။

လီကျူးချွန်၏လက်အစုံမှာ ရှေ့သို့ ဆန့်တန်း၍ နေသည်။

ဂူးထိန်ယင်မှာ နောက်သို့ ဆုတ်ခွာ၍ သွားပြီး ဖြစ်ပေသည်။

လီကျူးချွန်သည် ဂူးထိန်ယင်ကို ခုန်လွှား၍ တိုက်ခိုက်ပြီး ဓားစာခံအဖြစ် ထိန်းချုပ်ထားနိုင်ရန် ကြံရွယ်လိုက်ခြင်းပင် ဖြစ်ပေသည်။

သို့ရာတွင် လီကျူးချွန်၏ခြေလှမ်းများသည် ရှေ့သို့ မတိုးနိုင်တော့ပါချေ။

"အ..အ..အီး"

လီကျူးချွန်သည် ညည်းညူလိုက်ပြီး ဒူးထောက်၍ လဲကျသွားလေတော့သည်။

"ဖြောင်း..ဖြောင်း..ဖြောင်း"

ဂူးထိန်ယင်သည် လက်ခုပ်သုံးချက် တီးလိုက်သည်။ အမည်မသိ သိုင်းသမားသည် တံခါးပေါက်ဝ အထက်၌ ရပ်တည်နေရာမှ အတွင်းသို့ ရွေ့လျား၍ ဝင်လာပြီး နံရံ၌ ကပ်လျက် ရပ်နေသည်။

အမှုထမ်းများသည် အခန်းတွင်းသို့ ဝင်ရောက်လာ၏။

အမှုထမ်းများသည် ဂူးထိန်ယင်ကို ဦးညွှတ်၍ အရိုအသေ

www.burmeseclassic.com



ပြုလိုက်ကြလေသည်။

သူတို့သည် လဲကျနေသော လီကျူးချွန်၏အလောင်းနှင့် သူတို့ မသိသော အမှုထမ်းဝတ်စုံနှင့်လူ၏ အလောင်းကို အံ့အားသင့်စွာဖြင့် စိုက်၍ ကြည့်နေမိသည်။

ဝူးထိန်ယင်က လက်ညှိုးထိုး အမိန့်ပေး ပြောဆိုလိုက်လေတော့သည်။

"ကဲ ဒီအလောင်းနှစ်ကောင်ကို အမြန်ဆုံး သယ်ထုတ်သွားကြစမ်း၊ ပြီးတော့ ကြမ်းပြင်ကိုလဲ ရေဆေးထားလိုက်ကြစမ်း"



## ဘီလူးမျက်နှာနှင့်လူ

ဝူးထိန်ယင်းသည် လူအေးနှင့် သံမဏိလက်တို့နှစ်ဦးအား စာဖတ်ခန်းဆောင်သို့ ခေါ်ဆောင်လာခဲ့သည်။

စာဖတ်ခန်းဆောင်သို့ ရောက်လျှင် ဝူးထိန်ယင်းက သက်ပြင်းတစ်ချက် လေးတွဲစွာ ချလိုက်ပြီး ပြောလိုက်သည်။

"လီကျူးချွန်ကို ကျုပ်အနေနဲ့ကတော့ လေးစားပြီး အထင်ကြီးမိပါတယ်၊ လက်စသတ်တော့ သူဟာ လူမျက်နှာနဲ့ ဘီလူးတစ်ကောင် ဖြစ်နေပါသလားဟင်"

လူအေးက ရေရွတ်ပြောဆိုလိုက်ပြန်သည်။

"အင်း တစ်ကိုယ်တော်ဓားပြ လီအိုချီဟာ အခုမှပဲ တကယ်ပဲ သေတော့တယ်၊ သူ့အဖေ လီကျူးချွန်လဲ သေသွားပြီ"

ဝူးထိန်ယင်က တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် မျက်လုံးပြူး၍ ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ကျုပ်အထင် ပြောရရင်တော့ ကို့စန်းယုကို သတ်တဲ့ တရားခံဟာ လီကျူးချွန်တို့ သားအမိပဲ ဖြစ်ရမယ်"

သံမဏိလက်က ဂူးထိန်ယင်ကို စိုက်၍ ကြည့်လိုက်ပြီး…

"အရာရှိမင်းရဲ့ ထင်မြင်ချက်ကို ပြောပါဦး ခင်ဗျာ"

ဟု ပြောလိုက်လေသည်။

ဂူထိန်ယင်းက…

"လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်လောက်တုန်းက လီဟိုချီကို ဖမ်းခဲ့တာဟာ ကို့စန်းယုကိုယ်တိုင်ပဲ၊ ဒီလပိုင်း အတောအတွင်းမှာ လဲ ကို့စန်းယုဟာ တစ်ကိုယ်တော် ဓားပြအကြောင်းကို စုံစမ်းနေတဲ့ လူတစ်ယောက် ဖြစ်နေတယ်၊ ဒီတော့ ကျုပ်ရဲ့ ထင်မြင်ချက်ကို ဆက်ပြီး ပြောရမယ်ဆိုရင် ကို့စန်းယုဟာ လီအိုချီရဲ့ ဂူသင်္ချိုင်းအုတ်ဂူက လျှို့ဝှက်ချက်ကို တွေ့သွားပါလိမ့်မယ်၊ တစ်ကိုယ်တော်ဓားပြဆိုတာ.."

"လီအိုချီ ဖြစ်တယ်၊ လီအိုချီရဲ့ အုတ်ဂူထဲက အလောင်းက လီအိုချီရဲ့အလောင်း မဟုတ်ဘူးဆိုတာ စုံစမ်းသိရှိသွားပုံ ပေါ်တယ်၊ ဒီတော့ ကို့စန်းယုကို လီကျူးချွန်တို့သားအဖနှစ်ယောက်က အဆိပ်ခတ် လုပ်ကြံပြီးတော့ သင်္ချိုင်းမြေရှေ့မှာ ပစ်ထားခဲ့ကြတာပဲ ဖြစ်ရမယ်"

သံမဏိလက်က ဣြမ့် လက်ခံချင်ပုံ မရပေ။

ထို့ကြောင့် သံမဏိလက်က…

"ဒီလိုသာ ဖြစ်ခဲ့တယ်ဆိုရင်တော့ ကို့စန်းယုရဲ့အမှုဟာ ပြီးပြတ်သွားပြီပေါ့၊ ဒါပေမယ့် ကျန်းတစုကိုကော ဘာဖြစ်လို့ သတ်သွား



ကြရပြန်တာလဲ၊ ဆာမူရိုင်းဓားကိုင်တဲ့ သိုင်းသမားဆယ့်နှစ်ယောက်နဲ့ ချိတ်ဓားကိုင် သိုင်းသမားတို့ အကြောင်းကိုလဲ ကျွန်တော်တို့ ထည့်တွက်ရလိမ့်မယ်"

ဂူးထိန်ယင်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး…

"အင်း ဒီအချက်ကိုလဲ ထည့်ပြီး စဉ်းစားတွက်ကြရလိမ့်မယ်၊ အဲဒီအဖွဲ့ဟာ လီကျူးချွန်တို့သားအဖနဲ့ ဆက်သွယ်ပတ်သက်နေကြတဲ့ လူတွေပဲဖြစ်ရမှာပေါ့"

ဟု ပြောလိုက်လေသည်။

သံမဏိလက်က ထပ်မံ၍ ပြောလိုက်ပြန်သည်။

"ကျွန်တော့်ရဲ့ ထင်မြင်ချက်ကို ပြောရမယ်ဆိုရင်တော့ လီအိုချီရဲ့ သင်္ချိုင်းအုတ်ဂူမှာ လျှို့ဝှက်ချက်နှစ်ချက် ရှိနေပါလိမ့်မယ်၊ တကယ်လို့သာ လီကျူးချွန်တို့ သားအဖနှစ်ယောက်ဟာ ကို့စန်းယုကို သတ်ဖြတ်လုပ်ကြံခဲ့တဲ့ လူတွေ ဖြစ်တယ်ဆိုတာ သေချာရင် သူတို့သားအဖဟာ သဲလွန်စ ဖြစ်နိုင်တဲ့ လီအိုချီရဲ့နာမည်မှတ်တိုင် ကျောက်ပြားကို ကို့စန်းယုရဲ့ အလောင်းဘေးနားမှာ ဘာဖြစ်လို့ ထားခဲ့ကြရတာလဲ၊ စုံစမ်းရေးမှူး တွေးမနေနဲ့ လီအိုချီရဲ့ သင်္ချိုင်းအုတ်ဂူနဲ့ ပတ်သက်ပြီး စိတ်ဝင်စားလာအောင် သံသယဝင်လာအောင် လီကျူးချွန် အနေနဲ့ မိုက်မိုက်မဲမဲ ချန်ထားရစ်ခဲ့ပါ့မလား"

သံမဏိလက်၏ ပြောစကားကြောင့် ဂူးထိန်ယင်မှာ ငိုင်တွေ၍ သွားပေတော့သည်။

သံမဏိလက်က ဆက်လက်၍ ပြောပြန်သည်။

"ကျွန်တော့်ရဲ့ ယူဆချက်ကို ပြောပြရမယ်ဆိုရင် ကို့စန်းယု

www.burmeseclassic.com

www.burmeseclassic.com



အသတ်ခံရတာဟာ လီအိုချို့ရဲ့ သချိုင်းအုတ်ဂူကိစ္စနဲ့ ပတ်သက်နေမှာ ကျိန်းသေမလွဲပါဘူး၊ ဒါပေမယ့် အဓိက အကြောင်းအရင်းကတော့ လီအိုချိုရဲ့ကိစ္စ မဖြစ်နိုင်ဘူး၊ အဲဒီ အုတ်ဂူမှာ နောက်ထပ် လျှို့ဝှက်ချက်တစ်ခု ရှိသေးလို့ပါပဲ၊ လီကျူးချွန်ဟာ သူ့သားရဲ့ အုတ်ဂူထဲမှာ အခြားအလောင်းတစ်လောင်းကို ထည့်ပြီး သင်္ဂြိုလ်မြှုပ်နှံခဲ့စေ ပြီးတော့ ဥပဒေကို လှည့်စားခဲ့တယ်"

သံမဏိလက်က ခေတ္တနားပြီး ဆက်၍ ပြောလိုက်သည်။

"ဒီတော့ လီကျူးချွန် အနေနဲ့ သူ့သားအစား မြှုပ်နှံထားခဲ့တဲ့ အလောင်းကောင်ကိုတော့ ခေါင်းထဲကနေ ပြန်ထုတ်ယူသွားမှာမဟုတ်ဘူး၊ ထုတ်ယူသွားစရာ အကြောင်းလဲ မရှိဘူး၊ ဒါပေမယ့် အခြေအနေမှာ လီအိုချိုရဲ့ အုတ်ဂူထဲက ခေါင်းထဲမှာ အလောင်းက ပျောက်ဆုံးနေတယ်၊ လီကျူးချွန်ဟာ လီအိုချိုရဲ့ သချိုင်းအုတ်ဂူအဖြစ် ဖန်တီးထားခဲ့တာဟာ သူ့သားဖြစ်သူအတွက် လွတ်မြောက်စေရေးအတွက် ဖြစ်တယ်"

"သူ့အနေနဲ့ လီအိုချိုရဲ့ အုတ်ဂူကို အခြားလူတွေ သံသယဝင်သွားအောင် ဖောက်မှာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ကျွန်တော်တို့နှစ်ယောက် သွားပြီး စစ်ဆေးတဲ့ အခါမှာ နဂိုအလောင်းကိုလဲ ထုတ်ယူထားကြပါတယ်၊ နောက်ဆုံး ခေါင်းအလွတ်ကြီးကို ချည်းပဲ အုတ်ဂူထဲထည့်ပြီး ပိတ်ထားခဲ့ကြတယ်၊ ဒီလို လုပ်ထားခဲ့တာတွေက ဘယ်သူတွေ ဖြစ်နိုင်သလဲ"

သံမဏိလက် အနေဖြင့် ခေါင်းထဲ၌ တွေ့ရသော ကျောက်မျက်ရတနာအဖြူကလေးတစ်ပွင့်၏ အကြောင်းကိုမူ ထည့်သွင်း၍



ပြောမပြပါချေ။ ဂူးထိန်ယင်က မျက်မှောင်ကြုတ်၍ ပြောလိုက်၏။

"အဲဒီလိုဆိုတော့လဲ စဉ်းစားစရာ ဖြစ်နေတာတော့ အမှန်ပါပဲလား"

လူအေးက ပြောသမျှဆိုသမျှကို ငြိမ်၍ နားထောင်နေ၏။ လူအေးသည် လက်သွက်သူ လက်မြန်သူတစ်ဦး ဖြစ်ပေသည်။

သို့သော်...

နှုတ်ကမူ အပြောအဆို နည်းပါးလှသူ ဖြစ်သည်။

သံမဏိလက်က ဆက်ပြောပြန်သည်။

"ကျွန်တော်တို့အနေနဲ့ ဘာဆက်လုပ်ကြရမလဲဆိုတော့ ဆာမူရိုင်းဓားကိုင်တဲ့ သိုင်းသမားဆယ့်နှစ်ယောက်နဲ့ ချိတ်ဓားကိုင် သိုင်းသမားတို့ရဲ့ ခြေရာကိုခံရမယ်"

"ကို့စန်းယုနဲ့ ကျန်းတာစုတို့ နှစ်ဦးကို လုပ်ကြံသတ်ဖြတ်သွားခဲ့တဲ့ သူတွေဟာ အဲဒီ လူစုပဲ ဖြစ်ရလိမ့်မယ်၊ လီကျူးချွန်တို့သားအဖတွေဟာ ပတ်သက်ဆက်နွယ်နေကြစရာ အကြောင်းလဲ မရှိနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆာမူရိုင်းဓားသမား လူစုဟာ လီကျူးချွန်တို့အတွက် ကို့စန်းယုကို သတ်ဖြတ်လုပ်ကြံခဲ့တယ်ဆိုရင် သူတို့တတွေဟာ လီအိုချိုရဲ့ အုတ်ဂူသချိုင်းကို သံသယ ဝင်နိုင်စေမယ့် နမူနာမှတ်တိုင် ကျောက်ပြားကို ပစ်ချထားရစ်ခဲ့ကြတာမျိုး၊ အုတ်ဂူထဲက အလောင်းကို ထုတ်ယူပြီး ဖျောက်ဖျက်ပစ်ဖို့ လုပ်ကြံတာမျိုး လုပ်ကြပါ့မလား"

ဂူးထိန်ယင်က စိတ်ရှုပ်ထွေးဟန်ဖြင့် ပင်းပန်းစွာ ပြောလိုက်သည်။

www.burmeseclassic.com



"ကောင်းပြီလေ၊ စုံစမ်းရေးမှူးကြီးတို့ အနေနဲ့ ဒီအမှုနဲ့ ပတ်သက်ပြီး ကြိုးစားစုံစမ်းကြပါတော့၊ ကျုပ်လဲ စိတ်ထဲမှာ တော်တော်လေး ထိခိုက်သွားတယ်၊ စိတ်တွေ ရှုပ်ထွေးပြီးတော့ တော်တော်ကလေး ပင်ပန်းသွားတယ်"

လူအေးနှင့် သံမဏိလက်တို့နှစ်ဦးသည် အလိုက်သိစွာဖြင့် ထိုင်ရာမှ ထလိုက်ကြလေသည်။

စောစောပိုင်းက ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များက အရာရှိမင်း ဂူးထိန်ယင်အား စိတ်နှလုံး တုန်လှုပ်ချောက်ချားသွားစေမည် ဖြစ်ပေသည်။

ထို့ပြင် သူ၏ယုံကြည်စိတ်ချ အားကိုးရသော အပေါင်းတော်မြစာရေးကြီး ဖြစ်သော လီကျူးချွန်၏ ဥပဒေကို လှည့်စားမှုနှင့် ဘဝဇာတ်သိမ်း မလှမပ ဖြစ်သွားပုံတို့ကြောင့် စိတ်မကောင်း ဖြစ်သွားမည်မှာ သေချာလှပေသည်။

ထို့ကြောင့်...

အရာရှိမင်း ဂူးထိန်ယင် အနေဖြင့် အနားယူမည် ဖြစ်သည်။

လူအေးနှင့် သံမဏိလက်တို့သည် အရာရှိမင်း ဂူးထိန်ယင်ကို အရိုအသေပေး နှုတ်ဆက်ပြီး စာကြည့်ဆောင်အတွင်းမှ ထွက်ခွာလာခဲ့ကြလေတော့သည်။

♣ ♣ ♣



သချိုင်းမြေအတွင်းသို့ လူအေးနှင့် သံမဏိလက်တို့ နှစ်ယောက် ဒုတိယမြောက် အခေါက်အဖြစ် ရောက်ရှိလာခဲ့ကြပြန်သည်။

သူတို့နှစ်ယောက်သည် လီအိုချီ၏သချိုင်းအုတ်ဂူ ဘေးပတ်ဝန်းကျင်မှ အုတ်ဂူများကို လေ့လာကြည့်ရှုရန်အတွက် ရောက်ရှိလာခဲ့ကြခြင်း ဖြစ်လေသည်။

လီအိုချီ၏အုတ်ဂူသို့ ရောက်လျှင် အုတ်ဂူဘေးကို လျင်မြန်စွာ ကြည့်ရှုစစ်ဆေးလိုက်ကြလေသည်။

သူတို့ ထားရစ်ခဲ့သည့်အတိုင်း ခြေရာလက်ရာ မပျက် ရှိနေသည်ကို တွေ့လိုက်ကြရသည်။

သံမဏိလက်က နာမည်ကျောက်ပြား မရှိသော သချိုင်းအုတ်ဂူကို စိုက်ကြည့်နေရင်းမှ လူအေးကို လှမ်းပြောလိုက်သည်။

"ကို့စန်းယုနဲ့ ကျန်းတစုတို့ အသတ်ခံရတာ လီအိုချီတို့သားအဖနှစ်ယောက်နဲ့ မပတ်သက်ဘူးလို့ဘဲ ငါထင်တယ် လူအေး၊ အဲဒီအမှုရဲ့ နောက်ကွယ်မှာ လျှို့ဝှက်တဲ့ အမှုတစ်ခု ရှိနေတယ်၊ မင်းကောအဲဒီလို ယူဆမိလား"

လူအေးက ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

သံမဏိလက်သည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီးမှ ဆက်၍ ပြောလိုက်၏။

"ကို့စန်းယု အသတ်ခံရတဲ့ ညက အခြေအနေကို တို့အနေနဲ့ ပြန်ပြီး အကွက်ချစဉ်းစားကြည့်ရအောင်၊ ကို့စန်းယုရဲ့ အကြောင်းအနားမှာ လီအိုချီရဲ့နာမည် ကျောက်ပြားကွဲ ရှိနေတာကို ကောက်

www.burmeseclassic.com

www.burmeseclassic.com



ချက်ချကြည့်မယ်ဆိုရင် အဲဒီ ညတုန်းက ကိုစန်းယုဟာ လီအိုချီရဲ့ အုတ်ဂူဆီကို သွားပြီး နာမည်မှတ်တိုင် ကျောက်ပြားကို နှုတ်ယူလာခဲ့တာပဲ ဖြစ်ရမယ်၊ သချိုင်းမြေရှေ့ကို ရောက်လာတဲ့အခါကျမှ သူ့ရဲ့ ရန်သူက ဝင်ရောက်တိုက်ခိုက်ဖမ်းဆီးပြီး အဲဒီ နေရာမှာတွင် အဆိပ်ခတ်သတ်လိုက်တာမျိုးပဲ ဖြစ်မယ်၊ ကိုစန်းယုလို လူစားမျိုးကို ဖမ်းဆီးထိန်းချုပ်ပြီး ပါးစပ်ထဲကနေ အဆိပ်ကို ထည့်ပေးနိုင်တဲ့အထိ တိုက်ခိုက်နိုင်တဲ့သူဟာ ဘယ်သူများ ဖြစ်မလဲ၊ တို့ကို တိုက်ခိုက်ပြီး ကျန်းတစုကို သတ်ဖြတ်သွားတဲ့ ဆာမူရိုင်းဓားကိုင် အဖွဲ့ဝင်တွေပဲ ဖြစ်မယ် ထင်တယ်”

လူအေးက ပြောလိုက်သည်။

“ကိုစန်းယုဟာ ဘယ်လိုလျှို့ဝှက်ချက်မျိုးတွေကို တွေ့ခဲ့တာလဲ၊ ဘယ်လိုအမှုမျိုးကို ခြေရာခံ မိသွားတာလဲ မသိဘူး၊ ဒီအချက်တွေကို ကျွန်တော်တို့ သိနိုင်မှ တရားခံတွေကို ဖော်ထုတ်နိုင်လိမ့်မယ်”

သံမဏိလက်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

“ဟုတ်တယ်၊ လူအေး၊ ဒီအချက်ကို တို့နှစ်ယောက် သိအောင် စုံစမ်းရလိမ့်မယ်”

သံမဏိလက်သည် အခြားအုတ်ဂူများ ရှိရာဘက်သို့ ဆက်လက်၍ လျှောက်သွားလေသည်။

လူအေးကလည်း လိုက်ပါသွားသည်။ အုတ်ဂူတစ်လုံး၏ရှေ့သို့ ရောက်သောအခါမှာ သံမဏိလက်၏ ခြေလှမ်းများ ရပ်တန့်သွားသည်။



ထိုအုတ်ဂူသည် လီအိုချီ၏ အုတ်ဂူနှင့် အုတ်ဂူငါးလုံးခန့် ကွာလှမ်းသော နေရာ ဖြစ်သည်။

ထိုအုတ်ဂူ၏ နောက်ကွယ်၌ မြင့်မားထူထပ်သော ချုံကြီးတစ်ချုံ ပေါက်ရောက်နေ၏။

ထိုချုံအောက်၌ လူတစ်ယောက် ထိုင်နေပေသည်။

သံမဏိလက်က ထိုလူကို လှမ်း၍ ကြည့်နေမိခြင်း ဖြစ်သည်။

လူအေးက ခပ်တိုးတိုး ပြောလိုက်သည်။

“မျက်မမြင်ချူကျားတစ်ယောက်ပဲ အစ်ကို”

အုတ်ဂူ၏နောက်ဘက်ရှိ ချုံကြီးတစ်ချုံအောက်တွင် ထိုင်နေသူ မျက်မမြင်ချူကျားကြီးတစ်ဦး ဖြစ်လေသည်။

ထိုမျက်မမြင်ချူကျားကြီးကို ကြည့်ရသည်မှာ စိတ်ကောင်းကောင်းနှင့်ပုံ မပေါ်ချေ။

မျက်စိအစုံက ကြောင်တောင်တောင် ဖြစ်နေပြီး ဦးခေါင်းကို မော့လျက် ပါးစပ်မှလည်း တတွတ်တွတ်နှင့် တစ်ဦးတည်း ရေရွတ်ပြောဆိုနေလေသည်။

သူသည် အနီး၌ တောင်ဝှေးတစ်ချောင်း ရှိပြီး သူ၏ရှေ့၌ အဝတ်ထုပ်တစ်ထုပ် ရှိပေသည်။

သူ၏တစ်ကိုယ်လုံးမှာ ညစ်ပတ်ပေရေနေပြီး ဖာရာထေးရာများစွာ ရှိနေသော အင်္ကျီကို ဝတ်ဆင်ထားသည်။

သူ၏မျက်နှာပြင်ပေါ်၌ ဖုန်မှုန့်များနှင့် ချွေးများ ပေပြီး ပေရေမည်းညစ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သံမဏိလက်က သူ၏ရှေ့မှ အုတ်ဂူကို သေချာစွာ ကြည့်လိုက်သည်။

ထို့နောက် အုတ်ဂူရှေ့၌ စိုက်ထူထားသော နာမည်မှတ်တိုင်ကျောက်ပြားကို ကြည့်လိုက်ပြန်လေသည်။

ထိုအုတ်ဂူသည် ကြီးမားသော သချိုင်းက အုတ်ဂူတစ်လုံးဖြစ်နေသည်။

သံမဏိလက်က အုတ်ဂူပတ်ပတ်လည်ကို လျှောက်၍ကြည့်နေသည်။

လူအေးက သံမဏိလက်၏ အနောက်မှ လိုက်ပါလာသည်။

ထိုအုတ်ဂူ၌ ထူးခြားချက်ကို မတွေ့ရချေ။

နောက်ထပ် အုတ်ဂူတစ်လုံးဆီသို့ လျှောက်လာခဲ့ကြပြန်လေသည်။ ထိုအုတ်ဂူသည် အမျိုးသမီးတစ်ဦး၏ သချိုင်းဂူတစ်ခုဖြစ်နေသည်။

နာမည်မှတ်တိုင် ကျောက်ပြားပေါ်တွင်...

"ချစ်ဇနီး ကြာပန်းကလေး အိုက်လင်း အသက်ငါးဆယ်နှစ်"

ဟု ရေးထွင်းထားပေသည်။

သံမဏိလက်က နာမည်မှတ်တိုင် ကျောက်ပြားပေါ်မှ စာကို ဖတ်မိသောအခါ ပြုံးလိုက်မိပြီးမှ လူအေးကို မေးငေ့ါပြလိုက်သည်။

အချစ်မှာ အိုသည် မရှိဟူသော စကားရပ်ကို လက်ခံကြရမည် ဖြစ်ပေသည်။

ထိုအုတ်ဂူကို တစ်ပတ်မျှ လှည့်ကြည့်ကြသည်။



ရုတ်တရက် သံမဏိလက်၏ ခြေလှမ်းအစုံမှာ ရပ်တန့်သွားသည်။ အုတ်ဂူ၏နောက်ဘက်တည့်တည့် နေရာ၌ ပုံစံအသွင် ယိုယွင်းပျက်စီးနေသည်။

ထိုအုတ်ဂူကို နောက်ဘက်မှ ဖောက်ထွင်းပြီး ပြန်လည်ပိတ်ဆို့သည့် ဖာထေးထားသည့် လက္ခဏာမျိုးကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရလေသည်။

အုတ်ဂူ၏နောက်ဘက်၌ ချုံများ ထူထပ်နေသော်လည်း အုတ်ဂူအနီးတဝိုက်တွင်မူ ခုတ်ထွင်ရှင်းလင်းထားပေသည်။

ထို့ကြောင့် အတန်ငယ် ကျယ်ပြန့်သော မြေကွက်လပ်တစ်ခုဖြစ်နေပေသည်။

အုတ်ဂူ၏ ဘေးတစ်ဘက်တစ်ချက်နှင့် ရှေ့ဘက်တွင်မူ မြက်ရိုင်းပင်များနှင့် ချုံပင်များ ကျိုးတို့ကျဲတဲ ပေါက်၍နေ၏။

ဤအခြေအနေမှာ စဉ်းစားပိုင်းခြားရမည့် လက္ခဏာများသာ ဖြစ်၏။

အုတ်ဂူ၏ အနောက်ဘက်နေရာ၌ နဂိုအတိုင်း မရှိတော့ဘဲ ဖောက်ထွင်း၍ ပြန်လည် ဖာထေးထားသည့် လက္ခဏာကို တွေ့ရသည်။

ထို့ပြင် အုတ်ဂူနောက်ဘက်၌ ချုံပင်များနှင့် မြက်ရိုင်းများ ရှင်းလင်းနေသည်လည်း ထူးဆန်းအံ့ဩဖွယ်ကောင်းသော အချက်တစ်ချက် ဖြစ်၏။

ဤသည်မှာ-အုတ်ဂူ၏ နောက်ဘက်သို့ ခို့ထွင်ရှင်းလင်းပြီး အုတ်ဂူကို ဖောက်ထွင်းထားခြင်းမျိုးပင် ဖြစ်မည်မှာ သေချာလှ

www.burmeseclassic.com

www.burmeseclassic.com



၏။ သံမဏိလက်က ထိုအုတ်ဂူမှ အင်္ဂတေရာ အသစ်ကို လက်ညှိုးဖြင့် အသာထိုးကြည့်လိုက်၏။

လက်မဖြင့် ဖွဲ၍ ကြည့်လိုက်သည်။

ထိုနေရာမှ အင်္ဂတေများမှာ ဖြူ၍ နေသည်ကို တွေ့ရလေ၏။

အခြားနေရာမှ အင်္ဂတေမှာ အရောင်ညှိုနေ၏။

ထို့ကြောင့် အင်္ဂတေချင်း ရောစပ်ပုံ မတူညီကြောင်း သိသာလှပေသည်။

သံမဏိလက်က လူအေးကို လက်ညှိုးထိုး၍ ပြလိုက်သည်။ သူဖွဲ့ထားသော အင်္ဂတေသားနေရာကို ပြ၏။

အခြားနေရာကိုလည်း ပြ၏။

လူအေးက သဘောပေါက်ကြောင်း ဦးခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက် သူတို့နှစ်ဦး ထိုအုတ်ဂူ၏နောက်မှနေ၍ ရှေ့သို့ ပြန်လည်လျှောက်လာခဲ့သည်။

ထိုစဉ်မှာပင်...

“ဟား..ဟား..ဟား၊ လူမိုက်တွေ..လူမိုက်တွေ”

လူအေးနှင့် သံမဏိလက်တို့သည် မျက်မမြင်ချူကျားကြီး ဘက်သို့ လှမ်း၍ ကြည့်လိုက်လေသည်။

မျက်မမြင်ချူကျားကြီးသည် အော်ဟစ်ရယ်မောလိုက်လေသည်။

“လောကမှာ ဘာအရေးကြီးဆုံးလဲ၊ ရွှေရယ်၊ ငွေရယ်၊



ဟား..ဟား..ဟား၊ ရွှေရှိရင် ငွေရှိရင် လိုတာရမယ်၊ ဘာယူချင်သလဲ ယူချင်တာရတယ်၊ အကောင်းဆုံးဆိုင်မှာ ဝင်စားမယ်၊ အကောင်းဆုံး အိပ်ခန်းမှာ ဝင်အိပ်မယ်၊ ဟီး..ဟီး၊ နောက်ပြီး..နောက်ပြီးတော့ မိန်းမချောချောလေးတွေနဲ့ ပျော်ပါးမယ်၊ ဟေး..ဟေး၊ ဟား..ဟား၊ သေပျော်ပါပြီ”

မျက်မမြင်ချူကျားကြီးသည် အရူးတစ်ယောက်နှယ် အော်ဟစ်ပြောဆို ရယ်မောလိုက်လေသည်။

သံမဏိလက်က လူအေးကို မျက်ရိပ်ပြလိုက်ပြီး အုတ်ဂူရှေ့မှ ထွက်လာခဲ့ကြသည်။

ချူကျားကြီးမှာမူ ဆက်၍ ပြောနေဆဲပင် ဖြစ်သည်။

“ဟင်း..ဟင်း၊ ဒါပေမယ့်..ဒါပေမယ့် ငါ့မှာ ဒီလို ခံစားမှုမျိုးတွေကို ဘယ်တော့မှ ရမှာလဲ၊ ရွှေတွေငွေတွေ ရဖို့ လမ်းအများကြီး ရှိပေမယ့် ဘယ်သူမှ အခုထိ လာမပေးကြသေးပါလား၊ ဟေး..ဟေး ငါမျှော်ရတာ မောလှပြီ”

သံမဏိလက်နှင့် လူအေးတို့သည် အုတ်ဂူဆယ်လုံးခန့်ကို ဆက်လက်ကျော်ဖြတ်လာခဲ့ပြီ ဖြစ်ရာ မျက်မမြင်ချူကျားကြီး၏ ပြောဆိုသံများကို မကြားနိုင်ချေ။

သင်္ချိုင်းမြေအတွင်းမှ ထွက်ခွာလာခဲ့ကြသည်အထိ သူတို့နှစ်ဦးစလုံးသည် စကားမပြောဖြစ်ကြပါ။

နှစ်ဦးစလုံး ကိုယ့်အတွေးနှင့်ကိုယ် လမ်းလျှောက်လာခဲ့ကြခြင်း ဖြစ်လေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



မြို့တွင်းသို့ ရောက်လျှင် စားသောက်ဆိုင်အတွင်းသို့ ဝင်လိုက်ကြလေသည်။

သူတို့နှစ်ဦးသည် စားသောက်နေရင်းမှ စကားပြောဖြစ်ကြလေတော့သည်။

သံမဏိလက်သည် ဟင်းခွက်ထဲမှ အသားလုံးတစ်လုံးကို တူဖြင့်ညှပ်၍ ပါးစပ်ထဲထည့်၍ဝါးရင်းမှ ပြောသည်။

"အင်း ကြာပန်းကလေး အိုက်လင်းရဲ့အုတ်ဂူမှာ ထူးခြားချက်ကတော့ အမှန်ရှိနေလိမ့်မယ်၊ ညကျရင်တော့ ကြာပန်းကလေး အိုက်လင်းရဲ့ အုတ်ဂူကို ဖွင့်ပြီးအထဲက ခေါင်းကို ထုတ်ပြီး ကြည့်ရလိမ့်မယ်"

လူအေးက တူကို မြှောက်၍ ကိုင်ထားရင်းမှ...

"အစ်ကို သတိထားမိသလား၊ ကျွန်တော်ကတော့ မျက်မမြင်ချူကျားကြီးရဲ့ စကားတွေကို ကြားရတာ ထူးခြားတယ်လို့ ထင်တာပဲ"

သံမဏိလက်က ခေါင်းညိတ်ပြလိုက်ပြီး...

"ငါသိပါတယ် လူအေး၊ ဟိုနေရာမှာ ဖြစ်နေလို့ ငါက ဘာမှ မပြောဘဲ နေခဲ့တာ၊ အဲဒီ ချူကျားကြီးဟာ မျက်စိမမြင်ယောင်ဆောင်နေတဲ့ လူတစ်ယောက်ပဲ၊ ငါနဲ့ ခင်း အုတ်ဂူကို ပတ်ပြီး ကြည့်ကြတော့ ငါက သူ့ကို မသိမသာ လှမ်းပြီး ကြည့်နေခဲ့မိတယ်၊ အဲဒီအခါမှာ တို့နှစ်ယောက်ကို သူက မျက်လုံးဖွေပြီးတော့တောင် ကြည့်နေတာကို တွေ့ရတယ်၊ အဲဒီကတည်းက ငါ့စိတ်ထဲမှာ တွေးမိသွားတယ်၊ အဲဒီ ချူကျားကြီးဟာ တို့ကြည့်ခဲ့တဲ့ အုတ်ဂူကို စောင့်ကြည့်နေတဲ့ လူတစ်



ယောက်ပဲ ဖြစ်ရမယ်"

"ဒါဖြင့် သူတို့က ဘယ်သူတွေများ ဖြစ်နိုင်သလဲ"

လူအေးက ပြောရင်းမှ တစ်စုံတစ်ရာ ဖြတ်ခနဲ သတိရလိုက်မိသည်။

သံမဏိလက်က စားရင်းမှ ဆက်ပြောသည်။

"ငါ့အထင် ပြောရရင်တော့ တို့တွေ့ခဲ့ရတဲ့ မျက်မမြင်ချူကျားကြီးဟာ ချိတ်ဓားကိုင်သိုင်းသမားနဲ့ ဆာမူရိုင်းဓားသမား ဆယ့်နှစ်ယောက်အဖွဲ့ထဲက လူတစ်ယောက်ပဲ ဖြစ်လိမ့်မယ်လို့ ထင်တယ်"

လူအေးက မေးခွန်းထုတ်ပြန်သည်။

"ဒါဆိုရင် ကြာပန်းကလေးအိုက်လင်းရဲ့ အုတ်ဂူထဲမှာ ဘာတွေ ရှိနိုင်သလဲ"

သံမဏိလက်က ခေတ္တမျှ စဉ်းစားလိုက်ပြီး...

"ပထမဆုံး သူတို့အုပ်စုဟာ လီအိုချီရဲ့ အုတ်ဂူထဲမှာ လျှို့ဝှက်ချက် ပြုလုပ်ထားခဲ့ကြတယ်၊ ဒါကို ကိုစန်းယု စုံစမ်းသိသွားတာပဲ ဖြစ်လိမ့်မယ်၊ သူတို့လူစုဟာ သူတို့ရဲ့ လျှို့ဝှက်ချက်ကို သိသွားခဲ့တဲ့ ကိုစန်းယုကို လုပ်ကြံသတ်ဖြတ်ပစ်လိုက်ကြမယ်၊ ပြီးတော့မှ သူတို့ရဲ့ လျှို့ဝှက်ကို အခြားအုတ်ဂူတစ်ခုထဲကို ရွှေ့ပြောင်းထားကြပြန်တယ်၊ ဒါကြောင့် လီအိုချီရဲ့ အုတ်ဂူကို တို့နှစ်ယောက် ဖောက်ကြည့်ကြတော့ ဘာမှ မတွေ့ရကြတာပေါ့"

လူအေးက ပြုံး၍...

"လီအိုချီရဲ့ ခေါင်းထဲမှာ ကျောက်ဖြူတစ်ပိုးကို တွေ့ရတယ်လေ၊ ဒီတော့ ခေါင်းထဲက လျှို့ဝှက်ချက်ဟာ အဖိုးတန်ကျောက်

www.burmeseclassic.com

www.burmeseclassic.com



မျက်ရတနာတွေနဲ့ သက်ဆိုင်မယ်လို့ ထင်ရတာပဲ"

သံမဏိလက်က အားရပါးရ ပြောလိုက်သည်။

"အင်း ဟုတ်ပြီ၊ လီအိုချီရဲ့ သင်္ချိုင်းအုပ်ဂူကို တိတ်တဆိတ်ဖောက်ပြီးတော့ ခေါင်းထဲက အလောင်းကို ထုတ်ယူပြီးတော့မှ များပြားလှတဲ့ ရွှေငွေရတနာတွေကို ခေါင်းထဲထည့်ပြီး လျှို့ဝှက်ထားတာပဲ ဖြစ်ရမယ်၊ ဒါကို ကိုစန်းယုက စုံစမ်းသိရှိသွားမယ်၊ ကိုစန်းယုကို နှုတ်ပိတ်သတ်ပစ်ခဲ့တဲ့ သူတွေဟာ ဆာမူရိုင်းဓားကိုင် သိုင်းသမားဆယ့်နှစ်ယောက်နဲ့ ချိုတ်ဓားသိုင်းသမားတို့ပဲ ဖြစ်ရမယ်"

လူအေးက တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားပြီး မေးမြန်းလိုက်လေသည်။

"အဲဒီ ဆာမူရိုင်းဓားသမားဆယ့်နှစ်ယောက်နဲ့ ချိုတ်ဓားကိုင်သိုင်းသမားအုပ်စုဟာ ဒီနယ်ဘက်မှာ လှုပ်ရှားနေကြတဲ့ ဓားပြအဖွဲ့တစ်ဖွဲ့ပဲ ဖြစ်နေမလား အစ်ကို"

လူအေး၏စကားကြောင့် သံမဏိလက်က ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး...

"မင်းပြောတာ အများကြီး ဖြစ်နိုင်တယ်၊ ငါတို့အနေနဲ့ ဒီလိုပဲ တွက်ကြရလိမ့်မယ်၊ ကျုန်းတစု ပြောတဲ့ စကားအရဆိုရင် ကိုစန်းယုဟာ အမှုတွဲ ဆယ့်လေးခုလောက်ကို ကိုင်တွယ်စုံစမ်းနေသူ ဖြစ်နေတယ်၊ သူ့အမှုတွဲတွေထဲမှာ ဓားပြတိုက်မှုတွေ လူသတ်မှုတွေ ပါရှိနေတယ်၊ တကယ်လို့ လီအိုချီရဲ့ သင်္ချိုင်းဂူထဲက လျှို့ဝှက်ချက်ဟာ ရွှေငွေရတနာတွေ ဖြစ်မယ်ဆိုရင်တော့ ရိုးဂေဟာ ဓားပြတိုက်ခံရမှုနဲ့ ပတ်သက်ကောင်း ပတ်သက်နေလိမ့်မယ်"



သံမဏိလက်က စကားကို ခေတ္တရပ်ပြီးမှ ဆက်ပြောလိုက်ပြန်သည်။

"ချိုတ်ဓားကိုင်သိုင်းသမားနဲ့ ဆာမူရိုင်းဓားကိုင်သိုင်းသမားတွေဟာ အဖွဲ့တစ်ဖွဲ့တည်းပဲ ဖြစ်ရမယ်၊ သူတို့ဟာ ရိုးဂေဟာနဲ့ တစ်ခြားနေရာတွေကနေ လုယက်တိုက်ခိုက်လို့ ရရှိလာခဲ့တဲ့ ရွှေငွေရတနာပစ္စည်းတွေကို လီအိုချီရဲ့ သင်္ချိုင်းဂူထဲမှာ လျှို့ဝှက်ပြီး သိမ်းဆည်းထားတာပဲ ဖြစ်ရမယ်၊ ဒီအချက်ကို ကိုစန်းယုက ခြေရာခံမိသွားတော့ ကိုစန်းယုကို သူတို့က လုပ်ကြံသတ်ဖြတ်လိုက်ကြတယ်၊ နောက်ပြီးတော့ ကိုစန်းယုနဲ့ ခင်မင်ရင်းနှီးမှု အရှိဆုံးဖြစ်တဲ့ ကျုန်းတစုကိုပါ စိတ်ချရအောင်ဆိုပြီး သတ်ပစ်ခဲ့ကြတယ်"

"ဒါဆိုရင်တော့ ကိုစန်းယုနဲ့ ကျုန်းတစုတို့ အသတ်ခံရမှုဟာ ရှင်းနေပြီပေါ့၊ တရားခံဟာ ဆာမူရိုင်းဓားသမားတွေ ဖြစ်ရမယ်၊ ဒီအထဲမှာ ကံဆိုးချင်တော့ အဲဒီ ဓားပြအဖွဲ့ဟာ သူတို့ရဲ့ လျှို့ဝှက်ချက်ကို လီအိုချီအုတ်ဂူမှာ ရွေးပြီး ပြုလုပ်ထားခဲ့ကြပြန်တယ်၊ အဲဒါနဲ့ လီကျုံးချွန်ရဲ့ ဥပဒေလှည့်စားမှုကိုပါ မမျှော်လင့်ဘဲနဲ့ ပေါ်ပေါက်လာခဲ့ရတယ်"

"ကျွန်တော်တို့ တွေ့ခဲ့တဲ့ ကြာပန်းလေးအိုက်လင်းရဲ့ အုတ်ဂူထဲမှာ လျှို့ဝှက်ချက် တစ်ခုကတော့ မလွဲမသွေ ရှိနေမှာ သေချာတယ်၊ လီအိုချီရဲ့ သင်္ချိုင်းအုတ်ဂူထဲက လျှို့ဝှက်ချက်ဟာ ကြာပန်းလေးအိုက်လင်းရဲ့ အုတ်ဂူထဲကို ရောက်သွားပြီ ထင်တယ်"

သံမဏိလက်က ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"အင်း ကြာပန်းကလေး အိုက်လင်းရဲ့ သင်္ချိုင်းအုတ်ဂူ အနား

www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိတဲ့ မျက်မမြင်ချုံကျားကြီးဟာ မျက်စိမမြင်ယောင်ဆောင်နေတဲ့ ချုံကျားအတုကွ၊ ဒီတော့ အဖြေက ရှင်းနေတာပဲ လူအေး၊ တို့တတွေ ဒီညမှာ..”

သံမဏိလက်၏စကားမှာ တပိုင်းတစနှင့် ရပ်သွားသည်။

လူအေးက သံမဏိလက်၏ ဘယ်ဘက်လက်ကို ညာလက်ဖြင့် လှမ်း၍ ဖျစ်ညစ်ဆုပ်ကိုင်လိုက်သောကြောင့် ဖြစ်၏။

တရှပ်ရှပ်ဖြင့် ထွက်ပေါ်လာသော ခြေသံကို ကြားရသည်။

ထိုခြေသံသည် သံမဏိလက်၏ နောက်ကျောခွဲ ရပ်တန့်သွားလေသည်။

သံမဏိလက်က လုံးဝလှည့်ကြည့်ခြင်း မပြုပေ။

သူသည် စိတ်ချလက်ချဖြင့် ဆက်၍ ထိုင်နေသည်။

အဘယ်ကြောင့်ဆိုသော် သူ၏ရှေ့၌ လူအေးက ထိုင်နေခြင်းကြောင့် ဖြစ်၏။

လူအေးသည် သူ၏နောက်ကျောဘက်မှ လူကို ကောင်းစွာ တွေ့မြင်နေရပေသည်။

ထိုလူသည် ကျွန်းစားသောက်ဆိုင်ထဲသို့ ဝင်လာကတည်းကပင် သူတို့၏စားပွဲ ရှိရာသို့ တည့်မတ်စွာ လျှောက်၍ ဝင်လာခဲ့ခြင်း ဖြစ်ပေသည်။

ထိုလူ၏ပုံစံမှာ ထူးခြားမှု လုံးဝမရှိပေ။ ထိုလူကား မည်သူနည်း။

♣ ♣ ♣



## လှို့ဝှက်စာ

ထိုလူသည် မြက်ခမောက်တစ်လုံးကို ဆောင်းထား၏။ ဝတ်ဆင်ထားသည်မှာလည်း သာမန်လယ်သမားတစ်ဦး၏ ပုံစံမျိုး ဖြစ်ပေသည်။

ထိုလူ၏ပုံစံမှာ ထူးခြားမှု လုံးဝမရှိချေ။

သို့သော် ထိုလူသည် သူတို့နှစ်ဦး၏ စားပွဲအနီးသို့ ချဉ်းကပ်လာပြီး ရပ်နေသည့်အချက်မှာ ထူးခြားနေပေသည်။

ထိုလူသည် သူ၏ကိုယ်ကို အနည်းငယ် ကိုင်းညွှတ်ပြီး အရိပ်အခြေ ပေးလိုက်လေသည်။

“ဒီက စုံစမ်းရေးမှူးကြီးတို့ပါလား ခင်ဗျာ”

လူအေးက ထိုလူကို စူးစိုက်ကြည့်လျက်နှင့်ပင် ပြန်၍ ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

ထိုအခါမှ သံမဏိလက်က လှည့်၍ ကြည့်လိုက်သည်။ သူ၏နောက်၌ ရပ်နေသော လူသည် စိတ်ဝင်စားစရာ မရှိသော သာမန်လူတစ်ယောက်ပင် ဖြစ်ကြောင်း အကဲခတ်လိုက်မိ၏။

ထိုလူသည် အသက်သုံးဆယ်ကျော် အရွယ်ခန့် ရှိပြီး သူ၏ မျက်နှာပြင်ပေါ်၌ ရိုးသားသော အသွင်က ပေါ်လွင်နေ၏။

သူ၏ရင်ဖုံးအိတ်ထဲမှ စာတစ်စောင် နှိုက်ယူလိုက်ပြီး လူအေးကို လက်နှစ်ဘက်ဖြင့် ကမ်းပေးလိုက်သည်။

"ဈေးထောင့်က လမ်းထိပ်မှာ လူတစ်ယောက် ကျွန်တော့်ကို အကူအညီ တောင်းပါတယ်၊ ဒါဆိုင်ထဲမှာ ထမင်းစားနေကြတဲ့ စုံစမ်းဖမ်းဆီးရေးမှူးကြီး နှစ်ဦးဆီကို ဒီစာပေးသွားပြီး ပို့ပေးပါဆိုလို့ အခုလို ကျွန်တော်လာပြီးတော့ ပို့ပေးရတာပါ ခင်ဗျာ"

ထိုလူက စာကို လှမ်းပေးရင်း ရှိသေစွာ ပြောသည်။ ထိုလူ ဆိုင်ထဲသို့ ဝင်လာသည်ကို လူအေး တွေ့ပြီးသား ဖြစ်သည်။

ထိုလူသည် ဆိုင်အပြင်မှ တောက်လျှောက်ဝင်လာပြီး သူတို့ စားပွဲဆီသို့ တိုက်ရိုက်လျှောက်၍သည်။

မည်သူတစ်ဦးတစ်ယောက်ကိုမျှ စုံစမ်းမေးမြန်းခြင်း လုံးဝ မပြုခဲ့ပေ။

ထိုအချက်ကို သတိပြုမိသော လူအေးက သံသယစိတ်ဝင်ပြီး မေးမြန်းလိုက်လေသည်။

"ကျုပ်တို့နှစ်ယောက် စုံစမ်းဖမ်းဆီးရေးမှူးတွေလို့ ခင်ဗျားက ဘာကြောင့် သိနေတာလဲ"



ထိုလူက ချက်ချင်းပင် ပြန်ဖြေလိုက်သည်။

"ဆိုင်ထဲကို ကျွန်တော်ဝင်လာတော့ စားပွဲတွေကို လှမ်းကြည့်မိပါတယ်၊ ဆရာတို့ စားပွဲပေါ်မှာ ဓားတွေ တင်ထားတာ တွေ့တာနဲ့ ဆရာတို့နှစ်ယောက်ဟာ ဟိုလူပြောတဲ့ စုံစမ်းရေးမှူးကြီးတွေ ဖြစ်မှာပဲလို့ ဆိုပြီး တန်းတန်းမတ်မတ်နဲ့ လျှောက်လာခဲ့တာပါပဲ ခင်ဗျာ"

လူအေးက ထိုလူ၏အဖြေကြောင့် နောက်ထပ် မေးမြန်းခြင်း မရှိတော့ပေ။

သံမဏိလက်က ဝင်၍ မေးလိုက်သည်။

"ဟိုလူက ခင်ဗျားကို စာပို့ခ ဘယ်လောက်ပေးလိုက်သလဲ"

ထိုလူက ပျာပျာသလဲ အမူအရာဖြင့် လက်ကာပြလိုက်ပြီး ဦးခေါင်းခါယမ်းလိုက်၏။

"ဟို..ဟဲ..ဟဲ မရပါဘူး၊ သူက ကျွန်တော့်ကို အကူအညီ တောင်းတာနဲ့ ကျွန်တော်ကလဲ အားနာပြီးတော့ အကူအညီပေးတဲ့ အနေနဲ့ ဆောင်ရွက်ပေးတာပါ၊ ငွေကြေးရလို့ မဟုတ်ပါဘူး’

သံမဏိလက်က ထိုလူကို ကြည့်ပြီး ခပ်တည်တည်ဖြင့် ပြောလိုက်သည်။

"နောက်ကို သူတစ်ပါး ပေးခိုင်းတဲ့ စာတွေကို အရမ်းယူလာပြီး လမ်းကြုံဝင်မပေးနဲ့၊ တကယ်လို့ အခု ခင်ဗျားယူလာတဲ့စာဟာ ကျုပ်တို့နှစ်ယောက်ကို ဆဲတဲ့စာ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ ကျုပ်တို့က ခင်ဗျားကို အရင်ဆုံး ဖမ်းထားလိမ့်မယ်"

လူအေးကမူ စာကို ဖောက်၍ ဖတ်ရှုနေပြီ ဖြစ်၏၊ ထိုလူက

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာရှိုသွေးကာ သံမဏိလက်ကို ပြန်၍ ပြောလိုက်သော်လည်း သူ၏မျက်နှာပေါ်၌ စိုးရွံ့သော အသွင်များကလည်း ယှက်သန်းလာ၏။

"အဟဲ..ဟဲ..ဟဲ၊ ဟုတ်ကဲ့..ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော် နောက်ကို ဒီလို ဆောင်ရွက်မပေးတော့ပါဘူး၊ ဟဲ..ဟဲ သွားလိုက်ပါဦးမယ်"

သံမဏိလက်က ဦးခေါင်းညိတ်ပြလိုက်လျှင် ထိုလူလည်း ချာခနဲလှည့်ကာ ထွက်ခွာသွားလေတော့သည်။

နောက်သို့ပင် ပြန်လှည့်မကြည့်တော့ဘဲ စားသောက်ဆိုင်ပေါ်မှ လျှင်မြန်စွာ ထွက်ခွာသွားတော့သည်။

"လူအေး စာထဲမှာ ဘာများရေးထားသလဲ၊ တို့ကိုတော့ တရားခံအဖွဲ့က စိန်ခေါ်ပြီနဲ့ တူပါရဲ့"

လူအေးက သူ၏လက်ထဲမှ စာကို သံမဏိလက်ထဲသို့ ပေးလိုက်သည်။ သံမဏိလက်က စာကို ယူ၍ ဖတ်ကြည့်လိုက်၏။

စုံစမ်းရေးမှူးကြီးခင်ဗျာ....

"ဒီကနေ့ ညဥ့်ဦးယံအချိန်မှာ မြို့ပြင်က ချင်းကျိုင်းဘုရားကျောင်းတော်ကို လာခဲ့စေချင်တယ်၊ လျှံငွေငါးထောင် လက်ဆောင်အဖြစ်ပါးပြီး မိတ်ဆွေကြီးတို့နဲ့အတူ စကားပြောဆို ဆွေးနွေးလိုပါတယ်၊ သချိုင်းကို မသွားကြပါနဲ့ သချိုင်းကို သွားရင်တော့ သေလမ်းကိုပဲ တွေ့လိမ့်မယ်"

စာထဲတွင် ပေးပို့သူ၏အမည်ကို လုံးဝမပါရှိချေ။

"ဘယ်လိုလဲ လူအေး၊ သူတို့က တို့ကို ဆွေးနွေးချင်တယ်ဆို



ပြီး ချိန်းနေပါလား၊ သချိုင်းကို တို့နှစ်ယောက် ထပ်သွားမှာကို သူတို့တတွေ တော်တော်စိုးရိမ်နေပုံရတယ်"

လူအေးက မသိမသာ ပြုံး၍...

"ကြာပန်းကလေး အိုက်လင်းရဲ့ အုတ်ဂူထဲမှာ လျှံငွေငါးထောင်ထက်မကအောင် များပြားလှတဲ့ အဖိုးတန်ရတနာတွေ ရှိနေမှာ သေချာသွားပြီ၊ အစ်ကိုသံမဏိလက် သူတို့က ကျွန်တော်တို့ကို ချင်းကျိုင်းဘုရားကျောင်းမှာ ငွေပေးပြီး စကားပြောနေကြတုန်းမှာ သူတို့တတွေက ကြာပန်းကလေး အိုက်လင်းရဲ့ အုတ်ဂူထဲက လျှို့ဝှက်ရတနာပစ္စည်းတွေကို သယ်ထုတ်ယူကြလိမ့်မယ် ထင်တယ်"

သံမဏိလက်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"အေး ဟုတ်တယ်၊ ဒီလိုလဲ ဖြစ်နိုင်တယ်၊ ကဲ တို့တတွေ ဒီည ဘယ်ကို သွားကြမလဲ၊ ချင်းကျိုင်းဘုရားကျောင်းတော်ကို အရင်သွားကြမလား၊ ဒါမှမဟုတ်ရင် သချိုင်းကိုပဲ အရင်သွားကြမလား"

လူအေးက သံမဏိလက်၏ ပြောစကားကို နားထောင်ရင်း စဉ်းစားနေပေသည်။

ထို့နောက် လူအေးက နှစ်ခြိုက်စွာ ပြုံးပြီး ပြောလိုက်လေသည်။

"ငွေလိုချင်ရင် ချင်းကျိုင်းကိုလာ၊ သေလိုရင် သချိုင်းကို လာတဲ့၊ ကျွန်တော်တို့ ဘယ်လမ်းကို ရွေးကြမလဲ"

သံမဏိလက်က...

"တို့နှစ်ယောက်ကို သူတို့တတွေက ချင်းကျိုင်းဘုရားကျောင်းတော်မှာ ချိန်းဆိုပြီး စကားပြောနေတုန်းမှာ တစ်ဘက်ကနေ

www.burmeseclassic.com

www.burmeseclassic.com



သချိုင်းအုတ်ဂူထဲက သူတို့ရဲ့ လှို့ဝှက်ပစ္စည်းတွေကို သယ်ထုတ်ကြလိမ့်မယ်၊ တို့အနေနဲ့ ဒီကိစ္စကို စုံစမ်းစစ်ဆေးရေးအရာရှိ ရဲကျိုကို အကြောင်းကြားပြီး တိုင်ပင်ရလိမ့်မယ်"

သံမဏိလက်က စကားကို ခေတ္တရပ်နားပြီးမှ ဆက်ပြောလိုက်သည်။

"ရဲကျိုကနေတစ်ဆင့် စုံစမ်းဖမ်းဆီးရေးမှူးတွေ၊ ရုံးအမှုထမ်းတပ်ဖွဲ့တွေနဲ့ လှို့ဝှက်စီစဉ်ပြီး သချိုင်းကို ဝိုင်းထားနိုင်းမယ်၊ အဲ မင်းနဲ့ ငါကတော့ ချင်းကျိုင်းဘုရားကျောင်းကို သွားကြမယ်၊ ဒါမှ ဒီအမှုရဲ့ အဓိက အရင်းအမြစ်ကို မေးမြန်းနိုင်လိမ့်မယ်၊ တို့ရဲ့ အဓိကတာဝန်ကတော့ တရားခံကို ဖော်ထုတ်နိုင်ဖို့ပဲ၊ ဖမ်းဆီးဖို့ တာဝန်ကတော့ ဒေသခံဖမ်းဆီးရေး အမှုထမ်းတွေရဲ့ အလုပ်ပဲလေ၊ ရဲကျိုနဲ့ဆိုင်တဲ့တာဝန်ပဲ"

လူအေးက သူ၏ဦးခေါင်းကို တဆတ်ဆတ်ဖြင့် ညိတ်နေသည်။ သူတို့သည် ထမင်းကို ဆက်လက်စားကြ၏။

ပြီးလျှင် ကျသင့်ငွေကို ရှင်း၍ စားသောက်ဆိုင်အတွင်းမှ ထွက်လာခဲ့ကြလေတော့သည်။

♣ ♣ ♣

စုံစမ်းစစ်ဆေးရေးအရာရှိ ရဲကျိုကို သူ၏ရုံးခန်းထဲ၌ပင် တွေ့ကြရလေသည်။

သံမဏိလက်၏ ရှင်းလင်းပြောဆိုမှုများကို ရဲကျိုသည်



မျက်နှာထားအမျိုးမျိုး ပြောင်းလဲလျက် နားထောင်၍ နေပေ၏။

ရဲကျို သက်ပြင်းတစ်ချက်ချလိုက်ပြီး…

"ဒါဆိုရင် ဒီအမှုဟာ ရိုးဂေဟာကို ဝင်ရောက်ပြီး တိုက်သွားတဲ့ ဓားပြမှုနဲ့ ပတ်သက်နေမှာပဲ၊ ရိုးဂေဟာကို တိုက်ခိုက်လုယက်သွားတဲ့ မျက်နှာကို အိုးမဲသုတ်ထားတဲ့ သိုင်းသမားဆယ့်နှစ်ယောက်နဲ့ ခေါင်းဆောင်ဟာ ဒီနယ်မြေဘက်မှာ သပ်သပ်လျှပ်ရှားနေတဲ့ ဓားပြအဖွဲ့တစ်ဖွဲ့ပဲ၊ ကိုစန်းယုဟာ မမျှော်လင့်ဘဲနဲ့ သူတို့ရဲ့ ရတနာပစ္စည်းတွေထားတဲ့ နေရာကို သိရှိသွားကြတာကိုး၊ ကောင်းပြီလေ၊ စုံစမ်းရေးမှူးကြီးတို့နှစ်ယောက် စီစဉ်ထားတဲ့အတိုင်း ချင်းကျိုင်းဘုရားကျောင်းတော်ကိုသာ သွားကြပါ"

ရဲကျိုက ခေတ္တ စကားကို ရပ်လိုက်ပြီး ဆက်ပြောလိုက်လေသည်။

"အဲဒီကနေ တိကျခိုင်လုံတဲ့ သက်သေရအောင် ကြိုးစားပါ။ ငွေပေးပြီး စည်းရုံးသူကိုလဲ ဖမ်းဆီးနိုင်အောင် ကြိုးစားကြပါ၊ ကျုပ်က အမှုထမ်းတွေကို စီစဉ်ပြီး ညဘက်မှာ သချိုင်းမြေကို သွားပြီး တိတ်တဆိတ် ဝိုင်းထားလိုက်မယ်၊ ကျုပ်ရဲ့လက်အောက်က အမှုထမ်းတွေရဲ့ အင်အားနဲ့ကတော့ မလုံလောက်ဘူး"

"ဒီတော့ ဒေသအုပ်ချုပ်ရေးရုံးတော်က အမှုထမ်းတွေကိုပါ အရာရှိမင်း ရိုလင်ကျန်းနဲ့ တိုင်ပင်ပြီး ခေါ်သွားရမှာပဲ"

လူအေးနှင့် သံမဏိလက်တို့သည် ရဲကျိုနှင့် တိုင်ပင်ပြောဆိုကြပြီးနောက် ထွက်ခွာလာခဲ့ကြလေသည်။

သူတို့သည် ညဘက် မရောက်မီ စီးဂေဟာသို့ သွားမှ အချိန်

www.burmeseclassic.com

www.burmeseclassic.com



အတောအတွင်း၌ သွားရောက်လည်ပတ်ရန် တိုင်ပင်လိုက်ကြသည်။

သို့ဖြင့် မြို့ပြင်သို့ ထွက်လာခဲ့ကြ၏။ ဈွားဟူကျုန်း မြစ်ကမ်းပါးအတိုင်း လျှောက်လာခဲ့၏။

လူအေး၏ ရင်ထဲကမူ စီးဂေဟာတွင် သူတို့အား စီးမေဟုန်က စောင့်မျှော်မည်ကို တွေး၍ မြင်ယောင်မိ၏။

ညစာ ထမင်းကို စီးဂေဟာတွင် စားသောက်ကြမည်။

စီးချန်းယင်တို့ မောင်နှမနှင့် စကားစမြည် ပြောဆိုကြမည်။

ညဘက်ကို ရောက်မှ ချင်းကျိုင်းဘုရားကျောင်းတော်ကို သွားရောက်ပြီး ငွေထုပ်နှင့် စောင့်ကြို၍ စကားပြောမည့်သူကို တွေ့ဆုံမည်ဟု စီစဉ်ဆုံးဖြတ်လိုက်ကြလေသည်။

♣ ♣ ♣

ရဲကျိုသည် ရုံးခန်းအနောက်ဘက်ရှိ စာဖတ်ဆောင်အတွင်းသို့ ခပ်သုတ်သုတ်ဝင်လာ၏။

သူ၏စာဖတ်ဆောင်အတွင်းသို့ ဝင်ရောက်ပြီး စားပွဲ၌ ထိုင်လိုက်၏။ ညဘက်ရောက်လျှင် မည်သို့ စီစဉ်ဆောင်ရွက်ရမည် ကိစ္စကို စဉ်းစားနေလေသည်။

ဤကိစ္စကို လျှို့ဝှက်နိုင်သမျှ လျှို့ဝှက်ပြီး ဆောင်ရွက်နိုင်မှသာ ဖြစ်ပေလိမ့်မည်။ ရဲကျိုသည် အတန်ငယ် စဉ်းစားပြီးနောက် စားပွဲပေါ်မှ စာရွက်တစ်ရွက်ကို ယူလိုက်၏။



စုတ်တံကို ယူ၍ မှင်သွေးကျောက်ပြားခွက်အတွင်းမှ မှင်ကို တို့ယူလိုက်၏။ ထို့နောက် စာတစ်စောင်ကို ရေးလိုက်၏။

ဒေသအုပ်ချုပ်ရေးအရာရှိမင်း ရိုလင်ကျုန်းထံ ရေးနေခြင်း ဖြစ်ပေသည်။

သူသည် ဒေသအုပ်ချုပ်ရေးရုံးတော်သို့ ကိုယ်တိုင်သွားပြီး ရိုလင်ကျုန်းနှင့် တွေ့ဆုံတိုင်ပင်ခြင်း မပြုလိုပေ။

အကယ်၍ ဤသို့ ပြုလုပ်ပါက သူ့အား ရုံးတော်မှ စောင့်ကြပ်မည့်သူများ ရှိလျှင် ရှိနေလိမ့်မည်။

စုံစမ်းရေးမှူးချုပ်တစ်ဦးပီပီ သူသည် သတိကြီးစွာ ထား၍ လျှို့ဝှက်ဆောင်ရွက်ရမည် ဖြစ်သည်။

ထို့ကြောင့် စာထဲတွင်ပင် အကြောင်းစုံကို ရေးသားထည့်လိုက်သည်။

စာထဲ၌...

ဤနေ့ည မိုးချုပ်သည်ဆိုလျှင် သူနှင့် သူ၏ ရုံးတော်မှ အမှုထမ်းသုံးဆယ်က သချိုင်း၏ တောင်ဘက်မှ ကင်းပုန်းဝပ်၍ စောင့်ဆိုင်းမည် ဖြစ်ကြောင်း ဒေသအုပ်ချုပ်ရေး အရာရှိမင်းကလည်း ဒေသရုံးတော်မှ အမှုထမ်းများအားလုံးကို ခေါ်စေ၍ သချိုင်း၏ အနောက်ဘက်မှ ဝင်ရောက်လာကြရန် ရေးသားလိုက်သည်။

ရဲကျိုသည် စာရေးသားပြီးနောက် စာအိတ်ထဲသို့ ထည့်သွင်း၍ သူ၏ရုံးတံဆိပ်ကို စာအိတ်ပေါ်တွင် ရိုက်နှိပ်လိုက်သည်။

ထိုစာအိတ်ကို အမှုထမ်းတစ်ဦးမှတစ်ဆင့် သာဖန်ရုံးကိုစွာ အနေဖြင့် ပို့ခိုင်းလိုက်မည် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုံးတဲ့ဆိပ်နှိပ်ပြီးနောက် စာအိတ်ကို ကိုင်၍ ထလိုက်သည်။

ဤအခါတွင် သူ၏နောက်ဘက်တွင် ရပ်နေသော လူတစ်ယောက်ကို သူမြင်လိုက်ရပေတော့သည်။

ထိုလူသည် တံခါးပေါက်ဝ၌ ရပ်၍နေခြင်း ဖြစ်၏။ မည်သည့်အချိန်ကတည်းက ရပ်တန့်ရောက်ရှိနေသည်ကိုပင် မသိ။ ရဲကျိုမှာ ပထမတွင် အံ့အားသင့်၍ ချက်ချင်းပင် မျက်မှောင်ကြုတ်လိုက်မိသည်။

အသံမပေးဘဲနှင့် တိတ်ဆိတ်စွာ ရောက်ရှိနေသူမှာ ဂူးထိန်ယင်၏ အပါးတော်မြဲ ဖြစ်သည့် အမည်မသိ သိုင်းသမားပင် ဖြစ်၏။

အမည်မသိ သိုင်းသမားက ရိုင်းပျလှ၏။ အရာရှိမင်း ဂူးထိန်ယင်၏အရှိန်အဝါဖြင့် သူသည် ဒေသအရာရှိ အကြီးအကဲများ၏ ရုံးခန်းများအတွင်းသို့ ဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက် ပြုလုပ်နေလေသည်။

အစောင့်အမှုထမ်းများကလည်း သူ့ကို မတားဆီးဝံ့ကြပေ။ ရုံးခန်းအတွင်းသို့ အကြောင်းမကြားဘဲ ဝင်လာတတ်သည်က အကြောင်း မဟုတ်လှပေ။

သည်းခံနိုင်သေးသည်။ သို့သော် ယခုမူ အမည်မသိ သိုင်းသမားသည် ရဲကျို၏ သီးသန့်အခေသာင်ရှိ စာဖတ်ခန်းထဲအထိ ချိုးနင်းဝင်ရောက်လာခဲ့၏။

ထို့ကြောင့် ရဲကျို အနေဖြင့် သူ့ကို မလေးမစား ပြုလုပ်သည်ဟု မှတ်ယူလိုက်သည်။

တဒင်္ဂအတွင်း ရဲကျို၏စိတ်ထဲ၌ အရာရှိဟူသော မာန်မာန



က ဖြစ်ပေါ်လာပေသည်။

ရဲကျိုက လေသံခပ်မာမာဖြင့် လှမ်း၍ မေးမြန်းလိုက်သည်။

"ဘာကိစ္စလဲ၊ ရုံးခန်းထဲမှာ စောင့်နေရင် ဖြစ်ရဲ့သားနဲ့၊ ဘာကိစ္စများ အရေးတကြီးရှိလို့ ကျုပ်ရဲ့စာဖတ်ခန်းထဲအထိ လိုက်လာခဲ့ရတာလဲ"

သို့ရာတွင် အမည်မသိသိုင်းသမားက ပြန်လည်ပြောဆိုခြင်း မပြုချေ။

သူ၏ပင်ကိုယ်ဟန်အတိုင်း တိတ်ဆိတ်စွာဖြင့် သူ၏ညာလက်ကို ရင်ဖုံးအိတ်ထဲသို့ ထိုးနှိုက်လိုက်၏။

လက်ထဲ၌ စာတစ်စောင် ပါလာ၏။

အမည်မသိသိုင်းသမားသည် စာလာပို့ခြင်း ဖြစ်၏။ ဂူးထိန်ယင်သည် ယခုတလော၌ သူ၏လက်အောက်ရှိ ရုံးတော်များသို့ ရုံးကိစ္စနှင့် ပတ်သက်သော စာများကို ပို့ခိုင်းရာ၌ ထိုအမည်မသိ သိုင်းသမားကိုသာလျှင် ပေးပို့စေခိုင်းသည်။

သူ၏အမိန့်ပေးချက် ညွှန်ကြားချက်များကို လမ်းတစ်ဝက်မှ တစ်စုံတစ်ယောက်က လုယက်ယူငင်သွားမည်ကို စိုးရွံ့နေသည်ကဲ့သို့ ဗီဇာကြောင်နေသည်။

အမည်မသိသိုင်းသမားက လူတစ်မျိုး ဖြစ်သည်။ သူ၏ သိုင်းပညာ အဆင့်အတန်း မည်မျှအထိ မြင့်မားသည်ကို ရဲကျို အနေဖြင့် တစ်ခါမျှ မတွေ့ဖူးချေ။

သို့သော် ဂူးထိန်ယင်ကမူ ထူးခြားသော သိုင်းသမား အဆင့်အတန်း ရှိသည့် သိုင်းသမားတစ်ယောက်ဟု တံခါးပေါက်မှတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ လျှောက်၍ ဝင်လာသည်။

စာကို ကိုင်၍ ဝင်လာပြီး ရဲကျို၏စားပွဲရှေ့၌ ရပ်တန့်လိုက်လေသည်။

ထို့နောက် အမည်မသိ သိုင်းသမားသည် သူ၏လက်ထဲမှ စာကို စားပွဲပေါ်သို့ အသာတင်လိုက်၏။ သူ၏မျက်နှာကို လုံးဝမမြင်ရပေ။

အနားအပြားကြီးသော အဝတ်ခမောက်ကို ခပ်ငိုက်ငိုက်ဆောင်း၍ ထားပြီး ဦးခေါင်းကို ငုံ့ထား၏။

အမည်မသိသိုင်းသမား စကားမပြောသည်ကို သိသော်လည်း ရဲကျိုက မေးမြန်းလိုက်၏။

"စာပို့ရုံတင်ပဲလား၊ အရာရှိမင်းက ဘာများ အမှာရှိလိုက်သေးသလဲ"

ထိုလူက သူ၏ထုံးစံအတိုင်း ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြလိုက်၏။

ရဲကျိုက စိတ်မရှည်ဟန်ဖြင့်...

"ကဲ ခင်ဗျားသွားနိုင်ပြီ၊ ကျုပ်မှာ အလုပ်တွေ ရှိသေးတယ်"

သို့သော် အမည်မသိသိုင်းသမားကား ရပ်မြဲရပ်နေဆဲပင်။ လှုပ်ရှားခြင်း လုံးဝမပြုသေးချေ။

ဤအခါတွင် ရဲကျို မျက်မှောင်ကြုတ်၍သွားပြီး လေသံမာမာဖြင့် ဆက်ပြောလိုက်၏။

"သွားတော့လေ၊ ကျုပ်ပြောနေတယ်၊ မကြား..."

"ဝိုး"



ရဲကျိုသည် ထိတ်လန့်စွာဖြင့် နောက်သို့ ဆုတ်ခွာလိုက်

ရုတ်တရက် ချက်ချင်းပင် အမည်မသိသိုင်းသမားက သူ့ခါးမှဓားကို ဆွဲထုတ်၍ ဓေ့ယမ်းတိုက်ခိုက်လိုက်သောကြောင့် ဖြစ်

ရဲကျိုသည် သူ့နောက်မှ ထိုင်ခုံကို မရှောင်နိုင်ဘဲ ဆုတ်လိုက်သဖြင့် ထိုင်ခုံမှာ ဝုန်းခနဲ လဲကျသွား၏။

ထို့ကြောင့် ရဲကျိုလည်း ထိုင်ခုံနှင့် တိုက်မိပြီး လဲကျသွား၏။ အမည်မသိ သိုင်းသမားသည် သူ၏ဓားကို ပြန်လည်ရုတ်သိမ်းလိုက်ပြီ ဖြစ်၏။

ငါးမန်းသားရေအိတ်ထဲသို့ ဓားကို ပြန်လည်ထည့်သွင်းလိုက်ပြီးလျှင် စားပွဲပေါ်တွင် ကျနေသော စာကို ကောက်ယူလိုက်၏။

ထိုစာသည် ရဲကျို၏စာပင် ဖြစ်သည်။

အမည်မသိသိုင်းသမားသည် ထိုနေရာမှ ချာခနဲလှည့်ထွက်လိုက်၏။ တံခါးပေါက်ဝအနီးရောက်လျှင် ခေတ္တမျှ ရပ်တန့်လိုက်ပြီး ခြေသံကို နားစွင့်လိုက်၏။

ထို့နောက် ခပ်သွက်သွက်ဖြင့် လာလမ်းအတိုင်း ပြန်သည်။ သူလာခဲ့စဉ်က ရုံးရှေ့တံခါးမှတစ်ဆင့် ဝင်လာခြင်း မဟုတ်ချေ။

အနောက်ဘက် ဝင်းခြံရိုးကို ခုန်လွှားကျော်ဖြတ်၍ ဝင်လာခြင်း ဖြစ်၏။

ထိုနေရာကား အနောက်ဘက်အဆောင်၏ ဘေးရှိ ဝင်းခြံတံတိုင်းနေရာ ဖြစ်ပေသည်။

အမည်မသိ သိုင်းသမားသည် ခြံဝင်းနံရံ တံတိုင်းသည်းရိုးကို ခုန်လွှား၍ ကျော်ထွက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အမှုထမ်းတစ်ယောက် အဆောင်ရှေ့မှ စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့သည်။

ထိုစဉ် သူ၏ရှေ့မှနေ၍ လူရိပ်တစ်ခု ခြံဝင်းတံတိုင်းကို ခုန်လွှား၍ ကျော်ဖြတ်သွားသလိုလို တွေ့မြင်လိုက်ရသည် ထင်၏။

သို့သော် မသေချာလှပေ။ သူသည် တအောင့်မျှ ရပ်၍ စောင့်ကြည့်နေလိုက်ပြီးမှ ရှေ့သို့ ဆက်လျှောက်လာခဲ့သည်။

ထို့နောက် တံခါးပေါက်အတွင်းသို့ ငုံ့စောင်း၍ ကြည့်လိုက်၏။ ထိုအချိန်တွင် ရဲကျိုမှာ သံမံတလင်းပြင်ပေါ်၌ ကျနေသည် ဖြစ်၍ အမှုထမ်းက မမြင်ရပါချေ။

ထို့ကြောင့် ထိုအမှုထမ်းသည် ရုံးခန်းဘက်သို့ ဆက်လက် ထွက်ခွာလာခဲ့၏။

ရဲကျို၏မျက်နှာပြင်ကို ကန့်လန့်ဖြတ် စလွယ်သိုင်းဓားချက်က နက်ရှိုင်းစွာ ခုတ်ဖြတ်မိခဲ့၏။

ထိုဓားချက်မှာ ရုတ်တရက် လျှင်မြန်လှသဖြင့် ရဲကျို အနေဖြင့် ခုခံကာကွယ်နိုင်ခြင်း လုံးဝမရှိခဲ့ချေ။

ရဲကျို၏မျက်နှာပြင်ပေါ်၌ ဘယ်ဘက်အောက်မေးဖျားမှ ညာဘက်နားထင်စပ်အောက် ဓားဒဏ်ရာက ဒေါင်လိုက်ဟက်တက် ကွဲ၍ နေပေသည်။

ဒဏ်ရာမှ သွေးများက တရဟောစီးနေပြီး သံမံတလင်းပြင်ပေါ်၌ အိုင်ထွန်းနေ၏။ ရဲကျိုမှာ လူလောကကြီးမှ ထွက်ခွာသွားခဲ့ချေပြီ ဖြစ်ပေသည်။

♣ ♣ ♣



## ချင်းကျိုင်းဘုရားကျောင်း

ထိုဘုရားကျောင်းတော်သည် မြို့ပြင်၌ တည်ရှိပေသည်။ ထိုဘုရားကျောင်းတော်သည် တစ်နှစ်မှာ တစ်ကြိမ်သာ စည်ကား သိုက်မြိုက်တတ်၏။

အဘယ်ကြောင့်ဆိုသော် မိုးကောင်းကင် နတ်ဘုရား ကျောင်းဆောင် ဖြစ်နေသောကြောင့်ပင်။

လယ်သမား ယာသမားများသည် စပါးများ ရိတ်သိမ်းပြီးသည်နှင့် လက်ထဲ၌ ငွေစရွှေစကလေးများ ရှင်လာကြ၏။

ထိုအခါတွင် ချင်းကျိုင်းဘုရားကျောင်းတော်မှ မိုးကောင်းကင်နတ်ဘုရား ရုပ်ထုတော်ကို အမွှေးတိုင်မီးခိုးမစဲအောင် ဖပေးခြင်း တိုင်မီးရောင် မပြတ်အောင် ထွန်းညှိမွှေးပျံ့စွာဖြင့် ပူဇော်ကြလေ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ထုတော်ရှေ့ စင်ပေါ်၌လည်း သစ်သီးဝလံမျိုးစုံနှင့် မုန့်ပဲသွားရေစာများကို ကပ်လှူ၍ထားပေသေး၏။

အခြားအချိန်များတွင်မူ ချင်းကျိုင်းဘုရားကျောင်းတော်သည် အထူးပင် ငြိမ်သက်ခြောက်သွေ့ တိတ်ဆိတ်နေတတ်၏။

ယနေ့ညတွင်မူ လေက အတန်ငယ်ထန်နေ၏။

ဇွားဟူကျန်းမြစ်ကို ဖြတ်သန်း၍ တိုက်ခတ်လာသော လေသည် ဤကဲ့သို့ပင် ထန်တတ်၏။

တောင်ကုန်းမြင့်မြင့်ကလေး တစ်ခုပေါ်၌ တည်ရှိသော ချင်းကျိုင်းဘုရားကျောင်းတော်သည် ထီးထီးမားမား တည်ရှိနေပေသည်။

ထိုတောင်ကုန်းပေါ်သို့ ရောက်လျှင် ခပ်လှမ်းလှမ်းရှိ ဇွားဟူကျန်း မြစ်ရေပြင်ကို လှမ်း၍ တွေ့မြင်နိုင်၏။

မြစ်၏အခြားတစ်ဘက်တွင်မူ လယ်ကွင်းများကို တမျှော်တခေါ်ကြီး တွေ့မြင်နိုင်လေသည်။

ဇွားဟူကျန်းမြစ်ကမ်းပေါ်၌ မီးရောင်လက်လက်နှင့် လှမ်း၍ မြင်ရ၏။

မြစ်ကမ်းပါးတွင် ငါးဖမ်းနေကြသော တံငါလှေငယ်များဆီမှ ပေါ်ထွက်နေသော မီးရောင်ပင် ဖြစ်ခဲ့၏။

လူအေးနှင့် သံမဏိလက်တို့သည် ချင်းကျိုင်းဘုရားကျောင်းတော်ရှေ့သို့ ရောက်ရှိလာခဲ့ကြပြီး ဖြစ်လေသည်။

♣ ♣ ♣



ဘုရားကျောင်းတော်အတွင်း၌ အမှောင်ရိပ်များကသာ လျှင် ကြီးစိုးနေ၏။

သို့သော် မီးရောင်လုံးဝမရှိဘဲ နေခြင်းမျိုး မဟုတ်ပါချေ။ မိုးကောင်းကင် နတ်ဘုရား ရုပ်ထုတော်၏ရှေ့ရှိ စင်ပေါ်၌ ဖယောင်းတိုင်တစ်တိုင် ထွန်းညှိ၍ ပူဇော်ထား၏။

ထိုဖယောင်းတိုင်မီးရောင်က ဘုရားကျောင်းဆောင် ခန်းမတစ်ခုလုံးအား လုံလောက်သော အလင်းရောင် မပေးနိုင်ချေ။

ကျောင်းတံခါးမကြီးမှတစ်ဆင့် တိုးဝင်တိုက်ခတ်လာသော မြစ်ပြင်လေကြောင့်လည်း ဖယောင်းတိုင်မီးမှာ လှုပ်ခါယမ်းနေပေသည်။

တစ်ခါတစ်ခါတွင်မူ ငြိမ်သွားလုလု မှိတ်၍ သွားပေသည်။ ကျောင်းတံခါးတွင်မူ တံခါးပေါက် သုံးပေါက် ရှိ၏။

ဝဲယာတံခါးပေါက်နှစ်ချပ်မှာ ပိတ်၍ထား၏။ အလယ်တံခါးပေါက်မှာမူ တံခါးတစ်ချပ်သာ ဖွင့်၍ ထားသည်ကို တွေ့ကြရသည်။

လူအေးနှင့် သံမဏိလက်တို့သည် ဖွင့်ဟနေသော တံခါးပေါက်မှတဆင့် ကျောင်းခန်းမအတွင်းသို့ သတိဖြင့် ဝင်၍ လာခဲ့ကြလေသည်။

ကျောင်းခန်းမ အတွင်းသို့ခြေချ၍ ဝင်ရောက်မိသည်နှင့် လူရိပ်တစ်ရိပ်ကို အလယ်ခန်းမ၌ ရပ်လျက်ရှိနေသည်ကို လှမ်း၍ တွေ့မြင်လိုက်ရ၏။

ထိုအရိပ်ရှင်သည် ဖယောင်းတိုင် မီးရောင်ကို ကျောပေးထားပြီး တံခါးမဘက်သို့ မျက်နှာမူထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏ အရှေ့ဘက်ခြမ်းတွင်မူ အမှောင်ရိပ်သန်းနေသဖြင့် မျက်နှာကိုမူ သေချာစွာ မြင်နိုင်စွမ်း မရှိကြချေ။

သို့သော် ထိုလူရိပ်သည် အပေါ်ဝတ်ရုံရှည်ပွပွကြီးကို ဝတ်ဆင်ထားပြီး ညာဘက်လက်ထဲ၌ တောင်ဝှေးတစ်ချောင်းကို ကိုင်ထား၍ မြေပေါ်တွင် ထောင်လျက် ရပ်နေပေသည်။

ထိုလူပုပု၏ ရပ်နေပုံမှာ မလှုပ်မယှက်နှင့် ရှိနေပေသည်။ လူအေးနှင့် သံမဏိလက်တို့သည် တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်မိသည်။

ထို့နောက် သူတို့သည် စိတ်ချလက်ချ ရှိဟန်ဖြင့် ထိုလူရိပ်ရှေ့သို့ တိုး၍ ချဉ်းကပ်သွားကြ၏။

ထိုလူရိပ်သည် မလှုပ်မယှက်နှင့် သူတို့နှစ်ဦးကို စောင့်ကြို နေပေသည်။ ထိုလူရိပ်သည် ပုပုနှင့်လူ၏ မျက်နှာပြင်ပေါ်၌ ရှင်ပျံစွာ ပြုံးရယ်၍နေသော အသွင်ကို တွေ့ရကြရ၏။

သူ၏ဘယ်ဘက်လက်ထဲ၌ တစ်စုံတစ်ရာကိုပင် မ၍ ထား၏။ ထိုဘယ်ဘက်လက်ပြင်ပေါ်၌ အထုပ်တစ်ထုပ် ရှိ၏။

အထုပ်ပေါ်တွင်မူ စာရွက်တစ်ရွက် လူအေးနှင့် သံမဏိလက်တို့ကို စောင့်ကြိုနေသူမှာ ဝိဇ္ဇာကြီးတစ်ပါးပင် ဖြစ်၏။

သို့သော် ထိုဝိဇ္ဇာကြီးသည် လူအေးနှင့် သံမဏိလက်တို့ကို စကားမပြောပေ။ စကားပြောနိုင်သည့် အသက်ရှိနေသူတစ်ဦး မဟုတ်ပါချေ။

ထိုဝိဇ္ဇာကြီးမှာ သက်မဲ့ရုပ်ထုတစ်ခုသာလျှင် ဖြစ်နေပေသည်။ သက်မဲ့ရုပ်ထုက စကားမပြောနိုင်သော်လည်း ရုပ်ထု၏ဘယ်



ဘက် လက်ထဲရှိ အထုပ်ပေါ်မှ စာရွက်ကမူ လူအေးတို့ကို နားလည်နိုင်စွမ်း ရှိပေလိမ့်မည်။

စာရွက်ပေါ်တွင် စာကြောင်းဆယ်ကြောင်းခန့်ကို ထင်ရှားစွာ ရေးထားပေသည်။

"စုံစမ်းရေးမှူးကြီးနှစ်ယောက်ခင်ဗျား..

ဤဝိဇ္ဇာရုပ်ထု၏ လက်ပေါ်မှ ငွေထုပ်ထဲတွင် လျှို့ငွေငါးထောင်တိတိ ရှိပါသည်။ ဘုရားခန်းဆောင်ရဲ့ ညာဘက်ပေါက်ကနေ ဝင်လို့ရှိရင် အခန်းတစ်ခန်း ရှိပါတယ်၊ အဲဒီ အခန်းထဲမှာ သက်တောင့်သက်သာနဲ့ နားနားနေနေ နေထိုင်နိုင်ဖို့အတွက် စားပွဲတွေ၊ ထိုင်ခုံတွေ ချထားပါတယ်၊ စုံစမ်းရေးမှူးကြီးတို့က ငွေထုပ်ကို ယူပြီး အဲဒီအခန်းထဲမှာ မိုးလင်းတဲ့အထိ ထိုင်ပြီး နေကြပါ။ ထိုင်နေကြရင်း လက်ဆောင်ရတဲ့ ငွေတွေကို နောက်တစ်နေ့မှာ ဘယ်လိုအသုံးပြုမယ်ဆိုတာကို စဉ်းစားကြပါ၊ သတိပေးချင်တာ တစ်ခုတော့ ငွေကို ယူပြီး ဘုရားကျောင်းထဲက ချက်ချင်းထွက်ခွာမသွားကြဘဲ မိုးလင်းမှပဲ လိုရာခရီးကို ထွက်ခွာသွားကြပါလို့ ပြောလိုပါတယ်"

စာရွက်ပေါ်တွင် ရေးသားသူ၏နာမည် မပါရှိချေ။ သံမဏိလက်က ဝိဇ္ဇာရုပ်ထု၏လက်ပေါ်မှ ငွေထုပ်ကို မ၍ ယူလိုက်ပြီး...

"အင်း တို့ကို ဒီငွေတွေ ယူခိုင်းပြီးတော့ ဒီဘုရားကျောင်းထဲမှာ မိုးလင်းတဲ့အထိ နေခိုင်းတာပဲ လူအေးရေ၊ ဒါမှလဲ သူတို့တတွေဟာ သချိုင်းမြေထဲမှာ အနှောင့်အယှက် မရှိဘဲနဲ့ လှုပ်ရှားလုပ်ကိုင်လို့ ရမယ် မဟုတ်လား"

လူအေးက မသိမသာ ပြုံး၍...

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ကျွန်တော်တို့က ဒီငွေထုပ်ယူပြီး ကျောင်းထဲက ထွက်သွားကြမယ်ဆိုရင်ကော"

သံမဏိလက်က သူ၏လက်ထဲမှ ငွေထုပ်ကို ဆ၍ဆ၍ ကိုင်ကြည့်နေရင်းမှ သဘောကျစွာ ရယ်မောရင်း ပြောလိုက်သည်။

"ဟား...ဟား...ဟား၊ တို့နှစ်ယောက်ကို သူတို့က အပြင်က စောင့်ကြည့်နေမှာတော့ သေချာတယ် လူအေး၊ သူတို့ ပေးထားတဲ့ ငွေကို ယူသည်ဖြစ်စေ မယူသည်ဖြစ်စေ၊ တို့ အခုနေ ဘုရားကျောင်း ထဲက ထွက်လိုက်တာနဲ့ သူတို့က တို့နှစ်ယောက်ကို တိုက်ခိုက်ကြ တော့မှာပဲ"

"ရက်ကျိုတို့ အမှုထမ်းအဖွဲ့သားတွေ"

လူအေး၏စကားမှာ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။ သူသည် သတိလစ်ပြီး စကားစလိုက်မိခြင်း ဖြစ်၏။

သို့သော် သံမဏိလက်က မျက်ရိပ်မျက်ခြည် ပြမှုကြောင့် လူအေးမှာ သူ၏ပါးစပ်ကို ပိတ်ထားလိုက်၏။

သံမဏိလက်က အေးဆေးသော လေသံဖြင့်...

"ကဲ တို့နှစ်ယောက် အပြင်ကို စမ်းထွက်ကြည့်ရကြရအောင် လား"

ထို့နောက် သူတို့နှစ်ဦး အပြင်သို့ ထွက်လာကြလေသည်။ သံမဏိလက်က ငွေထုပ်ကို ကိုင် လာ၏။

စာရွက်ကိုမူ ရင်ဖုံးအိတ်ထဲ၌ ထည့်၍ သိမ်းဆည်းထားလိုက် လေတော့သည်။

♣ ♣ ♣



စွားဟူကျုန်း မြစ်ကမ်းပါးဆီသို့ လှမ်း၍ မျှော်ကြည့်လိုက်ကြ သည်။

ထိုအခါတွင် မြစ်ကမ်းပါးဆီမှ မီးရောင်များသည် လျှင်မြန် စွာဖြင့် သူတို့ထံသို့ ရွေ့လျားလာနေသည်ကို တွေ့လိုက်ကြရသည်။

ထို့ကြောင့် လူအေးနှင့် သံမဏိလက်တို့သည် အံ့သြသွားကြ ရလေသည်။

သေချာစွာ ကြည့်လိုက်သောအခါမှ ထိုမီးရောင်များသည် မြစ်ကမ်းပါးရှိ တံငါလှေငယ်များဆီမှ မီးရောင်များ မဟုတ်ကြဘဲ မီးပုံးများမှ မီးရောင်များ ဖြစ်နေသည်ကို တွေ့မြင်လိုက်ကြရသည်။

ထိုမီးပုံးများသည် ဆယ်လုံးကျော်ကျော်မျှ ရှိပြီး လျှင်မြန် စွာပင် တောင်ကုန်းအောက်မှ ရွေ့လျား၍ တက်လာနေကြ၏။

တောင်ကုန်းကလေးမှာ မြင့်မားလှခြင်း မရှိလှသဖြင့် ထို မီးပုံးများသည် ဘုရားကျောင်းတော်ရှေ့သို့ လျှင်မြန်စွာပင် ရောက် ရှိလာကြ၏။

လူအေးနှင့် သံမဏိလက်တို့ ဘုရားကျောင်းလှေကားမှ ဆင်းလိုက်လျှင်ပင် မီးပုံးကိုင် လူဆယ့်နှစ်ယောက်တို့နှင့် ရင်ဆိုင် လိုက်ရသည်။

ဝတ်စုံနက်နှင့်သိုင်းသမား ဆယ့်နှစ်ယောက် ဘယ်ဘက် လက်ထဲ၌ မီးပုံးများကို ကိုယ်စီကိုင်ထားကြသည်။

သူတို့၏ပခုံးထက်၌ ဆာမူရိုင်းဓားရှည်များက ထိုးထွက်နေ ကြလေသည်။

မျက်နှာများအားလုံးသည် တပုံစံတည်း ဖြစ်သည်။ မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာများကို အိုးမဲသုတ်ထားသည်။

မဟူရာ မျက်နှာပိုင်ရှင်များ၏ မျက်နှာပေါ်၌ ဝင်းလက်တောက်ပသော မျက်လုံးအစုံတို့ကို တွေ့ကြရသည်။

သံမဏိလက်က သူ၏လက်ထဲမှ ငွေထုပ်ကို မြေပေါ်သို့ လွှတ်ချလိုက်လေသည်။

ထိုမီးပုံးပျံကိုင် သိုင်းသမား ဆယ့်နှစ်ယောက်ကို လူအေးနှင့် သံမဏိလက်တို့က ရင်ဆိုင်တိုက်ခိုက်ခဲ့ဖူးပေသည်။

ပထမအကြိမ် တိုက်ခိုက်ခဲ့စဉ်က သူတို့သည် ကျန်းတစု၏ အသက်ကို သတ်ခဲ့ကြသူများ ဖြစ်သည်။

ယခုမူ သူတို့သည် လူအေးနှင့် သံမဏိလက်တို့၏ အသက်ဝိညာဉ်ကို ချွေယူရန် ရောက်ရှိလာကြခြင်းပင် ဖြစ်သည်။

လူအေးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး မည်းနက်သော မျက်နှာပိုင်ရှင် သိုင်းသမား ဆယ့်နှစ်ယောက်တို့သည် ခြေလှမ်းများ ရွေ့လျားလိုက်ကြပြီး ပစောက်ပုံ ခပ်ကျဲကျဲ ဝိုင်းရံထားကြ၏။

သံမဏိလက်က အေးစက်သော လေသံဖြင့် လှမ်း၍ အော်ပြောလိုက်သည်။

"ဟာ ဆာမူရိုင်းဓားသမား ဆယ့်နှစ်ယောက်ပါလား၊ ကျုပ်တို့တတွေ ဒုတိယအကြိမ် ထပ်တွေ့ပြန်ပြီနော်"

ထိုလူများက လုံးဝတုန့်ပြန်ပြောဆိုခြင်း မရှိကြချေ။ ထို့ပြင် သူတို့သည် တိုက်ခိုက်ရန်လည်း ဟန်မပြင်သေးဘဲ ရှိနေကြသည်။

လူအေးနှင့် သံမဏိလက်တို့အဖို့ သတိထားရမည်မှာ ရှိုတ်



ဓားကိုင် သိုင်းသမားသာလျှင် ဖြစ်၏။

ဆာမူရိုင်းဓားသမားဆယ်ယောက်၏ နောက်ကွယ်၌ ရှိုတ်ဓားကိုင်သိုင်းသမားက မလွဲမသွေ ပါရှိလာမည်မှာ သေချာပေ၏။

ဤပုံစံအတိုင်းပင် အချိန်အတန်ကြာမျှ ရပ်တန့်နေကြ၏။ အတန်ကြာသောအခါ လူအေးက စိတ်မရှည်နိုင်တော့ပါချေ။

သူ့ဓားကို ရွှမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်၏။

"ယား"

လူအေးက မာန်သွင်းအော်ဟစ်လိုက်ပြီး ဘယ်ဘက်သို့ ခုန်သွား၍ ဝင်ရောက်တိုက်ခိုက်လေတော့သည်။

"ထန်း...ထန်း"

"ယား"

"ဟိတ်"

"အား"

စကားမပြောသူများထံမှ အော်ဟစ်သံများ ပေါ်ထွက်လာသည်။ သံမဏိလက်ကမူ အလယ်မှနေ၍ ထိုးဖောက်တိုက်ခိုက်လိုက်သည်။

မီးပုံးသုံးလုံး မြေပေါ်ကျသွား၏။ တစ်လုံးက မီးသေသွားပြီး ကျန်နှစ်လုံးမှာမူ မီးထ၍ တောက်လောင်နေ၏။

လူအေးက နောက်သို့ ဆုတ်ခွာလာ၏။ ချက်ချင်းပင် သံမဏိလက်နှင့် ကျောချင်းကပ်လိုက်ကြသည်။

သို့သော် သူတို့မှာ ရောက်လာခါစကကဲ့သို့ လူဆယ့်နှစ်ယောက် မပြည့်တော့ပေ။ ကိုးယောက်သာ ရှိပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်မှာ မြေပေါ်ပေါ်တွင် လဲကျနေပြီ ဖြစ်သည်။ သံမဏိလက်က မာန်သွင်းအော်ဟစ်လိုက်ပြီး စတင်၍ တိုက်ခိုက်သည်။

"ဟိတ်"

"ထန်း...ထန်း"

ဓား၊ ဓားချင်း ထိခတ်သံများ ဆူညံသွား၏။ ဓားရောင်များက လျှပ်ပြက်သလိုနှယ် ဝင်းလက်၍ သွားပေသည်။

"ဝှစ်...ဝှစ်"

"ဝှစ်...ဝှစ်"

ထူးခြားသော ဓားခတ်သံကို သံမဏိလက်က သတိထားမိလေသည်။

ထို့ကြောင့် သူသည် နောက်သို့ ခုန်ဆုတ်လိုက်ပြီး သူ၏ညာဘက်မှ လူကို ကြည့်လိုက်၏။

"ထန်း...ထန်း"

"ဝှစ်...ဝှစ်"

"ချွင်"

ထိုလူ၏မျက်နှာပြင်မှာ ဖြူဖွေး၍ နေ၏။

လေကဲ့သို့ လျင်မြန်မှုဖြင့် ရောက်လာသော ချိတ်ဓားကိုင်သိုင်းသမားပင် ဖြစ်လေသည်။

"လူအေး"

သံမဏိလက်က လှမ်း၍ အော်ဟစ်လိုက်ပြီး ချိတ်ဓားကိုင်သိုင်းသမားထံသို့ ခုန်လွှားတိုက်ခိုက်လိုက်သည်။



လူအေးကလည်း သံမဏိလက်၏ ဘယ်လက်မှနေ၍ ဝင်ရောက်တိုက်ခိုက်လိုက်ပေသည်။

သူတို့၏ နောက်ဘက်မှာမူ ဆာမူရိုင်းဓားသမား ကိုးယောက် ကျန်ရစ်ခဲ့ကြလေသည်။

"ထန်...ထန်"

"ချွင်...ချွင်"

"အိး"

နောက်ဘက်မှ ပြေးတက်လာသော ဆာမူရိုင်းဓားသမားများ သူတို့နှစ်ဦး၏ အနားသို့ ရောက်လာချိန်၌ လူအေးနှင့် သံမဏိလက်တို့ ကျောချင်း ပြန်ကပ်မိသွားကြ၏။

ဆာမူရိုင်းဓားသမား နောက်ထပ်သုံးယောက် လဲကျသွားပြန်လေသည်။

နောက်ဘက်မှ ပြေးတက်လာသော လူသုံးယောက်ကို လူအေးက ဆီး၍ တိုက်ခိုက်လိုက်ပေသည်။

"ဗွိုး"

သံမဏိလက်က ထိတ်လန့်စွာဖြင့် ခေါင်းငုံ့၍ ရှောင်လိုက်ပြီး နောက်သို့ ဆုတ်ခွာသွားလိုက်သည်။

ချိတ်ဓားကောက်က သူ၏ခေါင်းမှ ဖဲကြိုးစကို ချိတ်ဆွဲယူသွားလေသည်။

"ယား"

သံမဏိလက်၏ မျက်လုံးအစုံမှာ မီးဝင်းဝင်းတောက်သွားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိတ်တေးကိုင်သိုင်းသမား၏ ခါးဆီသို့ သူ၏ဓားဖြင့် ဆီး၍ ထိုးလိုက်သည်။

သူ့ထံသို့ မည်းမည်းအရိပ်နှစ်ခုက တိုး၍ဝင်လာသည်။ စေစရောင်များသည် လျှပ်စီးလက်သည့်နှယ် သံမဏိလက်ထံသို့ တိုး၍ ဝင်လာကြပေသည်။

သံမဏိလက်က လျှပ်စီးတန်းများကြားထဲမှ တိုး၍ ဖြတ်ဝင်လိုက်ပြီး ကိုယ်ကို ရယာတ်ခြားတစ်ခုနှယ် လျှင်မြန်စွာ လှည့်လိုက်၏။

"အား"

"အီး"

အရိပ်နှစ်ခုသည် ဘေးသို့ လွင့်စဉ်ထွက်သွားပေသည်။

သံမဏိလက်သည် လျှင်မြန်စွာပင် လှည့်ပတ်ကြည့်လိုက်၏။ ချိတ်ဓားကိုင် သိုင်းသမားကို ရှာ၍ မတွေ့ရတော့ချေ။

မြေပေါ်တွင် လဲကျနေသော မီးပုံးများမှာ မီးလောင်ကျွမ်း၍ သွား၏။

လူအေးနှင့် တိုက်ခိုက်ခဲ့သော ဝတ်စုံနက်နှင့်လူနှစ်ဦးမှာလည်း မြေပေါ်တွင် လူးလှိမ့်၍ နေသည်ကို တွေ့လိုက်ရပြီး တစ်ဦးမှာမူ နောက်ဘက်သို့ ယိုင်ထိုးယိုင်ထိုးဖြင့် ဆုတ်ခွာသွားလေသည်။

သို့ရာတွင် ထိုစတ်စုံနက်သည် နောက်ဘက်သို့ ဆုတ်ခွာရင်း မြေပေါ်မှ အလောင်းတစ်လောင်းနှင့် တိုက်မိပြီး ပက်လက်လှန်၍ လဲကျသွားလေတော့သည်။

ထိုလူသည် မြေပေါ်မှ ပြန်၍လည်း ထလာခြင်းပင် မရှိတော့ချေ။



ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေ၏။ မြေပြင်ပေါ်မှ လဲလျှနေသော ဝတ်စုံနက်အချို့ထံမှ ညည်းညူသံများကိုသာ တစ်ချက်တစ်ချက်၌ ကြားရပေသည်။

လူအေးနှင့် သံမဏိလက်တို့သည် ယခုမှပင် ညည်းညူသံများနှင့် လေတိုးသံများကို ကြားရခြင်းပင် ဖြစ်၏။

စောစောပိုင်းကမူ သူတို့၏အကြားအာရုံထဲ၌ ဓားသံများ အော်ဟစ်မာန်သွင်းသံများကသာ လွှမ်းမိုး၍ နေခဲ့၏။

လူအေးက လှမ်း၍ မေးလိုက်သည်။

"အစ်ကိုသံမဏိလက် ဘာဖြစ်သွားသေးလဲ"

ဤသည်မှာ တိုက်ပွဲတစ်ခုကို တိုက်ပြီးသည့်အခါတိုင်း၌ လူအေးက သံမဏိလက်ကို မေးနေကျစကားပင် ဖြစ်သည်။

"ဘာမှ မဖြစ်ပါဘူး၊ မင်းကော"

သံမဏိလက်ကလည်း ဤသို့ပင် ပြန်၍ ဖြေတတ်ပြီး လူအေးကို ပြန်မေးတတ်လေ့ ရှိသည်။

လူအေးက သူ၏ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"ကျွန်တော် လုံးဝ မထိခိုက်ပါဘူး"

ဟု ဖြေလိုက်လေသည်။

သံမဏိလက်က သူ၏ဓားကို ဓားအိမ်ထဲသို့ ပြန်၍ ထိုးသွင်းသိမ်းဆည်းလိုက်၏။

ထို့နောက်...

ပြေကျနေသော ဆံပင်များကို သပ်၍ ပြင်လိုက်သည်။

လူအေးက မြေပြင်ပေါ်၌ အတုံးအရုန်း လဲကျနေကြသော

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနက်များကို လှည့်ပတ်ကြည့်ရှုရင်းမှ ပြောလိုက်၏။

"ဆာမူရိုင်းဓားသမား ဆယ့်နှစ်ယောက်တော့ ဇရဲပြည်ကို ဆင်းဖို့ သတင်းပို့နေကြပြီ၊ ရှေ့ဆက်ပြီးတော့ ဒီလူတွေ ဖြည်သူလူထုကို ဒုက္ခမပေးနိုင်ကြတော့ပါဘူး"

သံမဏိလက်က စိုးရိမ်သော လေသံဖြင့်...

"လူအေး ရှိတ်ဓားကိုင် သိုင်းသမားရဲ့ ဓားချက်တွေဟာ ကြောက်စရာကောင်းလောက်အောင် သွက်လက်ပြင်းထန်လွန်းတယ်၊ နောက်ထပ်တစ်ခါ သူနဲ့ တွေ့ရင်တော့ မင်းသတိထားပြီးတော့ တိုက်ပေါ့"

သံမဏိလက်ကပင် ဆက်၍ ပြောပြန်သည်။

"ကဲ တို့တွေ သချိုင်းကို အမြန်ဆုံး လိုက်သွားကြမယ်၊ ရှိတ်ဓားကိုင်သိုင်းသမားဟာ တို့တွေကို ထိန်းချုပ် မရနိုင်တာနဲ့ သချိုင်းဘက် ပြေးသွားတာ ဖြစ်ရမယ်၊ ဟိုမှာက သူ့လူတွေ ကိစ္စပြီးပြတ်သွားဦးမှာ မဟုတ်သေးဘူး"

သံမဏိလက်က မြေပြင်ပေါ်မှ ငွေထုပ်ကို ရှာဖွေကောက်ယူလိုက်သည်။

"ကဲ တို့တွေ အမြန်ခရီး ဆက်လိုက်ကြရအောင်"

သံမဏိလက်က ငွေထုပ်ကို ပိုက်၍ ရှေ့မှ ပြေးထွက်သွားလေသည်။

လူအေးကလည်း နောက်မှ ထက်ကြပ်မကွာပင် ပြေး၍ လိုက်သွားလေသည်။

♣ ♣ ♣



သူတို့နှစ်ဦးစလုံး ကိုယ်ဖော့ပညာကို အသုံးပြု၍ အမြန်ဆုံး ပြေးထွက်လာခဲ့ကြခြင်းပင် ဖြစ်သည်။

သချိုင်းအတွင်းသို့ အဝင် အုတ်ဂူသုံးလုံးခန့်ကို ဖြတ်ကျော်မိလျှင်ပင် လူတစ်ယောက်ကို ဘွားခနဲ တွေ့လိုက်ရသည်။

ညဘက်အချိန် ဖြစ်နေ၍ ကောင်းကင်ပေါ်မှ လရောင်နှင့်သာ ထိုလူ၏ပုံပန်းကို ခန့်မှန်း၍ ကြည့်နိုင်ပေသည်။

လရောင်၌ သူတို့ တွေ့လိုက်ရသောလူသည် အမှုထမ်းတစ်ဦး ဖြစ်ကြောင်း သိလိုက်ရ၏။

သုသာန်တစပြင်သည် ငြိမ်သက်တိတ်ဆိတ်နေ၏။

တိုက်ခိုက်သံများကို မကြားရသေးသဖြင့် ရဲကျိုနှင့် သူ၏ အမှုထမ်းတပ်ဖွဲ့ဝင်များ မလှုပ်ရှားကြသေးဟု သံမဏိလက်နှင့် လူအေးက ယူဆနေသည်။

ဓားပြအဖွဲ့ဝင်များ ရောက်ရှိလာခြင်း မရှိသေးဘဲ နေ၍လော။ သို့တည်းမဟုတ် လူအေးနှင့် သံမဏိလက်တို့ နှစ်ယောက်အား ဓားပြအဖွဲ့ခေါင်းဆောင်ကပင် လှည့်စားလိုက်လေပြီလော။

အုပ်ချုပ်ရေးအမှုထမ်းများကို ဤသုသာန်မြေ၌ စုရုံးစောင့်ကြစေပြီး သူတို့သည် အခြားတစ်နေရာတွင် ကြီးမားသော အကြံကြီးတစ်ရပ် ပြုလုပ်ဆောင်ရွက်နေကြသလော။

သချိုင်းအဝင်လမ်းဝ၌ ရပ်နေသော လူအနီးသို့ ရောက်လျှင် လူအေးနှင့် သံမဏိလက်တို့နှစ်ဦးမှာ မျက်မှောင်ကုတ်သွားမိကြသည်။

ထိုအမှုထမ်းသည် လျှို့ဝှက်စွာဖြင့် ပုန်းလျှိုးနေမည့်အစား

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့် ဤသချိုင်းအဝင်ဝ၌ ရပ်တန့်နေရကြောင်း သဘောပေါက်သွားကြ၏။

အစကနဦးကမူ လူအေးနှင့် သံမဏိလက်တို့သည် ထိုအမှုထမ်းကို ဤနေရာ၌ တာဝန်နှင့် စောင့်ကြပ်၍ ရပ်နေသည်ဟု အမှတ်တမဲ့ ထင်လိုက်ကြမိသည်။

သို့ရာတွင် ထိုအမှုထမ်း၏မျက်နှာကို သေချာစွာ မြင်လိုက်ရလျှင် ဝို၍ ထိတ်လန့်အံ့အားသင့် တုန်လှုပ်သွားကြရလေသည်။

ထိုအမှုထမ်းသည် ကို့ကျုံးစိန် ဖြစ်နေသည်။

ကို့ကျုံးစိန်သည် လူအေးနှင့် သံမဏိလက်တို့ကို နှုတ်မဆက်နိုင်ချေ။

မည်သည့်စကားကိုမျှလည်း ပြောဆိုနိုင်စွမ်း မရှိတော့ပါချေ။

ကို့ကျုံးစိန်မှာ အသက်ကင်းမဲ့နေပြီ ဖြစ်သည်။

အသက်ကင်းမဲ့နေပြီ ဖြစ်သည်ကို သူ၏မျက်နှာပြင်ပေါ်၌ တွေ့မြင်ရသော အခြေအနေ အရပ်ရပ်တို့က ဖော်ပြနေ၏။

ကို့ကျုံးစိန် လည်ပင်းတွင် ကြိုးတစ်ချောင်း ရပ်ပတ်၍ နေ၏။

ထိုလည်ပင်းမှ ကြိုးသည် သူ၏ကိုယ်လုံးကြီးကို ပင့်မ၍ ထားပေသည်။

ကြိုးစက လမ်းဘေးတစ်ဘက်ရှိ သစ်ပင်ပေါ်တွင် ရစ်ပတ်ချည်နှောင်ထားပြီး ကျန်ကြိုးတစ်စကိုမူ အခြားတစ်ဘက်ရှိ သစ်ပင်၌ ချည်နှောင်ထားပေသည်။



အဝေးမှ နေ၍ အမှတ်တဲ့ လှည့်ကြည့်လိုက်မည်ဆိုလျှင် ကို့ကျုံးစိန်အား အမှုထမ်းဝတ်စုံနှင့် မတ်တတ်ရပ်နေသည်ကိုသာ တွေ့နိုင်ပေသည်။

ကို့ကျုံးစိန်၏ခါးတွင် ဓားတစ်လက် ချိတ်ဆွဲထားပြီး ညာလက်က ဓားရိုးပေါ်တွင် တင်၍ထား၏။

လူအေးက နားမလည်ဟန်ဖြင့် ရေရွတ်မေးမြန်းလိုက်မိသည်။

“ဘယ်လိုတွေများ ဖြစ်ကုန်ပြီလဲ အစ်ကို”

ကြိုတင်၍ ရောက်ရှိနေကြရမည့် ရဲကျို၏အမှုထမ်းမှာလည်း မည်သည့်နေရာ၌ ရောက်ရှိနေကြသနည်း။

အကယ်၍ ထိုအမှုထမ်းများ ရှိနေကြမည်ဆိုလျှင် ကို့ကျုံးစိန်ကို ဤအတိုင်း ပစ်ထားကြမည် မဟုတ်ပါချေ။

“ဟေး”

“ထန်း…ထန်း”

“ချွင်…ချွင်”

သုသာန်မြေအတွင်းပိုင်းမှ အော်ဟစ်လိုက်သံနှင့် ဓားချင်းထိခတ်သံများ ပေါ်ထွက်လာ၏။

သူတို့နှင့် မဝေးလှသော နေရာဆီမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ လူအေးနှင့် သံမဏိလက်တို့သည် အခြားဘာမျှ စဉ်းစားချိန် မပြုတော့ဘဲ သုသာန်အတွင်းသို့ တဟုန်ထိုး ပြေးလွှား၍ ဝင်ရောက်သွားကြပေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းကလေးအိုက်လင်း၏ အုတ်ဂူရှေ့သို့ ရောက်ရှိလာခဲ့ကြ၏။

ပတ်ဝန်းကျင်သည် လုံးဝတိတ်ဆိတ်၍ ငြိမ်သက်နေ၏။ လူအေးနှင့် သံမဏိလက်တို့သည် ချက်ချင်းပင် အခြေအနေကို ရိပ်စားမိလိုက်ကြပြီ ဖြစ်သည်။

တိုက်ခိုက်မှု လုံးဝမရှိသော ဤနေရာမှ တိုက်ခိုက်သံများ ပေါ်ထွက်လာစေခြင်းမှာ သူတို့နှစ်ဦးကို ဤနေရာသို့ ရောက်ရှိလာစေရန်အတွက် ငထောင်ချောက်ဆင်လိုက်ခြင်းသာလျှင် ဖြစ်ပေသည်။

ဤသို့ဆိုလျှင် သူတို့နှစ်ဦးသည် ရန်သူ၏ ထောင်ချောက်ထဲသို့ ဝင်လာခဲ့ကြပေပြီ။ ယခုမှပင် အုတ်ဂူများ၏ နောက်ကွယ်မှ နေ၍ လူရိပ်များ ပေါ်ထွက်လာကြ၏။

သူတို့နှစ်ဦးကို ဘေးပတ်လည်မှ ဝိုင်းရံထားလိုက်ကြသည်။ သို့သော် ထိုလူများ၏ အရေအတွက် အများအပြားတော့ မဟုတ်ချေ။

လူဆယ့်နှစ်ယောက်ကျော်ခန့် ရှိမည်ဟု ထင်၏။

"ဘယ်လို ဖြစ်ကုန်ပြန်ပြီလဲ"

ဟု လူအေးနှင့် သံမဏိလက်တို့ မစဉ်းစားနိုင်ကြပါ။ ထိုလူရိပ်များသည် သူတို့၏ရန်သူများသာ ဖြစ်ကြောင်း၊ ဝန်းရံချဉ်းကပ်လာသော ပုံစံအရ ချက်ချင်းရိပ်စားလိုက်မိကြ၏။

သူတို့အားလုံးက လက်ထဲ၌ ဓားလွတ်များကို အသီးသီး ကိုင်ဆောင်ထားကြလေသည်။

ထို့ပြင် ဝတ်စုံနက်များကိုလည်း ဝတ်ဆင်ထားကြ၏။ ထိုစဉ်



မှာပင် မီးပုံးတစ်လုံး၏ အလင်းရောင် ပေါ်ထွက်လာသည်။

ထိုမီးပုံးသည် လူအေးနှင့် သံမဏိလက်တို့နှစ်ဦးရှေ့၌ ရပ်တန့်လိုက်၏။ ထိုမီးပုံး ကိုင်ထားသူ၏မျက်နှာကို လှမ်း၍ တွေ့မြင်လိုက်ရသည်။

ထိုလူ၏မျက်နှာကို မီးပုံးမှ မီးရောင်ဖြင့် တွေ့မြင်ရခြင်း ဖြစ်သည်။ လူအေးနှင့် သံမဏိလက်တို့သည် မီးပုံးကိုင်ဆောင်ထားသူ၏ မျက်နှာကို မြင်ဖူးတွေ့ဖူးသည်ဟု ထင်မှတ်နေမိ၏။

သို့သော် မည်သည့် နေရာတွင် တွေ့ဖူးမြင်ဖူးသည်ကိုမူ ရုတ်တရက် စဉ်းစား၍ မရနိုင်အောင် ဖြစ်နေမိ၏။

ဝန်းရံထားကြသော လူအားလုံး၏ခြေလှမ်းများမှာ ရပ်တန့်လိုက်ကြ၏။

ထိုလူများသည် သူတို့၏မျက်နှာများကို ရုပ်ဖျက်ထားခြင်းမျိုး မရှိကြပါချေ။ သံမဏိလက်က ရုတ်တရက်လှမ်း၍ မီးပုံးကိုင်ထားသူအား ပြောလိုက်၏။

"ခင်ဗျားကို မြင်ဖူးသလိုပဲ"

ထိုလူက သဘောကျစွာ ရယ်မောလိုက်ပြီး...

"ဟဲ..ဟဲ၊ မြင်ဖူးမှာပေါ့၊ ကျုပ်နဲ့ စုံစမ်းရေးမှူးကြီးတို့ တစ်ကြိမ်တွေ့ဖူးခဲ့လို့ စကားတောင် ပြောခဲ့ကြသေးတယ်"

"ဘယ်နေရာမှာပါလိမ့်"

"စီးဂေဟာက အဝင်တံခါးပေါက်မှာ"

ထိုအခါမှ လူအေးက မှတ်မိသွားပြီး...

"ဟုတ်ပြီ၊ ခင်ဗျားနဲ့ ကျုပ်တို့ စီးဂေဟာ ဝင်းတံခါးပေါက်

www.burmeseclassic.com

www.burmeseclassic.com



မှာ တွေ့ခဲ့ဖူးတာပဲ၊ ခင်ဗျားဟာ စီးဂေဟာရဲ့ တံခါးစောင့်တစ်ဖွဲ့မှူး ကြီး မဟုတ်လား"

သံမဏိလက်ကလည်း ထိုလူကို မှတ်မိသွားပြီး...

"ဒြော် စီးဂေဟာကနေ ထွက်ပြေးတိမ်းရှောင်သွားတဲ့ လူ ဆယ့်နှစ်ယောက်ထဲမှာ ခင်ဗျားလဲ ပါနေတာကိုး၊ ဒါနဲ့ မေးစမ်းပါရစေ ဦး၊ သေဆုံးသွားတဲ့ စီးဂေဟာသခင်ကြီး စီးရှောင်ဖုန်းကတော့ စီးဂေ ဟာရဲ့ မြေအောက်တိုက်ခန်းထဲမှာ ရွှေငွေရတနာတွေဟာ တော် တော်များတယ်လို့ ပြောသွားပါတယ်၊ ဒါပေမယ့် ကျုပ်တို့ ဆင်းကြည့် ကြတော့ တစ်ခုမှ မတွေ့တော့ဘူး၊ ခင်ဗျားတို့တတွေ ဘယ်အချိန်က တည်းက ရွှေ့ပြောင်းထားခဲ့ကြတာလဲ"

"အဟဲ..ဟဲ..ဟဲ၊ ကျုပ်တို့ခေါင်းဆောင်ကြီး ရောက်လာပြီး အမိန့်ပေးလို့ ကျုပ်တို့တတွေ မြေအောက်ဥမင်လမ်းတစ်ခုကနေ မြေတိုက်ခန်းထဲကို ဝင်ပြီး ပစ္စည်းတွေ အကုန်လုံးကို သယ်ထုတ်ခဲ့ ကြတာပဲ၊ အဲဒီအချိန်မှာ ခင်ဗျားတို့နဲ့ စီးဂေဟာသခင်ကြီးတို့က အပေါ်မှာ အသေအကျေ တိုက်ခိုက်နေချိန်ပေါ့"

သံမဏိလက်က မဲ့ပြုံးပြုံးလိုက်သည်။

"အဲဒီ ပစ္စည်းကို ခင်ဗျားတို့တတွေ ညတွင်းချင်းမှာပဲ လီအို ချီရဲ့ သချိုင်းအုတ်ဂူထဲမှာပဲ ထည့်သွင်းပြီး ဖွက်ထားခဲ့ကြတယ် ဆိုပါ တော့"

"ဟုတ်တယ်"

သံမဏိလက်က ထပ်မံ၍...

"လီအိုချီရဲ့ ခေါင်းထဲမှာ ကျုပ်တို့ ရှာကြည့်ပြီးပါပြီ၊ ခေါင်းထဲ



မှာ ဘာပစ္စည်းမှ မရှိတော့ဘူး၊ အဲ ကျောက်ဖြူကလေးတစ်ပွင့်တော့ တွေ့ခဲ့မိပါရဲ့၊ ခင်ဗျားတို့က ဘာဖြစ်လို့ ဒီရတနာပစ္စည်းတွေကို ဟိုရွှေ့ ဒီရွှေ့ ခဏခဏ လုပ်နေကြရတာလဲ"

ထိုလူက အေးစက်စွာဖြင့် ရယ်မောလိုက်ပြီး...

"ရွှေ့ရမှာပေါ့၊ ကျုပ်တို့ ပစ္စည်းမြှုပ်နှံစဉ်မှာ လူတစ် ယောက်က တွေ့သွားတာကိုးဗျ"

"ဘယ်သူ တွေ့သွားတာလဲ၊ စုံစမ်းရေးမှူး ကိုစန်းယု မဟုတ်လား"

ထိုလူက ဦးခေါင်းကို ညိတ်လိုက်ပြီး...

"ဟုတ်တယ်၊ ကျုပ်တို့တတွေ ရတနာပစ္စည်းတွေ မြှုပ်နှံနေ တာကို ကိုစန်းယု တွေ့သွားတယ်၊ သူက ကျုပ်တို့ရဲ့ပစ္စည်းတွေ မြှုပ် နှံထားတဲ့ အုတ်ဂူကို ဖောက်ကြည့်ဖို့ ကြံစည်ကြိုးစားနေလို့ ကျုပ်တို့ရဲ့ ခေါင်းဆောင်ကြီးက အပျောက်ရှင်းခိုင်းလိုက်တာပေါ့"

သံမဏိလက်က ရုတ်တရက် ဝင်မေးလိုက်၏။

"ခင်ဗျားတို့ရဲ့ ခေါင်းဆောင်ကြီးက ဘယ်သူလဲ"

ဤအခါတွင်မူ ထိုလူက ပြန်မဖြေတော့ဘဲ ပါးစပ်ပိတ်၍ ထားပေသည်။ ထိုစဉ် အမှောင်ထဲမှ အသံတစ်သံ ပေါ်ထွက်လာ၏။

"စီးကုသေရတော့မယ့် လူတွေကို ငါ့နာမည် ပြောပြလိုက် ပါကွာ၊ ကိစ္စမရှိပါဘူး"

ထိုအခါမှပင် စီးကုဆိုသောလူက ပြောလိုက်သည်။

"ကျုပ်တို့ရဲ့ ခေါင်းဆောင်ကြီးနာမည် 'ထန်ထိန်စု'လို့ခေါ် တယ်"

www.burmeseclassic.com

www.burmeseclassic.com



လူအေးနှင့် သမဏိလက်တို့သည် ထန်ထိန်စုဟူသော နာမည်ကို ကြားမိလိုက်လျှင် လွန်စွာ အံ့အားသင့်သွားကြရလေတော့သည်။

တစ်ကိုယ်လုံးမှာလည်း အေးစက်တောင့်တင်းသွားသည်ဟု ထင်မှတ်လိုက်မိကြလေတော့သည်။

♣ ♣ ♣

"ထန်ထိန်စု"

ထန်ဟူသော အမျိုးအနွယ်စာလုံးကို ကြားလိုက်ရလျှင်ပင် သိုင်းလောကတွင် မတရားမှုများ၊ ဆိုးသွမ်းမှုများဖြင့် နာမည်ပျက် နေပြီ ဖြစ်သည့် ထန်ဂေဟာကို စဉ်းစားမိနိုင်၏။

ထန်ဂေဟာသည် သိုင်းလောကကြီးတစ်ခုလုံးကို လွှမ်းမိုး ချယ်လှယ်ချင်သော အကြံအစည်နှင့် ရည်မှန်းချက် ထားရှိသော အဖွဲ့ ဖြစ်၏။

ထန်ဂေဟာ၏ ကြီးမားသော နှစ်ရှည်စီမံကိန်း လှုပ်ရှားမှု များမှာ နာမည်ကြီး သိုင်းအဖွဲ့အစည်းများကို ချေမှုန်းပစ်ခြင်း၊ ငွေ ကြေးပစ္စည်းများ ရှာဖွေစုဆောင်းခြင်းတို့ပင် ဖြစ်သည်။

ဤကိစ္စများကို လျှို့ဝှက်စွာ ကြံစည်ဆောင်ရွက်နေခြင်း ဖြစ် ၍လည်း ထန်ဂေဟာ၏ လှုပ်ရှားမှုကို သိုင်းလောကသားများက သတိမပြုမိခဲ့ကြချေ။

စီးဂေဟာနှင့် ပတ်သက်သော အမှုအခင်း ပေါ်ပေါက်ခဲ့ပြီးမှ



ထန်ဆေးကျန်းနှင့် အဖွဲ့သားအား သုတ်သင်ဖော်ထုတ်ပြီးမှသာလျှင် ဤကိစ္စရပ်ကြီးကို သိုင်းလောကမှ သိရှိခဲ့ကြရလေသည်။

ထိုအချိန်က ထန်ဆေးကျန်းတို့ ပါဝင်သော အဓိက ခေါင်း ဆောင်ခြောက်ဦးအနက် နံပါတ်တစ်ခေါင်းဆောင်၏ အမည်ကို မသိ ရသလို လူကိုလည်း ရှာဖွေမတွေ့နိုင်ဘဲ ကွယ်ပျောက်ခဲ့ရပေသည်။

ယခုပင် ထိုသို့ ကွယ်ပျောက်နေသော အဓိကကျသည့် ခေါင်းဆောင်ဖြစ်သူနှင့် အဖွဲ့သား ဆယ့်နှစ်ယောက်တို့ ပေါ်ထွက် လာကြလေသည်။

အမှောင်ထုထဲမှ အသံထပ်မံ ထွက်ပေါ်လာ၏။

"ဟုတ်တယ်၊ ကျုပ်နာမည် ထန်ထိန်စုပဲ၊ ကျုပ်ကို ခင်ဗျား တို့တွေ အခုမှ တွေ့ဖူးကြတာ မဟုတ်ပါဘူး၊ ကျုပ်ကို တွေ့ရင် ခင်ဗျားတို့ မှတ်မိကြမှာပါ၊ ခင်ဗျားတို့နှစ်ယောက်ရဲ့နောက်ကို ကျုပ် ကချည်း ကပ်လာခဲ့ပေမယ့် ကျုပ် ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျားတို့ တတွေ မသိခဲ့ကြဘူးလေ"

အမှောင်ထုထဲမှ လူတစ်ယောက် ပေါ်ထွက်လာ၏။

ထိုလူသည် ရှေ့သို့ လျှောက်လာပြီး မီးပုံးကိုင်ထားသော စီးကု၏အပါး၌ ရပ်လိုက်၏။

ထိုလူကား ချိတ်ဓားကိုင် ဓားသမားပင် ဖြစ်၏။

လူအေးက ချိတ်ဓားကိုင်ဓားသမား ထန်ထိန်စု၏ ခြေအစုံကို တစ်ချက်မျှ ကြည့်လိုက်ပြီး ပြောလိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားကို ကျုပ် အစက မသိခဲ့ဘူး၊ ဒါပေမယ့် ခင်ဗျားကို ကျုပ်သံသယဝင်နေတာ ကြာပါပြီ၊ အရာရှိမင်း ဂူးထိန်

www.burmeseclassic.com

www.burmeseclassic.com



ယင်ရဲ့ မျက်နှာကြောင့် ခင်ဗျားကို ကျုပ်တို့က စစ်လားဆေးလား မလုပ်တာ"

ထန်ထိန်စု၏ခြေအစုံ၌ မြက်ကြိုးသိုင်းဖိနပ်ကို စီး၍ထား၏။

ထန်ထိန်စု၏ ခြေဖဝါးအစုံမှာ ထူးထူးခြားခြားပင် ကျယ်ပြန့်လှပေသည်။

ထို့ကြောင့်...

လူအေးက အမည်မသိသိုင်းသမားဟု အမည်ပေးထားသော ငူးထိန်ယင်၏အပါးတော်မြဲ သက်တော်စောင့် ချိတ်ခားကိုင် သိုင်းသမား ထန်ထိန်စုပင် ဖြစ်သည်။

အမည်မသိသိုင်းသမား၏အမည်ကို ယခုမှ သိကြလေသည် ဖြစ်သည်။

စကားမပြောသော လူသည် ယခု စကားပြောပြီ ဖြစ်သည်။

အရာရှိမင်း ငူးထိန်ယင်သည် လူပေါင်းမှားပြီ ဖြစ်သည်။

မြွေပွေးခါးပိုက်ပိုက်ထားမိပြီ ဖြစ်သည်။

ထန်ထိန်စုသည် အုပ်ချုပ်ရေး အရာရှိမင်း ငူးထိန်ယင်၏ လောင်းရိပ်ကိုခိုကာ ကိုယ်ယောင်ဖျောက်ထားနိုင်ခဲ့၏။

သံမဏိလက်က အေးစက်သော လေသံဖြင့်...

"ခင်ဗျားတို့တတွေဟာ ကို့စန်းယုကို သတ်တယ်၊ နောက်ပြီးတော့ ကျန်းတစုကို သတ်တယ်၊ ဒါပေမယ့် ကို့စန်းယုကို ဘယ်လိုနည်းနဲ့ သတ်ပစ်လိုက်တာလဲ"

"ဒါကို ကျုပ်တို့တွေးလို့ မရဘူး၊ အဆိပ်မိပြီး သေဆုံးခဲ့တာတော့ ထင်ရှားတယ်"



ထန်ထိန်စုက...

"ဟုတ်တယ်၊ ကို့စန်းယုဟာ အဆိပ်မိပြီး သေဆုံးသွားတာ မှန်တယ်၊ ဒါပေမယ့် ကို့စန်းယုကို ကျုပ်သတ်တာ မဟုတ်ဘူး"

ထန်ထိန်စု၏စကားကြောင့် လူအေးနှင့် သံမဏိလက်တို့ အံ့အားသင့်သွားလေ၏။

"ကို့စန်းယုကို ကျုပ်တို့ မသတ်ဘူးဆိုတာက သူတို့ကို ကျုပ်တို့အနေနဲ့ လုပ်ကြံဖို့ မလွယ်ဘူး၊ ဒီတော့ လူတစ်ယောက်ကို မက်မောလောက်တဲ့ ငွေပေးပြီး ကို့စန်းယုကို အဆိပ်ခတ်နိုင်းလိုက်တယ်၊ ကို့စန်းယုဟာ သူတို့ကိုတော့ ယုံကြည်စိတ်ချလို့ အဲဒီ လူတွေကျွေးတဲ့ အစားအစာကိုလဲ မစစ်ဆေးဘဲ စားလေ့ရှိတယ်"

သံမဏိလက်က နားမလည်စွာဖြင့်...

"ဘယ်သူလဲ ကျန်းတစုလား"

ထန်ထိန်စုက သူ၏ဦးခေါင်းကို ခါယမ်းလိုက်သည်။

ထို့နောက် ရယ်မောလိုက်ကာ...

"စုံစမ်းရေးမှူး ရဲကျိုကိုယ်တိုင်လား"

ထန်ထိန်စုက ရယ်မောနေရာမှ...

"ရဲကျိုက ကျုပ်တို့လူ မဟုတ်ပါဘူး၊ ဒါပေမယ့် သူ့ကိုလဲ ကျုပ်က နေ့လည်ကပဲ သူ့ရဲ့စာဖတ်ခန်းထဲမှာ အပြတ်ရှင်းပစ်လိုက်ပြီလေ"

လူအေးက ထိတ်လန့်တုန်လှုပ်စွာ မေးလိုက်သည်။

"ဟင် ရဲကျိုကိုလဲ ခင်ဗျားတို့ သတ်ပစ်လိုက်ကြပြီ ဟုတ်လား၊ ဘာဖြစ်လို့ သတ်ပစ်လိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထန်ထိန်စုက သဘောကျစွာ ရယ်မောလိုက်သည်။

"သူက ကျုပ်တို့ကို စောင့်ပြီး ဖမ်းဖို့ စီစဉ်နေတယ်လေ၊ ဒါကြောင့် ကျုပ်က သူ့ရဲ့အကြံအစည်ကို အချိန်မီ တားလိုက်ရတာပေါ့၊ ဒါကြောင့် ဒီညမှာ ပစ္စည်းတွေကို အနှောင့်အယှက်ကင်းကင်းနဲ့ ဖယ်ထုတ်နိုင်ကြတာပေါ့"

သံမဏိလက်က ကြာပန်းကလေးအိုက်လင်း၏ အုတ်ဂူကို ငုံ၍ ကြည့်လိုက်လေသည်။

အုတ်ဂူအား ဖောက်ထွင်းထားခြင်းမျိုး မတွေ့ရသဖြင့် အံ့သြသွားမိကြလေသည်။

"ဟင် ခင်ဗျားတို့ အုတ်ဂူကို ဖောက်ထွင်းပြီး ပစ္စည်းတွေကို ဘယ်ထုတ်သွားပြီပေါ့၊ ဟောဒီ အုတ်ဂူထဲမှာ ထားတာလား"

ထန်ထိန်စုက အေးစက်စွာ ရယ်မောလိုက်လေသည်။

"အဲဒီ အုတ်ဂူထဲမှာ ဘာမှမရှိပါဘူး၊ အဲ အလောင်းနှစ်လောင်းတော့ ရှိတယ်၊ လီအိုချီရဲ့အုတ်ဂူထဲက အလောင်းကို ကျုပ်တို့က ဟောဒီ အုတ်ဂူထဲက အမျိုးသမီးနဲ့ ပေးစားထားလိုက်တယ်၊ ဟား...ဟား...ဟား၊ ဒါကလဲ ခင်ဗျားတို့တတွေကို ကျုပ်က လှည့်စားလိုက်တာလေ"

"ကို့စန်းယုရဲ့အလောင်းနားမှာ လီအိုချီရဲ့ မှတ်တိုင်ကျောက်ပြားကလေးကို ကျုပ်တို့က ခွဲပြီး တမင်သက်သက် ချထားခဲ့တာ၊ ဒါမှ ခင်ဗျားတို့ လီအိုချီရဲ့အုတ်ဂူကို စိတ်ဝင်စားမှာ မဟုတ်လား"

ထန်ထိန်စုက တစ်ချက်ရယ်မောလိုက်သည်။

ပြီးမှ...



"ကျုပ်တို့ဟာ လီအိုချီရဲ့အုတ်ဂူကို ဖောက်ပြီးတော့ အလောင်းကို ထုတ်တယ်၊ အစကတော့ ကျုပ်တို့လဲ မသိဘူး၊ အလောင်းဟာ လီအိုချီလို့ပဲ ထင်နေတာ၊ ဟောဒီက ကြာပန်းကလေးအိုက်လင်းရဲ့ ခေါင်းထဲမှာ ရောထည့်ပေးလိုက်တယ်"

"လွတ်နေတဲ့ခေါင်းကို ကျုပ်တို့ ရွှေငွေပစ္စည်းတွေ ထည့်နေတုန်း ကို့စန်းယုက လာချောင်းတယ်၊ ဒါနဲ့ ကျုပ်တပည့်တွေကို လွှတ်ပြီး သတ်ခိုင်းလိုက်တယ်၊ မမိလိုက်ဘူး၊ ကို့စန်းယုဟာ လွတ်မြောက်သွားတယ်"

ထန်ထိန်စုက ခေတ္တမျှနားကာ ဆက်ပြောလိုက်ပြန်လေသည်။

"ဒီတော့ ကျုပ်တို့တွေဟာ ဒီပစ္စည်းကို လီအိုချီရဲ့ အုတ်ဂူမှာ ဘယ်ထားရဲတော့မှာလဲ၊ ဒီတော့ တခြားနေရာကို ပြောင်းပြီး ပြန်ထားရတာပေါ့၊ ကျုပ်တို့ရဲ့ပစ္စည်းတွေကို ဟောဟို ခပ်လှမ်းလှမ်းက အုတ်ဂူထဲမှာ သွားပြီး မြှုပ်လိုက်ကြရတယ်"

လူအေးက မေးလိုက်သည်။

"လီအိုချီရဲ့ အုတ်ဂူထဲမှာ ဘာပစ္စည်းမှ မရှိတော့ဘာဘဲ၊ ခင်ဗျားက ဘာဖြစ်လို့ ကို့စန်းယုကို သတ်ပစ်လိုက်တာလဲ"

ထန်ထိန်စုက ခေါင်းညိတ်လိုက်သည်။

"သူက ကျုပ်တို့ရဲ့လျှို့ဝှက်ချက်တွေကို သိသွားခဲ့တယ်လေ၊ ပြီးတော့ သူက ကျုပ်နဲ့ ကျုပ်အဖွဲ့တွေရဲ့ မျက်နှာကို တွေ့ကောင်းတွေ့သွားနိုင်တယ်၊ ဒီတော့ ကို့စန်းယု သေသွားတာပဲ ကောင်းတယ်၊ ကျုပ်တို့အဖို့ ပိုပြီး စိတ်ချလက်ချ ရှိသွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



လူအေးက သူသိလိုသော အချက်ကို ထပ်မေးလိုက်သည်။

"ကို့စန်းယုကို ဘယ်သူက အဆိပ်ခတ်တာလဲ"

ထန်ထိန်စုက သဘောကျစွာ ရယ်မောလိုက်ပြီး...

"သူ့ရဲ့တူပေါ့။ ကို့ကျုံးစိန်ပေါ့"

သံမဏိလက်က ထိုစကားကြောင့် လွန်စွာ ထိတ်လန့်အံ့ဩသွားမိရပေသည်။

"ဘာ ကို့ကျုံးစိန် ဟုတ်လား"

သံမဏိလက်က စကားဆက်လိုက်ပြန်သည်။

"ဒါဖြင့် ကို့ကျုံးစိန်က ခင်ဗျားတို့အဖွဲ့ဝင်တစ်ယောက်ပေါ့ ဟုတ်လား"

ထန်ထိန်စုက ခေါင်းကို ခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ ကို့ကျုံးစိန်ဟာ ကျုပ်တို့ရဲ့ အဖွဲ့ဝင်တစ်ယောက်ဆိုရင် သူ့ကို ဒီကနေ့ညမှာ နှုတ်ပိတ်သတ်ဖြတ်စရာ အကြောင်း ရှိပါတော့မလား၊ ဟင်း ခင်ဗျားတို့နှစ်ယောက် ကို့ကျုံး စိန်ကို တွေ့ခဲ့ကြပြီ မဟုတ်လား"

လူအေးက ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ဟင် ခင်ဗျားတို့တတွေဟာ လူသတ်ဘီလူးတွေပဲ"

ထန်ထိန်စုက အေးစက်စွာ ရယ်မောလိုက်ပြီး...

"ဟုတ်တယ် သတ်ရမယ်၊ ကျုပ်တို့ရဲ့အသက်နဲ့ရင်းပြီး တိုက်နိုက်လုယက်ထားတဲ့ ရွှေငွေတွေဟာ မြို့ကြီးတစ်မြို့ တည်ဆောက်နိုင်လောက်အောင် များပြားလှပါတယ်၊ နောက်ပြီးတော့ ဒီရတနာပစ္စည်းတွေဟာ ထန်ဂေဟာရဲ့ ပင်မဘဏ္ဍာရေး အသုံးစရိတ်တွေ



ဖြစ်တယ်"

"ဒီတော့ ကျုပ်တို့အနေနဲ့ ဒီပစ္စည်းတွေကို ဘယ်နည်းနဲ့မှ အဆုံးအရှုံး မခံနိုင်ဘူး၊ လူတွေ ဘယ်လောက်သတ်ရသတ်ရ သတ်ပစ်ရမှာပဲ၊ အခု ခင်ဗျားတို့နှစ်ယောက်လဲ ငရဲပြည်ကို ပို့ရတော့မယ်"

လူအေးက တစ်ချက်ရယ်မောလိုက်သည်။

"ကျုပ်တို့ သေသွားရင် ဘယ်တော့မှ ငရဲပြည်ကို ရောက်မှာ မဟုတ်ဆိုဘူးတာ သေချာတယ်"

ထန်ထိန်စုက သဘောကျစွာ ရယ်မောရင်း...

"ဟုတ်မှာ ခင်ဗျားတို့လို ဥပဒေဘက်တော်သားတွေ ရှိရင် ငရဲပြည်မရောက်တာပဲ ကောင်းတယ်၊ ဒါမှမဟုတ်ရင် ကျုပ်တို့လို ဒုစရိုက်သမားတွေနဲ့ ခင်ဗျားတို့လို ဥပဒေဘက်တော်သားတွေ ငရဲပြည်မှာ ဆုံပြီး စစ်ပွဲကြီး ပွဲကြီးပွဲကောင်း ခင်းနေရမယ်၊ ဟား...ဟား...ဟား"

ထန်ထိန်စုက အားရပါးရ ရယ်မောလိုက်သည်။

သူ၏ရယ်မောသံမှာ သချိုင်းမြေအတွင်း၌ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



လူအေးသည် သူ၏ခါးမှ ဓားကို ရှမ်းကနဲမြည်အောင် ဆွဲထုတ်ယူလိုက်သည်။

ထန်ထိန်စုက ရယ်မောနေရာမှ...

"ဟုတ်ပြီ..ဟုတ်ပြီ၊ ကျုပ်တို့က သေရင် ငရဲပြည်သွားရမယ့် လူတွေ၊ ခင်ဗျားတို့ကသေရင် နတ်ပြည်သွားရမယ့် လူတွေ၊ ဒါကြောင့် အခုလို လူ့လောကကြီးထဲမှာ တွေ့ဆုံကြတုန်းမှာ တိုက်ခိုက်ကြရအောင်၊ ဒါမှမဟုတ်ရင် တမလွန်ဘဝမှာ မဆုံဆည်းနိုင်ကြတော့ဘဲ ယှဉ်ပြိုင်ခွင့် မရလိုက်ဘဲ ဖြစ်နေလိမ့်မယ်၊ ဟဲ..ဟဲ..ဟဲ"

ထန်ထိန်စုက ပြောပြောဆိုဆိုပင် သူ့ရှိတ်ဓားကို ငါးမန်းသားရေအိတ်ထဲမှ ဆွဲထုတ်လိုက်လေသည်။

သံမဏိလက်ကလည်း သူ၏ဓားကို ဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်လေသည်။

လူအေးက အေးစက်စွာဖြင့်...

"အင်း နှစ်ယောက်ကို အများနဲ့ တိုက်ခိုက်လဲ မမှုပါဘူး၊ ခင်ဗျားတို့လူတွေ ကုန်ပြီလား"

ထန်ထိန်စုက...

"အခုလို အများနဲ့ ဝိုင်းတိုက်ရတာတော့ မကောင်းတာ အမှန်ပဲ၊ ဒါပေမယ့် သိုင်းပညာချင်း ယှဉ်ပြိုင်တဲ့ ပွဲမျိုး မဟုတ်လို့ပါ၊ ခင်ဗျားတို့နှစ်ယောက် ငရဲပြည်ကို မသွားချင်ဘူးဆိုရင်လဲ နတ်ပြည်ကို ပို့ပေးပါ့ရစေ"

လူအေးက ခြေတစ်လှမ်းတိုးလိုက်သည်။

လူအေးသည် တိုက်ပွဲကို စတင်ရန် ခြေလှမ်းစလိုက်ခြင်းပင်



ဖြစ်လေသည်။

ထန်ထိန်စုက နောက်ဘက်သို့ ခြေလှမ်းတစ်လှမ်း ဆုတ်ခွာသွားသည်။

တဆက်တည်းမှာပင် လက်ထဲမှ ရှိတ်ဓားကို အပေါ်သို့ မြှောက်လိုက်လေသည်။

ထိုအခါ ဝတ်စုံနက်ဆယ့်နှစ်ယောက်တို့သည် လျင်မြန်စွာ ရွေ့လျားပြီး လူအေးတို့အား ဝိုင်းရံထားလိုက်လေတော့သည်။

သံမဏိလက်က ဓားကို မြှောက်ရင်း...

"ဒီနေ့ ညမှာတော့ ကျုပ်တို့ သေရင်သေ၊ မသေရင်တော့ သေမယ့်လူဟာ.."

ထန်ထိန်စုက သံမဏိလက်၏စကား ကြားဖြတ်ပြောလိုက်သည်။

"ခင်ဗျား မဟုတ်ရင် ကျုပ်ပေါ့"

ထန်ထိန်စုက ပြောပြီးသည်နှင့်...

"ယား"

ထိုအချိန် ဓားချင်းထိသံများ ပေါ်ထွက်လာလေသည်။

လူအေးနှင့် သံမဏိလက်တို့ ဘေးပတ်ပတ်လည်၌ လျှပ်စီးများ လက်သကဲ့သို့ ဓားရောင်များ ဝင်းလက်၍ သွားလေသည်။

လူအေးနှင့် သံမဏိလက်တို့သည် သူ၏ဘေးပတ်ပတ်လည်မှ ဝတ်စုံနက်များကို တစ်ချက်မျှ ဦးခေါင်းလှည့်ပတ်ကြည့်၍ အကဲခတ်လိုက်သည်။

ဦးခေါင်းနက်များသည် ဓားများကို ဝှေ့ယမ်းကာ ဝက်ဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန် ဝန်းရံလျက် ရှိသည်။

ထန်ထိန်စုက မလှုပ်မယှက် ရပ်နေလေသည်။

"အား"

ဓားရောင် လျှပ်စီးတန်းများက ရုတ်တရက် လူအေးနှင့် သံမဏိလက်တို့ထံသို့ ပြေးဝင်လာလေသည်။

အော်ဟစ်မာန်သွင်းသံများ၊ ထိုးခုတ်သံများ၊ ဓားချင်းထိသံများ ဆူညံသွားလေသည်။

ဝတ်စုံနက်များက ဝင်ရောက်တိုက်ခိုက်လိုက်သည်နှင့် လူများ ရောထွေး၍ ရှုပ်ယှက်ခတ်သွားလေတော့သည်။

ဓားသံများ ငြိမ်သွား၏။

လူအေးနှင့်သံမဏိလက်တို့သည် ကျောချင်းကပ်၍ ရပ်နေကြသည်။

လူအေး၏ဘယ်ဘက်လက် အင်္ကျီစမှာ စုတ်ပြဲ၍ ကျနေလေသည်။ သူတို့နှစ်ဦး၏ ဓားသွားများပေါ်၌ သွေးများ စွန်းပေ၍ နေလေသည်။

မြေပြင်ပေါ်၌ ဝတ်စုံနက်များ ရှစ်ယောက် လဲကျနေ၏။

ချက်ချင်းပင် ထန်ထိန်စုကို ရှာဖွေကြည့်ရှုလိုက်လေသည်။

သို့သော် ထန်ထိန်စုအား မတွေ့ရတော့ချေ။

ထန်ထိန်စုမှာ ပျောက်ကွယ်နေလေတော့သည်။

လူအေးသည် သူတို့ကို ဝိုင်းရံထားသော ဝတ်စုံနက်များကို လျင်မြန်စွာ လှည့်ပတ်ကြည့်လိုက်၏။

ထို့နောက် သံမဏိလက်ကို လျင်မြန်စွာ တီးတိုးစကား



ပြောလိုက်သည်။

"ခင်ဗျားနားမှာ လဲနေတဲ့လူကို သတိထား"

ထိုအခါ သံမဏိလက်သည် သူနှင့် ငါးပေခန့် အကွာ၌ မှောက်လျက်သား လဲကျနေသော လူအား သတိထား၍ ကြည့်လိုက်မိလေသည်။

"ယား"

မှောက်လျက်သား လဲကျနေသူသည် ရုတ်တရက် ခုန်လွှားကာ ထလိုက်လေသည်။ ဝင်းလက်တောက်ပသော ဓားရောင်က မြေပြင်ပေါ်မှ နေ၍ ပင့်ထိုးတက်လာလေသည်။

လူအေးက အချိန်မီ သတိပေးလိုက်နိုင်သဖြင့်သာ သေချင်ဟန်ဆောင်နေသောသူ၏ ဓားချက်ကို မမိလိုက်ခြင်းပင် ဖြစ်လေသည်။

သံမဏိလက်က သူ့ထံသို့ အောက်ဘက်မှပင့်၍ ဝင်လာသော ဓားချက်ကို မိမိရရ ခတ်ထုတ်လိုက်သည်။

သို့သော် ဓားသည် ဘေးသို့ လွင့်စဉ်သွားခြင်းမရှိဘဲ သံမဏိလက်၏ဓားနှင့် ငြိနေလေသည်။

သံမဏိလက်၏ဓားနှင့် ငြိနေသော ဓားမှာ ချိတ်ဓားတစ်လက်ပင် ဖြစ်လေသည်။

"တောက် တော်တော်အရှက်မရှိတဲ့လူပဲ"

သံမဏိလက်က ဒေါသတကြီး ဟစ်အော်ပြောရင်း သူ၏ဓားကို အားကုန်ပင့်တင်လိုက်သည်။ ထိုအခါ ထန်ထိန်စု၏ခန္ဓာကိုယ်မှာ အထက်သို့ မြောက်တက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်ထိန်စု၏ခန္ဓာကိုယ်သည် လေထဲတွင် တစ်ပတ်ကျွမ်းဝင်ပြီးမှ မြေပေါ်သို့ ပြန်ကျလာလေသည်။

သံမဏိလက်က ထန်ထိန်စုအား ဓားဖြင့် ခုန်၍ ခုတ်လိုက်လေသည်။

"ထန်း"

ပြင်းထန်သော ဓားချက်ကြောင့် မီးပွားများ ဖွာခနဲ ဖြာထွက်လာလေသည်။

ထန်ထိန်စုက မြေပေါ်သို့ ခြေအစုံကျမလာမီမှာပင် သွက်လက်လှသဖြင့် သံမဏိလက်၏ဓားချက်ကို ခုခံနိုင်လိုက်သည်။

ထိုစဉ်မှာပင် ဝတ်စုံနက်တို့က တပြိုင်တည်း တိုးဝင်တိုက်ခိုက်လိုက်ကြပြန်သည်။

"ထန်း..ထန်း"

"ချွင်..ချွင်"

ဓားသံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

လူအေးက ဝတ်စုံနက်မှန်သမျှကို သွက်လက်လျင်မြန်လွန်းသော ဓားချက်ဖြင့် လှည့်ပတ်ထိုးခုတ် တိုက်ခိုက်နေပေသည်။

လူအေး၏ဓားချက်ကြောင့် ဝတ်စုံနက်လေးဦးမှာ အော်ဟစ်ရင်း မြေပေါ်သို့ လဲကျသွားလေသည်။

သံမဏိလက်၏ရှေ့သို့ ဝတ်စုံနက်နှစ်ယောက် တိုးဝင်လာ၏။ ဘယ်ညာနှစ်ဘက်မှလည်း တိုးဝင်လာလေသည်။

ထိုလူများ၏ ဓားချက်များက သူ၏ကိုယ်ပေါ်သို့ စုပြုံကျလာသဖြင့် သံမဏိလက်မှာ ငုံ၍ရှောင်ပြီး ကိုယ်ကို တစ်ပတ်မျှ လှည့်



ထွက်လိုက်ရသည်။

သံမဏိလက်၏ ဘေးပတ်ပတ်လည်၌ ဓားရောင်များ ရှပ်ထွေးစွာ ဖြတ်သန်းသွားကြလေသည်။

သူသည် ဝတ်စုံနက်များကြားထဲမှ ထန်ထိန်စုအား လျင်မြန်စွာ ရှာဖွေလိုက်လေသည်။

သို့သော် ထန်ထိန်စုမှာ ကွယ်ပျောက်နေလေသည်။

"ဝှစ်..ဝှစ်..ဝှစ်"

ဓားကို ဝှေ့ယမ်းပြီး စီးကုက ရုတ်တရက် တိုးဝင်လာလေသည်။

စီးကုက သံမဏိလက်ရှေ့မှ ဝင်လိုက်သည်။ ကျန်ဝတ်စုံနက်လေးယောက်က ဘေးမှညှပ်၍ တိုက်ခိုက်သည်။ သံမဏိလက်က စကြာတစ်ခုနှယ် လှည့်ပတ်၍ ခုခံတိုက်ခိုက်လိုက်လေသည်။

"အား"

စီးကုသည် အသံကုန်အော်ရင်း နောက်သို့လန်၍ လဲကျသွားလေသည်။

"ဝှစ်..ဝှစ်"

"အား..အား"

သံမဏိလက်၏ ဓားချက်များမှာ ပြင်းထန်သည်။ တိကျသည်။ ရန်သူများ လဲကျသွားလေသည်။

ထို့ကြောင့် စီးကုနှင့်အတူ ဝတ်စုံနက်သုံးဦးမှာ မြေပေါ်သို့ လဲကျသွားခြင်း ဖြစ်သည်။

ထိုစဉ် သံမဏိလက်၏ နောက်ကျောဘက်မှ ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



လေဟာပ်သလို ခံစားလိုက်ရသည်။

အတွေ့အကြုံ ရင့်ကျက်၍ နားပါးနေပြီ ဖြစ်သော သိုင်းသမားတစ်ဦးအနေဖြင့် ဤအခြေအနေမျိုးနှင့် ကြုံလျှင် မည်သို့မည်ပုံ ဖြစ်လာမည်ကို သိထားပြီး ဖြစ်သည်။

သိလိုက်သည်နှင့် တပြိုင်နက် ဘေးဘက်သို့ လှည့်ကာ တိမ်းရှောင်ပေးလိုက်လေသည်။

သူ့ထံသို့ တိုးဝင်လာသော အလင်းရောင်တန်းကို ဓားဖြင့် ခုတ်ထုတ်လိုက်လေသည်။

"ထန်း"

မီးပွားများ ဖြာထွက်ကျလာသည်။

သံမဏိလက်၏ နောက်ဘက်မှ တိုက်ခိုက်လိုက်သူမှာ ထန်ထိန်စုပင် ဖြစ်သည်။

ထန်ထိန်စုက ပျောက်ကွယ်နေရာမှ ရုတ်တရက် အလစ်ဝင်ရောက်တိုက်ခိုက်သူတစ်ယောက် ဖြစ်သည်။

ထန်ထိန်စု၏ မျက်လုံးအစုံမှာ မီးဝင်းဝင်းတောက်နေလေသည်။

"ဟိုင်း"

ထန်ထိန်စုက ရူးရှူး အော်ဟစ်လိုက်ပြီး တရကြမ်း ဇွယမ်းထိုးခုတ် တိုက်ခိုက်လိုက်သည်။

ယခုအချိန်တွင် လူအေးနှင့် ဝတ်စုံနက်သုံးယောက်တို့မှာ ရင်ဆိုင်တိုက်ခိုက်နေသည်။

သံမဏိလက်မှာမူ ထန်ထိန်စုနှင့် ဝတ်စုံနက်နှစ်ဦးကို ရင်



ဆိုင်တိုက်ခိုက်နေသည်။ ဝတ်စုံနက်စုစုပေါင်း ငါးယောက်မျှသာ ကျန်တော့သည်။

လူအေး၏ခန္ဓာကိုယ်ပေါ်တွင် အနည်းဆုံး ဓားဒဏ်ရာသုံးချက်မျှ ထိထားပြီး ဖြစ်သည်။

သံမဏိလက်၏ ဘယ်ဘက်ပါးပြင်ပေါ်၌လည်း ရှပ်ထိထားသော ဓားချက်တစ်ချက် ရှိနေပေသည်။

ထန်ထိန်စု၏ ဓားချက်များမှာ ပို၍ပို၍ ပြင်းထန်လာလေသည်။ ထန်ထိန်စု၏ မျက်လုံးအစုံအတွင်းမှ ကြောက်စရာကောင်းလောက်အောင် ဒေါသအရိပ်အရောင်များက ထွက်ပေါ်နေလေတော့သည်။

"ထန်း...ထန်း"

"အား"

လူအေးဘက်မှ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

သံမဏိလက်မှာ လှည့်မကြည့်နိုင်အားပါ။

ထိုအော်ဟစ်သံများသည် လူအေး၏အသံ မဟုတ်ကြောင်း သံမဏိလက်က သိထားလိုက်သည်။

သံမဏိလက်သည် သူ့ထံသို့ ဦးတည်နေသော ဓားသုံးလက်ကို ရှောင်တိမ်းခုခံနေရသည်။

ထန်ထိန်စု၏ချိတ်ဓားသည် သံမဏိလက်၏ပခုံးကို ချိတ်ဆွဲလိုက်သည်။

"အင့်"

သံမဏိလက်က ခပ်အုပ်အုပ် အော်ဟစ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိတ်ခါးက သံမဏိလက်၏ ဘယ်ဘက်ပခုံးစွန်းကို မိမိရရ ဖောက်ဝင်နေ၏။

ဆန်အိတ်ကို စူးချိတ်ကောက်နှင့် ချိတ်ဆွဲလိုက်သကဲ့သို့ ထိုး ဖောက်ဝင်နေ၏။

သံမဏိလက်၏ ညာဘက်လက်မှဓားသည် ထန်ထိန်စု၏ ရင်ဝတည့်တည့်သို့ တန်းဝင်သွားသည်။

"ဖတ်"

ထန်ထိန်စုက သူ၏လက်ဖြင့် သံမဏိလက်၏ ဓားကိုင်သော လက်ကို ဖမ်းဆုပ်ထားလိုက်သည်။

သံမဏိလက်၏တစ်ကိုယ်လုံးမှာ ထုံကျင်သွားမတတ် ခံစားလိုက်ရသည်။

ထိုစဉ် ဝတ်စုံနက်နှစ်ဦး၏ ဓားနှစ်လက်က တစ်ဘက်တစ်ချက်စီမှ သူ၏နံကြားသို့ တိုးဝင်လာလေသည်။

သံမဏိလက်မှာ နောက်ဆုတ်၍ မရသလို ရှေ့တိုး၍လည်း မရချေ။

သူ၏ဘေးနှစ်ဘက်သို့လည်း သူ၏အသက်ဝိညာဉ်ကို ချွေနှုတ်ယူမည့် ဓားဦးချွန်က ရောက်ရှိလာလေသည်။

ထိုစဉ်..

"ဝှစ်"

"အား"

သံမဏိလက်၏ ဘယ်ဘက်မှ ဝတ်စုံနက်မှာ အော်ဟစ်၍ လဲကျသွားလေသည်။



ထိုအခါ သူ၏ညာဘက်မှ ဝတ်စုံနက်၏ဓားဦးချွန်က သံမဏိလက်၏နံကြားကို ဖောက်ဝင်လာတော့သည်။

"အား"

သံမဏိလက်က သူ့ခါးကို ရုတ်တရက် ကော့ပေးလိုက်သည်။ ညာဘက်မှ ဝတ်စုံနက်၏ဓားဦးချွန်က သံမဏိလက်၏ နံကြားမှ ကပ်လျက် ပွတ်ထွက်သွားပေတော့သည်။

"ရှူင်"

"ဝှစ်...ဝှစ်"

"အား"

ထိုဝတ်စုံနက် လဲကျသွားသည်။

ထန်ထိန်စုက သံမဏိလက်ကို လွှတ်၍ နောက်သို့ ခုန်ဆုတ်၍ ပေးလိုက်လေသည်။

သံမဏိလက်မှာ ရှေ့သို့ ဟပ်ထိုးလဲကျသွားသည်။

ချိတ်ခါးက သံမဏိလက်၏ပခုံးမှ အသားကို ဖွဲ့ယူသွားလေသည်။

လူအေးက ထန်ထိန်စုထံသို့ ခုန်လွှားကာ တိုက်ခိုက်လိုက်လေသည်။

သံမဏိလက်သည် မြေပြင်ပေါ်သို့ သုံးလေးပတ်ခန့် လိမ့်သွားပြီးမှ ထလိုက်နိုင်သည်။

လူအေး ဝင်ရောက်တိုက်ခိုက်လိုက်သဖြင့် သံမဏိလက်မှာ အသက်ဘေးမှ လွတ်မြောက်သွားလေသည်။

လူအေးအား ဝင်ရောက်တိုက်ခိုက်ကြသော ဝတ်စုံနက်သုံး

www.burmeseclassic.com

www.burmeseclassic.com



ယောက် ကျဆုံးသွားသည်။

ချက်ချင်းပင် လူအေးသည် သံမဏိလက်ဘက်မှ ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ထန်ထိန်စု လက်ထဲ၌ သံမဏိလက် ရောက်နေသည်ကို တွေ့လိုက်ရသဖြင့် လူအေးသည် လျင်မြန်စွာ ပြေးလွှား၍ တိုက်ခိုက်လိုက်လေသည်။

သံမဏိလက်၏ဘေးမှ ဝတ်စုံနက်နှစ်ယောက်ကို ဦးစွာ ရှင်းလင်းလိုက်သည်။

လူအေးက ထန်ထိန်စုကိုပါ ဆက်လက်ထိုးခုတ် တိုက်ခိုက်လိုက်သဖြင့် ထန်ထိန်စုမှာ သံမဏိလက်ကို လွှတ်၍ နောက်သို့ ခုန်ဆုတ်ပြီး ရှောင်တိမ်းပေးလိုက်ရ၏။

သံမဏိလက်၏ အသက်ဘေးမှ လွတ်မြောက်သွားခဲ့ပြီ ဖြစ်သည်။

သို့သော် သူ၏ပခုံးမှ အသားစတစ်ခုကို ဖဲ့ယူခြင်း ခံလိုက်ရလေသည်။

သံမဏိလက်၏ လက်ထဲမှ ဓား လွတ်ကျသွားသည်။

လူအေးက ထန်ထိန်စုအား တရကြမ်း တိုက်ခိုက်နေသည်။

♣ ♣ ♣



ထန်ထိန်စုသည် ခုခံတိုက်ခိုက်ရင်း ထွက်ပြေးရန် ကြံရွယ်လိုက်လေသည်။

သူ့အားထားရသော တပည့်ဝတ်စုံနက်များမှာ လဲကျသေဆုံးသွားပြီ ဖြစ်သည်။

ဆာမူရိုင်းဓားသမားဆယ်နှစ်ယောက်တို့မှာ ထန်ထိန်စု၏တပည့်များ မဟုတ်ချေ။ လူတစ်ယောက် အဖွဲ့တစ်ဖွဲ့သာ ဖြစ်သည်။

ထိုလူသည် ယခုအချိန်လောက်ဆိုလျှင် များပြားလှသော ရွှေငွေရတနာပစ္စည်းများကို ထုပ်ပိုးပြင်ဆင်ပြီးလောက်ပြီ ဖြစ်၏။ မြင်းလှည်းပေါ်သို့ တင်ဆောင်ပြီးစီးလောက်ပြီ ဖြစ်သည်။

ဤသို့ဆိုလျှင် သူတို့နှစ်ယောက် သွားကြရုံသာ ဖြစ်သည်။ ဤမြို့ ဤဒေသမှ ထွက်ပြေးပြီး ကိုယ်ရောင်ဖျောက်ကြရုံသာ ရှိပေတော့သည်။

အမှန်တွင်မူ လူအေးနှင့် သံမဏိလက်တို့ကို ယခုအချိန်ထက် ပို၍ ကြာကြာ တိုက်ခိုက်နိုင်စွမ်း ရှိ၏။ သို့သော် သူ့အနေဖြင့် ဆက်လက် မတိုက်ခိုက်လိုတော့ပါ။

ထန်ထိန်စုက လူအေး၏ဓားချက်ကို ပြင်းထန်စွာ ခတ်ထုတ်လိုက်ပြီး လှစ်ခနဲ ရှောင်ထွက်လိုက်သည်။

ထို့နောက် ထန်ထိန်စုက အဝေးသို့ ပြေးသွားလေသည်။

သံမဏိလက်က လေပေါ်သို့ တစ်ချက်ခုန်ကာ လက်ထဲရှိ ဓားဖြင့် ပေါက်လိုက်လေသည်။

"ယား"

"အား"

www.burmeseclassic.com

www.burmeseclassic.com



ထန်ထိန်စုက အော်ဟစ်၍ နောက်သို့ လနိလဲကျသွားလေသည်။

အမှန်တွင် သံမဏိလက်က ပေါက်ဓားဖြင့် ပေါက်လိုက်ချိန်၌ ထန်ထိန်စုသည် လမ်းဘေးရှိ သစ်ပင်တစ်ပင်ကြားသို့ ပြေးလွှားရောက်ရှိသွားသည်။

ထိုသစ်ပင်များကြားသို့ ဝင်လိုက်လျှင် သူ၏ခန္ဓာကိုယ်မှာ ကွယ်ပျောက်သွားလေသည်။

ထိုနေရာ၌ သစ်ပင်ချုံပုတ်များ ထူထပ်စွာ ပေါက်ရောက်နေသည်။

သံမဏိလက် ပစ်လိုက်သော ဓားသည် ထန်ထိန်စုအား မထိပါချေ။ ထိုဓားသည် ချုံပုတ်ထဲသို့ တိုးဝင်သွားသည်။

ထန်ထိန်စု အော်ဟစ်လဲကျသွားမှသာ သံမဏိလက် ပစ်လိုက်သောဓားက ထန်ထိန်စု၏ဦးခေါင်းထက်က ကျော်ဖြတ်သွားသည်။

ထိုဓားသည် ထန်ထိန်စုကို ထိမသွားသော်လည်း ထန်ထိန်စုမှာ နောက်သို့ လန်လဲကျသွားခဲ့ပေသည်။

"အား"

ထန်ထိန်စုသည် မြေပေါ်၌ ပက်လက်လန်လဲကျလျက် ညည်းညူနေသည်။ သူ၏ရင်ဝ၌ သွေးများ တပွက်ပွက် ပန်းထွက်နေလေသည်။

သံမဏိလက်နှင့် လူအေးတို့ ထိုနေရာသို့ ပြေးလွှားရောက်ရှိလာသည်။



ထန်ထိန်စုသည် သူ၏ဘေးဘက်မှ ချုံပုတ်များကို မျက်လုံးအပြူးသားနှင့် ကြည့်နေ၏။

လူအေးနှင့် သံမဏိလက်တို့မှာ ရပ်ကြည့်နေမိသည်။

ထိုချုံအတွင်းမှ ဓားတစ်ချောင်း ထွက်လာသည်။ ထိုဓားပေါ်၌ သွေးများ စွန်းထင်းနေလေသည်။

ထိုဓားပေါ်မှ သွေးများသည် ထန်ထိန်စုကိုယ်မှ စွန်းထင်းနေသော သွေးများပင် ဖြစ်သည်။

ထိုချုံထဲမှ လူတစ်ယောက် ထွက်လာသည်။ ထိုလူသည် လူအေးနှင့် သံမဏိလက်တို့အား မျက်လုံးပြူးကာ ကြည့်နေလေသည်။

သံမဏိလက်နှင့် လူအေးတို့သည် ထိုလူကို မြင်လိုက်သောအခါ အလွန်အံ့သြသွားလေသည်။

ထိုလူသည် အစိမ်းရောင်ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားသည်။ ထိုလူမှာ အရာရှိမင်း ဂူးထိန်ယင်ပင် ဖြစ်လေသည်။

ဂူးထိန်ယင်၏ရင်ဝ၌ ဓားတစ်ချောင်း စိုက်ဝင်နေလေသည်။ ထိုဓားကား သံမဏိလက် ပစ်လိုက်သောဓားပင် ဖြစ်သည်။

သံမဏိလက် ပစ်လွှင့်လိုက်သော ဓားမှာ ဂူးထိန်ယင်၏ရင်ဝသို့ တည့်မတ်စွာ ဝင်သွားခြင်းပင် ဖြစ်သည်။

ထိုအချိန်၌ ဂူးထိန်ယင်သည် ချုံတွင်းမှ ဖြတ်ကျော်လာသော ထန်ထိန်စုအား ဓားဖြင့် ထိုးချလိုက်ခြင်း ဖြစ်သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားချေပြီ။

လူအေးသည် အလွန်ခေါင်းအေးသူပီပီ သူ၏အတွေးများသည် ချက်ချင်းပင် အလုပ်လုပ်လာလေသည်။

ဝူးထိန်ယင်သည် အဘယ်ကြောင့် ရောက်ရှိလာသနည်း။ သူ၏အားထားရသော ကိုယ်ရံတော် ထန်ထိန်စုနှင့် ဆာမူရိုင်းဓား သမားများသည် ဝူးထိန်ယင်၏ လက်ရွေးစင် လူသတ်သမားများ ဖြစ်ကြသည်မှာ မလွဲပေ။

ဤသို့ဆိုလျှင် ဗီးဂေဟာနှင့် ရိုးဂေဟာတို့ လုယက်မီးရှို့ သတ်ဖြတ်မှုများ ကျူးလွန်သော လူတစ်စု၏ခေါင်းဆောင်မှာ ဝူးထိန်ယင်ပင် ဖြစ်နေသည်မှာ သေချာလှပေ၏။

သူသည် သံမဏိလက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ သံမဏိလက်ကလည်း သူ့အား လှည့်ကြည့်နေ၏။

သူတို့သည် အတွေးကိုယ်စီ ဖြစ်ပေါ်ခဲ့သော်လည်း အဖြေက တစ်ခုတည်း ဖြစ်သည်မှာ မလွဲပေ။

သို့သော် ဝူးထိန်ယင်သည် သူ၏အားအထားရဆုံးသော ထန်ထိန်စုအား အဘယ်ကြောင့် သတ်လိုက်ရပါသနည်း။

ကံကြမ္မာသည် အလွန်ဆန်းကြယ်သည်ဟု ဆိုရပေမည်။ ဝူးထိန်ယင်က ထန်ထိန်စုအား သတ်လိုက်ခြင်းမှာ နှုတ်ပိတ်ရန် ဖြစ်ရမည်။

သို့သော် သံမဏိလက်၏ဓားသည် ဝူးထိန်ယင်အား ပစ်ပေါက်လိုက်ခြင်း မဟုတ်ပါ။

ဝူးထိန်ယင်က ထိုနေရာတွင် ပုန်းအောင်းနေမှန်းလည်း မသိ



ရိုးအမှန်ပါ။

သို့သော် သူက ထန်ထိန်စုအား ဓားဖြင့် ပေါက်လိုက်သော အခါ ထန်ထိန်စုက ကောင်းစွာ ရှောင်တိမ်းနိုင်ခဲ့သည်။

အကယ်၍ ဝူးထိန်ယင်က ရုတ်တရက် ပုန်းကွယ်ရာမှ ထ၍ အလစ်မသတ်ခဲ့လျှင် ထန်ထိန်စု လွတ်မြောက်သွားမည်သာ ဖြစ်သည်။

ဝူးထိန်ယင်မှာလည်း သံမဏိလက်၏ဓားကို ထိမှန်မည် မဟုတ်ပါ။

ယခုမူ ဝူးထိန်ယင်က ထန်ထိန်စုအား လျှပ်တပြက် ဝင်ရောက်ထိုးသတ်သော အချိန်တွင် တိုက်တိုက်ဆိုင်ဆိုင် သံမဏိလက် ပစ်လွှင့်လိုက်သော ဓားသည် သူ၏ရင်ဝသို့ ထိုးစိုက်သွားလေသည်။

ကံကြမ္မာ၏ လှည့်စားခြင်းဟု ဆိုမည်ဆိုလျှင် ဆိုနိုင်သည် ဖြစ်၏။

သူတို့နှစ်ယောက်သည် ယင်းသို့ တွေးတောဆင်ခြင်နေရင်းမှ ဝူးထိန်ယင်အား ပြိုင်တူကြည့်မိကြလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဦးထိန်ယင်သည် မြေပေါ်၌ ထိုင်ချလိုက်သည်။

သံမဏိလက်က သူ့ထံ ပြေးဝင်သွားပြီး သွေးကြောဖိတ် ပေးလိုက်လေသည်။

တဖန် အိတ်ထဲမှ ဆေးဝါးယူပြီး ဓားကို ဆွဲထုတ်လိုက်ပြီး ဒဏ်ရာကို ဆေးထည့်ပေးလိုက်သည်။

ဦးထိန်ယင်းက မောဟိုက်စွာဖြင့် သံမဏိလက်တို့နှစ်ယောက်အား ကြည့်နေသည်။

လူအေးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျားကို အခုလို အခြေအနေမျိုးမှာ တွေ့ရလိမ့်မယ်လို့ မမျှော်လင့်မိတာ အမှန်ပါပဲဗျာ"

ဦးထိန်ယင်က မချိပြုံး ပြုံးလိုက်သည်။

"ဒါပေါ့လေ၊ လောဘရမက်ဆိုတာ အရှိန်သတ်လို့ မရတော့ အခုလိုပဲ ခံရမှာပဲ"

သံမဏိလက်က...

"ခင်ဗျား ဘာကြောင့် ထန်ထိန်စုကို သတ်လိုက်ရတာလဲ"

"ရတဲ့ပစ္စည်းတွေ တစ်ယောက်ထဲ အပိုင်စီးချင်လို့ပေါ့"

သံမဏိလက်က သက်ပြင်းချလိုက်သည်။

"ကျုပ်က ခင်ဗျားရှိလိမ့်မယ်လို့လဲ မထင်မိဘူး"

"ကျုပ်က ခင်ဗျားကို ပစ်တာ မဟုတ်ဘူးဗျ၊ ခင်ဗျားရှိလိမ့်မယ်လို့လဲ ကျုပ်က မထင်မိဘူး"

ဦးထိန်ယင်က...

"ဟုတ်ပါတယ်"



သံမဏိလက်က...

"ခင်ဗျားရဲ့ ရည်ရွယ်ချက်က သူ့ကို နှုတ်ပိတ်လိုက်ရင် ကျုပ်တို့ ခင်ဗျားအကြောင်း သိထားတာတောင် သက်သေအထောက်အထား မပြနိုင်တာနဲ့ စွပ်စွဲလို့ မရဘူး၊ နောက်ပြီး ရတဲ့ ပစ္စည်းလဲ တစ်ဦးထဲ အပိုင် ဖြစ်မယ်လို့ ကြံစည်လိုက်တယ် မဟုတ်လား"

ဦးထိန်ယင်က...

"ဟုတ်ပါတယ်၊ ကျုပ်အကြောင်း သိသွားရင်လဲ ထွက်ပြေးတိမ်းရှောင်ဖို့ ပစ္စည်းတွေတောင် မြင်းလှည်းပေါ် အဆင်သင့်တင်ထားပြီကွ"

လူအေးက သက်ပြင်းချလိုက်သည်။

"ခင်ဗျားရဲ့ ရာထူးအဆင့်ဟာ မသေးဝါ၊ လူရိုသေ ရှင်ရိုသေတဲ့ ရာထူးပါ၊ ဘာဖြစ်လို့ အခုလို ကြံစည်ချင်ရတာလဲ"

ဦးထိန်ယင်က ရယ်မောလိုက်သည်။

သို့သော် ဒဏ်ရာကြောင့် မရယ်နိုင်ဘဲ ချောင်းတဟွတ်ဟွတ် ဆိုးလိုက်လေသည်။

အမောပြေသွားတော့မှ...

"လောကပေါ်မှာ လူသားတွေကို ဖျက်ဆီးတာ ငွေရယ်၊ ရာထူးရယ်၊ မိန်းမရယ်၊ ဒီသုံးမျိုးက အခြေခံတယ် မဟုတ်လား"

သံမဏိလက်က ခေါင်းညိတ်ပြလိုက်သည်။

ဦးထိန်ယင်က...

"ဒီသုံးမျိုးကို နာကျည်းတဲ့ စိတ်ရယ်၊ အာဃာတထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်နဲ့ ပေါင်းလိုက်တဲ့အခါမှာ ရမ္မက်မီးဆိုတာ တောက်လောင်လာတော့တာပါပဲ"

သူသည် စကားဆက်လိုက်သည်။

"ဒီရမ္မက်မီးဟာ လူများကို ဒုက္ခပေးရုံမကပဲ နောက်ဆုံး ကိုယ့်ကိုယ်လဲ လောင်ကျွမ်းတော့တာပါပဲလေ"

လူအေး မျက်မှောင်ကုတ်သွားသည်။

"ခင်ဗျားမှာ နာကျည်းစရာတွေ အာဃာတတွေ ရှိတယ်ဟုတ်လား"

ဦးထိန်ယင်သည် ခေါင်းကို ဖြေညင်းစွာ ညိတ်ပြလိုက်၏။

"ရှိတာပေါ့ကွာ"

လူအေးသည် စိတ်ဝင်စားလာလေသည်။

"ခင်ဗျားပြောပြနိုင်မယ်ဆိုရင်.."

သူ၏စကားမဆုံးမီ ဦးထိန်ယင်က လက်ကာပြလိုက်သောကြောင့် တစ်ပိုင်းတစ်ဖြင့် ရပ်တန့်လိုက်ရလေသည်။

ဦးထိန်ယင်သည် ကိုယ့်ကိုကိုယ် အသားကျအောင် ထိုင်ပြီးမှ...

"ကျုပ်လဲ သေရမှာပါ။ လူတစ်ယောက်ဟာ သေရမယ်လို့ သိရှိလာတဲ့အခါမှာ သူပြောတဲ့ စကားတွေဟာ အမှန်ဆုံး ဖြစ်တတ်ပါတယ်၊ နောက်ပြီး သူ့ရဲ့ရင်ထဲမှာ ကိန်းအောင်းခံစားနေတဲ့ လျှို့ဝှက်ချက်များကိုလဲ အန်ထုတ်ဖွင့်ဟ ပြောပြချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာတတ်ပါတယ်"

ဦးထိန်ယင်သည် အနည်းငယ် မောဟိုက်သွားသဖြင့် အကျီ



အိတ်ထဲမှ ဆေးမြစ်တစ်ခုယူ၍ ပါးစပ်ထဲသို့ ငုံထားလိုက်သည်။

တခဏအကြာမှ...

"ဒါကြောင့် ကျုပ် မသေခင်ရတဲ့ အချိန်ကို ကျုပ်ရင်ထဲ ရှင်းအောင် ပြောပြလိုက်ချင်ပါတယ်"

သံမဏိလက်က ခေါင်းညိတ်လိုက်သည်။

"ပြောပါဗျာ၊ ဖြည်းဖြည်းပြောပါ"

ဦးထိန်ယင်သည် ကောင်းကင်ပေါ်သို့ ခေါင်းမော့ကြည့်လိုက်သည်။

သူ၏မျက်နှာပေါ်တွင် အတိတ်က မြင်ကွင်းများကို မြင်ယောင်လာသည့်အလား...

"ကျုပ်အသက် ဆယ်နှစ်ကျော်ကျော် အချိန်ကစပြီး ပြောရမှာပဲ"

သူသည် ကောင်းကင်ပေါ်သို့ မော့ကြည့်နေသဖြင့် သံမဏိလက်နှင့် လူအေးတို့မှာလည်း ကောင်းကင်ပေါ်သို့ အမှတ်မထင် မော့ကြည့်မိကြလေသည်။

ကောင်းကင်တစ်ခုလုံး တိမ်တိုက်တိမ်လိပ်များ ကင်းရှင်း၍နေ၏။

ပြာလဲ့လဲ့ကောင်းကင်သည် လူသားများအဖို့ ကြည်လင်သော စိတ်ခံစားမှုများ ဖြစ်ပေါ်လာစေနိုင်စွမ်း ရှိလေသည်။

ထိုအချိန် ဦးထိန်ယင်၏ အိမ်မက်ဆန်ဆန်အသံ ထွက်ပေါ်လာလေသည်။

အခုလို မိုးသား ကင်းရှင်းတဲ့ ကောင်းကင်အောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျူပ်ရဲ့ မမေ့နိုင်တဲ့ ကလေးဘဝအရွယ်တုန်းက…

♣ ♣ ♣

ကောင်းကင်တစ်ခုလုံး မိုးသားများ ကင်းရှင်းနေ၏။

ပြာလဲ့လဲ့ ကောင်းကင်အား စိမ်းလန်းစိုပြည်သော မြက်ခင်းပေါ်၌ လဲလျောင်း၍ ကလေးငယ်နှစ်ယောက်က ရွှင်မြူးစွာ ကြည့်နေ၏။

ဆယ်နှစ်ဝန်းကျင် အရွယ်ရှိ ယောကျ်ားလေးတစ်ယောက်နှင့် ကိုးနှစ် အရွယ်ရှိ ကလေးမလေးတစ်ယောက် ဖြစ်လေသည်။

ယောကျ်ားလေးမှာ ဂူးဂေဟာရွာစုတွင် ပုဂ္ဂိုလ်ကျော်တစ်ဦးဖြစ်သူ ဂူးဝမ်းဖ၏သား ဂူးထိန်ယင် ဖြစ်သည်။

ကလေးမလေးမှာ စီးဂေဟာရွာစုမှ ပုဂ္ဂိုလ်ကျော် စီးမွန်တုံး၏သမီးဖြစ်သူ စီးကျင်းကျင်း ဖြစ်သည်။

သူတို့နှစ်ယောက်သည် ငယ်ကျွမ်းဖော်များ ဖြစ်ကြသကဲ့သို့ စီးမွန်တုံးနှင့် ဂူးဝမ်းဖတို့မှာလည်း အရင်းနှီးဆုံးသော သူငယ်ချင်းများ ဖြစ်ကြလေသည်။

တစ်နည်းဆိုရလျှင် သူတို့သည် စီးပွားဘက်များ ဖြစ်ကြလေသည်။

♣ ♣ ♣



"လက်ရှောင်၊ ဖွင့်မယ်"

အသက်လေးဆယ်ခန့်ရှိသော လူကြီးသည် လက်တစ်ဘက်က မှောက်လျက်ထားသော ပန်းကန်လုံးပေါ်သို့ အော်ဟစ်လိုက်လေသည်။

ထိုးသားများတို့သည် ပန်းကန်လုံးထံသို့ မျက်လုံးများရောက်ရှိနေကြသည်။လူကြီးက ပန်းကန်လုံးအား လှန်ဖွင့်လိုက်သည်။

"ကိုးပွင့်"

သူသည် အသံကျယ်လောင်စွာဖြင့် အော်လိုက်ရာ…

"ဟာ"

ထိုးသားအများစုထံမှ စိတ်ပျက်သော အသံများ ထွက်ပေါ်လာလေသည်။ အချို့က မျက်နှာရှုံ့မဲ့သွားသည်။

အချို့က ကြိမ်ဆဲမိလေသည်။

"တယ် ပြောလိုက်ရရင် မကောင်းဘဲ ဖြစ်သွားမယ်၊ ကိုးပွင့်သုံးကြိမ်တောင် ရှိသွားပြီ"

လူကြီးက ပန်းကန်လုံးကို လက်နှစ်ဘက်မြှောက်၍ ခေါက်လိုက်သည်။

ထို့နောက် အံစာတုံးများကို လှုပ်ခါလိုက်ပြီး စားပွဲပေါ်သို့ ပန်းကန်လုံးဖြင့် အုပ်ထားလိုက်ပြန်လေသည်။

"ထိုးကြ ကိုယ်ထိုးမှ ကိုယ်ရမှာနော်"

ဟု အော်ဟစ်လိုက်ပြန်လေသည်။

ထိုးသားများသည် အစီအရီ ထိုးကြပြန်လေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဤသည် မင်္ဂလာစုံတွဲ လောင်းကစားဂေဟာ ဖြစ်သည်။

အပေါ်ထပ်တွင် လက်ဖက်ရည်ဆိုင်၊ မြေအောက်ထပ်တွင် လောင်းကစားကြသည်။

မင်္ဂလာစုံတွဲ လောင်းကစားဂေဟာသည် တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ သိပ်မကြာလှသေးပါ။ စုစုပေါင်း ငါးနှစ်ခန့်သာ ကြာလေသည်။

သို့သော် ကျွန်းမြစ်ဒေသတဝိုက်တွင်းရှိ လောင်းကစားဂေဟာများ၌ အကျော်ကြားဆုံးသော ဂေဟာတစ်ခု ဖြစ်လေသည်။

မင်္ဂလာစုံတွဲ လောင်းကစားဂေဟာက ကျော်ကြားသည်မှာ အကြောင်းရှိသည်။

ပထမအချက်မှာ နေရာကျယ်ဝန်းသည်။ အဖြူရောင်နှင့် အမည်းရောင် သိုင်းသမားများကို ပေါင်းသင်းထားသောကြောင့် လုံခြုံမှုရှိသည်။ စိတ်ချရသည်။

ထို့ကြောင့်လည်း လာရောက်ကစားကြသော ဧည့်သည်များသည် တစ်စထက်တစ်စ များပြားလာခြင်း ဖြစ်လေသည်။

လောင်းကစားသူများသည် ဆေးလိပ်သောက်သူက အများစု ဖြစ်သည်။ ထို့ကြောင့် အခန်းကျယ်ဝန်းသည် ဖြစ်သော်လည်း မီးခိုးငွေ့များက လွှမ်းမိုးနေ၏။

မင်္ဂလာစုံတွဲ လောင်းကစားဂေဟာတွင် တစ်ခြားလောင်းကစားဂေဟာထက် ထူးခြားသော အချက်တစ်ချက် ပါရှိသေးသည်။

လောင်းကစားဂေဟာ မှန်သမျှ မိန်းမ မရှိ၍ မိန်းမရှိလျှင်လည်း မင်္ဂလာမရှိဟု လောင်းကစားသမားများက အယူရှိသည်။



သို့သော် မင်္ဂလာစုံတွဲတွင်မူ လာရောက်လောင်းကစားသူများအား ပြုစုသူများမှာ အားလုံးမိန်းကလေးများသာ ဖြစ်ကြသည်။

မင်္ဂလာစုံတွဲ လောင်းကစားဂေဟာသည် မည်သူမျှ မလုပ်ခဲ့ဖူးသော မိန်းကလေးစားပွဲထိုးများကို ခန့်ထားလိုက်သောကြောင့် လာရောက်လောင်းကစားသူများအဖို့ စက္ခုအာရုံနှင့် သောတအာရုံများ တစ်မျိုးတစ်ဖုံ ခံစားမှု ရရှိလာသဖြင့် လောင်းကစားသူများသည် ပို၍ပို၍ များပြားလာလေသည်။

ထို့ကြောင့် မင်္ဂလာစုံတွဲ လောင်းကစားဂေဟာသည် အလွန်စီးပွားဖြစ်ထွန်းလာလေသည်။

စီးပွားဖြစ်ထွန်းလာသည်နှင့် အရာရာ အောင်မြင်လာသည် မဟုတ်ပါလော။

♣ ♣ ♣

ယနေ့...

မင်္ဂလာစုံတွဲ လောင်းကစားဂေဟာ၏ ပိုင်ရှင်တစ်ဦးဖြစ်သူ စီးမွှန်တုံးက ပြန်ရောက်လာမည့်နေ့ ဖြစ်သည်။

စီးမွှန်တုံး ပြန်ရောက်လာလျှင် ဧည့်ခံကျွေးမွေးရန် ဂူးဝမ်းဖက စီစဉ်ရန် ထွက်သွားလေသည်။

ဂူးဝမ်းဖ ထွက်သွားပြီး မကြာမီ အချိန်အတွင်းမှာ စီးမွှန်တုံးက ပြန်လည်ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးမွန်တုံးသည် အသက်သုံးဆယ်ကျော်ခန့်သာ ရှိသေးသည်။ သူ၏ကိုယ်ပေါ်တွင် ဖဲပန်းပွင့်ရှိသော အင်္ကျီရှည်ဝတ်ဆင်ထားသည်။ မျက်နှာဝိုင်းဝိုင်း၊ လည်တံတိုတို၊ မေးစေ့နှစ်ခု ဖြစ်နေသောကြောင့် သူဌေးသူကြွယ်ရုပ်သဏ္ဌာန် ပေါ်လွင်နေသည်။

သူသည် မင်္ဂလာစုံတွဲ လောင်းကစားဂေဟာသို့ ဝင်ရောက်လာသည်နှင့် ဆိုင်ဝန်ထမ်းများက ရိုရိုသေသေ နှုတ်ဆက်ကြလေသည်။

"သူဌေးကြီး ဘယ်တုန်းက ပြန်ရောက်လာတာလဲ ခင်ဗျာ"

စီးမွန်တုံး၏ မျက်နှာတစ်ခုလုံး ရွှင်ပြုံးနေသည်။

သူသည် အားလုံးကို ခေါင်းညိတ်၍ တုံ့ပြန်လိုက်လေသည်။ သူသည် လက်ဖက်ရည်ဆိုင်တွင် ထိုင်နေကြသော ဧည့်သည်များကိုပါ နှုတ်ဆက်ပြီး မြေအောက်ခန်းသို့ ဆင်းသွားလေသည်။

သူသည် မြေအောက်ခန်းသို့ ရောက်ရှိသည်နှင့် သူ၏ အလုပ်သမားများနှင့် လောင်းကစားနေကြသော သူများသည် ချက်ချင်းပင် ရပ်နားလိုက်ကြလေသည်။

သူတို့အားလုံးသည် စီးမွန်တုံးအား လေးစားရင်းနှီးစွာဖြင့် နှုတ်ဆက်လိုက်ကြလေသည်။

"သူဌေးကြီး ဘယ်တုန်းက ရောက်လာတာလဲ"

"အခုပဲဗျို့"

စီးမွန်တုံးက လက်နှစ်ဘက်မြှောက်၍ နှုတ်ဆက်သော လူအား ပြန်လည်တုံ့ပြန်လိုက်ပေသည်။

မိန်းကလေးများက ပြုံး၍ နှုတ်ဆက်ကြသည်။



"သူဌေးကြီး တော်တော်ပျော်ခဲ့ရဲ့လားရှင့်"

စီးမွန်တုံးက ခေါင်းညိတ်ပြလိုက်သည်။

"မဆိုးပါဘူးဗျာ"

သူသည် ဒိုင်လုပ်သူအား လှမ်းမေးလိုက်သည်။

"ခုနတုန်းက အခြေအနေ ဘယ်လို.."

ဒိုင်လုပ်သူက...

"နိုင်တဲ့သူကနှစ်ယောက် အားလုံးစားလိုက်ပါ သူဌေးကြီး"

စီးမွန်တုံးက ပြုံးလိုက်သည်။

"နိုင်တဲ့လူကိုတော့ လျော်လိုက်၊ ရှုံးတဲ့လူကိုတော့ အရင်းပြန်ပေးလိုက်ပါ"

သူ၏စကားကြောင့် လောင်းကစားသူများသည် ဝမ်းသာအားရစွာဖြင့် အော်ဟစ်ကုန်ကြလေသည်။

စီးမွန်တုံးက လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ကဲ အားလုံး ပျော်ပျော်ပါးပါး ဆက်ကစားကြပါ"

သူသည် ပြောပြီးသည်နှင့် အခန်းတစ်ခု ရှိရာသို့ လျှောက်သွားလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



စီးမွန်တုံးသည် အခန်းတံခါးအား တွန်းဖွင့်လိုက်သည်။

အခန်းထဲမှ စားပွဲနောက်ကွယ်တွင် ပိန်ပိန်ပါးပါးရှိသော လူတစ်ယောက်က ထိုင်နေ၏။

စားပွဲပေါ်၌ စာရွက်စာတန်းများ၊ စာရင်းစာအုပ်များဖြင့် ပြည့်နှက်နေ၏။

ထိုလူသည် စီးမွန်တုံးအား တွေ့မြင်လိုက်သည်နှင့် ထိုင်ရာမှ ထ၍ အရိုအသေ ပြုလိုက်လေသည်။

"သူဌေးကြီး ဘယ်တုန်းက ရောက်လာတာလဲ"

"အခုပဲ"

စီးမွန်တုံးသည် စားပွဲရှေ့တွင် ထိုင်ချလိုက်သည်။

သူ၏မျက်နှာသည် ပြုံးရွှင်နေရာမှ တည်ကြည်သွားသည်။

"စာရင်းတွေ တော်တော်ပြီးသွားပြီလား"

"ဟုတ်ကဲ့ သူဌေးကြီး"

စီးမွန်တုံးသည် စာရင်းစာအုပ်ကို လှမ်းယူလိုက်သည်။

စာရင်းများကို စစ်ဆေးကြည့်ရှုနေလေသည်။

သူသည် စာရင်းကို ကြည့်နေရင်း မျက်နှာတစ်ခုလုံး ခက်ထန်လာသည်ကို တွေ့ရသည်။

တစ်ခဏအကြာတွင် သူသည် စာရင်းကိုင်သူအား မော့ကြည့်လိုက်သည်။

"ဒါနဲ့ ဂူးဝမ်းဖက ငွေဘယ်လောက် သုံးထားသလဲ"

စာရင်းကိုင်သူက စာရင်းစာအုပ် တစ်နေရာကို ညွှန်ပြလိုက်လေသည်။



"စုစုပေါင်း ငွေနှစ်ထောင် ထုတ်သွားပါတယ် ခင်ဗျာ"

စီးမွန်တုံး မျက်မှောင်ကြုတ်သွားသည်။

"ငါသွားတာ ဆယ့်ငါးရက်ပဲ ရှိသေးတယ်၊ ဘာဖြစ်လို့ ငွေနှစ်ထောင်တောင် သုံးလိုက်ရတာလဲ"

စာရင်းကိုင်က ခေါင်းငုံ့ထားသည်။

"ကျွန်တော် မသိပါဘူးဗျာ"

"မင်း မသိတာထားတော့၊ ဒီထဲက ငွေကို အခုလို အလွဲသုံးစား ယူသုံးရင် ဘယ်ဖြစ်ပါ့မလဲ"

စာရင်းကိုင်က ခေါင်းငုံ့ထားသည်။

သူ၏မျက်နှာမှာလည်း ကြောက်ရွံ့သည့် အရိပ်အရောင်များ ပေါ်လွင်နေ၏။

စီးမွန်တုံးက သူ့အား စိုက်ကြည့်လိုက်သည်။

"ဒါလောက် ငွေများများကို ဘာဖြစ်လို့ ထုတ်ပေးလိုက်ရတာလဲ"

စာရင်းကိုင်က ခေါင်းငုံ့ကြည့်လိုက်သည်။

"ဒီဆိုင်ထဲမှာ သူဌေးကြီး မရှိယင် သူက တာဝန်အရှိဆုံးလူပါ။ ကျွန်တော်ပြောပိုင်ခွင့် မရှိဘူးလို့ ထင်ပါတယ်"

စီးမွန်တုံးက ခေါင်းညိတ်လိုက်သည်။

"ဒါလဲ ဟုတ်တယ်"

သူသည် စာရင်းစာအုပ်ကို ပြန်ပေးလိုက်သည်။

"အခု သူ ဘယ်ရောက်နေလဲ"

"သူက တစ်နိုင်လုံးရွှေဂေဟာမှာ စောင့်နေမယ်လို့ ပြောပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျာ"

စီးမွန်တုံးသည် ထိုင်ရာမှ ထလိုက်သည်။

"ကောင်းပြီ၊ ငါလိုက်မယ်"

သူသည် စားပွဲထားသော နေရာသို့ လျှောက်သွားသည်။

ထို့နောက် စားပွဲပေါ်ရှိ အံဆွဲကို ဖွင့်လိုက်လေသည်။

♣ ♣ ♣

စီးမွန်တုံးသည် ကြာကြာထိုင်မနေတော့ပါ။

သူသည် တစ်ယောက်တည်း ထိုနေရာမှ ထွက်ခွာလာလေတော့သည်။

ထို့နောက် တစ်နိုင်လုံးရွှေဂေဟာ တည်ရှိရာသို့ လျှောက်သွားလေသည်။

လမ်းတစ်လျှောက်လုံးတွင် သူ့အား နှုတ်ဆက်သောသူများ အလွန်များပြားလေသည်။

သူသည် အားလုံးတို့ကို မျက်နှာချိုသွေး၍ ပြန်လည်တုန့်ပြန်ရင်း တစ်နိုင်လုံးရွှေဂေဟာ ရှိရာသို့ လျှောက်သွားလေသည်။

တစ်နိုင်လုံးရွှေဂေဟာဆိုသည်မှာ မည်သည့်ဂေဟာမျိုး ဖြစ်သည်ကို အမည်နာမ ကြားလိုက်ရုံနှင့် သဘောပေါက်လိမ့်မည် ဖြစ်ပါသည်။

တစ်နိုင်လုံးရွှေဆိုသည်မှာ ကြေးတမ်းစားမယ်များ ကျင်လည်ကျက်စားသော နေရာတစ်ခု ဖြစ်ပါသည်။



စီးမွန်တုံးသည် တစ်နိုင်လုံးရွှေဂေဟာ၏ လှေကားထစ်ကို လှမ်းလိုက်သည်နှင့် အစောင့်များက သူ့အား ရိုသေလေးစားစွာ နှုတ်ဆက်ကြလေသည်။

"သူဌေးကြီး ဘယ်တုန်းက ပြန်ရောက်လာတာလဲဗျာ"

"သိပ်မကြာသေးပါဘူး"

ထိုစဉ် အသက်လေးဆယ်ကျော်ခန့် ရှိသော လူတစ်ယောက်က ခြေလှမ်းသုတ်သုတ်ဖြင့် လာရောက်ကြိုဆိုလေသည်။

"ကြွပါ သူဌေးကြီး အထဲကိုကြွပါ"

သူသည် ပြောပြီး စီးမွန်တုံးအား ကြိုဆိုခေါ်ဆောင်သွားလေသည်။

"ဒါနဲ့ ငါတို့ဆီကလူ ဒီမှာ ရှိတယ်ဆိုတာ ဟုတ်လား"

ထိုလူမှာ တစ်နိုင်လုံးရွှေဂေဟာ၏ ပိုင်ရှင် ဖြစ်လေသည်။

ထိုလူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ အစ်ကိုလေး၊ အခန်းထဲမှာ စောင့်နေပါတယ်"

"ဘယ်အခန်းမှာလဲ"

"နှင်းဆီအခန်းမှာပါ"

ဆိုင်ရှင်က ပြုံးလိုက်သည်။

"ကျွန်တော်လိုက်ပို့ပေးရမလား"

စီးမွန်တုံးက လက်ကာပြလိုက်သည်။

"မလိုပါဘူးကွာ၊ ငါသွားတတ်ပါတယ်"

သူသည် ပြောပြီး ဆက်လက်လျှောက်သွားစဉ် ဆိုင်ရှင်က ဦးညွှတ်ပြီး နောက်သို့ ဆုတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်တော် အနှောင့်အယှက် မပေးတော့ပါဘူး"

• • •

စီးမွန်တုံးသည် အစွန်ဆုံးအခန်းသို့ ရောက်ရှိသွားသည်နှင့် ခြေလှမ်းရပ်တန့်သွားလေသည်။

ယင်းအခန်းသည် သီးခြားအခန်းတစ်ခု ဖြစ်သည်။

အလွန်တိတ်ဆိတ်ပြီး အခန်း၏ ပတ်ဝန်းကျင်မှာလည်း ပန်းများ စိုက်ပျိုးထားသည်။

စီးမွန်တုံးက အခန်းတံခါးကို ခေါက်လိုက်သည်။

"ဒေါက်..ဒေါက်..ဒေါက်"

အခန်းထဲမှ အမျိုးသမီးတစ်ယောက်၏အသံ ထွက်ပေါ်လာလေသည်။

"ဘယ်သူလဲရှင်"

"ကျုပ်ပါ"

"ဪ အစ်ကိုကြီးကိုး"

အမျိုးသမီး၏စကားဆုံးသွားသည်နှင့် အခန်းတံခါး ပွင့်သွားလေသည်။

အသက်နှစ်ဆယ့်ရှစ်နှစ်ခန့် ရှိသော အမျိုးသမီးတစ်ယောက်က ပြုံးရွှင်စွာဖြင့် အရိုအသေ ပြုလိုက်လေသည်။

"အစ်ကိုကြီးကိုး၊ အစ်ကိုလေး စောင့်နေပါတယ်"

စီးမွန်တုံးက အခန်းထဲသို့ ဝင်လိုက်သည်။



အမျိုးသမီးက အခန်းတံခါးကို ပြန်ပိတ်ပြီး မင်းတုံးထိုးထားလိုက်လေသည်။

အခန်းထဲ၌ အသက်သုံးဆယ်ခန့် ရှိသော လူတစ်ယောက် ထိုင်နေ၏။

ထိုလူသည် ကိုယ်လုံး ကျစ်လျစ်တောင့်တင်းပြီး အလွန် သွက်လက်ပုံရသည်။

သူသည် စီးမွန်တုံးအား တွေ့မြင်လိုက်သည်နှင့် ထိုင်ရာမှ ထလိုက်လေသည်။

"အစ်ကိုကြီးထိုင်ပါ"

သူသည် ဧည့်ဝတ်ကျေပြွန်စွာဖြင့် နှုတ်ဆက်လိုက်လေသည်။

ထိုလူမှာ စီးမွန်တုံးနှင့်အတူ မင်္ဂလာစုံတွဲဂေဟာကို တည်ထောင်ခဲ့သော ဝူးဝမ်းဖပင် ဖြစ်လေသည်။

"အစ်ကိုကြီး နှစ်ကူးပြီးမှ ပြန်လာမယ်ဆို ဘယ့်နှယ် ချက်ချင်းပြန်လာရတာလဲ"

စီးမွန်တုံးက...

"ယောကျ်ားတစ်ယောက်ဟာ လုပ်ငန်းအတွက် အလေးထားရမှာပေါ့၊ ပျော်ပါးဖို့ အချိန်ဟာ အများကြီး ရှိပါသေးတယ်"

ဝူးဝမ်းဖက ပြုံးလိုက်သည်။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ငွေဗိုက်ပြီး သေသွားသည့်တိုင်အောင် ဘာမှ မလုပ်ခဲ့ဘူးဆိုရင် လူဖြစ်ရကျိုး ဘယ်နှစ်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



စီးမွန်တုံးက...

"ဘာပဲဖြစ်ဖြစ် ငါကတော့ အလုပ်ကို စိတ်မချလို့ အခုလို အစီအစဉ်ဖျက်ပြီး ပြန်လာတာပဲ"

ဒူးဝမ်းဖက ရယ်မောလိုက်သည်။

"ကဲပါလေ အလုပ်အကြောင်းကို ခဏထားစမ်းပါ။ ပျော်ပျော်ပါးပါး စားကြတာပေါ့"

သူသည် ပြောပြီး စားပွဲပေါ်၌ အသင့်ချထားသော ဟင်းပန်းကန်များထဲမှ စားကောင်းသောက်ဖွယ်ရာအချို့ကို စီးမွန်တုံး၏ ပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။

အမျိုးသမီးသည် သူတို့အနီး၌ အရက်ငှဲ့ပေးနေ၏။

ဒူးဝမ်းဖက ပြုံးပြလိုက်သည်။

"သူ့နာမည်က နှင်းဆီပါ။ လှတယ် မဟုတ်လား အစ်ကိုကြီး"

စီးမွန်တုံးက မျက်မှောင်ကုတ်သွားသည်။

"ငါတို့ စကားပြောစရာ ရှိသေးတယ်၊ သူ့ကို ထွက်သွားခိုင်းပါ"

ဒူးဝမ်းဖက အမျိုးသမီးအား ပခုံးတွန့်ပြလိုက်သည်။

"ကဲ နှင်းဆီရေ၊ တို့ညီအစ်ကို တိုင်ပင်စရာ ရှိသေးလို့ ခဏ ထွက်သွားပေးပါ"

နှင်းဆီဆိုသော အမျိုးသမီးသည် ခေါင်းညိတ်ပြီး အခန်းထဲမှ ထွက်ခွာသွားလေသည်။

♣ ♣ ♣



ဒူးဝမ်းဖသည် အရက်တစ်ခွက်ကို မြှောက်ပြလိုက်သည်။

"အစ်ကိုကြီးကို ဂုဏ်ပြုတဲ့ အနေနဲ့ ဒီအရက်တစ်ခွက်တော့ သောက်လိုက်ပါ"

စီးမွန်တုံးက လှမ်းယူလိုက်ပြီး မော့ချလိုက်လေသည်။

ဒူးဝမ်းဖက အရက်တစ်ခွက်ကို ငှဲ့ပြီး မော့ချလိုက်သည်။

စီးမွန်တုံးက...

"အရက်ကို အလွန်အကျွံ မသောက်နဲ့၊ ကျုပ်စကား ပြောစရာ ရှိသေးလို့"

ဒူးစမ်းဖက ရယ်မောလိုက်သည်။

"အရက်သောက်ပြီးရင်လဲ စကားပြောလို့ ရပါတယ်"

စီးမွန်တုံးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်လဲ အရက် မသောက်တာ ကြာပြီ၊ ကြုံတုန်း အဝသောက်လိုက်ဦးမယ်"

သူတို့နှစ်ယောက်သည် အရက်သောက်ရင်း ထမင်းစားရင်းဖြင့် အချိန်ကုန်ဆုံးသွားလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



စီးမွန်တုံးနှင့် ဂူးဝမ်းဖတို့သည် တစ်ခိုင်လုံးရွှေဂေဟာမှ ထွက်လာသောအခါ ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေပြီ ဖြစ်သည်။

ရာသီဥတု အေးစိမ့်သောကြောင့် လမ်းမပေါ်၌ လူသွားလူလာ အလွန်နည်းပါးသွားလေသည်။

ထူးဆန်းသည်မှာ စီးမွန်တုံးနှင့် ဂူးဝမ်းဖတို့သည် မင်္ဂလာစုံတွဲဂေဟာသို့ ပြန်မသွားပါ။

သူတို့သည် မိမိနေထိုင်သော အိမ်ကိုလည်း မပြန်ကြသေးပါ။ သူတို့သည် ကျွန်းမြစ်ကမ်းပါး ရှိရာသို့ ဦးတည်သွားနေခြင်း ဖြစ်လေသည်။

သူတို့နှစ်ယောက်စလုံးသည် အရက်ကို သုံးကရားခန့် ကုန်ခန်းအောင် သောက်ထားကြသော်လည်း သူတို့၏ခြေလှမ်းများသည် တည်တည်ငြိမ်ငြိမ် ရှိနေ၏။

မြစ်ကမ်းပါးမှ တိုက်ခတ်လာသော လေများသည် ပို၍ အေးစိမ့်နေသည်ဟု ထင်ရှိသည်။

လရောင်သည် ကမ္ဘာမြေတစ်ခုလုံး ပက်ဖျန်းထားသောကြောင့် အလွန်လှပပြီး ကြည်နူးဖွယ်ရာ ကောင်းလှပေသည်။

စီးမွန်တုံးသည် ဂူးဝမ်းဖနှင့် ပခုံးချင်းယှဉ်၍ လျှောက်သွားရင်း ခြေလှမ်းရပ်တန့်သွားလေသည်။

သူ၏မျက်လုံးအစုံသည် ဂူးဝမ်းဖအား စိုက်ကြည့်လိုက်သည်။ ဂူးဝမ်းဖက ခြေလှမ်း ရပ်တန့်သွားသည်။

သူသည် စီးမွန်တုံး ပြောလာမည့် စကားကို စောင့်ဆိုင်းနေ



၏။ အတန်ကြာမှ စီးမွန်တုံးက တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်သည်။

"ဒီမှာ ဂျဲညီ၊ မင်းအကြောင်းကို ငါတွေ့ထားပြီးပြီကွ"

ဂူးဝမ်းဖက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ် ငွေသုံးထားတဲ့အကြောင်း ပြောမလို့ မဟုတ်လား အစ်ကိုကြီး"

စီးမွန်တုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်း ငွေနှစ်ထောင်ကောင် ယူသွားတယ်ဆို ဟုတ်လား"

ဂူးဝမ်းဖက ခေါင်းငုံ့ထားလိုက်သည်။

"ဟုတ်ပါတယ် အစ်ကိုကြီး"

စီးမွန်တုံး၏မျက်နှာ တည်ကြည်သွားသည်။

"ကျုပ်က သဘောထားကြီးပေမယ့် မင်းကလဲ ဆင်ခြင်သင့်တာပေါ့"

ဂူးဝမ်းဖက ခေါင်းမော့လိုက်သည်။

"ကျုပ်လဲ ဆင်ခြင်ပါတယ် အစ်ကိုကြီး"

စီးမွန်တုံးက ခေါင်းခါယမ်းလိုက်သည်။

"မင်းက ဆင်ခြင်တယ်လို့သာ ပြောနေတာ၊ အခုလို ငွေကို အလွဲသုံးစားလုပ်တာ တစ်ကြိမ်မကတော့ဘူးနော်"

ဂူးဝမ်းဖက သူ့အား စိုက်ကြည့်လိုက်သည်။

"ဟုတ်ပါတယ် အစ်ကိုကြီး၊ အစ်ကိုကြီးလဲ မနစ်နာရအောင် နှစ်ကူးခါနီးပြီပဲ၊ စာရင်းတွက်တဲ့အခါမှာ ကျုပ်ရသင့်ရထိုက်တဲ့ အထဲက နုတ်ယူလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ပြောပြောဆိုဆိုဖြင့် ကျွန်းမြစ်ကမ်းပါး ရှိရာသို့ ရောက်ရှိလာလေသည်။

စီးမွန်တုံးသည် ကျောက်တောင်တစ်ခုပေါ်၌ ထိုင်ချလိုက်သည်။ သူ၏မျက်လုံးအစုံသည် ငူးဝမ်းဖအား အကဲခတ်ကြည့်ရင်း...

"ဒီမှာ ငူးဝမ်းဖ၊ ဒီတစ်ခါ ငါ့အပြင်မှာ တစ်ပတ်လောက် လျှောက်လည်လိုက်တာ တော်တော်လေး မျက်စိကျယ်သွားတယ် ကွဲ့"

ငူးဝမ်းဖက သူ၏ရှေ့တွင် ထိုင်ချလိုက်ပြီး နားစွင့်နေ၏။

စီးမွန်တုံးက စကားဆက်လိုက်သည်။

"မင်းနဲ့ ငါနဲ့ဟာ ညီအစ်ကိုအရင်းလို ဆင်းရဲအတူ ချမ်းသာအတူ နေခဲ့ကြတယ်၊ တို့နှစ်ယောက် ကြိုးစားခဲ့တဲ့ အတွက်လဲ အခုလို အခြေအနေမျိုး ရောက်ရှိလာတာပေါ့၊ ဒါပေမယ့် မင်းကတော့ ကျေနပ်သွားပြီ၊ ဆက်ပြီး ကြိုးစားဖို့ လုံးဝစိတ်မကူးတော့ဘူး"

သူသည် ငူးဝမ်းဖအား စေ့စေ့ကြည့်လိုက်ပြန်သည်။

"မင်း အခု ဖြစ်နေတာက ပျော်မယ်ပါးမယ်၊ စားမယ် သောက်မယ်၊ ငါကတော့ လက်ရှိ အခြေအနေကို ရပ်မနေချင်ဘူး၊ ရှေ့ဆက်ပြီး ကြီးပွားအောင် ကြိုးစားချင်သေးတယ်"

ငူးဝမ်းဖ မျက်မှောင်ကုပ်သွားသည်။

"အစ်ကိုကြီး၊ အခုဆိုရင် အားလုံးပြည့်စုံနေပြီပဲ၊ ဘာများ ထပ်လိုချင်သေးလို့လဲ"

စီးမွန်တုံးက...

"ဒါကတော့ မင်းအမြင်ကိုး၊ ငါ့အနေနဲ့ အများကြီး လိုသေး



တယ်လို့ ယူဆတယ်"

ငူးဝမ်းဖက ပြုံးလိုက်သည်။

"အစ်ကိုကြီးက လောဘကြီးတာကိုး"

စီးမွန်တုံး လက်ကာပြလိုက်သည်။

"အေး ဒါကြောင့် မင်းနဲ့ ငါဟာ သဘောထားချင်း မတိုက်ဆိုင်တော့ဘူးလို့ ငါယူဆမိတယ်"

ငူးဝမ်းဖက မျက်မှောင်ကုပ်သွားသည်။

"ကျွန်တော်က အစ်ကိုကြီးအတွက်ကို ပြောနေတာပါ"

စီးမွန်တုံး ခေါင်းခါယမ်းလိုက်သည်။

"တစ်ချိန်တုန်းက တို့နှစ်ယောက် စိတ်တူသဘောတူလို့လဲ အခုလို အခြေအနေမျိုး ဖြစ်လာတာ"

ငူးဝမ်းဖက...

"ဟုတ်ပါတယ် အစ်ကိုကြီး"

စီးမွန်တုံးက...

"အခုတော့ မင်းနဲ့ ငါဟာ သဘောထား အယူအဆ အားလုံး တခြားစီ ဖြစ်နေပြီ"

သူက စကားဆက်လိုက်ပြန်သည်။

"မင်းနဲ့ ငါနဲ့ဟာ အေးအတူ ပူအမျှ အတူတူ လုပ်ကိုင်လာကြတဲ့ လူတွေပါ၊ ဒါကို ငါက အသိအမှတ်ပြုတယ်"

ငူးဝမ်းဖက...

"ဟုတ်ပါတယ် အစ်ကိုကြီး"

စီးမွန်တုံးက...

www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ မင်းနဲ့ ငါဟာ သဘောထားချင်း တစ်နေ့တစ်ခြား ကွဲလွဲလာပြီပဲ၊ ဒါကြောင့် လမ်းခွဲဖို့ ကောင်းပြီ"

ငွေဝမ်းဖ မျက်နှာကွက်ခနဲ ပျက်သွားသည်။

စီးမွန်တုံးက စကားဆက်လိုက်ပြန်၏။

"မင်းနဲ့ ငါဟာ သူငယ်ချင်းဆိုလဲ ဟုတ်တယ်၊ ညီအစ်ကိုဆိုလဲ ဟုတ်တယ်၊ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် ပျော်ပျော်ရွှင်ရွှင် ရှိတဲ့အချိန်မှာ လမ်းခွဲတာ အကောင်းဆုံးပါပဲ"

ငွေဝမ်းဖ အံ့ဩစွာဖြင့် ကြည့်လိုက်လေသည်။

"အစ်ကိုကြီးက ဘာကို ဆုံးဖြတ်ထားသလဲ"

စီးမွန်တုံးက...

"မင်း ဒီမှာ ဆက်နေဖို့ မလိုတော့ဘူး၊ တခြားမှာ သွားပြီး ကမ္ဘာလေး တည်ဆောက်ဖို့ ကောင်းပါပြီ"

ငွေဝမ်းဖက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီကိစ္စ အစ်ကိုကြီး ဆုံးဖြတ်ပြီးပြီလား"

စီးမွန်တုံးက ခေါင်းညိတ်လိုက်သည်။

"ဆုံးဖြတ်ပြီးပါပြီ"

ငွေဝမ်းဖက...

"ကျွန်တော့်အတွက် ဘယ်လိုများ စီမံထားပါသလဲ"

စီးမွန်တုံးက...

"ငါ မင်းကို ငွေနှစ်ထောင် ထပ်ပေးလိုက်မယ်"

ငွေဝမ်းဖက...

"မနည်းလွန်းဘူးလား အစ်ကိုကြီး"



စီးမွန်တုံးက...

"မင်းဟာ ငွေနှစ်ထောင် ကြိုတင်ယူထားတာ သတိရမှာပေါ့၊ အမှန်ပြောရမယ်ဆိုရင် မင်းကို လေးထောင်ပေးလိုက်သလိုပါပဲ"

ငွေဝမ်းဖက...

"ဒါတော့ နည်းလွန်းပါတယ် အစ်ကိုကြီး"

စီးမွန်တုံးက...

"မင်းစဉ်းစားကြည့်ပါလေ၊ တို့ အခုလို ကြီးပွားတာ ဘယ်သူ့ကြောင့်လဲဆိုတာ"

ငွေဝမ်းဖက...

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီနေရာကို ကျွန်တော်ကရှာအောင် ရှာပေးခဲ့တာ"

စီးမွန်တုံးက...

"မင်းက ခွန်အားကိုပဲ အသုံးပြုတယ်၊ ဒါပေမယ့် အရေးကြီးဆုံးက ဘာလဲဆိုတာ"

သူသည် လက်ညှိုးဖြင့် နားထင်ကို ထောက်ပြလိုက်ပြီး...

"ဦးနှောက်ကို သုံးရတယ်ကွ"

ငွေဝမ်းဖ ခေါင်းငုံ့ထားလိုက်သည်။

"ကျွန်တော် လက်မခံနိုင်ဘူး အစ်ကိုကြီး"

စီးမွန်တုံးက...

"ဘာပဲဖြစ်ဖြစ် ငါဆုံးဖြတ်ထားပြီပဲ၊ မင်းသဘောမတူလို့ မရဘူး"

ငွေဝမ်းဖက အတန်ကြာ စဉ်းစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခေါင်းမော့လိုက်လေသည်။

"အစ်ကိုကြီး ကျွန်တော်မှားတာတွေ ရှိပါတယ်၊ ဒါတွေကို ကျွန်တော်ပြင်ပါ့မယ် ဘယ့်နှယ်လဲ"

စီးမွန်တုံးက...

"မင်းပြုပြင်မယ်ဆိုတာလဲ ငါက မယုံနိုင်တော့ဘူး၊ နောက်ပြီး မင်းမှာလဲ ကြိုးစားချင်တဲ့ စိတ်ဓာတ် မရှိတော့ဘူး"

ဂူးဝမ်းဖက အနည်းငယ် ခံပြင်းလာလေသည်။

"အစ်ကိုကြီးကတော့ တစ်ဘက်သတ်မနိုင်လွန်းဘူးလား"

စီးမွန်တုံးက...

"မင်းက ငွေကို အလွဲသုံးစား မလုပ်ဘူးဆိုရင် ငါက သီးခံနိုင်ပါသေးတယ်"

သူသည် ခါးထောက်လိုက်လေသည်။

"ကျုပ်က ဘာကြောင့် အပြင်ကို ထွက်မယ်ဆိုပြီး ထွက်သွားရတယ်ဆိုတာ မင်းသိသလား"

ဂူးဝမ်းဖက မျက်မှောင်ကုပ်သွားသည်။

"အစ်ကိုကြီးက တမင်တကာ ထောင်ချောက်ဆင်ထားတာကိုး"

စီးမွန်တုံးက...

"မင်း ဒီလိုတော့ မပြောနဲ့ မင်းဟာမင်း မဟုတ်တာ လုပ်လို့ အခုလို ဖြစ်ရတာ"

ဂူးဝမ်းဖက ထိုင်ရာမှ ထလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးပေးတဲ့ ငွေကို ကျုပ်လက်မခံနိုင်ပါဘူး"

စီးမွန်တုံးက...

"မင်းလက်မခံဘူးဆိုရင် မင်းမိန်းမလက်ထဲ အပ်လိုက်မှာပေါ့"

သူက စကားဆက်လိုက်သည်။

"ဒီမှာ ငါ့ညီ မင်းကို ငါလက်ဆောင်ပါးလိုက်မယ်၊ အခုအချိန်ကစပြီး အကျင့်တွေ ပြင်ပါ၊ မင်းမိန်းမကလဲ တော်တော်မိန်းမပီသပါတယ်၊ ဒီအတိုင်းသွားမယ်ဆိုရင် တစ်နေ့ မင်းအိမ်ထောင်ရေး ပြိုကွဲသွားနိုင်တယ်"

ဂူးဝမ်းဖက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်လေသည်။

"ခင်ဗျားရဲ့စေတနာဟာ တော်တော်ကြောက်ဖို့ကောင်းတဲ့ စေတနာပဲ"

စီးမွန်တုံးက...

"မင်းထင်ချင်သလို ထင်နိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် မင်းနဲ့ ငါဟာ ညီအစ်ကိုအရင်းလိုပါပဲ၊ တကယ့် အခက်အခဲ တွေ့တဲ့အခါ ငါ့ဆီလာခဲ့ပါ"

ဂူးဝမ်းဖက မဲ့ပြုံးပြုံးလိုက်သည်။

"ညီအစ်ကိုတဲ့ ခင်ဗျားပဲ ပြောရက်တယ်"

စီးမွန်းတုံးက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ငါ့စကားတော့ ဆုံးသွားပြီ၊ နားထောင်တာ နားမထောင်တာ မင်းသဘော"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြောပြီး ထွက်ခွာသွားရန် နောက်သို့ လှည့်လိုက်သည်။ ပူးဝမ်းဖက ဒေါသကို မထိန်းနိုင်ဘဲ ဖြစ်လာလေသည်။

"ခင်ဗျားရပ်လိုက်ပါ"

စီးမွန်တုံးက ခြေလှမ်းရပ်တန့်လိုက်သည်။ နောက်သို့ တဖြည်းဖြည်း လှည့်လိုက်လေသည်။ သူသည် မျက်တောင်မခတ် ပူးဝမ်းဖအား စိုက်ကြည့်လိုက်သည်။

ပူးဝမ်းဖက အတန်ကြာ တိတ်ဆိတ်နေပြီးမှ စကားထွက်ပေါ်လာလေသည်။

"ခင်ဗျားနဲ့ ကျုပ်နဲ့ ယှဉ်ပြိုင်မယ်"

စီးမွန်တုံး မျက်မှောင်ကုပ်သွားသည်။ သူ၏စူးရှသော မျက်လုံးအစုံသည် ဓားပါးကလေးပမာ ပူးဝမ်းဖအား စူးစိုက်စွာ ကြည့်နေ၏။

ဒေါသထွက်လွန်း၍ ပူးဝမ်းဖ၏အသံများပင် အက်ကွဲသွားလေသည်။

"မင်္ဂလာစုံတွဲဂေဟာကို ကျုပ်လက်မလွှတ်နိုင်ဘူး၊ ဒါကြောင့် ကျုပ်တို့နှစ်ယောက်ထဲက တစ်ယောက် သေရမှာပဲ၊ ဒါကြောင့် ယှဉ်ပြိုင်တဲ့နည်းနဲ့ပဲ ဆုံးဖြတ်တာ ကောင်းပါတယ်"

စီးမွန်တုံးက နောက်သို့ ပြန်လှည့်လိုက်သည်။

"မင်းက ငါတို့နှစ်ယောက် ညီအစ်ကို ပါလားလို့တောင် သံသယဖြင့် မထားနိုင်တော့ဘူးလား"

ပူးဝမ်းဖက...

"အခုလို အချိန်မျိုးမှာ ဒီစကားပြောနေတာ အပိုပဲ"



စီးမွန်တုံးက မျက်မှောင်ကုတ်သွားသည်။

"ကောင်းပြီလေ၊ ကျုပ်လက်ခံတယ်၊ ဘယ်လိုယှဉ်ပြိုင်မလဲ"

ပူးဝမ်းဖက...

"အခုနှစ်များမှာ ခင်ဗျားကတော့ ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်တဲ့အတွက် လက်သီးချင်း ယှဉ်ပြိုင်ရင် ခင်ဗျားအတွက် မတရားရာ ရောက်ပါလိမ့်မယ်"

စီးမွန်တုံးက နားထောင်နေ၏။ ပူးဝမ်းဖက စကားဆက်လိုက်သည်။

"ဒါကြောင့် ငါတို့က ဓားချင်းယှဉ်ပြိုင်မယ်"

စီးမွန်တုံးက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကျုပ်မှာ ဓားမပါဘူး"

ပူးဝမ်းဖက...

"ဒီအတွက် မပူနဲ့၊ ခင်ဗျားအတွက် ကျုပ်ယူခဲ့တယ်"

သူသည် ပြောပြီး ခါးတွင် ချိတ်ထားသော ဓားတစ်လက်ကို စီးမွန်တုံးထံသို့ ပစ်ပေးလိုက်သည်။ စီးမွန်တုံးက ဖမ်းယူထားလိုက်လေသည်။

ပူးဝမ်းဖသည် ကျောပေါ်မှ ဓားတစ်လက်ကို ဆွဲယူလိုက်လေသည်။

စီးမွန်တုံးက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက ကြိုတင်စီစဉ်ပြီးသားကိုး"

ပူးဝမ်းဖက မဲ့ပြုံးပြုံးလိုက်လေသည်။

"ဒါကတော့ အစ်ကိုကြီး အမြဲတမ်းသင်ပေးတဲ့ ပညာလေ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘယ်ဘက်လက်ညှိုးဖြင့် နားထင်ကို ထောက်ပြလိုက်သည်။

"ဦးနှောက်ကို သုံးရမယ်ဆိုတာလေ"

စိုးမွန်တိုးက ကြည့်လိုက်သည်။

ငွေဝမ်းဖ လက်ထဲမှဓားသည် မိမိထံသို့ ပစ်ပေးလိုက်သောဓားနှင့် တစ်ပုံစံထဲ ဖြစ်နေသည်ကို တွေ့ရလေသည်။

သူသည် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီလေ၊ ဘယ်လိုယှဉ်ပြိုင်မလဲ၊ သိုင်းကွက်ကို အကန့်အသတ်ထားမလား၊ ဒါမှမဟုတ် တစ်ယောက် မသေမချင်း ယှဉ်ပြိုင်ရမှာလား"

ငွေဝမ်းဖက...

"ကျူပ်ပြောပြီးသားပဲ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး အကောင်းဆုံးဖြေရှင်းတဲ့ နည်းကတော့ ခင်ဗျားနဲ့ ကျူပ် တစ်ယောက်ယောက် သေမှ ဖြစ်မယ်"

စိုးမွန်တိုးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းဆိုလိုတာက တို့နှစ်ယောက်ထဲက တစ်ယောက်ယောက် သေသည်အထိ တိုက်ခိုက်ရမယ်ဆိုပါတော့"

ငွေဝမ်းဖက...

"ဟုတ်ပါတယ်"

စိုးမွန်တိုးက ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပါပြီလေ"

သူသည် ပြောပြီးသည်နှင့် နောက်သို့ တဖြည်းဖြည်း ဆုတ်



သွားလေသည်။

ငွေဝမ်းဖမှာမူ ရှေ့သို့ တစ်လှမ်းချင်း တိုးသွားသည်။ သူသည် စိုးမွန်တိုး၏ခန္ဓာကိုယ် အလွန်ဝပြီး လှုပ်ရှားမှု အလွန်နှေးကွေးသည်ကို တွေ့ရသဖြင့် ကြိတ်၍ ဝမ်းသာမိလေသည်။

စိုးမွန်တိုးသည် သိုင်းပညာ အလွန်တော်သော လူတစ်ယောက် ဖြစ်သည်။ သို့သော် သူသည် နေ့စဉ်နေ့တိုင်း စားကောင်းသောက်ကောင်းသောကြောင့် စီးပွားရေး အဆင်ပြေလာသည်က တစ်ကြောင်း၊ သူ၏ခန္ဓာကိုယ်သည် တစ်နေ့တစ်ခြား ဝဖိုင့်လာလေသည်။

ထို့ပြင် ချမ်းသာကြွယ်ဝချိန်ကစပြီး သိုင်းပညာလုံးဝ လေ့ကျင့်ခြင်းမရှိဘဲ ချန်လှပ်ခဲ့လေသည်။

ငွေဝမ်းဖမှာမူ သိုင်းပညာရပ်များကို နေ့စဉ်နေ့တိုင်း အဆက်မပြတ် လေ့ကျင့်ခဲ့သည်။

ထို့ကြောင့် သူသည် စိုးမွန်တိုးအပေါ် သေချာစွာ နိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



စီးမွန်တုံးက နောက်မဆုတ်တော့ပါ။

ဂူးဝမ်းဖက ခြေလှမ်းရပ်တန့်လိုက်သည်။

သူတို့နှစ်ယောက်သည် မျက်နှာချင်းဆိုင် ရပ်လိုက်လေသည်။ သူတို့သည် ခြေလှမ်းများ ရပ်တန့်သွားကြသော်လည်း သူတို့မျက်လုံးများက တစ်ဘက်လူ၏ လှုပ်ရှားမှုကို အကဲခတ်နေ၏။

ဤသို့ဖြင့် သူတို့သည် အတန်ကြာရပ်၍ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ရပ်နေရာမှ...

"ယား"

ဂူးဝမ်းဖက စတင်တိုက်ခိုက်လိုက်လေသည်။

နေရောင်ခြည်အောက်တွင် ဓားရောင်ဖွေးဖွေး လှုပ်သွားလေသည်။ သူ၏တိုက်ခိုက်မှုမှာ အားမာန်ပြင်းထန်လှပေသည်။

စီးမွန်တုံးက နောက်သို့ ဆုတ်သွားရသည်။ သူ၏ဟန်မူရာမှာ သိုင်းပညာနှင့် နှစ်အတန်ကြာ ဝေးသွားသည်မှာ ထင်ရှား၏။ ဤအချက်ကို ကောင်းစွာ သိထားသော ဂူးဝမ်းဖ အဆက်မပြတ် တိုက်ခိုက်လိုက်သည်။

စီးမွန်တုံးသည် တစ်ချက်တစ်ချက် ပြန်လည်ခုခံပြီး ဂူးဝမ်းဖ၏တိုက်ခိုက်မှုကို ကျောက်ဆောင်ကြားများမှ ရှောင်တိမ်းနေရလေသည်။

ဂူးဝမ်းဖသည် အထက်စီးမှ ရရှိထားသော်လည်း စီးမွန်တုံးမှာ ကျောက်ဆောင်ကြားမှာ ကွေးကောက်ပုန်းရှောင်နေသောကြောင့် ရုတ်တရက် မခုတ်မိဘဲ ဖြစ်နေ၏။

ဂူးဝမ်းဖသည် တိုက်ခိုက်ရင်း စိတ်တိုလာလေသည်။ သူသည် စီးမွန်တုံးအား ကျောက်ဆောင်ကြားမှ အတင်းဖိ၍ တိုက်ခိုက်နေ၏။ ဤသို့ဖြင့် တိုက်ကွက် ရှစ်ဆယ်အထိ ယှဉ်ပြိုင်လာခဲ့ပြီးနောက်...



"ခွမ်း"

ဂူးဝမ်းဖ၏ဓားသည် စီးမွန်တုံး၏လက်ထဲမှ ဓားကို လက်လွတ်အောင် ရိုက်ချနိုင်ခဲ့လေသည်။

ယခု စီးမွန်တုံး၏လက်ထဲတွင် ဓားမရှိတော့ပြီ မဟုတ်ပါလော။

♣ ♣ ♣

"ဟား..ဟား..ဟား"

ဂူးဝမ်းဖက အားရပါးရ ရယ်မောလိုက်သည်။

စီးမွန်တုံး လက်ထဲမှာ ဓားမရှိတော့ပြီ ဖြစ်၍ သူ့အဖို့ အောင်ပွဲခံရပြီ မဟုတ်ပါလော။ ယခု သူသည် ရှေ့သို့သာ ချဉ်းကပ်သွားပြီး လက်နက်မဲ့ ဖြစ်နေသော စီးမွန်တုံးအား ခုတ်ပိုင်းလိုက်ရုံသာ ရှိတော့သည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် အောင်နိုင်သော အပြုံးဖြင့် စီးမွန်တုံးကို သတ်ရန် ရှေ့သို့ တစ်လှမ်းချင်း ချဉ်းကပ်သွားလေသည်။

သူသည် စီးမွန်တုံးရှေ့သို့ ရောက်လုလု အချိန်အတွင်းမှာပင် စီးမွန်တုံးက ရုတ်တရက် ကျောက်ဆောင်နောက်ကွယ်မှ ခေါင်းပြူထွက်လာပြီး လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်တန်းတစ်ခုသည် ဂူးဝမ်းဖထံသို့ ပစ်လွှင့်သွားလေသည်။ ခါတိုင်း အချိန်မျိုးဆိုလျှင် ယင်းကဲ့သို့ ဓားမျိုးကို သူအချိန်မီ ရိုက်ချနိုင်မည် ဖြစ်သည်။

ယခုတွင်မူ သူတို့နှစ်ယောက်သည် နီးကပ်စွာ ရပ်နေသောကြောင့် သူသည် အလင်းရောင်တန်း ဝင်လာသည်ကို တွေ့မြင်ရသော်လည်း ရှောင်တိမ်းရန် မေ့လျော့နေ၏။

ထိုတဒင်္ဂအချိန်အတွင်းမှာပင် ရွှေရောင်အဆင်းနှင့် ဓားငယ်တစ်လက်သည် သူ၏ရင်ဝသို့ တည့်မတ်စွာ စိုက်ဝင်သွားလေသည်။

♣ ♣ ♣

ဂူးဝမ်းဖသည် မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် မယုံကြည်နိုင်သော အကြည့်ဖြင့် စီးမွန်တုံးအား မျက်လုံးပြူး၍ စိုက်ကြည့်နေ၏။

စီးမွန်တုံးသည် ကျောက်ဆောင်၏နောက်မှ လှမ်းထွက်လိုက်လေသည်။ သူသည် မျက်လုံးပြူး၍ ကြည့်နေသော ဂူးဝမ်းဖအား ပြုံးပြလိုက်သည်။

"မင်းကို ငါ ခဏခဏ ပြောတယ် မဟုတ်လား၊ ဦးနှောက်များများသုံးပါလို့"

သူသည် မဲ့ပြုံးပြုံး၍ စကားဆက်လိုက်သည်။

"မင်းက ငါရောက်လာတာတောင် လာမကြိုဘဲ ငါ့ကို တစ်နိုင်လုံးရွှေဂေဟာကို ဖိတ်ခေါ်တာ၊ ငါက မင်းကို သတိထားတဲ့စိတ် ဖြစ်ပေါ်လာတာပေါ့၊ ဒါကြောင့် ငါ့မှာ အမြဲအသုံးပြုတဲ့ ဓားငယ်



ကလေး အသင့်ပါလာတာပေါ့"

ဂူးဝမ်းဖ၏မျက်လုံးအစုံသည် ပြူးကျယ်၍ နေ၏။

သို့သော်...

သူသည် မည်သည့်အရာကိုမျှ မမြင်နိုင်တော့ပါ။

သူ၏ခန္ဓာကိုယ်သည် တဖြည်းဖြည်း ပျော့ခွေ၍ မြေပေါ်သို့ လဲကျသွားလေသည်။

စီးမွန်တုံးက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ငါပေးပါတယ်၊ မင်းက ငွေနှစ်ထောင်တောင်မှ ယူမသွားချင်ပဲကိုး"

သူသည် ပြောပြီးသည်နှင့် ဂူးဝမ်းဖ၏အလောင်းကို တစွတ်တိုက်ဆွဲပြီး မြစ်ရေထဲသို့ ပစ်ချလိုက်သည်။

♣ ♣ ♣

နံနက်...

စီးမွန်တုံးသည် ဂူးဝမ်းဖ၏ နေအိမ်သို့ ရောက်ရှိသွားလေသည်။

ဂူးဝမ်းဖ၏ဇနီးဖြစ်သူ ကျူးစုမေက သူ့အား ကြိုဆို၍ ဧည့်ခန်းထဲသို့ နေရာထိုင်ခင်း ချထားပေးလေသည်။

သူမ၏မျက်နှာပေါ်တွင် မကြည်မလင် ဖြစ်နေသည်ကို တွေ့ရလေသည်။

"ထိုင်ပါ အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



ကျူးစုမေက ရေနွေးကြမ်း ချပေးလိုက်လေသည်။

စီးမွန်တုံးက သူမအား ပြုံးပြလိုက်လေသည်။

"ညတုန်းက အိပ်ပျက်သွားပြီ ထင်တယ်"

သူသည် ပခုံးတစ်ချက် တွန့်လိုက်သည်။

"အစ်ကိုကြီး အပြစ်ပါကွာ၊ ညတုန်းက ငါပြန်ရောက်ရောက်ချင်း သူနဲ့ အရက်သွားသောက်ရင်း နည်းနည်းလွန်သွားလို့ ဒီမနက်မှပဲ ငါနိုးလာတာ"

ကျူးစုမေက...

"ညတုန်းက အစ်ကိုကြီးနဲ့ အတူတူပဲလား"

စီးမွန်တုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ငါ့ကို သူက ဂုဏ်ပြုဧည့်ခံတယ်လေ"

ကျူးစုမေက မျက်မှောင်ကုတ်သွားသည်။

"အခုထိ သူပြန်မလာသေးဘူး၊ တန်တော့ဂေဟာက မိန်းမနဲ့ အပျော်ကျူးနေပြီနဲ့ တူတယ်"

စီးမွန်တုံးက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ သူ့ကို အထင်မလွဲပါနဲ့"

ကျူးစုမေက...

"ဒါဖြင့် သူက ဘာဖြစ်လို့ အခုထိ ပြန်မရောက်သေးတာလဲ အစ်ကိုကြီး"

စီးမွန်တုံးက ပြုံးပြလိုက်သည်။

"ဒီအကြောင်းကို အစ်ကိုကြီး အခု လာပြောပြမလို့ပဲ"

သူသည် စကားဆက်လိုက်သည်။



"အစ်ကိုကြီးတို့မှာ အရေးကြီးတဲ့ ကိစ္စတစ်ခုပေါ်လို့ ဒီမနက်ပဲ ခွက်လေ့နဲ့ လိုက်သွားပါပြီ"

သူသည် ငွေနှစ်ထောင်ကို ထုတ်ပေးလိုက်သည်။

"သူက ပြန်ပြောဖို့ အချိန်မရတာနဲ့ အစ်ကိုကြီးကို လာပြောနိုင်းတာ၊ ဒီငွေကိုလဲ အစ်ကိုကြီးကို ပေးနိုင်းလိုက်တာ"

ကျူးစုမေသည် ထိုစကားကို ကြားရတော့မှ စိတ်သက်သာရာရသွားလေသည်။

"ကြော်၊ ဒီလိုကိုး"

သူမသည် ငွေများကို လက်ခံလိုက်သည်။

စီးမွန်တုံးက ပြုံးပြလိုက်သည်။

"ငွေမလောက်ရင် ပြောနော်၊ ထပ်ပို့နိုင်းလိုက်ဦးမယ်"

ကျူးစုမေက ခေါင်းခါယမ်းလိုက်သည်။

"လောက်ပါပြီရှင်၊ ကျေးဇူးတင်ပါတယ်"

စီးမွန်တုံးက ထိုင်ရာမှ ထလိုက်သည်။

"ဒါဖြင့် အစ်ကိုကြီး သွားမယ်"

ထိုစဉ်...

ဆယ်နှစ်အရွယ်ခန့် ရှိသော ကလေးငယ်ကလေးတစ်ယောက်က အခန်းထဲမှ ပြေးထွက်လာပြီး စီးမွန်တုံး၏အကျီစကို အတင်းဆွဲထားလိုက်လေသည်။

"ဘဘပြန်တော့ မလို့လား"

စီးမွန်တုံးက ရယ်မောလိုက်ပြီး ကလေးငယ်၏ဦးခေါင်းကို ပုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး ဘဘ ပြန်တော့မယ် ထိန်ယင်၊ နောက်မှ အေးအေး ဆေးဆေးလာခဲ့မယ်"

ယင်းကလေးငယ်မှာ ဂူးဝမ်းဖ၏တစ်ဦးတည်းသော သား ဖြစ်သူ ဂူးထိန်ယင် ဖြစ်လေသည်။

ဂူးထိန်ယင်သည် မကြာခဏဆိုသလို စီးမွန်တုံး၏နေအိမ် သို့ သွားရောက်ဖူးသည်။

သူသည် စီးမွန်တုံး၏တစ်ဦးတည်းသော သမီးဖြစ်သူ စီး ကျင်းကျင်းနှင့် ကစားဖော်ကစားဖက် ဖြစ်နေ၏။

ထို့ကြောင့် သူသည် စီးမွန်တုံး၏လက်ကို ဖမ်းဆွဲထားလိုက် ပြီး…

"ဘဘ ကျွန်တော် အိမ်လိုက်ခဲ့မယ်၊ စီးကျင်းကျင်းနဲ့ မတွေ့ ရတာ သုံးရက်လောက် ရှိသွားပြီ"

စီးမွန်တုံးက မျက်နှာချိုသွေးလိုက်သည်။

"လိုက်ရမှာပေါ့ကွယ်၊ အခု ဘဘက အိမ်မပြန်သေးဘူး၊ နောက်မှ လာခေါ်မယ်နော်"

ဂူးထိန်ယင်သည် စီးမွန်တုံး၏လက်ကို ဆွဲထားလျက်…

"ဟင့်အင်း ကျွန်တော် အခုပဲ လိုက်ချင်တယ်"

ကျူးစုမေက သူ့အား ဆွဲခေါ်ထားလိုက်ရလေသည်။

"သားရယ် မလိုက်ချင်စမ်းပါနဲ့၊ နောက်တော့ မေမေ လိုက် ပို့ပေးပါ့မယ်"

စီးမွန်တုံးက ပြုံးပြလိုက်သည်။

"ဟုတ်ပါတယ် ထိန်ယင်၊ မင်းအမေ အားတဲ့အခါ လိုက်ပို့



နိုင်းနော်၊ ဘဘ ကိစ္စရှိလို့ သွားလိုက်ဦးမယ်"

သူသည် ပြောပြီးသည်နှင့် ခြေလှမ်းသုတ်သုတ်ဖြင့် ထွက် ခွာသွားလေတော့သည်။

♣ ♣ ♣

စီးမွန်တုံး ထွက်ခွာသွားပြီးနောက် ကျူးစုမေသည် ကြေး ပြားနှစ်ပြားကို ဂူးထိန်ယင် လက်ထဲသို့ ထည့်ပေးလိုက်သည်။

"ကဲ ငါ့သား စားချင်တဲ့မုန့်ကို သွားဝယ်စား၊ နောက်ပြီး မြန်မြန်ပြန်ခဲ့နော်"

"ဟုတ်ကဲ့ မေမေ"

ဂူးထိန်ယင်က ခေါင်းညိတ်ပြလိုက်ပြီး ပျော်မြူးခုန်ပေါက် ကာ ထွက်ခွာသွားလေသည်။

သူသည် အိမ်နှင့် စီးကျင်းကျင်းထံသို့ သွားရသည်မှအပ အပြင်ဘက်သို့ အလွန်ထွက်ခဲလေသည်။

ထို့ကြောင့် ယခု အပြင်သို့ မုန့်စားရန် ထွက်ခွင့်ရလိုက် သဖြင့် လမ်းပေါ်၌ ပျော်မြူးခုန်ပေါက်နေလေသည်။

သူသည် ယင်းကဲ့သို့ ခုန်ပေါက်သွားလာနေစဉ် အမျိုးသမီး တစ်ယောက်က သူ့အနားမှ ဖြတ်၍ လျှောက်သွားလေသည်။

ဂူးထိန်ယင်သည် မိမိ၏ဖခင်မှာ အမျိုးသမီးများနှင့် မကြာ ခဏ တွဲ၍ သွားလာနေသည်ကို မြင်ဖူးတွေ့ဖူးခဲ့သည်။

ထို့ကြောင့် သူသည် ထိုအမျိုးသမီးအား တွေ့မြင်လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သောအခါ အလွန်အထင်သေးစွာ ပြောလိုက်တော့သည်။

"ရှက်လဲ မရှက်ဘူးဟေ့၊ ကျုန်တော့်အဖေကို သူတို့အိမ်မှာ ခေါ်ထားတယ်"

ထိုအမျိုးသမီးသည် တစ်နိုင်လုံးရွှေဂေဟာမှ နှင်းဆီပင် ဖြစ်လေသည်။

သူမသည် လူပုံအလယ်၌ ကလေးငယ်တစ်ယောက်က ပြောဆိုနေသည်ကို ခံလိုက်ရသဖြင့် မျက်နှာထားတင်းတင်းဖြင့် ပြန်လည်ပြောလိုက်လေသည်။

"ကလေးပီပီ မနေဘူး၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ မင်းအဖေကို ဘယ်သူက ခေါ်ထားလို့လဲ"

ဂူးထိန်ယင်က...

"မခေါ်ထားရင် ညက တစ်ညလုံး ဖေဖေက ဘာဖြစ်လို့ ပြန်မလာတာလဲ"

နှင်းဆီက ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ ငါဘယ်သိမလဲ၊ မနေ့ညနေခင်းတုန်းက မင်းအဖေနဲ့ မင်းအဘနဲ့ ကမ်းစပ်ဘက်ကို ထွက်သွားတာ ငါတွေ့လိုက်တယ်"

ဂူးထိန်ယင်က ထိုစကားကို ကြားလိုက်ရသောအခါ မုန့်ဝင်ဝယ်မစားတော့ဘဲ အိမ်သို့ ပြေး၍ ပြန်သွားလေသည်။ သူသည် အိမ်ခန်းထဲသို့ ဝင်ရောက်သွားသည်နှင့်...

"မေမေ..မေမေ..မေမေ"

ကျူုးစုမေက မီးဖိုးဆောင်ထဲမှ ထွက်လာလေသည်။

"မေမေ ဒီမှာ၊ ဘာကိစ္စ ရှိလို့လဲ"



ဂူးထိန်ယင်က...

"ဖေဖေ ညတုန်းက မိန်းမအိမ်မှာ မရှိဘူးလို့ ပြောတယ်၊ ဘဘနဲ့အတူ ကမ်းစပ်ကို သွားကြတယ်လို့ ပြောတယ်"

ကျူုးစုမေ မျက်မှောင်ကြုတ်သွားသည်။

"သား ဘယ်က ကြားခဲ့တာလဲ"

ဂူးထိန်ယင်က...

"ဟို အမျိုးသမီးတစ်ယောက်က ပြောလိုက်တာ"

ကျူုးစုမေက စဉ်းစားရခက်သွားလေသည်။

စီးမွန်တုံး လာရောက်ပြောစဉ်တုန်းက ဂူးဝမ်းဖသည် အရေးကြီးသော ကိစ္စတစ်ခုနှင့် နံနက်စောစော ရှက်လှေနှင့် ထွက်ခွာသွားသည်ဟု ဆို၏။

ယခု သားကလေးက ကြားလာသော သတင်းမှာ ညတုန်းက စီးမွန်တုံးနဲ့အတူ ကမ်းစပ်ဘက်သို့ သွားကြသည်ဟု ဆို၏။

သူမသည် မည်သူ့စကား ယုံရမည်ကို မသိဘဲ ဖြစ်နေ၏။

ထို့ကြောင့် သူသည် ဂူးထိန်ယင်အား နှစ်သိမ့်စကား ပြောလိုက်သည်။

"ကဲပါ သားရယ်၊ မင်းအဖေ အလုပ်ပြီးရင် ပြန်လာမှာပေါ့"

ဂူးထိန်ယင် ခေါင်းညိတ်လိုက်ပြီး ပြန်လည်ပြေးထွက်သွားလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကျူးစုမေသည် တစ်ယောက်တည်း ထိုင်၍ စဉ်းစားနေ၏။

ဥုးထိန်ယင် ပြန်ပြောလိုက်သော စကားကို သေချာစွာ စဉ်းစားနေ၏။

သူမသည် ဂူးဝမ်းဖမှာ တစ်နိုင်လုံးရွှေဂေဟာထဲမှ နှင်းဆီ အမည်ရှိသော အမျိုးသမီးနှင့် တတွဲတွဲ ဖြစ်နေသည့် သတင်းကို သိရှိထားသည်။

ထို့ကြောင့် သူမသည် နှင်းဆီထံသို့ သွားရောက်စုံစမ်းရန် စိတ်ကူးပေါက်လာသည်။

သူမသည် အဝတ်အစားလဲပြီး သားဖြစ်သူအား အိမ်စောင့် ခိုင်းပြီးလျှင် တစ်နိုင်လုံးရွှေဂေဟာသို့ ထွက်ခွာသွားလေ၏။

♣ ♣ ♣

ကျူးစုမေသည် တစ်နိုင်လုံးရွှေဂေဟာ၏ အမည်ကို မကြာ ခဏ ကြားဖူးခဲ့သည်။

သို့သော် သူမသည် တစ်ခါတစ်ခေါက်မှ မရောက်ဘူးခဲ့ပေ။

ထို့ကြောင့် သူမသည် လမ်းသွားလမ်းလာသူများထံသို့ မေးမြန်းရလေသည်။

လမ်းသွားလမ်းလာသူတစ်ယောက်က ပြုံးစိစိဖြင့် ဂေဟာ အား ညွှန်ပြလိုက်လေသည်။

"တစ်နိုင်လုံးရွှေဂေဟာဆိုတာ ဟိုမှာ ငါ့ညီမက ဘာကိစ္စနဲ့ သွားမှာလဲ"



ကျူးစုမေက…

"ကိစ္စရှိလို့ပါ"

သူသည် ယင်းသို့ ပြောပြီး ခေါင်းပင်မလှည့်ဘဲ တစ်နိုင်လုံး ရွှေဂေဟာ ရှိရာသို့ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားလေ၏။

သူမသည် တစ်နိုင်လုံးရွှေဂေဟာသို့ ရောက်ရှိလိုက်သည်နှင့် အထဲသို့ ဝင်ရန် ခြေလှမ်းလှမ်းလိုက်လေသည်။

လူနှစ်ယောက် သူ့အား ဟန့်တားလိုက်သည်။

"ဒီမှာ အမျိုးသမီး ဘယ်သွားမလို့လဲ"

ကျူးစုမေက မျက်မှောင်ကုပ်သွားသည်။

"ဒါ တစ်နိုင်လုံးရွှေဂေဟာ မဟုတ်လားရှင့်"

ထိုလူက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ဘယ်သူ့ကို တွေ့ချင်လို့ပဲ"

"နှင်းဆီဆိုတဲ့အမျိုးသမီးကို တွေ့ချင်လို့ပါ"

ထိုလူက လက်ကာပြထားလိုက်သည်။

"ခဏစောင့်ဦး၊ ငါတို့ သွားခေါ်ပေးမယ်"

ထိုလူနှစ်ယောက်အနက် တစ်ယောက်က အထဲသို့ ဝင်သွား ၏။

တစ်ခဏအကြာတွင် ထိုလူ ပြန်ထွက်လာပြီး သူ့နောက် တွင် အမျိုးသမီးတစ်ယောက်က လိုက်ပါလာလေသည်။

ထိုအမျိုးသမီးမှာ နှင်းဆီ ဖြစ်ရမည်ဟု ကျူးစုမေ ထင်မြင် မိလေသည်။

နှင်းဆီသည် ကျူးစုမေအား ကောင်းစွာ သိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဂူးဝမ်းဖအတွက်နဲ့ ပတ်သက်ပြီး ဇနီးဖြစ်သူက လာရောက်ရန်တွေ့သည်ဟု ထင်မှားမိလေသည်။

သူမသည် မျက်နှာထားတင်းတင်းဖြင့်...

"အစ်မကြီးယောက်ျား ကျွန်မဆီမှာ မရှိဘူး"

ကျူးစုမေက...

"ဟုတ်ကဲ့ ကျွန်မသိပါတယ်၊ ကျွန်မ အခုလာတာက စကား လေးတစ်ခွန်း မေးချင်လို့ပါ"

နှင်းဆီ မျက်မှောင်ကုပ်သွားသည်။

"ဘာစကားများ မေးမလို့ဘဲ"

ကျူးစုမေသည် ဘေးဘီတစ်ချက် ကြည့်လိုက်ပြီးမှ...

"ကျွန်မအခန်းထဲ ဝင်ပါရစေ"

နှင်းဆီက ခေါင်းညိတ်လိုက်ပြီး သူမ၏အခန်းထဲသို့ ခေါ် ဆောင်သွားလေသည်။

♣ ♣ ♣

နှင်းဆီသည် အတန်ကြာ စဉ်းစားပြီးမှ...

"ကျွန်မလဲ ဘာပြောရမှန်းမသိ ဖြစ်နေပြီ"

ကျူးစုမေက...

"ဒါနဲ့ ဂျဲညီမက ကျွန်မယောက်ျားနဲ့ စီးမွန်တုံးနဲ့အတူ ကမ်း စပ်ဘက်ကို ထွက်သွားတာ တွေ့ခဲ့တယ်ဆိုတာ သေချာရဲ့လား"

နှင်းဆီက ခေါင်းညိတ်လိုက်သည်။



"ကျွန်မ မျက်မြင်ကိုယ်တွေ့ပါ"

သူတို့သည် စကားတပြောပြောဖြင့် တစ်ခိုင်လုံးရွှေဂေဟာမှ ထွက်ခွာသွားလေသည်။

ထိုအချိန် လူတစ်ယောက်သည် တစ်ခိုင်လုံးရွှေဂေဟာ ရှေ့ သို့ လျှောက်လာနေ၏။

သူသည် နှင်းဆီနှင့် ကျူးစုမေတို့ ထွက်သွားသည်ကို တွေ့ မြင်လိုက်ရသဖြင့် သူ၏မျက်လုံးအစုံတွင် သံသယ ဖြစ်ပေါ်နေသော အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။

♣ ♣ ♣

နှင်းဆီနှင့် ကျူးစုမေတို့သည် ကမ်းစပ်ရှိရာသို့ ရောက်ရှိ လာလေသည်။

ကျူးစုမေသည် လမ်းတစ်လျှောက်လုံးရှိ ပတ်ဝန်းကျင်ကို အကဲခတ် သတိပြုလာခဲ့လေသည်။

သူမသည် ကမ်းစပ်သို့ ရောက်ရှိလာသောအခါ ကမ်းစပ် တိုက်၌ လှေဟူ၍ တစ်စီးတစ်လေကိုမျှ မတွေ့ရချေ။

ကျူးစုမေ၏ရင်ထဲ၌ ပို၍ သံသယ ဖြစ်လာလေသည်။ ဂူး ဝမ်းဖ အကြောင်းကို သူမ ကောင်းစွာ သိထားသည်။

သူသည် မိန်းမပွေသည်။ လောင်းကစားတတ်သည့် အကျင့် ရှိသည်။

သို့သော် ခရီးဝေးသွားရန် ကိစ္စရှိလျှင် အိမ်သို့ ပြန်၍

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားစမြဲ ဖြစ်သည်။ သူသည် တစ်ညအိပ်ထက် ပို၍ အပြင်၌ ကြာကြာမနေတတ်ပါ။

ယခုမှာမူ သူက အဘယ်ကြောင့် အိမ်သို့ ကိုယ်တိုင်လာရောက်၍ အကြောင်းမကြားနိုင်ပါသနည်း။

သူသည် ရှုပ်ထွေးသော အတွေးများကို ခေါင်းအေးအေးဖြင့် စဉ်းစားနိုင်ရန် ကျောက်ဆောင်ပေါ်သို့ ထိုင်ချလိုက်လေသည်။

သူမ၏မျက်လုံးအစုံသည် အမှတ်မထင် ကျောက်ဆောင်အနီးရှိ ဒွေးကွက်ထံသို့ ရောက်ရှိသွားလေသည်။

သူမ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်လာလေသည်။ ရင်ထဲ၌လည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

သူမသည် ကြောက်မက်ဖွယ်ရာ အန္တရာယ်တစ်ခု မိမိခေါင်းပေါ် ကျရောက်လာလိမ့်မည်ဟုလည်း အလိုလို ခံစားလာလေတော့သည်။

သူမသည် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

ဒွေးကွက်သို့ ဒူးထောက်၍ အနီးခံကြည့်လိုက်သည်။

ဒွေးများ ခြောက်သွေ့ပေမယ့် အနံ့အသက်ကတော့ ရှိသေးသည်။ သူမသည် နှင်းဆီလက်ကို ဆွဲကာ...

"ကျေးဇူးတင်ပါတယ် အစ်မကြီး၊ ကလေး အိမ်မှာ ထားခဲ့တာ စိတ်မချလို့ မြန်မြန်ပြန်ကြရအောင်"

သူမက ပြောပြီး နှင်းဆီ၏လက်ကို ဆွဲကာ လာလမ်းအတိုင်း မိမိ၏နေအိမ်သို့ ပြေးလွှားသွားလေသည်။

♣ ♣ ♣



စီးမွန်တုံးသည် လက်နှစ်ဘက် နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ သူ့ရှေ့တွင် လူတစ်ယောက် ရပ်နေလေသည်။

စီးမွန်တုံးသည် ထိုလူရှေ့တွင် ခြေလှမ်းရပ်တန့်လိုက်၏။

"ကျူးစုမေ တစ်နိုင်လုံးရွှေဂေဟာကို လာတယ်ဆိုတာ မင်းတကယ် တွေ့ခဲ့သလား"

ထိုလူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ"

စီးမွန်တုံးက စကားဆက်လိုက်သည်။

"သူနဲ့ နှင်းဆီတို့ အတူတူ ကမ်းစပ်ဘက်ကို ထွက်သွားတာ မင်းသေချာတွေ့ခဲ့တယ် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

စီးမွန်တုံးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ မင်းသွားနိုင်ပြီ"

ထိုသူသည် အရိုအသေပြုပြီး အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

စီးမွန်တုံး၏ မျက်နှာပေါ်တွင် ကောက်ကျစ်စဉ်းလဲသော အပြုံးပြုံးလိုက်သည်။

"မင်းက အေးအေးဆေးဆေး မနေတော့ ငါက ကျူပင်ခုတ်ကျူငုတ်ပါမကျန် လုပ်ရတော့မှာပဲ"

ဟု ကြိုးဝါးလိုက်လေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



လမိုက်သော ညတစ်ည ဖြစ်သည်။

ကျူးစုမေသည် သားကလေးဂူးထိန်ယင်နှင့်အတူ မိမိ နေအိမ်နှင့် ခပ်လှမ်းလှမ်း နေရာတစ်ခုတွင် ပုန်းအောင်းနေ၏။

ထိုနေရာသည် ဝါးရုံများ ထူထပ်စွာ ရှိနေသောကြောင့် ကျူးစုမေတို့ သားအမိအတွက် ပုန်းအောင်းနိုင်သော နေရာကောင်းတစ်ခု ဖြစ်နေလေသည်။

ထိုအချိန် ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်း၍ နေလေသည်။

ဂူးဝမ်းဖ နေထိုင်သော ရွာကလေးသည် အိမ်ခြေသုံးဆယ်ခန့်မျှသာ ရှိသည်ဟု ထင်ရ၏။

၎င်းရွာတွင် နေထိုင်ကြသူများမှာ ဂူးအမျိုးအနွယ်ဝင်များသာ ဖြစ်ကြလေသည်။

ဂူးအမျိုးအနွယ်မှာ လူဦးရေ အလွန်နည်းပါးသော အမျိုးအနွယ်တစ်မျိုး ဖြစ်သည်။

ဂူးဝမ်းဖက ချမ်းသာလာပြီးနောက် သူ၏ဂူးအမျိုးအနွယ်ဝင်အားလုံးတို့ကို ဤနေရာ၌ နေထိုင်စေပြီး ဂူးရွာစုတစ်ခု အဖြစ် တည်ဆောက်ခဲ့လေသည်။

ဂူးရွာစုသည် စီးအမျိုးအနွယ် ရွာစုနှင့် နီးကပ်သည်။ ထန်ရွာစုနှင့်လည်း သိပ်မဝေးလှပါ။

ကျူးစုမေသည် ဝါးရုံတောထဲ၌ ပုန်းအောင်းရင်း အမှောင်ထုထဲသို့ မျက်တောင်မခတ် ကြည့်နေ၏။

ကျူးစုမေသည် ယင်းကဲ့သို့ ပြုလုပ်နေခြင်းကို ဂူးထိန်ယင်က အလွန်အံ့ဩနေ၏။

သို့သော် မိခင်၏ခက်ထန်သော မျက်နှာထားကို မြင်တွေ့နေရသဖြင့် မမေးဝံ့ဘဲ တိတ်တိတ်နေရလေသည်။

သို့သော် အံ့ဩစူးစမ်းလိုသောစိတ်များ ဖြစ်ပေါ်နေသောကြောင့် အိပ်မရဘဲ သူ့မိခင်နည်းတူ သူနေထိုင်သော အိမ်ဘက်သို့ မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။



♣ ♣ ♣

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေ၏။

ထိုအချိန်မှာပင် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ခြေသံများသည် တစ်ဦးတစ်ယောက်၏ ခြေသံ မဟုတ်ပါ။

အနည်းဆုံး လူဆယ်ယောက်ခန့်၏ ခြေသံမျိုး ဖြစ်သည်။

ကျူးစုမေသည် အာရုံစူးစိုက်စွာ ကြည့်နေ၏။

ခြေသံများမှအပ မည်သူ့ကိုမျှ မတွေ့ရပါ။

ဂူးထိန်ယင်ကလည်း မျက်လုံးစူးစိုက်စွာ ကြည့်နေ၏။

တစ်ခဏအကြာတွင် စူးရှသော အော်သံများ အဆက်မပြတ် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

တစ်ဆက်တည်းမှာပင် တိုက်ခိုက်သော အသံများ၊ စူးရှစွာ အော်ဟစ်သော အသံများသည် ကမ္ဘာပျက်မတတ် ထွက်ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

တစ်ခဏအကြာတွင်…

အသံဗလံအားလုံးသည် ပြန်လည်တိတ်ဆိတ်သွားသည်။

ကျူးစုမေနှင့် ငူးထိန်ယင်တို့သည် ထိတ်လန့်တုန်လှုပ်စွာ ကြည့်နေစဉ်မှာပင် မီးရောင်များ ဝုန်းခနဲ ထတောက်လာသည်ကို တွေ့ရလေသည်။

ငူးရွာစုတစ်ခုလုံး မီးရှို့လိုက်ခြင်း ဖြစ်သည်ကို ကျူးစုမေက နားလည်လိုက်လေသည်။

မီးတောက်မီးလျှံများ ကဖြည်းဖြည်း တောက်လောင်ကျွမ်းပြန့်လာပြီး ဝန်းကျင်တစ်ခုလုံးသည် မီးရောင်ဟပ်၍ ထိန်ထိန်လင်းနေ၏။

မီးရောင်အောက်တွင် အနက်ရောင်ဝတ်ဆင်ထားသော လူများသည် ဓားများ ဆွဲကိုင်လျက် မီးရှို့နေသည်ကို တွေ့ရ၏။

ထိုလူများအား အမိန့်ပေးနေသူမှာ စီးမွန်တုံး ဖြစ်နေသည်ကို တွေ့ရသဖြင့် ကျူးစုမေ၏ တစ်ကိုယ်လုံး တုန်ခါသွားလေ၏။

သူမ၏ထင်မြင်ချက်မှာ မှန်ကန်နေသည်ကို သူမသိလိုက်လေသည်။

ယခု သူမသည် ကြိုတင်တွေးမိထားသောကြောင့် အသက်ဘေးမှ လွတ်မြောက်လာနိုင်ခြင်း ဖြစ်သည်။

သို့သော် အပြစ်ကင်းမဲ့ပြီး ဘုမသိဘမသိ သေဆုံးသွားရသော ငူးရွာစုမှ လူများအတွက် သူမ ရင်ထုမနာ ဖြစ်ခဲ့ရလေ၏။

ငူးထိန်ယင်ကလည်း အနည်းငယ် နားလည်လာဟန်တူ၏။



"မေမေ ဘာဘာက ဘာဖြစ်လို့ ကျွန်တော်တို့အိမ်ကို မီးရှို့တာလဲဟင်"

ကျူးစုမေက ငူးထိန်ယင်အား တင်းကြပ်စွာ ပွေ့ဖက်ထားပြီး ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေ၏။

"သားရယ်၊ မင်းမှတ်ထားဖို့က စီးမွန်တုံးဟာ မင်းရဲ့ဘာဘာ မဟုတ်တော့ဘူး။ တို့မိသားစုရဲ့ရန်သူ ဖြစ်နေပြီ"

ငူးထိန်ယင်က နားမလည်နိုင်သော အကြည့်ဖြင့် မိခင်အား ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲဟင် မေမေ"

ကျူးစုမေက…

"သားရဲ့အဖေကို သတ်သွားတာ မင်းဘာဘာ စီးမွန်တုံးပါပဲကွယ်"

ငူးထိန်ယင်က…

"ဘာဘာက ဘာဖြစ်လို့ ဖေဖေ့ကို သတ်ရတာလဲဟင်"

ကျူးစုမေက…

"ငါ့ကို ဘာမှမမေးနဲ့။ မင်းကြီးလာရင် သူတို့ လုပ်သလို ပြန်လုပ်ရမယ်၊ ဒါပဲ"

ယင်းစကားသည် ငူးထိန်ယင်၏ ဦးနှောက်ထဲသို့ သံမှိုရိုက်ထားလိုက်သည့်အလား တစ်သက်လုံး စွဲသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ထက်တစ်နေ့...

ကျူးစုမေသည် ပူးထိန်ယင်အား ခေါ်ဆောင်၍ ကျန်းမြစ်တစ်ဘက်ကမ်းသို့ ကူးသွားလေသည်။

စီးမွန်တုံးသည် သတင်းရရှိသည်မှာ နောက်ကျသွားသဖြင့် သူတို့အား အမီလိုက်၍ မရတော့ပါ။

ကျူးစုမေသည် ကျန်းမြစ်တစ်ဘက်ကမ်းသို့ ရောက်ရှိသည်နှင့် ထိုနေရာမှာ စီးမွန်တုံး၏ အာဏာစက်နှင့် ဝေးကွာသွားသဖြင့် ရွာကလေးတစ်ရွာတွင် နေထိုင်ကြလေသည်။

သူမသည် ပူးထိန်ယင်အား သိုင်းဆရာတစ်ဦးထံသို့ သိုင်းပညာသင်ကြားရန် ပို့ထားလိုက်လေသည်။

ပူးထိန်ယင်သည် မိမိမှာ ဖခင်နှင့် ပူးရွာစုအတွက် စီးမွန်တုံးအား လက်စားချေရန် တာဝန်ရှိသည်ဟု ခံယူထားလေသည်။

ထို့ကြောင့်...

သူသည် သိုင်းပညာရပ်များကို ကြိုးစားသင်ကြားခဲ့လေသည်။

♣ ♣ ♣



အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ပူးထိန်ယင်သည် လူမျိုးအရွယ်သို့ပင် ရောက်ရှိလာလေသည်။

သူသည် သိုင်းပညာ အလွန်ကျွမ်းကျင်ခဲ့ပြီ ဖြစ်ရာ သိုင်းဆရာထံမှ နှုတ်ဆက်၍ အိမ်ပြန်လာလေသည်။

ကျူးစုမေက ဝမ်းပန်းတသာဖြင့် ကြိုဆိုလိုက်လေသည်။

သူသည် ရွာထဲ၌ တစ်လခန့် နေထိုင်ပြီးနောက် စီးမွန်တုံးအား လက်စားချေရန် နှုတ်ဆက်၍ ထွက်ခွာလာခဲ့လေသည်။

သူသည် ကျန်းမြစ်တစ်ဘက်ကမ်းသို့ ရောက်ရှိလာသောအခါ စီးမွန်တုံးတစ်ယောက် ကွယ်လွန်သွားပြီ ဖြစ်ကြောင်း ကြားသိလိုက်ရလေသည်။

စီးမွန်တုံးမှာ မကွယ်လွန်မီ နှစ်အတွင်းမှာ ဇနီးကွယ်လွန်သွားသဖြင့် နောက်အိမ်ထောင်ပြုလိုက်ရလေသည်။

ထို့ကြောင့်...

စီးကျင်းကျင်း မကျေမနပ် ဖြစ်ကာ သီလရှင်ဘဝသို့ ကူးပြောင်းသွားသည့် သတင်းများ ကြားသိလိုက်ရလသည်။

ပူးထိန်ယင်သည် ထိုသတင်းကို ကြားလိုက်ရသောအခါ စိတ်မာတ်ကျသွားလေသည်။

သူသည် စီးမွန်တုံးအား လက်စားချေရန် အနှစ်နှစ် အလလ ကြိုးစားပမ်းစား သိုင်းပညာသင်ကြားခဲ့သည်မှာ အချည်းအနှီး ဖြစ်နေလေသည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



ဝူးရွာစုမှာ မီးလောင်နေပုံနှင့် ရွာသူရွာသားများ အသက်ခံရပုံများကို ငယ်စဉ်ကတည်းက ခေါင်းထဲမှာ မမေ့မပျောက်ဘဲ အမြဲတမ်း မြင်ယောင်နေမိသဖြင့် သူသည် ဇီးဂေဟာ ရွာစုအား တုံ့ပြန်ရန် စိတ်ကူးလိုက်လေသည်။

သူသည် အစီအစဉ်များကို သေချာရေးဆွဲပြီး မည်သို့ လှုပ်ရှားရမည်ကို ဆင်ခြင်သုံးသပ်နေ၏။

နောက်ဆုံး သူသည် အရာထမ်းတစ်ဦးနှင့် မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ရသဖြင့် ငွေအမြောက်အမများပေးပြီး အုပ်ချုပ်ရေး အရာရှိရာထူးကို ရရှိလိုက်လေသည်။

အုပ်ချုပ်ရေးရာထူး ရရှိထားသော ဝူထိန်ယင်သည် လုပ်ရင်းကိုင်ရင်း လောဘတွေ ကြီးထွားလာလေသည်။

သူသည် တစ်ဘက်က အုပ်ချုပ်ရေး အရာရှိရာထူးကို အသုံးပြုပြီး အချုပ်ခန်းထဲ၌ သေဒဏ်စီရင်ခြင်း ခံရသော လူများအား မိမိနိုင်းစေရာ ဦးလည်မသုဉ် ထမ်းဆောင်ပေးရမည်ဟု ကတိတောင်းကာ သေဒဏ်သင့်ခြင်း ခံရသော လူဆယ့်နှစ်ယောက်အား ခေါ်ထုတ်၍ သိုင်းပညာရပ်များကို စနစ်တကျ သင်ကြားပေးလေသည်။

သုံးနှစ်အကြာတွင် သူသည် ကိုယ်တိုင် မလှုပ်ရှားဘဲ အုပ်ချုပ်ရေးမှူးရာထူးကို အကာအကွယ်ပြု၍ ဒုစရိုက်မှုများကို စတင်အကောင်အထည် ဖော်လိုက်လေသည်။

သူသည် ထန်ဂေဟာမှ လူစုများကိုလည်း ငွေပေး၍ ပေါင်းထားလိုက်လေသည်။

ထိုအချိန်မှစပြီး ဝူးထိန်ယင်သည် သူ၏အုပ်ချုပ်ရေး ရုံးခန်း



၌ ထိုင်ကာ သူ၏တပည့်များ လှုပ်ရှားမှုကို ဦးဆောင်လမ်းပြပေးရလေသည်။

သူ၏ဦးဆောင်မှုကြောင့် အလွန်အောင်မြင်လာကာ ရတနာရွှေငွေပစ္စည်းများကို အတော်များများ ဆုဆောင်းမိလာသည်အထိ ကြီးပွားလာလေတော့သည်။

သူ၏ရတနာများမှာ လုံလောက်ရုံမျှမက ပိုလျှံ၍ပင် လာသည်ကို တွေ့ရသောအခါ သူသည် သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးရန် လောဘစိတ်များ ဖြစ်ပေါ်လာလေသည်။

ထိုအချိန်မှာပင်...

သူသည် လူအေးနှင့် သံမဏိလက်တို့နှင့် ရင်ဆိုင်ရလေတော့၏။

♣ ♣ ♣

ဝူးထိန်ယင်သည် အလွန်ဉာဏ်ကောင်းသော လူတစ်ယောက် ဖြစ်သည်။

လှုကဲခတ်ပညာမှာလည်း အလွန်ကျွမ်းကျင်လေသည်။

သူသည် သံမဏိလက်နှင့် လူအေးတို့အား တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုလူငယ်နှစ်ယောက်မှာ မိမိအဖို့ အလွန်ခေါင်းရှုပ်လာဖွယ်ရာ ရှိသည်ဟု ကောင်းစွာ နားလည်လိုက်လေသည်။

ထို့ပြင်...

www.burmeseclassic.com

www.burmeseclassic.com



လူအေးတို့၏ အထက်အရာရှိမှာလည်း လျှမ်းလျှမ်းတောက် ကျော်ကြားသော ထောက်လှမ်းရေးမှူးချုပ် သိမ်းငှက်လောက်ချစ် ဖြစ်သည်ကို သိရှိထား၏။

ထို့ကြောင့်...

သူသည် မည်ကဲ့သို့ ရင်ဆိုင်ရန် ကြံစည်စဉ်းစားရလေသည်။

သူသည် ငွေဖြင့် စည်းရုံးခြင်းနှင့် နှုတ်ပိတ်သည့် နည်းလမ်းကို အသုံးပြုခြင်း စသည့် နည်းလမ်းများကို ကျင့်သုံးလိုက်လေသည်။

သို့သော်...

ငွေဖြင့် စည်းရုံး၍ မရ။

ပိုင်းရှံသတ်ဖြတ်သော နည်းလမ်းမှာလည်း အခြေအနေ မဟန်မှန်း သိရှိသောအခါ သူသည် ထန်ထိန်စုအား သတ်ပြီး မိမိ အပြစ်မှ ရှောင်တိမ်းနိုင်ရန် ဆုံးဖြတ်ခဲ့လေသည်။

သို့သော် ကံဆိုးမိုးမှောင်ကျသွားလေသည်။

သံမဏိလက် ပစ်လွှင့်လိုက်သော ဓားသည် ထန်ထိန်စုအား ထိမှန်ခြင်း မရှိဘဲ သူ့အား ထိမှန်သွားသဖြင့် ယခုကဲ့သို့ မိမိကံကြမ္မာ ဆိုးနှင့် ရင်ဆိုင်ရခဲ့ပြီ မဟုတ်ပါလော။

♣ ♣ ♣



ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်၍ နေ၏။

ကျွန်းမြစ်၏ ရေပြင်မှ တိုက်ခတ်လာသော လေသည် အေးစိမ့်၍လာသည်။

သံမဏိလက်နှင့် လူအေးတို့သည် သက်ပြင်းကိုယ်စီ ချလိုက်လေသည်။ သံမဏိလက်က စိတ်မကောင်းစွာဖြင့်...

"ခင်ဗျားပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ခက်တာက ခင်ဗျားရဲ့ အာဃာတစိတ်တွေ၊ လောဘရမ္မက်တွေကြောင့် အခုလို ကံတရားက ခင်ဗျားကို စီမံလိုက်တာပဲ"

ဦးထိန်ယင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်ကံဆိုးလို့ ဖြစ်ရတာပါ"

လူအေးက...

"မတရားမှုဆိုတာ တစ်နေ့မဟုတ်တစ်နေ့ ဘွားဘွားကြီး ပေါ်လာလိမ့်မယ်လို့ ခင်ဗျားကြိုတင်သိထားဖို့ ကောင်းပါတယ်"

သံမဏိလက်က...

"အမှန်ပြောရမယ်ဆိုရင် ခင်ဗျားတပည့်တွေကို တွေ့မြင် စကတည်းက ခင်ဗျားအပေါ် ကျုပ်တို့က သံသယ ဖြစ်လာပါတယ်"

ဦးထိန်ယင်က မချိပြုံးပြုံးလိုက်လေသည်။

"ကျုပ်ရဲ့ စဉ်းစားဆင်ခြင်ဉာဏ်ဟာ ခင်ဗျားတို့ထက် မညံ့ပါဘူး ခင်ဗျာ၊ ကျုပ်က လောဘရမ္မက်ကြောင့် အခုလို ရှုံးနိမ့်သွားတာပါ"

လူအေးက ခေါင်းညိတ်လိုက်သည်။

"ဒီစကားဟာ အမှန်ဆုံးပါ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် စကားပြောနေစဉ်မှာပင်...

"ဗိုး"

အရာဝတ္ထုတစ်ခုသည် လေထဲသို့ တိုးဝင်လာသည်ကို ကြားလိုက်ရလေသည်။ သံမဏိလက်သည် လူအေးအား ရုတ်တရက် တွန်းဖယ်လိုက်သည်။ သူ၏ခန္ဓာကိုယ်မှာလည်း အောက်သို့ မှောက်ချလိုက်လေသည်။ သို့သော်...

သူ၏လှုပ်ရှားမှုသည် အနည်းငယ် နောက်ကျသွားသည်။ သေးငယ်သော မြှားတစ်စင်းသည် သူ၏ခြေသလုံးသို့ စိုက်ဝင်သွားလေသည်။

ထိုအချိန်မှာပင်...

ဂူးထိန်ယင်က ဝုန်းခနဲ ထရပ်လိုက်ပြီး အနီးရှိ ကျောက်တုံးတစ်တုံးကို ယူ၍ လူအေး၏ဦးခေါင်းသို့ ရိုက်ချလိုက်လေသည်။

"ဝုန်း"

လူအေးသည် မအော်လင့်ဘဲ ခံလိုက်ရသဖြင့် သတိမေ့သွားလေသည်။

လဲကျနေသော သံမဏိလက်သည် ဂူးထိန်ယင် ခြေထောက်ကို ဖမ်းဆွဲလိုက်ရာ ဂူးထိန်ယင်က မြေပေါ်သို့ လဲကျသွားလေသည်။

သို့သော် သူသည် ခြေထောက်ဖြင့် သံမဏိလက်၏ဦးခေါင်းကို ကန်လိုက်ရာ...

"အား"

သံမဏိလက်၏ နဖူးပေါ်တွင် သွေးများ ဖြာခနဲ ထွက်



လာလေသည်။ ဂူးထိန်ယင် ခြေထောက်ကိုလည်း လက်လွှတ်လိုက်ရလေသည်။

ဂူးထိန်ယင်က ကမန်းကတန်း ထရပ်လိုက်သည်။ အဘွားအိုတစ်ယောက်သည် မြှားတစ်စင်းကိုင်လျက် သူတို့ထံသို့ လျှောက်လာသည်ကို တွေ့မြင်လိုက်ရသည်။

"ဂူးထိန်ယင်"

အဘွားအိုက လှမ်းခေါ်လိုက်သည်။

"မေမေ"

ဂူးထိန်ယင်က အော်ဟစ်ရင်း ပြေးလွှားသွားလေသည်။ ထိုအချိန် သံမဏိလက်က လူးလိမ့်၍ ထရပ်လိုက်သည်။ သူသည် ခြေထောက်တွင် စိုက်ဝင်နေသော မြှားကို ဆွဲထုတ်လိုက်သည်။ ထို့နောက် ခါးမှဓားငယ်တစ်လက်ကို ဆွဲထုတ်လိုက်သည်။

"မပြေးနဲ့ ဂူးထိန်ယင်"

သူသည် ဂူးထိန်ယင်အား အော်ဟစ်ဟန့်တားလိုက်သည်။ ဂူးထိန်ယင်က ဆက်လက်ပြေးလွှားသွားလေသည်။

သူသည် အဘွားအိုအား သိုင်းဖက်ထားလိုက်သည်။

"မေမေ ဘာဖြစ်လို့ လိုက်လာရတာလဲ"

ထိုစဉ်မှာပင် သံမဏိလက်က လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။ ဓားငယ်သည် ဂူးထိန်ယင် နောက်ကျောသို့ တည့်မတ်စွာ ပျံသန်းသွားလေသည်။

အဘွားအိုသည် ဂူးထိန်ယင်အား လက်နှစ်ဘက်ဖြင့် တွန်းပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးထိန်ယင်သည် မမျှော်လင့်ဘဲ အတွန်းခံလိုက်ရသဖြင့် နောက်သို့ ပက်လက်လန် လဲကျသွားလေသည်။

ထိုအချိန်မှာပင် သံမဏိလက် ပစ်လွှတ်လိုက်သော ဓားငယ်သည် အဘွားအို ရင်ဝသို့ တည့်တည့်မတ်မတ် စိုက်ဝင်သွားလေသည်။

"အား"

အဘွားအိုက စူးရှစွာ အော်ဟစ်ရင်း မြေပေါ်သို့ လဲကျသွားလေသည်။

ဝူးထိန်ယင်က အသံကုန် အော်ဟစ်လိုက်လေသည်။

"မေမေ..မေမေ..မေမေ"

သူသည် အဘွားအိုအား ပွေ့ချီလိုက်သည်။

သို့သော အဘွားအိုက သူ၏ခေါ်သံကို လုံးဝမကြားရတော့ပါ။

သို့သော် သူမ၏မျက်နှာပေါ်တွင် မိမိသား၏အသက်ကို ကယ်တင်နိုင်ခဲ့သည့်အတွက် ကျေနပ်စွာ ပြုံးရောင်သန်းနေ၏။

"မေမေရယ်"

ဝူးထိန်ယင်သည် အဘွားအို၏ခန္ဓာကိုယ်အား တင်းကြပ်စွာ သိုင်းဖက်ထားသည်။

သူ၏ပါးပြင်ဖြင့် အဘွားအို၏ပါးပြင်ကိုကပ်ကာ လှိုက်လှိုက်လှဲလှဲ ငိုကြွေးလေတော့သည်။

♣ ♣ ♣



ဝူးထိန်ယင်သည် အတန်ကြာ ငိုကြွေးပြီးမှ ခေါင်းထောင်ကြည့်လိုက်သည်။

သံမဏိလက်သည် သတိမေ့နေသော လူအေးအား ပွေ့ယူနေသည်ကို တွေ့မြင်လိုက်လေသည်။

သူ၏မျက်လုံးအစုံတွင် မီးတောက်မီးလျှံများ ထွက်ပေါ်လာတော့မည့်အလား နီရဲ၍ နေ၏။

သူသည် အဘွားအို၏အလောင်းကို အသာအယာ ချထားလိုက်သည်။

ထို့နောက် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး သံမဏိလက်ထံသို့ တစ်လှမ်းချင်း လျှောက်လာလေသည်။

♣ ♣ ♣

သံမဏိလက်သည် ခြေထောက်တစ်ဘက် မြှားထိခံရသဖြင့် ကြာကြာရပ်၍ မရပါ။

သူသည် ဝူးထိန်ယင် သူ့ထံသို့ လျှောက်လာနေသည်ကို တွေ့မြင်ရလေသည်။

ဝူးထိန်ယင်မှာ ဓားဒဏ်ရာ ရရှိထားသည်မှာ မှန်သည်။ သို့သော် ဆေးဝါးများကြောင့် သက်သာနေပြီ ဖြစ်လေသည်။

ယခုအချိန်မှာ တိုက်ခိုက်ကြမည်ဆိုလျှင် မိမိမှာ မတ်တတ်ရပ်၍ မရသည့်အတွက် တပန်းရှုံးနေ၏။

ထို့ကြောင့် သူသည် လူအေးအား သတိရလာစေရန် ပြုစုရ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

သို့သော် လူအေး၏ဒဏ်ရာမှာ အလွန်ပြင်းထန်နေသော ကြောင့် ရုတ်တရက် သတိမရနိုင်ဘဲ ဖြစ်နေ၏။

ဝူးထိန်ယင်မှာမူ သူ့အနီးသို့ တဖြည်းဖြည်း နီးကပ်လာပြီ ဖြစ်လေသည်။ သံမဏိလက်က ရင်ထိတ်နေ၏။

သူသည် လူအေးအား သတိရရန် အစွမ်းကုန်ပြုစုနေရ၏။ ဝူးထိန်ယင်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာ သံမဏိလက်၊ မင်းကြိုးစားမနေနဲ့တော့၊ ငါ့အမေ သေသွားတဲ့အတွက် မင်းတို့နှစ်ယောက်ကို အစိပ်စိပ်အပိုင်းပိုင်း ခုတ်ပစ်မယ်"

သူသည် ပြောရင်း တစ်လှမ်းချင်း လှမ်းလာနေ၏။

သံမဏိလက်အဖို့ အခက်ကြုံသွားသည်။

သူသည် ဤအတိုင်း ထွက်ပြေးလျှင် လွတ်မြောက်နိုင်သည်။ သို့သော် လူအေးအား ဤအတိုင်း ပစ်ထား၍ မဖြစ်ပါ။ လူအေးကို ဤအတိုင်း ပစ်ထားလျှင် ဝူးထိန်ယင်၏လက်ချက်ဖြင့် သေဆုံးသွားမည်မှာ သေချာသည်။

ထို့ကြောင့် သူသည် သူသေကိုယ်သေ ဝူးထိန်ယင်နှင့် ရင်ဆိုင်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ထိုစဉ်မှာပင်...

"ဟေ့ ရပ်လိုက်"

ဟူသော အသံများ ကြားလိုက်ရလေသည်။

ဝူးထိန်ယင်က လှည့်ကြည့်လိုက်ရာ လူဆယ်ယောက်ခန့်



သည် သူ့ထံသို့ ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝူးထိန်ယင်သည် အခြေအနေ မဟန်မှန်း သိလိုက်သဖြင့် အဘွားအို၏အလောင်းကို ပြေးလွှားပြီး ပခုံးပေါ်သို့ ထမ်းတင်လိုက်သည်။

ထို့နောက် ပြေးလွှားထွက်ခွာသွားလေတော့သည်။

♣ ♣ ♣

ဝူးထိန်ယင် ထွက်ခွာသွားတော့မှ သံမဏိလက် သက်ပြင်း ချနိုင်ခဲ့လေသည်။

သူသည် ပြေးလွှားလာနေကြသော လူစုအား လှမ်းကြည့် လိုက်လေသည်။

ရှေ့ဆုံးတွင် ပြေးလွှားလာသူမှာ စီးမေဟုန်ပင် ဖြစ်သည်။ သူ့နောက်တွင် ထက်ကြပ်မကွာ လိုက်လာသောသူမှာ စီးချန်းယင် ပင် ဖြစ်သည်။

သူတို့နောက်တွင် ဓားကိုယ်စီ ကိုင်ဆောင်ထားသော လူ များမှာ စီးချန်းယင်၏လူများပင် ဖြစ်သည်။

စီးမေဟုန်သည် လဲကျနေသော လူများအား တွေ့လိုက်ရ စဉ် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

"ဟင် အစ်ကိုကြီးလူအေး ဘာဖြစ်သွားသလဲ"

သံမဏိလက်က ခေါင်းခါပြလိုက်သည်။

"သူ ဘာမှ မဖြစ်ပါဘူး၊ သတိမေ့သွားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



စီးချွန်းယင်က သံမဏိလက်၏ခြေထောက်ကို ကြည့်မိလိုက်လေသည်။

"ဟ ခင်ဗျားမှာလဲ ဒဏ်ရာနဲ့ပါလား"

သံမဏိလက်က သက်ပြင်းချလိုက်သည်။

"ကျုပ်တို့လဲ အနိုင်ရရှိခါနီးကျမှ မမျှော်လင့်ဘဲ ခံလိုက်ရတယ်ဗျို့"

စီးမေဟုန်က လူအေးအား ကရုဏာသက်စွာဖြင့် စိုက်ကြည့်လိုက်သည်။

"အစ်ကိုကြီး၊ သူ့ကို အိမ်ခေါ်သွားမှ ဖြစ်မယ် ထင်တယ်"

စီးချွန်းယင်က ပြုံးလိုက်သည်။

"စိတ်ချပါ၊ သူတို့အားလုံး ခေါ်သွားမှာပါ"

သူသည် သူ၏လူများကို လက်ဝှေ့ယမ်းပြလိုက်သည်။

"ဟောဒီ မိတ်ဆွေနှစ်ယောက်ကို ထမ်းခေါ်သွားကြရအောင်"

စီးချွန်းယင်၏လူစုသည် ဒဏ်ရာရရှိထားသော သံမဏိလက်နှင့် လူအေးတို့အား ပိုင်းရံဖေးမ၍ ခေါ်ဆောင်သွားလေတော့သည်။

♣ ♣ ♣



ဂူးထိန်ယင်သည် ဒူးထောက်၍နေ၏။ သူ့ရှေ့တွင် မြေပုံတစ်ခု တည်ရှိသည်။

ယင်းအုတ်ဂူသည် သူ၏မိခင်ဖြစ်သူ ကျူးစုမေ၏အလောင်း သဂြိုဟ်ထားသော မြေပုံ ဖြစ်လေသည်။

သူသည် မြေပုံအားကြည့်ကာ ပါးစပ်မှ တတွတ်တွတ်ပြောဆို၍ နေပေသည်။

"အနားယူပါတော့ မေမေရယ်၊ သားလဲ မေမေ မှာထားတဲ့အတိုင်း တာဝန်ကျေပါပြီလေ"

သူသည် သက်ပြင်းချလိုက်ပြီး စကားဆက်လိုက်လေသည်။

"မေမေ့ စကားကို နားမထောင်မိလို့ အခုလို သားလဲ ဒုက္ခရောက်၊ မေမေလဲ ဒုက္ခရောက်တဲ့အထိ ဖြစ်သွားတာ သားရဲ့ အမှားပါပဲ"

သူသည် ပြောရင်း သူ၏မျက်လုံးအစုံတွင် မုန်းတီးသောအရိပ်အယောင်များ ထွက်ပေါ်လာလေသည်။

"ဒါပေမယ့် မေမေ့ကို သတ်သွားတဲ့ ရန်သူကို ကျွန်တော် လက်စားချေပါ့မယ်"

သူသည် ယင်းသို့ ရည်ရွယ်ပြီးနောက် ထိုင်ရာမှ ထလိုက်လေသည်။ ထို့နောက် မြို့ကလေး ရှိရာသို့ ဦးတည်၍ လျှောက်သွားလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဝူးထိန်ယင်သည် မြို့ကလေးသို့ ဝင်ရောက်လာလေသည်။

သူသည် အဝတ်အစားများကို ဝယ်ယူ၍ ဝတ်ဆင်လိုက်လေသည်။

ထို့နောက် ဆံသဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ပြီး သူ၏ မုတ်ဆိတ်မွေးများကိုလည်း ရိတ်ပစ်လိုက်လေသည်။

ယခု သူသည် မင်းမှုထမ်းတစ်ယောက်နှင့် မတူတော့ပါ။ သူ၏ဝတ်စားဆင်ယင်ပုံမှာ ကုန်သည်ပွဲစားတစ်ယောက်နှင့် တူနေသည်။

သူသည် မြင်းလှည်းငှားရမ်းသော ဌာနတစ်ခုသို့ ဝင်ရောက်သွားပြန်လေသည်။

ဝိုင်ရှင်က ဝူးထိန်ယင်အား ကုန်သည်တစ်ယောက်ဟု ထင်မှတ်ကာ မျက်နှာချိုသွေး၍ ကြိုဆိုလေသည်။

"သူဌေးကြီး ကြွပါခင်ဗျာ"

ဝူးထိန်ယင်က ကြိတ်၍ ပြုံးမိသည်။ မိမိ ရုပ်ဖျက်ထားသည်မှာ တော်ရုံတန်ရုံလူက မိမိအား မမှတ်မိတော့သည်ကို ယုံကြည်လေသည်။

သူသည် ဤမြင်းလှည်းငှားဌာနသို့ သုံးလေးကြိမ်တိတိ ရောက်ရှိခဲ့ဖူးသည်။

ဆိုင်ရှင်နှင့်တကွ အလုပ်သမားများအားလုံးတို့သည် သူ့အား မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ယောက် ဖြစ်သည်ကို ကောင်းစွာ မှတ်မိထားလေသည်။

ယခုမှာမူ ဆိုင်ရှင်ကိုယ်တိုင်ပင် မိမိအား မမှတ်မိသည့်ကို



တွေ့ရှိရသည် မဟုတ်ပါလော။

သူသည် ကုန်သည်တစ်ယောက်၏ဟန်မူရာဖြင့် ရပ်တန့်ထားသော မြင်းလှည်းများကို ငေးကြည့်လိုက်သည်။

"ကျုပ်က မြင်းလှည်းတစ်စင်း အလိုရှိလို့ပါ"

ဆိုင်ရှင်က ပြုံးလိုက်သည်။

"ဟုတ်ကဲ့ ရပါတယ်၊ ဝယ်မှာလား၊ ငှားမှာလား"

ဝူးထိန်ယင်းက အနည်းငယ် စဉ်းစားလိုက်သည်။

"ကျုပ်က ဝယ်မှာပါ"

ဆိုင်ရှင်သည် အနီးဆုံးရှိ မြင်းလှည်းတစ်စီးအား ညွှန်ပြလိုက်သည်။

"ကိုယ်ပိုင်စီးချင်တယ်ဆိုရင် ဟောဒီ မြင်းလှည်းယူပါ။ သူက တော်တော်သန့်ပါတယ်"

ဝူးထိန်ယင်က...

"သန့်တာက အရေးမကြီးဘူး၊ ပစ္စည်းများများတင်ဖို့ နိုင်ခန့်တာပဲ လိုချင်တယ်"

ဆိုင်ရှင်က လက်မထောင်လိုက်သည်။

"ဒီအတွက် ကျုပ်တာဝန်ယူတယ်"

သူသည် ပြောပြီး မြင်းလှည်းပေါ်သို့ ခုန်တက်လိုက်ပြီး ခြေထောက်နှစ်ဘက်ကို အားပြု၍ သုံးလေးကြိမ်မျှ ခုန်ပြလိုက်သည်။

"တွေ့လား၊ လူဆယ်ယောက် တက်ခုန်တာတောင် ကျိုး မသွားဘူးဗျ"

ဝူးထိန်ယင် ကျေနပ်သွားသည်။

www.burmeseclassic.com



"ဒါနဲ့ မြင်းကော ကောင်းရဲ့လား"

ဆိုင်ရှင်က...

"မြင်းကတော့ အစားစား ရှိပါတယ်၊ သူဌေးကြီးက ဘယ်လို အမျိုးအစားထဲက လိုချင်လို့လဲ"

ဝူးထိန်ယင်က...

"အလေးကို ဆွဲနိုင်တဲ့ မြင်းကိုပဲ လိုချင်ပါတယ်"

ဆိုင်ရှင်က လက်ကာပြလိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်ပြပါ့မယ်"

သူသည် ဝူးထိန်ယင်အား လက်ယပ်ခေါ်လိုက်သည်။

"ကျုပ်နောက်ကို လိုက်ခဲ့ပါ သူဌေးမင်း"

သူသည် ပြောပြီး ဝူးထိန်ယင်အား အတွင်းဘက်သို့ ခေါ်ဆောင်သွားလေတော့သည်။

♣ ♣ ♣

ဤနေရာတွင် အလွန်ကျယ်ဝန်းသော ခြံဝင်းတစ်ခု ဖြစ်သည်။

ခြံဝင်းထဲ၌ မြင်းဇောင်းများ သူ့အကန့်နှင့်သူ အစီအရီ ရှိနေ၏။ မြင်းချေးနံ့များသည် ခြံဝင်းတစ်ခုလုံးအား လွှမ်းမိုးထား၏။

ဝူးထိန်ယင်က နှာခေါင်းရှုံ့လိုက်ပြီး လက်ဝါးဖြင့် နှာခေါင်းကို အုပ်ကာ လိုက်သွားလေသည်။

ဆိုင်ရှင်က မြင်းဇောင်းရှေ့တွင် ခြေလှမ်းရပ်လိုက်သည်။



သူသည် နှာခေါင်းပိတ်ထားသော ဝူးထိန်ယင်အား ကြည့်လိုက်လေသည်။

"သူဌေးမင်းက လှည်းကို မြင်းဘယ်နှစ်ကောင်နဲ့ ဆွဲချင်လို့လဲ"

ဝူးထိန်ယင်မှာ အနည်းငယ် စဉ်းစားလိုက်သည်။

"နှစ်ကောင်ဆိုရင် လုံလောက်ပါပြီ"

ဆိုင်ရှင်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ကျုပ်ပြပါ့မယ်"

သူသည် ပြောပြီး ဝူးထိန်ယင်အား မြင်းဇောင်း၏တစ်ဘက်စွန်းသို့ ခေါ်ဆောင်သွားလေတော့သည်။

ထို့နောက် အမွေးမျှင်များ နက်ပြောင်နေသော မြင်းနှစ်ကောင်အား ညွှန်ပြလိုက်သည်။

"ဟောဒီမြင်းနှစ်ကောင် ဝယ်သွားပါဗျာ"

ဝူးထိန်ယင်က သေချာစွာ ကြည့်လိုက်သည်။

သူသည် မြင်းအကြောင်းကို ကောင်းစွာနားလည်ထားသူဖြစ်၍ ထိုမြင်းနှစ်ကောင်မှာ အလွန်ခြေသန်သော မြင်းများဖြစ်သည်ကို သိရှိလိုက်လေသည်။

"သူတို့ကို ဘယ်လောက်ပေးရမလဲ"

ဆိုင်ရှင်က လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သည်။

"တစ်ရာလောက်ပဲ ပေးပါ"

ဝူးထိန်ယင်သည် အချိန်ကို မဖြုန်းတော့ဘဲ ခေါင်းညိတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ အဲဒီမြင်းနှစ်ကောင်ကို လှည်းမှာအဆင်သင့်တပ်ပေးပါ၊ ကျုပ် အခုပဲသွားမယ်"

သူသည် ငွေများထုတ်၍ ရေတွက်ပေးလိုက်လေသည်။

♣ ♣ ♣

နောက်တစ်နာရီခန့်အကြာတွင်…

ဝူးထိန်ယင်သည် မြင်းလှည်းကို ကိုယ်တိုင်မောင်း၍ မြို့ကလေးမှ ထွက်လာခဲ့လေသည်။

ယခု သူသည် ကုန်သည်တစ်ယောက်နှင့်တူနေ၏။

မြင်းလှည်းပေါ်၌ ဂုံအိတ်များ၊ အိုးခွက်များနှင့် အထည်များတင်ဆောင်ထားသည်။

ထို့ကြောင့် မည်သို့ပင်ကြည့်ကြည့် ထိုမြင်းလှည်းသည် ကုန်သည်ပွဲစားတစ်ယောက်၏ မြင်းလှည်းဖြစ်သည်ဟု ယုံကြည်ကြမည်သာဖြစ်သည်။

ဝူးထိန်ယင်သည် ဤသို့ဖြင့် ရွာစုများကို ဖြတ်ကျော်ကာ သချိုင်းမြေရှိရာသို့ ရောက်ရှိလာလေသည်။

သူသည် မြင်းလှည်းကို သချိုင်းမြေအဝတွင် ထားခဲ့ပြီးနောက် အသင့်ဝယ်လာသော ဂေါ်ပြားတစ်ခုနှင့် တူရွင်းတစ်ခုကိုကိုင်လျက်…

သူ၏ပခုံးပေါ်၌ အလွန်ထူထဲသောအဝတ်ဖြင့် ချုပ်ထားသော အိတ်တစ်လုံး ပိုးထားလေသည်။



ထို့နောက် သချိုင်းအတွင်းသို့ ဝင်ရောက်သွားလေသည်။

ထိုအချိန် မှောင်စပြုလာပြီဖြစ်လေသည်။

♣ ♣ ♣

လူအေးသည် သတိရလာပြီဖြစ်သည်။

သံမဏိလက်မှာမူ ခြေထောက်၌ ရရှိထားသောဒဏ်ရာ မပျောက်သေးပါ။

သူတို့သည် ဝူးထိန်ယင်အား မည်ကဲ့သို့ လိုက်ဖမ်းရမည်ကို တိုင်ပင်ဆွေးနွေးနေကြသည်။

လူအေးက…

"ဝူးထိန်ယင်က သူမြှုပ်ထားတဲ့ ရွှေငွေရတနာတွေကို ဖော်ထုတ်ယူသွားမှာတော့ သေချာတယ်"

သံမဏိလက်က ခေါင်းညိတ်လိုက်သည်။

"ဒါ သိပ်သေချာတာပေါ့"

လူအေးက…

"ဒါဖြင့် ငါတို့ ဒီမှာထိုင်နေလို့ ဖြစ်ပါ့မလား"

သံမဏိလက်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ခက်တာက ကျုပ်ခြေထောက်မှ ကောင်းကောင်းမပျောက်သေးဘဲ ဘယ်လိုလုပ်ရမလဲ"

လူအေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ပြောမယ့်သာ ပြောနေရတာ ငါခေါင်းကဒဏ်

www.burmeseclassic.com

www.burmeseclassic.com



ရာက ဖျောက်ပေမယ့် မူးတူးတူးဖြစ်နေသေးတယ်ကွ"

စီးချွန်းယင်က ပြုံးလိုက်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး စိတ်မပူကြပါနဲ့ဗျာ၊ ကျုပ်က လူဖြန့်ပြီးစုံစမ်းခိုင်းထားပါတယ်ဗျာ"

စီးမေဟုန်က ပြုံးပြလိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ အစ်ကိုကြီးက ဒီအကြောင်း စုံစမ်းဖို့လူများလွှတ်လိုက်ပါပြီ၊ ရှင်တို့သာ အေးအေးဆေးဆေး အနားယူကြပါဦး"

လူအေးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း..ခင်ဗျားတို့ မောင်နှစ်မကိုတော့ ကျေးဇူးတင်ပါတယ်လို့ပြောရင် ပေါ့သွားမှာစိုးလို့ မပြောတော့ပါဘူးလေ"

စီးမေဟုန်က ရယ်မောလိုက်သည်။

"ကျေးဇူးမတင်လည်း ရပါတယ်ရှင်"

သမဏိလက်က...

"ကျုပ်ပြောရဲပါတယ်၊ ခင်ဗျားတို့လွှတ်လိုက်တဲ့ လူတွေက ဘာသတင်းမှ ရလာကြမှာမဟုတ်ဘူး"

စီးချွန်းယင်က ရယ်မောလိုက်သည်။

"ခင်ဗျားက ကျုပ်လူတွေကို သိပ်ပြီးအထင်သေးတာကိုး"

သမဏိလက်က...

"အထင်သေးတာ မဟုတ်ပါဘူးဗျာ၊ ရန်သူက အလွန်ကောက်ကျစ်စဉ်းလဲနေလို့ပါ"

စီးချွန်းယင်က...



"ဒါဖြင့် ခင်ဗျားတို့ ဘာလုပ်ချင်ကြသလဲ၊ ကျုပ်အတတ်နိုင်ဆုံး ကူညီပေးမယ်"

သမဏိလက်က ပြုံးလိုက်သည်။

"ကျုပ်လုပ်ချင်တာကတော့ ခင်ဗျားလူတွေ အားလုံး ပြန်ခေါ်ထားဖို့ပါပဲ"

စီးချွန်းယင်က မျက်မှောင်ကုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

သမဏိလက်က...

"သူတို့ မဆင်မခြင်လှုပ်ရှားနေကြရင် တစ်ဘက်ရန်သူက ကောင်းကောင်းသိသွားမှာ စိုးရိမ်လို့ပါ"

စီးချွန်းယင် ခေါင်းညိတ်လိုက်သည်။

"ဒါလည်း ဟုတ်ပါတယ်"

သမဏိလက်က...

"ကျုပ်ရဲ့ခန္ဓာကိုယ်ကတော့ သူများထက် မာကျောတယ်၊ ခံနိုင်ရည်လည်းရှိတယ်၊ ဒါကြောင့် ကျုပ်တို့က မနက်ဖြန်ကစပြီး တရားခံကိုမိအောင်ဖမ်းရမှာပဲ"

စီးချွန်းယင်က ခေါင်းညိတ်လိုက်လေသည်။

"ဒါနဲ့ ခင်ဗျားတို့ ဘယ်တော့သွားမှာလဲ"

"မနက်ဖြန်"

စီးချွန်းယင်က မျက်မှောင်ကုတ်သွားပြီး..

"ဖြစ်ပါ့မလား"

သမဏိလက်က ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်လည်း ဖြစ်ရမှာပေါ့"

♣ ♣ ♣

မြင်းလှည်းတစ်စီးသည် လမ်းမအတိုင်း မောင်းနှင်သွားလေသည်။

မြင်းလှည်းပေါ်၌ ကုန်သည်တစ်ဦးသည် လှည်းမောင်းထိုင်ခုံပေါ်၌ ထိုင်လျက်လိုက်ပါနေ၏။

ထိုကုန်သည်သည် အလွန်သဘောကောင်းပုံရသည်။

သူသည် လမ်းသွားလမ်းလာနေကြသောသူများအား ပြုံး၍နှုတ်ဆက်လေသည်။

လူများသည် ယင်းကုန်သည်မှာ အလွန်သဘောကောင်းသည်ဟု ထင်မှတ်ကာ ပြန်လည်ပြုံး၍ နှုတ်ဆက်ကြလေသည်။

အမှန်မှာ ထိုကုန်သည်ဆိုသည်မှာ ဂူးထိန်ယင်ပင် ဖြစ်လေတော့သည်။

ဂူးထိန်ယင်သည် ရုပ်ဖျက်ရာတွင် ကျွမ်းကျင်သည်သာမက ကုန်သည်အဖြစ်ဟန်ဆောင်ရာ၌လည်း ကုန်သည်တစ်ဦးနှင့် သဏ္ဍာန်တူနေ၏။

သူသည် မြင်းလှည်းကိုမောင်းကာ လုယန်းမြို့ထဲသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာလေသည်။

မြို့စောင့်ဝန်ထမ်းများသည် သူ့အား မေးမြန်းသောအခါ သူက အလွန်ပြုံးချိုသောမျက်နှာဖြင့် ရိုကျိုးစွာ ပြန်ဖြေလိုက်သည်။



"ဟဲ..ဟဲ..ဦးလေးက တစ်ဘက်ကမ်းက ပစ္စည်းကို ပွဲရုံလာပို့တာပါ"

"ဘာပစ္စည်းတွေ ပါလာလို့လဲ"

"ဟို စုံလို့ပါပဲ၊ ဂျုံတွေ၊ ပဲတွေ နောက်ပြီး ကြက်ဥတွေပေါ့"

မြို့စောင့်ဝန်ထမ်းများက စစ်ဆေးမှုပင်မပြုတော့ဘဲ ဝင်ခွင့်ပြုလိုက်လေသည်။

ဂူးထိန်ယင်သည် မြို့ထဲသို့ အေးဆေးစွာ မောင်းနှင်သွားပြီး သူသည် အနီးအနားတွင် လုံးဝရပ်တန့်ခြင်းမပြုတော့ဘဲ မြို့၏ အစွန်ဘက်သို့ မောင်းနှင်သွားလေတော့သည်။

သူသည် မြင်းလှည်းကို အလွန်ကျယ်ဝန်းသော ခြံဝင်းတစ်ခု ရှေ့တွင် ရပ်တန့်လိုက်လေသည်။

ထိုခြံဝင်း၏တံခါးဘောင်ပေါ်၌ ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားလေသည်။

ဆိုင်းဘုတ်ပေါ်၌ အလွန်ကြီးမားသော စာလုံးဖြင့်....

"ဧည့်ကြိုတည်းခိုခန်း"

ဟု ရေးသားထားသည်ကို တွေ့ရသည်။

မြင်းလှည်းရပ်တန့်လိုက်သည်နှင့် ဆိုင်လုလင်နှစ်ယောက်သည် ခြေလှမ်းကျဲကျဲဖြင့် ထွက်၍ကြိုဆိုလိုက်လေသည်။

ယင်းဆိုင်လုလင်နှစ်ယောက်မှာ အသက်နှစ်ဆယ်ကျော်ခန့်သာရှိသေးသဖြင့် အလွန်သွက်လက်ချက်ချာစွာ ရှိလေသည်။

ဆိုင်လုလင်နှစ်ယောက်မှာ တစ်ယောက်မှာ ခြေတစ်ဘက် အနည်းငယ် ထော့နဲ့ထော့နဲ့ဖြစ်သည်မှအပ ဧည့်ကြိုသောအနေရာတွင်

www.burmeseclassic.com

www.burmeseclassic.com



အလွန်တာဝန်ကျေသည်ကို တွေ့ရသည်။

"သူဌေးမင်း ကြွပါခင်ဗျာ၊ မြင်းလှည်းကို ကျွန်တော်တို့နေရာချပေးပါ့မယ်၊ မြင်းကိုလည်း ကောင်းကောင်းကျွေးမွေးထားပါ့မယ်"

ဦးထိန်ယင်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ မင်းတို့ဆီမှာ မြင်းလှည်းထားတဲ့အခန်းအားသလား"

ဆိုင်လုလင်တစ်ယောက်က ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်ကဲ့ ရှိပါတယ်ခင်ဗျာ"

ဆိုင်လုလင်က အနည်းငယ် အံ့အားသင့်သွားလေသည်။

"သူဌေးမင်းက သီးသန့်အခန်းကို မငှားတော့ဘူးလား"

ဦးထိန်ယင်က ခေါင်းခါယမ်းလိုက်သည်။

"မငှားတော့ဘူးကွာ၊ ငွေလည်း အပိုအကုန်မခံနိုင်ဘူး"

ဆိုင်လုလင်တစ်ယောက်က ရယ်မောလိုက်သည်။

"သူဌေးမင်းကလည်း ပိုက်ဆံ တော်တော်နှမြောတာကိုး"

ဦးထိန်ယင်းက ရယ်မောလိုက်လေသည်။

"ငါတို့က စရိုးစရိတ်ကို သက်သာနိုင်သလောက် သက်သာမှ အမြတ်ထွက်မှာပေါ့"

ဆိုင်လုလင်တစ်ယောက်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်လေ၊ ဒါကြောင့် ချမ်းသာတဲ့လူက ပိုချမ်းသာတာပေါ့"

"မင်းတို့တည်းခိုခန်းက မြင်းလှည်းကောလူပါ ထားနိုင်တဲ့



အခန်းရှိလို့ တမင်သက်သက် မင်းတို့ဆီလာတည်းတာပေါ့ကွ"

ဆိုင်လုလင်တစ်ယောက်က...

"ကဲ...သူဌေးမင်း အောက်ကိုဆင်းပါ၊ ကျွန်တော် မောင်းပို့ပါ့မယ်"

ဦးထိန်ယင်းက ခေါင်းခါယမ်းလိုက်သည်။

"မလိုပါဘူး၊ ငါကိုယ်တိုင်ပဲ မောင်းပါ့မယ်"

ဆိုင်လုလင်များသည် စကားတစ်ခွန်းမှ မပြောတော့ဘဲ ခြံဝင်းတံခါးကို ဖွင့်ပေးလိုက်လေသည်။

ဦးထိန်ယင်သည် မြင်းလှည်းကိုမောင်းကာ ခြံဝင်းထဲသို့ ဝင်ရောက်သွားလေသည်။

♣ ♣ ♣

ချေ့ကြို့တည်းခိုခန်းသည် အခြားတည်းခိုခန်းထက် တမူထူးခြားသည်မှာ မြင်းလှည်းဖြင့် (သို့) လက်တွန်းလှည်းများဖြင့် သွားလာနေကြသော ကုန်သည်များအတွက် ပစ္စည်းနှင့်လူ မကွာဘဲ အတူတကွ စိတ်ချစွာ တည်းခိုနိုင်ရန်အတွက် ခြံဝင်း၏နောက်ဘက်တွင် သီးသန့်အခန်းများ ထားရှိလေသည်။

ဆိုင်လုလင်နှစ်ယောက်သည် မြင်းလှည်းချထားပြီးသည်နှင့် မြင်းနှစ်ကောင်ကို ဆွဲခေါ်သွားပြီး ဆေးကြော၍ အစားအစာများ ကျွေးမွေးလေသည်။

ဦးထိန်ယင်မှာမူ မိမိပါလာသော အစာများနှင့်ရောကိုသာ

www.burmeseclassic.com

www.burmeseclassic.com



စားသောက်သည်။

အပြင်သို့ ခြေတစ်ဖဝါးမှမခွာပါ။

ဆိုင်လုလင်သည် ရသင့်ရထိုက်သော တည်းခိုခန်းခနှင့် မြင်းကို ကျွေးမွေးပြုစုခ လက်ခံပြီး ထွက်ခွာသွားလေသည်။

ထုံးစံအတိုင်း လူရော လှည်းပါ တည်းခိုသော အခန်း ရှိရာသို့ ဆိုင်ပိုင်ရှင်ကိုယ်တိုင်က လာရောက်ကြည့်ရှုခြင်း မရှိပေ။

၎င်း၏လူများသည် ငွေကြေး အလွန်ကပ်စေးနည်းသောကြောင့် ဆိုင်ရှင်က ကောင်းစွာ ကြိုဆိုခြင်း မပြုဘဲ ထားရှိခြင်း ဖြစ်လေသည်။

ဤအချက်သည် ဝူးထိန်ယင်အတွက် အလွန်သဘောကျသောအချက် ဖြစ်လေသည်။

သူသည် အခြားသော တည်းခိုသော ခရီးသည်များနှင့် ကင်းကင်းရှင်းရှင်း နေလိုသည် မဟုတ်ပါလား။

ထို့ကြောင့်...

သူသည် အေးအေးဆေးဆေးဖြင့် ကောက်ရိုးများပေါ်၌ လဲလျောင်းလိုက်လေသည်။

ထို့နောက်...

စိတ်ချလက်ချ အိပ်ချလိုက်လေသည်။

နံနက်မိုးမလင်းသေးပါ။

သူသည် အိပ်ရာမှ ထလာပြီး မြင်းနှစ်ကောင်ကို မြင်းလှည်းတပ်လိုက်လေသည်။

ထို့နောက်...



မြင်းလှည်းကို မောင်းနှင်ထွက်လာလေသည်။

သူသည် တံခါးမကြီး၏မင်းတုံးကို ဆွဲဖွင့်လိုက်ရာ ညတုန်းက သူ့အား ကြိုဆိုသော ဆိုင်လုလင်နှစ်ယောက်က ရောက်ရှိလာလေသည်။

"သူဌေးကြီး စောစောစီးစီး သွားတော့မလို့လား"

ဝူးထိန်ယင်က ပြုံး၍ ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်တယ်၊ နေမပူခင် ခရီးထွက်တာ ပိုကောင်းပါတယ်"

ဆိုင်လုလင်နှစ်ယောက်က ခြံဝင်းတံခါးကို ဖွင့်ပေးလိုက်လေသည်။

"သူဌေးမင်း နောက်လဲ ကျွန်တော်တို့ဆီမှာ လာတည်းပါဦးနော်"

ဝူးထိန်ယင်က ခေါင်းညိတ်၍ ပြုံးပြလိုက်ပြီးနောက် မြင်းလှည်းကို မောင်းနှင်ကာ ထွက်ခွာသွားလေတော့သည်။

အကယ်၍ သူက လှည့်ကြည့်မိမည်ဆိုလျှင် ထိုဆိုင်လုလင်နှစ်ယောက်စလုံး ပျောက်ကွယ်သွားသည်ကို တွေ့မြင်လိုက်မည် ဖြစ်ပေသည်။

သို့သော်...

သူသည် မြင်းလှည်းကို စိတ်ချလက်ချ မောင်းနှင်ထွက်ခွာသွားသောကြောင့် ထိုဆိုင်လုလင်နှစ်ယောက်သည် သူ၏မြင်းလှည်းနောက်သို့ ခို၍ လိုက်လာသည်ကို သူက မသိလိုက်ပါချေ။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဂူးထိန်ယင်သည် မြို့ပြင်သို့ ရောက်ရှိသည်နှင့် မြင်းကို အမြန်ဆုံး မောင်းနှင်သွားလေတော့သည်။

ယခု သူသည် အလွန်စိတ်ရွှင်လန်းနေ၏။

အကြောင်းမှာ လုယန်းမြို့မှ ထွက်ခွာလာနိုင်ခဲ့သည့်အတွက် သံမဏိလက်နှင့် လူအေးတို့၏ရန်မှ ကင်းလွတ်သွားပြီ ဖြစ်သည်ကို ယုံကြည်ထားခြင်းကြောင့် ဖြစ်လေသည်။

သို့သော် လူအေးနှင့် သံမဏိလက်တို့မှာ အနှံ့စုံကောင်းသည့်အပြင် ရုပ်ဖျက်ပညာတွင်လည်း မိမိထက် မည့်မှန်း သူက မသိလိုက်ချေ။

ထို့ကြောင့်...

သံမဏိလက်နှင့် လူအေးတို့က ဆိုင်လုလင်အဖြစ် ရုပ်ဖျက်ထားသည်ကို သူ မသိရှိဘဲ ဖြစ်နေလေသည်။

♣ ♣ ♣

လူအေးနှင့် သံမဏိလက်တို့သည် ဂူးထိန်ယင်နောက်သို့ ခြေရာခံလိုက်၍ လာခဲ့ရာ ဂူးထိန်ယင်တစ်ယောက် ပျောက်ချင်းမလှပျောက်ကွယ်သွားသည်ကို တွေ့ရှိရလေသည်။

သူတို့သည် သချိုင်းမြေသို့ သွားရောက်စုံစမ်းလေ့လာသောအခါ မြင်းလှည်းဘီးရာတစ်ခုကို တွေ့ရှိလိုက်လေသည်။

ဤအချက်သည် ဂူးထိန်ယင်က မေ့လျော့သွားသော အချက်ဖြစ်သည်။



လူအေးတို့အဖို့ သဲလွန်စ ရရှိလိုက်သော အချက်တစ်ချက်ပင် ဖြစ်နေလေသည်။

သူတို့သည် သချိုင်းမြေ၌ မြင်းလှည်းဘီးရာကို တွေ့မြင်လိုက်ရသောအခါ သံသယ ဖြစ်လာလေသည်။

သချိုင်းမြေသည် သီးခြားနေရာတစ်ခု၌ ရှိသည်။

ထို့ကြောင့်...

မည်သည့်ခရီးသည်မှ ယင်းနေရာသို့ သွားလာဖြတ်သန်းခြင်းမရှိခဲ့ပါ။

ယခုမူ မြင်းလှည်းဘီးရာကို တွေ့ရှိလိုက်သောကြောင့် လူအေးနှင့် သံမဏိလက်တို့အဖို့ ဂူးထိန်ယင်က မြင်းလှည်းဖြင့် ဤနေရာသို့ လာရောက်ပြီး ဝှက်ထားသော ရွှေငွေရတနာများကို တူးဖော်သယ်ဆောင်သွားသည်ဟု တထစ်ချ ယုံကြည်လေတော့သည်။

ထိုသဲလွန်စအတိုင်း သူတို့သည် ဆက်လက်စုံစမ်းလေ့လာသောအခါ မြင်းလှည်းဌာနမှ မြင်းလှည်းဝယ်သွားကြောင်း ထပ်မံစုံစမ်းသိရှိသည်။

ထိုမှတစ်ဆင့် အမည်မသိသော လူတစ်ယောက်က အဝတ်အစားများ ဝယ်ယူ၍လဲခြင်း။

သူဝတ်ဆင်ထားသော အဝတ်အစားများကို ပြန်လည်ယူဆောင်သွားခြင်းမရှိဘဲ ဆိုင်ယာ၌ ထားခဲ့ကြောင်း သိရှိရလေသည်။

သူတို့သည် ကျန်ရှိသော အဝတ်အစားများကို ကြည့်ရှုစစ်ဆေးသောအခါ ဂူးထိန်ယင်က အမြဲတမ်း ဝတ်လေ့ရှိသော မင်းမှုထမ်းဝတ်စုံ ဖြစ်နေသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ၎င်းအကျိုပေါ်၌ သွေးစွန်းသော အရာကို တွေ့ရှိလိုက်သဖြင့် သူတို့၏ထင်မြင်ယူဆချက်မှာ ပို၍ ခိုင်လုံလာသည်ကို တွေ့ရှိရလေသည်။

ထို့နောက် သူတို့သည် မြင်းလှည်းထွက်ခွာသွားသော နေရာဘက်သို့ ဆက်လက်လိုက်လံ ရှာဖွေကြသည်။

မြင်းလှည်းတစ်စီးသည် လုယန်းမြို့ထဲသို့ ဝင်ရောက်သွားသည်ကို မြို့စောင့်အမှုထမ်းထံမှ မေးမြန်းသိရှိရပြန်လေသည်။

လူအေးနှင့် သံမဏိလက်တို့သည် အချက်အလက် အားလုံးကို ပြန်လည်သုံးသပ်ကြည့်လေသည်။

နောက်ဆုံး သူတို့ ခန့်မှန်းယူဆချက်မှာ ဂူးထိန်ယင်သည် မြင်းလှည်းနှင့်တကွ မြို့စွန်တွင် ရှိသော ညွှန့်ကြိုတည်းခိုခန်းသို့ ဝင်ရောက်တည်းခိုလိမ့်မည်ဟု ယုံကြည်လေသည်။

ထို့ကြောင့်...

သူတို့သည် ညွှန့်ကြိုဂေဟာသို့ အလျင်အမြန် ပြေးလွှားသွားလေသည်။

ထိုအချိန်မှာပင် မြင်းလှည်းတစ်စီးသည် တည့်မတ်စွာ မောင်းနှင်သွားသည်ကို တွေ့မြင်လိုက်လေသည်။

ယင်းမြင်းလှည်းမှာ ဂူးထိန်ယင်၏မြင်းလှည်း ဖြစ်ရမည်ဟုလည်း ယုံကြည်လေသည်။

အကြောင်းမှာ မြင်းလှည်း၏နောက်တွင် 'ဟုတ်ကီး'ဟူသော မြင်းအမှတ်အသား ထင်ရှားစွာ ရေးသားထားသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။



ဂူးထိန်ယင် မြင်းလှည်းဝယ်ယူသော ဌာနမှာ 'ဟုတ်ကီး' မြင်းလှည်းအငှားဌာနပင် ဖြစ်နေ၏။

သံမဏိလက်နှင့် လူအေးတို့သည် ဖြတ်လမ်းမှ ပြေးလွှားကာ ညွှန့်ကြိုတည်းခိုခန်းသို့ အရောက် ပြေးလွှားရလေသည်။

ထို့နောက် ဆိုင်ရှင်အား သူတို့မှာ ထောက်လှမ်းရေးအမှုထမ်း ဖြစ်သည်ကို အမှတ်အသားပြ၍ အကူအညီတောင်းလေသည်။

ဆိုင်ရှင်၏အကူအညီကြောင့် သူတို့သည် ဆိုင်လုလင်အဝတ်အစား ဝတ်၍ ခြံဝင်းအတွင်းသို့ ကမန်းကတန်း သွားရောက်လိုက်လေသည်။

သူတို့သည် ခြံဝင်းအဝသို့ ရောက်ရှိသည်နှင့် ဂူးထိန်ယင်၏ မြင်းလှည်း ရောက်ရှိလာပြီး ဖြစ်လေသည်။

♣ ♣ ♣

မြင်းလှည်းသည် လျင်မြန်စွာ မောင်းနှင်နေ၏။

လူအေးနှင့် သံမဏိလက်တို့သည် မြင်းလှည်းနောက်တွင် မို၍ လိုက်ခဲ့လေသည်။

မြင်းလှည်းသည် ရုတ်တရက် တစ်ဘက်သို့ လှည့်လိုက်ပြီး ရပ်တန့်သွားသည်။

ဂူးထိန်ယင်သည် မြင်းလှည်းပေါ်မှ ဆင်းလိုက်ပြီး မြင်းလှည်းပေါ်မှ သေတ္တာတစ်လုံးကို ဆွဲပြီး တောင်ကုန်းပေါ်သို့ တက်ပြေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သံမဏိလက်နှင့် လူအေးတို့က အံ့အားသင့်သွားကြလေတော့သည်။

ဝူးထိန်ယင်သည် အဘယ်ကြောင့် ထိုသူ လူကင်းရှင်းသော တောင်ကုန်းပေါ်သို့ ပြေးတက်သွားပါသနည်း။

သူတို့သည် မနေနိုင်တော့ပါ။

မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ဝူးထိန်ယင်နောက်သို့ ပြေးလိုက်သွားလေသည်။

"ဝူးထိန်ယင် မပြေးနဲ့၊ မင်းကို ငါတို့ မိထားပြီ"

ဝူးထိန်ယင်က ခြေလှမ်းရပ်တန့်လိုက်ပြီး သူတို့အား မျက်မှောင်ကုပ်၍ ကြည့်လိုက်သည်။

"မင်းတို့ သေချင်လို့ လိုက်လာကြတာလား"

လူအေးက...

"ခင်ဗျားပြေးစရာလမ်း မရှိတော့ဘူး၊ ဒါကြောင့် သေတ္တာကို ချထားပြီး အဖမ်းခံပါ"

ဝူးထိန်ယင်က သေတ္တာကို မြေပေါ်သို့ ချထားလိုက်လေသည်။

"ကောင်းပြီ၊ သေတ္တာကို မင်းတို့ ယူသွားနိုင်တယ်၊ ငါတော့ အဖမ်းမခံနိုင်ဘူး"

သူသည် ပြောရင်း နောက်သို့ ဆုတ်သွားလေသည်။

"ဟေ့ မပြေးနဲ့"

သံမဏိလက်က ပြောရင်း ရှေ့သို့ ပြေးလွှားသွားလေသည်။

လူအေးက နောက်မှ ပြေးလိုက်သွားသည်။



ဝူးထိန်ယင်မှာမူ တောင်ကုန်းပေါ်သို့ ပြေးတက်မြဲ ပြေးတက်နေ၏။

လူအေးက သံမဏိလက်ကို လှမ်းပြောလိုက်သည်။

"ခင်ဗျားက ခြေထောက်နာနေတယ်၊ သေတ္တာကိုပဲ ကြည့်ထားပါ၊ ကျုပ် သူ့နောက်ကို လိုက်မယ်"

သံမဏိလက်သည် သေတ္တာအနားသို့ ရောက်ရှိသွားပြီး ရပ်တန့်လိုက်လေသည်။

လူအေးက ဝူးထိန်ယင် နောက်သို့ ဆက်လက်ပြေးလိုက်သွားလေတော့သည်။

ထိုအချိန် ဝူးထိန်ယင်က ခြေလှမ်းတန့်လိုက်သည်။

"မလိုက်ပါနဲ့တော့ ကျုပ်လက်မြှောက်အရှုံးပေးပါပြီ"

လူအေးက...

"ကောင်းပြီ၊ ခင်ဗျားလက်နှစ်ဘက် ခေါင်းပေါ်တင်ပြီး အောက်ကို ဆင်းလာပါ"

ဝူးထိန်ယင်သည် လက်နှစ်ဘက် ခေါင်းပေါ်တင်၍ အောက်သို့ တစ်လှမ်းချင်း ဆင်းလာလေသည်။

ထိုအချိန် သံမဏိလက်သည် သေတ္တာ၏အဖုံးကို ဖွင့်ကြည့်လိုက်သည်။

"ဝုန်း"

သေတ္တာအဖုံး ဖွင့်လိုက်သည်နှင့် ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာလေသည်။

သံမဏိလက်၏ခန္ဓာကိုယ်သည် နောက်သို့ လွင့်စဉ်ကာ

www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ လိမ့်ဆင်းသွားလေသည်။

လူအေးသည် ထိုမြင်ကွင်းကို တွေ့မြင်လိုက်ရသောအခါ ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ထိုအချိန်မှာပင် ငူးထိန်ယင်က ကျားသစ်တစ်ကောင်ပမာ လူအေးထံသို့ ခုန်အုပ်လိုက်လေသည်။

ယခုမှ လူအေးက သတိရလာပြီး ငူးထိန်ယင်နှင့် လုံးထွေး သတ်ပုတ်နေရလေသည်။

သို့သော် ငူးထိန်ယင်က လက်ဦးထားသောကြောင့် လူအေးသည် အလူးအလိမ့်ခံလိုက်ရလေသည်။

သူသည် ကြိုးစား၍ ခုခံသော်လည်း သူ၏ဦးခေါင်းမှ ရရှိထားသော ဒဏ်ရာလုံးလုံး ပျောက်ခြင်း မရှိသောကြောင့် မြေပေါ်မှ မထနိုင်ဘဲ ဖြစ်နေ၏။

"ဟား..ဟား..ဟား"

ငူးထိန်ယင်က အားရပါးရ ရယ်မောလိုက်သည်။

"ဘယ်နှယ့်ရှိစ ထောက်လှမ်းရေးမှူး၊ မင်းတို့ ငူးထိန်ယင်ရဲ့လက်က လွတ်နိုင်ပါ့မလား"

သူသည် လူအေးအား အသေသတ်ရန် အနီးရှိ ကျောက်တုံးတစ်တုံးကို ကုန်း၍ မ,ယူလိုက်သည်။

ရုတ်တရက် သူ့ရှေ့တွင် ခြေထောက်တစ်စုံကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရလေသည်။

သူသည် အံ့အားသင့်စွာဖြင့် မော့ကြည့်လိုက်သည်။

သီလရှင်တစ်ပါး ဖြစ်နေ၏။



ထိုသီလရှင်၏မျက်နှာကို သူက မြင်ဖူးသကဲ့သို့ ရှိသည်ဟု စိတ်ထဲ၌ ထင်မိပြီး ကြောင်အမ်းအမ်းဖြင့် ကြည့်နေမိ၏။

သီလရှင်ကလည်း သူ့အား မျက်တောင်မခတ် စိုက်ကြည့်လိုက်သည်။

"တကာကြီးက ငူးထိန်ယင် မဟုတ်လား"

ငူးထိန်ယင်က ခေါင်းညိတ်လေသည်။

"ဟုတ်ပါတယ်"

သီလရှင်၏မျက်နှာတစ်ခုလုံးမှာ ဖော်မပြနိုင်သော ဟန်မူရာများ ဖြစ်ပေါ်လာလေသည်။

"သြော် ငူးထိန်ယင်ကိုး၊ ခုနပဲ ဒီနာမည်ကို အော်ပြောနေတာ ကြားလို့ ငါဆင်းလာတာ"

ငူးထိန်ယင်က တောင်ကုန်းပေါ်သို့ မော့ကြည့်လိုက်လေသည်။

"ဆရာလေးက ဒီတောင်ကုန်းပေါ်မှာနေတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

ငူးထိန်ယင် မျက်လုံးအစုံသည် ရက်စက်ကြမ်းကြုတ်သည့် အရိပ်အရောင်များ ထွက်ပေါ်လာလေသည်။

"ဆရာလေးက အားလုံးကို မြင်တွေ့သွားတယ်ပေါ့"

သီလရှင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ငူးထိန်ယင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းပါတယ်"

သီလရှင်က…

"ဘာကို ဝမ်းနည်းတာလဲ"

ငွးထိန်ယင်က…

"ကျုပ်တို့လုပ်ရပ်ကို မြင်တွေ့တဲ့ လူမှန်သမျှ အသက်မရှင်နိုင်လို့ပါ"

သီလရှင်က ထိုစကား ကြားလိုက်ရသောအခါ ကြောက်ရွံ့တုန်လှုပ်သော အရိပ်အယောင်များ မတွေ့ရပါ။

သူမသည် ငွးထိန်ယင်အား မျက်တောင်မခတ် စိုက်ကြည့်လိုက်သည်။

"ဟုတ်လား"

ထိုအချိန်မှာပင် ငွးထိန်ယင်၏ရင်ဝသို့ ချွန်ထက်သော အရာတစ်ခု ထိုးဖောက်ဝင်ရောက်လာသည်ကို ရုတ်တရက် ခံစားလိုက်ရသည်။

သူသည် ခေါင်းငုံ့ကြည့်လိုက်ရာ ဓားငယ်တစ်လက်သည် သူ၏ရင်ဝသို့ စိုက်ဝင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူ၏မျက်လုံးအစုံသည် သီလရှင်အား မျက်လုံးပြူး၍ အံ့သြခြင်းမက အံ့သြစွာဖြင့် ကြည့်လိုက်လေတော့သည်။

"မင်း ဘာကြောင့် ဒီလို လုပ်ရတာလဲ"

သီလရှင်၏မျက်နှာ ပကာတိ ကြည်နေ၏။

"ငါ့ရဲ့မျက်နှာ သေသေချာချာ ကြည့်စမ်း၊ ငါ ဘယ်သူလဲဆိုတာ မင်းသိမှာပေါ့"



ငွးထိန်ယင်သည် သီလရှင်၏မျက်နှာကို သေချာစွာ ကြည့်ရင်း သူ၏မျက်နှာတစ်ခုလုံး အံ့သြသော အရိပ်အရောင်များ ပေါ်လွင်လာလေသည်။

"မင်း…မင်း…မင်း…စီးကျင်းကျင်း"

သီလရှင် ခေါင်းညိတ်လိုက်သည်။

"ကျုပ် ကလဲ့စားချေတာ မဟုတ်ပါဘူး၊ ရှင် လောကမှာ အသက်ရှင်နေနိုင်သမျှ လူတွေရဲ့ အသက်ပေါင်း မရေမတွက်နိုင်အောင် ဆုံးရှုံးသွားမှာကို မလိုလားလို့ အခုလို စီစဉ်လိုက်ရတာပါ"

ငွးထိန်ယင်သည် သီလရှင်၏အသံမှာ တဖြည်းဖြည်း ဝေး၍ဝေး၍ သွားသည်ဟု ခံစားလိုက်ရပြီး နောက်ဆုံး၌ သူသည် အမှောင်ထဲသို့ ကျဆင်းသွားသည်ကို ခံစားလိုက်ရလေတော့လေသည်။

"ဒေါင်…ဒေါင်…ဒေါင်"

တောင်ကုန်းပေါ်မှ ခေါင်းလောင်းသံများသည် ကြည်နူးဖွယ်ရာ ထွက်ပေါ်လာလေသည်။

သီလရှင်ကျောင်းမှ ဘုရားကျမ်းရွတ်ဆိုသော အသံများသည် လေနှင့်အတူ လွင့်ပျံလာလေသည်။

သံမဏိလက်က မသေပါ။

လက်တစ်ဖက်မှာ ဒဏ်ရာရရှိသွားခြင်းသာ ဖြစ်သည်။

သူနှင့် လူအေးတို့သည် မြင်းလှည်းပေါ်၌ ရွှေငွေရတနာအပြည့် ရှိသော သေတ္တာကလေးတစ်လုံးကို ရှာဖွေတွေ့ရှိရလေ၏။

သူတို့သည် ငွးထိန်ယင် ဖွက်ထားသော ရတနာများနှင့်

www.burmeseclassic.com

www.burmeseclassic.com



သူ၏အလောင်းကို မြင်းပေါ်သို့ တင်လိုက်ပြီး ထိုနေရာမှ ထွက်ခွာလာလေသည်။

သံမဏိလက်က...

"လူအေး၊ တို့ နေပြည်တော်ကို တန်းသွားမလား"

လူအေးက ခေါင်းခါယမ်းလိုက်သည်။

"သွားလို့ မဖြစ်သေးပါဘူး၊ ဂူးထိန်ယင် အလောင်းကို သက်ဆိုင်ရာအာဏာပိုင်ကို အပ်ရဦးမယ်၊ နောက်ပြီး..."

သံမဏိလက်က ရယ်မောလိုက်သည်။

"နောက်ပြီး စီးမေဟုန်ကို သွားတွေ့ရဦးမယ် မဟုတ်လား"

လူအေးက အဖြေမပေးပါ။

သူ၏မျက်ဝန်းအစုံတွင် စီးမေဟုန်၏ လှပသော မျက်နှာလေးကို မြင်ယောင်လာလေသည်။

မြင်းလှည်းသည် အရှိန်မှန်မှန် မောင်းနှင်ထွက်ခွာလာလေတော့သည်။

ပြီးပါပြီ။

www.burmeseclassic.com